
www.burmeseclassic.com



www.burmeseclassic.com

**မျိုးဆက်သစ်စာပေ**

အမှတ် ၁၆၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၈၀၁၀၅

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

မျိုးဆက်သစ်စာအုပ် အမှတ် (၈)

# နတ်နွယ်
# ရောမကမိန်းမပျက်

[ မြန်မာပြန် ]

**The Woman of Rome**

*by*

Alberto Moravia

၂၀၀၄ ခုနှစ်၊ စက်တင်ဘာ၊ တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | ၁၆၃၆/ ၂၀၀၃ (၁၂) |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | ၃၀၅/ ၂၀၀၄ (၃) |
| **မျက်နှာဖုံးပန်းချီ** | ဇော်မောင် |
| **အတွင်းဖလင်** | AZ |
| **စာအုပ်ချုပ်** | ကိုမြင့် |
| **ပုံနှိပ်သူ** | ဦးတင်မောင်ဝင်း<br>သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)<br>အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| **ထုတ်ဝေသူ** | ဦးမျိုးဆင့် (ရှင်မတောင်စာပေ)<br>အမှတ် ၂၉၆၊ ၁-အနော်မာ ၇ လမ်း၊<br>သာကေတ၊ ရန်ကုန်။ |
| **ဖြန့်ချိရေး** | မျိုးဆက်သစ်စာပေ |
| **ပုံနှိပ်ခြင်း** | **ပထမအကြိမ်**<br>ပုဂံစာအုပ်တိုက်၊ ၁၉၆၄၊နိုဝင်ဘာ<br>**ဒုတိယအကြိမ်**<br>သန့်စင်စာပေ၊ ၁၉၆၈၊ ဒီဇင်ဘာ<br>**တတိယအကြိမ်**<br>မျိုးဆက်သစ်စာပေ<br>၂၀၀၄၊ စက်တင်ဘာလ |
| **အုပ်ရေ** | **၅၀၀** |
| **တန်ဖိုး** | **၁၈၀၀ ကျပ်** |


www.burmeseclassic.com

www.burmeseclassic.com

လူသတ်ကောင် တစ်ယောက်

ပြည့်တန်ဆာမ တစ်ယောက်

ဒရိုင်ဘာ တစ်ယောက်

ရဲအရာရှိ တစ်ယောက်

မြေအောက် တော်လှန်ရေးသမား

ကျောင်းသား တစ်ယောက်

ထို့ပြင်

မူဆိုလီနီ၏

ဖက်ဆစ်ဝါဒကြီး စသည်

ယင်းတို့

ထွေးရောယှက်တင်

ဆန့်ကျင် တိုက်ခိုက် လှုပ်ရှားခြင်းများ

**ရောမက မိန်းမပျက်**

The Woman of Rome *by* Alberto Moravia

**နတ်နွယ် မြန်မာပြန်**

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

## ၁

အသက် ဆယ့်ခြောက်နှစ် အရွယ်တွင် ကျွန်မသည် တကယ်ပင် လှပ၍နေချေပြီ။ သွယ်ဝန်းသော မျက်နှာ၊ ရည်ရွှမ်းသော မျက်လုံး၊ ဖြောင့်တန်းသော နှာတံ၊ နီမြန်းသော နှုတ်ခမ်း၊ စီရီဖြူဖွေးသော သွားတို့ဖြင့် ဖြစ်သည်။ ကျွန်မကို မယ်တော်မာရီနှင့်တူသည်ဟု အမေက ပြောလေ့ရှိပါသည်။ နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ဦးနှင့် တူသည်ဟု အပြောခံရသကဲ့သို့ပင် ကျွန်မစိတ်တွင် ချောက်ချားသွားမိပါသည်။ ယင်းကြောင့်ပင် ကျွန်မ ဆံပင်ကို မယ်တော်မာရီ ကဲ့သို့ပင် ပြုပြင်ပါသည်။ ကျွန်မ၏ ကိုယ်လုံးကိုယ်ထည်သည် ကျွန်မ၏ မျက်နှာထက် အဆ တစ်ရာမျှ ပို၍လှပသည်ဟု အမေက ဆိုပါသည်။ ရောမတစ်မြို့လုံးတွင် ကျွန်မလို ကိုယ်လုံးကိုယ်ထည်မျိုး တစ်ယောက်မျှမရှိဟု ဆက်၍ ပြောပါသည်။ ထိုအချိန်ကတော့ ကျွန်မသည် ကိုယ်လုံးကိုယ်ထည်နှင့် ပတ်သက်၍ သိပ်အမှုမထားခဲ့ပါ။ မျက်နှာကလေး လှနေလျှင်တော်လောက်ပြီဟု အောက်မေ့ပါသည်။ သို့ရာတွင် ယခုအခါတွင်တော့ အမေပြောသည်မှာ မှန်ကြောင်း ကျွန်မ ဝန်ခံပါသည်။ ကျွန်မသည် ပေါင်တံ

www.burmeseclassic.com



ဖြောင့်စင်း၍ ကားရားသောတင်၊ ရှည်လျားသောကျော၊ ကျဉ်သောခါး၊ ကျယ်သောပခုံးတို့ ရှိပါသည်။ ကျွန်မ၏ ဝမ်းဗိုက်သည် မို့မို့တင်းတင်းကလေး ဖြစ်၏။ ချက်သည် ဗိုက်သားထဲသို့ နက်ရှိုင်းစွာမြုပ်ဝင်နေသဖြင့် ပျောက်ကွယ်နေသလောက်ပင် ဖြစ်ပါသည်။ သို့ရာတွင် အမေကတော့ ယင်းကဲ့သို့မို့မောက်နေခြင်းသည် ပို၍လှသည်ဟုပြောပါ၏။ အမျိုးသမီးတို့ ဝမ်းဗိုက်သည် ယနေ့ ခေတ်စားနေသလို ရှပ်ရှပ်ကလေးနေသည်ထက် မို့မို့မောက်မောက်ကလေး ရှိနေသင့်သည်ဟု ယူဆ၏။ ကျွန်မ၏ ရင်သည် အထူးပင် ဖွံ့ဖြိုးလှသည်။ တင်းတင်းအိအိကြီး ဖြစ်၏။ ကျွန်မက ကြီးလွန်းသည်ဟု ဆိုသောအခါတွင် အမေက ဒါမှ တကယ့်အလှဟု ဆို၏။ ယနေ့ အမျိုးသမီးများတွင် ရင်ဆိုသည်မှာ မရှိတော့ဟု ဆိုချေ၏။ အဝတ်အစားများ ချွတ်ထားသောအခါတွင် ကျွန်မသည် အရပ်မြင့်၍ အချိုးအစား ကျနလှပါသည်။ ပန်းပုရုပ်နှင့် တူသည်ဟု နောက်ပိုင်းတွင် သူတို့က ပြောပြပါသည်။ သို့ရာတွင် အဝတ်အစားများ ဝတ်ထားသော အခါတွင်ကား ကျွန်မသည် သွယ်လျသော မိန်းကလေးတစ်ဦးပင်ဖြစ်ပြီး ဤလို ကိုယ်လုံးကိုယ်ထည်မျိုးရှိမည်ဟု မည်သူကမျှ ထင်မည် မဟုတ်ချေ။ ယင်းသို့ ထင်မြင်ကြရသည်မှာ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုတပြီး အချိုးအစားကျနသောကြောင့်ဟု ပထမဆုံး ကျွန်မကိုယ်ဟန်ပြရသော ပန်းချီဆရာက ပြောပါသည်။

ယင်းပန်းချီဆရာကို အမေက ကျွန်မအတွက် ရှာဖွေခဲ့ခြင်း ဖြစ်ပေသည်။ အမေကိုယ်တိုင်သည်လည်း အိမ်ထောင်ကျပြီး အပ်ချုပ်သည်မ မဖြစ်မီက ကိုယ်ဟန်ပြမယ်တစ်ဦးပင် ဖြစ်ပါသည်။ ယင်းပန်းချီဆရာထံသို့ ပထမဆုံးအကြိမ် သွားရောက်စဉ်က ကျွန်မတစ်ယောက်တည်း သွားပါမည်ဟု ဆိုသော်လည်း အမေက အတင်းလိုက်လာပါသည်။ လူစိမ်း ယောကျ်ားတစ်ယောက်ရှေ့တွင် အဝတ်များ ချွတ်၍ ပြရမည်ကြောင့်ထက်၊ ထိုသူ့အား အမေက ဈေးစကားများ ပြောကြားမည့်အတွက် ကျွန်မက ရှက်နေမိပါသည်။ တကယ်လည်း တကယ်ပင် ဖြစ်၏။ အမေသည် ကျွန်မအား အဝတ်များ ကူ၍ချွတ်ပေးပြီးနောက် ခန်းမအလယ်ခေါင် ကိုယ်တုံးလုံးကြီး ရပ်နေစေပါသည်။ ထို့နောက် သူမသည် ပန်းချီဆရာကို စိတ်အား ထက်သန်စွာ ပြောပါတော့သည်။

www.burmeseclassic.com



"ကြည့်စမ်းပါဦး၊ သူ့ရင်ကြီးတွေ ဘယ်လောက်ထွားပြီး သူ့တင်ကြီးတွေ ဘယ်လောက် ကားသလဲဆိုတာ။ ပြီးတော့ ပေါင်ကြီးတွေကိုလဲ ကြည့်လိုက်စမ်းပါဦး။ ဒီပေါင်မျိုး၊ ဒီတင်မျိုး၊ ဒီရင်မျိုးကို ရှင် ဘယ်မှာများ ရှာလို့ ရနိုင်မလဲ"

အမေက ယင်းသို့ ပြောရင်း ကျွန်မ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို လက်ညှိုးနှင့် ထိုးပြ၊ ပုတ်ပြ၊ ထိပြပါသည်။ ဈေးထဲတွင် တိရစ္ဆာန်များကို ရောင်းချသည့်အခါတွင် လူတွေဝယ်ချင်အောင် ပြသပုံမျိုး ဖြစ်ပါသည်။ ပန်းချီဆရာက ရယ်မော၍နေသည်။ ကျွန်မက ရှက်လာသည်။ ပြီးတော့ ဆောင်းတွင်းဖြစ်၍ ချမ်းလည်း ချမ်းပါသည်။ သို့ရာတွင် အမေက ယင်းကဲ့သို့ ပြသ ပြောဆိုနေခြင်းများသည် မလိုလားအပ်သည့် အသွင်မျိုးဖြင့် မဟုတ်ဘဲ မိခင်တစ်ဦးအနေဖြင့် ကျွန်မ၏ အလှကို ဂုဏ်ယူဝင့်ကြွားသောအားဖြင့်ဖြစ်ကြောင်း ကျွန်မက နားလည်ပါသည်။ ကျွန်မ လှသည်ဆိုလျှင် အမေလည်း လှသောကြောင့်ပင် ဖြစ်ရပေမည်။ ပန်းချီဆရာကလည်း ယင်းသဘောကို နားလည်ဟန် ရှိပါသည်။ ထို့ကြောင့် ကျွန်မသည် စိတ်သက်သာရာရသွားပြီး မီးလှုံရန် မီးဖိုဆီသို့ ခြေဖျား‌ထောက်၍ လျှောက်သွားပါသည်။ ပန်းချီဆရာသည် အသက်လေးဆယ်လောက်ရှိပြီး ဖော်ရွေရည်မွန်သူတစ်ဦး ဖြစ်၏။ သူသည် ကျွန်မကို ရမ္မက်ဆန္ဒဖြင့် မကြည့်ဘဲ အရာဝတ္ထုတစ်ခုအနေဖြင့်သာ ကြည့်လေသည်။ သည့်အတွက်လည်း ကျွန်မက စိတ်သက်သာရာရပါသည်။ နောက်ပိုင်းတွင် သူသည် ကျွန်မနှင့် ကျွမ်းဝင်လာသောအခါ၌ ကြင်နာစွာ လေးစားစွာဖြင့် ဆက်ဆံပါသည်။ အရာဝတ္ထုသက်သက်သဘောမျိုး မဟုတ်တော့ဘဲ လူတစ်ယောက်အနေနှင့် ဆက်ဆံခြင်းပင် ဖြစ်ပါ၏။ ကျွန်မက ချက်ချင်းပင် သူ့ကို သဘောကျ နှစ်ခြိုက်သွားပါသည်။ ကျွန်မကို ကြင်နာယုယစွာ ဆက်ဆံသည့်အတွက် သူ့ကို တိတ်တခိုးပင် ချစ်နေမိပါသည်။ သို့ရာတွင် သူသည် ကျွန်မအပေါ်၌ မည်သည့်အခါတွင်မျှ စည်းမဖောက်ပါချေ။ သူသည် အမြဲတမ်းပင် ကျွန်မကို ပန်းချီဆရာတစ်ဦးအနေဖြင့် ဆက်ဆံ၏။ ယောက်ျားတစ်ယောက်အနေဖြင့် မဆက်ဆံချေ။ ကျွန်မတို့၏ ဆက်ဆံရေးသည် တစ်လျှောက်လုံး မှန်ကန် သန့်ရှင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေက ကျွန်မကို ချီးကျူးခန်းဖွင့်၍ ပြီးသွားသောအခါတွင် ပန်းချီဆရာသည် စက္ကူပုံကြီးတစ်ခုဆီသို့သွား၍ ရောင်စုံပုံနှိပ်ထားသော စက္ကူတစ်ရွက်ကိုယူ၍ အမေ့အား ပြပါသည်။

"အဲဒါ ခင်ဗျား သမီးပဲ"

သူက ပြော၍ ကျွန်မက မီးဖိုမှခွာကာ ပုံကိုကြည့်လိုက်သည်။ အိပ်ရာပေါ်တွင် ဝတ်လစ်စလစ် လဲလျောင်း၍နေသော အမျိုးသမီး၏ပုံ ဖြစ်သည်။ ယင်းအမျိုးသမီးသည် တကယ်ပင်ကျွန်မနှင့်တူပေသည်။ သို့ရာတွင် သူမသည် ဝတ်လစ်စလစ်ဖြစ်သော်လည်း ရွှေငွေ ကျောက်သံ ပတ္တမြားကိုကား ဝတ်ဆင်ထားသည်။ ထို့ကြောင့် သူမက မိဖုရားတစ်ပါးသော်လည်းကောင်း၊ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးသော်လည်းကောင်း ဖြစ်တန်ရာပြီး ကျွန်မက သာမန်မိန်းကလေး တစ်ဦးမျှသာ ဖြစ်လေသည်။

"ဟုတ်တယ်၊ အက်ဒရီယာနာနဲ့ သိပ်တူတယ်။ သူက ဘယ်သူလဲ"

"ဒင်နီ"

ပန်းချီဆရာက ခပ်ပြုံးပြုံး ပြန်ဖြေသည်။

"ဘယ်က ဒင်နီလဲ"

"ရှေးဟောင်း နတ်သမီး တစ်ပါးပေါ့"

အမေက ကျွန်မအား ပန်းချီဆရာအလိုရှိသည့်အတိုင်း လဲလျောင်း၍သော်လည်းကောင်း၊ ရပ်၍ သော်လည်းကောင်း၊ ထိုင်၍ သော်လည်းကောင်း ကိုယ်ဟန်ပြဖို့ ပြောလေသည်။ အမေက သူ့ထက်ပင်ပို၍ နားလည်နေကြောင်း ပန်းချီဆရာကပြောရာ၊ အမေက သူမ၏ ကိုယ်ဟန်ပြမယ်ဘဝကို ချက်ချင်းပင် ပြောပြလေတော့၏။ ထိုစဉ်အခါကဆိုလျှင် သူမသည် ရောမမြို့တွင် အလှပဆုံးသော ကိုယ်ဟန်ပြမယ်တစ်ဦး ဖြစ်ချေသည်။ သူမအနေဖြင့် ယင်းအဖြစ်ကို ပျက်စီးစေသည်မှာ အိမ်ထောင်ပြုလိုက်ခြင်းပင်ဖြစ်၏။ ထိုစဉ်ကြိုက်တွင် ပန်းချီဆရာက ကျွန်မအား ဆိုဖာ တစ်လုံးပေါ်တွင် လဲလျောင်းစေပါသည်။ လက်နှင့်ခြေထောက် အနေအထားများကို သူကြိုက်သလို ရွှေ့ထားပြင်ဆင်ပါသည်။ သို့ရာတွင် သူသည် ကျွန်မကို ညင်သာစွာ ကိုင်တွယ်ပါသည်။ အသားချင်း မထိသလောက်ပင် ဖြစ်ပါသည်။ ထို့နောက်တွင်ကား အမေက စကားမျှင်တန်းနေသော်လည်း သူက စတင်၍ ပုံကြမ်းရေးဆွဲလေတော့သည်။ သူသည် သူမ၏စကားများကို နားမဝင်တော့ဘဲ ပန်းချီဆွဲမှုတွင်



www.burmeseclassic.com

www.burmeseclassic.com



အာရုံနစ်မြုပ်နေပြီမှန်း အမေက သိရှိသောအခါ သူမက မေးလေသည်။

“ကျွန်မသမီးကို တစ်နာရီ ဘယ်လောက်ပေးမလဲ”

ပန်းချီဆရာသည် ပိတ်ကားမှ မျက်လုံး မခွာဘဲ ဈေးပေးလိုက်သည်။ ကုလားထိုင်တစ်လုံးပေါ်တွင် ကျွန်မတင်ထားသော အဝတ်များကို အမေက ဆွဲယူ၍ ကျွန်မထံ ပစ်ပေးလိုက်ပြီး–

“အဝတ် ဝတ်။ သွားကြစို့”

“နေစမ်းပါဦး။ ဘာဖြစ်လို့လဲ”

ပန်းချီဆရာက အလုပ်ကို ရပ်ဆိုင်း၍ အံ့ဩစွာ မေးလိုက်၏။

“ဘာမှ မဖြစ်ပါဘူး။ ကဲ လာ လာ အက်ဒရီယာနာ တော်လောက်ပြီ”

အမေက အင်မတန် ဈေးကြီးသုတ်ပျာနိုင်ဟန်ဆောင်၍ ပြန်ဖြေသည်။ သည့်နောက်တွင်ကား အမေလုပ်ပုံက ကြောက်စရာကြီး ဖြစ်၏။ ပိုက်ဆံ ဒါလောက် နည်းနည်းကလေးပေးရုံဖြင့် ရနိုင်ပါ့မလား။ ရူးနေသလား။ စသည်ဖြင့် သူ့အား အသံကုန်အော်ဟစ်၍ ပြောနေတော့၏။ ကျွန်မသည် အရွယ်လွန်နေသူတစ်ဦးမဟုတ်ကြောင်း။ အသက် ၁၆ နှစ်သာရှိသေးကြောင်း၊ ယခုမှ ပထမဆုံးအကြိမ် ကိုယ်ဟန်ပြခြင်းဖြစ်ကြောင်းတို့ကို အော်ဟစ် ပြောဆိုနေ၏။ အမေသည်တစ်ခုခုလိုချင်ပြီဆိုလျှင် အရမ်းကာရောအော်ဟစ်၍ အင်မတန် စိတ်ဆိုးမာန်ဆိုး ရှိနေသည့်အသွင် ဟန်ဆောင်တတ်ပေသည်။ အမှန်တော့ သူမသည် တကယ်စိတ်ဆိုးနေခြင်းကား မဟုတ်ပေ။ သို့ရာတွင် အမေသည် ဈေးထဲ၌ ဝယ်သူက ဈေးနည်းနည်းပေး၍ ရောင်းသူက အော်ဟစ်နေသလိုမျိုး အော်ဟစ်လျက်ရှိ၏။ အမေသည် ကိုယ်နှုတ်နှစ်ပါး ယဉ်ကျေးသိမ်မွေ့သူများအား ပို၍အော်ဟစ်တတ်လေသည်။ အကြောင်းမှု သူတို့သည်သူ့အား အလျှော့ပေးတတ်သောကြောင့် ဖြစ်၏။

တကယ်ပင် ပန်းချီဆရာသည်လည်း အဆုံးတွင် အလျှော့ပေးရလေသည်။ အမေက ကက်ကက်လန် ရန်တွေ့နေစဉ်တွင် သူက ပြုံး၍ တစ်စုံတစ်ခုဖြတ်၍ ပြောနိုင်ရန်သာ ကြိုးစားနေလေသည်။ အတော်ကလေးမောရှိ၍ အမေ စကားပြောရပ်သွားတော့ သူက ဘယ်လောက်လိုချင်သနည်းဟု မေးသည်။ သို့ရာတွင် အမေက လိုရင်းကို တည့်တည့်မပြောသေးချေ။

“အဲဒီပုံကိုဆွဲတဲ့ ပန်းချီဆရာက သူ့ကိုယ်ဟန်ပြမယ်ကို ဘယ်လောက်ပေးလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာဆိုင်တာမို့လဲ။ ဟိုခေတ်ကပဲ။ ဝိုင်တစ်ပုလင်း၊ ဒါမှမဟုတ် လက်အိတ်တစ်စုံလောက်ပဲ ပေးတော့မပေါ့"

အမေက အော်ကြီးဟစ်ကျယ် လုပ်ပြန်တော့သည်။ သူ့ကို နိမ့်ချ၍ ကျွန်မ၏အလုကို မြှောက်ပင့်သည်။ ပြီးတော့မှ ရုတ်တရက် စိတ်ပြေသွားဟန် ပြုကာ လိုချင်သည့်ဈေးကို ပြောသည်။ သူက ဆစ်သည်။ နောက်ဆုံးတွင် တည့်သွားကြသည်။ အမေက သူပေးသောပိုက်ဆံကို ဝမ်းသာအားရ လက်ခံယူသည်။ ပြီးတော့ သူမအား အနည်းအကျဉ်းမှာကြားကာ ထွက်သွားလေတော့၏။ ပန်းချီဆရာက တံခါးကို ပိတ်လိုက်ပြီးနောက် အလုပ်ခုံဆီသို့ လျှောက်သွားရင်း ပြောသည်။

"မင်း အမေက ဒီလိုပဲ အော်နေတာပဲလား"

"အမေက ကျွန်မကို သိပ်ချစ်တယ်"

ဒါပဲ ဖြေလိုက်သည်။

"ငါ ထင်တာကတော့ မင်းအမေဟာ ပိုက်ဆံကို ပိုပြီးချစ်ပုံရတယ်"

"ဟင့်အင်း၊ ဒါတော့မဟုတ်ဘူး။ သူက ကျွန်မကိုအချစ်ဆုံးပဲ။ ဒါပေမဲ့ အမေဟာ ကျွန်မ ဆင်းဆင်းရဲရဲဖြစ်နေတာကို မကြည့်ရက်ဘူး။ ချမ်းချမ်းသာသာ ဖြစ်စေချင်တယ်"

ကျွန်မက ရိုးရိုးကုပ်ကုပ် နှုတ်တုံ့ပြန်လိုက်သည်။

ဤပန်းချီဆရာနှင့် စပ်လျဉ်းသောအကြောင်းကို ကျွန်မက ယခုကဲ့သို့ အသေးစိတ်ပြောပြနေရသည်မှာ အကြောင်းနှစ်ရပ်ရှိ၍ ဖြစ်ပါသည်။ ပထမအကြောင်းမှာ ထိုနေ့သည် ကျွန်မ၏ဘဝတွင် ပထမဆုံး အလုပ်လုပ်သောနေ့ဖြစ်၍တည်း။ နောက်တစ်ကြောင်းမှာ ဤအဖြစ်အပျက်သည် အမေ၏စရိုက်နှင့် ကျွန်မအပေါ် သူမက အဘယ်မျှမြတ်နိုးပုံတို့ကို ဖော်ပြ၍တည်း။

အလုပ်ပြီးသွားသောအခါတွင် ကျွန်မသည် အမေ စောင့်နေမည်ဆိုသောနို့ဆိုင်သို့ လိုက်သွားပါသည်။ အမေက ကျွန်မကို အကြောင်းစုံမေးပါသည်။ ပန်းချီဆရာနှင့် ကျွန်မ ဘာတွေပြောကြသနည်းဟု အသေးစိတ်စူးစမ်းပါသည်။ ပြီးတော့မှ သူမက ကျွန်မကို သတိပေးပါသည်။ ဤပန်းချီဆရာသည် ရိုးသားပုံရသော်လည်း များသောအားဖြင့်တော့ သူတို့သည် ကိုယ်ဟန်ပြမယ်များကို အပျော်မယားအဖြစ် ထားလိုကြသည်ဟု အမေက ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေက ခြုံးတစ်ပြားမှ ရှိတဲ့လူတွေမဟုတ်ဘူး။ နင် သူတို့ဆီက ဘာမှမရနိုင်ဘူး။ နင့် ရုပ်ရည်နဲ့ဆိုရင် အထက်ကို အများကြီးလှမ်းနိုင်တယ် သိလား"

အမေသည် ဤကိစ္စမျိုးနှင့် ပတ်သက်၍ ကျွန်မကို ယခုအကြိမ်သည် ပထမဆုံး ပြောခြင်းပင် ဖြစ်ပါသည်။ ပြီးတော့ အလေးအနက် ပြောဆိုနေခြင်းဖြစ်သည်။ ပြဿနာတစ်ရပ်ကို အသေအချာ စဉ်းစားသုံးသပ်ပြီးမှ ပြောဆိုနေပုံမျိုး ဖြစ်သည်။

"အမေ ဘာတွေပြောနေတာလဲ"

ကျွန်မက တအံ့တသြ မေးမိပါသည်။

"သူတို့လို လူမျိုးတွေက စကားပြော သာပါတယ်။ ပိုက်ဆံတော့မပါဘူး။ နင့်လို မိန်းမလှကလေးတစ်ယောက်ဟာ လူကြီးလူကောင်းတစ်ယောက်နဲ့ပဲ ဖြစ်သင့်တယ်"

"ဘယ်က လူကြီး လူကောင်းလဲ။ ကျွန်မက ဘယ် လူကြီးလူကောင်းမှ မသိပါကလား"

"နင် အခုတော့ ကိုယ်ဟန်ပြမယ်ပဲ။ ကြည့်ဦးပေါ့။ ဒါပေမဲ့ အခြေအနေကို ကြည့်မယ်လေ။ ဒီတစ်ဆင့်ကနေ ဟိုတစ်ဆင့်ကို ကူးရမှာပေါ့"

သို့ရာတွင် အမေ့ အနေနှင့် ကျွန်မကို သတိပေးနေစရာ မလိုပါ။

ကျွန်မသည် အသက် ငယ်ရွယ်နုနယ်သလောက် ပြဿနာများကို အလေးအနက်ထားတတ်သူတစ်ဦး ဖြစ်ပါသည်။ ယင်းပန်းချီဆရာနှင့် တွေ့ဆုံရပြီးနောက် အခြား ပန်းချီဆရာများနှင့် ဆက်လက် တွေ့ဆုံဆက်ဆံရပါသည်။ များမကြာမီမှာပင် ကျွန်မသည် ပန်းချီဆရာများကြားတွင် အသိများသူတစ်ဦး ဖြစ်သွားပါသည်။ သူတို့တစ်တွေသည် များသောအားဖြင့် ပရိယာယ်ဝေ့ဝစ်မရှိဘဲ လေးစားထိုက်သည်ဟု ပြောရပါမည်။ သို့ရာတွင် မဖြောင့်မသမာသူများလည်း ရှိပါသည်။ ထိုသူများကို ကျွန်မက ပြတ်ပြတ်သားသား လှန်ထုတ်လိုက်တတ်သဖြင့် များမကြာမီမှာပင် အညာခိုင်သူတစ်ဦး အဖြစ်နှင့် ကျော်ကြားလာပါတော့သည်။ များသောအားဖြင့် ပန်းချီဆရာများသည် လေးစားဖွယ်ရာကောင်းသည်ဟု ကျွန်မကပြောရခြင်းမှာ သူတို့သည် ကျွန်မကို အချစ်နယ်ကျူးရန် စိတ်မကူးဘဲ ပန်းချီဆွဲရန်သာ စိတ်ကူးနေကြသောကြောင့် ဖြစ်ပါ၏။ သူတို့သည် ပန်းချီဆွဲနေခြင်းဖြင့် ကျွန်မကို ကြည့်မြင်နေသည်မှာ

www.burmeseclassic.com



ဖိုသတ္တဝါတစ်ဦး၏မျက်လုံးဖြင့် မဟုတ်ဘဲ အနုပညာရှင်တစ်ဦး၏ မျက်လုံးဖြင့် ဖြစ်လေသည်။ ကျွန်မကို ကုလားထိုင်တစ်လုံး၊ စားပွဲတစ်လုံးလို သဘောထားလျက်ပင်ဖြစ်၏။ သူတို့သည် ကိုယ်ဟန်ပြမယ်များစွာကို တွေ့ရ မြင်ရသည်မှာ ရိုးနေပြီဖြစ်၏။ ကျွန်မ၏ နုပျိုလန်းဆတ်၍ တောင့်တင်းဖွံ့ဖြိုးသော ဝတ်လစ်စလစ်ကိုယ်လုံးသည် သူတို့အဖို့ မည်သို့မျှ မလှုပ်ရှားစေပါ။ ဆရာဝန်တစ်ဦးအဖို့ စိတ်လှုပ်ရှားခြင်း မရှိသကဲ့သို့ပင် ဖြစ်သည်။ သို့ရာတွင် ပန်းချီဆရာများ၏ မိတ်ဆွေမှာမူကား ကျွန်မကို အများကြီး အနှောင့်အယှက်ဖြစ်စေပါသည်။ သူတို့သည် ပန်းချီဆရာနှင့်လာ၍ တောင်တောင် မြောက်မြောက် ပြောကြသည်။ အပြင်ပန်းက တတ်နိုင်သမျှ ဟန်ဆောင်ကြိုးပမ်းနေသော်လည်း သူတို့၏ မျက်လုံးများကမူကား ကျွန်မ၏ကိုယ်မှ လုံးဝ မခွာကြပါပေ။ တချို့မှာဆိုလျှင် အရှက်အကြောက်နည်းနည်းမျှမရှိ။ ကျွန်မကို ထောင့်အသီးသီးမှ မြင်တွေ့နိုင်စေရန် အခန်းထဲတွင် လှည့်ပတ် သွားလာနေတတ်ကြသည်။ ယင်းအကြည့်များနှင့် အမေ၏ အတိတ်စိမ်းများကြောင့် ကျွန်မ၏ ကျော့မြူလိုစိတ်များသည် တက်ကြွ၍ လာလေတော့သည်။ ကျွန်မ၏ အလှနှင့် ကျွန်မ၏ဆွဲဆောင်နိုင်မှု စွမ်းအားကို ကောင်းစွာ သိရှိလာရတော့သည်။ နောက်ကျတော့ ကျွန်မသည် သူတို့၏ အငမ်းမရမှုကို အကျွမ်းဝင်လာရုံသာမက သူတို့တစ်တွေသွားရည်ကျသည်ကို မကြည်နူး မကျေနပ်ဘဲ မနေနိုင်တော့ပါ။ ယင်းဖြင့် ကျွန်မ၏မာနသည် ကျွန်မ၏ အတွေးအခေါ်များကို ဖြစ်ပေါ်စေတော့၏။ ကျွန်မကသာလုပ်ချင်လျှင် ကျွန်မ၏ အဆင့်အတန်းကို ကျွန်မ၏ ရုပ်ရည်ဖြင့် မြှင့်တင်နိုင်ကြောင်း အမေက ပြောသည့်အတိုင်း သဘောပေါက် သက်ဝင်လာတော့သည်။

သို့ရာတွင် ထိုအချိန်က ကျွန်မ၏ အဓိကစိတ်ဆန္ဒသည် အတည်တကျ အိမ်ထောင်ပြုလိုခြင်းသာဖြစ်သည်။ ကျွန်မရသမျှ ပိုက်ဆံများ အားလုံးကို အမေ့အားပေးပါသည်။ ကိုယ်ဟန်မပြရသောအခါများ၌ အိမ်တွင် အမေ့အားကူ၍ ရှပ်အင်္ကျီများ ညှပ်ပေး ချုပ်ပေးရပါသည်။ ကျွန်မ၏ဖခင် မီးရထားအလုပ်သမားကြီး ကွယ်လွန်အနိစ္စရောက်သွားကတည်းက ကျွန်မတို့သားအမိ သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းသည် အပ်ချုပ်ခြင်းသာ ဖြစ်၏။ ကျွန်မတို့သည် လွန်ခဲ့သည့် အနှစ်ငါးဆယ်လောက်ကတည်းက တည်ဆောက်ထားခဲ့သော မီးရထားအလုပ်သမားများတန်းလျား ဒုတိယထပ်ရှိ အခန်းကျဉ်းကလေး

www.burmeseclassic.com



တစ်ခုတွင် နေထိုင်ကြပါသည်။ ကျွန်မတို့တန်းလျားသည် အရိပ်အာဝါသကောင်းမွန်သော ဆင်ခြေဖုံးလမ်းကလေးတွင် တည်ရှိပါသည်။ တစ်ဖက်တွင်ကျွန်မတို့လိုပင် တိုက်တန်းလျားများ ရှိပါသည်။ တစ်ပုံစံတည်း ဖြစ်သည်။ အင်္ဂတေအချော ကိုင်မထားသော နှစ်ထပ်အုတ်တိုက်များဖြစ်သည်။ တစ်ထပ်တွင် ပြတင်းပေါက် ခြောက်ပေါက်ရှိ၍ ဗဟိုတံခါးမကြီးတစ်ပေါက် ရှိသည်။ တစ်ဖက်တွင်ကား မြို့ရိုးညို့ညို့စိမ်းစိမ်းများ၊ မျှော်စင်အဆင့်ဆင့်ဖြင့် ရှိလေသည်။ ကျွန်မတို့အိမ်နှင့် သိပ်အလှမ်းမဝေးလှသည့်နေရာတွင် မြို့ရိုးတံခါးမကြီးတစ်ပေါက် ရှိသည်။ ယင်းတံခါးမကြီး၏အနီး မြို့ရိုး၏ အတွင်းဘက်၌ 'စန်းသော်တာ' ပန်းခြံ ရှိလေသည်။ နွေရာသီရက်များတွင် ယင်းပန်းခြံသည် ထိန်ထိန်ဝါဝါနှင့် ဂီတသံသာတို့ဖြင့် မြူးကြွနေပါသည်။ ပြတင်းပေါက်မှနေ၍ မျှော်ကြည့်လျှင် ရောင်စုံမီးပဒေသာများကိုလည်းကောင်း၊ စီရရီသော မဏ္ဍပ်ကနားများကိုလည်းကောင်း၊ အဝင်ဝတွင် တိုးခွေ့နေသောလူအုပ်ကြီးကိုလည်းကောင်း မြင်ရသည်။ တေးဂီတသံများကိုလည်း ကွဲပြားကြည်လင်စွာ ကြားရပါသည်။ ညညများတွင် ကျွန်မသည် အိပ်မပျော်တပျော်နိုးတစ်ဝက်နှင့် တေးဂီတသံကို နားထောင်နေမိသည်။ မျက်လုံးစုံကို ဖွင့်၍အိပ်မက် မက်နေမိပါသည်။ အဝေးကမ္ဘာမှ လွင့်ပျံလာရသကဲ့သို့ ရှိပါသည်။ အခန်း၏ မည်းမှောင် ကျဉ်းမြောင်းမှုက ယင်းခံစားမှုကို ပို၍ ပြင်းထန်စေပါသည်။

'စန်းသော်တာ' ပန်းခြံသို့ မြို့လုံးကျွတ် လာရောက်လျက်ရှိကြပြီး ကျွန်မတစ်ယောက်တည်းသာ ကြွင်းကျန်နေရစ်သကဲ့သို့ ဖြစ်ပါသည်။ ကျွန်မသည် အိပ်ရာမှချက်ချင်းထသွားပြီး သူတို့နှင့် ရောပေါင်းလိုပါသည်။ သို့ရာတွင် ကျွန်မက မလှုပ်ရှားမိပါ။ ဂီတသံက တစ်ညလုံးအဆက်မပြတ် လွင့်ပျံလာလျက် ရှိသည်။ ကျူးလွန်ဖူးခြင်း ရှိသည်ဟု ကျွန်မကိုယ်တိုင် မသိမိသောဒုစရိုက်မှုတစ်ခုကြောင့် ငရဲခံနေရသည်ဟု အောက်မေ့မိသည်။ တစ်ခါတစ်ရံတွင် ကျွန်မသည် တေးဂီတသံကို နားထောင်ရင်းဖြင့် ကျေနပ်မှုကို သည်းမခံနိုင်ဘဲ ငိုကြွေးမိပါသည်။ ကျွန်မသည် ထိုစဉ်အခါက စိတ်ထိခိုက်လွယ်ပါသည်။ သူငယ်ချင်းတစ်ဦး၏ အဖက်မလုပ်မှုကြောင့်လည်းကောင်း၊ အမေ၏ မြည်တွန်တောက်တီးမှုကြောင့်လည်းကောင်း၊ ရုပ်ရှင်ထဲမှ စိတ်ထိခိုက်ဖွယ်ရာအခန်းတစ်ခန်းကြောင့်လည်းကောင်း ကျွန်မသည် မျက်ရည်များ ပြည့်လျှံလာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါသည်။ အမေကသာ ကျွန်မကို ‘စန်းသော်တာ’ ပန်းခြံအနီးသို့ သွားခြင်းကိုလည်းကောင်း၊ အကလေး အရွယ်ကတည်းက အခြား ပျော်ရွှင်မှုများကို လည်းကောင်း တားမြစ်ပိတ်ပင်ခြင်း မပြုခဲ့လျှင် ကျွန်မသည် ပျော်ရွှင်စရာ ကမ္ဘာကြီးတစ်ခုမှ တားမြစ်ပိတ်ပင်ထားခြင်း ခံရသည်ကို သတိထားချင်မှ သတိထားမိပေမည်။ သို့ရာတွင် အမေသည် မုဆိုးမတစ်ယောက်ဖြစ်၍လည်းကောင်း၊ ဆင်းရဲပွန်းတီး၍လည်းကောင်း၊ ပျော်ရွှင်ချမ်းမြေ့မှုတို့၏ အပယ်ခံဘဝ ကျရောက်ခဲ့ရ၍လည်းကောင်း၊ ယင်းအမှုများကို ကမ္ဘာ့ရန်လို သဘောထားကာ ကျွန်မအား ‘စန်းသော်တာ’ ပန်းခြံအနီးသို့ သွားခွင့်မပြုပါ။ အခြားပျော်ပွဲရွှင်ပွဲများသို့လည်း သွားခွင့်မပြုပါ။ ကျွန်မအရွယ်ရောက်၍ ကျွန်မကြမ္မာကို ကျွန်မဖန်တီးသည့်အချိန်အထိ ဖြစ်ပါသည်။

ထိုအချိန်က ကျွန်မသည် အတည်တကျ အိမ်ထောင်ပြုလိုစိတ်သာရှိနေကြောင်းကို ပြောခဲ့ပြီးပါပြီ။ ယင်းစိတ်ဆန္ဒ အဘယ်ပုံ ပေါ်ပေါက်လာရသည်ကိုလည်း ကျွန်မက ပြောပြနိုင်ပါသည်။ ကျွန်မတို့ ရပ်ကွက်အတွင်းမှ ဖြတ်သန်းသွားသော ဆင်ခြေဖုံးလမ်းကလေးအတိုင်း လိုက်သွားလျှင် မလှမ်းမကမ်းတွင် သန့်ပြန့်စိုပြည်သော နယ်မြေကလေးတစ်ခုကို တွေ့ရမည်ဖြစ်သည်။ ဆင်ခြေဖုံးလမ်းတစ်လျှောက်တွင် ရထားတွဲအိုပျက်ကြီးများနှင့် တူသော မီးရထားအလုပ်သမား တန်းလျားများရှိသလို ကိုယ့်ဝင်း၊ ကိုယ့်ခြံနှင့် အိမ်ကလေး၊ တိုက်ကလေးများလည်း ရှိလေသည်။ သူတို့သည် အရင်းရှင်ကြီးများ၏ ဇိမ်ခံတိုက်ကြီးများတော့ မဟုတ်ကြပေ။ စာရေးစာချီများနှင့် ဈေးဆိုင်ကလေးများ၏ ဂေဟာများသာဖြစ်ကြသည်။ သို့ရာတွင် ကျွန်မတို့၏ အိမ်အစုတ်ပလုတ်များနှင့် နှိုင်းယှဉ်လိုက်လျှင် သူတို့၏ ဂေဟာကလေးများသည် အများကြီး နေချင့်စဖွယ်ဖြစ်ပါသည်။

တစ်ခုသော နွေရာသီညနေခင်းတွင် ကျွန်မသည် အမေနှင့်အတူ လမ်းလျှောက်ထွက်စဉ် ယင်းဂေဟာတစ်ခု၏ ပြတင်းပေါက်မှဖြတ်၍ မိသားစုတစ်စုကို မြင်တွေ့ရသည်။ ယင်းမြင်ကွင်းသည် ကျွန်မ၏စိတ်တွင် နက်ရှိုင်းစွာ ထိဝင်စေပါသည်။ ကျွန်မသည် ယင်းကဲ့သို့ပင် ဖြောင့်ဖြူးသော ဘဝကလေး တစ်ခုကို တည်ထောင်လိုပါသည်။ ကျွန်မ မြင်တွေ့ခဲ့ရသော အခန်းသည် သန့်ရှင်းစင်ကြယ်သော အခန်းကလေးတစ်ခုသာ ဖြစ်ပါသည်။ နံရံများတွင် ပန်းအပွင့်များပါသော စက္ကူတို့ဖြင့် ဆင်ယင်ထားသည်။ နံရံတွင် ကပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော လှပသည့် ဗီရိုကလေးတစ်လုံးရှိသည်။ အခန်းအလယ်တွင် မီးတစ်ပွင့် ဆိုင်းထားသည်။ မီးဆိုင်း၏အောက်တွင် စားပွဲတစ်လုံးရှိပြီး ညစာအသင့် ပြင်ထားသည်။ စားပွဲတွင် လူငါးယောက် ခြောက်ယောက်ဝိုင်း၍ ထိုင်နေကြသည်။ ထိုအထဲတွင် ရှစ်နှစ် ကိုးနှစ်အရွယ် ကလေးသုံးယောက်ပါရှိသည်။ စွပ်ပြုတ်ပန်းကန်ကြီးသည် စားပွဲအလယ်တွင်ရှိနေသည်။ မိခင်က မတ်တတ်ရပ်၍ စွပ်ပြုတ်များ ခွဲဝေ ထည့်ပေးနေသည်။ ထူးတော့ ထူးဆန်းပေမည်။ ကျွန်မ၏စိတ်ကို အဆွဲဆောင်ဆုံးမှာ ဗဟို မီးအဆိုင်းပင်ဖြစ်လေသည်။ ယင်းအလင်းရောင်တွင် ငြိမ်းချမ်းသာယာမှုများသည် အပြည့်ရှိနေသည်။ တစ်နေ့တွင် ကျွန်မသည် ယင်းကဲ့သို့သော အိမ်၊ ယင်းကဲ့သို့သော မိသားစု၊ ယင်းကဲ့သို့သော မီးရောင်အောက်တွင် နေလိုပါသည်။

သို့ရာတွင် အမေသည် ကျွန်မ၏အနာဂတ်အတွက် အသေးစိတ် စီမံကိန်း ရေးဆွဲထားလေသည်။ ယင်းစီမံကိန်းများသည် အကောင်အထည် ပေါ်မလာနိုင်ကြောင်းကို ကျွန်မက မကြာမီမှာပင် သိရှိရပါသည်။ ကျွန်မ၏ အလှအပဖြင့် ဘာမဆို ရည်မှန်း အောင်မြင်နိုင်သည်ဟု သူမက စိတ်ကူး ထင်မြင်ထားပါသည်။ သို့ရာတွင် အခြားသူများကဲ့သို့ မိသားစုတစ်စုနှင့် အိမ်ထောင်သည် အမျိုးသမီးတစ်ဦးကား မဖြစ်စေလိုပါပေ။ ကျွန်မတို့မှာ ကုန်းကောက်စရာ မရှိလောက်အောင် ဆင်းရဲလှသည်ဖြစ်ရာ အရင်းအနှီးဟူ၍ ကျွန်မ၏ အလှအပသာရှိသည်ဟု သူမက မှတ်ယူနေဟန်ရှိပါသည်။ ကျွန်မသည် သူမစီရင်ဆုံးဖြတ်သည့်အတိုင်း ကျွန်မတို့ အခြေအနေလေး ကောင်းမွန်ရေးအတွက် ဤအရင်းအနှီးကို အသုံးပြုရပေမည်။ ဖြစ်ပေါ်လာမည့် အခြေအနေကိုကား လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုပေ။ အမှန်အားဖြင့်တော့ ဤစီမံကိန်းတစ်ခုလုံးသည် တွေးခေါ်မြော်မြင်မှု ကင်းမဲ့စွာဖြင့် ပေါ်ပေါက်လာခြင်းဖြစ်၏။ ကျွန်မတို့၏ အခြေအနေမျိုးတွင် သူမ၏ခေါင်းထဲသို့ ပထမဆုံး ဝင်လာသည့် စိတ်ကူးမှာလည်း ကျွန်မ၏အလှအပကို အရင်းအနှီး ပြုလုပ်ရန်ပင် ဖြစ်လေသည်။ အမေသည် ဤမျှသာတွေးပြီး သည့်ထက်ဆက်၍ကား မတွေးတော့ချေ။

ပထမတော့ ကျွန်မသည် အမေ၏ အကြံအစည်များကို နားမလည်ခဲ့မိပါပေ။ သို့ရာတွင် နောက်ပိုင်းကျမှ ကျွန်မ သဘောပေါက်လာရသည်မှာ အမေသည် ထိုစိတ်ကူးစိတ်သန်းများဖြင့်ပင် ဆင်းရဲလာရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားအလုပ်သမားတစ်ဦး၏ဇနီး ဖြစ်လာရခြင်း ဖြစ်ပေသည်။ ကျွန်မ ကိုယ်တိုင်သည်ပင်လျှင် သူမ၏အကြံအစည် မအောင်မြင်မှုမှ ဖြစ်ထွန်း ပေါက်ဖွားလာရခြင်း ဖြစ်လေသည်။ အမေသည် ကျွန်မကိုရရှိရန် မလိုလားခဲ့ ချေ။ မမျှော်လင့်ခဲ့ချေ။ ရှင်းရှင်းပြောရလျှင် ကျွန်မကို မတော်တဆ ပဋိသန္ဓေ တည်ခဲ့ရခြင်း ဖြစ်လေသည်။ အမေသည် ကျွန်မ မွေးဖွားလာတော့မည့်အရေး ကို မတားဆီးနိုင်သဖြင့် ကျွန်မ၏ဖခင်နှင့် လက်ထပ်လိုက်ရခြင်း ဖြစ်၏။ ဤအိမ်ထောင်ရေးမှ ပေါ်ပေါက်လာသော အကျိုးတရားများကို ဆက်ခံနေရ ခြင်း ဖြစ်၏။ ကျွန်မကို မမွေးဖွားဖြစ်အောင် တားဆီးနိုင်ခဲ့ဖို့ ကောင်းသည်ဟု အမေက မကြာခဏ ပြောပါသည်။ ကျွန်မကို မွေးဖွားရခြင်းနှင့် စပ်လျဉ်း၍ သူမ အမြဲပြောလေ့ ရှိသည်မှာ–

"နင်ဟာ ငါ့ ဘဝကို ဖျက်ဆီးခဲ့တာပဲ"

ပထမတော့ ယင်းစကားများသည် ကျွန်မကို နာကြည်းထိခိုက်စေပါ သည်။ နောက်တော့လည်း ယင်းစကားရပ်၏ အဓိပ္ပာယ်ကို စေ့စုံစွာ နားလည် လာရတော့သည်။ အမေ့စကား၏ အဓိပ္ပာယ်မှာ 'နင့်ကိုသာ ငါ သံသယဇဉ် မရှိရင် အဲဒီလူကို ငါ မယူခဲ့ဘူး။ အခုလောက်ဆိုရင် ငါဟာ ကားစီးနေနိုင် ပြီ' ဟူ၍ ဖြစ်ပါသည်။ သူမ၏ဘဝကို ဤအတိုင်း ပြန်လည်ရှုမြင်မိသော အခါတွင် အမေသည် သူ့ထက်လှသော သူ့သမီးကို အလားတူ အမှားမျိုး နှင့် အလားတူဘဝမျိုးသို့ မဆိုက်ရောက်စေလိုကြောင်းမှာ ထင်ရှားလှပါသည်။ ယခုအခါတွင် ကျွန်မသည် ဖြစ်ရပ်မှန်များကို စဉ်းစားဝေဖန်လာတတ်ပြီ ဖြစ်ရာ အမေမှားသည်ဟု မပြောနိုင်တော့ပါပေ။ အမေ၏ အယူအဆတွင် အိမ်ထောင်ပြုခြင်းသည် ဆင်းရဲခြင်း၊ ကျေးကျွန်ခံရခြင်းဟုသာ ယူဆ မှတ် ထင် နေတော့၏။

အမေသည် ကျွန်မကို သူ့နည်းနှင့်သူ ချစ်မြတ်နိုးလှသည်ကတော့ အမှန်ပင် ဖြစ်သည်။ ဥပမာဆိုလျှင် ကိုယ်ဟန်ပြအလုပ်များကို ကျွန်မလုပ် ရသည်ဆိုလျှင်ပင် အမေသည် ကျွန်မအတွက် ဂါဝန်သစ်နှစ်စုံ ချုပ်ပေးပါ သည်။ ကျွန်မအနေနှင့်တော့ အပေါ်အင်္ကျီထက် အောက်ခံ အဝတ်အထည် များကို ပို၍လိုချင်သည်။ အဝတ်အစားများကို ချွတ်ရသောအခါတွင် အောက်ခံ အဝတ်များ ညံ့နေသည့်အတွက် ကျွန်မ အများကြီးရှက်မိပါသည်။ သို့ရာတွင် အမေကတော့ အောက်ကဘာဝတ်ထားထား အရေးမကြီး အပြင်ပန်း လှနေ

www.burmeseclassic.com

www.burmeseclassic.com



ဖို့သာလိုသည်ဟုဆိုပါသည်။ အမေသည် အဆင်အသွေးလှသော ဈေးပေါပေါ အစနှစ်စကိုဝယ်၍ ကိုယ်တိုင်ချုပ်ပေးပါသည်။ သို့ရာတွင် အမေသည် ရုပ်အင်္ကျီသာချုပ်တတ်ပြီး ဂါဝန်မချုပ်ဖူးသဖြင့် အချိုးအစား နည်းနည်းမျှ မကျပါချေ။ ဥပမာ– ဂါဝန်ရှေ့ပိုင်းသည် ဟပြဲကြီးဖြစ်နေပြီး ရင်သားများပေါ်နေသဖြင့် ကျွန်မက ချိတ်ထိုးထားရပါသည်။ နောက်တစ်ထည်ကျတော့ အပေါ်အင်္ကျီသည် ကျပ်၍ လက်များတိုလှသည်။ အောက်ဘက်ဂါဝန်ကျတော့ ပွရောင်း၍ ရှေ့ဘက်တွင် အခေါက်ခေါက် အထပ်ထပ်ဖြစ်နေသည်။ သို့ရာတွင် ယင်းအဝတ်များကို ကျွန်မကောင်းသည်ဟု တွက်ထားပါသည်။ သည့်အရင်ကဆိုလျှင် သည့်ထက်ကျပ်၊ သည့်ထက်ကျဉ်း၊ သည့်ထက်တိုသော အဝတ်များကိုဝတ်ခဲ့ရ၍ ဖြစ်သည်။ အမေသည် ပိုးခြေအိတ်ရှည် နှစ်စုံလည်း ဝယ်လာပါသည်။ ယခင်ကဆိုလျှင် ကျွန်မသည် ခြေအိတ်များကိုသာစွပ်ပြီး ခြေသလုံးမှာ ဗလာနတ္ထိ ဖြစ်ခဲ့ရပါသည်။ ဤလက်ဆောင်များကြောင့် ကျွန်မသည် ပျော်ရွှင်ခဲ့ရသည်။ မာန်ရှိခဲ့ရသည်။ ကျွန်မသည် ယင်းအဝတ်များကို တန်ဖိုးထား၍ ဝတ်ခဲ့ပါသည်။

အမေသည် ကျွန်မရှေ့ရေးကို အမြဲတမ်း တွေးတောနေသူဖြစ်သည်။ မကြာခင်မှာပဲ ကျွန်မ၏ ကိုယ်ဟန်ပြမယ်ဘဝကို သူမ မကျေနပ်တော့ပါ။ အမေ၏ အလိုအရဆိုလျှင် ကျွန်မ၏ ဝင်ငွေသည် နည်းပါးလွန်းလှသည်။ ပန်းချီဆရာများနှင့် သူတို့မိတ်ဆွေများသည် ပိုက်ဆံမရှိကြသူများဖြစ်ကြသည့်အလျောက်၊ ယင်းဌာနများတွင် အကျိုးရှိမည့် သိကျွမ်းမှုများ မရနိုင်ပါချေ။ ကျွန်မကို ကချေသည်တစ်ဦးဖြစ်စေရန် အမေသည် ရတ်တရက် စိတ်ကူးရသွားပါသည်။ ကပွဲပိုင်ရှင်တစ်ဦးက သူမထံသို့ ရုပ်အင်္ကျီချုပ်ရန် လာအပ်ရာမှ ဖြစ်သည်။ ကျွန်မက ဘာမျှမတွေးတော မစဉ်းစားဘဲ ခင်ပွန်းကောင်းတစ်ယောက်။ ပြီးတော့ ရင်နှစ်သည်းချာများနှင့် သာယာငြိမ်းချမ်းသော ဘဝတစ်ခုကိုသာ တည်ဆောက်လိုပါသည်။ အမေကတော့ အကြံအစည် ကြီးလှပါသည်။ ကချေသည်လုပ်ငန်းသည် အကျိုးကျေးဇူးမရှိမှန်းကို သိသော်လည်း အမေသည် "ဒီတစ်ဆင့်ကနေ ဟိုတစ်ဆင့်ကို ကူးရမှာပေါ့" ဟူသော သူမ၏ လက်သုံးစကားအတိုင်း ဇာတ်စင်ပေါ်သို့တက်ရောက်ခြင်းမှ လူကြီးလူကောင်းတစ်ယောက်နှင့် အဆက်အသွယ်ရတန်ကောင်းရဲ့ဟု မျှော်လင့်၍ ဖြစ်သည်။

တစ်ခုသောနံနက်တွင် ကျွန်မတို့သည် ကပွဲပိုင်ရှင်နှင့် အဖွဲ့ဝင်များ



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုနေသော ဟိုတယ်သို့ သွားရောက်ကြပါသည်။ ယင်းဟိုတယ်မှာ ဘူတာရုံအနီးမှ ရောမနန်းတော်ဟောင်းကြီးတစ်ခု ဖြစ်သည်။ မွန်းတည့်ချိန် နီးနေပြီဖြစ်သော်လည်း စကြိုများအားလုံးသည် မှောင်လျက်ရှိသည်။ ကျွန်မတို့ စကြိုတစ်ခုပြီးတစ်ခု လျှောက်သွားနေရာမှ နောက်ဆုံးတွင် စန္ဒရားဆရာတစ်ဦး နှင့် ကချေသည်သုံးဦးတို့ ဓာတ်တိုက်နေသော အခန်းတစ်ခုထဲသို့ ရောက်ရှိ သွားကြသည်။ စန္ဒရားသည် ဝိုးဝါးသော မှန်ပြတင်းပေါက်တစ်ခုအနီးရှိ ထောင့် တစ်ထောင့်တွင် ငုတ်စိကလေး ရှိနေသည်။ စန္ဒရားဆရာမှာ အိုမင်းမစွမ်းရှိ နေပြီဖြစ်သော အဘိုးကြီးတစ်ဦးဖြစ်သည်။ ကချေသည်သုံးဦးမှာတော့ ငယ် ရွယ်သူများဖြစ်ကြသည်။ အင်္ကျီများကို ချွတ်ထားပြီး အောက်ပိုင်း ဂါဝန်တိုများ ကိုသာ ဝတ်ထားသည်။ သူတို့၏ ရင်သားများနှင့် လက်မောင်းများသည် ဟာလာဟင်းလင်း ရှိနေကြသည်။ စန္ဒရားဆရာက ခလုတ်များကို နှိပ်လိုက် သောအခါတွင် သူတို့သည် ရှေ့သို့တက်သွားကြသည်။ ခြေထောက်များကို ကန်ကျောက်၊ ကွေ့မြှောက်၊ ကခုန် ဘယ်ညာ လူပ်ယမ်းသည်။ ထို့နောက် ကျောပေး၍ နောက်ပိုင်းများကို နှိုးဆွသည့်အနေဖြင့် လှုပ်ယမ်းလျက်ရှိကြ သည်။ စည်းချက်ကျကျ ခြေဆောင့်ချ၍ ကနေကြသည်ကို ကျွန်မက အသက် မရှူမိဘဲ ကြည့်နေမိသည်။ လှုပ်ရှား၍ သန်စွမ်းသောခြေထောက်များ ရှိသော် လည်း ကျွန်မသည် အကဘက်တွင် ပါရမီမရှိပါချေ။ ကျွန်မသည် ပန်တျာ ကျောင်းတစ်ခုတွင် သူငယ်ချင်းနှစ်ဦးနှင့်အတူ အကသင်တန်းတက်ခဲ့ဖူးသည်။ သူငယ်ချင်းနှစ်ယောက်သည် သင်ခန်းစာ အနည်းငယ်တက်မိသည်ဆိုလျှင်ပင် ဝါရင့်ကချေသည်နှစ်ဦးလို စည်းဝါးကို နားလည်ပြီး ခြေထောက်ကို မြှောက်၍ တင်ပါးကို ဘယ်လို လှုပ်ရှားရမည်ဆိုသည်များကို တတ်သိသွားကြလေသည်။ သို့ရာတွင် ကျွန်မတော့ ခွက်တစ်ဆယ်လေးကြီးဆွဲထားသလို ဒယဥ့်တိုက် နေပါသည်။ ပြီးတော့ ကျွန်မ၏တည်ဆောက်ပုံက အခြား မိန်းကလေးများနှင့် မတူပါချေ။ အထုအထည် ကြီးမား၍ လေးလံလှပါသည်။ ယင်းကြောင့်ပင် ပန်းချီဆရာတစ်ဦးက ကျွန်မကို ပြောပါသည်။ “အက်ဒရီယာနာ၊ မင်းဟာ လွန်ခဲ့တဲ့ရာစုနှစ် လေးခုလောက်က လူဖြစ်ခဲ့ဖို့ ကောင်းတယ်။ အဲဒီခေတ်က မိန်းမတွေကတော့ မင်းလိုပဲ။ အခုခေတ်က သွယ်လျပျော့ပျောင်းဖို့ပဲ။ မင်းနဲ့ ခေတ်နဲ့က တခြားစီဖြစ်နေတယ်” သူ ပြောတာ မှန်ပေသည်။ ကျွန်မသည် ကိုယ်လုံးကိုယ်ထည် သေးသွယ်သောခေတ်နှင့် ဘောင်မဝင်ဘဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အစာရေစာကိုလျှော့ပေါ့၍ စားသောက်လာသော်လည်း ရှေးခေတ်နတ်ဘုရားရုပ်တစ်ခုခုလို ခံ့ခံ့ထွားထွားကြီးဖြစ်နေပါသည်။ ယခု ခေတ်စားနေသော လျင်မြန်သွက်လက်သည့် တေးသွားများကို လိုက်မမီဘဲ ရှိနေပါသည်။

ကပွဲပိုင်ရှင်နှင့် တွေ့ဆုံခြင်းသည် ဘယ်သို့မျှ အကျိုးမထူးဘဲ အဖျားရှူးသွားမည်သာဖြစ်ကြောင်းကို ကျွန်မက သိ၍ အမေ့ကို ပြောပါသေးသည်။ သို့ရာတွင် အမေက ငေါက်ငမ်းပြောဆိုပါသည်။ ကျွန်မသည် ဇာတ်ခုံပေါ်က မိန်းကလေးတွေထက် အများကြီးပို၍လှပြီး ကပွဲပိုင်ရှင်သည် ကျွန်မကိုရရှိခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်လိမ့်မည်ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။ အမေက ယနေ့ခေတ်၏အလှအပကို လုံးဝမသိရှိချေ။ မိန်းမတစ်ယောက်သည် ရင်သား တင်သားကြီးလေ လှလေဟု အောက်မေ့နေလေသည်။

ကပွဲပိုင်ရှင်သည် ဇာတ်တိုက်နေသော အခန်းနှင့် ကပ်လျက် အခန်းမှနေ၍ စောင့်နေသည်။ သူသည် အခန်းထဲမှနေ၍ ဇာတ်တိုက်နေကြသည်ကို ကြည့်နေခဲ့ရသည်။ သူသည် လက်တင်ကုလားထိုင်တစ်လုံးတွင် နံနက်စာစားနေသည်။ သူသည် လူခန့် လူဝကြီးတစ်ယောက်ဖြစ်သည်။ အဝတ်အစားကို ကျနသန့်ပြန့်စွာ ဝတ်ဆင်ထားသည်။ သူက စား၍ သောက်၍ ပြီးသောအခါတွင် ပါးစပ်ကိုသုတ်ရင်း ပြောလေသည်။

"ကဲ မင်း ခြေထောက် ပြစမ်းပါဦး"

"လူကြီးမင်းကို နင့် ခြေထောက် ပြလိုက်"

အမေက စိုးရိမ်တကြီးဖြင့် ထပ်ဆင့်၍ ပြောသည်။ ကိုယ်ဟန်ပြမယ်ဖြစ်ခဲ့ရပြီမို့ ရှက်ကြောက်ခြင်း မရှိတော့ဘဲ ဂါဝန်ကိုမကာ ကျွန်မ ခြေထောက်များကို ပေါ်လွင်အောင် ပြလိုက်ပါသည်။ ကျွန်မ၏ ခြေထောက်များသည် ရှည်လျား၍ ဖြောင့်စင်းပါသည်။ သို့ရာတွင် ဒူးဆစ်သို့ရောက်သောအခါ၌ကား ပေါင်သားများသည် အတုံးလိုက် အတစ်လိုက်ကြီးများ ရှိနေကြပြီး၊ တင်ပါးဆီသို့ ရောက်သောအခါတွင် ပို၍ ပြန့်ပြောကြီးမားသွားပါသည်။ ကပွဲပိုင်ရှင်သည် ကျွန်မကိုကြည့်၍ ခေါင်းခါပါသည်။ ပြီးတော့ မေးသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဩဂုတ်လဆိုရင် ဆယ့်ရှစ်နှစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အမေက ဝင်ဖြေပါသည်။ သူက ခာတ်စက်တင်ထားသော စားပွဲ တစ်လုံးဆီသို့ လျှောက်သွားသည်။ ထို့နောက် ခာတ်ပြားတစ်ချပ်ကို ရွေးချယ်၍ ဖွင့်လိုက်သည်။

"ကဲ ဒီတေးသွားအတိုင်း ကစမ်းပါဦး။ ဂါဝန်ကို မထားနော်"

"သူက အကသင်တန်း နည်းနည်းပဲ တက်ဖူးသေးတယ်"

အမေက ပြောလိုက်၏။ သူမက အခြေအနေ မလှမည်ကို သိပေသည်။

သို့ရာတွင် ကပွဲပိုင်ရှင်ကမူ သူမအား တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး ခာတ်ပြားကို ဆက်ဖွင့်ကာ ကျွန်မကိုကရန် အချက်ပေးလိုက်သည်။ တကယ်ပင် ကျွန်မသည် ခြေထောက်များကို နှေးကွေးလေးလံစွာသာ မနိုင်ပါသည်။ စည်းချက်ကို လိုက်၍ မမီပါ။ သူက ခာတ်စက်အနီးတွင်ရပ်ကာ စားပွဲပေါ် တံတောင်ထောက်၍ ကျွန်မကို ကြည့်နေသည်။ သူက ခာတ်စက်ကို ရုတ်တရက်ပိတ်လိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် ပြန်ထိုင်လိုက်သည်။

"ဘယ့်နှယ်လဲ ဖြစ်မယ် မဟုတ်လား"

အမေက စိုးရိမ်တကြီး မေးပါသည်။

"မဖြစ်ဘူး"

သူက အမေ့ကို မကြည့်ဘဲ အိတ်ထဲသို့ စီးကရက်ဘူး နှိုက်စမ်းရင်း ပြန်ဖြေလိုက်သည်။ အမေက ကက်ကက်လန် ရန်တွေ့တော့မည့်ဟန် ရှိနေ၍ ကျွန်မက သူ့လက်မောင်းကို ဆွဲ၍ခေါ်ပါသည်။ သို့ရာတွင် သူမက ရုန်းလိုက်ပြီး အသံကျယ်ကျယ်ဖြင့် မေးလေသည်။

"မဖြစ်ဘူး ဟုတ်လား။ ဘာဖြစ်လို့လဲ"

ကပွဲပိုင်ရှင်သည် စီးကရက်ဘူးကို ရရှိသွားပြီဖြစ်၍ ယခုအခါ မီးခြစ်ကို စမ်းနေပြန်သည်။

"မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမကတတ်ဘူး။ ပြီးတော့ သူ့ကိုယ်ခန္ဓာ အချိုးအစားကလည်း အလုပ်နဲ့ မလိုက်ဘူး"

သူက တည်ငြိမ်စွာဖြင့် ပြန်ပြောသည်။

ကျွန်မစိုးရိမ်သည့် အတိုင်းပင် အမေသည် အသံကုန် အော်လျက်ရှိလေသည်။ ကျွန်မ တကယ်လှကြောင်း၊ ကျွန်မမျက်နှာသည် မယ်တော်

www.burmeseclassic.com

www.burmeseclassic.com



မာရီနှင့် တူကြောင်း၊ ကျွန်မ၏ ရင်များ၊ တင်များနှင့် ခြေထောက်များအား ကြည့်စေလိုကြောင်းတို့ကို ရန်တွေ့သလို ပြောနေ၏။ သူက မလှုပ်မရှား ရှိနေသည်။ စီးကရက်ကို မီးညှိ၍ ဖွာသောက်ရင်း အမေ၏ စကားဆုံးသည့် အချိန်ကို စောင့်စားနေသည်။

"နောက် တစ်နှစ် နှစ်နှစ်လောက်ဆိုရင် ခင်ဗျားသမီးဟာ နို့ထိန်း ကောင်းတစ်ယောက် ဖြစ်နိုင်တယ်။ ဒါပေမဲ့ ကချေသည်တစ်ယောက်တော့ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

အမေသည် သူနှင့် သူ၏ကချေသည်များကို ပုတ်ခတ်ပြောဆိုပြီးနောက် သူမထံ အင်္ကျီချုပ်ရန် အပ်ထားသောပိုးစကို သူ့ထံ ပစ်ပေးလိုက်ပြီး "ရော့၊ တော့်အစတွေ တော်ပြန်ယူ။ တော်ကြိုက်တဲ့လူကို ချုပ်ခိုင်း။ တော့် ကချေသည်တွေကို ချုပ်ခိုင်း။ ကျုပ်ကတော့ ကမ္ဘာပေါ်မှာရှိသရွေ့ ရွှေငွေတွေကို ပုံပေးဦး လက်ဖျားနဲ့မှ မတို့တော့ဘူး"

ကပွဲပိုင်ရှင်သည် မမျှော်လင့်သော နိဂုံးချုပ်ကြောင့် ငေးကြောင်၍ ရပ်နေသည်။ ကျွန်မက အမေ၏ အင်္ကျီလက်မှဆွဲခေါ်ရင်း ရှက်လွန်း၍ ငိုမိတော့မတတ် ရှိနေမိပါသည်။ နောက်ဆုံးတွင် အမေသည် လက်လျှော့လိုက်ပြီး အခန်းထဲမှ ထွက်လာပါတော့သည်။

နောက်နေ့တွင် ကျွန်မက ယင်းအဖြစ်အပျက်များအားလုံးကို ပန်းချီဆရာအား ပြန်၍ပြောပြမိပါသည်။ ယခုအခါတွင် သူသည်ကျွန်မ၏ ယုံကြည်ရသူတစ်ဦး ဖြစ်နေချေပေပြီ။ ကပွဲပိုင်ရှင်က ကျွန်မအား နို့ထိန်းလုပ်ရန်ပြောသည့်အကြောင်းကို ကြားသိရသောအခါတွင် သူက ဟက်ဟက်ပက်ပက်ကြီး ရယ်မောပြီးနောက်–

"ကိုယ် မပြောဘူးလား အက်ဒရိယာနာ။ မင်းဟာ ဒီခေတ်မှာ လူဖြစ်လာဖို့မကောင်းဘူး။ လွန်ခဲ့တဲ့ ရာစုနှစ်လေးခုလောက်က လူဖြစ်ဖို့ကောင်းတယ်။ ကပွဲပိုင်ရှင်ပြောတာဟာ သူ့နေရာကနေ သူကြည့်ရင် မှန်တယ်။ ပရိသတ်တွေက တင်သေးသေး၊ ရင်သေးသေးနဲ့ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျကလေးတွေကိုသာ ကြည့်ချင်တာ။ မင်းက တင်တွေ ရင်တွေ ကြီးလွန်းနေတယ်။ ဒါ့အတွက် မင်းက ဘာတတ်နိုင်ဦးမှာလဲ။ မင်းဟာ တို့လိုချင်တဲ့ အမျိုးသမီးတစ်ယောက်မျိုးပဲ။ ဒီတော့ ကိုယ်ဟာပြမယ်သာ ဆက်လုပ်ပါကွယ်။ နောင်တစ်နေ့ အိမ်ထောင်ပြုတဲ့အခါကျတော့ မင်းလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးပြီး ကျက်သရေရှိတဲ့မျက်နှာနဲ့ ကလေးလေးတွေ ရမှာပေါ့"

"ကျွန်မအနေနဲ့ လိုလားတောင့်တတာကလဲ ဒါပါပဲရှင်"

"ကောင်းတယ်။ အခုတော့ ဟိုဘက်နည်းနည်းကလေး စောင်းလိုက် စမ်းပါဦး။ အဲ ဒီလို ဒီလို"

ပန်းချီဆရာသည် ကျွန်မကို အတော်ကလေး ချစ်ခင်ပါသည်။ အကယ်၍သာ သူသည် ရောမမြို့တွင် ဆက်လက်နေထိုင်ခဲ့လျှင် ကျွန်မကို မဖြစ်တန်တာတွေ မဖြစ်ရအောင် ညွှန်ပြပြောဆိုလိမ့်မည်။ ယခုတော့ သူသည် ရောမမြို့တွင် လုပ်ငန်းကိုင်ငန်း အဆင်မပြေသဖြင့် 'မီလန်' မြို့သို့ အပြီးအပိုင် ပြောင်းသွားလေသည်။ ကျွန်မကတော့ သူ အကြံပေးသည့် အတိုင်းပင် ကိုယ်ဟန်ပြမယ်အဖြစ် ဆက်လက် လုပ်ကိုင်ပါသည်။ သို့ရာတွင် အခြား ပန်းချီဆရာများသည် သူ့လို ကြင်နာသနားတတ်မှု၊ ချစ်ခင်မြတ်နိုးတတ်မှု များ မရှိကြသဖြင့် ကျွန်မက သူတို့အား ကျွန်မဘဝကို ပြောမပြလိုပါချေ။ ပြီးတော့ ထိုအခါက ကျွန်မ၏ဘဝသည် စိတ်ကူးယဉ်မှု၊ မျှော်လင့်မှုတို့တွင် သာရှိနေပြီး လက်တွေ့မှုကား ဘာတစ်ခုမျှ မည်မည်ရရ မဖြစ်ပျက်ပါသေး ချေ။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ဤသို့ဖြင့် ကျွန်မသည် ဆက်လက်၍ ကိုယ်ဟန်ပြမယ် အဖြစ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေပါသည်။ အမေကတော့ ပိုက်ဆံအရ နည်းသည်ဟု ညည်းညူလျက် ရှိသည်။ ပြီးတော့ အမြဲတမ်းလိုပင် သဘောဆိုးလျက် ရှိလေသည်။ ထုတ်မပြောသော်လည်း ကျွန်မကြောင့်ပင် ဖြစ်ပါသည်။ ကျွန်မ၏ အလှသည် မမှန်းဆနိုင်သော အောင်မြင်မှုနှင့် စည်းစိမ်ဥစ္စာကို ရရှိနိုင်သည်ဟု သူမ တွက်ချက်ထားကြောင်းကို ကျွန်မ ပြောခဲ့ပြီး ဖြစ်ပါသည်။ ကိုယ်ဟန်ပြမယ် ဘဝသည် ပထမ အဆင့်သာ ဖြစ်ရမည်။ သည့်နောက်တွင်ကား သူမ ပြောသလို ဒီတစ်ဆင့်မှ နေ၍ ဟိုတစ်ဆင့်သို့ ကူးပြောင်းရပေမည်။ သို့ရာတွင် ကျွန်မသည် ကိုယ်ဟန်ပြမယ်တစ်ဦး ဘဝမှ ဘာမျှ ပိုမိုထူးခြား၍ မလာသောအခါတွင်ကား သူမသည် ကျွန်မကို အနှောင့်အယှက် ဖြစ်စေတော့သည်။ စိတ်ဒုက္ခ ရောက်စေတော့သည်။ ကျွန်မ၏ မျှော်မှန်းချက်မကြီးမားမှုသည် သူမ၏အကျိုးကျေးဇူးရပိုင်ခွင့်များကို လိမ်လည်လှည့်ဖြားနေသကဲ့သို့ ဖြစ်သည်။ သို့ရာတွင် အမေသည် ဤအကြောင်းများကို ပါးစပ်ကတော့ ဘယ်တော့မှ ဖွင့်၍မပြောပါချေ။ သို့ရာတွင် စောင်းပါးရိပ်ခြည်များကား ပြနေပါသည်။ သူမ၏ ကြမ်းတမ်းခက်ထန်ခြင်း၊ သက်ပြင်းတချချ ရှိခြင်းနှင့် အခြား ထင်လင်းသော အရိပ်အမြွက်များက ပြဆိုနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ မဆုံးနိုင်သော အကျပ်ကိုင်ခြင်းတစ်ရပ်ပင် ဖြစ်တော့သည်။ သည်တော့မှ ကျွန်မ နားလည်မိသည်မှာ ဤလို အခြေအနေ အကျပ်အတည်းမျိုးကို ကြုံတွေ့နေရသော မိန်းကလေးများသည် ဤဒုက္ခမှ လောလောဆယ်ကင်းဝေးလျှင် တော်ပြီဟုယူဆကာ အိမ်မှထွက်ပြေးကြပြီး၊ ပထမဆုံးတွေ့သော လူတစ်ယောက်လက်သို့ သူတို့၏ကိုယ်ကို အပ်လိုက်ကြခြင်းပင် ဖြစ်ပေမည်။ အမှန်အားဖြင့်တော့ အမေသည် ဤသို့ပြုမူနေခြင်းမှာ ကျွန်မကိုချစ်၍ပင် ဖြစ်ပါသည်။ သို့ရာတွင် သူမ၏အချစ်သည် အိမ်ရှင်မတစ်ဦးက ဉကြက်မတစ်ကောင်ကို ချစ်သလိုမျိုးပင် ဖြစ်ပါသည်။ သူမ၏ကြက်မ အဥရပ်သွားသောအခါ လက်ထဲတွင်ကိုင်ဆွဲ၍ လည်ပင်းကို လိမ်ချိုးပစ်လိုက်ခြင်းမှတစ်ပါး အခြား ကောင်းသောအလုပ် မရှိနိုင်တော့ဟု ယူဆသလိုမျိုးပင် ဖြစ်ပေသည်။

ကျွန်မတို့သည် ငယ်ရွယ်စဉ်ကာလတွင် အဘယ်မျှ အောင့်အည်းသည်းခံတတ်၍ အဘယ်မျှ မသိကျိုးကျွန် ပြုတတ်သည်မှာ အံ့သြဖွယ်ရာပင် ဖြစ်ပါသည်။ ကျွန်မသည် ထိုစဉ်က အင်မတန်ဆိုးဝါးသော ဘဝတစ်ခုကို ရန်းကန် တိုက်ခိုက်နေရသော်လည်း အမှုမထားမိပါ။ ကျွန်မသည် ပျင်းစရာငြီးငွေ့စရာ ကောင်းလောက်အောင် အကြာကြီးထိုင်၍ ကိုယ်ဟန်ပြရသည်မှ ရသမျှ ပိုက်ဆံအားလုံးကို အမေ့အား အကုန်ပြန်ပေးလေ့ရှိပါသည်။ ကျွန်မသည် ကိုယ်ဟန်မပြရသော အခါများ၌ အပ်ချုပ်စက်တွင် တကုန်းကုန်းဖြင့် အမေ့အား ကူညီလုပ်ကိုင်ပေးပါသည်။ ညဥ့်နက်သန်းခေါင်အထိ စက်ချုပ်ပါသည်။ မနက်တွင်လည်း အစောကြီးထပါသည်။ အကြောင်းမူ ကျွန်မတို့နေရာနှင့် ပန်းချီဆရာတို့၏ အလုပ်ရုံများသည် အတော်ကလေး အလှမ်းဝေးသောကြောင့်ဖြစ်၏။ ပြီးတော့ ကိုယ်ဟန်ပြခြင်း အလုပ်သည်လည်း မနက်စောစောစီးစီး စတတ်သောကြောင့် ဖြစ်၏။ သို့ရာတွင် ကျွန်မသည် အလုပ်မဆင်းခင်မှာလည်း အမေ့ကို ကူညီသည့်အနေဖြင့် အခန်းကို လှည်းကျင်းသုတ်သင်ပေးပါသည်။ ကျွန်မသည် တကယ်ပင် မောရမှန်း ပန်းရမှန်းမသိလိုက်နာခြင်း သည်းခံခြင်းအပြည့်ရှိ၏။ ပြီးတော့ ကျွန်မသည် အစဉ်ကြည်လင်သည်။ ရွှင်ပျသည်။ စိတ်မှန်သည်။ မနာလိုဝန်တိုခြင်းနှင့် မုန်းတီးခြင်းဆိုသည်များသည် ကျွန်မ၏ နှလုံးသားတွင် ကိန်းအောင်းခြင်း လုံးဝ မရှိပါ

www.burmeseclassic.com

www.burmeseclassic.com



ပေ။ တကယ်တော့ ကျွန်မသည် သိမ်မွေ့နူးညံ့လှပါသည်။ ငယ်ရွယ်ပျိုမျစ်ခြင်းမှ အလိုလိုဖူးပွင့်လာခြင်းပင် ဖြစ်ပါသည်။ ထိုမျှသာမက ကျွန်မတို့အခန်း၏ အနိဋ္ဌာရုံများကိုလည်း သတိပြုမိခြင်း မရှိပါပေ။

ကျွန်မတို့သည် ပရိဘောဂမရှိသော အခန်းကျယ်ကြီးတစ်ခုကို အလုပ်ခန်းအဖြစ် အသုံးပြုပါသည်။ အခန်း၏တစ်ဖက်တွင် စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်တွင် အမြဲတမ်းလိုပင် ဖြုတ်စဖြင်းတောင်းများဖြင့် ပြည့်နှက်လျက်ရှိသည်။ မည်းမှောင်၍ အင်္ဂတေများကွာနေသော နံရံ၏ သံချောင်းများတွင်လည်း တွေ့ကရာရှစ်သောင်းများ ချိတ်ဆွဲထားလျက်ရှိလေသည်။ ထို့နောက် အိပ်ခန်းတစ်ခုရှိပါသည်။ ကျွန်မသည် အမေနှင့်အတူ နှစ်ယောက်အိပ် ခုတင်ပေါ်တွင် အိပ်ပါသည်။ ခုတင်တည့်တည့်ပေါ်ရှိ မျက်နှာကြက်တွင် ဧရာမအမည်းကွက်ကြီးတစ်ခု ရှိပါသည်။ မိုးသည်းသည်း ရွာသောအခါတွင် ကျွန်မတို့အပေါ်သို့ မိုးပေါက်များ ယိုစိမ့်၍ ကျတတ်ပါသည်။ ထို့နောက် အိုးခွက်ပန်းကန် ခွက်ယောက်တို့ဖြင့် ရှုပ်ယှက်ခတ်ပြွတ်သိပ်နေသော မီးဖိုခန်းကျဉ်းကျဉ်း မှောင်မှောင်ကလေးတစ်ခု ရှိပါသည်။ ကျွန်မတို့၏ဘဝ အဘယ်မျှနိမ့်ကျ ဆိုးရွားနေရသည်ကို ကျွန်မက သတိမထားမိပါ။

ကျွန်မ မျှော်လင့်တောင့်တထားသော သာယာစိုပြည်သည့် မိသားစုတစ်စုဘဝကို တစ်နေ့တွင်ရရှိလိမ့်မည်ဟု ထင်မြင်ယူဆထားပါသည်။ ကျွန်မသည် မနက်တိုင်း မနက်တိုင်းပင် ဓာတ်ရထားကို အိမ်နှင့် မလှမ်းမကမ်းရှိ ကွက်လပ်တစ်ခုမှ စောင့်၍စီးရပါသည်။ ထိုနေရာတစ်ဝိုက်ရှိ မကြာမီကမှ ဆောက်လုပ်ပြီးစီးသော အဆောက်အအုံများအနက် မြို့ရိုးကို ကျောပေး၍ထားသော ကားဂိုဒေါင် နိမ့်နိမ့်ရှည်ရှည်ကလေးတစ်ခုကို ကျွန်မ သတိထားမိပါသည်။ ကျွန်မ ဓာတ်ရထားစောင့်နေသည့်အချိန်တွင် ယင်းကားဂိုဒေါင်တွင် လူရွယ်တစ်ဦးသည် ကားကို ဆေးကြောပွတ်တိုက်နေရင်းဖြင့် ကျွန်မကို ငေးမော၍ကြည့်နေတတ်ပါသည်။ သူ့မျက်နှာသည် ဝါဖန့်ဖန့် သေးသွယ်သွယ်ဖြစ်၏။ နှာတံ ဖြောင့်ဖြောင့်သေးသေး၊ မျက်လုံး ညိုညိုမည်းမည်း၊ ပြီးတော့ လှပသောပါးစပ်နှင့် ဖြူဖွေးသောသွားတို့ရှိကြ၏။ သူသည် ထိုစဉ်ကခေတ်စားနေသော အမေရိကန်ရုပ်ရှင်မင်းသားတစ်ယောက်နှင့် အတော်ကြီးကို တူလေသည်။ ယင်းကြောင့်ပင် ကျွန်မကသူ့ကို အမှတ်ထားမိခြင်းဖြစ်သည်။ နောက်ပြီးတော့ သူသည် အဝတ်ကောင်းကောင်းမွန်မွန်များကို ဝတ်ဆင်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ် လူရည်သန့်တစ်ဦးအသွင် ရှိသဖြင့်လည်း ကျွန်မကသူ့ကို အထင်တစ်မျိုးရှိကာ စိတ်ဝင်စားခဲ့ခြင်းဖြစ်ပါသည်။ ထိုကားသည် သူ့ကားပင်ဖြစ်ပြီး သူသည် အမေ ပြောပြနေသော လူကြီးလူကောင်းဆိုသည်မျိုးပင် ဖြစ်မည်ဟု ကျွန်မက မှတ်ထင်ခဲ့ပါသည်။ ကျွန်မ သူ့ကို သဘောကျမိပါသည်။ သို့ရာတွင် သူ့ကို မြင်နေရစဉ်တွင်သာဖြစ်ပြီး လမ်းကျတော့ သူ့ကို မေ့သွားပါသည်။ သို့ရာတွင် ကျွန်မကသာ မသိသည်၊ သူ၏ ရုပ်ရည်ရူပကာ တစ်ခုတည်းကပင် ကျွန်မအား ဖမ်းစားခဲ့ပြီဖြစ်ပါသည်။ တစ်မနက်တွင် ကျွန်မသည် ဓာတ်ရထားစောင့်နေစဉ် တစ်စုံတစ်ယောက်က အသံပြုနေသည်ကိုကြားရသဖြင့် လှည့်ကြည့်လိုက်တော့ သူ့ကို တွေ့ရသည်။ သူက ကားပေါ်မှနေ၍ ကျွန်မကို ခေါင်းညိတ်၍ ခေါ်နေပါသည်။ ကျွန်မက အနည်းငယ်မျှ ဆုတ်ဆိုင်းမနေဘဲ မစဉ်းမစား နာခံလွယ်သူတစ်ဦးပမာ သူ့ထံသို့ လျှောက်သွားနေမိပါသည်။ ယင်းအဖြစ်မှာ ကျွန်မကိုယ် ကျွန်မလည်း အံ့သြစေပါသည်။ သူက ကားတံခါးကို ဖွင့်ပေး၍ ကျွန်မက ဝင်လိုက်စဉ်တွင် ကားတံခါးပေါ်မှ သူ့လက်ကြမ်းကြမ်းမည်းမည်းနှင့် လက်သည်းကွဲကွဲများကို တွေ့ရသည်။ အလုပ်သမားတစ်ယောက်၏လက်မျိုးပင် ဖြစ်သည်။ သို့ရာတွင် ကျွန်မက ဘာမျှမပြောဘဲ အထဲသို့ရောက်အောင် ဝင်လိုက်သည်။

"ဘယ်ကို လိုက်ပို့ရမလဲ"

သူက ကားတံခါးကိုပိတ်ရင်း မေးသည်။ ကျွန်မက ပန်းချီအလုပ်ရုံလိပ်စာကို ပြောလိုက်သည်။ သူ့တွင် ချို့ယွင်းချက်တစ်ခုခုရှိနေမှန်း သိသော်လည်း သူသည် နှစ်သက်ဖွယ်ရာကောင်းသည်ဟု ကျွန်မက မှတ်ထင်လိုက်ပါသည်။

"စောပါသေးတယ်လေ။ ကားတစ်ပတ်လောက် လျှောက်စီးကြရအောင်လား။ ပြီးတော့မှ မင်းသွားချင်တဲ့နေရာကို ကိုယ်လိုက်ပို့ပေးပါ့မယ်"

မြို့ရိုးဘေးမှလမ်းကလေးအတိုင်း ကျွန်မတို့သည် ထွက်ခွာခဲ့ကြပါသည်။ ထို့နောက် လမ်းမကြီးတစ်ခုအတိုင်း မောင်းနှင်၍သွားကြရာ တစ်ဖက်တစ်ချက်တွင် ကုန်လှောင်ရုံများနှင့် တဲကုတ်ကလေးများကို တွေ့ရသည်။ ယင်းသို့ဖြင့် ကျွန်မတို့သည် မြို့ပြင်သို့ရောက်ခဲ့ကြတော့သည်။ သည့်နောက်တွင်ကား သူသည် ထန်းငှက်ပျောပင်များအကြားရှိ လမ်းကလေးအတိုင်း ကားကို တရကြမ်းမောင်းလျက် သွားနေတော့၏။ သူက ကျွန်မကို လှည့်မ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဘဲ မကြာခဏ ပြောနေသည်။

"အခုမောင်းနေတာ တစ်နာရီ မိုင် ၅၀ ဟော ၅၅၊ ၆၀၊ ၇၅"

သူကကျွန်မကို ကားပြေးနေသော အမြန်နှုန်းတွင် အာရုံနစ်မြုပ်နေစေလိုပါသည်။ သို့ရာတွင် ကျွန်မက အလုပ်ဆင်းရန်အရေးကို တွေးတောပူပန်နေမိ၏။ မြို့အပြင်ဘက်တွင် ကားတစ်ခုခုဖြစ်သွားမည်ကို ကြောက်လန့်နေမိ၏။ သူက ရုတ်တရက် ဘရိတ်အုပ်လိုက်သည်။ ကားစက်သတ်လိုက်သည်။ ပြီးတော့ ကျွန်မဘက် လှည့်၍ –

"အသက် ဘယ့်လောက် ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်"

"ဆယ့်ရှစ်နှစ် ဟုတ်လား။ ကိုယ်က ဒါ့ထက်ကြီးလိမ့်မယ်လို့ ထင်နေတာ။ ဒါနဲ့ မင်း နာမည်ကကော"

"အက်ဒရီယာနာ။ ရှင့် နာမည်ကကော"

"ဂျီနို"

"ရှင် ဘာလုပ်သလဲ"

ကျွန်မက မေးလိုက်ပါသည်။

"စီးပွားရေးလုပ်ငန်း တစ်ခုပေါ့"

"ဒါ ရှင့်ကားလား"

သူက ကားကို ရွံရှာစက်ဆုပ်ဟန်ဖြင့် ကြည့်လိုက်သည်။

"ဟုတ်တယ်"

"ရှင် ပြောတာ ကျွန်မ မယုံဘူး"

ကျွန်မက ပွင့်လင်းစွာပင် ပြောလိုက်သည်။

"ကိုယ် ပြောတာကို မယုံဘူး။ ဟုတ်လား ကဲ ကဲ ကဲ ဆိုစမ်းပါဦး ဘာပြုလို့လဲ"

သူက အံ့အားသင့်ဟန် လှောင်ပြောင်သံဖြင့် မေးလေသည်။

"ရှင်ဟာ ဒရိုင်ဘာတစ်ယောက်ပဲ"

သူက တကယ်ပင် အံ့အားသင့်သွားပါတော့သည်။

"ဘုရားရေ၊ မင်း ဘယ်လိုဟာတွေများ ပြောနေတာလဲ။ စဉ်းစားပါဦး။ ကိုယ့်ကို ဘာပြုလို့ ဒရိုင်ဘာလို့ ထင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လက်တွေကို ကြည့်ပြီးတော့ပေါ့"

သူသည် မျက်နှာပျက်ခြင်း၊ ရှက်ခြင်းမရှိဘဲ သူ့လက်များကို ကြည့်လိုက်သည်။

"အင်း အမျိုးသမီးတစ်ယောက်ကို လိမ်လို့မရဘူးပေါ့၊ ဟုတ်တယ်။ ကိုယ်ဟာ ဒရိုင်ဘာတစ်ယောက်ပဲ။ ကဲ ဟုတ်ပြီလား"

"မဟုတ်ဘူး။ ကျွန်မကို အခုချက်ချင်း မြို့ထဲကိုပြန်ပို့ပါ"

"ဘာလို့လဲ။ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်တယ်ပြောခဲ့လို့ စိတ်ဆိုးနေပြီလား"

ထိုအချိန်က ကျွန်မသည် သူ့ကို တကယ်ပဲစိတ်ဆိုးနေပါသည်။ ဘာ့ကြောင့်မှန်းတော့မသိ။ စိတ်မဆိုးဘဲ မနေနိုင်လို့ပင် ဖြစ်ပါသည်။

"ဒါတွေကို ထပ်ပြောမနေပါနဲ့တော့။ ကျွန်မကို ပြန်ပို့ပါ"

"ကိုယ်ကနောက်တာပါ။ မနောက်ရဘူးလား"

"အဲဒီလိုမျိုးနောက်တာကို ကျွန်မ မကြိုက်ဘူး"

"ဘုရားရေ၊ ဘယ်လို မိန်းကလေးပါလိမ့်။ ကိုယ်က ဒီလို စဉ်းစားမိလို့ပါ။ ဒီအမျိုးသမီးကလေးဟာ ရွှေမင်းသမီး ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒီတော့ သူဟာကိုယ့်ကို အင်မတန်ဆင်းရဲ နွမ်းပါးတဲ့ ဒရိုင်ဘာတစ်ယောက်မှန်းသိသွားရင် လှည့်တောင်ကြည့်တော့မှာ မဟုတ်တော့ဘူးဆိုပြီး စီးပွားရေးလုပ်ငန်းတစ်ခုလုပ်တယ်လို့ ပြောမိတာပါ"

သူ့စကားတွေက ပျားသကာပေတည်း။ ကျွန်မကို အထက်ဘဝင်ရောက်အောင် ပင့်ထားသည်။ တစ်ချိန်တည်းမှာပင် ကျွန်မနှင့် ပတ်သက်သော သူ့သဘောထား သူ့ခံစားချက်များကို ဖွင့်ပြထားသည်။ အောင်မြင်ပေသည်။

"ကျွန်မဟာ ရွှေမင်းသမီးကလေး မဟုတ်ပါဘူး။ ထမင်း တစ်လုတ်စားရဖို့အတွက် ရှင်က ဒရိုင်ဘာလုပ်ရသလို ကျွန်မက ကိုယ်ဟန်ပြမယ်လုပ်ရပါတယ်"

"ကိုယ်ဟန်ပြမယ်ဆိုတာ ဘာလဲ"

"ပန်းချီဆရာတွေဆီသွား၊ အဝတ်တွေချွတ်ပြီး ကျွန်မ ကိုယ်ကိုပြရပါတယ်။ သူတို့က ကျွန်မကိုကြည့်ပြီး ပန်းချီဆွဲပါတယ်"

"မင့်းမှာ အမေ မရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့။ ဘာပြုလို့လဲ"

"ဒါနဲ့များ မင်းအမေက မင်းကို ယောကျ်ားတွေရှေ့မှာ ဝတ်လစ်စလစ် နေခွင့်ပြုရသလား"

ကျွန်မ၏လုပ်ငန်းနှင့်ပတ်သက်၍ ရှက်သင့်သည်ဟု ကျွန်မက တစ်ခါမျှ မစဉ်းစားမိခဲ့ပါ။ တကယ်လည်း မရှက်သင့်ပါ။ သို့ရာတွင် သူက အရှက်အကြောက်ရှိသင့်သည်ဟု ယူဆသည့်အတွက်တော့ ဝမ်းမြောက်မိပါသည်။ ယင်းအယူအဆက သူ၏လေးနက်သော ကိုယ်ကျင့်တရားခံယူချက်ကို ပြနေပေသည်။ ကျွန်မသည် ကြည်ရွှင်ချမ်းမြေ့သော အိမ်ထောင်တစ်ခုကို တည်ဆောက်လိုကြောင်း ပြောခဲ့ပြီးဖြစ်ပါသည်။ သူသည် အင်မတန် ပါးနပ်လိမ္မာသူတစ်ဦးဖြစ်ပြီး၊ ဘယ်စကားကိုပြောသင့်၍ ဘယ်စကားကို မပြောသင့်ကြောင်း သိသူတစ်ဦး ဖြစ်ပါသည်။ အခြား ယောကျ်ားတစ်ယောက်ဆိုလျှင် ကျွန်မ၏ အဝတ်အစားများချွတ်ရခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ရယ်ကောင်းရယ်ပေမည်။ သို့မဟုတ် မသိမ်မွေ့သော စိတ်လှုပ်ရှားမှုကိုပြပေမည်။ သို့ဖြင့် သူလိမ်တတ်ပါကလားဟူသော ကျွန်မ၏ ပထမထင်မြင်ချက်သည် ပြောင်းလဲသွားပြီး၊ သူသည်ရိုးသား၍ သင့်တင့်လျောက်ပတ်သူတစ်ဦးဟု ယူဆမိပါတော့သည်။ ကျွန်မ၏ စိတ်ကူးယဉ်အိပ်မက်ထဲမှ ခင်ပွန်းသည်ပင် ဖြစ်ပါတော့သည်။

"ဒီအလုပ်ကို အမေကိုယ်တိုင် ရှာပေးတာပဲ"

ကျွန်မက ရိုးသားစွာပင် ဖြေလိုက်ပါသည်။

"ဒီလိုဆိုရင် သူဟာ မင်းကိုမချစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့"

"ဟင့်အင်း မဟုတ်ဘူး။ သူ ကျွန်မကို ချစ်တယ်။ ဒါပေမဲ့ သူလဲ အိမ်ထောင်မကျခင်တုန်းက ကိုယ်ဟန်ပြမယ်တစ်ယောက်ပဲ။ ဒီအလုပ်ဟာ ဘာမှမဆိုးပါဘူး။ ဒီအလုပ်မျိုးလုပ်တဲ့ မိန်းကလေးတွေ အများကြီးရှိပြီး သူတို့ဟာ မိန်းမကောင်းကလေးတွေပါပဲ"

သူက သဘောမပေါက်သည့်အနေဖြင့် ခေါင်းယမ်းလိုက်သည်။ ထို့နောက် ကျွန်မလက်ပေါ်သို့ သူ့လက်တစ်ဖက်ကိုတင်၍ ပြောပါသည်။

"မင်းကို တွေ့ရတာ ကိုယ် သိပ်ဝမ်းသာတယ်။ တကယ်ပဲ ဝမ်းသာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲ အတူတူပါပဲ"

ကျွန်မကလည်း ရိုးရိုးသားသားပင် ပြန်၍ ပြောမိပါသည်။ ယင်းအခိုက်ကဆိုလျှင် ကျွန်မသည် သူ့အပေါ် ယိမ်းညွတ်သွားမိပြီး၊ ကျွန်မအား နမ်းပါစေဟုပင် မျှော်လင့်မိပါသည်။ အကယ်၍များ သူက တကယ်နမ်းခဲ့လျှင် ကျွန်မက ငြင်းဆန်မိမည် မဟုတ်ချေ။ သို့ရာတွင် သူကမနမ်းဘဲ စိတ်အားထက်သန်စွာ ပြောလေသည်။

"ကိုယ့်မှာ ပြောခွင့်ရှိတယ်ဆိုရင်တော့ ပြောချင်တယ်။ မင်းဟာ ကိုယ်ဟန်ပြမယ်တစ်ယောက် မဖြစ်သင့်ပါဘူးကွယ်။ မင်းလို မိန်းကလေးတစ်ယောက်ဟာ အိမ်မှာပဲနေသင့်တယ်။ အလုပ်လုပ်ချင်တယ်ဆိုရင်လည်း သင့်တင့်တဲ့ အလုပ်တစ်ခုပဲ လုပ်သင့်တယ်။ ကိုယ့်ဂုဏ်သိက္ခာ ထိခိုက်မယ့် အလုပ်မျိုးတော့ မလုပ်သင့်ဘူး။ မင်းလို မိန်းကလေးတစ်ယောက်ဟာ အိမ်ထောင်ပြုပြီး ကိုယ့်အိုးကိုယ့်အိမ်ကလေးနဲ့ နေသင့်တယ်။ ကိုယ့်ခင်ပွန်းနဲ့၊ ကိုယ့်ကလေးတွေနဲ့ ပျော်ပျော်ပါးပါးနေသင့်တယ်"

သူပြောသည်များမှာ ကျွန်မ စိတ်ကူး တွေးတောထားသည့်အတိုင်းပင် ဖြစ်ပါသည်။ သူသည် ကျွန်မလိုပင် စိတ်ကူးစိတ်သန်းရှိကြောင်း သိရ၍ အဘယ်မျှ ဝမ်းသာသည်ကိုပင် ပြောမပြနိုင်အောင် ဖြစ်သည်။

"ရှင်ပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ အမေ့ကိုတော့ ရှင် မကောင်းမထင်သင့်ဘူး။ သူဟာ ကျွန်မကိုချစ်လို့ ကိုယ်ဟန်ပြမယ် လုပ်ခိုင်းတာပဲ"

"ဘယ်သူကမှ မင်းအမေကို မကောင်းမထင်ပါဘူး"

"ဟုတ်တယ်၊ အမေဟာ ကျွန်မကို ချစ်တယ်။ ဒါပေမဲ့ သူသဘောမပေါက်တာတွေတော့ အများကြီးရှိတယ်ပေါ့"

ကျွန်မတို့သည် အလုံပိတ်ထားသော ကားထဲတွင် ထိုင်၍ စကားဆက်ပြောနေကြပါသည်။ မေလတွင် ဖြစ်၍ လေသည် ဖြည်းဖြည်းညင်းညင်း ရှိသည်။ ထန်းငှက်ပျောရိပ်များသည် မြေအပြင်ပေါ်တွင် မျက်စိတစ်ဆုံး ယိမ်းကစားလျက် ရှိကြသည်။ တစ်ခါတစ်ရံတွင် အရှိန်ပြင်းစွာ မောင်းနှင်သွားသော ကားတစ်စီးတလေမှတစ်ပါး အခြားမည်သူမှ ကျွန်မတို့ကို ဖြတ်သန်းသွားလာခြင်း မရှိချေ။ စိမ်းစိမ်းစိုစိုနှင့် နေရောင်ခြည်ယိုဖိတ်ကျနေသော ပတ်ဝန်းကျင် ဒေသတစ်ခုလုံးသည် လူသူပြတ်လတ် ရှင်းလင်းလျက် ရှိလေသည်။ နောက်ဆုံးတွင် သူသည် နာရီကိုကြည့်ပြီးနောက် ကျွန်မကို ပြန်ပို့မည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောပါသည်။ သူသည် တစ်ချိန်လုံးပင် ကျွန်မ၏လက်ကိုကိုင်သည်မှတစ်ပါး တခြားဘာမျှ မပြုလုပ်ပါပေ။ သူသည် ကျွန်မကို အနည်းဆုံးတော့ နမ်းသင့်သည်ဟု ကျွန်မက မျှော်လင့်ပါသည်။ သို့ရာတွင် သူ၏အပြုအမူအတွက် ကျွန်မမှာ စိတ်ပျက်မိသလို ကျေနပ်ခြင်းလည်း ရှိမိပါသည်။ စိတ်ပျက်ရခြင်းမှာတော့ ကျွန်မသည် သူ့ကို သဘောကျနေမိပြီဖြစ်ပြီး၊ သူ၏နီရဲသောနှုတ်ခမ်းများကို မငေးမောဘဲ မနေနိုင်ခြင်းပင်ဖြစ်ပါသည်။ ကျေနပ်လှခြင်းမှာတော့ သူသည် ကြောရရုံကြံမည့်သူတစ်ဦး မဟုတ်ဘဲ အလေးအနက်ရှိမည့်သူတစ်ဦးဟု တွက်ဆရမိသောကြောင့်ပင် ဖြစ်ပါသည်။

သူသည် ကျွန်မကို ပန်းချီအလုပ်ရုံသို့ရောက်သည်ထိ လိုက်ပို့ပါသည်။ နောက်နေ့များတွင်လည်း သူသည် အားလပ်လျှင် လိုက်ပို့မည်ဖြစ်ကြောင်းကို ပြောလေသည်။ ကျွန်မက သူ၏ကမ်းလှမ်းချက်ကို ဝမ်းသာအားရစွာ လက်ခံလိုက်ပါသည်။ သူသည် ရုပ်ဆင်းအင်္ဂါအားဖြင့်သာမက ကိုယ်ကျင့်တရားအားဖြင့်လည်း ကျွန်မအား ဆွဲဆောင်နိုင်စွမ်း ရှိနေပေတော့သည်။

ကျွန်မက သူ့အကြောင်းကို အမေ့အား ပြောမပြပါ။ အမေသည် ကျွန်မကို ဘယ်နည်းနှင့်မျှ ရိုးသားမှုတစ်ခုတည်းသာရှိသော သူဆင်းရဲတစ်ဦးနှင့် ပတ်သက်ခွင့်ပြုမည် မဟုတ်ချေ။ နောက်တစ်နေ့မနက်တွင် သူသည် ကတိပေးထားသည့်အတိုင်း ကျွန်မကို ဓာတ်ရထားဆိပ်တွင် လာခေါ်ပါသည်။ ဤတစ်ကြိမ်တွင် သူသည် ကျွန်မကို ပန်းချီအလုပ်ရုံသို့တန်း၍ ခေါ်သွားပါသည်။ နောက်ရက်များတွင်ကား ရာသီဥတုသာယာကောင်းမွန်လျှင် သူသည် ကျွန်မကို လူသူကင်းမဲ့သော မြို့စွန်လမ်းများဆီသို့ ခေါ်ဆောင်သွားတတ်ပါသည်။ စကားကောင်းကောင်း ပြောနိုင်ရန် ဖြစ်ပါသည်။ သို့ရာတွင် သူသည် စကားများကိုသာ အလေးအနက်ထား၍ ပြောဆိုပြီး ကိုယ်နှုတ် အမူအရာမှာမူ ယုံကြည်လေးစားဖွယ်ရာ ဖြစ်ပါသည်။ သို့ဖြင့် ကျွန်မသည် တစ်စတစ်စနှင့် သူ့အပေါ်တွင် လုံးဝယုံကြည်မှု ရှိသွားလေတော့သည်။ ကျွန်မသည် မကြာခဏပင် ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိသည်။ သူ့တွင် ဘာအပြစ်များရှိသနည်း။ သူသည် လှပသည်။ ပျိုမျစ်သည်။ ထက်မြက်သည်။ ရိုးသားသည်။ လေးနက်မှုရှိသည်။ သူ့မှာ အပြစ်အနာအဆာ တစ်စုံတစ်ခုရှိသည်ဟု မပြောနိုင်ပါချေ။ ကျွန်မက မည်မျှ စစ်ဆေးကြည့်ရှုသည်ဖြစ်စေ သူ့တွင် ဘာအပြစ်၊ ဘာချို့ယွင်းချက်မျှရှိသည်ကို မတွေ့ရချေ။ သူသည် အဘယ်လို လူစားပေ

www.burmeseclassic.com



နည်း။ အမှန်တော့ ကျွန်မသည် သူ့ကို ချစ်နေမိပြီဖြစ်သောကြောင့်တည်း။ အချစ်ဆိုသည်မှာ ကြောက်မက်ဖွယ်ရာ သတ္တဝါတစ်ကောင်ကိုပင် လှပစေတတ်သော ကြေးမုံပြင်တစ်ချပ် ဖြစ်သတည်း။

ကျွန်မသည် သူ့ကို အဘယ်မျှ ချစ်နေမိသနည်းဆိုလျှင် ကျွန်မတို့ ပထမဆုံး စ၍စကားပြောကြသောနေရာ၌ သူကကျွန်မကို ပထမဆုံးစတင်၍ နမ်းသောအခါတွင် စိတ်သက်သာမှု ရရှိသွားသည့်အလား အကျေနပ်ကြီး ကျေနပ်မိပါတော့သည်။ သို့ရာတွင် ကျွန်မသည် နှုတ်ခမ်းချင်း ပေါင်းစပ်နေသည်ကို တွန်းလှန်နိုင်စွမ်း မရှိသည့်အတွက်လည်း အနည်းငယ် ထိတ်လန့်မိပါသည်။ အကြောင်းမူ ကျွန်မ၏အပြုအမူများသည် ကျွန်မ၏အပေါ်တွင် မတည်ဘဲ တစ်စုံတစ်ခုသော အင်အားကြီးတစ်ခုပေါ်တွင်တည်ရှိနေပြီး၊ ယင်းအားကြီးကလည်း ကျွန်မကိုသူ့ဆီသို့ အတင်းတွန်းပို့နေပါတော့သည်။ ဤအချိန်မှစ၍ ကျွန်မတို့နှစ်ဦးသည် စေ့စပ်ကြောင်းလမ်းပြီးပြီဟု မှတ်ယူရမည်ဖြစ်ကြောင်းကို သူက နှုတ်ခမ်းချင်းခွဲခွာမိသည်နှင့် တစ်ပြိုင်နက် ပြောလိုက်သဖြင့် ကျွန်မသည် အများကြီး အားတက် စိတ်သက်သာရာ ရသွားပါတော့သည်။ သူသည် ကျွန်မ၏အတွင်းမနောကိုကောင်းစွာသိရှိပြီး ကျွန်မအင်မတန်ကြားချင်သည့်စကားကို ပြောလိုက်ခြင်းပင်ဖြစ်ပါသည်။ သည့်နောက်တွင်ကား ကျွန်မသည် သူ့ကို အခွင်းအချန် အခိုအကပ်မရှိဘဲ စိတ်အားတက်ကြွစွာ၊ ကြမ်းတမ်းစွာဖြင့် ပြန်လည် နမ်းမိပါတော့သည်။

ကျွန်မ၏ အပြုအမူတို့သည် မှန်ကန်၍ တရားသည်ဟု ယူဆသဖြင့် ထိုနေ့ညနေမှာပင် အမေ့အား ဝမ်းသာအားရနှင့် အလုံးစုံ ပြန်၍ ပြောပြမိပါတော့သည်။ ထိုအချိန်က အမေသည် ပြတင်းပေါက်အနီးတွင် စက်ချုပ်လျက် ရှိလေသည်။

"အမေ ကျွန်မ စေ့စပ်ပြီးပြီ"

"ဘယ်သူနဲ့လဲ"

"ကျွန်မနဲ့ မကြာခင်ကမှ သိတဲ့ လူငယ်တစ်ယောက်နဲ့ပဲ"

"သူက ဘာလဲ"

"ဒရိုင်ဘာ"

ကျွန်မက ဆက်၍ ပြောလိုသေးသော်လည်း အချိန်မရရှိတော့ပါပေ။ အမေသည် စက်ချုပ်ရပ်လိုက်သည်။ ပြီးတော့ ကုလားထိုင်မှ ခုန်ထ၍ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို ဆွဲလိုက်သည်။

"စေ့စပ်ခဲ့ပြီ ဟုတ်လား။ ငါ့ကို ဘာမှမပြောဘဲနဲ့ ဒရိုင်ဘာ တစ်ယောက်ကို စေ့စပ်ခဲ့ပြီ ဟုတ်လား။ ဘုရား ဘုရား။ နင်ဟာ ငါရဲ့ သေမင်းပဲ"

သူက ပါးစပ်မှ ပြောရင်းဆိုရင်း လက်ဖြင့် လှမ်းရိုက်လိုက်သည်။ ကျွန်မသည် မရိုက်မိအောင် ခုခံကာကွယ်ရင်းဖြင့် နောက်ဆုံးတွင် သူမ၏ လက်မှ လွတ်သွားပါသည်။ သို့ရာတွင် သူမက ကျွန်မ၏နောက်သို့ လိုက်လာပါသည်။ ကျွန်မက အခန်းအလယ်ရှိ စားပွဲကို လှည့်ပတ်ပြေးနေရာ အမေကလည်း အော်ဟစ်ကြိမ်းမောင်းရင်းဖြင့် လိုက်လျက် ရှိပါသည်။

"နင့်ကို ငါ သတ်မယ်။ နင့်ကို ငါ သတ်မယ်" ဟု သူမက ကြိမ်းဝါးလျက်ရှိသည်။ 'နင့်ကို ငါ သတ်မယ်' ဟု တစ်ခါပြောတိုင်း သူမ၏ ဒေါသသည် တစ်ဆတိုးလာပုံရသည်။ တကယ်ပင် သူမသည် ကတ်ကြေး အကြီးတစ်လက်ကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ပေါက်လိုက်၏။ ကျွန်မက ရှောင်တိမ်းလိုက်နိုင်သဖြင့်သာ လွတ်သွားသည်။ ကတ်ကြေးသည် နံရံကို သွားထိမှန်လေသည်။ ထိုအခါတွင်မှ သူမသည် ထိတ်လန့် တုန်လှုပ်သွားပုံရပြီး ထိုင်ချလိုက်ကာ ချုံးပွဲချ၍ ငိုလေတော့သည်။

"ငါက နင့်အတွက် အစီအစဉ်တွေ အများကြီးလုပ်ထားတယ်။ ငါက နင့်ရုပ်ရည်နဲ့ နင့်ကို ချမ်းသာစေချင်တယ်။ နင်ကတော့ ခြူးတစ်ပြားမှ မရှိတဲ့အကောင်နဲ့ စေ့စပ်ခဲ့တယ်"

"ခြူးတစ်ပြားမှ မရှိတဲ့အကောင်တော့ မဟုတ်ပါဘူး"

ကျွန်မက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်ပြောလိုက်သည်။

"ဒရိုင်ဘာ တစ်ယောက်၊ ဒရိုင်ဘာ တစ်ယောက်။ နင်တော့ ကံဆိုးပြီ။ နင်လဲငါ့လိုပဲ နိဂုံးချုပ်တော့မှာပဲ။ သူဟာ နင့်ကို လက်ထပ်ပြီးယူလိမ့်မယ်။ ဒီတော့ နင်ဟာ သူ့ရဲ့ကျွန်ဖြစ်မယ်။ နင့်ကလေးတွေရဲ့ကျွန် ဖြစ်မယ်။ ဒါဟာ နိဂုံးချုပ်တာပဲ"

"သူ့အနေနဲ့ ကိုယ်ပိုင်ကားတစ်စီးဝယ်နိုင်မှ လက်ထပ်ကြဖို့ ကျွန်မတို့ စီစဉ်ထားပါတယ်"

ကျွန်မက ဂျီနို၏ အကြံအစည်တစ်ခုကို အမေ့အား ပြောပြလိုက်သည်။

"မျှော်လင့်ချက်ကြီးတွေပေါ့၊ ဟုတ်လား။ ဟင်း၊ သူ့ကို ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒီကို ခေါ်မလာနဲ့။ သူ့ကို ခေါ်မလာနဲ့။ သူ့ကို ငါ မကြည့်ချင်ဘူး။ နင် ကြိုက်သလို လုပ်။ နင်တို့ တွေ့ချင်တဲ့ နေရာမှာ တွေ့။ ဒါပေမဲ့ ဒီကိုတော့ ခေါ်မလာနဲ့"

အမေက မျက်ရည်နှင့်မျက်ခွက်ဖြင့် အော်လိုက်ပြန်သည်။

ထိုနေ့ညက ကျွန်မ ထမင်းမစားဘဲ အိပ်ရာဝင်ခဲ့ပါသည်။ အတော် ကြီးကို မကြည်မသာဖြစ်နေမိပါသည်။ စိတ်ပျက်နေမိပါသည်။ သို့ရာတွင် အမေသည် ကျွန်မကို ချစ်လွန်း၍သာ ဤသို့ ဆူပူ မာန်မဲသည်ဟု ကျွန်မ ကိုယ်ကို ကျွန်မ ပြန်ပြောမိပါသည်။ ကျွန်မ၏ ရှေ့ရေးအတွက် သူမက စီမံကိန်းများ ရေးဆွဲထားရာ ဂျီနီနှင့်ကျွန်မ စေ့စပ်လိုက်ခြင်းအားဖြင့် ယင်း စီမံကိန်းများအားလုံးသည် ပျက်သုဉ်းသွားကြပြီ ဖြစ်၏။ ယင်းစီမံကိန်းများ သည် ဘာတွေဖြစ်ကြမှန်းကို ကျွန်မကနောက်ပိုင်းတွင် သိရှိရသော်လည်း သူမကို အပြစ်မတင်နိုင်ပါ။ သူမသည် ရိုးသားခြင်းနှင့် အားကြိုးမာန်တက် လုပ်ကိုင်ခဲ့ခြင်းအတွက် အလဲအလှယ်အဖြစ် ရရှိသည်မှာ ဆင်းရဲကျပ်တည်းမှု တို့သာဖြစ်လေသည်။ သို့ဖြင့် အမေသည် ကျွန်မကို သူမနှင့်မတူသော ဘဝ တစ်ခုကို ဖန်တီးစေလိုခြင်း ဖြစ်ပါ၏။

အမေက သူ့ကိုမတွေ့ချင်ဟုဆိုထားသဖြင့် ကျွန်မက သူမ၏ ဆန္ဒ ကို လေးစားလိုက်နာခဲ့ပါသည်။ သို့ရာတွင် ဂျီနီသည် ရိုးသားပွင့်လင်းမှုကို ပြသလိုသောကြောင့် သူ့ကို အမေနှင့် မိတ်ဆက်ပေးရမည်ဟု ဆိုပါတော့ သည်။ သူ၏ အလုပ်အကိုင်နိမ့်ကျသောကြောင့်၊ အမေက မတွေ့လိုကြောင်း ကို ကျွန်မက ဖွင့်မပြောရဲသောကြောင့် အကြောင်းအမျိုးမျိုးပြ၍ ရက်ရွှေ့ ဆိုင်းခြင်းများကိုသာ ပြုခဲ့ရပေသည်။ နောက်ဆုံးတွင် ဂျီနီသည် တစ်ခုခုကို ဖုံးအုပ်ထားမှန်း သိရှိသွားပြီး၊ ကျွန်မကို အမှန်အတိုင်း ဖွင့်ပြောရန် တောင်းဆို လေတော့သည်။

"အမေက ကို့ကို မတွေ့ချင်ဘူး။ ဘာပြုလို့လဲဆိုတော့ သူက ကျွန်မ ကို လူကြီးလူကောင်းတစ်ယောက်နဲ့သာ ရစေချင်တာ။ ဒရိုင်ဘာ တစ်ယောက် နဲ့ ရစေချင်တာမဟုတ်ဘူး"

ကျွန်မတို့သည် သွားနေကျ လမ်းကလေးပေါ်တွင်ဖြစ်သည်။ ကုန်းပေါ် တွင် ဖြစ်သည်။ သူက ကျွန်မကို ကြေကွဲဝမ်းနည်းစွာ ကြည့်ပြီးနောက် သက်ပြင်းတစ်ချက် ချလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါဟာ ဆင်းရဲခြင်းရဲ့ အကျိုးတရားပဲပေါ့"

သူက ယင်းသို့ ရေရွတ်လိုက်ပြီးနောက် အတန်ကြာ တိတ်ဆိတ်နေ၏။

"စိတ်ဆိုးလား"

နောက်ဆုံးတွင် ကျွန်မက မေးလိုက်သည်။

"ကိုယ်ဟာ သက်သက် အနိုမ်ခံရတာပဲ။ ကိုယ့်နေရာမှာ တခြားလူတစ်ယောက်သာဆိုရင် ဘယ်တော့မှလဲ သူနဲ့ တွေ့ခွင့်တောင်းတော့မှာမဟုတ်ဘူး။ ဘယ်တော့မှလဲ စေ့စပ်တဲ့အကြောင်းကို ပြောမှာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်ဟာ အမှန်တရားကိုလုပ်မိလို့ ခုလို အနိုမ်ခံရတာပဲ"

"မပူပါနဲ့ ကိုရယ်။ ကို့ကို ကျွန်မချစ်ပါတယ်။ ဒါဟာ အရေးအကြီးဆုံးပဲမဟုတ်လား"

"ကိုယ်ဟာ အိတ်ထဲမှာ ပိုက်ဆံတွေအတောင့်ထည့်ပြီး မင်းနဲ့ အတူလိုက်သွားရမယ်။ ပြီးတော့ စေ့စပ်ကြောင်းလမ်းမယ့်အကြောင်း ဘာမှ မပြောရဘူး။ အဲဒီလိုဆိုရင် မင်းအမေဟာ ကိုယ့်ကို ဝမ်းသာအယ်လဲ ဆီးကြိုလိမ့်မယ်"

ကျွန်မက သူ့ကို ဆန့်ကျင်၍မပြောရဲပါ။ အကြောင်းမူ သူ ပြောနေသည်များက အမှန်တွေပင်ဖြစ်သည်။

"ကျွန်မတို့ဒီလိုလုပ်ကြရင် မကောင်းဘူးလား။ တစ်နေ့ကျရင် အမေ့ကို ဘာမှကြိုပြောမထားဘဲနဲ့ ကို့ကို ခေါ်သွားမယ်။ အမေ့ကို တစ်ခါတည်း အံ့အားသင့်သွားစေမယ်။ အဲဒီတော့လည်း သူဟာ ကို့ကိုလက်ခံပြီး တွေ့ရတော့မှာပေါ့။ သူဘယ်နည်းနဲ့မှ မျက်နှာလွှဲမထားနိုင်ပါဘူး"

သို့ဖြင့် တစ်ခုသောညနေခင်းတွင် ကျွန်မသည် ဂျီနိုကို အိမ်သို့ခေါ်သွားသည်။ အမေသည် အလုပ်သိမ်းခါစဖြစ်၍ အဝတ်များတင်ထားရန် စားပွဲတစ်ဖက်ကို ရှင်းနေသည်။

"အမေရေ ဟောဒါ ဂျီနိုပဲ"

ကျွန်မက သူ့ကို အခန်းထဲဝင်စေရင်း ပြောလိုက်သည်။ ကျွန်မက ရန်ပွဲကြီးတစ်ခုတော့ တွေ့ရတော့မည်ဟု မျှော်လင့်ထားပြီး၊ ဂျီနိုအား အသင့်ရှိနေရန် ပြောထားရသည်။ သို့ရာတွင် ကျွန်မအဖို့ အံ့သြရသည်မှာ အမေက သူ့ကို ဘေးတိုက်တစ်ချက်ကြည့်လိုက်ပြီး တိုတိုတောင်းတောင်း ပြောလေ

www.burmeseclassic.com



သည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

ထို့နောက် အမေသည် အခန်းထဲမှ ထွက်သွားလေတော့သည်။

"အားလုံး အဆင်ပြေပါလိမ့်မယ်"

ကျွန်မက ဂျီနီကို ပြောလိုက်သည်။ ပြီးတော့ သူ့ထံ လျှောက်သွားပြီး ခေါင်းကလေး မော့ပေးကာ–

"နမ်းပါ"

"မဟုတ်သေးဘူး။ ကိုယ့်ကို မင်းအမေ သဘောမကျဘူးဆိုတာ တကယ်တော့ အများကြီးမှန်တယ်"

သူက ကျွန်မကို တွန်းဖယ်လိုက်ရင်း လေသံတိုးတိုးဖြင့် ပြောသည်။ သူသည် မည်သည့်အချိန်တွင် မည်သည့်စကားအား ပြောရမည်ကို ကောင်းစွာ သိသူတစ်ဦးဖြစ်သည်။ သူပြောသည်မှာ မှန်ကန်ကြောင်း ကျွန်မက ဝန်မခံဘဲ မနေနိုင်ပါချေ။ အမေသည် အခန်းထဲသို့ ပြန်ဝင်လာပြီး ဂျီနီအား မကြည့်ဘဲ ပြောလေသည်။

"တို့မှာ နှစ်ယောက်စာပဲ ချက်ထားတယ်။ မင်း ဘာမှ ကြိုမပြောထား ဘဲကိုး။ ငါ အပြင်ထွက်ပြီး"

အမေ၏စကားမဆုံးမီ ဂျီနီက ဖြတ်၍ ပြော၏။

"ကျွန်တော်က ဒေါ်ဒေါ်နဲ့ အက်ဒရီယာနာကို ညစာစားဖို့ အပြင်ကို ဖိတ်ခေါ်ပါရစေ"

သူက ပညာတတ်တစ်ယောက်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာ ပြောလေ သည်။ အမေသည် ယင်းကဲ့သို့ တရိုတသေ ဖိတ်မန္တကပြုခြင်း မခံခဲ့ရဘူးပေ။ ယင်းကြောင့် သူမသည် အတန်ကြာ တုံ့ဆိုင်း၍နေပြီးနောက် ကျွန်မအား ကြည့်ကာ–

"အက်ဒရီယာနာက သွားချင်တယ်ဆိုရင်တော့"

"ဟိုအောက်ဘက်က စပျစ်ရည်ဆိုင်ကို သွားကြရအောင်လား"

ကျွန်မက အကြံပေးလိုက်ပါသည်။

"ကြိုက်တဲ့ နေရာကိုသာ သွား"

ဂျီနီက ပြန်ပြောသည်။ အမေက အဝတ်လဲရန် အခန်းထဲသို့ ဝင်သွား သဖြင့် ကျွန်မတို့ချည်း ကျန်ရစ်ခဲ့ပါသည်။ ကျွန်မမှာ ပျော်၍မဆုံး ရှိနေပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကျွန်မသည် အရေးကြီးသော တိုက်ပွဲတစ်ခုကို အောင်မြင်လိုက်ခြင်းပင် ဖြစ်၏။ ကျွန်မက ဂျီနို ထံသို့သွား၍ သူ တွန်းဖယ်မပစ်နိုင်မီမှာပင် အားရပါးရ နမ်းလိုက်မိပါသည်။

ကျွန်မတို့ သုံးယောက်သည် မြို့ရိုး၏ တစ်ဖက်လမ်းချိုးရှိ ပျော်ပွဲစားရုံသို့ သွားကြပါသည်။ စားပွဲတွင် ထိုင်မိကြသောအခါ ဂျီနိုသည် ကျွန်မကို အမှုမထားတော့ဘဲ အမေ့ကိုသာ စကားပြောနေတော့သည်။ အမေ့ကို သူ့ဘက်သို့ပါအောင် ဆွဲဆောင်ရန်ဖြစ်သည်။ သူ၏ အကြံအစည်ကို ကျွန်မကလည်း သဘောကျမိသဖြင့် အသာပင် ဘာသိဘာသာနေလိုက်ပါသည်။ သူက အမေ့ကို "ဒေါ်ဒေါ်၊ ဒေါ်ဒေါ်"နှင့် မကြာခဏ တရိုတသေခေါ်ဝေါ်လျက် ရှိလေသည်။

"ဒေါ်ဒေါ် သိပြီးသားပါ"

"ဒါတွေကို ဒေါ်ဒေါ့်လိုအတွေ့အကြုံရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို အထူးပြောပြနေစရာမလိုပါဘူး" စသည်ဖြင့် သူကအမေ့ကို ဘဝင်ခိုက်နေစေပါသည်။ အမေသည် ကျွန်မအရွယ်လောက်တုန်းကဆိုလျှင် ကျွန်မထက်ပိုလှပေလိမ့်မည်ဟုပင် သူက သူမကိုမြှောက်ပင့်နေသေးသည်။ အမေသည် မျက်လုံးကလေးတလက်လက်နှင့် သူ့ကို ကြည့်နေသည်။ သူမ၏ဘဝတွင် ယခုကဲ့သို့ တရိုတသေ တလေးတစား ဆက်ဆံခံရခြင်း သည် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ပင် ဖြစ်လေသည်။ သူမ၏ ဆာလောင်မွတ်သိပ်နေသော နှလုံးသားသည် သူ၏စကားလုံးများကို ချိုမြိန်စွာလက်ခံလျက် ရှိလေသည်။

သို့ရာတွင် ဂျီနိုက သူ့သခင်မ အဘယ်မျှ ချမ်းသာကြွယ်ဝကြောင်းကို ချီးမွမ်းခန်းဖွင့်လေသောအခါတွင်ကား အမေသည် ငိုင်၍ ကျသွားပြန်တော့၏။ စိတ်ပျက်သော၊ မကျေနပ်သော အမှုအရာများသည် ပေါ်လာပြန်တော့၏။ ယင်းစည်းစိမ်ဥစ္စာများကို မနာလိုဝန်တိုရှိပြီး၊ သူ့သမီးက လူဆင်းရဲတစ်ဦးနှင့် လက်ထပ်ရတော့မည့်အရေးကို တွေးမိသဖြင့်လည်း ဖြစ်နိုင်ပါသည်။

နောက်တစ်နေ့တွင် ကျွန်မက ဂျီနိုအား အမေ့အပေါ် သဘောထားကို မေးမြန်းကြည့်မိပါသည်။ သူက အမေ၏ အယူအဆ အတွေးအခေါ်များကို လက်ခံနိုင်ခြင်း မရှိသော်လည်း ယင်းအယူအဆများသည် ဆင်းရဲကျပ်တည်းခြင်းမှ ပေါက်ဖွားလာခြင်းများသာ ဖြစ်သည်ဟု ဆိုလေသည်။ ဤကား ကျွန်မ၏ ထင်မြင်ချက်နှင့် တစ်ထေရာတည်းပင် ဖြစ်ပါသည်။ အမေ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် နားလည်မှုရှိသဖြင့် ကျွန်မက သူ့အား လိုက်လျောစွာကျေးဇူးတင်ပါသည်။

ယင်းကြောင့်ပင် ကျွန်မသည် သူ၏ ချစ်တင်နှီးနှောမှု ရဲတင်းလာခြင်း၊ မေတ္တာနယ်မြေ ကျူးကျော်လာခြင်းများကို ယခင်အခါ၊ ယခင်လူများ တုန်းကကဲ့သို့ မခုခံ မတွန်းလှန်မိတော့ခြင်းပင် ဖြစ်ပါတော့သည်။ ထို့ပြင် ကျွန်မအနေနှင့် ရိုးသားစွာဝန်ခံရလျှင် ကျွန်မတို့နှစ်ဦး တစ်ဆင့်ပြီး တစ်ဆင့် ချစ်တင်နှီးနှောမှုအခြေအနေ မြင့်မားလာရခြင်းသည် ကျွန်မကိုယ်နှိုက်က လည်း စိတ်ပါလက်ပါရှိသောကြောင့်ပင်ဖြစ်ပါသည်။ တစ်ဆင့်ပြီး တစ်ဆင့် သည် သူ့အလိုလိုပင် ဖြည်းလေးစွာဖြင့်တက်လာကြခြင်း ဖြစ်ပါသည်။ ဒရော သောပါးနိုင်မှု၊ ရှေ့လောကြီးမှုတို့ လုံးဝ မပါရှိပါချေ။

ကျွန်မတို့နှစ်ယောက် ကားကလေးနှင့် လျှောက်လည်ခဲ့ကြစဉ်များ တွင် သူသည် ကျွန်မ၏နှုတ်ခမ်းနှင့် လည်ပင်းတို့ကို နမ်းရုံ ရှုပ်ရုံလောက်ဖြင့် သာ တင်းတိမ်ရောင့်ရဲခဲ့ပေသည်။ သို့ရာတွင် တစ်နေ့မနက်တော့ သူသည် ကျွန်မကို နမ်းနေရင်းဖြင့် သူ၏လက်များသည် ကျွန်မ၏ အင်္ကျီကြယ်သီး များကို ကိုင်စမ်းလျက်ရှိလေသည်။ ထို့နောက် ကျွန်မသည် အေးအေးစိမ့်စိမ့် ကလေးရှိလာသဖြင့် သူ့ကိုကျော်လွန်၍ ကားမှန်ကိုကြည့်လိုက်တော့ ကျွန်မ၏ ရင်သားတစ်ဖက်သည် အဖုံးအလွှမ်း ကင်းမဲ့လျက်ရှိသည်ကို တွေ့မြင်ရ၏။ ကျွန်မက ရှက်သွားသည်။ သို့ရာတွင် ကျွန်မဟာကျွန်မလည်း ပြန်၍ မဖုံးချင် ပါ။ ကျွန်မ စနိုးစနောင့်ဖြစ်နေမှန်းသိသော် ဂျိုနီက ချက်ချင်းပင် ဟင်းလင်းပွင့် နေသော အင်္ကျီနှစ်စကို ရင်သားပေါ်သို့ ပြန်ဆွဲစေ့လိုက်ပြီး ကြယ်သီးများ ကိုလည်း သူကိုယ်တိုင် ပြန်၍ တပ်ပေးပါသည်။ ယင်းအပြုအမူအတွက် ကျွန်မက သူ့ကို ကျေးဇူးတင်မိပါသည်။ သို့ရာတွင် ဤအကြောင်းများကို အိမ်ပြန်ရောက်၍ စားမြုံ့ပြန်ကြည့်သောအခါတွင် ကျွန်မ၏ရင်များ တလှပ် လှပ်ဖြစ်လာပြီး ကျေနပ်နှစ်သိမ့်ခြင်းများလည်း ရှိလာသည်။ နောက်နေ့တွင် လည်း သူသည် အရင်နေ့ကအတိုင်း ပြုမူပြန်ပါသည်။ ဤတစ်ကြိမ်တွင်တော့ ကျွန်မက ကြည်နူးခြင်းရှိလာပြီး ရှက်ရွံ့ခြင်းလျော့နည်းသွားတော့၏။ ထို အခါမှစ၍ ကျွန်မသည် သူ၏ ဇောဆန္ဒအရပြုမူခြင်းများနှင့် ကျွမ်းဝင်ရင်းနှီး သွားပါတော့၏။ အကယ်၍သာ သူသည် ပြုမူနေကျအတိုင်း မပြုမူဘဲနေခဲ့ လျှင် ကျွန်မကို မချစ်လေတော့ပြီလားဟုပင် မှတ်ထင်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃

သူ့ အလုပ်ရှင်များသည် နယ်သို့သွားကြပြီး အစေခံများအားလုံးသည်လည်း သူ့လိုရာများသို့ သူတို့အလည် ပြန်ကြသည်ဖြစ်သဖြင့် အိမ်ကြီးတစ်ခုလုံးတွင် သူနှင့်ဥယျာဉ်မှူးတို့သာရှိမည့်အကြောင်းကို ဂျီနိုက ကျွန်မကို တစ်ခုသော တနင်္ဂနွေနေ့တွင် ပြောပါသည်။ အိမ်ကြီးကို ကျွန်မ ကြည့်လိုသလားဟု မေးပါသည်။ ဤအိမ်ကြီးအကြောင်းကို သူက ချီးမွမ်းခန်းဖွင့်လွန်းလှသဖြင့် ရောက်ဖူးချင်နေသည်မှာ ကြာပါပြီ။ ထို့ကြောင့် ကျွန်မက သူ၏ ဖိတ်ခေါ်ခြင်းကို ဝမ်းသာအားရ လက်ခံလိုက်ပါသည်။

သူတို့တိုက်သည် တောင်စောင်းလမ်းကလေးတစ်ခုတွင် တည်ရှိပေသည်။ ထိုနေ့သည် သာယာကြည်လင်သော နေ့တစ်နေ့ဖြစ်သည်။ တိုက်ကလေးများသည် မိုးပြာပြာကို နောက်ခံပြုထားသော တောင်စောင်းတစ်လျှောက်တွင် စီရရီ ရှိနေကြသည်။ အုတ်နံရံများသည် ရဲရဲနီနေ၏။ သို့မဟုတ် ကျောက်တုံးမျက်နှာစာသည် ဖွေးဖွေးဖြူနေ၏။ ဥယျာဉ်များသည် ဖူးပွင့်လျက်ရှိ၏။ ကျွန်မသည် ပိုမိုလှပ၍ ပိုမိုလွတ်လပ်သော ကမ္ဘာကြီးတစ်ခုထဲသို့ ရောက်နေသည်ဟု ထင်၏။ နေချင့်စဖွယ် ရှိလှ၏။ ဤအခါတွင် ကျွန်မသည် မီးရထားအလုပ်သမား တန်းလျားများကို အမှတ်မရဘဲ မနေနိုင်တော့ပါ။ ယင်းကြောင့် ကျွန်မက ဂျီနိုကို ပြောလိုက်သည်။

www.burmeseclassic.com



"ဒီကို လာမိတာတော့ အမှားကြီး မှားပြီ"

"ဘာပြုလို့လဲ၊ ကိုယ်တို့ ဒီမှာကြာကြာမနေပါဘူး။ မပူပါနဲ့" သူက ခပ်အေးအေးပင် ပြန်ပြောသည်။

"ကျွန်မ ပြောတဲ့အဓိပ္ပာယ်ကို ကို နားမလည်ပါဘူး။ ကျွန်မ မှားတယ်လို့ပြောတာက နောက်ကျရင် ကျွန်မဟာ ကျွန်မတို့အိမ်နဲ့ ကျွန်မတို့ အရပ်အတွက် ကျွန်မ ရှက်နေရတော့မှာပဲလို့ ပြောတာပါ"

"ဒါတော့ ဟုတ်တယ်။ ဒါပေမဲ့ မင်းဟာ သူဌေးသမီးတစ်ယောက်မှ ဖြစ်မလာဘဲကိုး။ သူဌေးတွေသာ ဒီမှာ နေနိုင်တာကိုး"

သူက ခြံဝင်းတံခါးကို ဖွင့်၍ ဖြတ်ညှပ်ထားသော သစ်ပင်တန်းများအကြားရှိ လမ်းကလေးအတိုင်း ကျွန်မကို ခေါ်သွားပါသည်။ ကျွန်မတို့သည် မှန်တံခါးကြီးမှနေ၍ တိုက်တွင်းသို့ ဝင်သွားရာ အဖြူကွက် အနက်ကွက် ကျောက်ပြားငယ်များခင်းထားသော အိမ်ရှေ့ခန်း ရောက်သွားပါသည်။ ကြမ်းပြင်သည် မှန်ကဲ့သို့ တောက်ပြောင်ကြည်လင်လျက် ရှိသည်။ ထိုမှတစ်ဆင့် ကျွန်မတို့သည် အခန်းကျယ်ကြီးတစ်ခုထဲသို့ ရောက်သွားပြန်သည်။ ထိုအခန်းမှနေ၍ အိမ်အောက်ထပ်ရှိ အခြားအခန်းများသို့သွားရာ တံခါးပေါက်များ ရှိသည်။ အထက်ထပ်သို့တက်ရာ လှေကားကြီးလည်း ရှိသည်။ ကျွန်မသည် ဤအခန်းကြီးများကို မြင်တွေ့ရသောအခါ စိတ်ချောက်ချားနေပြီး ခြေဖျားထောက်၍ လျှောက်နေမိပါသည်။ အိမ်ကြီးတစ်ခုလုံးတွင် မည်သူမျှမရှိသဖြင့် ကျွန်မကြိုက်သလောက် အသံပြုနိုင်သည်။ ဆူညံနိုင်သည်ဟု ဆိုပါသည်။

ဂျိုနီက ကျွန်မအား ဧည့်ခန်းကိုလိုက်ပြပါသည်။ ရောမ နေရာအကျယ်ကြီးဖြစ်ပါသည်။ မှန်တွေ၊ ကုလားထိုင်တွေ၊ ဆိုဖာတွေအများကြီးနှင့် ဖြစ်သည်။ ထမင်းစားခန်းမှာ ဧည့်ခန်းလောက် မကျယ်ဝန်းချေ။ ဘဲဥပုံစားပွဲနှင့် ကုလားထိုင်များ ရှိသည်။ ပြောင်လက်တောက်ပသော မဟော်ဂနီဗီရို ရှိသည်။ အဝတ်ခန်းတွင် ဗီရိုဖြူဖြူများရှိ၏။ နားနေခန်းတွင် အရက်မျိုးစုံနှင့် ဘားတစ်ခု ရှိသည်။ ကော်ဖီစက်နှင့် ကောင်တာတစ်ခု ရှိသည်။ သူတို့ ဘယ်မှာ ချက်ကြပြုတ်ကြသနည်းဟု ကျွန်မက မေးကြည့်သောအခါ ဂျိုနီက မီးဖိုခန်းနှင့် အစေခံခန်းများသည် မြေကြီးအောက်ထပ်တွင် ရှိကြောင်း ပြော၏။ ကျွန်မ၏တစ်သက်တွင် ဤလိုအိမ်မျိုးသို့ ယခုအကြိမ်သည် ပထမဆုံးအကြိမ်

www.burmeseclassic.com



ရောက်ရှိဖူးခြင်းပင် ဖြစ်ပါသည်။ အရာရာသည် ကျွန်မအဖို့ အသစ်အဆန်းများသာ ဖြစ်၏။ မှန်၊ သစ်သား၊ ကျောက်ပြားနှင့် အခြား ပရိဘောဂများအားလုံးသည် အဖိုးတန်များဖြစ်ကြ၏။ ကျွန်မက ယခု မြင်တွေ့နေရသည်များနှင့် ကျွန်မတို့အိမ်ခန်း၏ ညစ်ပတ်ပေရေနေသော ကြမ်း၊ ဟောင်းနွမ်းမည်းညစ်သော နံရံ၊ ကျိုးပဲ့ အိုနာနေသော ပရိဘောဂများကို နှိုင်းယှဉ်ကြည့်လိုက်တော့ လောကမှာ ငွေသာလျှင် အရေးကြီးသည်ဟုဆိုသော အမေ့စကားများမှန်ကြောင်း ကျွန်မ ဝန်ခံရပါတော့သည်။

ကျွန်မတို့သည် လှေကားမှနေ၍ အထက်ထပ်သို့ တက်ခဲ့ကြပါသည်။ ဂျီနိုသည် သူ၏ လက်တစ်ဖက်ဖြင့် ကျွန်မ၏ ခါးကို ရစ်ပတ်လိုက်ပြီး ပေါင်ကို ဖက်ထားလိုက်ပါသည်။ ထို့နောက်တွင်ကား အဘယ်ကြောင့်မှန်းမသိ၊ ကျွန်မ၏စိတ်တွင် ကျွန်မကိုယ်ကျွန်မ ဤတိုက်ကြီး၏ အရှင်သခင်မဟု မှတ်ယူမိပြီး၊ ယခုအခါတွင် ကျွန်မ၏ ခင်ပွန်းနှင့်အတူ အပေါ်ထပ်သို့ တက်သွားနေသည်ဟု မှတ်ထင်မိတော့၏။ ညှော်ခံပွဲတစ်ခု သို့မဟုတ် ညစာစားအပြီးတွင် အပေါ်ထပ်သို့တက်၍ အတူတူအိပ်စက်ကြရန် သွားနေသည်ဟု ထင်မြင်မိ၏။ ဂျီနိုသည် ကျွန်မတွေးနေသည်ကို အတတ်သိသည့်အလားပြောပါသည်။

"ကဲ တို့အိပ်ကြစို့။ မနက်ကျရင် သူတို့ ကော်ဖီ လာပို့လိမ့်မယ်"

ကျွန်မက ရယ်လိုက်သည်။ သို့ရာတွင် ထိုအတိုင်းပင် တကယ်ဖြစ်ပါစေတော့ဟု ဆုတောင်းမိသည်။ ထိုနေ့က ကျွန်မသည် အကောင်းဆုံးဖိနပ်နှင့် ပိုးခြေအိတ်ရှည်တို့ကို ဝတ်ခဲ့ပါသည်။ ကျွန်မ မှတ်မိပါသေးသည်။ အပေါ်အင်္ကျီက အနက်၊ ဂါဝန်တိုက အဖြူအနက်ကွက်၊ အစများက မဆိုးလှပါ။ သို့ရာတွင် ကျွန်မတို့အနားမှ စက်ချုပ်သမားသည် အမေ့ထက်ပင် ညံ့သေးသည်။ ဂါဝန်သည် တိုလှသည်။ ရှေ့ပိုင်းထက် နောက်ပိုင်းက ပို၍တိုလေသည်။ ယင်းကြောင့် ကျွန်မ၏ ခြေသလုံးသားများကို ပိုးခြေအိတ်ရှည်ဖြင့် ဝတ်ဖုံးထားသော်လည်း ပေါင်သားများကတော့ နောက်ဘက်မှ ပေါ်လျက်ရှိပါသည်။ အပေါ်အင်္ကျီမှာလည်း အဆမတန် ကျယ်လှသည်။ လက်ဖျားများမှာလည်း တင်းကျပ်လှသဖြင့် လက်ကောက်ဝတ်ပင် နာကျင်လှသည်။ ကျွန်မ၏ ရင်သားများသည် အင်္ကျီအောက်မှ ထိုးထွက်လျက် ရှိ၏။ ကျွန်မ၏ ဖိနပ်သည် နက်ပြောင် တောက်မှောင်၍ သားရေ ကောင်းသည် မှန်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပုံမှာ ရိုးလှသည်။ ကျွန်မတွင် ဦးထုပ် မရှိသဖြင့် ဆံကေသာ ညိုမောင်းမောင်းများသည် ပုခုံးပေါ်သို့ ဝဲပျံကျလျက်ရှိ၏။ ယခု အကြိမ်သည် ကျွန်မတန်ဖိုးအထားဆုံး အဝတ်များကို ပထမဆုံးအကြိမ် ဝတ်ဆင်ခြင်းပင် ဖြစ်သည်။ ကျွန်မကိုယ်ကျွန်မ သိပ်သဘောကျနေ၏။ လမ်းတွင် တွေ့သမျှလူတိုင်းက ကျွန်မကို ကြည့်ကြမည်ဟု ထင်မှတ်ခဲ့၏။ သို့ရာတွင် ခမ်းနားကြီးကျယ်လှသော ဂျီနို၏ သခင်မအခန်းတွင်းသို့ ရောက်ရှိသောအခါတွင်ကား ကျွန်မကိုယ်ကျွန်မ ကျောက်ရုပ်တစ်ရုပ်အဖြစ်သို့ ပြောင်းလဲမှတ်ထင် သွားမိပါတော့၏။ ကျွန်မက ငိုများပင် ငိုချင်လာပါတော့သည်။ ကျွန်မက ခုတင်စွန်းတွင် ကယောင်ကတမ်း ထိုင်ချလိုက်၏။ ဘာမျှတော့ မပြောမိ။

ထို့နောက် ဂျီနိုက ကျွန်မအား သူ့ သခင်မ၏ ရေချိုးခန်းကို ပြသည်။ သာမန်အခန်းတစ်ခုထက် ကျယ်ဝန်းသည်။ ထို့နောက် ဗီရိုတစ်လုံးကိုဖွင့်၍ သူ့သခင်မ၏ အဝတ်အစားများကို ပြနေပြန်တော့၏။ ထိုအခါတွင် ကျွန်မ၏ ဆင်းရဲနွမ်းပါးမှုကို အမှတ်ရပြန်ကာ စိတ်ဓာတ်ကျရပြန်တော့၏။

"ကျွန်မကို ဘာလုပ်ဖို့ ဒီအဝတ်တွေ ပြနေရတာလဲ"

"သိချင် ကြည့်ချင်မလားလို့ပေါ့"

"မကြည့်ချင်ပါဘူး။ ကျွန်မ စိတ်မဝင်စားဘူး။ သူ့ အဝတ်တွေက လှပါတယ်။ ဒါပေမဲ့ ကျွန်မဒီကိုလာတာ ဒီအဝတ်တွေကြည့်ဖို့ မဟုတ်ဘူး။ ကျွန်မက ရှင့်အခန်းပဲ ကြည့်ချင်တယ်"

"ကိုယ့်အခန်းက အောက်ဆုံးထပ်မှာ၊ အဲဒီကို သွားကြမလား"

သူက စိတ်အားထက်သန်စွာ ပြောလိုက်သည်။ ကျွန်မက သူ့အား အတန်ကြာစိုက်ကြည့်နေပြီးနောက် ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်သည်။

"ရှင် ကျွန်မကို ဘာပြုလို့ အရူးလုပ်နေရတာလဲ"

"ကိုယ်က"

"တော်စမ်းပါရှင်။ ကျွန်မတို့ ဒီကိုလာကြတာဟာ ဒီအိမ်ကြီးကိုကြည့်ဖို့၊ ရှင့်သခင်မရဲ့ အဝတ်တွေကို သွားရည်ကျဖို့ မဟုတ်ဘူး။ ရှင့် အခန်းမှာ ချစ်တင်းနှောကြဖို့။ ကဲ ဒီတော့ ကိုယ့်အလုပ် ကိုယ်လုပ်ကြဖို့ပဲ ရှိတာသိ မဟုတ်လား"

ကျွန်မတို့သည် အခန်းထဲမှ ထွက်လာပြီးနောက် လှေကားမှ ဆင်းလာကြသည်။ ဂျီနိုက ကျွန်မခါးကိုဖက်၍ လှေကားတစ်ထစ်တွင် တစ်ခါ နမ်း



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မည်သူမျှ ကျွန်မတို့လောက်ကြာကြာကြီး လှေကားတစ်ခုကို ဆင်းကြရမည် မဟုတ်ပါပေ။ အောက်ထပ်သို့ရောက်သောအခါတွင် ဂျီနိုသည် ကျွန်မအား အနမ်းမပျက်ဘဲ၊ တံခါးတစ်ခုကိုဖွင့်လိုက်ကာ နောက်ဖေးလှေကားမှနေ၍ မြေအောက်ထပ်သို့ ခေါ်ဆောင်သွားလေ၏။ ညနေပိုင်းဖြစ်၍ မြေအောက်ထပ်သည် မှောင်နေသည်။ စင်္ကြံရှည်ကြီးတစ်ခု ဆုံးသောအခါတွင် ဂျီနို၏ အခန်းသို့ ရောက်ရှိလေသည်။ မည်သည့် မီးကိုမျှ မဖွင့်ကြ။ တစ်ယောက်၏ခါးကို တစ်ယောက် ဖက်ထားဆဲ ဖြစ်သည်။ တစ်ယောက်၏ နှုတ်ခမ်းသည် တစ်ယောက်၏ နှုတ်ခမ်းပေါ်တွင် ရှိနေဆဲဖြစ်သည်။ သူက တံခါးကို ဖွင့်လိုက်သည်။ ကျွန်မတို့ဝင်ကြသည်။ တံခါးပြန်ပိတ်လိုက်သံ ကျွန်မကြားရသည်။ ကျွန်မတို့သည် တော်တော်ကြာကြာကလေး ရပ်နေကြပြီးနောက် နမ်းကြပြန်သည်။ မဆုံးနိုင်သောအနမ်းများ ဖြစ်သည်။ ကျွန်မက အနမ်းရပ်လိုက်သောအခါတွင် သူက အသစ်တစ်ဖန်စပြန်သည်။ သူက ရပ်လိုက်သောအခါတွင် ကျွန်မက တစ်ကျော့ပြန်စသူဖြစ်ပေသည်။ ထို့နောက် ဂျီနိုက ကျွန်မကို ခုတင်ဆီသို့တွန်းလိုက်သည်။ ကျွန်မမှာ ခုတင်ပေါ်သို့ ပက်လက်လန်ကျသွားရပါတော့သည်။

ဂျီနိုက နား နားသို့ကပ်၍ တိုးတိုးတွတ်တွတ်ညုနေပါသည်။ ဘာရယ်လို့တော့ တိတိကျကျ ရေရေရာရာများ မဟုတ်ကြချေ။ ကျွန်မ၏ အဝတ်များကို သူက တစ်ဆင့်ချင်းချွတ်နေသည်ကို ကျွန်မ သတိမထားမိစေရန်သာဖြစ်သည်။ သို့ရာတွင် သူ့အနေနှင့် ဤမျှကြိုးပမ်းနေရန် မလိုအပ်ပါချေ။ အကြောင်းမှာ ကျွန်မကိုယ်ကို သူ့အားအပ်ရန် ကျွန်မဘာသာ ဆုံးဖြတ်ထားပြီးသား ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ ကျွန်မ အလျင်က မြတ်နိုးစုံမက်ခဲ့သောအဝတ်များကို ယခုအခါ ခါးခါးသီးသီး မုန်းတီးနေပြီ ဖြစ်ပါသည်။ ကျွန်မသည် ဤအဝတ်အစားများမှ သေလုမတတ် ကင်းလွတ်လိုနေပြီ ဖြစ်ပါသည်။ အဝတ်အစားများ မရှိဘဲနှင့်ဆိုလျှင် ကျွန်မသည် ဂျီနို၏ သခင်မနှင့် အခြားသော ကြေးရတတ်အမျိုးသမီးများထက် ပို၍ မလှသည့်တိုင် အစေခံကြီးတော့ လှနေပေလိမ့်မည်။ နောက်ပြီးတော့ ကျွန်မ၏ ကိုယ်ခန္ဓာသည် ဤအခွင့်အရေးအတွက် လပေါင်းများစွာကတည်းက စောင့်ဆိုင်းနေခဲ့သည် မဟုတ်ပါလား။ ကျွန်မ၏တစ်ကိုယ်လုံးသည် ဖြေသိပ်ထားရမှု၊ စိတ်မရှည်မှု

www.burmeseclassic.com



တို့ဖြင့် တသိမ့်သိမ့်ခုန်နေပါသည်။ သံကြိုးနှင့် အချည်အနှောင်ခံနေရပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးနေသော တိရစ္ဆာန်တစ်ကောင်ကို ကြိုးမှလွှတ်လိုက်ပြီး အစာရေစာကျွေးသကဲ့သို့ပင် ဖြစ်ပါသည်။

ယင်းကြောင့်ပင် ကျွန်မအနေဖြင့် အချစ်နယ် လွှန်ကျူးမိခြင်းသည် သဘာဝအလျောက် ဖြစ်ပေါ်ခြင်းသာ ဖြစ်ပေတော့သည်။ ကျွန်မ၏ ရုပ်ဝတ္ထု သာယာခံစားမှုတွင် မလိုလားသော စိတ်ဆန္ဒများ တွဲဖက်၍ ရောနှောနေခြင်း လုံးဝ မရှိပါပေ။ ကျွန်မသည် ပထမဆုံးအကြိမ် ကျူးကျူးလွန်လွန် ဖြစ်နေရခြင်း မှန်သော်လည်း အလျင်ဘဝတစ်ခုက အတွေ့အကြုံရှိခဲ့ဖူးသလို ဂျိနိအား ရမ္မက်ဆန္ဒပြင်းပြစွာ ပြင်းထန်ကြမ်းကြုတ်စွာဖြင့် နမ်းမိသည်။ ကိုက်မိသည့် သူ့လက်မောင်းများကို အတင်းဆုပ်ခြေမိသည်။ သူသည်လည်း ကျွန်မလိုပင် အရှိန်ပြင်းစွာ ဇောတက်ကြွလျက်ရှိပါသည်။ သို့ဖြင့် ကျွန်မတို့သည် ယင်း မည်းမှောင်သော အခန်းကျဉ်းကလေးထဲတွင်၊ လူသူမရှိသော သုံးထပ်တိုက်ကြီးတစ်လုံး၏ အောက်ထပ်တွင်၊ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်နေမိကြပါသည်။ ကိုယ့်အသက် ကိုယ်လု၍ ရုန်းကန်တိုက်ခိုက်နေသော တိရစ္ဆာန်နှစ်ဦးပမာ ကျွန်မတို့နှစ်ယောက်သည် ထွေးလားလုံးလား ရှိနေကြတော့သည်။

သို့ရာတွင် ကျွန်မတို့၏ တက်ကြွနေသော အာသာဆန္ဒများ ပြေပျောက်သွားပြီးသည့်နောက်၊ မောဟိုက် နုံးချည့်လေးလံကာ တစ်ယောက်၏ ဘေးတွင် တစ်ယောက် ယှဉ်၍ လဲလျောင်းနေမိကြသော အခါ၌ကား ကျွန်မတွင် စိုးရိမ်ကြောက်လန့်စိတ်များ ဝင်လာပါတော့သည်။ ဂျိနိသည် ကျွန်မကိုယ်ကို ပိုင်နိုင် ရရှိခဲ့ချေပြီ။ သူ ကျွန်မကို လက်ထပ်မှ လက်ထပ်ပါတော့မည်လား။ ထို့ကြောင့် ကျွန်မက လက်ထပ်ပြီးလျှင် နေရမည့်အိမ်အကြောင်းကို ပြောနေမိပါတော့သည်။ အိမ်တစ်လုံး၊ သို့မဟုတ် အိမ်ခန်းတစ်ခန်းအနေနှင့် ကြီးသည်သေးသည်က ပဓာနမဟုတ်၊ သန့်ရှင်းစင်ကြယ်ဖို့ကသာ အဓိကဖြစ်ကြောင်း ကျွန်မက ပြောမိပါသည်။ ကျွန်မတို့ အိမ်ခန်းကလေးသည် အခန်းငယ်နှစ်ခန်းမျှသာရှိစေမူ ကိစ္စမရှိ။ ကြေးမုံပြင်ကဲ့သို့ ပြောင်နေရစေမည်ဟု ကျွန်မက ကတိပေးပါသည်။

"ဟုတ်တာပေါ့၊ သန့်ရှင်းစင်ကြယ်ဖို့က အရေးအကြီးဆုံးပေါ့။ အခန်းထောင့် တစ်နေရာမှာ ဖုန်ကလေးတစ်မှုန်တွေ့ရင် ကိုယ်တို့သခင်မက ဘာလုပ်တယ် သိလား။ အစေခံမတစ်ယောက်ကိုခေါ်ပြီး အဲဒီဖုန်မှုန့်ကို လေးဖက်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြီး ကောက်စေတယ်"

"အို ကျွန်မအိမ်ကျရင် ဒါ့ထက်ပိုပြီး သန့်စေရမယ်။ မယုံရင် စောင့်ကြည့်"

"ဟုတ်ပါ့မလား။ မင်းက ပန်းချီဆရာတွေဆီကိုသွားပြီး ကိုယ်ဟန်ပြနေမှာပဲ။ အိမ်မှာ ဘယ့်နှယ်လုပ်ပြီး သန့်ရှင်းရေး လုပ်နေအားပါ့မလဲ"

သူက ကျွန်မကို စပါသည်။

"ကိုယ်ဟန်ပြမယ် ဟုတ်လား။ လက်ထပ်ပြီးရင် ကျွန်မ ကိုယ်ဟန်ပြမယ် မလုပ်တော့ဘူး။ ကျွန်မ အိမ်မှာပဲနေပြီး အိမ်ကို သန့်ရှင်းစင်ကြယ်အောင် လုပ်မယ်။ ကို့အတွက် ချက်မယ်ပြုတ်မယ်၊ လျှော်မယ် ဖွတ်မယ်။ အမေကတော့ ကျွန်မဟာ ကို့ကျွန်ဖြစ်သွားမယ်လို့ပြောတာပဲ။ ဒါပေမဲ့ ကိုဟာ ကျွန်မကို ကျေးကျွန်တစ်ယောက်အနေနဲ့ပဲ ချစ်မြတ်နိုးနေတယ်ဆိုရင်ပဲ တော်ပါပြီ"

ဤနည်းဖြင့် ကျွန်မတို့သည် အတော်ကြီး ကြာအောင် စကားပြောနေကြပါသည်။ တဖြည်းတဖြည်းနှင့် ကျွန်မ၏ ကြောက်လန့်စိုးရွံ့မှုများသည် ပျက်ပြယ်သွားကြသည်။ ယုံကြည်စိတ်ချမှုများကို ပြန်၍ ရရှိသည်။ ကျွန်မက သူ့ကို ဘယ့်နှယ်လုပ်ပြီး သံသယ ရှိနိုင်ပါမည်နည်း။ သူက ကျွန်မ၏ စီမံကိန်းများကို သဘောတူရုံသာမက အသေးစိတ်ပင် ဆွေးနွေးလိုက်သေးသည်။ ကောင်းသည်ထက်ကောင်းအောင် ဖြည့်စွက် မွမ်းမံလိုက်သေးသည်။ သူသည် တကယ်ပင် စိတ်ထားဖြူစင်ပြီးရိုးသားသည်ဟု ကျွန်မက အထပ်ထပ်ထင်မြင်မိနေပါတော့သည်။

နှစ်နာရီလောက် စကားပြောမိကြတော့ ကျွန်မ အိပ်ပျော်သွားသည်။ ဂျီနိုလည်း အိပ်ပျော်သွားသည်ဟု ထင်သည်။ မြေပြင်အထက် အနည်းငယ်မြင့်တက်နေသော နံရံပြတင်းပေါက်မှ ငွေလရောင်ကလေး ယိုဖိတ်ကျလာတော့မှ ကျွန်မတို့ နိုးလာကြတော့သည်။ တော်တော်ကြီး မိုးချုပ်နေပြီဟု ဂျီနိုက ဆိုပါသည်။ တကယ်ပင်ဖြစ်၏။ စားပွဲပေါ်မှ နှိုးစက်နာရီကို ကြည့်လိုက်တော့ သန်းခေါင်ကျော်နေပြီကို တွေ့ရ၏။

"ဒုက္ခပါပဲ။ အမေက ဘယ်လိုများ လုပ်ဦးမလဲ မသိဘူး"

ကျွန်မက ရေရွတ်လိုက်ပြီး အိပ်ရာမှ ခုန်ထလိုက်ပါသည်။ ပြီးတော့ လရောင်ဖျော့ဖျော့တွင် အဝတ်များကို ဝတ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ကျွန်မတစ်သက်မှာ တစ်ခါမှ ဒါလောက်မိုးချုပ်အောင် မနေဖူးဘူး။ ဘယ်တော့မှ ကျွန်မ ည အပြင်မထွက်ဘူး"

"ကားလျှောက်စီးရင်း မြို့ပြင်မှာ ကားပျက်နေတယ်လို့ ပြောပေါ့"

"ယုံမှာ မဟုတ်ဘူး"

ကျွန်မတို့သည် တိုက်ထဲမှ ကသုတ်ကရတ်ထွက်၍ ဂျီနိုက ကျွန်မကို အိမ်အရောက် ကားဖြင့်လိုက်ပို့ပါသည်။ ကားပျက်နေသည်ဆိုသော ပုံပြင်ကို အမေယုံလိမ့်မည် မဟုတ်ကြောင်းကိုကား ကျွန်မ ကြိုတင်၍ သိခဲ့ပါသည်။ သို့ရာတွင် ကျွန်မနှင့် ဂျီနို ဘာတွေဖြစ်ကြသည်ဆိုခြင်းကိုတော့ အသေးစိတ် သိနိုင်လိမ့်မည် မဟုတ်ဟု ယူဆပါသည်။ ကျွန်မတွင် တံခါးမကြီးသော့နှင့် အခန်းသော့များ ရှိပါသည်။ ကျွန်မက လှေကားမှပြေးတက်သွားပြီး အခန်း တံခါးကိုဖွင့်လိုက်သည်။ အမေတစ်ယောက်အိပ်ပျော်နေလောက်ပြီဟု ကျွန်မက ထင်ပါသည်။ တစ်အိမ်လုံးပိန်းပိတ်အောင် မှောင်နေခြင်းက ကျွန်မ၏ အထင် ကို အထောက်အကူ ပြုနေပါသည်။ ကျွန်မကမီးမဖွင့်ဘဲ အိပ်ခန်းဆီသို့ ခြေဖျားထောက်၍ သွားပါသည်။ ထိုစဉ်တွင် ကျွန်မ၏ဆံပင်ကို ရုတ်တရက် ဆွဲကိုင်ခြင်း ခံလိုက်ရပါသည်။ အမှောင်ထဲမှာပင် အမေသည် ကျွန်မကို ဧည့်ခန်းထဲသို့ တရွတ်ဆွဲခေါ်သွားပါသည်။ ကျွန်မကို ဆိုဖာပေါ်သို့ တွန်းပစ် လိုက်ပြီးနောက် လက်သီးဆုပ်များဖြင့် ထုလိုက်ပါသည်။ စကားတစ်ခွန်းမျှ မပြောဘဲ ဒေါသတကြီး ထုရိုက်နေပါသည်။ ကျွန်မက လက်ဖြင့် ကာထားရ ပါသည်။ သို့ရာတွင် အမေသည် ကျွန်မ၏ ခုခံကာကွယ်မှုကို မြင်နေရသည့် အလား အောက်ဘက်မှနေ၍ လက်သီးဖြင့် ထိုးပါသည်။ နောက်ဆုံးတွင် သူမသည် မောပန်းသွားပြီး ကျွန်မ၏ဘေးတွင် ထိုင်ချလိုက်ပါသည်။ ဟောဟဲ ဟောဟဲ ဖြစ်နေပါသည်။ ထို့နောက် အမေသည် ထိုင်ရာမှထ၍ အခန်း အလယ်မှ မီးကို ထွန်းလိုက်ပါသည်။ ထို့နောက် ကျွန်မအနီးသို့ ပြန်လာပြီး ထိုင်ပါသည်။ သူမ၏တင်ပါးများပေါ်တွင် လက်နှစ်ဖက်ဖြင့်ထောက်၍ ကျွန်မ ကို စိုက်ကြည့်နေပါသည်။ အမေကြည့်နေသည့်အတွက် ကျွန်မက ရှက်လာ သည်။ အနေကျပ်လှသည်။ ကျွန်မ၏ အဝတ်များကိုဆွဲချပြီး တွန့်ကြေနေ သည်များကို သပ်ချနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ဂျီနီ ညားလာကြပြီ မဟုတ်လား"

သူမက အသံမှန်ဖြင့် မေးလိုက်သည်။ ကျွန်မက ဟုတ်ကဲ့ဟု ပြော လိုသည်။ အမေပြောသည်မှာ မှန်ပေသည်။ သို့ရာတွင် အမေထပ်၍ ရိုက်ဦး မည်ကို ကျွန်မ ကြောက်နေပါသည်။ ယခုအခါတွင် အလင်းရောင်ရှိနေပြီမို့ အမေ၏ လက်သီးချက်များမှာ လွဲနိုင်ဖို့မလွယ်ပါပေ။ ကျွန်မက နာကျင် သည်ထက် အညိုအမည်းများ ဖြစ်နေမည်ကို မလိုလားပါ။ မျက်လုံးကြီး ရောင်ရောင်နှင့် အပြင်မထွက်လိုပါ။ အထူးသဖြင့် ဂျီနီ မမြင်တွေ့စေလိုပါ။

"ဟင့်အင်း မဟုတ်ဘူး။ ကားပျက်နေလို့ နောက်ကျနေတာ"

"နင်တို့ နှစ်ယောက် ညားလာကြတယ်လို့ ငါ ပြောနေတယ်"

"မဟုတ်ဘူး"

"ဟုတ်တယ် နင့်ကိုယ်နင် မှန်ထဲ သွားကြည့်စမ်း။ ဖြူဖပ်ဖြူရော် ဖြစ်နေပြီ"

"ကျွန်မ သိပ်ပင်ပန်းနေတယ်။ ဒါပေမဲ့ ကျွန်မတို့ မညားဘူး"

"ညားတယ်"

"မညားဘူး"

ကျွန်မက အံ့အားသင့်၍ စိတ်သောကဖြစ်စေသည်မှာ အမေသည် ယခုကဲ့သို့ ထပ်တလဲလဲ မေးနေသော်လည်း ဒေါသထွက်ခြင်း မရှိတော့ပေ။ သိလိုစိတ်ပြင်းပြစွာဖြင့် မေးနေခြင်းသာဖြစ်ပေ၏။ တစ်နည်းဆိုရလျှင် ကျွန်မ ကိုယ်ကို ဂျီနီအား ပုံ၍အပ်ခဲ့ပြီ၊ မအပ်ပြီကို သူမသိလိုနေခြင်းမှာ အပြစ်ပေးရန် မဟုတ်ဘဲ၊ တစ်စုံတစ်ခုသော အကြောင်းအတွက် သိလိုခြင်းသက်သက်သာ ဖြစ်လေ၏။ သို့ရာတွင် မိုးကြီးချုပ်ပြီလည်းဖြစ်၏။ အမေ့အနေနှင့် ကျွန်မအား ထပ်မရိုက်တော့ပြီမှန်းကိုလည်း သိနေပြီဖြစ်သဖြင့် ကျွန်မက ဆက်လက် ဘူးခံသွားရုံသာ ရှိတော့၏။ ရုတ်တရက်ဆိုသလို အမေသည် ရှေ့သို့တိုးလာပြီး ကျွန်မကို လက်မောင်းမှ ဆွဲကိုင်လိုက်သည်။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် လက်ကိုမြှောက်လိုက်သည်။ သို့ရာတွင် ဘာမျှမလုပ်ဘဲ ပါးစပ် မှသာ ပြောလေသည်။

"နင့်ကို ငါက ဘာမှ မလုပ်ပါဘူး။ မကြောက်ပါနဲ့။ လာ ငါနဲ့ လိုက်ခဲ့"

ကျွန်မကို အဘယ်သို့ ခေါ်သွားမှန်း မသိပါ။ သို့ရာတွင် ကျွန်မသည်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်နှင့်ပင် သူမ နောက်သို့ လိုက်သွားမိပါသည်။ အမေသည် ကျွန်မကို လက်မောင်းမှဆွဲကိုင်ရင်း အခန်း အပြင်ဘက်သို့ ခေါ်သွားသည်။ လှေကားမှဆင်း၍ လမ်းပေါ်သို့ခေါ်သွားသည်။ အချိန်မတော် ညကြီးမင်းကြီး မို့ တစ်လမ်းလုံးရှင်းနေသည်။ အမေက ကျွန်မကို လက်ဦးသူနာပြုဌာနရှိရာ ဆေးတိုက်ဆီသို့ ခေါ်သွားပါသည်။ ဆေးတိုက်တံခါးဝသို့ ရောက်သောအခါ တွင် ကျွန်မက ရုန်းကန်ပါသေးသည်။ သို့ရာတွင် အမေကဆောင့်တွန်း၍ ကန်သွင်းလိုက်သဖြင့် ကျွန်မသည် ဆေးတိုက်တွင်းသို့ လေးဖက်ထောက် ပုံလဲကျမတတ်ဖြင့် ရောက်ရှိသွားပါသည်။ ဆေးတိုက်ထဲတွင် ဆိုင်ရှင်နှင့် ဆရာဝန်တစ်ဦးတို့သာ ရှိလေသည်။

"ဒါ ကျွန်မ သမီးပဲ။ သူ့ကို စစ်ဆေးကြည့်စမ်းပါ"

အမေက ဆရာဝန်ကို ပြောလိုက်သည်။ ဒေါက်တာသည် ကျွန်မကို လက်ဦးသူနာပြု ခုတင်ရှိရာ နောက်ဖေးခန်းသို့ သွားစေပါသည်။

"ဘာဖြစ်တာလဲဆိုတာ ပြောဦးမှပေါ့။ ကျွန်တော်က သူ့ကို ဘာစစ် ကြည့်ရမှာလဲ"

ဒေါက်တာက အမေ့ကို မေးလိုက်သည်။

"ဒီခွေးမလေးလား။ သူ့ရည်းစားနဲ့ ညားလာခဲ့တာပေါ့။ ဒါကို သူက မဟုတ်ဘူးလို့ ငြင်းနေတယ်။ အဲဒီတော့ ဒေါက်တာက သူ့ကို စစ်ဆေးကြည့် ပြီး ကျွန်မကို အမှန်အတိုင်း ပြောပါ"

အမေက အော်ပြောလိုက်သည်။ ဒေါက်တာကတော့ အတော်ကလေး သဘောကျသွားပုံရသည်။ သူက ပြုံးလိုက်ပြီး–

"ဒါက ရောဂါတစ်ခုမှ မဟုတ်ဘဲ။ သုတေသီတွေရဲ့ လုပ်ငန်းပဲ"

"အို... ဘာပဲ ဖြစ်ဖြစ် ကျွန်မလိုချင်တာက သူ့ကို စစ်ဆေးကြည့်ပါ။ ရှင် ဆရာဝန်တစ်ယောက် မဟုတ်ဘူးလား။ လူတွေက စစ်ဆေးပေးပါလို့ ပြောရင် ရှင် စစ်ဆေး မပေးဘူးလား"

"ဖြည်းဖြည်းပေါ့။ သိပ်လည်း ဒေါသမကြီးပါနဲ့။ မင့်နာမည် ဘယ်သူ လဲ"

သူက ကျွန်မဘက်သို့ လှည့်၍ မေးလိုက်သည်။

"အက်ဒရီယာနာ"

ကျွန်မက ဖြေလိုက်သည်။ ရှက်သည်။ သိပ်ပြီးတော့လည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်သည် ကျွန်မ အနေခက်နေသည်ကို သိမြင်ပြီး စစ်ဆေးခြင်းမပြုလို သဖြင့် အမေ့အား ပြောပါသည်။

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ ဒါဘာပြုလဲ။ နောက် သူတို့ လက်ထပ် ကြမှာပေါ့။ ဒါ မကောင်းဘူးလား"

"ကိုယ့်အလုပ် ကိုယ်လုပ်ပါ"

"ဖြည်းဖြည်း ဖြည်းဖြည်း။ သိပ်ဒေါသမကြီးနဲ့"

ဆရာဝန်က ကျွန်မဘက်သို့ လှည့်၍–

"မင်း အမေကတော့ သိပ်ကို အာသီသရှိနေတယ်။ ဒီတော့ မင်း အဝတ်အစားတွေကို ချွတ်ပေတော့။ သိပ်မကြာပါဘူး။ အခုပဲ မင်း ပြန်ရမှာ ပါ"

ကျွန်မက အားတင်းလိုက်ပြီး–

"ကောင်းပြီ။ ဒါဖြင့် ကျွန်မ ပြောမယ်။ ကျွန်မတို့ ညားခဲ့ကြတယ်။ ကဲ အမေ အိမ်ပြန်ကြစို့"

"မဟုတ်သေးဘူး သမီး။ သမီးကို အသေအချာ စစ်ဆေးပြီး ကြည့်ရ ဦးမယ်"

သူမက သြဇာတိက္ကမနှင့် ပြောလိုက်သည်။ ကျွန်မက အလျှော့ပေး လိုက်ပြီး ဂါဝန်ကို ကြမ်းပြင်ပေါ်ပုံ၍ ချွတ်ချလိုက်သည်။ ထို့နောက် ခုတင် ပေါ် တက်လိုက်သည်။ ဆရာဝန်က ကျွန်မကို စစ်ဆေး၍ ကြည့်ပါသည်။

"ခင်ဗျားပြောတာမှန်တယ်။ သူ ညားခဲ့တယ်။ ကဲ ကျေနပ်ပြီလား"

သူက အမေ့ကို ပြောလိုက်သည်။

"ဘယ်လောက် ပေးရမလဲ"

အမေက ပိုက်ဆံအိတ်ကိုထုတ်၍ မေးပါသည်။ ယင်းအခိုက်တွင် ကျွန်မက ခုတင်ပေါ်မှ ဆင်း၍ အဝတ်များကို ပြန်ဝတ်ရပါသည်။ သို့ရာတွင် ဆရာဝန်က ပိုက်ဆံယူရန် ငြင်းဆန်ပါသည်။

"မင်းရည်းစားကို ချစ်သလား"

ဒေါက်တာက ကျွန်မကို မေးသည်။

"ဟုတ်ကဲ့"

"မင်းတို့ ဘယ်တော့ လက်ထပ်ကြမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက သူ့ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး"

အမေကအော်လိုက်သည်။ သို့ရာတွင် ကျွန်မက တည်ငြိမ်စွာ ပြန်ပြောသည်။

"မကြာခင်ပေါ့"

သူက ကျေနပ်အားရသည့်အနေဖြင့် ရယ်မောကာ ကျွန်မ၏ ပါးကလေးကို ခတ်ဆတ်ဆတ်ကလေး ပုတ်လိုက်သောအခါတွင် ကျွန်မ၌ ယုံကြည်မှုများ အပြည့်အဝရှိသွားရပြန်သည်။ ထို့နောက် သူက ကျွန်မတို့ကို အပြင်အထိ လိုက်ပို့ပါသည်။

အိမ်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် အမေသည်ကျွန်မကို မှုံချိုး ပြောပြန်ဦးမည်။ ထိုမျှတင်မက ရိုက်ကောင်းပင်ရိုက်လိမ့်ဦးမည်ဟု ကျွန်မ မျှော်လင့်ထားသည်။ သို့ရာတွင် အမေက မဆူမရိုက်သည့်အပြင် မီးမွှေး၍ ကျွန်မအတွက် တစ်ခုခုချက်ပြုတ်ရန် ပြင်နေပါသည်။ မီးဖိုပေါ်သို့ အိုးတစ်အိုး တင်လိုက်ပြီးနောက် အိမ်ရှေ့ခန်းသို့ ထွက်သွားသည်။ ပြီးတော့ စားပွဲကို ရှင်းနေသည်။ ကျွန်မကတော့ စောစောက ဆိုဖာပေါ်တွင်ထိုင်၍ သူမကို ကြည့်နေမိသည်။ ကျွန်မကတော့ မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်နေမိပါသည်။ စားပွဲကို ရှင်းပြီးသောအခါတွင် မီးဖိုထဲသို့ ဝင်သွားသည်။ ခဏအကြာတွင် ဟင်းတစ်ပန်းကန်ဖြင့် ပြန်ထွက်လာသည်။

"လာ၊ စားလှည့်"

တကယ်တော့လည်း ကျွန်မသည် အတော်ကြီးပင် ဆာလောင်လျက်ရှိ၏။ ကျွန်မက ထိုင်ရာမှထ၍ မရွံ့မရဲဖြင့် အမေညွှန်ပြသော ကုလားထိုင်တွင် ထိုင်လိုက်သည်။ ပန်းကန်ထဲတွင် အမဲသားတစ်တုံးနှင့် ကြက်ဥနှစ်လုံးရှိသည်။ စားနေကျ ညစာမျိုး မဟုတ်ပေ။

"အများကြီးပါလား"

ကျွန်မက ပြောလိုက်သည်။

"စား၊ ဒါမှ နင် နေသာသွားမယ်။ နင် စားပေးဖို့လိုတယ်။ ဂျီနိုက နင့်ကို ဘာမှ မကျွေးလိုက်ဘူးလား"

"ကျွန်မတို့ အိပ်ပျော်သွားကြတယ်။ အိပ်ရာက နိုးလာတော့ သိပ် ညဉ့်နက်နေပြီ"

ကျွန်မက ဖြေလိုက်သည်။ အမေက ဘာမျှ မပြောတော့။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စားနေသည်ကို စောင့်ကြည့်နေသည်။ ဤကား သူမ၏ ထုံးစံတည်း။ အမေသည် ကျွန်မကိုစောင့်၍ ကျွေးသည်။ ကျွန်မစားသည်ကို စောင့်၍ကြည့်သည်။ ပြီးတော့မှ သူမက မီးဖိုထဲတွင် တစ်ယောက်တည်း သွားစားသည်။ ကျွန်မနှင့် အတူ တစ်စားပွဲတည်း မစားသည်မှာ အတော်ကြီး ကြာခဲ့ပေပြီ။ ပြီးတော့ အမေသည် ကျွန်မထက် အမြဲတမ်းလျှော့၍ စားသည်။ ကျွန်မ၏ အကြွင်း အကျန် သို့မဟုတ် ကျွန်မ စားသည်လောက် မကောင်းသည်များကို စားရှာပါသည်။ သူမ၏မျက်စိတွင် ကျွန်မသည် တန်ဖိုးမဖြတ်နိုင်သော သိမ်မွေ့နူးညံ့သော အရာဝတ္ထုတစ်ခု ဖြစ်၏။ ပိုးမွေးသလို မွေးရမည်ဟု ယူဆထား၏။ သူမ၏ တစ်ဦးတည်းသောသမီး ဖြစ်ပေသည်။

"ကျွန်မတို့ ကျူးကျူးလွန်လွန် ဖြစ်ခဲ့ကြလို့ အမေ စိတ်ဆိုးနေသလား။ ဒါပေမဲ့ သူက ကျွန်မကို တကယ်လက်ထပ်ယူမှာပါ။ ကျွန်မတို့ မကြာခင်ပဲ လက်ထပ်ကြမယ်"

အတန်ကြာတော့ ကျွန်မက ပြောလိုက်သည်။

"နင့်ကို ငါ စိတ်မဆိုးပါဘူး။ နင့်ကို တစ်ညလုံးထိုင်စောင့်နေရပြီး စိတ်ပူနေရတော့ အဲဒီအချိန်တုန်းကတော့ စိတ်ကိုမထိန်းနိုင်ဘဲ ဖြစ်သွားတာပေါ့။ ကဲပါ ဒါတွေကိုစဉ်းစားမနေပါနဲ့တော့။ စားသာစားပါ"

အမေ ပြောနေပုံမှာ မေးခွန်းထုတ်နေသော ကလေးတစ်ယောက်အား လူကြီးတစ်ယောက်က မဖြေချင်သည့်အခါမျိုးတွင် ပြောသည့်လေသံမျိုးဖြစ်၍ ကျွန်မမှာ သံသယ ရှိလာရတော့သည်။

"ဘာလဲ ကျွန်မကို သူတကယ်လက်ထပ်ယူမယ်ဆိုတာ အမေက မယုံဘူးလား"

"အို၊ ယုံ ယုံပါတယ်။ စားစမ်းပါ"

"ဟင့်အင်း၊ အမေ မယုံပါဘူး"

"ယုံပါတယ်။ စားပါ"

"ဟင့်အင်း၊ အမေ အမှန်အတိုင်းမပြောရင် ကျွန်မ မစားတော့ဘူး"

"ဟုတ်တယ်။ ငါ မယုံဘူး"

အမေက ပြောင်တလင်းခါနေသော ပန်းကန်ပြားကို မီးဖိုထဲသို့ ယူသွားသည်။ ကျွန်မက အမေပြန်ထွက်လာသည်အထိစောင့်နေပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဝမ်းသာနေသလား"

သူမက အတန်ကြာအောင် ကျွန်မအား ဘာမျှ မပြောဘဲနှင့် ကြည့်နေသည်။ ပြီးတော့ ခြိမ်းခြောက်သည့် လေသံဖြင့် အလေးအနက် ဖြေကြားသည်။

"ဟုတ်တယ် ငါ ဝမ်းသာနေတယ်"

"ဘာ့လို့လဲ"

"နင့်ကို သူ လက်မထပ်ဘူးဆိုတာ အတတ်သိလို့ပေါ့။ သူဟာ နင့်ကို ပစ်သွားမှာပဲ"

"မပစ်ပါဘူး။ သူ ကျွန်မကို လက်ထပ်မယ်လို့ ပြောတယ်"

"နင့်ကို သူ လက်မထပ်ပါဘူး။ သူ လိုချင်တာကို သူ ရသွားပြီပဲ။ သူက နင့်ကို ကြောရရုံ ကြံတာပဲ"

"ဒါနဲ့ အမေက ဝမ်းသာနေရရောလား"

"ဒါပေါ့။ အခုတော့ နင်တို့ နှစ်ယောက် လက်မထပ်တော့ဘူးဆိုတာ ငါ့အနေနဲ့ သေချာသွားပြီပေါ့"

"နေပါဦး၊ ဒါနဲ့ ဘာဆိုင်လို့လဲ"

"သူဟာ နင့်ကို တကယ် လက်ထပ်ယူမယ်သာဆိုရင် နင့်ကို အခုလို ကျူးကျူးလွန်လွန် မလုပ်ဘူး။ ငါနဲ့ နင့်အဖေဟာ စေ့စပ်ကြောင်းလမ်းထားကြတာ နှစ်နှစ်လောက် ကြာတယ်။ လက်ထပ်ခါနီး နှစ်လ သုံးလ အလိုလောက်မှ နင့်အဖေဟာ ငါ့ကို နှစ်ခါသုံးခါပဲနမ်းတယ်။ အခုတော့ သူဟာ နင့်ကို တစ်ခါတည်းနဲ့ အမြတ်ထုတ်သွားပြီ။ နင့်ကို စွန့်ပစ်ဖို့ပဲ ရှိတော့တယ်။ ဒါကြောင့် ငါ ဝမ်းသာနေတာပေါ့။ တကယ်လို့သာ သူက နင့်ကို လက်ထပ်ယူရင် နင့်ဘဝ ပျက်စီးတာပဲ"

အမေ ပြောနေသည်များ မှန်ကန်လိမ့်မည်ဟု ကျွန်မက လက်မခံနိုင်ပါ။ ကျွန်မ မျက်လုံးတွင် မျက်ရည်များ ရွှဲနေပါသည်။

"ကျွန်မ သိပါပြီ။ အမေဟာ ကျွန်မကို အိမ်ထောင်မပြုစေချင်ဘူး။ ကျွန်မကို အင်ဂျလီနာလိုပဲ ဖြစ်စေချင်တယ် မဟုတ်လား"

အင်ဂျလီနာဆိုသည်မှာ ကျွန်မတို့နှင့် အိမ်နီးနားချင်း အပျိုသမီးကလေး တစ်ယောက် ဖြစ်သည်။ သူမသည် စေ့စပ်ကြောင်းလမ်းမှု နှစ်ကြိမ်သုံးကြိမ် ပျက်သွားပြီးသည့်နောက်ပိုင်း ပြည့်တန်ဆာ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင့်ကို ချမ်းချမ်းသာသာ ဖြစ်စေချင်တာပဲ"

အမေက ခပ်မာမာဖြေဆိုပြီးနောက် ပန်းကန်ပြားများကိုယူကာ မီးဖိုထဲသို့သွား၍ ဆေးကြောနေလေတော့၏။ ကျွန်မတစ်ယောက်တည်း ရှိနေသောအခါတွင် အမေ၏စကားများကို အတော်ကြီးကြာအောင် စဉ်းစားနေမိပါတော့သည်။ အမေ၏ စကားများနှင့် ဂျီနို၏ ကတိ၊ ဂျီနို၏ အပြုအမူတို့ကို နှိုင်းယှဉ်၍ကြည့်သောအခါတွင် အမေ၏စကားများသည် မှန်နိုင်စရာမရှိကြပါပေ။ အမေကတော့ ပန်းကန်တွေကို ဆေးကြော၍ ပြီးသောအခါတွင် အိပ်ခန်းထဲသို့ ဝင်သွားလေတော့၏။ တော်တော်ကလေးကြာသော အခါတွင် ကျွန်မလည်း တော်တော်ကြီး မောပန်း စိတ်နွမ်းနေပြီဖြစ်၍ အိပ်ရာဝင်မိပါတော့သည်။

နောက်တစ်နေ့ကျတော့ အမေ၏ သံသယများကို ဂျီနိုအား ပြန်ပြောသင့် မသင့် ကျွန်မက ချိန်ဆနေမိပါသည်။ သို့ရာတွင် နောက်ဆုံးကျတော့ မပြောဘဲထားရန် ဆုံးဖြတ်လိုက်သည်။ ပြီးတော့ အမေပြောသလို ကျွန်မကို ဂျီနိုက စွန့်ပစ်သွားမည်ကို စိုးရိမ်နေမိပါသည်။ အမေ၏ သံသယများကို သူ့အား ပြောလိုက်မိလျှင် သူ့ ခေါင်းထဲသို့ ယင်းအတွေးအခေါ်မျိုး သွင်းပေးလိုက်မိရာကျနေပေမည်။ မိန်းမတစ်ယောက်သည် သူမ၏ကိုယ်ကို ယောက်ျားတစ်ယောက်အား ယုံ၍ ပုံအပ်မိသည့်နောက်ပိုင်းတွင် ထိုမိန်းမသည် ယင်းယောက်ျား၏ လက်ခုပ်ထဲတွင်ရှိနေပြီး၊ သူမဖြစ်စေချင်သည်များကို ဘာမျှအတင်းအကျပ် မဖြစ်စေနိုင်တော့ကြောင်းကို ကျွန်မက ပထမဆုံးအကြိမ်သဘောပေါက်မိပါတော့သည်။ သို့ရာတွင် ဂျီနိုသည် ကတိတည်လိမ့်မယ်ဟု ကျွန်မ ယုံကြည်လျက်ရှိပါသည်။ သူ၏ အပြုအမူများကလည်း ကျွန်မ၏ ယုံကြည်ချက်ကို ခိုင်မြဲစေလျက်ရှိပါသည်။ ကျွန်မသည် သူ၏ ချစ်တင်းနှောမှုများကို မျှော်လင့်တောင့်တနေခြင်းရှိသလို သူကလက်ထပ်ရေးကိစ္စကို မပြောတော့ဘဲ ရှိမည်ကိုလည်းကောင်း၊ သို့မဟုတ် သာမန်လောက်သာ ပြောမည်ကိုလည်းကောင်း စိုးရိမ်လျက် ရှိမိပါသည်။ သို့ရာတွင် ဂျီနိုသည် ကားကလေးဆီ အခါတိုင်းနေရာတွင် ရပ်မိလျှင်ရပ်မိချင်းပင် လက်ထပ်မည့်နေ့ရက်ကို ငါးလကာလအတွင်း သတ်မှတ်ထားကြောင်းပြောလေသည်။ ငါးလကနေ တစ်ရက်မျှ မစွန်းစေရဟု ဆိုပါသည်။ ကျွန်မ သိပ်ကိုဝမ်းသာသွားသည်။ ထို့နောက်

www.burmeseclassic.com



အမေ၏သံသယများကို ကျွန်မ၏စိုးရိမ်မှုများသဖွယ် ထုတ်ပြောလိုက်သည်။

"ကျွန်မ ဘာတွေ စဉ်းစားနေသလဲဆိုတာ သိလား။ မနေ့က ကိစ္စတွေ ဖြစ်ပျက်ပြီးတဲ့နောက်မှာ ကိုဟာ ကျွန်မကို ပစ်သွားတော့မှာပဲလို့ စဉ်းစားနေမိတယ်"

"ဘုရားရေ၊ မင်းဟာ ကိုယ့်ကို လူလိမ်တစ်ယောက်လို့များ ထင်နေသလား"

"မထင်ပါဘူး။ ဒါပေမဲ့ တချို့ယောကျ်ားတွေ ဒီလိုပဲလုပ်တတ်ကြတယ် မဟုတ်လား"

ကျွန်မတို့သည် လက်ထပ်မည့် နေ့ရက်များကို သတ်မှတ်ပြီး ဖြစ်သည့် အလျောက် လိုအပ်သည့် ပြင်ဆင်မှုများကို စတင်၍ ပြုလုပ်ကြရပေတော့သည်။ ပထမတွင် ကျွန်မတို့သည် အမေနှင့်ပင် အတူနေထိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။ ကျွန်မတို့တွင် ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်းအပြင် အခြားအခန်း တစ်ခန်း ရှိပေသည်။ အမေသည် ငွေကြေးမပြည့်စုံသဖြင့် ယင်းအခန်းကို အသုံးမပြုခဲ့ချေ။ ဘာမျှ အသုံးမကျသည့် ဖြုတ်စဖြင်းတောင်းများကိုသာ ထားခဲ့ကြသည်။ ကျွန်မတို့သည် အပြန်ပြန်အလှန်လှန် ဆွေးနွေးကြပြီးနောက် အနည်းဆုံး လိုအပ်ချက်များကို သတ်မှတ်ကြရာတွင် ပထမ ယင်းအခန်းကို ပြင်ဆင် မွမ်းမံရမည်။ ဒုတိယ သတို့သမီးအဝတ်အစား ချုပ်ရမည်။ ကျွန်မတို့သည် ဆင်းရဲလှသည်။ သို့ရာတွင် အမေ၌ ကျွန်မအတွက်ဆိုပြီး စုဆောင်းထားသည်များ ရှိလေသည်။ တကယ့်တကယ် လိုအပ်သည့်အခါတွင် သုံးရန်ဟု ဆိုလေသည်။ သို့ရာတွင် လိုအပ်သည့်အခါသုံးရန်ဟု ဆိုခြင်းမှာ မရေရာသော အနာဂတ်၌ လူဆင်းရဲတစ်ယောက်နှင့် လက်ထပ်သည့်အခါ သုံးရန်ဟူသော သဘောကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း ထင်ရှားလှသည်။ သို့ရာတွင် ကျွန်မက အမေ့ကို မေးကြည့်သည်။

"အမေ့မှာ ကျွန်မအတွက်ဆိုပြီး စုထားတဲ့ ပိုက်ဆံတွေရှိတယ် မဟုတ်လား"

"အင်း"

"ဟုတ်ပြီ၊ ဒါဖြင့်ရင် အမေဟာ ကျွန်မကို တကယ်ပဲ ပျော်ရွှင်စေချင်တယ်ဆိုရင် ကျွန်မနဲ့ ဂျီနို နေဖို့ အခန်းကို ပြင်ဆင်မွမ်းမံရအောင် ပေးပါလား။ အမေဟာ တကယ်ပဲ ကျွန်မအတွက် စုထားတယ်ဆိုရင်တော့ အခုသုံးဖို့အချိန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ”

ကျွန်မကတော့ ငြင်းခုံရ ဆွေးနွေးရနှင့် နောက်ဆုံးတွင် ဘာမျှရမည် မဟုတ်ဟုထင်ခဲ့သည်။ သို့ရာတွင် အမေက ကျွန်မ၏တောင်းဆိုမှုကို စိတ်ပါ ဝင်စားစွာ လက်ခံပါသည်။

“သူကတော့ ဘာမှ မပေးဘူးတဲ့လား”

“ပေးမှာပေါ့၊ ပေးပါတယ်။ ဒါပေမဲ့ ကျွန်မကလဲ ပေးရမယ်မဟုတ် လား”

အမေသည် ပြတင်းပေါက်အနီးတွင် စက်ချုပ်လျက်ရှိရာ ကျွန်မနှင့် စကားပြောရန်အတွက် စက်ကို ရပ်ထားလိုက်သည်။

“ငါ့ အခန်းထဲကိုသွား။ ဗီရိုအပေါ်ဆုံး အံဆွဲကိုဖွင့်။ သေတ္တာကလေး တစ်ခု တွေ့လိမ့်မယ်။ အဲဒီအထဲမှာ ငွေစုစာအုပ်နဲ့ ရွှေတွေရှိတယ်။ ငွေစု စာအုပ်ကိုရော ရွှေကိုရော ယူပေတော့”

ရွှေတွေဟု ဆိုသော်လည်း များများစားစားကား မဟုတ်ချေ။ လက် စွပ်တစ်ကွင်း၊ နားဆွဲတစ်ရန်နှင့် ဆွဲကြိုးကလေးတစ်ကုံးတို့သာ ဖြစ်လေ သည်။ သို့ရာတွင် အမေသည် ယင်း ရတနာများကို ကျွန်မ ငယ်ငယ်ကလေး တည်းက စုဆောင်းသိုဝှက်၍ လာခဲ့ခြင်းဖြစ်ပြီး၊ ကျွန်မသည် ယင်းပစ္စည်း များကို တစ်ခါတစ်ရံမှသာ ရိပ်ခနဲ လှစ်ခနဲ မြင်တွေ့ခွင့် ရခဲ့ရပါသည်။ ကျွန်မက အမေ့ကို ဖက်လိုက်သည်။ အမေက ကျွန်မကို တွန်းဖယ်လိုက် သည်။ ကြမ်းကြမ်းကြီးတော့မဟုတ်။ သို့ရာတွင် အေးအေးစက်စက် ဖြစ်လေ သည်။

“အပ်စူးလိမ့်မယ်”

သို့ရာတွင် ကျွန်မ မကျေနပ်ပါ။ ကျွန်မလိုချင်သည်မှာ ရွှေနှင့်ငွေသာ မကပါ။ သည့်ထက် ပိုပါသည်။ ကျွန်မနှင့် ထပ်တူထပ်မျှသော အမေ၏ ဝမ်းသာပျော်ရွှင်မှုကို လိုချင်သည်။

“သူ ကျေနပ်အောင် ပေးတာတော့ မဟုတ်ဘူး”

အမေက စက်ကို ပြန်ချုပ်ရင်း ဖြေလေသည်။

“ဂျီနို ကျွန်မကို လက်ထပ်လိမ့်မယ် ဆိုတာကို အမေက ဒီကယ် မယုံဘူးပေါ့”

“ဘယ်တော့မှ မယုံဘူး။ ကနေ့ဆိုရင် သာပြီးတော့ မယုံသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခန်းကို ပြင်ဆင်ဖို့ ဒီပိုက်ဆံတွေကို ဘာပြုလို့ ပေးသလဲ"

"ဒါက ပိုက်ဆံတွေကို လွှင့်ပစ်တာမှ မဟုတ်တာဘဲ။ ပရိဘောဂနဲ့ အထည်အလိပ်ဆိုတာက အမြဲသုံးသွားနိုင်တာပဲ။ ငွေပဲ ဖြစ်ဖြစ်၊ ကုန်ပစ္စည်းပဲ ဖြစ်ဖြစ် အတူပဲပေါ့"

"ဒါဖြင့် အမေ ကျွန်မနဲ့အတူ လိုက်ပြီး ဈေးဝယ်ပေးမလား"

"ဘုရား ဘုရား။ ဒါနဲ့ ပတ်သက်လို့တော့ ငါ ဘာမှ မလုပ်ချင်ပါကလား။ နင် ကြိုက်တာလုပ်။ နင် သွားချင်ရာသွား။ နင် ကြိုက်တာရွေး။ ဒါပေမဲ့ ငါကတော့ ဘာမှ မသိချင်ဘူး"

ကျွန်မ၏ လက်ထပ်ရေး ကိစ္စနှင့် ပတ်သက်၍မူ ပြေပြေလည်လည် ရှိအောင် အမေ့အား ဘယ်လိုမှ ချဉ်းကပ်၍ မရနိုင်ပါချေ။ အခြား မိခင်များက သူတို့သမီးများကို အိမ်ထောင်ပြုစေလိုသည်။ အမေကတော့ ဆန့်ကျင်ဘက် ဖြစ်သည်။ တားဆီးခြင်းလည်း ပြုခဲ့သည်။ အမေသည် သူ့ စိတ်ကူးနှင့်သူ ဖြစ်ပါသည်။ သူ့ အမြင်နှင့်သူ ဖြစ်သည်။ သူမ၏ ဘဝအတွေ့အကြုံများမှ ရရှိခဲ့ခြင်းပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်မတို့ လက်ထပ်ရေးကိစ္စများကို ပြင်ဆင်နေသည့်အချိန်အထိ ဂျီနိုသည် ကျွန်မအား စွန့်ပစ်သွားမည့် အရိပ်အငွေ့များ မရှိချေ။ လက်ထပ်ပွဲ ပြင်ဆင်ရေး ကုန်ကျစရိတ်အတွက် ဂျီနိုက ပိုက်ဆံပေးသည်ဟု အမေ့အား ကျွန်မ ပြောခဲ့သည်။ တကယ်တော့ ကျွန်မ ညာခဲ့ခြင်း ဖြစ်ပါသည်။ အခုထိတော့ သူက ဤကိစ္စနှင့် ပတ်သက်၍ ဘာမျှ မပြောဆိုသေးချေ။ သို့ရာတွင် တစ်နေ့သ၌ ကျွန်မက တောင်းဆိုရခြင်း မရှိဘဲနှင့် ဂျီနိုက ကျွန်မကို မင်္ဂလာစရိတ် အနည်းငယ် ပေးအပ်သောအခါ၌ ကျွန်မမှာ ဖော်မပြနိုင်အောင် ဝမ်းသာမိပါတော့သည်။ သူ့အနေနှင့် နယ်ရှိ မိသားစုများထံ ငွေပို့နေရ၍ ယခုကဲ့သို့ ငွေကြေးပမာဏ အနည်းငယ်မျှသာ ပေးနိုင်သည့်အတွက်လည်း တောင်းပန်ရှာပါသည်။ ကျွန်မသည် ထိုကာလက အင်မတန်မှ ပျော်ရွှင်ခဲ့ပါသည်။ ဂျီနိုနှင့် နေ့စဉ်တွေ့၍ ကျွန်မတို့သည် အခွင့်အရေးရလျှင် ချစ်တင်းနှောကြပါသည်။ ကားနောက်ခုံပေါ်တွင် လည်းကောင်း၊ ချောင်ကျကျနေရာတွင် မတ်တတ်ရပ်၍ လည်းကောင်း၊ မြို့အပြင် လယ်ကွင်းထဲတွင် လည်းကောင်း၊ ဂျီနို၏အခန်းတွင် လည်းကောင်း ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ညတွင် ကျွန်မတို့ နှစ်ယောက်သည် အိမ်သို့အပြန် အခန်းတံခါး အပြင်ဘက် ကြမ်းပြင်ပေါ်မှာပင် လှဲအိပ်၍ စိတ်ရှိတိုင်း ချစ်မိကြပါသည်။ နောက်တစ်ခါတော့ ရုပ်ရှင်ရုံထဲတွင် ဖြစ်သည်။ ပြစက်ခန်း အောက်တည့်တည့်ရှိ နောက်ဆုံးတန်းတွင် ကျွန်မတို့ နှစ်ဦးသည် လုံးထွေးလျက် ရှိပါသည်။ ကျွန်မသည် ဓာတ်ရထားပေါ်တွင် လည်းကောင်း၊ လူစည်ကားရာတွင် လည်းကောင်း တိုးရ၊ ခွေ့ရ၊ သွားရ၊ လာရသည်ကို အင်မတန် သဘောကျပါသည်။ လူအုပ်ကြီးက နောက်ဘက်မှနေ၍ တိုးလိုက်သောအခါတွင် ကျွန်မသည် အခွင့်ကောင်းယူ၍ သူ့ကိုယ်ကို ကျွန်မကိုယ်နှင့် တင်းတင်းကျပ်ကျပ် ဖိကပ်ထားလိုက်ပါသည်။ မည်သည့် နေရာမှာပဲဖြစ်ဖြစ်၊ မည်သူတွေ၏ ရှေ့မှာပဲ ဖြစ်ဖြစ်၊ ကျွန်မသည် တစ်နည်းနည်းဖြင့်တော့ သူ့ကိုဖက်ထားလိုသည်။ သူ့ဆံပင်များကို လက်ငါးချောင်းဖြင့် ထိုးဖွလိုသည်။ သူ့လက်ကို နာနာ ညှစ်ချင်သည်။

သို့ရာတွင် ကျွန်မတို့ လက်ထပ်ရေးကိစ္စသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ငွေကြေးရရှိနိုင်သမျှ ရရှိနိုင်စေရန် ကျွန်မက အမေ့ကို အတတ်နိုင်ဆုံး ကူညီလုပ်ကိုင်ပါသည်။ ညဉ့်နက်သန်းခေါင်ကျော်အထိ အပ်ချုပ်စက်တွင် ထိုင်ပါသည်။ ကိုယ်ဟန်မပြရသော နေ့လယ်နေ့ခင်းများတွင်ကား ကျွန်မသည် ဂျီနိုနှင့်အတူ ဆိုင်တကာကို လိုက်လံမွှေနှောက်၍ ပရိဘောဂများနှင့် သတို့သမီး အဆင်တန်ဆာများကို ရှာဖွေပါသည်။ ကျွန်မတွင် သုံးစွဲနိုင်သည့် ငွေကြေးက အနည်းငယ်မျှသာရှိသည်ဖြစ်ရာ၊ ပစ္စည်းတစ်ခုကို ဝယ်တော့မည် ဆိုလျှင် အပြန်ပြန်အလှန်လှန် တွက်ချက်စစ်ဆေးရပါသည်။ အချို့ပစ္စည်းများကို ကျွန်မ မဝယ်နိုင်မှန်းသိပါလျက်နှင့် အပြင်သို့ ထုတ်စေပါသည်။ အကျအန ရွေးချယ် စစ်ဆေးကြည့်ရှုပါသည်။ ဈေးမေး၍ ဈေးဆစ်သည်။ နောက်ဆုံးမှာတော့ ကျွန်မသည် မကျေနပ်သည့်အနေဖြင့်လည်းကောင်း၊ သို့မဟုတ် နောက်မှလာမည်ဟု ပြော၍လည်းကောင်း ဘာတစ်ခုမျှ မဝယ်ဘဲနှင့် ဆိုင်ထဲမှ ထွက်ခဲ့ပါသည်။ ပိုက်ဆံမရှိလျှင် ပျော်ရွှင်မှုမရနိုင်ဟူသော အမေ့၏ စကားသည် မှန်၍ မှန်၍ လာပါတော့သည်။ ဂျီနို၏ သခင်မတိုက်နှင့် ပရိဘောဂ အသုံးအဆောင်များကို မြင်တွေ့ခဲ့ရစဉ်ကတစ်ကြိမ်၊ ယခု ပစ္စည်းများကို အဝယ်ထွက်စဉ်တွင် တစ်ကြိမ် ကျွန်မသည် ငွေ၏ အရေးကြီးပုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘ၀၏မတရားမှုများကို သိမြင်လာရတော့သည်။ သို့ရာတွင် ဤအဖြစ်များကို မေ့ပျောက်သွားစေရန် ကျွန်မက ချစ်တင်းနှောမှုတို့ကိုသာ ဖွတ်တိုး ဖွတ်ဆင့်၍ ပြုလုပ်နေမိပါသည်။ ကျွန်မအဖို့ အချစ်တစ်ခုသာ ပျော်ရွှင်စရာရှိပါသည်။ အချစ်တစ်ခုသာလျှင် ကျွန်မအား ကြေးရတတ်အမျိုးသမီးများနှင့် ကြမ်းတစ်ပြေးတည်း ရှိစေပါသည်။

နောက်ဆုံးတွင်တော့ ကျွန်မသည် ဆိုင်တကာလည်၍ ဈေးမေးပြီးနောက်၊ ဈေးမေး ဈေးဆစ်ပြီးနောက်၊ ဆွေးနွေးတိုင်ပင် စဉ်းစားပြီးနောက် ခေတ်မီနည်းစနစ်ဖြင့် ဝယ်ယူခြင်း ပြုရပါတော့သည်။ ခေတ်မီစနစ်ဆိုသည်ကား အပြီးအပိုင် မဝယ်နိုင်သဖြင့် 'ငှားရမ်း ဝယ်ယူ'ခြင်းပင် ဖြစ်ပါတော့သည်။ နှစ်ယောက်အိပ် ခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင် တစ်လုံးနှစ်လုံး၊ အဝတ်ဗီရို တစ်လုံးတို့ ဖြစ်ပါသည်။ ယင်းတို့သည် ခပ်ရိုးရိုး ခပ်ပေါပေါ ခပ်ကြမ်းကြမ်း အထည်များသာ ဖြစ်ပါသည်။ အခန်းနံရံ လေးဖက်ကို ဆေးဖြူသုတ်၍ တံခါးနှင့် ပြတင်းပေါက်များကို အရောင်တင်ပါသည်။ ကြမ်းကို ပြောင်နေအောင် တိုက်ပါသည်။ ယင်းသို့ဖြင့် ကျွန်မတို့၏ အခန်းကလေးသည် အမှိုက်သရိုက် ဒိုက်ပင်လယ်ကြီးအတွင်းမှ မြကျွန်းသာကလေး ဖြစ်နေပါတော့သည်။ ပရိဘောဂများ ရောက်လာသောနေ့သည် ကျွန်မ၏ ဘ၀တွင် အပျော်ဆုံးနေ့ ဖြစ်ပါသည်။ ဤသို့ သေသပ်သော၊ သန့်ရှင်းသော အခန်းကလေး တစ်ခန်းသည် ကျွန်မ၏ ကိုယ်ပိုင် အခန်းတစ်ခန်း ဖြစ်ကြောင်းကို မယုံကြည်နိုင်အောင်ပင် ရှိနေပါသည်။ ဤသို့သော မယုံကြည်နိုင်မှုတွင် ကျေနပ်အားရမှုများသည် ရောယှက်လျက် ရှိပါသည်။ ကျွန်မသည် အခန်းနှင့် ပရိဘောဂများကို ပြောင်သည်ထက် ပြောင်အောင်၊ တောက်သည်ထက် တောက်အောင် ပွတ်တိုက် အရောင်တင်နေမိ၏။ ကျွန်မ၏ စိတ်များကို လုံး၀ လွှတ်ပေးလိုက်မိလျှင် ကျွန်မသည် ယင်းပစ္စည်းများကို အမှန်ပင် နမ်းမိပေလိမ့်မည်။ ခန်းဆီးမရှိသော ပြတင်းပေါက်မှနေ၍ အောက်သို့ ကြည့်လိုက်သောအခါတွင်ကား ညစ်ပတ်ပေရေသော အိမ်ဝင်းနှင့် ကျွန်မတို့လိုပင် ရှည်ရှည်ပုပု တန်းလျားစုတ်များ ဝန်းရံလျက်ရှိသည်ကို မြင်တွေ့ရသည်။ ဝင်းထဲသို့ကြည့်ရသည်မှာ ဆေးရုံတစ်ခု သို့မဟုတ် အကျဉ်းထောင်တစ်ခုကို ကြည့်ရသကဲ့သို့ပင် ဖြစ်၏။ သို့ရာတွင် ကျွန်မသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် မိန်းမောနေမိပြီဖြစ်သဖြင့် ယင်း အနိဋ္ဌာရုံများကို သတိမထားမိတော့ပါ။

www.burmeseclassic.com



ကျွန်မ၏ အခန်းကို ဖူးပွင့်ဝေဆာ သာယာလှပသော ဥယျာဉ်ကြီးတစ်ခုဟု မှတ်ယူနေတော့၏။ ဤနေရာ ဤဌာနတွင် တည်ဆောက်မည့် ကျွန်မနှင့် ဂျီနို၏ဘဝကို စိတ်ကူးယဉ်နေမိပါ၏။ ကျွန်မတို့ အဘယ်ပုံ အိပ်ကြမည်၊ အဘယ်ပုံ ချစ်လိုက်ကြမည်ဟု စိတ်ကူးအားခဲထားပါသည်။ တတ်နိုင်သည့် အချိန်တွင် လိုအပ်သည့်ပစ္စည်းကလေးများကို ထပ်၍ ဝယ်ဦးမည်။ ကျွန်မ အနေနှင့် စိတ်မကောင်းဖြစ်နေမိသည်မှာ တစ်ခုပဲရှိသည်။ ဂျီနို၏ သခင်မကဲ့သို့ လှပသစ်လွင်သော၊ သန့်ရှင်းသပ်ရပ်သော ရေချိုးခန်းတစ်ခု မရှိခြင်းပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မ၏အခန်းကိုကား အစွမ်းကုန် သန့်ရှင်းသပ်ရပ် အောင် ပြုလုပ်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။ သာယာစိုပြည်သော ဘဝ တစ်ခု၏ အစသည် သန့်ရှင်းသပ်ရပ်မှုသာဖြစ်သည်ဟု ဂျီနိုတို့ တိုက်သို့ ပထမဆုံးရောက်ခဲ့ဖူးကတည်းက ကျွန်မက စွဲမြဲယူဆထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

ယင်းအချိန်ကာလ အပိုင်းလောက်မှာပင် ကျွန်မသည် ကိုယ်ဟန်ပြမယ် အလုပ်ကို ဆက်လက်လုပ်ကိုင်နေရင်းနှင့် ဂျီဆယ်လာအမည်ရှိသော အခြား ကိုယ်ဟန်ပြမယ်ကလေးတစ်ဦးနှင့် သိကျွမ်း ခင်မင်ခဲ့ရပါသည်။ သူမသည် အရပ်အမောင်း ကောင်းကောင်း၊ အလုံးအထည် တောင့်တောင့်၊ အသားအရေ ဖြူဖြူဖွေးဖွေး၊ ဆံကေသာ ခွေခွေနက်နက်၊ မျက်လုံးသေးသေး ပြာပြာ၊ နှုတ်ခမ်း ပြည့်ပြည့်ရဲရဲတို့ဖြင့် ဖြစ်လေသည်။ သူမ၏ စရိုက်သည် ကျွန်မနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သည်။ သူမက စိတ်မြန်သည်။ နှုတ်ထက်သည်။ ရန်လိုသည်။ တစ်ချိန်တည်းမှာပင် လက်တွေ့ကျသည်။ ယင်းကဲ့သို့ စရိုက် ဘာသာ ခြားနားလှ၍လည်း ကျွန်မတို့နှစ်ယောက် ခင်မင်ရင်းနှီးမိကြခြင်း လည်း ဖြစ်တန်ကောင်းသည်။ သူမတွင် ကိုယ်ဟန်ပြမယ်အလုပ်အပြင် အခြား အလုပ်အကိုင်တစ်ခုရှိသည်ဟု ကျွန်မ မသိရပါ။ သို့ရာတွင် သူမသည် ကျွန်မ ထက် ကောင်းကောင်းဝတ်နိုင် စားနိုင်သည်။ သူ့ရည်းစားဆိုသူထံမှ လက် ဆောင်နှင့် ပိုက်ဆံများရရှိသည်ကို သူက ဖုံးကွယ်ခြင်းမပြုပါ။ ထိုနှစ် ဆောင်း တွင်းက သူမ မကြာခဏဝတ်လေ့ရှိသော အင်္ကျီအနက်ကလေးကို ကျွန်မမှာ အတော်ကြီးပင် မနာလိုဝန်တို သွားရည်ယိုခဲ့မိပါသည်။ သူ့ရည်းစား၏ အမည်မှာ ရစ်ကာဒို ဖြစ်ပါသည်။ သူသည် အရပ်မြင့်၏။ နှစ်လိုဖွယ်ရာ ရှိ၏။ ချောမွတ်နူးညံ့သောမျက်နှာ ရှိ၏။ အတော်ကြီးကို လှပခံ့ညားသော

www.burmeseclassic.com



လူရွယ်တစ်ယောက် ဖြစ်သည်ဟု ထိုစဉ်က ကျွန်မ ထင်မြင်မိ၏။ သူတို့ကို ကြည့်လိုက်လျှင် အမြဲတမ်း တောက်တောက်ပြောင်ပြောင် သားသားနားနား ဖြစ်၏။ အဝတ်အစားသစ်များနှင့် ဖြစ်၏။ သူ့အမေသည် လည်စည်းနှင့် ယောကျ်ားဝတ် အတွင်းထည်များကိုရောင်းချသော ဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သည်ဟု ဆို၏။ သူသည် ရိုး၏။ သဘောကောင်း၏။ ရှင်လန်း၏။ လူသန့် လူကောင်းကလေးတစ်ဦးပင် ဖြစ်၏။ သူနှင့် ဂျီဆယ်လာသည် ချစ်သူများ ဖြစ်ကြသော်လည်း ကျွန်မနှင့် ဂျီနိုလို တစ်ကြိမ်တစ်ခါမျှ လက်ထပ်ရေး အကြောင်းကို မပြောဆိုကြချေ။ သို့ရာတွင် ဂျီဆယ်လာမှာလည်း ကျွန်မလိုပင် မင်္ဂလာဆောင်ရေးကို မျှော်မှန်းပေသည်။ သို့ရာတွင် သိပ်ကြီးတော့လည်း အာသီသ မထားချေ။ ရစ်ကာဒို အနေနှင့်ကား ဂျီဆယ်လာကို လက်ထပ်ရန် တစ်ကြိမ်တစ်ခါမျှ စိတ်ကူးမိပုံမပေါ်ချေ။ ဂျီဆယ်လာသည် အမိုက်မကလေး ဖြစ်၏။ သို့ရာတွင် သူမသည် ကျွန်မထက် အတွေ့အကြုံရှိ၍ ကျွန်မကို ကြည့်ရှုစောင်မလိုသည်။ ပါးရည်နပ်ရည်ရှိလေအောင် သင်ပြလိုလေသည်။ အတိုကောက်ပြောရလျှင် ဘဝနှင့် ပျော်ရွှင်မှုအပေါ်တွင် ထားရှိသော သူမ၏ အယူအဆများသည် အမေနှင့် တစ်ထေရာတည်း ဖြစ်ပေသည်။ သို့ရာတွင် ဂျီဆယ်လာသည် သူမ၏အကြံဉာဏ်များကို ကျွန်မကငြင်းပယ်ရုံမက၊ ကျွန်မ၏ အယူအဆနှင့်ကျွန်မ ရှိနေသဖြင့် ကျွန်မအား ဝေဖန်ပြစ်တင်လိုခြင်း ရှိနေသည်များကို သိမြင်သောအခါတွင်ကား သူမသည် စီမံကိန်းတစ်ခုကို ရေးဆွဲလေတော့သည်။ ကျွန်မကို သူမကဲ့သို့ပင် အလျှင်အမြန် ဖြစ်လာစေရန်ပင် ဖြစ်သည်။

ဤအတွင်း သူမသည် ကျွန်မကို သန့်ရှင်းဖြူစင်သော ဘဝတစ်ခုကို ထိန်းသိမ်းနေခြင်းအတွက် လူအ လူမိုက်တစ်ယောက်သာဖြစ်သည်ဟု တဖွဖွ ပြောဆိုနေတော့၏။ ကျွန်မ၏ အဝတ်အစားများ စုတ်ချာနိမ့်ညံ့နေသည့် အတွက်လည်းကောင်း၊ ကျွန်မ၏ဘဝ ဤမျှ ဆင်းရဲနွမ်းပါးနေသည့်အတွက် လည်းကောင်း၊ ရက်ဖွယ်ရာကောင်းလှသည်ဟု ဆိုပါသည်။ ကျွန်မကသာ အလိုရှိလျှင် ကျွန်မ၏ရုပ်ရည်ဖြင့် အခြေအနေ အရပ်ရပ်ကို လုံးဝ ပြောင်းလဲ ပစ်နိုင်သည်ဟု ဆိုပါသည်။ နောက်ဆုံးတွင် သူမအား ကျွန်မနှင့် ဂျီနို၏ အကြောင်းကို ပြောပြလိုက်ရသည်။ ကျွန်မတို့သည် စေ့စပ်ထားပြီးပြီ ဖြစ်ကြောင်း မကြာမီတွင် လက်ထပ်ကြတော့မည့်အကြောင်းကို သူမအား



www.burmeseclassic.com

www.burmeseclassic.com



သတိပေး ပြောဆိုလိုက်ရသည်။ ဂျီနို ဘာလုပ်သနည်းဟု သူမက အလော တကြီး မေးမြန်းပြီးနောက် ဒရိုင်ဘာတစ်ယောက်ဖြစ်ကြောင်း ကြားသိရသော အခါတွင်ကား မျက်နှာကို ရှုံ့မဲ့လိုက်သည်။ သို့ရာတွင် သူမအား ဂျီနိုနှင့် မိတ်ဆက်ပေးရန်ကိုကား ဂျီဆယ်လာက ပြောပါသည်။

ဂျီဆယ်လာသည် ကျွန်မ၏ အကောင်းဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ပြီး ဂျီနိုသည် ကျွန်မ၏ ရည်းစား ဖြစ်လေသည်။ ယခုအခါတွင် ကျွန်မ သည် သူတို့နှစ်ဦးကို မှန်မှန်ကန်ကန်ကြီး အကဲခတ်နိုင်ပြီဖြစ်၏။ သို့ရာတွင် ထိုစဉ်က ကျွန်မသည် သူတို့၏စရိုက်မှန်ကို မသိနိုင်ခဲ့ပါ။ ယင်းကြောင့် ကျွန်မသည် သူတို့နှစ်ဦးအား မိတ်ဆက်၍ ပေးခဲ့ပါသည်။ သူတို့နှစ်ဦးသည် ခင်မင်ရင်းနှီးသော မိတ်ဆွေနှစ်ဦး ဖြစ်လာကြလိမ့်မည်ဟု ကျွန်မက မျှော်လင့် မိသည်။ ကျွန်မတို့သည် နို့ဆိုင်တစ်ခုထဲတွင် တွေ့ဆုံကြခြင်း ဖြစ်သည်။ ဂျီဆယ်လာသည် တစ်ချိန်လုံး နှုတ်ဆိတ်နေ၏။ မကျေမနပ်ရှိနေသည်မှာ သိသာထင်ရှားလှ၏။ ဂျီနိုသည် ထုံးစံအတိုင်းပင် ဂျီဆယ်လာအား သူ့အလုပ် ရှင်များ မည်မျှ ချမ်းသ ကြွယ်ဝကြောင်းတို့ကို ပြောပြနေသည်။ သူတစ်ပါး၏ စည်းစိမ်ဥစ္စာတွင် ယစ်မူးနေစေပြီး သူ၏ မရှိဆင်းရဲခြင်းကို ဖုံးကွယ်ရန်ဖြစ် သည်။ သို့ရာတွင် ဂျီဆယ်လာက သဘောထားပြောင်းလဲခြင်းမရှိဘဲ မှတ်ချက် ချလိုက်သည်။

"အက်ဒရီယာနာကိုရတာ ရှင် ကံကောင်းတယ်"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ ဒရိုင်ဘာတွေဟာ အစေခံမတွေနဲ့သာ ရတတ်လို့ ပဲ"

ဂျီနို မျက်နှာပျက်သွားသည်ကို ကျွန်မ တွေ့ရသည်။ သို့ရာတွင် သူသည် အငိုက်မမိတတ်သူတစ်ဦး ဖြစ်သည်။

"ခင်ဗျား ပြောတာ မှန်တယ်"

သူက အသံကို နှိမ့်၍ ခပ်တိုးတိုး ပြန်ပြောသည်။ အင်မတန် ထင် ရှားသော အချက်တစ်ခုကို ယခုမှ ထင်းခနဲ တွေ့မြင်လိုက်ရသူပမာ ပြောနေ ခြင်း ဖြစ်သည်။

"တကယ်ပဲ ဒရိုင်တွေဟာ ထမင်းချက်တွေနဲ့သာ ရတတ်တာပဲ။ ကျွန်တော်လည်း ဒီလိုပဲ ဖြစ်သင့်တာပဲ။ ဘာကြောင့်များ ကျွန်တော်က ဒီ အကြောင်းကို စောစောက မစဉ်းစားမိခဲ့သလဲမသိဘူး။ အခုလိုပဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဟာ အက်ဒရီယာနာကို ကိုယ်ဟန်ပြမယ်တစ်ယောက်ထက် အစေခံ တစ်ယောက် ဖြစ်စေချင်ပါတယ်"

ဂျီဆယ်လာက ကန့်ကွက်စကား ဖြတ်၍မပြောနိုင်။ သူက လက်ကာပြလိုက်ပြီး ဆက်ပြောသည်။

"ကျွန်တော်ဆိုလိုတာက လုပ်ငန်းသဘောထက် အဲ... အမှန်ကိုပြောရရင် ယောကျ်ားတွေရှေ့မှာ အဝတ်အစားတွေ ချွတ်ပြရတဲ့ အလုပ်ကို ကျွန်တော် သဘောမကျနိုင်ဘူး။ ပြီးတော့ ဒီအလုပ်ကိုလုပ်ရင်းနဲ့ သူဟာ အသိအကျွမ်းတွေ ရသွားနိုင်သေးတယ်။ သူ့အသိအကျွမ်းတွေဟာ"

သူက ခေါင်းကို ယမ်းခါလိုက်ပြီး စီးကရက်ဘူးကို ထုတ်ကာ ဂျီဆယ်လာအား တည့်လိုက်သည်။

"စီးကရက် သောက်ပါဦး"

ဂျီဆယ်လာသည် ဘာပြန်ပြောရမှန်းမသိ ရှိနေပြီး စီးကရက်ကို ငြင်းဆန်လိုက်သည်။ ထို့နောက် သူမ၏ လက်မှနာရီကို ကြည့်လိုက်သည်။

"အက်ဒရီယာနာရေ တို့သွားကြစို့လား။ နောက်ကျနေပြီ"

သူမက ပြောလိုက်သည်။ တကယ်ပင် နောက်ကျနေချေပြီ ဖြစ်၏။ နို့ဆိုင်ထဲမှ ထွက်လာကြပြီးနောက်တွင် ကျွန်မတို့သည် ဂျီနိုကို နှုတ်ဆက်ကာ လမ်းခွဲခဲ့ကြသည်။

"မင်းဟာ တကယ့်ကို ကြောင်တာပဲ။ ကိုယ်သာဆိုရင်တော့ ဒီလိုလူမျိုးကို ဘယ်တော့မှ လက်မထပ်ဘူး"

လမ်းတွင် ဂျီဆယ်လာက ကျွန်မကို ပြောပါသည်။

"မင်း သူ့ကို သဘောမကျဘူးလား"

ကျွန်မက သူ့ကို စိုးရိမ်တကြီး မေးလိုက်သည်။

"နည်းနည်းကလေးမှ မကြိုက်ဘူး။ ပထမဆုံး မကြိုက်တဲ့အချက်ကတော့ သူဟာ အရုပ်မြင့်တယ်လို့ မင်းက ပြောခဲ့တယ်မဟုတ်လား။ ဒါပေမဲ့ တကယ်တမ်းကျတော့ သူဟာ မင်းထက် ပုတာပဲ။ ပြီးတော့ သူဟာ မင်းကို ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်ကန်ကန် မဆက်ဆံဘူး။ သူ ပြောနေတဲ့စကားတွေဟာ သူ့ စိတ်ရင်းအမှန်က ပြောနေတဲ့စကားတွေ မဟုတ်ဘူး။ ပြီးတော့ သူက ဘာကြီးတွေပဲပြောပြော သူဟာ ဒရိုင်ဘာ တစ်ယောက်ပဲ"

"ဒါပေမဲ့ ကိုယ် သူ့ကို ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူကတော့ မင်းကို မချစ်ဘူး။ တစ်နေ့ကျရင် သူဟာ မင်းကို ပစ်သွားမှာပဲ"

သူမက ပြောပါသည်။ ယင်းနိမိတ်ဖတ်ချက်ကြောင့် ကျွန်မမှာ နောက်တွန့်သွားရသည်။ သူမပြောသည်တို့မှာ အမေပြောသည်တို့နှင့် တစ်ထပ်တည်းပင်ဖြစ်ပါသည်။ ဂျီဆယ်လာသည် ဂျီနို၏ အတွင်းသဘောကို တစ်နာရီလောက်ကလေးတွေ့ရုံနှင့် လပေါင်းများစွာ သိကျွမ်းရင်းနှီးခဲ့သော ကျွန်မထက် ပိုပြီးသိမြင်နိုင်ကြောင်းကို ကျွန်မက ယခုအခါတွင် ဝန်ခံရပေမည်။ တစ်ဖက်တွင်လည်း ဂျီနိုသည် ဂျီဆယ်လာကို အတော်ကလေး အလိုမကျ ဖြစ်နေသည်။ သူ၏အလိုမကျမှုများမှာလည်း မှန်ကန်ကြောင်းကို ကျွန်မက ထပ်လောင်း၍ ဝန်ခံရပေမည်။ အမှန်ပြောရလျှင်တော့ ကျွန်မသည် ထိုစဉ်က အတွေ့အကြုံ မရင့်ကျက်သေးသောကြောင့် သူတို့နှစ်ယောက်စလုံးကို ဆင်ကန်းတောတိုး ခင်မင်ခဲ့သည်။ သို့ရာတွင် သူတို့ နှစ်ယောက်ကမူ မြွေမြွေချင်းမို့ ခြေမြင်ကြပါသည်။

"မင်းရဲ့ ဂျီဆယ်လာကတော့ လမ်းပေါ်က မိန်းကလေး တစ်ယောက်ပဲ"

သူက ယင်းသို့ပြောလိုက်တော့ ကျွန်မမှာ အံ့သြသွားရသည်။ သည်တော့ သူက ဆက်လက် ရှင်းပြသည်။

"သူဟာ မိန်းမပျက် တစ်ယောက်ပဲ။ သူ့ရဲ့ အမူအရာနဲ့ စရိုက်တွေဟာ မိန်းမပျက် တစ်ယောက်ရဲ့ ပုံစံပဲ။ သူက အဝတ်ကောင်း အစားကောင်းကလေးတွေ ဝတ်ထားရတော့ တော်တော် ဘဝင်မြင့်နေတယ်။ ဒါပေမဲ့ သူ ဒီအဝတ်တွေကို ဘယ်လိုလုပ်ပြီး ဝယ်နိုင်မလဲ"

"သူ့ ရည်းစားက ပေးတာပဲ"

"တစ်ည တစ်ညမှာ ရည်းစား တစ်ယောက် တစ်ယောက်စီက ပေးတာမျိုးမဟုတ်လား။ ဒီမယ် နားထောင်။ အခု ပြဿနာက သူလား ကိုယ်လားပဲ"

"ဘာကို ဆိုလိုတာလဲ"

"ကိုယ်ဆိုလိုတာကတော့ မင်း ကြိုက်တာကို ရွေးဖို့ပဲ။ အဲ သူနဲ့ ဆက်ပြီး အပေါင်းအသင်းလုပ်နေမယ် ဆိုရင်တော့ ကိုယ့်ကို မည့်မတွက်နဲ့တော့ပေါ့။ သူလား၊ ကိုယ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့ကို ဖျောင်းဖျ ပြောဆိုပါသေးသည်။ သို့ရာတွင် မရပါ။ သူက ဂျီဆယ်လာ၏ မထီမဲ့မြင်မှုကို အတော်ကြီး နာကြည်းနေပုံရပါသည်။ သို့ရာတွင် သူ့အနေနှင့် ပြောရေးဆိုခွင့်များကလည်း ရှိနေပါသည်။ သူက ကျွန်မ၏ရည်းစား ဖြစ်သည်။ သူက ကျွန်မတို့၏ အိမ်ထောင်ရေးကို ထည့်သွင်း၍ ပြောသည်။ 'ကျုပ်ရဲ့ရည်းစားဟာ မကောင်းတဲ့မိန်းမတွေနဲ့ ဘာမှ မပတ်သက်ပါဘူး' သူက ယင်းသို့ ပြောဆိုနိုင်ချင်သည်။ နောက်ဆုံးတွင် ကျွန်မသည် လက်ထပ်ရေးကိစ္စ ပျက်ပြားသွားမည်ကိုစိုးရိမ်သဖြင့် ဂျီဆယ်လာကို နောက်နောင်တွင် မတွေ့တော့ပါဟု သူ့အား ကတိပေးလိုက်ရသည်။ သို့ရာတွင် ကျွန်မ၏ကတိကို ကျွန်မ ထိန်းသိမ်းနိုင်လိမ့်မည် မဟုတ်ကြောင်းကိုကား သိပါသည်။ အကြောင်းမူ ကျွန်မနှင့် ဂျီဆယ်လာသည် ပန်းချီအလုပ်ရုံ တစ်ခုထဲတွင် တစ်ချိန်တည်း အလုပ်ဆင်းနေကြရသူများ ဖြစ်သောကြောင့် တည်း။

ထိုနေ့၏ နောက်ပိုင်းတွင်ကား ကျွန်မသည် ဂျီဆယ်လာကို ဂျီနို မသိအောင် တွေ့ဆုံဆက်ဆံရပါတော့သည်။ ဂျီဆယ်လာကလည်း အခါအခွင့် ရတိုင်း ကျွန်မတို့ စေ့စပ်ကြောင်းလမ်းခြင်းကို စိတ်မပျက်ပျက်အောင် ပုတ်ခတ် ပြောဆိုပါသည်။ သူ၏ရည်းစား ရစ်ကာဒိုကလည်း ကျွန်မတို့ နှစ်ယောက်ကို တစ်တန်းတစ်စားတည်းယူဆပြီး အလေးအနက် ထားအပ် သည်ဟု မထင်သည့်အလျောက် သူမဘက်မှနေ၍ ကျွန်မကို လှောင်ပြောင် လျက်သာရှိပါတော့၏။ သို့ရာတွင် သူ၏လှောင်ပြောင်သရော်ခြင်းမှာ အပျင်း ပြေ သဘောသာ ဖြစ်ပါ၏။

"မင်းကို ကိုယ် ပြောစရာ တစ်ခု ရှိတယ်။ ဒါပေမဲ့ ကိုယ် ပြောတာကို ဆုံးအောင် နားမထောင်ဘဲနဲ့ အခါတိုင်းလိုတော့ ခေါင်းမာမနေပါနဲ့"

တစ်နေ့တွင် ဂျီဆယ်လာက ပြောလာပါသည်။

"ဆိုစမ်းပါဦး"

"ကိုယ် မင်းကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်း သိတယ် မဟုတ်လား။ မင်းဟာ ကိုယ့်ရဲ့ ညီမ တစ်ယောက်ပဲ။ မင်းရုပ် မင်းရည်နဲ့ မင်းလိုချင်တာ ဘာမဆို ရနိုင်တယ်။ မင်းကို ဒီအဝတ်အစား အစုတ်အပြတ် တွေနဲ့ ကိုယ် နည်းနည်းမှ မမြင်ချင်ဘူး။ မင်းကို ကြည့်ရတာ ကျွန်စုပ် ပစ်တဲ့ သရက်စေ့လောက်မှ ပြောင်ပြောင် ရောင်ရောင် မရှိဘူး။ ဒီမယ်

www.burmeseclassic.com

www.burmeseclassic.com



နားထောင်။ လူကြီးလူကောင်းတစ်ယောက် ရှိတယ်။ တကယ့် ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်ပဲ။ သူဟာ မင်းကို မြင်ဖူးပြီး သိပ်စိတ်ဝင်စားနေတယ်။ သူ့မှာ မိန်းမရှိတယ်။ ဒါပေမဲ့ သူ့ အိမ်သားတွေအားလုံးက နယ်မှာပဲ။ သူဟာ ပုလိပ်ဘက်မှာ ဧရာမ ကြီးကြီးမားမားတာ တစ်ယောက်ပဲ"

သူမက လေသံဖြင့် ဆက်၍–

"မင်း သူ့ကို သိချင်တယ်ဆိုရင်တော့ ကိုယ် မိတ်ဆက်ပေးမယ်။ သူဟာ လူကောင်းတစ်ယောက်ပဲ။ လေးနက်တည်ကြည်မှုရှိတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ ဘာမှ မသိနိုင်ဘူးဆိုတာတော့ မင်း စိတ်ချထား။ သူဟာ မင်းနဲ့ ဂျီနိုရဲ့ကိစ္စကို ဘာမှဝင်ပြီး စွက်ဖက်မှာမဟုတ်ဘူး။ မင်းတို့ ချင်းချင်း လက်ထပ်ကြရင်လဲ ဘာမှပြောမှာ မဟုတ်ဘူး။ သူက မင်းကို အခုထက် ချောင်ချောင်လည်လည်ရှိလာအောင် လုပ်ပေးလိမ့်မယ်။ ဘယ့်နှယ်လဲ"

"ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကိုယ် လက်မခံနိုင်ပါဘူး"

ကျွန်မက ပွင့်ပွင့်လင်းလင်း ပြန်ပြောလိုက်သည်။

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ လက်မခံနိုင်လို့ပဲပေါ့။ ကိုယ်က ဂျီနိုကို ချစ်တယ်။ ကိုယ်က ဒီကိစ္စကို လက်ခံလိုက်ရင် သူ့မျက်နှာကို ကြည့်လို့ ရတော့မှာ မဟုတ်ဘူး"

"ဒါကို ဘေးချိတ်ထားစမ်းပါ။ ကိုယ်ပြောပြီမဟုတ်လား။ ဒီကိစ္စကို ဂျီနိုဟာ ဘာမှ မသိနိုင်ပါဘူးလို့"

"မဖြစ်ပါဘူး။ ကိုယ် လက်မခံဘူးလို့ သူ့ကို ပြောလိုက်ပါ"

ဂျီဆယ်လာက ဆက်၍ ပြောနေသေးသော်လည်း ကျွန်မ အဖြေမပြောင်းလဲသဖြင့် နောက်ဆုံးတွင် သူမသည် စိတ်ပျက်လက်ပျက်နှင့် ထွက်ခွာသွားလေတော့၏။

ကျွန်မသည် ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ခြင်းမှာ သေသေချာချာ စဉ်းစားပြီးမှ ငြင်းပယ်ခြင်း မဟုတ်ဘဲ စိတ်လိုက်မာန်ပါ ပြောလိုက်ခြင်းသာ ဖြစ်၏။ နောင်မှ ကျွန်မ တစ်ယောက်တည်း ပြန်၍ စဉ်းစားမိသော အခါတွင် ဝမ်းနည်းတသ နေမိသည်။ ဂျီဆယ်လာ ပြောသည်မှာ မှန်ပေသည်။ ကျွန်မ အနေနှင့် သေလုမတတ် လိုချင်နေသော ပစ္စည်းများကို ဤနည်း တစ်နည်း

www.burmeseclassic.com



တည်းဖြင့်သာ ရရှိနိုင်လေသည်။ သို့ရာတွင် ကျွန်မက ဤအတွေးကို ချက်ချင်းပင် မောင်းထုတ်လိုက်သည်။ ထို့နောက် ကျွန်မ၏ အပြစ်ကင်းစင်သော အိမ်ထောင်ရေးလမ်းစဉ်ကို နဂိုကထက်ပင် ပို၍ ဖက်တွယ် ထားလိုက်မိပါသည်။ သို့ရာတွင် ကျွန်မသည် ဤအကြောင်းကို အမေ့အား ပြန်မပြောဘဲကား မနေနိုင်ပါချေ။ ဤသို့ ပြောပြခြင်းအားဖြင့် ကျွန်မသည် အမေ့ကို နှစ်ထပ်ကွမ်း ကျေနပ်စေနိုင်ပါသည်။ အမေသည် ကျွန်မ၏ အလှအပအတွက် ဂုဏ်ယူလျက်ရှိပြီး ဆက်လက်၍ ဝင့်ဝါနိုင်ပါသည်။ ဤကမ်းလှမ်းချက်သည် သူမ၏ အယူအဆများကို ပို၍ ခိုင်မာစေနိုင်ပါသည်။ သို့ဖြင့် ဤအကြောင်းများကို အားလုံး သူမအား ပြန်လည် ပြောသောအခါတွင် ကျွန်မမှာ ပို၍ အံ့အားသင့်ရပါတော့သည်။ သူမ၏ မျက်လုံးများသည် လောဘဇောဖြင့် တောက်ပြောင်လာ၏။ သူမ၏ မျက်နှာသည် ကျေနပ်အားရမှုဖြင့် လန်းလာသည်။

"အဲဒီလူက ဘယ်သူတဲ့လဲ"

အမေက ကျွန်မ၏ စကားအဆုံးတွင် မေးသည်။

"လူကြီးလူကောင်း တစ်ယောက်ပဲ"

ကျွန်မက ဖြေလိုက်သည်။ ပုလိပ်ဘက်မှ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်းကိုကား သူမအား ထုတ်ပြောရန် ကျွန်မက ရှက်နေပါသည်။

"သူ သိပ်ချမ်းသာသတဲ့လား"

"ချမ်းသာတာပေါ့။ ဝင်ငွေတော်တော် ကောင်းတယ်တဲ့"

အမေသည် သူမ၏ စိတ်ထဲတွင် ရှိနေသည်များကိုကား ဖွင့်မပြောရဲချေ။ သူမ၏ ပြောဆိုချက်ကို ကျွန်မက ငြင်းပယ်ပစ်လိုက်မည်အား စိုးရိမ်ပေသည်။

"သူက နင့်ကို မြင်ဖူးပြီး စိတ်ဝင်စားသတဲ့လား။ နင် ဘာပြုလို့ သူနဲ့ မိတ်ဆက်ပေးတာကို လက်မခံရသလဲ"

"ကျွန်မကမှ သူ့ကို မလိုချင်ဘဲ။ ဘာပြုလို့ မိတ်ဆက်နေရဦးမှာလဲ"

"သူ့မှာ မိန်းမ ရှိနေတာကတော့ ဆိုးတာပဲ"

"သူ့မှာ မိန်းမ မရှိလဲ ကျွန်မကတော့ မလိုချင်ပေါင်"

"လောကကြီးမှာ ဖြစ်နိုင်တဲ့ နည်းလမ်းတွေက အများကြီးရှိတာပဲ။ သူဟာ ချမ်းသာတယ်။ နင့်ကို သဘောကျတယ်။ ဒီအဆင့်မှာနေ ဟိုအဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ကူးသွားနိုင်တာပဲ။ ဥပမာ သူက နင့်ဆီကို ဘာမှမတောင်းဘဲနဲ့ သက်သက် ကူညီချင် ကူညီမှာပေါ့”

“ဟင့်အင်း၊ ဒါတော့ မဟုတ်ဘူး။ သူတို့လို လူမျိုးတွေဟာ ဘာမှ မရဘဲနဲ့တော့ ဘာမှ ပေးမှာမဟုတ်ဘူး”

“နင် မသိပါဘူး”

“သိပါတယ်”

“ဒါက အရေးမကြီးပါဘူး ထားပါတော့။ ဒါပေမဲ့ ဂျီဆယ်လာက တော့ နင့်ကို တကယ် ချစ်တာပဲ။ သည်ပြင် မိန်းမကလေး တစ်ယောက်သာ ဆိုရင် မနွေရစိတ်တွေထားပြီး နင့်ကို ဒီအကြောင်း ပြောပြမှာ မဟုတ်ဘူး။ သူက နင့်ရဲ့ မိတ်စစ်ဆွေစစ် တစ်ယောက်ပဲ”

အံ့ဩစရာကောင်းသည်မှာ ဂျီဆယ်လာသည် ကျွန်မက ယင်းကဲ့သို့ ငြင်းဆန်လိုက်ပြီးသည့် နောက်ပိုင်းတွင် သူ၏ လူကြီးလူကောင်း အကြောင်း ကို ထပ်မံ၍ မပြောတော့ရုံသာမက၊ ကျွန်မ၏ စေ့စပ်ကြောင်းလမ်းမှုနှင့် လက်ထပ်ရေးကိစ္စတို့ကိုလည်း ပြောဆိုနောက်ပြောင်ခြင်း မပြုတော့။

တစ်နေ့တွင် ဂျီဆယ်လာက သူမရယ်၊ ရစ်ကာဒိုရယ်၊ ပြီးတော့ ရစ်ကာဒို၏ သူငယ်ချင်း တစ်ဦးရယ်တို့သည် မော်တော်ကား တစ်စီးဖြင့် ခရီးထွက်ကြရန် အစီအစဉ် ရှိကြောင်းကို ကျွန်မအား ပြောပါသည်။ လေး ယောက်တွဲ ဖြစ်စေရန် သူတို့တွင် မိန်းမဖော် တစ်ဦး လိုနေသဖြင့် ကျွန်မကို စဉ်းစားမိကြသည်ဟု ဆိုပါသည်။ ကျွန်မက ဝမ်းမြောက်ဝမ်းသာပင် လက်ခံ လိုက်ပါသည်။ အကြောင်းမှာ ထိုစဉ်က ကျွန်မသည် စိတ်မချမ်းမြေ့မှုများ လျော့ပေါ့ သက်သာစေရန်အတွက် ဖြေဖျော်မှုများကို တောင့်တနေမိသော ကြောင့်ပင် ဖြစ်၏။ ဂျီနိုအား အချိန်ပို ကိုယ်ဟန်ပြစရာ ရှိသည်ဟု ပြောပြီး ချိန်းဆိုသည့် နံနက် အစောကြီးမှာပင် ချိန်းဆိုသည့် နေရာသို့ သွားရောက်ခဲ့ ပါသည်။ ကားသည် ကျွန်မကို စောင့်ဆိုင်းလျက်ရှိသည်။ အနီးသို့ ရောက် သောအခါတွင် ရစ်ကာဒိုနှင့် ဂျီဆယ်လာတို့ နှစ်ယောက် ရှေ့တန်းတွင် ထိုင်နေကြသည်ကို တွေ့ရ၏။ ရစ်ကာဒို၏ သူငယ်ချင်းသည် ကားနောက်ပိုင်း မှ ခုန်ထွက်လာပြီး ကျွန်မအား ကြိုဆိုလေ၏။ သူသည် လူရွယ် တစ်ဦးပင် ဖြစ်၏။ အရပ် မနိမ့်မမြင့်၊ ထိပ်ပြောင်ပြောင်၊ မျက်နှာ ဝါဖန့်ဖန့်၊ မျက်လုံး ညိုညို ပြူးပြူး၊ နှာတံ ကောက်ကောက်၊ ပါးစပ်ပြဲပြဲ၊ နှုတ်ခမ်းလန်လန်နှင့်

www.burmeseclassic.com



ဖြစ်သည်။ သူသည် အင်မတန်ယဉ်ကျေးဖော်ရွေ၏။ ဂျီဆယ်လာက မိတ်ဆက်ပေးသည်။ သူ၏နာမည်မှာ စတီဖင်နိုအက်စ်တာရီတာ ဖြစ်သည်။ ဂျီဆယ်လာပြောသော သူသည် ဤသူပင်ဖြစ်ရမည်ဟု ကျွန်မက ချက်ချင်းပင် တပ်အပ်သိလိုက်ပါသည်။ သို့ရာတွင် ကျွန်မက သူနှင့် တွေ့ရသည့်အတွက် ဝမ်းနည်းခြင်း မဖြစ်မိပါပေ။ သူ၏ ကမ်းလှမ်းချက်သည် ကျွန်မကို စော်ကားရာမရောက်ဘဲ၊ မြှောက်ပင့်ချီးမွမ်းရာသာ ရောက်ပါသည်။ ကျွန်မ ၏ လက်ကို သူ့အား ကမ်းပေးလိုက်သော အခါတွင် သူက တယုတယ အမြတ်တနိုးနမ်းပါသည်။ ထို့နောက် ကျွန်မက ကားထဲသို့ ဝင်လိုက်ပါသည်။ သူက ကျွန်မ ဘေးတွင် ထိုင်သည်။ ပြီးတော့ ကျွန်မတို့ခရီး စတင်၍ ထွက်ပါသည်။

ခြောက်သွေ့သော လယ်ကွင်းများအကြားရှိ နေရောင်ခြည် တောက်ပနေသော လမ်းအတိုင်း ကားကလေး ပြေးလွှားသွားနေစဉ်တွင် ကျွန်မတို့သည် စကားမပြောကြသလောက်ပင် ရှိပါသည်။ ကျွန်မက ကားဖြင့် ခရီးသွားနေရသည့်အတွက် ပျော်နေပါသည်။ လေကောင်းလေသန့် ရရှိသည့်အတွက် ဝမ်းသာကြည်နူးလှ၏။ ပတ်ဝန်းကျင်ကို ကြည့်၍ မမောနိုင် မပန်းနိုင်ရှိနေပါသည်။ ကောက်ရိုးပုံများ၊ လယ်တဲများ၊ သစ်ပင်များ၊ တောင်ကုန်းများ၊ သစ်တောများ စသည်တို့ကို ကြည့်၍ ကြည်နူးနှစ်သိမ့်နေမိပါသည်။ သို့ရာတွင် ကျွန်မ၏ ဘေးဘက် ခပ်ခွာခွာတွင် ထိုင်နေသော အက်စ်တာရီတာကမူ ကျွန်မကိုသာ မပြတ်ကြည့်နေပါသည်။ ကျွန်မ၏ မျက်နှာနှင့် တစ်ကိုယ်လုံးအနှံ့ကို သူငေးမော၍ ကြည့်နေသည်မှာ ဟိုနေရာ သည်နေရာကို လက်ညှိုးနှင့် ထိုး၍ ကလိနေသကဲ့သို့ ရှိ၏။ ကျွန်မက သူ့ကိုယ်တွင် တစ်စုံတစ်ခုကို မြင်တွေ့မိသဖြင့် စတင်၍ စကားပြောလိုက်သည်။ သူသည် လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်တင်ထားရာ တစ်ဖက်တွင် လက်ထပ်လက်စွပ်နှင့် စိန်လက်စွပ် တစ်ကွင်းကို ဝတ်ထားသည်။

"လက်စွပ်ကလေး တယ်လှပါလား"

ကျွန်မက ရေရွတ်လိုက်သည်။ သူက မျက်လွှာချ၍ သူ့လက်စွပ်များကို ကြည့်လိုက်သည်။

"ဒါက အဖေ့ လက်စွပ်ပဲ။ သူ သေတော့ ကျွန်တော် ချွတ်ယူထားတာ"

"အို ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တောင်းပန်သလို ပြောလိုက်၏။ ပြီးတော့မှ လက်ထပ်လက်စွပ်ကို ညွှန်ပြ၍ မေးလိုက်သည်။

"ရှင့်မှာ အိမ်ထောင်နဲ့လား"

"ဟုတ်တယ်။ ကိုယ့်မှာ မိန်းမကော၊ ကလေးကော အားလုံးရှိတယ်"

"ရှင့် မိန်းမ လှသလား"

"မင်းလောက် မလှဘူး"

သူက မပြုံးမရယ်ဘဲ ခပ်တည်တည် ပြောသည်။ အရေးကြီးသော အမှန်တရားတစ်ခုကို ထုတ်ဖော်လိုက်သည့် အသွင်မျိုး ဖြစ်သည်။ ပြီးတော့ သူက လက်စွပ်ဝတ်ထားသော လက်ဖြင့် ကျွန်မ၏ လက်ကို ကိုင်လိုက်သည်။ သို့ရာတွင် ကျွန်မက လက်ကို ချက်ချင်း ရုတ်လိုက်သည်။

"ရှင် သူနဲ့ အတူနေသလား"

"မနေဘူး။ သူက နယ်မှာပဲ။ ကိုယ်က ဒီမှာ တစ်ယောက်တည်းနေတယ်။ ကိုယ့်ဆီကို မင်း လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ကျွန်မက သူ့စကားကို မကြားဟန် ပြုနေလိုက်သည်။

"ဘာပြုလို့လဲ။ ရှင်က ရှင့် မိန်းမနဲ့ အတူ မနေချင်လို့လား"

"ကိုယ်တို့ဟာ တရားဝင် ပြတ်စဲထားကြတယ်။ ကိုယ်တို့ လက်ထပ်ကျတော့ ကိုယ်ဟာ ကောင်ကလေး တစ်ယောက်ပဲ ရှိသေးတယ်။ မင်္ဂလာကိစ္စကို အမေက စီစဉ်တာပဲ။ လူကြီး စီစဉ်ရင် ဘယ်လိုဟာမျိုးလဲဆိုတာ မင်းလဲ အသိသားပဲ။ ပိုက်ဆံ ရှိတဲ့ မိန်းမတစ်ယောက်ဖြစ်ရင် ပြီးတာပဲပေါ့။ လူကြီးတွေကစီမံပြီး ကလေးတွေက ယူကြရတယ်။ ပြီးတော့ ကိုယ်က ဒီ မိန်းမမျိုးနဲ့ အတူ နေရမတဲ့လား"

သူက ပိုက်ဆံအိတ်ထဲမှ ဓာတ်ပုံတစ်ပုံထုတ်၍ ပြသည်။ အမြွာညီအစ်ကိုနှင့် တူသော ယောကျ်ားကလေး နှစ်ယောက်နှင့် သူတို့နောက်တွင် ရပ်နေသော မိန်းမတစ်ယောက်၏ ပုံဖြစ်သည်။ အမျိုးသမီးမှာ အသား ဖြူဖပ်ဖြူရော်၊ မျက်လုံး ပြူးတူးပြဲတဲ၊ မျက်နှာပေါက် ဆိုးဆိုးနှင့် ဖြစ်၏။ ကျွန်မက ဓာတ်ပုံ ပြန်ပေးလိုက်သည်။ သူက အိတ်ထဲတွင် ပြန်ထည့်ထားလိုက်သည်။

"ကိုယ်ကတော့ မင်းနဲ့အတူ နေချင်တာပဲ"

သူက သက်ပြင်းချ၍ ပြောသည်။

"ရှင် ကျွန်မအကြောင်း ဘာမှ မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့။ ကောင်းကောင်း သိတာပေါ့။ ကိုယ် မင်းနောက်ကို လိုက်နေတာ တစ်လလောက် ရှိပြီ။ ကိုယ် မင်းအကြောင်း အကုန်လုံး သိတယ်"

သူက ခပ်လှမ်းလှမ်းတွင် ထိုင်၍ လေးလေးစားစားပင် ပြောနေသည်။ သို့ရာတွင် သူ၏ အတွင်းစိတ်ကို သူ၏ ဂနာမငြိမ်သော မျက်လုံးများက ဖော်ပြနေသည်။

"ကျွန်မမှာ စေ့စပ်ထားတဲ့လူ ရှိတယ်"

"ဂျီဆယ်လာ ပြောပါတယ်။ ဒါပေမဲ့ မင်း ရည်းစားအကြောင်းကို မပြောကြရအောင်လား။ သူက ဘာအရေးကြီးတာမှတ်လို့လဲ"

"ကျွန်မ အဖို့တော့ သူက အများကြီး အရေးကြီးတယ်"

သူက ကျွန်မကို ကြည့်လိုက်ပြီး–

"ကိုယ် မင်းကို သိပ်သဘောကျတယ်"

"သိပါတယ်"

"ကိုယ် မင့်းကို သိပ်သဘောကျတယ်။ ဘယ်လောက်တောင် သဘောကျလဲဆိုတာ မင်း သဘောပေါက်မှာတောင် မဟုတ်ဘူး"

သူက ထပ်ပြောလိုက်သည်။ သူက ကျွန်မနှင့် ခပ်ခွာခွာနေပြီး ကျွန်မလက်ကိုထပ်ကိုင်ရန် မကြိုးစားသည့် အတွက် ကျွန်မမှာ စိတ်သက်သာရာ ရနေပါသည်။ ထို့ကြောင့် ကျွန်မက ပြောလိုက်သည်။

"ရှင့်အနေနဲ့ ကျွန်မကို သဘောကျတာကတော့ ဘာမှ ပြဿနာ မဖြစ်ပါဘူး"

"မင်း ကိုယ့်ကို သဘောမကျဘူးလား"

"မကျဘူး"

"ကိုယ်ဟာ ချမ်းသာတယ်။ မင်းဘဝကို သာယာ ပျော်ရွှင်အောင် လုပ်ပေးနိုင်တယ်။ မင်းဟာ ကိုယ့်ကို လာတွေ့မယ်ဆိုရင် ဘာမှ ဝမ်းနည်းစရာ မရှိပါဘူး"

"ရှင့် ပိုက်ဆံ ကျွန်မ မလိုချင်ပါဘူး"

ကျွန်မက တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ သူက ကြားဟန် မရှိ။

"မင်းဟာ သိပ်ချစ်စရာ ကောင်းတယ်"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင့်း မျက်လုံးတွေဟာ လှတယ်"

"ဟုတ်လား"

"ဟုတ်တယ်။ တင်ပါးကလဲ လှတာပဲ။ ကိုယ် နမ်းချင်တယ်"

"ရှင် ဘာပြုလို့ ကျွန်မကို ဒီစကားတွေ ပြောနေရတာလဲ"

"ကိုယ်က မင်း တစ်ကိုယ်လုံးကို နမ်းချင်တာပဲ။ နေရာမလပ်ဘဲ"

"ရှင် ကျွန်မကို ဘာလို့ ဒီလို ပြောနေရတာလဲ။ အခုလို ပြောနေတာတွေဟာ မကောင်းပါဘူး။ ကျွန်မဟာ စေ့စပ်ထားပြီးသားပါ။ နောက် နှစ်လလောက်ဆိုရင် လက်ထပ်တော့မှာပါ"

"ကိုယ့်ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ ကိုယ်ဟာ ဒီလို ပြောနေရတယ်ဆိုရင်ပဲ သာယာမှု ရှိနေပါပြီ။ မင့်းကို ပြောနေတယ်လို့ သဘောမထားနဲ့ပေါ့"

"ဗစ်တာဘိုကို တော်တော် ဝေးသေးသလား"

ကျွန်မက စကားလွှဲသည့်အနေဖြင့် မေးလိုက်သည်။

"ရောက်ခါနီးပါပြီ၊ ကိုယ်တို့ ဗစ်တာဘိုမှာ ထမင်းစားကြမယ်။ အဲဒီကျတော့ မင်းက ကိုယ့် ဘေးမှာ ထိုင်ပါ။ ဟုတ်လား ကတိပေးတယ် မဟုတ်လား"

"ကောင်းပါပြီရှင်"

ကျွန်မက ရယ်၍ ပြောလိုက်သည်။ သူ၏ စွဲလမ်းမှုက ကျွန်မကို မြှောက်ပင့်လှချေသည်။

"အခုလိုပဲ ကိုယ့်ဘေးမှာ ထိုင်နေပါ။ မင်းရဲ့ မွှေးရနံ့ကလေးကို ရနေရင်ပဲ တော်ပါပြီ"

သူက ဆက်ပြောနေပြန်သည်။

"ကျွန်မမှာ ဘာမွှေးရနံ့မှ မရှိပါဘူး"

"ဒီလိုဆိုရင် ကိုယ် လက်ဆောင် ပေးပါဦးမယ်"

ယခုအခါတွင် ကျွန်မတို့သည် ဗစ်တာဘိုသို့ ရောက်လာပြီ ဖြစ်၏။ မြို့ထဲသို့ ဝင်မိသောအခါတွင် ကားကို အရှိန်လျှော့လိုက်သည်။ ကျွန်မတို့ ရှေ့တွင် ထိုင်၍လိုက်ပါလာသော ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့သည် တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောကြပါချေ။

ကျွန်မတို့သည် ပျော်ပွဲစားရုံ တစ်ခုအတွင်းသို့ ဝင်ခဲ့ကြပါသည်။ အောက်ထပ် တစ်ခုလုံးတွင် လူတွေ ပြည့်ကျပ်လျက်ရှိသည်။ သူတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ အကောင်းဆုံး အဝတ်အစားများကို ဝတ်ဆင်ထားကြသော လယ်သမားများသာ များသည်။ ပတ်ဝန်းကျင် ဒေသတစ်ဝိုက်မှ ဗစ်တာဘိုသို့ ဈေးဝယ်လာကြသူများ ဖြစ်သည်။ ဂျီဆယ်လာက နှာခေါင်းရှုံ့လိုက်ပြီး အသက်ရှူ မွန်းသည်ဟု ဆိုသည်။ ပြီးတော့ အထက်ထပ်တွင် နေရာ မရနိုင်ဘူးလားဟု မန်နေဂျာကို သွား၍ မေးသည်။ မန်နေဂျာက ရနိုင်ကြောင်း ပြောပြီး ကျွန်မတို့ကို အခန်းကျဉ်းကျဉ်းမြောင်းမြောင်းကလေး တစ်ခုထဲသို့ ခေါ်သွားသည်။ တစ်ခန်းလုံးတွင် လမ်းသွယ်ကလေး တစ်ခုဘက်သို့ ဖွင့်ထားသော ပြတင်းပေါက် တစ်ပေါက်သာ ရှိလေသည်။ မန်နေဂျာက ပြတင်းပေါက်ကို ပိတ်၍ တရုတ်ကတ်များကို ဖွင့်လိုက်သည်။ ပြီးတော့ ညစ်ပတ်ပေရေနေသော စားပွဲပေါ်သို့ စားပွဲခင်းကို ဖြန့်ခင်းလိုက်သည်။ စားပွဲမှာ တစ်ခန်းလုံး ပြည့်မတတ် ရှိနေသည်။ ပန်းပွင့်ကလေးများ၊ ငှက်ငယ်များ ပါရှိသော အခန်းနံရံကပ် စက္ကူများသည် မှေးမှိန်လျက် ရှိပြီး၊ အချို့နေရာများတွင် စုတ်ပြဲလျက် ရှိ၏။ အခန်းထဲတွင် စားပွဲအပြင် မှန်ဗီရို တစ်လုံး ရှိသည်။ အထဲတွင် ပန်းကန်တွေ အပြည့် ဖြစ်သည်။

ဂျီဆယ်လာကတော့ အခန်းကို လှည့်ပတ် ကြည့်ရှုလျက်ရှိသည်။ ပြတင်းပေါက်မှ နေ၍ လမ်းသွယ်ကလေးထဲသို့ပင် ကြည့်လိုက်သေးသည်။ ထို့မှတင်မက တံခါးတစ်ခုကိုလည်း တွန်းဖွင့်ကြည့်လိုက်ပြန်၏။ ပြီးတော့ ဘာလုပ်သည့် အခန်းနည်းဟု မန်နေဂျာအား မေးလေသည်။

"အိပ်ခန်းပဲ။ ခင်ဗျားတို့ ထမင်းစားပြီးရင် ခဏတစ်ဖြုတ် နားချင်ရင်လဲ နားနိုင်ကြပါတယ်"

"ကိုယ်တို့ နားကြမယ် မဟုတ်လား ဂျီဆယ်လာ"

ရစ်ကာဒိုက ပြောလိုက်သည်။ သို့ရာတွင် ဂျီဆယ်လာက မကြားဟန်ပြု၍ တံခါးကို စေ့ရုံကလေး ပြန်စေ့ထားလိုက်သည်။ ကျွန်မကတော့ ထမင်းစားခန်းကလေးကို သဘောကျနေမိသဖြင့် တံခါးစေ့စေ့ကလေးကို မေ့သွားမိပါသည်။ စားပွဲတွင် ထိုင်ကြသည်။ ကျွန်မက ကတိပေးထားသည့်အတိုင်း အက်စ်တာရီတာ၏ ဘေးတွင် ထိုင်သည်။ ခဏအကြာတွင် မန်နေဂျာသည် စပျစ်ရည်နှင့် အစားအစာများကို ယူ၍ ပြန်ဝင်လာသည်။ ကျွန်မမှာ အတော်ကလေးဆာနေပြီဖြစ်၍ အငမ်းမရ စားလိုက်မိရာ သူတို့ ငှင်း၍ ရယ်စရာ

www.burmeseclassic.com



ဖြစ်သွားသည်။ ဂျီဆယ်လာကတော့ အခွင့်ကောင်းယူ၍ ကျွန်မ၏ မင်္ဂလာကိစ္စကိုပဲ နောက်ပြောင်လေသည်။

"စားထား စားထား။ ဂျီနီနဲ့ ရပြီးတဲ့ အခါကျရင် ဒီလို အစားကောင်းကောင်းတွေ စားရမှာ မဟုတ်ဘူး"

"ဘာလို့ မစားနိုင်ရမှာလဲ။ ဂျီနီလဲ ဝင်ငွေရှိတာပဲ"

"ပဲ ပဲ စားရမှာပေါ့"

"ပဲကလဲ ကောင်းပါတယ်ကွယ်။ ကိုယ်အခုပဲ ပဲမှာလိုက်ဦးမယ်"

ရစ်ကာဒိုက ရယ်မော၍ ဝင်ပြောလိုက်သည်။ ယင်းသို့ ကျွန်မတို့ အချီအချ ပြောနေစဉ်တွင် အက်စ်တာရီတာက ဘာမျှဝင်မပြောပါချေ။ ဘာမျှလည်း မည်မည်ရရ မစားပါချေ။ တစ်ချိန်လုံးသာ ကျွန်မကို ကြည့်နေသည်။ ကြာတော့ ကျွန်မမှာ အနေကျပ်လာသည်။ ယင်းကဲ့သို့ စေးစိုက်၍ ကြည့်မနေရန် ကျွန်မက ပြောလိုသည်။ သို့ရာတွင် ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့က ဝိုင်း၍ နောက်ပြောင်ကြမည်စိုး၍ မပြောရဲပါ။ ထို့အတူပင် ကျွန်မ၏ ဘယ်ဘက်လက်ကို သူက ဆုပ်ကိုင်လာသည်အားလည်း မငြင်းဆန် မရုန်းကန်ရဲပါ။ လက်တစ်ဖက်တည်းဖြင့်သာ စားနေရပါသည်။ သို့ရာတွင် ကျွန်မက ငြင်းဆန်ခဲ့ဖို့ ကောင်းပါသည်။ ခုတော့ ဂျီဆယ်လာက လှောင်ချေပြီ။

"ပါးစပ်က ပြောတော့ ဂျီနီကို သစ္စာရှိလိုက်တာ။ ဒါပေမဲ့ လက်တွေ့ကျတော့ ဟင်း။ ကိုယ် မမြင်ဘူး မှတ်လို့လား။ အက်စ်တာရီတာက သူ့လက်ကို ခုံအောက်မှာ ကိုင်ထားတာ"

ကျွန်မက မျက်နှာ ရဲသွားပြီး လက်ကို ရုန်းလိုက်သည်။ သို့ရာတွင် သူက မြဲမြဲကြီး ဆုပ်ထားသည်။

"သူတို့ဟာ သူတို့ နေပါစေ။ ဘာဖြစ်သလဲ။ သူတို့ လက်ချင်းဆုပ်ထားကြတယ်ဆိုရင် တို့လဲ သူတို့လိုပဲ လုပ်ကြတာပေါ့"

ရစ်ကာဒိုက ပြော၏။

"ကိုယ်က နောက်တာပါ။ ကိုယ်က သဘောတောင်ကျသေးတယ်"

ဂျီဆယ်လာက ပြောသည်။ ကျွန်မတို့သည် မုန့်တီစားပြီးသော အခါတွင် နောက်တစ်မျိုး အလာကို စောင့်နေကြသည်။ ထိုအချိန်တွင် ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့သည် ရယ်လိုက်၊ မောလိုက်၊ နောက်လိုက်၊ ပြောင်လိုက်နှင့် ဝိုင်အရက်ကို သောက်နေကြပါသည်။ ကျွန်မကိုလည်း သောက်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားရောင် သန်းနေသော ဝိုင်အကောင်းစား ဖြစ်၏။ အတော်ကလေး ပြင်းပြီး ကျွန်မ၏ ခေါင်းထဲသို့ တစ်ခါတည်း ရောက်ရှိသွား၏။ ကျွန်မက ပူနွေးနွေး ရှတတ အရသာကလေးကို ကြိုက်နှစ်သက်လှ၏။ ကျွန်မကိုယ် ကျွန်မ မူးပြီဟု မထင်မိဘဲ ထပ်၍ထပ်၍သာ သောက်နေမိပါသည်။ အက်စ် တာရီတာက ကျွန်မ လက်ကို ကိုင်ထားမြဲ ဖြစ်၏။ ကျွန်မကလည်း ခွင့်ပြု ထားလိုက်တော့၏။ လက်ကလေးလောက်တော့ ကိုင်ပါစေဟု အောက်မေ့ မိ၍ ဖြစ်သည်။ တံခါး၏ အထက်ဘက်နံရံတွင် ဆီဆေး ပန်းချီကားတစ်ချပ် ရှိသည်။ လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က အဝတ်အစားများနှင့် ယောကျ်ား တစ်ဦးနှင့် မိန်းမတစ်ဦး ဆီးနှင်းလွှမ်းသော လသာဆောင်တွင် ဖက်နေကြပုံ ဖြစ်သည်။ ဂျီဆယ်လာက ယင်းပုံကို မြင်တွေ့သွားပြီး သူတို့နှစ်ယောက် ဖက်ထားကြပုံမျိုးနှင့် သူတို့ ဘယ်လိုလုပ်၍ နမ်းကြမည်နည်းဟု ပြောလေ သည်။

"လာ သူတို့လို လုပ်ကြည့်ရအောင်"

သူက ဂျီဆယ်လာကို ပြောလိုက်သည်။ ရစ်ကာဒိုက ရယ်မောရင်း ဖြင့် ထရပ်လိုက်သည်။ ပြီးတော့ ပန်းချီကားထဲက ယောကျ်ား၏ အနေအထား အတိုင်း နေရာယူလိုက်သည်။ ဂျီဆယ်လာကလည်း ပန်းချီကားထဲက အမျိုး သမီးက လသာဆောင် ဝရန်တာကို မှီနေသကဲ့သို့ အခန်းကို မှီထားလိုက် သည်။ သူတို့က အတော်ကြီး ကြိုးပမ်းအားထုတ်ကြတော့မှ နှုတ်ခမ်းချင်း ထိတွေ့မိကြသည်။ သို့ရာတွင် နှုတ်ခမ်းချင်း ထိမိသည့်အချိန်မှာပင် မဟန် နိုင်ကြတော့ဘဲ စားပွဲပေါ်သို့ လုံးထွေး လဲကျသွားကြ၏။

"ကဲ မင်းတို့အလှည့်"

ဂျီဆယ်လာက မြူးကြွစွာဖြင့် ပြောပေသည်။ ကျွန်မက ထိတ်ထိတ် ပျာပျာဖြင့်–

"ဘာဆိုင်လို့လဲ။ ကိုယ်က ဘာလုပ်ရမှာမို့လဲ"

"အိုကွာ စမ်းကြည့်ကြစမ်းပါ"

ကျွန်မ၏ ခါးကို အက်စ်တာရီတာက ဖက်လာသဖြင့် ရုန်းလိုက်မိ သည်။

"ဟင့်အင်း၊ ကျွန်မ မလုပ်ချင်ဘူး"

"အို ဘယ်လို အဖျက်မကလေးလဲ။ အပျော်ပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



ဂျီဆယ်လာက ဆို၏။

"ဟော့အေးကွာ ကိုယ် မလုပ်ချင်ဘူး"

ရစ်ကာဒိုက တဟားဟား ရယ်မော၍ အက်စ်တာရီတာအား ကျွန်မကို နမ်းရန် တိုက်တွန်းလျက်ရှိ၏။

"ဒီမှာဗျို့ အက်စ်တာရီတာ၊ ခင်ဗျား သူ့ကို မနမ်းရင် ခင်ဗျားကို ကျုပ် ဘယ်တော့မှ မျက်နှာချင်း မဆိုင်တော့ဘူး"

သို့ရာတွင် အက်စ်တာရီတာက အထူးပင် စိတ်ဇော ပြင်းထန်နေပြီး ကျွန်မကို ထိတ်လန့်စေပါတော့သည်။ သူက အပျော်သဘော မဟုတ်ဘဲ တကယ့်တကယ်ကြီး ဖြစ်နေ၏။

"ကျွန်မကို လွှတ်ပါ"

ကျွန်မက သူ့လက်မှ ရုန်းရင်း ပြောလိုက်သည်။ သူက ကျွန်မကို ကြည့်လိုက်သည်။ ပြီးတော့ ဂျီဆယ်လာကို အကူအညီတောင်းသည့် အနေဖြင့် ကြည့်လိုက်သည်။

"နမ်းလေ၊ နမ်းလေ"

သူက အက်စ်တာရီတာကို အော်၍ ပြောလိုက်သည်။ သူမက သူ့ ထက်ပင် စိတ်အား ထက်သန်နေသေးသည်။ သူမ၏ အပြုအမူက ရက်စက် ကြမ်းကြုတ်သည်ဟုပင် ကျွန်မ ထင်မိတော့၏။

အက်စ်တာရီတာသည် ယခုအခါ ကျွန်မ၏ ခါးကို ပို၍ တင်းတင်း ဖက်ပြီး ကျွန်မ၏ ကိုယ်ကို သူ့ဘက်သို့ ဆွဲယူနေတော့၏။ ရှင်းနေပြီ။ သူသည် အပျော်သဘော ကျီစယ်ခြင်းမျှသာ မဟုတ်ဘဲ ကျွန်မကို မရရသည့် နည်းဖြင့် နမ်းလိုခြင်းပင် ဖြစ်နေတော့၏။ ကျွန်မက ဘာတစ်ခွန်းမျှ မပြောဘဲ သူ့လက်မှသာ ရုန်းနေမိသည်။ သူက အတော်ကြီး သန်မာသည်။ ကျွန်မက သူ့ ရင်ဘတ်ကို တွန်းလေ၊ သူ့ မျက်နှာကြီးက ကျွန်မ မျက်နှာနှင့် နီးလာလေ ဖြစ်၏။ သို့ရာတွင် ဂျီဆယ်လာကသာ သူ့ဘက်မှ လာရောက်၍ မကူညီခဲ့လျှင် သူသည် ကျွန်မကို နမ်းနိုင်မည် မဟုတ်ပါချေ။ ဂျီဆယ်လာသည် ဝမ်းသာ အားရ အော်ဟစ်ကာ ရုတ်တရက် ထိုင်ရာမှထ၍ ကျွန်မ နောက်သို့ ပြေးလာ သည်။ ပြီးတော့ ကျွန်မ၏ လက်များကို ချုပ်ထားပေးလိုက်သည်။ ကျွန်မက သူ့ကို မမြင်ရပါ။ သူ့လက်သည်းများ ကျွန်မ၏ အသားထဲသို့ မြုပ်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကိုသာ ခံစားရပါသည်။ သူမက သဘောကျစွာ ရယ်မောရင်း၊ စိတ်လှုပ်ရှား တက်ကြွရင်းဖြင့် အက်စ်တာရီတာကို ပြောနေသည်။

"မြန်မြန်၊ မြန်မြန်၊ ဒါရှင့်ဖို့ အခွင့်အရေးပဲ"

အက်စ်တာရီတာသည် ယခုအခါ ကျွန်မ အပေါ်တွင် ရောက်ရှိနေပေပြီ။ ကျွန်မက မျက်နှာကို အတတ်နိုင်ဆုံး လွှဲလိုက်သည်။ သို့ရာတွင် ခဏမျှသာ ဖြစ်ပါသည်။ သူ့ လက်တစ်ဖက်က ကျွန်မ မေးစေ့ကို ကိုင်၍ တည့်လိုက်သည်။ ပြီးတော့ ကျွန်မ၏ နှုတ်ခမ်းစုံကို ပြင်းပြင်းထန်ထန် ကြာကြာရှည်ရှည်ကြီး နမ်းလိုက်ပါတော့သည်။

"အဲ အဲလိုမှပေါ့"

ဂျီဆယ်လာက အောင်မြင်စွာ ကြွေးကြော်လိုက်ပြီးနောက် သူမ၏ နေရာတွင် ဝမ်းသာအားရသွား၍ ထိုင်လိုက်သည်။ သူက ကျွန်မကို လွှတ်လိုက်သည်။

"မင်းတို့နဲ့အတူ ကိုယ် ဘယ်တော့မှ မလိုက်တော့ဘူး"

ကျွန်မ နာကြည်းစွာဖြင့် ပြောလိုက်သည်။

"အို အက်ဒရီယာနာရယ် တစ်ခါတလေ နမ်းရုံနဲ့များ ဒါလောက်ဖြစ်နေရသလားကွယ်"

ရစ်ကာဒိုက ရေရွတ်လိုက်သည်။ ဂျီဆယ်လာကမူ–

"အက်စ်တာရီတာ့ ပါးစပ်မှာ နှုတ်ခမ်းနီတွေနဲ့။ ဒီအချိန်မျိုးမှာ ဂျီနိုရောက်လာရင် ဘာများ ပြောမလဲ မသိဘူး"

တကယ်ပင် အက်စ်တာရီတာ၏ နှုတ်ခမ်းတွင် ကျွန်မ၏ နှုတ်ခမ်းနီတွေ စွန်းထင်နေသည်။ သူ၏ ဝါဖန့်ဖန့် မျက်နှာတွင် ပန်းနုရောင် အဆင်းကြောင်းများ ထင်နေသည်မှာ ကျွန်မပင် ရယ်ချင်ပါသည်။

"သူ့ပါးစပ်က နှုတ်ခမ်းနီတွေကို မင့်လက်ကိုင်ပဝါနဲ့ သုတ်ပစ်လိုက်စမ်းပါ။ စားပွဲထိုး ဝင်လာရင် ဘာထင်သွားမလဲ"

ဂျီဆယ်လာက ပြော၍ ကျွန်မက လက်ကိုင်ပဝါ ထောင့်တစ်ထောင့်ကို လျှာဖြင့် တို့ဆွတ်လိုက်ပြီး သူ့ မျက်နှာကို ဖြည်းညင်းစွာ သုတ်ပေးရပါသည်။ ကျွန်မ၏ လိုက်လျောမှုကို ပြမိခြင်းမှာ ကျွန်မ၏ အမှားပင် ဖြစ်သည်။ ကျွန်မ၏ လက်ကိုင်ပဝါကို ဖယ်လိုက်မိသည်နှင့် တစ်ပြိုင်နက် သူက ကျွန်မ၏ ခါးကို ဖက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



“လွှတ်ပါ”

“အိုကွာ အက်ဒရီယာနာကလဲ”

“ဘာထူးမှာမို့လို့လဲကွ။ သူ နမ်းတာနဲ့ မင်း ဘာဖြစ်သွားမှာ မှတ်လို့လဲ။ သူ သဘောကျသလို နမ်းပါစေ”

ဂျီဆယ်လာက ဆို၏။ သို့ဖြင့် ကျွန်မက တစ်ကြိမ် အလျှော့ပေးလိုက်ရပြန်သည်။ ကျွန်မက စိတ်မပါ လက်မပါ ခပ်တောင့်တောင့်ကြီး ထိုင်နေစဉ်တွင် သူက ကျွန်မ၏ ခါးကို ဖက်ထားပါ၏။ စားပွဲထိုးက ဒုတိယ အစားအစာကို ယူလာပါသည်။ ကျွန်မတို့ စားကြပြန်သောအခါတွင် ကျွန်မ၏ စိတ်မကောင်းမှုများသည် ပြေပျောက်သွားသလို ရှိရပြန်၏။ သူက ကျွန်မကို တင်းတင်းကလေး ဖက်ထားသည့်တိုင် ဖြစ်၏။ အစားအသောက်မှာ ကောင်းမွန်လှပါသည်။ ကျွန်မသည် ဂျီဆယ်လာ ထည့်ပေးသော အရက်များ အားလုံးကို အမှတ်မထင်ဖြင့် အကုန်လုံး သောက်ပစ်လိုက်မိပါသည်။ ဒုတိယ အစားအစာ လာပြီးနောက် ကျွန်မတို့ကို အချိုအချဉ်နှင့် သစ်သီးများ ပေးပါသည်။ စား၍ ချိုမြိန်လှပါသည်။ ကျွန်မ အရင်က ဒါမျိုး မစားခဲ့ဖူးပါ။ ယင်းကြောင့် အက်စ်တာရီတာက သူ့အထဲမှ ကျွန်မအား ခွဲပေးသည်များကို မငြင်းဆန်မိဘဲ စားနေမိပါသည်။ ဂျီဆယ်လာမှာ အတော်ကလေး မူးယစ်နေပြီ ဖြစ်၍ ရစ်ကာဒိုကို အမျိုးမျိုး ချော့မြူလျက် ရှိတော့၏။ ကျွန်မလည်း မူးနေပြီ ဖြစ်၏။ သို့ဖြင့် သူက ကျွန်မ၏ ခါးကိုဖက်ထားခြင်းမှာ မည်သို့မျှ အနှောင့်အယှက် မဖြစ်တော့ပါ။ ဂျီဆယ်လာက ထိုင်ရာမှထ၍ ရစ်ကာဒို၏ ပေါင်ပေါ်တွင် ထိုင်လိုက်သည်။ ရစ်ကာဒိုက သူ၏ကိုယ်လုံးကြီး၏ ဖိနှိပ်မှု အလေးချိန်ကြောင့် နာကျင်ဟန် ဟစ်အော်လိုက်သည်ကို ကျွန်မက မရယ်ဘဲ မနေနိုင်ပါ။ ထိုအချိန်အထိ ကျွန်မ၏ ခါးကလေးကို ဖက်ထားရုံဖြင့် တင်းတိမ်နေသော အက်စ်တာရီတာသည် ရုတ်တရက်ဆိုသလို ကျွန်မ၏ ပါးအပြင်နှင့် ရင်အညွန့်များကို အသက်ရှူမှားမတတ် နမ်းနေပါတော့သည်။ ဤတစ်ကြိမ်တွင်တော့ ကျွန်မက မရုန်းကန်ပါ။ တစ်ကြောင်းက မူးနေပြီဖြစ်သောကြောင့်၊ တစ်ကြောင်းက တစ်ပါးသူတစ်ယောက်ကို နမ်းနေသည်ဟု ထင်မိသောကြောင့်။ သို့ရာတွင် ကျွန်မသည် ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးပင် ရှိနေ၏။ ကျွန်မ၏ မူးယစ်ခြင်းအရှိန်ကြောင့် ကျွန်မသည် ထောင့်တစ်ထောင့်မှနေ၍ အက်စ်တာရီတာ၏ ရမ္မက်ဇောတက်နေသည်ကို ကြည့်နေမိသကဲ့သို့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်တာရီတာသည် အနမ်းရပ်လိုက်ပြီးနောက် ကျွန်မအား စူးစိုက်၍ ကြည့်လိုက်၏။ ပြီးတော့ တိုးတိုးညင်းညင်း ဆိုလေသည်။

“ကိုယ်တို့ ဟိုအခန်းထဲ သွားကြရအောင်လား”

ကျွန်မက သူ့မျက်လုံးများ နောက်သို့ လိုက်၍ ကြည့်လိုက်သည်။ သူက အတွင်းခန်း၏ မဟတဟကလေး ပွင့်နေသော တံခါးကို ကြည့်နေသည်။ သူလည်း အတော်မူးနေပြီဟု ကျွန်မ ထင်၏။

“ကိုယ်တို့ ဟိုအခန်းထဲ သွားကြရအောင်လား”

သူက ထပ်၍ ပြောသည်။ ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့သည် ရယ်မောခြင်းနှင့် စကား ပြောခြင်းတို့ကို ရပ်၍ ကျွန်မတို့အား စောင့်ကြည့်နေကြသည်ကို ကျွန်မက သတိထားမိ၏။ ကျွန်မတွင် ချက်ချင်းပင် အမူးပြေ သွားပါသည်။ အတော်ကြီး မူးနေခဲ့သည် မှန်သော်လည်း ကိုယ့်အန္တရာယ်ကို မသိလောက်အောင်တော့ မဟုတ်ချေ။

“ဟင့်အင်း၊ ကျွန်မ မသွားချင်ဘူး”

ကျွန်မ မတ်တတ်ထရပ်လိုက်သည်။ သူကလည်း ထရပ်လိုက်သည်။ ပြီးတော့ ကျွန်မကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်၍ တစ်ဖက်ခန်းသို့ ဆွဲခေါ်သွားရန် ကြိုးစားနေသည်။ ဘေးမှ ကြည့်နေသူ နှစ်ဦးက သူ့အား အသားပေးလျက်ရှိသည်။

ရုန်းကန်နေသည့်ကြားမှပင် သူသည် ကျွန်မကို တံခါးအနီးသို့ ရောက်အောင် ဆွဲခေါ်သွားနိုင်၏။ ကျွန်မက တံခါးနားသို့ရောက်မှ ရုတ်တရက် ဆောင့်ရုန်းလိုက်ပြီး ရှေ့တံခါးပေါက်ဆီသို့ ပြေးသွား၏။ သို့ရာတွင် ဂျီဆယ်လာက ကျွန်မထက် မြန်လေသည်။ သူမက ရစ်ကာဒို၏ပေါင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး တံခါးဆီသို့ ကျွန်မထက်အလျင် ရောက်အောင်ပြေးသွားပြီး သော့ခတ်လိုက်လေသည်။

“မင်း ဒါလောက်မိုက်လိမ့်မယ်လို့ မထင်ပါကလားကွယ်။ ကဲ သွားစမ်းပါ အက်ဒရီယာနာရယ်။ ဘာ စောင့်နေတာလဲ”

ဂျီဆယ်လာက ကျွန်မကို တွန်းပို့ရင်း ပြော၏။ ထိုအချိန်အထိ ဘာမျှ မပြောဘဲ အိပ်ခန်း တံခါးနားတွင် မလှုပ်မယှက်ကြီး ရပ်၍ ကျွန်မအား ကြည့်နေသော အက်စ်တာရီတာက နောက်ဆုံးတွင် ကျွန်မအား ခြိမ်းခြောက်လေတော့၏။

www.burmeseclassic.com



"လာလေ။ အေး မင်း မလာဘူးဆိုရင်တော့ ကိုယ်က ဂျီနိုကို ပြောရလိမ့်မယ်။ မင်းဟာ ကိုယ်တို့နဲ့အတူ လိုက်လာပြီး၊ ကိုယ့်ကို ညားခွင့် ပေးတယ်လို့"

သူသည် ခြိမ်းခြောက်သည့်အတိုင်း တကယ် ပြုလုပ်လိမ့်မည် ဖြစ်ကြောင်းကို ကျွန်မက ချက်ချင်းပင် သိမြင်လိုက်ပါသည်။ သူ ပြောသည့်အတိုင်း တကယ်လုပ်မည့်အကြောင်း သူ၏လေသံက ဖော်ပြလျက်ရှိသည်။ သူသည် ဂျီနိုကို တကယ်ပင်သွား၍ ပြောချေမည်။ ယင်းသို့ ပြောခဲ့ချေလျှင်ကား ကျွန်မ၏ဘဝသည် မဖူးပွင့်ရသေးမီမှာပင် ကြွေလွင့်ရပေတော့မည်။ သို့ဖြင့် ကျွန်မသည် ဤအခြေအနေတွင်းသို့ ကြိုတင်ပြင်ဆင်မှု လုံးဝ မရှိဘဲနှင့် ကျဆင်းခဲ့ရလေတော့သည်။

"ကဲ ကျွန်မတို့ ရှေ့ခန်းကို ပြန်ကြစို့လား"

နောက်ဆုံးတွင် ကျွန်မ ပြောလိုက်သည်။ အိပ်ခန်းထဲသို့ ရောက်ကြပြီးကတည်းက ယခုမှပင် ကျွန်မက ပထမဆုံး စကား တစ်ခွန်းကို ပြောမိခြင်း ဖြစ်ပေ၏။

"ကိုယ့်ကို စိတ်ဆိုးနေသလား"

သူက တိုးတိုးမေးသည်။

"မဆိုးပါဘူး"

"ကိုယ့်ကို မုန်းနေသလား"

"မမုန်းပါဘူး"

"ကိုယ်က မင်းကို သိပ် ချစ်တယ်"

သူက ညုလိုက်ပါသည်။ ထို့နောက် သူက ကျွန်မ၏ မျက်နှာ လည်ပင်းတို့ကို တဆတ်ဆတ် နမ်းနေပြန်တော့သည်။

"သွားကြစို့"

ကျွန်မက ထပ်၍ ပြောလိုက်သည်။

"အင်း သွားကြစို့"

သူက ကျွန်မ ကိုယ်မှ ခွဲခွာလိုက်ပြီးနောက် မှောင်ထဲတွင် အဝတ်များကို ဝတ်နေသည်။ ကျွန်မကလည်း ကျွန်မ ကိုယ်ကို ကျွန်မ အတတ်နိုင်ဆုံး သန့်ပြန့်အောင် လုပ်လိုက်ပြီးနောက် ထလိုက်သည်။ ခုတင်ပေါ်မှ မီးကို ဖွင့်လိုက်သည်။ မီးရောင် ဝါကြင့်ကြင့်တွင် အခန်းကလေးသည် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည့် အတိုင်းပင် ဖြစ်ပါသည်။ မျက်နှာကြက်သည် နိမ့်၏။ ရက်မများကို ဆေးဖြူ သုတ်ထား၏။ နံရံတွင် ပန်းစက္ကူများ ကပ်ထား၏။ ပရိဘောဂများမှာ ဟောင်းမြင်း၍ ထုထည်ကြီးလှ၏။ အခန်းထောင့် တစ်ထောင့်တွင် နံရံကပ် ကြွေအင်တုံ တစ်ခုနှင့် ရွှေနားကွပ် မှန်ကြီး တစ်ချပ် ရှိ၏။ ကျွန်မသည် ရေအင်တုံ ရှိရာသို့ သွား၍ မျက်နှာသုတ်ပဝါ အဖျားပိုင်းကို ရေဆွတ်လိုက်သည်။ ထို့နောက် အက်စ်တာရီတာ၏ အနမ်းကြောင့် ဖူးရောင်နေသော နှုတ်ခမ်းနှင့် ငိုကြွေးခြင်းကြောင့် နီရဲနေသော မျက်လုံးတို့ကို ခပ်ဖွဖွ တို့သုတ် နေမိသည်။ ကြေးမုံပြင်တွင် ကျွန်မ၏ နာကြည်းသော ပုံအသွင်က ထင်နေသည်။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် အတန်ကြာအောင် မှင်တက်မိ၍ ကြည့်နေသည်။ ကျွန်မ ရင်ထဲတွင် ယူကျုံးမရခြင်းနှင့် အံ့သြ ခြင်းများ ပြည့်လျှံနေသည်။ ထို့နောက်မှ ကျွန်မ၏ စိတ်ကို ထိန်းလိုက်ပြီး ကျွန်မ ဆံပင်များကို တတ်နိုင်သမျှ သေသပ်အောင် ပြုပြင်လိုက်သည်။ ပြီးတော့မှ သူ့ဘက်ကို လှည့်လိုက်သည်။ သူက တံခါး အနီးတွင် ရပ်၍ ကျွန်မကို စောင့်နေသည်။ ကျွန်မက အဆင်သင့် ဖြစ်ပြီကို တွေ့ရသောအခါ တံခါးကို ဖွင့်လိုက်သည်။ ကျွန်မနှင့် မျက်လုံးချင်း မဆိုင်ဘဲ ကျွန်မကို ကျောပေးလိုက်ပါသည်။ ကျွန်မက မီးပိတ်၍ သူ့ နောက်သို့ လိုက်သွားသည်။

ကျွန်မတို့ကို ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့က ဝမ်းသာအယ်လဲ ဆီးကြိုကြပါသည်။ သူတို့သည် စောစောက အတိုင်းပင် ပစ်စလက်ခတ် အခြေအနေတွင် ရှိနေကြပါသည်။ ကျွန်မသည် စောစောက ဒေါသူပုန်ထနေပြီး ယခုအခါ တည်တည်ငြိမ်ငြိမ် ရှိနေသည်ကို သူတို့က သဘောမပေါက်နိုင်ဘဲ ရှိနေကြသည်။

အက်စ်တာရီတာက ကျွန်မ အနီးသို့ ကပ်၍ လက်ဆုပ်ကိုင်ရန် ကြိုးစားသည်။ သို့ရာတွင် ကျွန်မက သူ့ကို တွန်းဖယ်ပစ်လိုက်ပြီး စားပွဲထိပ်တွင် သွားထိုင်သည်။

"အက်စ်တာရီတာကို ကြည့်စမ်း။ သူ့ကို ကြည့်ရတာ အသုဘက ပြန်လာတာနဲ့ ဘယ်လောက် တူသလဲ"

ရစ်ကာဒိုက အံ့သြမှု ပြုလိုက်သည်။ မှန်ပေသည်။ အက်စ်တာရီတာ ညှိုးငယ်လျက်ရှိသည်။ သူသည် ကျွန်မ အကြောင်းကို သူများတွေထက် ပို၍ သိရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကတော့ ဘာပဲဖြစ်ဖြစ် ပြက်လုံးထုတ်ဖို့ပဲ"

သူက ပြောလိုက်သည်။

"ပြက်လုံး မထုတ်လို့ ကျွန်မတို့က ငိုနေရမှာလား"

ဂျီဆယ်လာက ပြောလိုက်သည်။

"ကဲ ရှင်တို့ နှစ်ယောက်တော့ စောင့်ကြပေဦးတော့။ ကျွန်မတို့ အလှည့်ပဲ။ ကဲ သွားကြစို့ ရစ်ကာဒို"

"သတိထား နေကြနော်"

ရစ်ကာဒိုက ဂျီဆယ်လာ၏ နောက်သို့ လိုက်ရန် ထရင်း ပြောလိုက်သည်။ သို့ရာတွင် သူသည် ကောင်းကောင်းကြီး မူးနေပြီ ဖြစ်ပြီး သူ့ဟာသူပင် ဘာကို သတိထားရမှန်း မသိသူ ဖြစ်၏။

သို့ဖြင့် အခန်းထဲမှ သူတို့ ထွက်သွားကြပြီ ဖြစ်သဖြင့် ကျွန်မတို့ချည်းသာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်မက ဤဘက် စားပွဲထိပ်တွင် ထိုင်၍ သူက တစ်ဖက်စားပွဲထိပ်တွင် ထိုင်နေသည်။ ပြတင်းပေါက်မှ နေရောင်ခြည် ဖြတ်ဆင်းလျက် ရှိ၏။ စားကြွင်း စားကျန်များ၊ သစ်သီးခွံများ၊ တိုးလိုးတန်းလန်း ဖန်ခွက်များ၊ ညစ်ပေနေသော ဇွန်းခရင်းများပေါ်တွင် ထွန်းလင်းလျက် ရှိ၏။ သူ့ မျက်နှာပေါ်တွင် နေရောင်ခြည် အပြည့်အဝ ရှွန်းပနေသော်လည်း အက်စ်တာရီတာ၏ အမူအရာသည် အမှိုင်ကြီးမှိုင်၍ စိတ်အပျက်ကြီး ပျက်နေပါသည်။ သူ၏ အလိုသည် ပြည့်ခဲ့ပြီ ဖြစ်၏။ သို့ရာတွင် သူ့မျက်လုံးတွင် နာကြည်းမှုများဖြင့် ပြည့်လျှံနေ၏။ ယင်းသို့ တွေ့မြင်ရသော အခါကျတော့လည်း သူသည် ကျွန်မကို ဘေးဥပဒ် ပေးခဲ့သော်လည်း ကျွန်မက သူ့အတွက် စိတ်မကောင်း ဖြစ်မိရပါတော့သည်။ သူသည် ကျွန်မကို မရခင်တုန်းကလည်း စိတ်ဒုက္ခ ရောက်ခဲ့သည်။ ယခု ရပြီးတော့လည်း စိတ်ဒုက္ခ ရောက်နေဆဲပင် ဖြစ်သည်။ မရခင်တုန်းကတော့ ကျွန်မကို လိုချင်၍ စိတ်ဒုက္ခ ရောက်ခဲ့ရသည်။ ယခုတော့ ကျွန်မက သူ့ အချစ်နှင့် သူ့ ဆန္ဒကို မတုံ့ပြန်၍ စိတ်ဒုက္ခ ရောက်ရသည်။ သို့ရာတွင် ကြင်နာသနားခြင်းသည် ချစ်ခြင်းမေတ္တာ၏ အဆိုးဆုံးသော ရန်သူပင် ဖြစ်၏။

"မင်း ဘာတွေ စဉ်းစားနေသလဲ"

သူက အတန်ကြာ တိတ်ဆိတ်နေရာမှ တစ်ဆို့သော လေသံဖြင့် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လက်သည်းတစ်ခု ပဲ့သွားတယ်။ အဲဒါ ဘယ်တော့မှများ ဘယ်လိုလုပ်ပြီး အကောင်း ပြန်ဖြစ် လာပါလိမ့်မလဲလို့ တွေးနေတယ်"

တကယ်လည်း တကယ်ပင် ဖြစ်၏။ သို့ရာတွင် သူသည် ကျွန်မကို မယုံမကြည် မကျေမနပ်ဖြင့် ကြည့်ပြီးနောက် စကား ထပ်ပြောရန် မကြိုးစား ပါတော့ချေ။

နောက်ဆုံးတွင် ဂျီဆယ်လာနှင့် ရစ်ကာဒိုတို့သည် အခန်းထဲမှ ပန်း လျှော့လျှော့နှင့် ထွက်လာကြသည်။ သို့ရာတွင် မြူးမြူးပျပျ ပေါ့ပေါ့တန်တန် ပင် ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက် ဣန္ဒြေကိုယ်စီနှင့် နှုတ်ဆိတ်နေကြခြင်း အတွက် သူတို့က အံ့သြကြပုံ ရပါသည်။ သို့ရာတွင် အချိန်လည်း မရှိတော့ ပြီ ဖြစ်၍ တစ်ကြောင်း၊ လွန်လွန်ကျူးကျူး ချစ်ခဲ့ခြင်းကြောင့် တစ်ကြောင်း သူတို့သည် အတော်ကလေး ငြိမ်သွားကြသည်။ ဂျီဆယ်လာဆိုလျှင် စောစော ကလို ကျွန်မအပေါ် ရက်စက်မှု လှုံ့ဆော်မှုမျိုး မရှိတော့ဘဲ ချစ်ခင် ကြင်နာ မှုများ ပြလာ၏။ လှေကားမှ အဆင်းတွင် သူမက ကျွန်မ၏ ခါးကို ဖက်၍–

"မင်း ဘယ်လို ဖြစ်နေတာလဲ။ ဂျီနို သိမှာဆိုရင်တော့ မစိုးရိမ်ပါနဲ့ ကွယ်။ ကိုယ်နဲ့ ရစ်ကာဒိုက ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူး"

"ကိုယ် ပန်းနေတယ်"

ကျွန်မက ညာလိုက်သည်။ သူမက–

"ကိုယ်လဲ ပန်းတာပဲ"

ယောကျ်ား နှစ်ယောက်က ကားဆီသို့ လျှောက်သွားနေကြသော အခါတွင် ကျွန်မတို့က ပျော်ပွဲစားရုံ အဝမှ စောင့်နေကြပါသည်။ သူမက ပြောပြန်သည်။

"မင်း ကိုယ့်ကို စိတ်မဆိုးဘူးလား"

"မဆိုးပါဘူးကွာ။ ဟုတ်ပြီလား"

ကျွန်မက ဖြေလိုက်ပါသည်။ သူမက စိတ်သက်သာရာ ရရှိသွားသည်။ လက်မောင်းချင်း ချိတ်လိုက်ပြီး အလေးအနက် ပြောပါသည်။

"ကိုယ့်သဘောကိုတော့ မင်းက သဘောပေါက်ဖို့ လိုတယ်နော်။ အက်စ်တာရီတာပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲ ဖြစ်ဖြစ် မင်း ဘဝကို ချမ်းမြေ့စေနိုင် တယ်။ ဒါပေမဲ့ ဂျီနိုတော့ မဟုတ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



အပြန်ခရီးတွင် မည်သူမျှ စကား မပြောကြပါချေ။ အက်စ်တာရီတာကမူ ကျွန်မကို ငေးမောနေဆဲပင် ဖြစ်သည်။ သို့ရာတွင် ရမ္မက်ဆန္ဒနှင့် ကြည့်သည်ထက် သိမ်မွေ့စွာ ကြည့်နေခြင်းသာ ဖြစ်၏။ သို့ရာတွင် ယခုအခါ သူ၏ အကြည့် အငေးတို့သည် ကျွန်မကို စိတ်အနှောင့်အယှက် မဖြစ်ပါတော့ချေ။ ကျွန်မက ပြတင်းပေါက်မှ ဝင်လာသော လေကောင်းလေသန့်တို့ကို ရှူ၍ မိုင်တိုင်များကို ရေတွက်ကြည့်နေမိပါသည်။ သို့ရာတွင် ထိုအချိန်၌ အက်စ်တာရီတာ၏ လက်များက ကျွန်မ လက်ကို လာ၍ ထိတွေ့သည်ကို သိမိရ၏။ သူက တစ်စုံတစ်ခုကို ထည့်ပေးရန် ကြိုးစားနေခြင်း ဖြစ်၏။ စက္ကူ တစ်ရွက် ဖြစ်တန်ရာ၏။ သူ့ ပါးစပ်မှ မပြောရဲသည့် တစ်ခုကို စာဖြင့် ရေးပြောခြင်း ဖြစ်သည်ဟု ထင်မိ၏။ သို့ရာတွင် ကျွန်မက အမှတ်တမဲ့ ငုံကြည့်လိုက်တော့ လေးခေါက် ခေါက်ထားသော ငွေစက္ကူ တစ်ရွက် ဖြစ်သည်ကို တွေ့ရ၏။

ကျွန်မ၏ လက်ချောင်းများက ငွေစက္ကူကို လုံးခြေ၍ သူ့မျက်နှာကို ပေါက်လိုက်လေသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ယင်းအပြုအမူမျိုးသည် သဘာဝ မကျဟု ထင်မိသည်။ အပေါယံကြောများသာ ဖြစ်သည်ဟု ယူဆမိသည်။ ယင်း ပိုက်ဆံကို ငြင်းဆန်သင့်ကြောင်း ကျွန်မ သိသော်လည်း တစ်ချိန်တည်းမှာပင် လိုချင်မှု ရှိနေခဲ့သည်။ လောဘဇောကြောင့် မဟုတ်။ ယင်းသို့ ပေးကမ်းခြင်းကို ကျေနပ်ခြင်းတစ်မျိုး ရှိမိ၍ ဖြစ်သည်။

ကျွန်မက လက်ခံရန် ဆုံးဖြတ်ပြီးပြီ ဖြစ်သော်လည်း ငြင်းဆန်ခြင်း ပြုနေမိသည်။ သူက အတင်း ပေးနေသည်။ နောက်ဆုံးတွင် ကျွန်မက ပိုက်ဆံကို ညာလက်မှ ဘယ်လက်သို့ ပြောင်းလိုက်သည်။ ကျွန်မ၏ ရင်များသည် တလှပ်လှပ် ဖိုနေ၏။ မျက်နှာ တစ်ခုလုံး ပူရှိန်းရှိန်း ဖြစ်နေ၏။ ယင်း ပိုက်ဆံကို မည်သို့ မည်ပုံ ရရှိခြင်း ဖြစ်သည်ဟူသော အသိကြောင့်ပင် ဖြစ်၏။ အက်စ်တာရီတာက ကျွန်မ၏ လက်ကို ဆွဲယူ၍ နမ်းလိုက်သည်။ သည့်နောက်တွင်ကား ကျွန်မတို့သည် ရောမသို့ ပြန်ရောက်သည်အထိ တစ်ယောက်ကို တစ်ယောက် မကြည့်မိကြပါတော့ချေ။

ကျွန်မတို့သည် မြို့သို့ ပြန်ရောက်ကြသော အခါတွင် ထွက်ပြေး တိမ်းရှောင် နေကြသူများ ပမာ ခွဲခွာကြလေသည်။ ကျွန်မတို့သည် ရာဇဝတ်မှု တစ်ခုခုကို ကျူးလွန်မိခဲ့ကြပြီးနောက် ထွက်ပြေး တိမ်းရှောင်လိုသည့် အသွင်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ဖြစ်ပါသည်။ အမှန်တော့လည်း ကျွန်မတို့သည် ထိုနေ့က ရာဇဝတ်မှု ကိုယ်စီ ကျူးလွန်မိခဲ့ကြခြင်းပင် ဖြစ်၏။ ရစ်ကာဒို၏ မိုက်မဲမှုကြောင့် လည်းကောင်း၊ ဂျီဆယ်လာ၏ မနာလို ဝန်တိုမှုကြောင့် လည်းကောင်း၊ အက်စ်တာရီတာ၏ ရမ္မက်ဆန္ဒကြောင့် လည်းကောင်း၊ ကျွန်မ၏ အတွေ့ အကြုံ မရှိမှုကြောင့် လည်းကောင်း ဖြစ်ပါသည်။ သူတို့သည် ကျွန်မကို အိမ်ရှေ့သို့ ရောက်သည်ထိ လိုက်ပို့ကြပါသည်။ ပင်ပန်းခြင်း၊ နောင်တ ရခြင်းတို့ ရှိသော်လည်း ကျွန်မသည် ခမ်းနား ကြီးကျယ်သော ကားတစ်စီးမှ ဆင်းသက်ရသည့် အဖြစ်ကြောင့်၊ အိမ်နီးနားချင်းများက ထွက်၍ ကြည့်ကြ သည့် အဖြစ်ကြောင့် ကျွန်မမှာ ဘဝင်မမြင့်ဘဲလည်း မနေနိုင်ပါချေ။

ကျွန်မသည် ကိုယ့်အခန်းသို့ တောက်လျှောက် တန်း၍ ဝင်သွားပြီး တံခါးကို ပိတ်လိုက်သည်။ ပြီးတော့ ပထမဆုံး ပြုလုပ်သည်မှာ ပိုက်ဆံကို ထုတ်၍ ကြည့်ခြင်းပင် ဖြစ်၏။ ငွေစက္ကူ တစ်ရွက်တည်း မဟုတ်ချေ။ တစ်ထောင်တန် သုံးရွက်ကြီးများတောင် ဖြစ်၏။ ကျွန်မသည် ခုတင်စွန်းတွင် ထိုင်၍ အတော်ကလေး ကြာအောင် ဝမ်းသာကြည်နူး နေမိသည်။ ယင်း ပိုက်ဆံသည် ကျွန်မ ဝတ်ထားသည့် ပစ္စည်းများအတွက် ကျန်ငွေ အားလုံးကို ပေးချေနိုင်သည်သာမက နောက်ထပ် ကျွန်မ လိုချင်သည့် တစ်ခု နှစ်ခုကိုပင် ဝယ်နိုင်သေး၏။ ကျွန်မ၏ ဘဝတွင် ဤမျှလောက် ပိုက်ဆံများများ တစ်ခါမျှ မရခဲ့ဖူးပါ။ ကျွန်မသည် ငွေစက္ကူများကို ငေးစိုက်၍ ကြည့်နေမိသည်။ ကျွန်မ၏ ဆင်းရဲနွမ်းပါးမှုသည် ယင်း ငွေစက္ကူများကို မြင်ရမှုကြောင့် ဝမ်းသာမိသည်သာမက မယုံကြည်နိုင်ခြင်းလည်း ဖြစ်နေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

ထိုညက ပြည့်ပြည့်ဝဝ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ရခြင်းကြောင့် ဗစ်တာဘို အရေးတော်ပုံကိုပင် မေ့ပျောက်သွားသည်ဟု ထင်မိပါသည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်မသည် အခါတိုင်းကဲ့သို့ပင် တည်ငြိမ်စွာဖြင့် အိပ်ရာမှာ နိုးခဲ့ပါသည်။ ကျွန်မ မျှော်မှန်းထားသော အိမ်ထောင် တစ်ခုကို အောင်မြင်မှု ရသည်အထိ ဆက်လက် တည်ဆောက်သွားမည်ဟု သန္နိဋ္ဌာန် ချမိပါသည်။ ထိုနေ့နံနက် ဂျီဆယ်လာနှင့် တွေ့သောအခါတွင်လည်း သူမက မနေ့က အကြောင်းကို ဘာမျှ မပြောပါချေ။ ဆိုးသည်လည်း မပြော။ ကောင်းသည် လည်း မပြောပါချေ။ ယင်းအတွက် ကျွန်မက သူ့ကို ကျေးဇူးတင်မိပါသည်။ သို့ရာတွင် ကျွန်မက ဂျီနီနှင့် တွေ့ရမည့် အရေး အတွက်မူ ပူပန်လျက် ရှိနေမိပါသည်။ ကျွန်မ အပြစ် မရှိမှန်း သိသော်လည်း ကျွန်မသည် သူ့ကို ညာရချေတော့မည်။ ကျွန်မက မညာချင်ပါ။ ပြီးတော့ ပိပိရိရိ ရှိပါ့မလား ဟုလည်း ဒွိဟ ဖြစ်နေမိပါသည်။ ကျွန်မသည် သူနှင့် ဆက်ဆံရာတွင် အမြဲတမ်း ပွင့်ပွင့်လင်းလင်း ရှိခဲ့ပြီး၊ ယခု တစ်ကြိမ်သည် ပထမဆုံး ညာရမည့် အကြိမ် ဖြစ်ပေသည်။ ဂျီဆယ်လာနှင့် တွေ့ဆုံ ဆက်ဆံနေသည့် အကြောင်း ကို သူ့အား မပြောခဲ့သည်ကား မှန်၏။ သို့ရာတွင် ယင်းအဖြစ်ကို ကျွန်မက မုသား ပြုရခြင်းဟု မထင်မိ။ ဂျီဆယ်လာ၏ အပေါ်တွင် သူ၏ အခြေအမြစ် မရှိသော မကြိုက် မနှစ်သက်မှုကို တုံ့ပြန်ခြင်း တစ်ရပ်ဟုပင် ယူဆမိပါသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ နှစ်ယောက် ထိုနေ့မှာပင် တွေ့ရှိသော အခါတွင် ကျွန်မသည် အတော်ကြီး တုန်လှုပ်ချောက်ချားလျက် ရှိသဖြင့် ကျွန်မသည် ချုံးပွဲချ၍ မငိုမိအောင်၊ သူ့အား ဖြစ်ပျက်ခဲ့သမျှများကို အလုံးစုံ ပြောပြ၍ ခွင့်လွှတ်မှုကို မတောင်းခံမိအောင် အတော်ကြီး ခက်ခက်ခဲခဲပင် ချုပ်တည်းထားရပါသည်။ ဇစ်တာဘို အရေးတော်ပုံကြီးသည် ကျွန်မအပေါ်တွင် ဖိစီးလျက်ရှိပြီး ကျွန်မက ယင်းဝန်ထုပ်ဝန်ပိုးမှ လွတ်ကင်းလိုလှပေသည်။ အကယ်၍သာ သူသည် မနာလိုဝန်တိုစိတ် နည်းပါးသူ တစ်ဦး ဖြစ်ခဲ့လျှင် ကျွန်မသည် အမှန်တကယ်ပင် ဖွင့်၍ ပြောမိပေမည်။ ထိုအခါတွင် ကျွန်မတို့သည် နားလည်မှု ပိုမိုရှိလာပြီး ဆတက်ထမ်းပိုး တိုး၍ ချစ်မိကြပေမည်။ ကျွန်မတို့သည် ထုံးစံအတိုင်း သွားနေကျ လမ်းသွယ်ကလေးတွင် ဖြစ်သည်။ ကျွန်မ၏ မကြည်မသာ ရှိမှုကို သူက သတိပြုမိ၏။ အကျိုးအကြောင်းကို မေးပါသည်။

'ကားပေါ်က ကန်ချချင်လည်း ချပေစေတော့။ ငါ သူ့ကို အကုန်ပြောပြလိုက်တော့မယ်' ဟု စိတ်ကူးမိ၏။ သို့ရာတွင် ကျွန်မ၌ သတ္တိ မရှိပါချေ။ ကျွန်မအား ချစ် မချစ်သာ မေးမိပါသည်။

"မေးနေဖို့ လိုသေးသလား"

"ကို ကျွန်မကို အမြဲတမ်း ချစ်နေမယ်လား"

ကျွန်မက မျက်လုံးစုံတွင် မျက်ရည်များ ပြည့်လျှံလျက်ဖြင့် ဆက်၍ မေးပြန်သည်။

"အမြဲတမ်းပေါ့"

"ကျွန်မတို့ မကြာခင် လက်ထပ်ကြမယ်လား"

"ကိုယ် ကတိ ပေးပြီးပြီပဲ။ ကိုယ့်ကို မယုံဘူးလား။ ကိုယ်တို့ အီစတာ ပွဲတော်မှာ လက်ထပ်ကြမယ်လို့ ပြောထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ပြီးရောပေါ့။ ကိုယ်က ပြောပြီးရင် လုပ်တဲ့ လူတစ်မျိုးပဲ။ ဘာလဲ မင့် အမေက တို့လိုက်ပြန်ပြီ ထင်တယ်"

"ဟင့်အင်း အမေနဲ့ ဘာမှ မဆိုင်ပါဘူး"

ကျွန်မက ထိတ်လန့်တကြား ငြင်းလိုက်မိသည်။

"ကျွန်မတို့ အတူတူ နေကြရမယ်ပေါ့"

"အင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပျော်ရွှင်ရွှင် ရှိကြမယ်ပေါ့"

"ဒါက ကိုယ်တို့အပေါ် တည်တာပဲ"

"ကျွန်မတို့ အတူတူ နေကြမယ်ပေါ့"

"သြော် ခက်တော့တာပဲ။ မေးပြီးလို့ ဖြေပြီးပြီကော"

"စိတ်မဆိုးပါနဲ့ ကိုရယ်။ တစ်ခါတစ်ခါမှာ ဒီကိစ္စတွေဟာ မဖြစ်နိုင်ဘူးလို့ ထင်ရလို့ပါ"

ကျွန်မက ဆက်လက် မချုပ်တည်းနိုင်တော့သဖြင့် ငိုမိတော့သည်။ သူက အံ့အားသင့်နေသည်။ ပြီးတော့ အလားတူပင် မကြည်မသာ ရှိလာသည်။

"ပြောစမ်းပါဦး။ ဘာပြုလို့ ငိုနေတာလဲ"

သူက မေးပါသည်။ ကျွန်မက အဖြစ်မှန် ပြောမပြမိသေးသဖြင့် ဝမ်းနည်းခြင်း ဝန်ထုပ်ဝန်ပိုးမှ မလွတ်ကင်းနိုင်သည့်အတွက် ငိုမိခြင်း ဖြစ်ပါသည်။ ပြီးတော့ ကျွန်မသည် သူ့လို လူတစ်ယောက်နှင့် မတန်တော့သည့်အတွက်လည်း ငိုမိခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဝန်ထုပ်ဝန်ပိုးကြီးသည် ကျွန်မနှင့်အတူ ရှိနေမြဲပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မသည် ထိုနေ့ ညနေမှာပင် အာပတ်ဖြေရန် ဘုရားရှိခိုးကျောင်းသို့ သွားပါသည်။ ဘုရားရှိခိုးကျောင်းသို့ ကျွန်မ မရောက်သည်မှာ တစ်နှစ်လောက် ရှိပါပြီ။ အပြစ်တွေ အားလုံးကို တစ်ကြိမ်တည်း စုစည်း ဝန်ခံလိုက်လျှင် ပြီးနိုင်သည်ဟု သိရှိထားသောကြောင့် ဖြစ်ပါသည်။ ဂျီနိုနှင့် ပထမဆုံးအကြိမ် နမ်းပြီးကတည်းက ကျွန်မသည် အာပတ်ဖြေခြင်း မပြုခဲ့သေးပါ။ ဘာသာရေးအရ ကျွန်မနှင့် ဂျီနို ယခုကဲ့သို့ ဆက်ဆံနေခြင်းသည် ဒုစရိုက်မှု တစ်ခု ဖြစ်ပေသည်။ သို့ရာတွင် ကျွန်မတို့သည် လက်ထပ်ကြမည့်သူများ ဖြစ်ပေသည်။

ကျွန်မသည် မြို့လယ်ခေါင်ရှိ ဘုရားရှိခိုးကျောင်းကလေး တစ်ကျောင်းသို့ သွားပါသည်။ ရုပ်ရှင်ရုံ တစ်ရုံ၏ အဝင်ဝနှင့် စွပ်ကျယ်စက်တစ်စက်၏ ပြတင်းပေါက် အကြားတွင် ရှိပါသည်။ မယ်တော်မာရီ၏ သီးသန့်ဆောင်နှင့် တရားဟောစင်မှတစ်ပါး အထဲတွင် ပိန်းပိတ်အောင် မှောင်နေသည်။

ကျွန်မသည် အာပတ်ဖြေခြင်း မပြုမီ မယ်တော်မာရီ၏ အဆောင်သို့ အလျင်သွားပါသည်။ ကျွန်မ မွေးစကတည်းကပင် မယ်တော်မာရီနှင့် တူသည်

www.burmeseclassic.com



ဟု အမေက ပြောဆိုသည်။ ကျွန်မကလည်း မယ်တော်မာရီကို အမြဲတမ်း ချစ်မြတ်နိုးခဲ့ပါသည်။ ကျွန်မသည် မယ်တော်မာရီ၏ ရှေ့တွင် ဒူးထောက်၍ မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးကွယ်ကာ ရှည်လျားစွာ ဆုမွန်တောင်းနေမိပါသည်။ ကျူးလွန်ခဲ့သော အပြစ်များမှ ခွင့်လွှတ်၍ ကျွန်မရယ်၊ အမေရယ်၊ ဂျီနိုရယ်ကို ကာကွယ်စောင့်ရှောက်ခြင်း ပြုရန် တောင်းခံမိပါသည်။ ထို့နောက် ကျွန်မသည် တစ်ပါးသူအပေါ်တွင် မလိုမုန်းတီးစိတ် မထားရန်လည်း တာဝန်ရှိသည်ဟု သတိရမိသဖြင့် ကျွန်မအား မနာလိုမှုကြောင့် ဖျက်ဆီးခဲ့သော ဂျီဆယ်လာအား လည်းကောင်း၊ မိုက်မဲမှုကြောင့် ဂျီဆယ်လာအား အကူအညီပေးခဲ့သော ရစ်ကာဒိုအား လည်းကောင်း၊ နောက်ဆုံးတွင် အက်စ်တာရီတာ အပေါ်တွင် လည်းကောင်း ကာကွယ်စောင့်ရှောက်မှုပေးရန် မယ်တော်ထံတွင် တောင်းခံပြန်ပါသည်။ ကျွန်မက သူ့အလှည့်တွင် သူများတွေထက် ကြာကြာပို၍ ဆုတောင်းနေမိပါသည်။ သူ့အား နာကြည်းမုန်းတီးမှု အများဆုံးဖြစ်ခဲ့မိ၍ ဖြေဖျောက်ပစ်ရန် ဖြစ်သည်။ ကျွန်မအား သူပြုခဲ့သော မကောင်းမှုတို့ကို ခွင့်လွှတ်ကာ သူ့အား အခြားသူများကို မေတ္တာထားသလိုပင် အလားတူ မေတ္တာထားနိုင်ရန် ဖြစ်ပါသည်။ ထို့နောက်တွင်မှ ကျွန်မသည် အာပတ်ဖြေရန် သွားပါသည်။

အာပတ်ဖြေသည့် နေရာအားလုံးတွင် လူသူ ရှင်းလင်းလျက် ရှိ၏။ ကျွန်မသည် ရဟန်း တစ်ပါးပါးကို လိုက်လံ ရှာဖွေနေစဉ်တွင် တရားဟောစင်မြင့်၏ လက်ဝဲဘက်ရှိ တံခါးငယ်တစ်ခုမှ တစ်စုံတစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။ သူသည် ဘုန်းကြီးတစ်ပါးပင် ဖြစ်၏။ ကျွန်မက အရဲစွန့်၍ နိမ့်ချသောလေသံဖြင့် ခေါ်လိုက်ရာ သူသည် ကျွန်မဆီသို့ လျှောက်လာ၏။ ကျွန်မအနီးသို့ ရောက်လာသောအခါတွင် ရဟန်းငယ်တစ်ပါး ဖြစ်ကြောင်းကို တွေ့ရ၏။ အရပ်မြင့်မြင့် အသားရဲရဲ၊ မုတ်ဆိတ်မွေးရေးရေး၊ မျက်လုံးပြာပြာ၊ မဟာနဖူးနှင့် ဖြစ်၏။ ဉပဓိရုပ် ကောင်းမွန်လှသည်ဟု ကျွန်မက ယူဆလိုက်၏။ ကျွန်မက အာပတ်ဖြေလိုကြောင်း ပြောရာ ရဟန်းက သူ့နောက်သို့ လိုက်ခဲ့ရန် လက်ရိပ်ပြ၍ အာပတ်ဖြေသည့် နေရာတစ်ခုသို့ ခေါ်ဆောင်သွား၏။

ကျွန်မက အာပတ်စင် ရှေ့တွင် ဒူးထောက်၍ ထိုင်လိုက်သည်။ အာပတ်စင်တွင် 'ဘုန်းတော်ကြီး အီလီယာ' ဟု ဘွဲ့နာမတံဆိပ် ကပ်ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရှင်သူမြတ်သည် ဆုမွန်တောင်းခြင်း အနည်းငယ် ပြုပြီးနောက် ကျွန်မ အာပတ် မဖြေသည်မှာ မည်မျှ ကြာပြီနည်းဟု မေးလေသည်။

"တစ်နှစ်လောက် ရှိပါပြီ ဘုရား"

"ကြာလှပါပြီကောလား။ ဘာပြုလို့လဲ"

ကျွန်မက ဘာကြောင့် ဤမျှ အကြာကြီး အာပတ်မဖြေဘဲ နေမိသည့် အကြောင်းကို ရှင်းပြလိုက်သည်။ သူက ယခု ဘာပြောလိုသနည်းဟု မေး သည်။ ကျွန်မက သူ့အား ယုံယုံကြည်ကြည်နှင့်ပင် ဂျိုနီနှင့် ကျွန်မအကြောင်း၊ ဂျိုဆယ်လာနှင့် ကျွန်မအကြောင်း၊ ဇစ်တာဘိုသို့ သွားသည့်အကြောင်းနှင့် အက်စ်တာရီတာ၏ ခြိမ်းခြောက်မှုတို့ကို ပြောပြလိုက်သည်။ ကျွန်မက ဘာ တစ်ခုမျှ ထိမ်ချန်ထားခြင်း မပြုပါ။ အက်စ်တာရီတာက ပိုက်ဆံပေးသည့် အကြောင်း၊ ယင်း ပိုက်ဆံကြောင့် ကျွန်မ စိတ်လှုပ်ရှားရပုံအကြောင်း၊ ယင်း ပိုက်ဆံကို မည်သို့ သုံးစွဲရန် ရည်စူးထားကြောင်းတို့ကို ခရေစေ့တွင်းကျ ပြောပြလိုက်သည်။ သူက မည်သို့မျှ ကြားဖြတ်ဝေဖန်ခြင်း မပြုဘဲ နားထောင် နေသည်။ ကျွန်မ စကား ဆုံးတော့မှပင်–

"မင်္ဂလာကိစ္စ ပျက်မှာစိုးလို့ မင်း လုပ်လိုက်တဲ့ အမှုက ပိုပြီး ဆိုးနေ တယ်"

"တင်ပါ့ဘုရား။ တပည့်တော် သိပါတယ်"

"အမှန်အားဖြင့်တော့ ဒီကိစ္စဟာ မင်္ဂလာကိစ္စနဲ့ ဘာမှ မဆိုင်ဘူး။ မင်း ဒီလူကို အလျှော့ပေးလိုက်တာဟာ မင်းရဲ့ လောဘစိတ်ကို အလိုလိုက် အရှုံးပေးတာပဲ"

"မှန်ပါတယ် ဘုရား"

"မင်းအနေနဲ့ အခုလို လုပ်မယ့်အစား မင်္ဂလာကိစ္စကို အပျက်ခံတာက ကောင်းသေးတယ်"

"မှန်ပါတယ် ဘုရား။ တပည့်တော်လဲ အခုတော့ ဒီလိုပဲ မြင်ပါတယ် ဘုရား"

"ဒါနဲ့ မပြီးသေးဘူး။ မင်းဟာ အခု လက်ထပ်ဦးမယ်။ ဒါပေမဲ့ ဘာဖြစ်မလဲ။ မင်းဟာ ဘယ်နည်းနဲ့မှ ဇနီးကောင်းတစ်ယောက် မဖြစ်နိုင် တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မဟုတ်ဘူး။ ဘုရားတပည့်တော့်အနေနဲ့ ဘာမှ ဖြစ်တာ မဟုတ်ဘူး ဘုရား။ တပည့်တော်ဟာ ဇနီးကောင်း တစ်ယောက် ဖြစ်နိုင်ပါတယ်"

ရဟန်းငယ်သည် ကျွန်မ၏ ရိုးသားသော အဖြေကို သဘောကျသွားပုံရသည်။ သူက အတန်ကြာ တိတ်ဆိတ်နေပြီးမှ ကျွန်မကို ပို၍ ချိုသာစွာ မေးလေသည်။

"မင်းဟာ တကယ်ပဲ နောင်တရသလား"

"တကယ်ပဲ နောင်တရပါတယ် ဘုရား"

ကျွန်မက ထက်သန်စွာ ဖြေလိုက်သည်။ ဘုန်းဘုရားသည် ကျွန်မအား အက်စ်တာရီတာ၏ ပိုက်ဆံကို ပြန်ပေးရန် ခိုင်းတော့မည်ဟု ရုတ်ခြည်း ထင်လိုက်သည်။ ယင်းသို့ ပြန်ပေးရန် ကျွန်မ အနေနှင့် စောစောက မလိုလားခဲ့သော်လည်း အကယ်၍သာ သူက ယခု ပြောခဲ့လျှင် ကျွန်မက မလွဲမသွေ လိုက်နာမည်။ သို့ရာတွင် အရှင်သူမြတ်က ပိုက်ဆံအကြောင်း ကို ဘာမျှ မပြောဘဲ–

"အခု အခြေအနေမှာတော့ မင်းဟာ မြန်နိုင်သမျှ အမြန်ဆုံး လက်ထပ်ဖို့ပဲ။ ဒီအတိုင်း နေသွားလို့ မဖြစ်နိုင်တော့ဘူး ဆိုတာကို မင့်ရည်းစား ကို သဘောပေါက်အောင် ပွင့်ပွင့်လင်းလင်း ပြောပြရမယ်"

"တပည့်တော် ပြောပြပြီးပါပြီ"

"ဒီတော့ သူက ဘာပြောသလဲ"

"အီစတာပွဲတော်ကျရင် လက်ထပ်မယ်လို့ ပြောပါတယ် ဘုရား"

"အခုချက်ချင်း လက်ထပ်ဖို့ ကောင်းတယ်။ အီစတာဟာ အဝေးကြီး လိုသေးတယ်"

ဤတစ်ကြိမ်တွင်တော့ သူက ဘုန်းကြီးတစ်ပါး အနေနှင့် ပြောနေခြင်းမျိုးထက်၊ လူတစ်ယောက် အနေနှင့် ပြောနေပုံမျိုး ဖြစ်လေသည်။

"ဒါ့ထက် စောလို့ မဖြစ်တော့ဘူး။ တပည့်တော်ကလဲ သတို့သမီး ဝတ်စုံ ချုပ်ရဦးမယ်။ သူကလဲ နယ်ပြန်ပြီး လူကြီးတွေ ပြောရဦးမယ်"

"ဘာပဲ ဖြစ်ဖြစ်လေ၊ သူဟာ မင်းကို အမြန်ဆုံး လက်ထပ်ရမယ်။ မင်းဟာ လက်မထပ်ရခင်မှာ မင်းရည်းစားနဲ့ လွန်လွန်ကျူးကျူး မဖြစ်စေနဲ့တော့။ ဒါဟာ ဒုစရိုက်မှုဆိုတာ မင်း သိတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ဘုရား"

"နောက် လူတစ်ယောက် ကိစ္စနဲ့ ပတ်သက်လို့တော့ မင်းဟာ သူ့ကို ဘာကြောင်းကိစ္စနဲ့ ပတ်သက်လို့မှ နောက်ထပ် မတွေ့ပါနဲ့တော့။ မင်းကသာ သူ့ကို ချစ်မနေဘူးဆိုရင် ဒီအလုပ်ဟာ မခက်ပါဘူး။ သူက အတင်းတွေ့ဖို့ ကြိုးစားတောင် မင်းက ခါထုတ်ပစ်ပါ"

ကျွန်မက သူ အမိန့်ရှိသည့်အတိုင်း လုပ်ပါမည်ဟု အာမခံ ပြုလိုက်သည်။

"နောက်ထပ် ဘာပြောစရာ ရှိသေးသလဲ"

"တပည့်တော် သိချင်တာကတော့ သူ့ပိုက်ဆံတွေကို ပြန်ပေးရမလား။ မပေးဘဲ ထားလိုက်ရမလား ဆိုတာပါပဲ"

အရှင်သူမြတ်က ကျွန်မကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ယင်း အကြည့်သည် ကျွန်မ၏ အတွင်းမနော နက်ရှိုင်းခြင်း အဆုံးအထိတိုင် ရောက်သွားပါသည်။ ယင်း အကြည့်သည် စူးရှ၍ တဲ့တိုးကျလှပါသည်။ ပြီးတော့မှ သူက ခပ်တိုတိုပင် ဖြေသည်။

"ဒီငွေတွေ ကိုယ့် အနေနဲ့ သိပ်လိုနေတယ် မဟုတ်လား"

"တင်ပါ့"

"ဒါဖြင့် ပြီးရောပေါ့။ ဘာပြန်ပေးစရာ လိုတော့သလဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မင့်စိတ်ထဲမှာ အမှန်အတိုင်း ရှိသလိုသာ လုပ်ပါ"

ထို့နောက် ရဟန်းငယ်သည် ကျွန်မကို ကိုယ်ဟန် အမူအရာဖြင့် မသိမသာ နှုတ်ဆက်ပြီး နောက်ကျောပေးကာ ထွက်သွားလေတော့၏။ ကျွန်မမှာ စိတ်ရှုပ်ထွေးလျက် ကျန်ရစ်ခဲ့ရပါသည်။

ကျွန်မသည် အမေ့ကို ဇစ်တာဘိုအကြောင်း ဘာမျှ မပြောသလို၊ အာပတ် ဖြေခြင်း အကြောင်းလည်း တစ်လုံးတစ်ပါဒမျှ ပြောမပြပါ။ အမေ့တွင် ဘာသာရေးနှင့် ရဟန်းသံဃာများ အပေါ် ခိုင်မာသော သဘောထား ရှိပါသည်။ ဘာသာရေးနှင့် ရဟန်းသံဃာများသည် ကောင်းမွန်ပါသည်ဟု အမေက ဆိုသည်။ သို့ရာတွင် လူချမ်းသာတွေက ဆက်လက်၍ ချမ်းသာနေပြီး၊ လူဆင်းရဲတွေက ဆက်လက်၍ ဆင်းရဲနေသည်ဟု ဖြည့်စွက် ပြောခဲ့ပါသည်။

"လူချမ်းသာတွေက ဘယ်လို ဆုမွန်ကောင်း တောင်းရမယ် ဆိုတာကို တို့ထက် ပိုပြီး နားလည်တယ်ကွဲ့"ဟု အမေက ပြောလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေး အပေါ်တွင် ထားရှိသော အမေ၏ သဘောထားမှာ ဘဝနှင့် အိမ်ထောင်ရေး ကိစ္စပေါ်တွင် ထားသော သဘောအတိုင်းပင် ဖြစ်ပါသည်။ တစ်ချိန်တုန်းက သူမသည် ဘာသာရေးတွင် သက်ဝင်ယုံကြည်မိခဲ့ပြီးနောက် ဘုရားရှိခိုးကျောင်းသို့ အမြဲသွားလေ့ ရှိခဲ့ပါသည်။ သို့ရာတွင် သူမ၏ ဘဝသည် ဆိုးမြဲ ဆိုးနေသော အခါတွင်ကား သူမသည် ဘာသာရေးတွင် ယုံကြည်မှု မရှိတော့ချေ။ ကျွန်မတို့သည် တမလွန် ဘဝတွင် အကျိုးပေးလိမ့် မည် ဖြစ်ကြောင်းဖြင့် ကျွန်မက တစ်ခါ ပြောမိသောအခါတွင် အမေသည် ဒေါသတကြီးဖြင့် ရသင့် ရထိုက်သော အကျိုးတရားများကို ယခု ဘဝတွင်သာ၊ ယခုချက်ချင်းသာ ရချင်သည်ဟု ဆိုလေသည်။

နောက်တစ်နေ့ နံနက်တွင် ဂျီနို၏ ကားပေါ်သို့ ကျွန်မ တက်မိသော အခါ သူက ပြောပါသည်။ သူ့ အလုပ်ရှင်မှာ တခြားသို့ သွားနေ၍ သူတို့ တိုက်တွင် ရက် အတော် ကြာအောင် တွေ့နိုင်ကြကြောင်းပင် ဖြစ်ပါသည်။ ပထမတော့ ကျွန်မ ဝမ်းသာသွားသည်။ အကြောင်းမူ ကျွန်မသည် ဂျီနိုနှင့် ချစ်တင်းနှောရသည်ကို ကြည်နူးနှစ်သက်သောကြောင့် ဖြစ်၏။ သို့ရာတွင် ဘုန်းကြီးအား ကတိပေးခဲ့မိသည်ကိုကား ချက်ချင်းပင် ပြန်လည် အမှတ်ရ လိုက်မိသည်။

"ကျွန်မ မလာနိုင်ဘူး"

"ဘာပြုလို့လဲ"

"မမေးပါနဲ့"

"ကောင်းပြီ မနက်ဖြန်ကော"

"ဟင့်အင်း၊ မနက်ဖြန်လဲ မလာနိုင်ဘူး။ အဲဒိဘယ်တော့မှလဲ မလာ တော့ဘူး"

"ဘယ်တော့မှကို မလာနိုင်တော့ဘူး။ ဟုတ်လား"

သူက အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

"အခြေအနေက ဒီလိုကို ဖြစ်နေပြီလား။ ဘယ်တော့မှကို မလာနိုင် တော့ဘူး။ ဟုတ်လား။ ဘာကြောင့်လဲ ဆိုတာတော့ ကိုယ့်ကို ရှင်းပြဦးမှပေါ့"

သူ့ မျက်နှာတွင် မနာလိုမှုများ၊ မယုံသင်္ကာမှုများဖြင့် ပြည့်လျှံလျက် ရှိသည်။

"ဂျီနိုရယ် ကိုယ့်ကို ကျွန်မ ချစ်ပါတယ်။ ချစ်တာမှ အရင်ကထက် အများကြီး ပိုချစ်ပါတယ်။ အဲဒီလို ချစ်လို့လဲ ကျွန်မတို့မှာ လက်မထပ်

www.burmeseclassic.com

www.burmeseclassic.com



မချင်း အရင်ကလို မနေကြတော့ဖို့ကို ကျွန်မ ဆုံးဖြတ်လိုက်တယ်။ လွန်လွန်ကျူးကျူး မဖြစ်ကြတော့ဖို့ကို ပြောတာပါ"

ကျွန်မက ကသုတ်ကရက် ရှင်းပြလိုက်သည်။

"ဪ ကိုယ်သိပြီ။ ကိုယ်က မင်းကို မယူဘဲနဲ့ ပစ်သွားမှာ စိုးလို့လား"

သူက သရော်တော်တော် ပြောလိုက်သည်။

"ဟင့်အင်း၊ မဟုတ်ဘူး။ ကို ကျွန်မကို ယူမယ်ဆိုတာ ကျွန်မ သေသေချာချာ သိပါတယ်။ အဲဒီလို မသိလို့ရှိလဲ ကျွန်မအမေ တစ်သက်လုံး စုလာတဲ့ ပိုက်ဆံတွေကို မင်္ဂလာကိစ္စအတွက် ဘယ်သုံးပစ်ပါ့မလဲ"

"မင့်အမေ ပိုက်ဆံတွေအကြောင်း မင်းက ပုံကလေးတစ်ပုံ ပြောနေတာပါလား။ ကဲ ဒါဖြင့် ဆိုပါဦး ဘာ့ကြောင့်လဲ"

သူက အတော်ကြီး မချေမငံ ရှိလာသည်။ ကျွန်မက သူ့ကို မမှတ်မိနိုင်အောင်ပင် ဖြစ်သည်။

"ကျွန်မ အာပတ်သွားဖြေတယ်။ ကျွန်မတို့ လက်မထပ်မချင်း ကျူးကျူးလွန်လွန် မဖြစ်ရဘူးလို့ ဘုန်းကြီးက ပြောလိုက်တယ်"

"နေစမ်းပါဦး၊ ဘုန်းကြီးက ကိုယ်တို့အထဲ ဘာကိစ္စ ဝင်လာရတာလဲ"

ကျွန်မက နှုတ်ဆိတ်နေမိသည်။

"ပြောပါဦးလေ"

သူက မေးနေသည်။

"ကျွန်မမှာ ဘာမှ ထပ်ပြီး ပြောစရာ မရှိတော့ဘူး"

"ကောင်းပြီ။ မင်း ပြောသလိုဆိုရင် မင်းကို ပြန်ပို့ရမယ်ပေါ့"

"ပို့ရင် ကောင်းတာပေါ့"

သူ့အနေနှင့် ကျွန်မ အပေါ်တွင် မကြင်မနာ၊ မချေမငံ ဆက်ဆံခြင်းသည် ယခု အကြိမ်မှာ ပထမဆုံး အကြိမ်ပင် ဖြစ်ပါသည်။ သို့ရာတွင် နောက်တစ်နေ့တွင်မူ သူက အလျှော့ပေးသွား၏။ ခါတိုင်းလိုပင် မြတ်နိုးဖော်ရွေစွာ ဆက်ဆံလေသည်။ သို့ဖြင့် ကျွန်မတို့သည် အရင်ကလိုပင် နေ့တိုင်း တွေ့နေကြပြန်ပါသည်။ သို့ရာတွင် စကားစမြည် ပြောရုံသာ ဖြစ်ပြီး လွန်လွန်ကျူးကျူးကား မဆက်ဆံကြတော့ချေ။ သို့တစေလည်း ကျွန်မသည် သူ မတောင်းဆိုဘဲနှင့် မကြာမကြာ ဆိုသလို သူ့အား ချိုမြသော အနမ်းကို

www.burmeseclassic.com



ပေးပါသည်။ သူက ယင်းအနမ်းများကို ဂုဏ်ပြုခံရခြင်းပမာ မှတ်ယူလက်ခံပါသည်။ ကျွန်မက ယင်းသို့ နမ်းမိခြင်းအတွက်တော့ ဒုစရိုက် မူကျူးလွန်ရာ ရောက်သည်ဟု မထင်မြင်မိပါ။ ကျွန်မတို့သည် စေ့စပ်ကြောင်းလမ်းထားပြီး မကြာမီ လက်ထပ်ကြတော့မည့် သူများ ဖြစ်ပါသည်။

ယင်းသို့ဖြင့် ကာလ အတန်ကြာသွားသောအခါတွင် သူသည် ကျွန်မကို အရင်ကလို နေ့စဉ် မတွေ့တော့ဘဲ တစ်ရက်ခြားသာ တွေ့လေသည်။ တွေ့ဆုံသည့် အချိန်လည်း နည်းသွားသည်။ ပြီးတော့ ကျွန်မက လက်ထပ်ရေးအစီအစဉ်များကို ပြောသောအခါတွင် သူက အားတက်သရော မရှိလှပါ။ ယင်း ပြောင်းလဲမှုများကို ကျွန်မက အမှတ်မထင် သတိထားမိသော်လည်းသူ့အပေါ်တွင် မည်သို့မျှ ယုံမှားသံသယ မရှိပါပေ။ အသေးအဖွဲများသာဟု အောက်မေ့ထားပါသည်။ တစ်နေ့တော့ သူက ကျွန်မကို တောင်းပန်သည့် အမူအရာဖြင့် ကြည့်ပြီးနောက် သူ့မိသားစုဘက်က အကြောင်းများ ရှိနေ၍ လက်ထပ်ရက်ကို နွေအထိ ရွှေ့ရန် ပြောသည်။

"စိတ်တော်တော် ရှုပ်သွားသလား"

ကျွန်မက ဘာမျှ ပြန်မပြောဘဲ ရေ့တည့်တည့်သို့သာ တွေတွေကြီးကြည့်နေသည်ကို တွေ့မြင်သဖြင့် သူက မေးလေသည်။

"မရှုပ်ပါဘူး။ ဘာမှ မဖြစ်ပါဘူး။ ဘာတတ်နိုင်မှာလဲ။ ကျွန်မရဲ့ မင်္ဂလာ အဝတ်အစား ချုပ်ဖို့ အချိန်တောင် ရပါသေးတယ်"

"မင်း ညာတယ်။ မင့်း စိတ်ထဲမှာ ယောက်ယက်ခတ်နေတယ်"

မင်္ဂလာရက် ရွှေ့ဆိုင်းလိုက်ခြင်းအတွက် သူက ကျွန်မကို စိတ်ထိခိုက်စေလိုသည်မှာ ဆန်းနေသည်။

"ဟင့်အင်း။ ဘာမှ မဖြစ်ပါဘူး"

"ဒီလိုဆိုရင် မင်းစိတ်ထဲမှာ ဘယ်လိုမှ မဖြစ်ဘူးဆိုတာ ကိုယ့်ကို မချစ်ဘူး ဆိုတာပဲပေ့ါ"

"အို ဒီလိုတော့ မပြောပါနဲ့"

ကျွန်မက အလန့်တကြား ပြောလိုက်သည်။

"တကယ်တော့ ဒီသတင်းဟာ ကျွန်မအဖို့ အမင်္ဂလာပဲ။ ဒါကြောင့် ကျွန်မ စဉ်းတောင် မစဉ်းစားချင်ဘူး"

ကျွန်မသည် ထိုအချိန်က သူ့မျက်နှာတွင် ဖြစ်ပျက်နေသည်များအား နားမလည်နိုင်ဘဲ ရှိနေ၏။ သူသည် ကျွန်မ၏ မေတ္တာကို စမ်းသပ်ကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် တူသည်။ ကျွန်မ၏ မေတ္တာအဟုန် ကြီးမားနေသေးကြောင်းကို တွေ့ရသောအခါ စိတ်ပျက်သွားပုံရသည်။

မင်္ဂလာရက် ရွှေ့ဆိုင်းခြင်းသည် ကျွန်မ၏ စိတ်ကို သံသယ ဖြစ်စေသော်လည်း၊ အမေနှင့် ဂျီဆယ်လာတို့၏ ပင်မ အယူအဆများကိုကား ပို၍ ခိုင်မာလာစေပါသည်။ အမေသည် ထိုသတင်းနှင့် စပ်လျဉ်း၍ ချက်ချင်းတော့ ဘာမျှ ဝေဖန်ပြောဆိုခြင်း မပြု။ သို့ရာတွင် တစ်နေ့ကျတော့ ကျွန်မကို ညစာ ကျွေးရင်းနှင့် ပြောလေသည်။

"လက်ထပ်ရက်ကို တစောင့်စောင့်နဲ့ လည်ပင်း ရှည်နေပြီး နောက်ဆုံး လက်မထပ်လိုက်ရတဲ့ နင့်လို ကောင်မလေးမျိုးကို တို့ခေတ်တုန်းက ဘယ်လို ခေါ်သလဲ သိလား"

ကျွန်မက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ဘယ်လို"

"ကြပ်ခိုးစင်ပေါ်က ကောင်မလေးလို့ ခေါ်တယ်။ သူက နင့်ကို စားကြွင်းစားကျန် အဖြစ်နဲ့ ကြပ်ခိုးစင်ပေါ်မှာ သိမ်းထားတာပဲ။ ဒါပေမဲ့ အဲဒီလို သိမ်းထားရင်းနဲ့ ပုပ်သိုးသွားပြီး နောက်ဆုံးတော့ လွှင့်ပစ်လိုက်ရရော"

ကျွန်မက ဒေါပွသွားသည်။ ထို့ကြောင့်–

"မဟုတ်ဘူး။ အမေ ပြောတာ မဟုတ်ဘူး။ ကျွန်မတို့ ရက်ရွှေ့တာ ဒီတစ်ခါပဲ ရှိသေးတယ်။ ပြီးတော့ နှစ်လ သုံးလကလေး ရွှေ့ကြတာပဲ။ အမေ အခုလိုပြောနေတာက သူ့ကို မလိုလို့ဘဲ။ ဘာပြုလို့လဲဆိုတော့ သူက လူကြီးလူကောင်း တစ်ယောက် မဟုတ်ဘဲကိုး"

"ကိုယ်က ဘယ်သူ့ကိုမှ အလိုမရှိပါဘူး"

"ဟင့်အင်း။ အမေ သူ့ကို နည်းနည်းမှ မလိုဘူး။ မကျေနပ်ဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်မတို့ အခန်းအတွက် အမေက ပိုက်ဆံ အကုန်ခံရတာကိုး။ ဒါအတွက်တော့ မပူပါနဲ့"

"ကလေးရယ် နင့် တစ်ကိုယ်လုံး အချစ်စိတ်တွေ မွှန်နေပြီ"

"မပူပါနဲ့ ကျွန်မ ပြောတယ် မဟုတ်ဘူးလား။ ပစ္စည်းဖိုးကျန်တာတွေ အကုန်လုံး သူ ပေးလိမ့်မယ်။ အမေ့ ပိုက်ဆံတွေ အကုန်လုံး ကျွန်မတို့ ပြန်ပေးမယ်။ ဒီမယ်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ထူပူ၍နေသဖြင့် ပိုက်ဆံအိတ်ကို ဖွင့်ကာ အက်စ်တာ ရီတာ ပေးထားသော ပိုက်ဆံများကို ပြလိုက်သည်။

"ဒါ သူ့ပိုက်ဆံတွေ။ သူ ကျွန်မကို ပေးထားတာ။ နောက်ထပ်လဲ ပေးလိမ့်ဦးမယ်"

အမေသည် ပါးစပ်အဟောင်းသားဖြင့် ပိုက်ဆံတွေကို ကြည့်နေသည်။ ပြီးတော့ ဝမ်းနည်းသွားပုံ၊ စိတ်မကောင်းသွားပုံရပါသည်။ သည်တော့ ကျွန်မမှာ နောင်တရရပါတော့သည်။ ကျွန်မသည် အမေ့ကို စိတ်ထိခိုက်အောင် ပြုလုပ်ခဲ့မိချေပြီ။ ကျွန်မသည် မုသားစကားဖြင့် အမေ့ကို ရက်စက်မိခဲ့ချေပြီ။ အမေသည် ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ပန်းကန်များကို သိမ်းဆည်းကာ အခန်းထဲမှ ထွက်သွားလေတော့၏။ ကျွန်မက ထိုင်ရာမှ ထ၍ သူမ၏ နောက်သို့ လိုက်သွားသည်။ အမေ့ကို နောက်ဘက်မှ မြင်တွေ့ရသည်။ အမေသည် ရေပိုက်ခေါင်းရှေ့တွင် မတ်တတ်ရပ်၍ ပန်းကန်များကို ဆေးကြော နေသည်။ ကျွန်မသည် တစ်မုဟုတ်ချင်းပင် အမေ့အား သနားမိလာတော့ သည်။ ထို့ကြောင့် ကျွန်မသည် အမေ့အား နောက်ဘက်မှ နေ၍ သိုင်းဖက် လိုက်ပြီး–

"ကျွန်မ ပြောမိတာတွေကို ဗွေမယူပါနဲ့ အမေရယ်။ ကျွန်မ အမှတ် မထင် ပြောမိတာပါ။ စိတ်ထဲက ပါလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အမေက ဂျီနို့အကြောင်း ပြောလိုက်တော့ ကျွန်မလဲ ကမူးရှူးထိုး ဖြစ်သွားမိတာ ပေါ့"

"တော်ပါတော့ကွယ်။ အမေ့ဟာ အမေ နေစမ်းပါရစေ"

အမေသည် အနည်းငယ် ရန်းကန်ခြင်း ရှိဟန်ပြုရင်း ပြန်ပြောသည်။

"ဒါပေမဲ့ အမေ တစ်ခု သိထားဖို့တော့ လိုတယ်နော့်။ တကယ်လို့ ဂျီနိုကသာ ကျွန်မကို လက်မထပ်ဘူးဆိုရင် ကျွန်မကိုယ် ကျွန်မ သတ်သေ မှာပဲ"

မင်္ဂလာရက် ရွှေ့ဆိုင်းခြင်းနှင့် ပတ်သက်၍ ဂျီဆယ်လာမှာလည်း အမေနှင့် အတူတူပင် ဖြစ်ပါသည်။ ကျွန်မက ဤသတင်းကို သူမ၏ မွမ်းမံထားသော အခန်းထဲတွင် ပြောမိခြင်း ဖြစ်၏။ ကျွန်မက ခုတင်စွန်းတွင် ထိုင်နေပြီး သူမကတော့ ညဝတ်ရုံနှင့် မှန်တင်ခုံတွင် ခေါင်းဖြီးနေသည်။ သူမက ကျွန်မ ပြောပြနေသည်များကို အဆုံးထိ နားထောင်နေပြီးတော့မှ အောင်ပွဲခံ၍ ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မှန်တယ်ဆိုတာ မင်းတွေ့ပြီ မဟုတ်လား"

"ဘာလို့လဲ"

"သူက မင်းကို လက်မထပ်ချင်ဘူး။ ဘယ်တော့မှလဲ လက်ထပ်မှာ မဟုတ်ဘူး။ ရက်တွေ ရွှေ့ရွှေ့ပြီး နောက်ဆုံးကျတော့ ပြီးကြရောပဲ"

သူမ၏ စကားများက ကျွန်မကို ဒေါသ ဖြစ်စေသည်။ စိတ်နှလုံး ကျေမှုန်းစေသည်။ ကျွန်မသည် ဤကိစ္စနှင့် ပတ်သက်၍ အမေနှင့်လည်း စကားများခဲ့ပြီး ဖြစ်၏။ ယခုလည်း ကျွန်မ စိတ်ထဲ ရှိတာတွေကို ပြောချလိုက်လျှင် သူနှင့် ကျွန်မ သေခန်းပြတ်သွားကြဖို့သာ ရှိသည်။ ကျွန်မက ယင်းသို့လည်း မဖြစ်ချင်ပါ။ ကျွန်မတွင် မိတ်ဆွေဆို၍ သူမ တစ်ယောက်တည်းသာ ရှိလေသည်။ ကျွန်မကို သူမက လက်မထပ်စေလိုသည်မှာ သူမကို ရစ်ကာဒိုက လက်ထပ်မည် မဟုတ်သောကြောင့်ဟု ကျွန်မ ပြောချလိုက်သင့်၏။ ယင်းသို့ ဆိုလျှင် သူမသည် ဆတ်ဆတ်ခါ နာသွားပေမည်။ ကျွန်မက သူတစ်ပါးအား လည်း မညှဉ်းပန်းလိုတော့၍–

"ဒီအကြောင်းတွေကို မပြောကြပါစို့နဲ့ကွယ်။ ကိုယ် လက်ထပ်တာ လက်မထပ်တာဟာ မင်းအဖို့ ဘာမှ အရေးမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီစကားတွေဟာ ကိုယ့်အဖို့တော့ ရင်နာလှတယ်"

သူမက မှန်တင်ခုံမှ ထ၍ ကျွန်မ အနီးတွင် ထိုင်လိုက်ပြီး–

"ဘာပြောတယ်။ ကိုယ့်အဖို့ ဘာအရေးမှ မဟုတ်ဘူး၊ ဟုတ်လား။ ဟင်း ကိုယ့် အရေးအကြောင်း တစ်ခုလို ဖြစ်နေလို့ ပြောနေရတာပေါ့။ မင်း နဖားကြိုး ထိုးခံနေရတာ မကြည့်ရက်နိုင်လို့ ပြောနေရတာပေါ့"

"ကိုယ် မခံရပါဘူးကွယ်"

"ကိုယ်ကတော့ မင်းဘဝကို ကောင်းကောင်းမွန်မွန် မြင်ချင်တယ်ကွယ်"

သူမက ခဏမျှ စကား ဖြတ်ထားပြီးနောက်–

"ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ အက်စ်တာရီတာဟာ ကိုယ့်ကို အမြဲပူနေတယ်။ သူက မင်းကို သိပ်တွေ့ချင်နေတယ်တဲ့။ မင်းကို မတွေ့ရလို့ မနေနိုင်ဘူးတဲ့။ သူက မင်းကို အသည်းစွဲအောင် ချစ်နေပြီတဲ့။ ကိုယ် မင်းတို့ နှစ်ယောက်ကို ချိန်းပေးရမလား"

"သူ့အကြောင်း ကိုယ့်ကို မပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗစ်တာဘိုတုန်းက သူ လုပ်ခဲ့တာတွေ မဟုတ်တဲ့အကြောင်း သူ သိနေပါပြီ။ ဒါပေမဲ့ သူဟာ မင်းကို ချစ်လွန်းလို့လဲ အဲဒီလို လုပ်မိတာပေါ့။ ဒါတွေကို သူက မင်းနဲ့ အပြေအလည် ရှင်းပစ်ချင်တယ်တဲ့"

"အပြေအလည် ရှင်းနိုင်တဲ့ နည်းကတော့ တစ်နည်းပဲ ရှိတယ်။ အဲဒါကတော့ ကိုယ့်ကို နောက်ထပ် မတွေ့ဖို့ဘဲ"

သူမက အက်စ်တာရီတာအတွက် ဆက်၍ ဆွယ်လုံးထုတ်နေသော်လည်း ကျွန်မက မယိမ်းညွတ်ဘဲ တင်းခံနေလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

ထိုချိန်တွင် ကျွန်မသည် ပရိဘောဂများအတွက် ပေးရန် ကျန်ရှိနေသည်များကို အကုန်ပေးလိုက်ပြီးနောက်၊ အလုပ်ကို သည်ကထက် ပို၍ ပင်ပင်ပန်းပန်း လုပ်ပြီး မင်္ဂလာ အဝတ်အစားအတွက် ငွေစုနေမိပါသည်။ မနက်ပိုင်းတွင် ကျွန်မသည် ကိုယ်ဟန်ပြပြီး၊ ညနေပိုင်းတွင် အမေနှင့်အတူ အလုပ်လုပ်ပါသည်။ အမေက ပြတင်းပေါက်နားတွင် စက်ချုပ်ပြီး ကျွန်မက ခပ်လှမ်းလှမ်းတွင် ထိုင်၍ အစများကို ညှပ်ပေးရပါသည်။ အမေက ကျွန်မကို အချုပ်အလုပ် သင်ပေးထားပြီး ကျွန်မက သင်ပေးထားသမျှကို ကောင်းစွာ သဘောပေါက် တတ်မြောက်ပါသည်။ ကျွန်မ အဝတ်များကို ချုပ်လုပ်နေရင်းဖြင့် ဂျိနို့ မင်္ဂလာကိစ္စ၊ ဗစ်တာဘိုခရီး၊ အမေ၊ ကျွန်မဘဝ စသည်တို့ကို တဝဲလည်လည် တွေးတောနေမိပြီး အချိန်များသည် ကုန်မှန်းမသိ ကုန်ဆုံးသွားပါတော့၏။ အမေ ဘာတွေ စဉ်းစားနေသနည်းဟုတော့ ကျွန်မ မသိပါ။ သို့ရာတွင် တစ်ခုခုကို စဉ်းစား တွေးတောနေသည်ကတော့ သေချာပါသည်။ အမေသည် စက်ချုပ်ရင်းဖြင့် တစ်ယောက်တည်း ဒေါပွနေတတ်သည်။ ကျွန်မက တစ်ခုခု ကို မေးလျှင် ဘုကျကျ ပြန်ဖြေတတ်သည်။ မှောင်ရိပျိုးသည်နှင့် တစ်ပြိုင်နက် ကျွန်မသည် အဝတ်စ အဝတ်မှုန်များကို ခါပြီးနောက်၊ အကောင်းဆုံးအဝတ် များကို ဝတ်ကာ ဂျိဆယ်လာအား သွား၍ တွေ့တတ်ပါသည်။ သို့မဟုတ် ဂျိနို အားသောနေ့ ဖြစ်လျှင် ဂျိနိုနှင့် သွား၍ တွေ့ပါသည်။

www.burmeseclassic.com



ဤအတောအတွင်းတွင် အက်စ်တာရီတာသည် တစ်ကြိမ်မက နှစ်ကြိမ်မကပင် ကျွန်မကို နောက်ယောင်ခံ လိုက်ပါလျက် ရှိသည်ကို သတိပြုမိပါသည်။ နံနက်စောစော အလုပ်သို့ အသွားတွင် သူသည် ကျွန်မ နောက်မှ လိုက်ပါလာတတ်သည်။ ထို့နောက် သူသည် ကျွန်မကို လမ်းတစ်ဖက်မှ ရပ်၍ စောင့်နေတတ်သည်။ သူသည် မည်သည့်အခါမျှ လမ်းကို ဖြတ်ကူး၍ မလာပါချေ။ ကျွန်မသည် အလုပ်ရုံမှ ထွက်လာပြီး ကသုတ်ကရုတ် လျှောက်သွားသော် သူကမူ ဖြည်းဖြည်းဆေးဆေးသာ လိုက်ပါလာတတ်ပါသည်။ သူသည် ကျွန်မကို ကြည့်နေရလျှင်ပင် လုံလောက်ပြီဟု ထင်နေဟန်ရှိသည်။ မေတ္တာကို အလွန်အမင်း တန်ဖိုးထားသူတို့၏ ဓလေ့စရိုက်မျိုးပင် ဖြစ်သည်။ ခတ်ရထား မှတ်တိုင်သို့ ရောက်သောအခါတွင် သူက မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် ရပ်၍ ကျွန်မကို ဆက်လက် ငေးမောနေသည်။ ကျွန်မကတော့ သူ့ကို မမြင်ဟန်ပြုကာ ခတ်ရထား လာပြီလားဟု အဝေးသို့ လှမ်းမျှော် ကြည့်နေသည်။ သို့ရာတွင် မည်သည့် အမျိုးသမီးကများ ဤလို မေတ္တာသဘာဝမျိုးကို မသိကျိုးကျွန် ပြု၍ နေနိုင်ပါမည်နည်း။ သူ့ကို မခေါ်ပြောပါဟု သန္နိဋ္ဌာန်ချထားသော ကျွန်မပင်လျှင် တစ်ခါတစ်ခါတော့ သနားသလိုလို ရှိလာမိသည်။ ဤအချိန်မျိုးတွင် ဂျီနို သို့မဟုတ် ခတ်ရထား ရောက်လာသဖြင့် ကျွန်မသည် ကားပေါ်သို့ လည်းကောင်း၊ ခတ်ရထားပေါ်သို့ လည်းကောင်း တက်သွားပါသည်။ သူကတော့ ကျွန်မကို မျက်စိတစ်ဆုံး ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့ပါသည်။

တစ်ညတွင်တော့ ကျွန်မ အိမ်ပြန်ရောက်သွားသော အခါတွင် အက်စ်တာရီတာကို ဧည့်ခန်းထဲတွင် တွေ့ရသည်။ သူက လက်တစ်ဖက်တွင် ဦးထုပ်ကို ကိုင်ကာ စားပွဲကို မှီရပ်လျက် အမေနှင့် စကားလက်ဆုံ ကျနေပါသည်။ သူ့အား သနားနေမိသော စိတ်များ အားလုံး ပျောက်ပျက်သွားသည်။ ကျွန်မ အိမ်ထဲတွင် သူ့ကို တွေ့မြင်ရသည့်အတွက် အမေ့ကို သူ ဘာတွေ ဆွယ်လုံး ထုတ်နေသည်ကို အတပ် သိမိသည့်အတွက် ထောင်းခနဲ ဒေါသထွားမိသည်။ ယင်းကြောင့် ကျွန်မက ခပ်ထန်ထန် မေးလိုက်သည်။

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

သူက ကျွန်မကို ငေးကြည့်နေသည်။ သို့ရာတွင် ဘာမျှ ပြန်မပြောနိုင်။ အမေကသာ ကြားမှ ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီလူကြီးမင်းက နင့်ကို သိလို့ လာလည်တာတဲ့ကွဲ့"

အမေ၏ လေသံကို ထောက်ချင့်ခြင်းအားဖြင့် သူသည် ကျွန်မ ထင်ထားသလိုပင် အမေ့အား ပြောထားပြီး ဖြစ်သည်။ ပိုက်ဆံပင် ပေးထားကောင်း ပေးထားပေမည်။

"အမေ အိမ်ထဲကို ခဏ သွားပါလား"

ကျွန်မက ရင်ဖိုသည်းလှိုက် ပြောလိုက်သဖြင့် အမေသည် ထိတ်လန့်သွားသည်။ သို့ရာတွင် ဘာမျှ ပြန်မပြောဘဲ မီးဖိုထဲသို့ ဝင်သွားသည်။

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ။ ထွက်သွားပါ"

ကျွန်မက ထပ်ပြောလိုက်သည်။ သူက ကျွန်မကို ကြည့်သည်။ နှုတ်ခမ်းများ လှုပ်ရှလာသည်။ သို့ရာတွင် ဘာမျှ မပြောချေ။

"အခု ထွက်သွားပါ။ ကျွန်မ အော်လိုက်ရမလား"

ကျွန်မက ခြေဆောင့်၍ ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ကျွန်မက အော်လိုက်ရမလားဟု ဆိုသောအခါတွင် သူသည် ကျွန်မကို ထပ်မံ၍ ခြိမ်းခြောက်ရန်၊ အကျပ်ကိုင်ရန်တို့ကို စိတ်မကူးတော့ဘဲ ဦးထုပ်ကို ဆွဲကာ တံခါးဆီသို့ ဖြည်းလေးစွာ လျှောက်သွားလေတော့၏။ သူသည် တစ်ဖက် စားပွဲစွန်းသို့ ရောက်သောအခါတွင် ရပ်လိုက်သည်။ ပြီးတော့ ခေါင်းငိုက်စိုက်ချ၍ ကျွန်မကို တစ်စုံတစ်ခု ပြောတော့မည့်ပုံမျိုး ဖြစ်သည်။ သို့ရာတွင် သူသည် ခေါင်းကို မော့လိုက်ပြီး နှုတ်ခမ်းများကို လှုပ်လှုပ်ရှရှ ပြုလုပ်သော်လည်း စကားလုံးများကား ထွက်မလာချေ။ ကျွန်မကသာ အပြုံးသား ငေးကြည့်နေသည်။ ယင်း ဒုတိယ အငေးသည် မပြီးနိုင် မဆုံးနိုင် ဖြစ်၏။ ထို့နောက် သူသည် ခေါင်းတစ်ချက် ညိတ်ပြီး ထွက်သွားလေတော့၏။

ကျွန်မက ချက်ချင်းပင် အမေရှိရာ မီးဖိုချောင်ထဲသို့ လိုက်သွား၍ ဒေါသဖြင့် မေးလိုက်သည်။

"အမေ သူ့ကို ဘာတွေ ပြောလိုက်သလဲ"

"ဘာမှ မပြောပါဘူး"

အမေက အထိတ်တလန့် ဖြေသည်။

"သူက တို့ဘာအလုပ် လုပ်သလဲလို့ မေးတယ်။ ပြီးတော့မှ ရှင်အကျႌ အပ်ချင်တယ်တဲ့"

"အမေ သူ့ဆီကို သွားရင်တော့လား၊ ကျွန်မနဲ့ အသေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အော်လိုက်သည်။ အမေက ကျွန်မကို ကြောက်လန့်တကြား ကြည့်လေသည်။

"ဘယ်သူက သူ့ဆီ သွားမယ် ပြောလို့လဲ။ သူ့အင်္ကျီကို သူ တခြား လူဆီ အပ်နိုင်တာပဲ"

"သူ ကျွန်မအကြောင်း ဘာမှ မပြောဘူးလား"

"နင် ဘယ်တော့ လက်ထပ်မလဲလို့ မေးတယ်"

"ဒီတော့ သူ့ကို ဘာပြောလိုက်သလဲ"

"အောက်တိုဘာ လက်ထပ်မယ်လို့ ပြောလိုက်တယ်"

"သူ အမေ့ကို ပိုက်ဆံ ပေးမသွားဘူးလား"

"မပေးပါဘူး၊ ဘာကိစ္စ ပေးရမှာလဲ"

အမေက ကျွန်မကို အလန့်တကြား ကြည့်၍ မေးလေသည်။ အမေ၏ လေသံကို ချင့်တွက်ခြင်းအားဖြင့် အက်စ်တာရီတာသည် သူမအား ပိုက်ဆံ ပေးသွားပြီ ဖြစ်ကြောင်းကို ကျွန်မက အတပ် သိလိုက်သည်။ ကျွန်မက အမေ့ထံ ပြေးသွားပြီး သူမကို လက်မောင်းမှ ကိုင်၍ ခပ်ကြမ်းကြမ်း ဆွဲလှုပ်လိုက်သည်။

"ကျွန်မကို အမှန်ပြောစမ်းပါ။ သူ အမေ့ကို ပိုက်ဆံပေးသွားတယ် မဟုတ်လား"

"ဟင့်အင်း၊ သူ ငါ့ကို ချိုးတစ်ပြားမှ ပေးမသွားဘူး"

အမေ၏ လက်များသည် အပေါ်ဝတ်ရုံ အိတ်ထဲတွင် နှိုက်ထားကြသည်။ ကျွန်မက အမေ၏ လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်းကလေး ဖျစ်လိုက်ရာ အမေ၏ လက်ထဲမှ နှစ်ခေါက် ခေါက်ထားသော ငွေစက္ကူ တစ်ရွက် ကျလာသည်။ ကျွန်မက သူမကို ချုပ်ကိုင်ထားသည့်ကြားကပင် အမေသည် ပိုက်ဆံကို လိုချင်ဇော တပ်မက်မောစွာဖြင့် ကောက်ယူလိုက်သည်။ ယင်း အဖြစ်ကို တွေ့မြင်ရသောအခါတွင် ကျွန်မ၏ ဒေါသများသည်ပင် အလိုလို ချုပ်ငြိမ်း ပျောက်ကွယ်သွားကြကုန်တော့၏။ ဇစ်တာဘို ခရီးတွင် အက်စ်တာရီတာ ပေးသောပိုက်ဆံကို ရရှိသဖြင့် ကျွန်မ၏ စိတ်တွင် ခံစား ကြည်နူးမိသည်များကို ပြန်၍ မှတ်မိသောအခါ အမေ့ကို အပြစ်မမြင်နိုင်တော့ပါ။ အမေသည်လည်း ကျွန်မလိုပင် စိတ်လှုပ်ရှားခြင်း ရှိပြီး သွေးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ချက်တွင် အရှုံးပေးလိုက်ရခြင်း ဖြစ်ပေမည်။ ကျွန်မသည် အမေ့ကိုလည်း ဘာမျှ မမေးချင်တော့။ ပိုက်ဆံကိုလည်း မမြင်ချင်တော့။

"သူ အမေ့ကို ပေးသွားတာ ဟုတ်တယ် မဟုတ်လား"

ကျွန်မက ဒါပဲ ပြောပြီးနောက် သူမ၏ ရှင်းလင်းချက်ကို စောင့်ဆိုင်း မနေတော့ဘဲ မီးဖိုထဲမှ ထွက်ခဲ့ပါတော့သည်။ ညစာ စားကြတော့ အမေက အက်စ်တာရီတာနှင့် ငွေအကြောင်းကို ပြောချင်သေးသည်။ သို့ရာတွင် ကျွန်မက စကား လွှဲပစ်လိုက်သဖြင့် အမေကလည်း အတင်းမပြောပါချေ။

နောက်တစ်နေ့တွင် ဂျီဆယ်လာသည် ရစ်ကာဒို မပါဘဲ ကျွန်မတို့ တွေ့နေကျ လက်ဖက်ရည်ဆိုင်သို့ လာပါသည်။

"မင်းကို ကနေ့ သိပ်အရေးကြီးတဲ့ စကား တစ်ခွန်း ပြောစရာရှိတယ်"

သူမက ကုလားထိုင်တွင် ထိုင်မိလျှင် ထိုင်မိချင်း ဆိုင်းမဆင့် ဗုံမဆင့် ပြောလေသည်။

"သတင်းဆိုး ဆိုရင်တော့ မပြောပါနဲ့လာကွယ်"

ကျွန်မက ပျော့တော့အားနည်းစွာဖြင့် ပြန်ပြောလိုက်သည်။

"အင်း သတင်းဆိုးလဲ မဟုတ်ဘူး။ သတင်းကောင်းလဲ မဟုတ်ဘူး။ သတင်းတစ်ခု သက်သက်ပဲ။ အက်စ်တာရီတာဟာ ဘယ်သူဆိုတာကို မင်းကို ပြောပြီးပြီနော်"

"အက်စ်တာရီတာ့ အကြောင်းတော့ ကိုယ် ဘာမှ မကြားချင်ဘူး"

"နားထောင်ပါဦး။ ကလေးမဆန်စမ်းပါနဲ့။ အက်စ်တာရီတာဟာ အင်မတန် အရေးပါတဲ့ လူတစ်ယောက်၊ ထန်းပင်ပေါ်က လူတစ်ယောက် ဆိုတာ ကိုယ် မင်းကို ပြောခဲ့ပြီးပြီနော်။ သူက နိုင်ငံရေး အရာမှာ ကြီးကြီး မားမားတာ တစ်ယောက်ပဲ"

ကျွန်မက အနည်းငယ် စိတ်သက်ရာ ရသွားသည်။ ကျွန်မနှင့် နိုင်ငံရေးကား ဘာမျှ မပတ်သက်။

"သူ ဘာပဲ ဖြစ်ဖြစ် ကိုယ့်အဖို့ နှမ်းတစ်ရွေးမှ အရေးမကြီးပါဘူး။ ဝန်ကြီး တစ်ပါးပဲ ဖြစ်ဦးတော့"

"မင့် ပြောလိုက်ရင် ဒီတိုင်းချည်းပဲ။ နားထောင်စမ်းပါဦး။ သူက ကိုယ့်ကို မှာလိုက်တယ်။ မင်းကို ပြောပါတဲ့။ သူ့ကို ရုံးမှာ လာတွေ့ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ ရှိတယ်တဲ့။ အချစ်အကြောင်း မဟုတ်ဘူး။ မင်းနဲ့ ပတ်သက်တဲ့ သိပ်အရေးကြီးတဲ့ အကြောင်းတစ်ခု ပြောစရာ ရှိတယ်တဲ့"

"ကိုယ်နဲ့ ပတ်သက်တဲ့ အကြောင်း ဟုတ်လား"

"ဟုတ်တယ်။ မင်းနဲ့ ပတ်သက်လို့ သတင်းကောင်း တစ်ခုတဲ့"

အရင်က တစ်လျှောက်လုံး ငြင်းဆန်လာခဲ့ပြီး ယခုတစ်ကြိမ်တွင်တော့ ကျွန်မက ဘာကြောင့်မှန်းမသိ၊ အက်စ်တာရီတာ၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ပါသည်။

"ကောင်းပြီလေ။ ကိုယ် သွားလိုက်မယ်"

ဂျီဆယ်လာသည် ကျွန်မ၏ အေးစက် ခြောက်ကပ်မှုအတွက် အတော်ကလေး ခေါင်းရှုပ်သွားဟန် ရှိသည်။ ကျွန်မ အဘယ်မှ ဖြူရော်ပြီး အဘယ်မှ ကြောက်လန့်နေကြောင်းကို သူမက ပထမဆုံးအကြိမ် သတိပြုမိသွားသည်။

"ဘာဖြစ်လို့လဲ။ သူက ပုလိပ်ဘက်က ဆိုလို့လား။ သူက မင့်နောက်ကို လိုက်နေတာ မဟုတ်ပါဘူးကွ။ မင်းက ဘာကို ကြောက်နေရတာလဲ။ သူ မင်းကို မဖမ်းပါဘူး"

ကျွန်မက ခေါင်းတွေအုံ၍ နောက်ကျိနေသော်လည်း ထရပ်လိုက်သည်။

"ကောင်းပြီလေ။ ကိုယ် သွားလိုက်မယ်။ သူ့ရုံးက ဘယ်မှာလဲ"

"ပြည်ထဲရေးဝန်ကြီးရုံးလေ။ ဆုပါစီနီမာရဲ့ ရှေ့တည့်တည့်မှာ။ နားထောင်ပါဦး"

"ဘယ်အချိန်လဲ"

"မနက်ပိုင်း ဘယ်အချိန်ပဲ ဖြစ်ဖြစ်။ နားထောင်ပါဦး"

ထိုညက ကျွန်မ အိပ်မပျော်သလောက်ပင်။ အက်စ်တာရီတာသည် ကျွန်မကို သူ၏ ရမ္မက်ဆန္ဒအပြင် အခြား ဘာကိစ္စများနှင့် တွေ့ချင်သနည်းဟု စဉ်းစား၍ မရပါ။ သို့ရာတွင် ဘာပဲဖြစ်ဖြစ် အကောင်းတော့ မဖြစ်နိုင်ဟု ကျွန်မ၏ စိတ်ထဲမှ အလိုလို သိနေမိပါသည်။ သူ့နေရာသို့ ဆင့်ခေါ်ခြင်းက ကျွန်မကို ပုလိပ်နှင့် ပတ်သက်စေရန် ဖြစ်၏။ သူများတွေ အားလုံး သိကြသလို ကျွန်မလည်း သိလာသည်။ ကိစ္စတစ်ခုတွင် ပုလိပ် ဝင်လာပြီဆိုလျှင် ဘယ်တော့မှ အကောင်းမဖြစ်နိုင်ပါချေ။ ကျွန်မသည် ပြဿနာကို အပြန်ပြန် အလှန်လှန် သုံးသပ်ကြည့်သော အခါတွင် ကောက်ချက် တစ်ခု ချယူ၍

www.burmeseclassic.com



ရပါသည်။ အက်စ်တာရီတာသည် ကျွန်မကို အကျပ်ကိုင်ပေဦးတော့မည်။ ဂျိနိုနှင့် ပတ်သက်သော သတင်းတစ်ခုကို ပြောဆို၍ ခြောက်လှန့်ပေဦးတော့မည်။ ကျွန်မသည် ဂျိနို၏အကြောင်း ဘာမျှ မသိရှိပါပေ။ သူသည် နိုင်ငံရေးနှင့် ပတ်သက်ချင် ပတ်သက်၍ နေလိမ့်မည်။ ကျွန်မမှာမူ ဘယ်တုန်းကမျှ နိုင်ငံရေးနှင့် မပတ်သက်ခဲ့ပါ။ သို့ရာတွင် ဖက်ဆစ်အစိုးရကို မကြိုက် မနှစ်သက်သူတွေ အများကြီးရှိနေကြောင်းကို မသိမြင်၊ အမှုမထားမိလောက်အောင်ကား မဟုတ်ပါချေ။ အက်စ်တာရီတာတို့လို နိုင်ငံရေးအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်မှာ ယင်းကဲ့သို့ နိုင်ငံရေးသမားများ၊ အစိုးရ ရန်သူများကို လိုက်လံ အနံ့ခံရှာဖွေသူများ ဖြစ်ပေသည်။ ဤအတိုင်းသာ မှန်လျှင် ကျွန်မတွင် တွေးစရာ လမ်းနှစ်လမ်းသာ ရှိပေတော့သည်။ ကျွန်မကိုယ်ကို သူ့လက်သို့ ဝကွက်၍ တစ်ကြိမ်အပ်စေဦးမည်လော။ သို့မဟုတ် ဂျိနိုကိုပင် ထောင်ထဲသို့ သွားစေမည်လော။ ယင်းသို့ တွေးတောမိသောအခါ ကျွန်မသည် အတော်ကြီးပင် စိတ်ပျက်မိရတော့၏။ ကျွန်မသည် အက်စ်တာရီတာ၏ ဆန္ဒကိုလည်း မဖြည့်စွမ်းနိုင်။ ဂျိနိုကိုလည်း ထောင်ကျမခံနိုင်။ မနက် အရဏ်တက်အချိန်လောက်မှ ကျွန်မ မှေးခနဲ ပျော်သွားသည်။ သို့ရာတွင် ခဏကလေးသာ အိပ်၍ မိုးလင်းသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ထ၍ ဂျိနိုနှင့် တွေ့နေကျ နေရာသို့ သွားသည်။ ကျွန်မသည် လမ်းသွယ်ကလေးသို့ ရောက်၍ ဂျိနိုအား တွေ့ရှိသောအခါတွင် နှုတ်ဆက်စကား အနည်းငယ်မျှ ပြောကြားပြီးနောက် မေးလိုက်သည်။

"ကို နိုင်ငံရေးများနဲ့ ပတ်သက်ဖူးသလား"

"နိုင်ငံရေး၊ ဟုတ်လား။ ဘာကို ပြောတာလဲ"

"အစိုးရကို ဆန့်ကျင်တဲ့ အလုပ်ကိုများ လုပ်ခဲ့ဖူးသလားလို့ မေးတာ"

သူက ကျွန်မကို အဓိပ္ပာယ်ရှိရှိ ကြည့်ပြီးနောက်–

"နေစမ်းပါဦး၊ မင်းက ကိုယ့်ကို အရူး တစ်ယောက်လို့များ ထင်နေလို့လား"

"မထင်ပါဘူး။ ဒါပေမဲ့"

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီကိစ္စကို အလျင်ဆုံး ရှင်းအောင် လုပ်ပ်မှ။ ကဲ ပြောစမ်း။ မင်းက ကိုယ့်ကို အရူး တစ်ယောက်လို့များ ထင်နေသလား"

"မထင်ပါဘူး။ ဒါပေမဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် ဒီကိစ္စ ပြီးနေပြီပဲ။ ကိုယ့်ကို နိုင်ငံရေးနဲ့ ပတ်သက်တယ်လို့ မင်းက ဘာကိစ္စ ထင်နေရတာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ခါတလေများ"

"ဘာမှ မဆိုင်ပါဘူး။ တစ်ယောက်ယောက်က ပြောလာရင် မင်းက ရှင်းရှင်းကလေး ပြန်ပြောနိုင်တယ်။ ဂျီနိုဟာ အရူးတစ်ယောက် မဟုတ်ဘူး လို့"

ကျွန်မသည် စိတ်မဝေခွဲနိုင်ဘဲ ပြန်ကြားရေး ဝန်ကြီးရုံး အနီးတွင် တစ်နာရီ နီးပါးခန့် တရစ်သီသီ ရှိနေပြီးနောက် ဆယ့်တစ်နာရီ ထိုးလောက် ကျမှ ဂိတ်စောင့်အား အက်စ်တာရီတာကို တွေ့လိုကြောင်း ပြောမိသည်။ ပထမတွင် ကျွန်မသည် ရောမ ကျောက်ဖြူလှေကားကြီးမှ တက်သွားရ သည်။ ထို့နောက် ပထမ လှေကားထက် သေးငယ်သော်လည်း အမှန်မတော့ အတော်ကြီး ကြီးသေးသည့် လှေကား တစ်ခုကို တက်ရပြန်သည်။ ပြီးတော့မှ စင်္ကြံပေါင်း မြောက်မြားစွာကို ဖြတ်သန်းသွားရပြီး တံခါးပေါက် သုံးပေါက် ရှိသော ဧည့်ခန်းမကျယ်ကြီး တစ်ခုထဲသို့ ရောက်ရှိသွားသည်။ ကျွန်မသည် ရပ်ကွက်များရှိ စုတ်ချာသော ရဲဌာနများကိုသာ တွေ့မြင်ဖူးသည်ဖြစ်ရာ ယခုကဲ့သို့ အက်စ်တာရီတာ၏ နေရာကို ကြီးကျယ်ခမ်းနားစွာ တွေ့မြင်ရ သောအခါ များစွာမှ အံ့သြနေမိပါသည်။ ဧည့်ခန်းသည် ကျယ်ဝန်းလှပြီး ခမ်းနားလှသည်။ ဂျီဆယ်လာ ပြောသည်မှာ မှန်ပေသည်။ အက်စ်တာရီတာ သည် တကယ်ပင် အရေးပါ အရာရောက်သူ တစ်ဦး ဖြစ်ရပေမည်။ ကျွန်မ ထိုင်လိုက်စဉ်တွင် အခန်းတစ်ခု အတွင်းမှ အရပ်မြင့်မြင့်နှင့် မိန်းမလှ တစ်ဦး ထွက်လာသည်။ အသက်အရွယ်မှာကား သိပ်မငယ်လှတော့။ သူမ၏ တစ်ကိုယ်လုံး အနက်ဝတ်ထားသည်။ မျက်နှာတွင် အဝတ်ပါးပါးလျှလျှ ဖုံးထားသည်။ သူမ၏ နောက်မှ အက်စ်တာရီတာ လိုက်ပါလာသည်။ ကျွန်မ အလှည့်ပဲဟု အောက်မေ့၍ ထိုင်ရာမှ ထလိုက်သည်။ သို့ရာတွင် သူက ကျွန်မကို မြင်တွေ့ကြောင်း လက်ရိပ် ပြလိုက်ပြီးနောက် စောစောက အမျိုး သမီးနှင့် တံခါးဝတွင် ဆက်၍ စကားပြောနေသည်။ ထို့နောက် သူသည် အမျိုးသမီးကို နှုတ်ဆက် ခွဲခွာပြီး ဧည့်ခန်းတွင်း၌ ကျွန်မနှင့်အတူ ရှိနေသော ပါမောက္ခနှင့် တူသည့် အဘိုးကြီး တစ်ယောက်ကို ခေါ်လေသည်။ အက်စ်တာ ရီတာက ခေါ်လိုက်သော အခါတွင် မုတ်ဆိတ်မွေး ဖြူဖြူနှင့် အဘိုးကြီးသည် သူ့နောက်သို့ ကျိုးနွံစွာ၊ သွက်လက်စွာဖြင့် လိုက်ပါလာလေသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အတွင်းခန်းထဲသို့ ဝင်သွားကြသော အခါတွင် ဧည့်ခန်းထဲ၌ ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

မိနစ် အနည်းငယ်မျှ ကြာသောအခါတွင် အဘိုးကြီး ပြန်ထွက်လာသည်။ သို့ရာတွင် အက်စ်တာရီတာသည် ကျွန်မကို ခေါ်ရန် တံခါးပေါက်တွင် ပေါ်မလာချေ။ လူခေါ် ခေါင်းလောင်းကိုသာ နှိပ်လိုက်သည်။ အစေခံ တစ်ဦးတည်း အခန်းတွင်းသို့ ဝင်သွားသည်။ ထို့နောက် ပြန်ထွက်လာပြီး ကျွန်မကို ဝင်သွားနိုင်ပြီ ဖြစ်ကြောင်း လာပြောသည်။ ကျွန်မက ထိုင်ရာမှ ထ၍ အခန်းဆီသို့ လျှောက်သွားသည်။

အက်စ်တာရီတာ၏ ရုံးခန်းသည် အပြင်ဘက် ရုံးခန်းထက် သိပ်ပြီး မသေးငယ်လှပေ။ အခန်းထောင့် တစ်ထောင့်တွင် ဆိုဖာ တစ်လုံးနှင့် သားရေလက်တင် ကုလားထိုင် နှစ်လုံး ရှိသည်။ အခြားထောင့် တစ်ထောင့်တွင်ကား အက်စ်တာရီတာ ထိုင်နေသော ဧရာမ စားပွဲကြီးတစ်လုံး ရှိသည်။ ထို့ပြင်ကား အခန်းထဲတွင် ဘာမျှ မရှိချေ။ ကန့်လန့်ကာအဖြူများ တပ်ဆင်ထားသော ပြတင်းပေါက် နှစ်ပေါက်မှ အအေးဓာတ်နှင့် အလင်းရောင်များ ဝင်ရောက်လျက် ရှိသည်။ အခန်း တစ်ခုလုံးသည် တိတ်ဆိတ်၍ ဆွတ်ပျံ့ဖွယ်ရာ ရှိသည်။ မျက်နှာဖုံးနှင့် အမျိုးသမီးကို ပြောနေသော သူ၏ အသံကို အမှတ်ရမိသည်။ ကြမ်းပြင်ပေါ်တွင် ကော်ဇော နုနုကြီးကြီး တစ်ချပ် ခင်းထားသည်။ နံရံပေါ်တွင် ပန်းချီ နှစ်ကား သုံးကား ချိတ်ဆွဲထားသည်။

ကျွန်မ ပြောခဲ့ပြီးသည့်အတိုင်း သူသည် စားပွဲကြီး၏ နောက်ဘက်တွင် ထိုင်လျက် ရှိသည်။ ကျွန်မ ဝင်သွားသော အခါတွင် သူသည် စာရွက်စာတန်းများကို ဖတ်နေရာမှ သို့မဟုတ် စာဖတ်ဟန်ဆောင်နေရာမှ ခေါင်းမော်၍ မကြည့်ပါချေ။ ဖတ်ဟန်ဆောင်နေသည်ဟု ပြောရခြင်းမှာ သူ 'ရှူး' ပြနေကြောင်း သေချာလှ၍ ဖြစ်သည်။ သူ၏ အရေးပါမှု အခွင့်အာဏာရှိမှုများကို ကျွန်မ သိအောင် လုပ်နေခြင်း ဖြစ်၏။ တကယ်ပင် ဖြစ်၏။ စားပွဲအနီးသို့ ကျွန်မ ရောက်ရှိသွားသော အခါတွင် သူ သဲကြီးမဲကြီး ဖတ်နေသော စာရွက်များတွင် စာသုံးလေးကြောင်းစီသာ ပါကြ၏။ ပြီးတော့ သူ့ နဖူးကို ထောင်ထားသော လက်ထဲတွင် မီးညှိထားသော စီးကရက် တစ်လိပ် ရှိသည်။ ယင်းအဖြစ်က သူ၏ အတွင်းစိတ်ကို ဖော်ပြနေ၏။ သူ၏ လက်ချောင်းများနှင့် စီးကရက်သည် သိသိသာသာကြီး တုန်လှုပ်လျက် ရှိကြသည်။ ယင်းသို့ တုန်လှုပ်နေသဖြင့် စီးကရက်မှ ပြာတို့သည် သူ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော စာရွက်တစ်ရွက်ပေါ်သို့ ကြွေကျသွား၏။ ကျွန်မက စားပွဲစွန်းတွင် လက်နှစ်ဖက် တင်လိုက်ပြီး–

"ကဲ၊ ကျွန်မ ရောက်ပါပြီ"

ယင်း စကားလုံးများသည် သူ့အား အချက်ပြလိုက်ဘိသကဲ့သို့ အက်စ်တာရီတာသည် ကုလားထိုင်မှ ခုန်ထလိုက်ပြီး စားပွဲကို လှည့်ပတ်၍ လျှောက်လာကာ ကျွန်မ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ နှုတ်ဆက်လိုက်သည်။ စောစောက သူ၏ ဣန္ဒြေသိက္ခာများသည် ပျောက်လွင့်သွားကြကုန်ပြီ ဖြစ်၏။ အမှန်တော့ ကျွန်မ၏ အသံ တစ်ခုတည်းကပင် သူကြိုတင်၍ တိုက်ထားသော ဓာတ်ကို ပျက်သွားစေခြင်း ဖြစ်၏။ စိတ်လှုပ်ရှား ချောက်ချားမှုများသည် သူ့ကို မတားနိုင် မဆီးနိုင် လွှမ်းမိုးလာကြတော့၏။ သူသည် ကျွန်မ လက်များကို တစ်ဖက်ပြီး တစ်ဖက် နမ်းနေသည်။ ပြီးတော့ သူ၏ ဂနာမငြိမ်သော မျက်လုံးတို့ဖြင့် ကျွန်မအား ငေးမောကြည့်နေလေသည်။ သူက စကားပြောရန် ကြိုးစားသည်။ သို့ရာတွင် သူ၏ နှုတ်ခမ်းများသည်သာ တဆတ်ဆတ် တုန်နေပြီး အသံကား ထွက်မလာချေ။

"မင်း လာတယ်နော်"

နောက်ဆုံးတွင်မှ သူက မနည်းကြီး ဖျစ်ညှစ်ပြီး လေသံဖြင့် ပြောလိုက်သည်။ ကျွန်မကမူ သူနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ တည်ငြိမ်လှ၏။

"ဟုတ်တယ် ကျွန်မ လာတယ်။ တကယ်တော့ ကျွန်မ လာဖို့ မကောင်းဘူး။ ရှင် ကျွန်မကို ဘာပြောစရာ ရှိသလဲ"

"ဒီမှာ ထိုင်ပါဦး"

သူက ကျွန်မ လက်ကို လုံးဝ မလွှတ်ပါ။ ဆိုဖာဆီသို့ ခေါ်သွားပြီး အထိုင်ခိုင်းပါသည်။ ဆိုဖာပေါ်တွင် ကျွန်မ ထိုင်မိသောအခါ သူက ကျွန်မ ရှေ့တွင် ဒူးထောက်၍ ချလိုက်သည်။ သူ့ လက်များဖြင့် ကျွန်မ၏ ခြေသလုံးတို့ကို ဖက်၍ သူ့ နဖူးနှင့် ကျွန်မ ဒူးခေါင်းကို ဖိကပ်ထားသည်။ သူသည် ယင်း အပြုအမူများကို စကား တစ်ခွန်းမျှ မပြောဘဲနှင့် ပြုမူနေခြင်း ဖြစ်၏။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လျက်နှင့် ဖြစ်၏။ သူ၏ ခေါင်းကို ကျွန်မ ဒူးနှင့် အတန်ကြာ ဖိထားပြီးမှ ခွာလိုက်သည်။ နောက်တစ်ကြိမ်တွင် သူ့ ခေါင်းကို ကျွန်မ ပေါင်ပေါ်သို့ တင်လိုဟန်နှင့် ဖြစ်သည်။ ကျွန်မက ထရန် ပြင်လိုက်ပြီး ကြေညာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ စကား ပြောစရာ ရှိတယ်ဆို။ ရှိရင် ပြောပါ။ မပြောရင် ကျွန်မ သွားလိမ့်မယ်"

သူက ကြိုးစား၍ ထလိုက်သည်။ ပြီးတော့ ကျွန်မ နံဘေးတွင် ထိုင်၍ ကျွန်မ လက်များကို ဆွဲကိုင်လိုက်ပြန်သည်။

"ဘာမှ မဟုတ်ပါဘူး။ ကိုယ် မင်းကို တွေ့ချင်လို့ပဲ"

ကျွန်မက ထိုင်ရာမှ ထရန် တစ်ကြိမ် ပြင်လိုက်ပြန်ရာ သူက ဆွဲထားပြီး–

"ဒါပေမဲ့ ကိုယ်တို့ နှစ်ယောက် နားလည်မှု ရှိကြဖို့ ကိုယ့်မှာ ပြောစရာ တစ်ခုတော့ ရှိပါတယ်"

"ဘယ်လို နားလည်မှု ရှိဖို့လဲ"

"ကိုယ် မင်းကို ချစ်တယ်။ သိပ်ချစ်တယ်။ ကိုယ့် အိမ်မှာ ကိုယ်နဲ့ အတူ လာနေပါ။ မင်းဟာ ကိုယ့်ဇနီး ဖြစ်နေသမျှတော့ အဲဒီအိမ်ရဲ့ အရှင်သခင်ပဲ။ ကိုယ် မင်းကို အဝတ်အစားတွေ၊ ကျောက်သံသတ္တုမြားတွေ မင်း ကြိုက်တာတွေ အကုန် ဝယ်ပေးမယ်"

သူ့ကို ကြည့်ရသည်မှာ အရူးအမူးနိုင်လှသည်။ သူ့ ပါးစပ်မှ စကားလုံးများသည် သွန်ချဘိသကဲ့သို့ ထွက်လာကြသည်။

"သြော် ဒီကိစ္စအတွက် ကျွန်မကို ဒီကို လာစေတာလား"

"မင်း သဘောမတူဘူးလား"

"စိတ်တောင် မကူးဘူး"

သူက ထိုင်ရာမှ ထ၍ စားပွဲဆီသို့ လျှောက်သွားသည်။ စားပွဲပေါ်မှ ဖိုင်အနီ တစ်ခုကို ကောက်ယူ၍ ကျွန်မဆီသို့ ပြန်လာသည်။

"ကိုယ် မင်းကို အရေးကြီးတဲ့ ကိစ္စတစ်ခု တကယ် ပြောစရာ ရှိပါတယ်။ ဟောဒါဟာ၊ ဟောဒါဟာ မင့်ရည်းစား အကြောင်းပဲ"

"ဘုရားရေ"

ကျွန်မက အထိတ်တလန့် ရေရွတ်လိုက်ပြီးနောက် မျက်လုံးများကို ပိတ်ထားလိုက်သည်။ သူကမူ ယင်းအဖြစ်ကို သတိမထားမိဘဲ စာရွက်များကိုသာ အလောတကြီး လှန်လှောနေလေသည်။

"ဂျိနို မိုလီနာရီဆိုတာ သူ့ နာမည် မဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခက်တာက ဂျီနိုဟာ လက်ထပ်ပြီးသားပဲ။ ဟော ဟောဒီမှာ အင်မီလီယိုနဲ့ ဒိုင်အိုမီယာလာဇက်ဂနာတို့ရဲ့ သမီး အင်တိုနီယက်တာပါတီနီနဲ့တဲ့။ အဲ အဲ လွန်ခဲ့တဲ့ လေးနှစ်ကတဲ့။ သူတို့မှာ မာရီယာဆိုတဲ့ ကလေး တစ်ယောက် ရှိတယ်တဲ့။ အခု လောလောဆယ်မှာ သူ့ မိန်းမဟာ အော်ဗီတိုမြို့မှာ သူ့ အမေနဲ့ အတူတူ နေတယ်တဲ့"

ကျွန်မက ဘာမျှ မပြောဘဲ ဆိုဖာမှ ထကာ တံခါးဆီသို့ လျှောက်သွားပါသည်။ သူက စာရွက်များကို ကိုင်၍ အခန်းအလယ်တွင် ရပ်နေပါသည်။ ကျွန်မက တံခါးကို ဖွင့်၍ ထွက်သွားပါသည်။

အကယ်၍ ဤသတင်းသာ မှန်ခဲ့လျှင် မှန်လိမ့်မည်ဟုလည်း ကျွန်မ ထင်ပါသည်။ ကျွန်မသည် လပေါင်း အတန်ကြာ ယစ်မူး၍ နေခဲ့ရာမှ ယနေ့ မနက်တွင်တော့ အသစ်တစ်ဖန် ပြန်လည်၍ အသက်ရှင် နေထိုင်ရပေဦးတော့မည်။

ဂျီနို၏ လိမ်လည် လှည့်ဖြားမှုကို သိရသော အခါတွင် ကျွန်မ စိတ်ထဲ၌ ဤအတွေးသာလျှင် ပေါ်ပေါက်ခဲ့ပါသည်။ ကျွန်မက သူ့ကို အပြစ်တင်ရန် စိတ်မကူးပါ။ သူ့ အပေါ်တွင် အသည်း ဆတ်ဆတ်ခါအောင် နာကြည်းမိခြင်းလည်း မရှိပါ။ ကျွန်မ၏ အပြစ် မပါဘဲနှင့် ကျွန်မသည် လမ်းလွဲသို့ မရောက်ရှိနိုင်ပါပေ။ ကျွန်မသည် သူ၏ ရင်ခွင်ထဲတွင် မိန်းမော မူးယစ် နေခဲ့သဖြင့် သူ၏ လိမ်ညာမှုများကို မသိမြင်ခဲ့ခြင်း ဖြစ်၏။ ကျွန်မက သူ့ကို ယုတ်မာသည်ဟု မထင်။ ပျော့ညံ့သည်ဟု ထင်သည်။ သူသည် သူ၏ ရမ္မက်ဆန္ဒကို မထိန်းသိမ်းနိုင်သဖြင့် ဤသို့ ပြုမူခဲ့ခြင်း ဖြစ်၏။ ဤပြုမူချက်သည် အမှားတစ်ခု ဖြစ်၏။ သို့ရာတွင် အမှားတစ်ခု ဖြစ်စေကာမူ လည်း ဤအမှားသည် ကျွန်မ၏ အလှအပကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ကျွန်မ၏ အလှအပကို မြင်တွေ့ရလျှင် သူတို့တွင် ခေါင်းမရှိကြ တော့။ တစ်ခုလုံး ခြုံကြည့်လိုက်လျှင် ဂျီနိုကို အက်စ်တာရီတာထက် ပို၍ အပြစ်တင်စရာ မရှိပါ။ သူက လိမ်ညာကာ၊ အက်စ်တာရီတာက အကျပ်ကိုင် ခဲ့လေသည်။ သူတို့နှစ်ယောက်စလုံးသည် ကျွန်မကို အလွန်အမင်း ချစ်ကြပြီး ကျွန်မကို ပိုင်ဆိုင်အောင် ကြိုးစားကြခြင်းပင် ဖြစ်သည်။ သူတို့ နှစ်ဦးကို အပြစ်တင်စရာ မရှိလျှင် ကျွန်မကိုယ်ကိုသာ အပြစ်တင်ရပေတော့မည်။

ဤကား ကျွန်မကိုယ် ဖြေသိမ့်ခြင်းပင်တည်း။ ဂျီဆယ်ပါနှင့် အမေတို့၏ အယူအဆများ မှန်ကန်ကြောင်း ဝန်မခံလိုခြင်းပင်တည်း။

www.burmeseclassic.com



ထိုနေ့ ညနေတွင် ကျွန်မသည် အမေ့ကို ဘာတစ်ခုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ လုပ်နေကျ အလုပ်များကို လုပ်ကိုင်ပါသည်။ သို့ရာတွင် ကျွန်မသည် အခြားနေ့များမှာကဲ့သို့ သတို့သမီး အဝတ်အစားကို ဆက်လက်၍ ချုပ်လုပ်ရန်ကား မည်သို့မျှ ဟန်ဆောင်နိုင်ခြင်း မရှိပါ။ ကျွန်မသည် ချုပ်လုပ်ပြီးသမျှများနှင့် ချုပ်လုပ်ရန် ရှိသေးသည်များကို အားလုံး သိမ်းယူ၍ အခန်းထဲရှိ ဗီရိုထဲတွင် သော့ခတ်၍ ထည့်ထားလိုက်ပါသည်။ ကျွန်မ မကြည်မသာ ဖြစ်နေသည်ကို အမေက သတိမပြုမိဘဲ မနေနိုင်ပါ။ ကျွန်မက အမြဲတမ်း ရွှင်ပျ၍ နေတတ်ပြီး မကြည်မသာ ရှိခဲလှသည်။ ကျွန်မက သိပ်ပင်ပန်းနေ၍ ဖြစ်ကြောင်း အမေ့အား ပြောထားရပါသည်။ ပင်ပန်းနေသည် ဆိုခြင်းမှာ အမှန်လည်း အမှန်ပင် ဖြစ်ပါသည်။ ညနေဘက်ကျတော့ အမေက စက်ချုပ်နေသော်လည်း ကျွန်မ အလုပ်တွေကို ပစ်ထားခဲ့ပြီး အခန်းထဲသို့ ဝင်ခဲ့ပါသည်။ ခုတင်ပေါ် လှဲနေမိပါသည်။ ကျွန်မသည် အက်စ်တာရီတာ၏ ပိုက်ဆံဖြင့် ဝယ်ခြမ်းထားသော ပရိဘောဂများကို ကြည့်၍ စိတ်ပျက်ရတော့သည်။ မျှော်လင့်ချက်များ ကုန်ဆုံးရတော့သည်။ ကျွန်မသည် တောင်တွေး မြောက်တွေးနှင့် နောက်ဆုံးတွင် အိပ်ပျော်သွားလေတော့၏။ ကျွန်မသည် စိတ်ပန်း လက်ပန်းဖြင့် လေးနာရီခန့် အိပ်ပျော်သွားပါသည်။ မိုးကြီးချုပ်၍ အမေလာနှိုးတော့မှ နိုးလေသည်။

"သမီးရေ၊ ထမင်းစားရအောင်"

"ကျွန်မ မထချင်ဘူး အမေ။ ဒီကို ယူခဲ့မလား"

ကျွန်မက ကျိန်းစပ်နေသော မျက်လုံးများကို လက်တစ်ဖက်ဖြင့် ကာရင်း ပြောလိုက်သည်။ အမေက အခန်းထဲမှ ထွက်သွားပြီး ခဏအကြာတွင် ညစာဗျပ်နှင့် ပြန်ဝင်လာသည်။ အမေက ဗျပ်ကို ခုတင်စွန်းတွင် တင်လိုက်သည်။ ကျွန်မက ထလိုက်သည်။ တံတောင် တစ်ဖက် ထောက်ကာ စတင်၍ စားပါသည်။ သို့ရာတွင် ဘာအရသာမျှ မရှိပါ။ ကျွန်မက တစ်လုတ် နှစ်လုတ် စားပြီးနောက် ခေါင်းအုံးပေါ်သို့ ပစ်လှဲချလိုက်သည်။

"ဘာဖြစ်လို့လဲ။ မစားတော့ဘူးလား"

"ကျွန်မ မဆာဘူး"

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ဒါဖြင့် သိမ်းလိုက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေက ဇျပ်ကို ခုတင်ပေါ်မှ ယူ၍ ပြတင်းပေါက် အနီးရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။

"မနက်ကျရင် ကျွန်မကို မနှိုးနဲ့"

ခဏအကြာတွင် ကျွန်မက ပြောလိုက်သည်။

"ဘာလို့လဲ"

"ကျွန်မ ဆုံးဖြတ်ပြီးပြီ။ ကျွန်မ ကိုယ်ဟန်ပြမယ် မလုပ်တော့ဘူး။ အမေဟာ အလုပ် သိပ်ပန်းပြီး ပိုက်ဆံအရ သိပ်နည်းတယ်"

"နင် ဘာလုပ်မလို့လဲ။ ငါ နင့်ကို မတတ်နိုင်တော့ဘူး။ နင်ဟာ ကလေးတစ်ယောက်မဟုတ်တော့ဘူး။ နင့်မှာ လိုတာတွေ အများကြီး ဖြစ်လာပြီ။ ငါ့ ခေါင်းပေါ်မှာ အတော်ပိနေပြီ။ နင့် သတို့သမီး အဝတ်အစား"

အမေက စိုးရိမ်တကြီး ပြောဆိုပြီး ငိုပါလေတော့သည်။

"မပူပါနဲ့။ သူ့အချိန်နဲ့သူ ပိုက်ဆံ လုံလုံလောက်လောက် ရပါစေ့မယ်"

ကျွန်မက မျက်နှာပေါ်မှ လက်ကို မဖယ်ဘဲနှင့် လေးလေးပင်ပင် နွမ်းနွမ်းနယ်နယ် ပြောလိုက်သည်။

နောက်တစ်နေ့ မနက်တွင် ကျွန်မသည် ဂျီနိုနှင့် တွေ့ရန် သွားဖို့ ဖြစ်သော်လည်း မသွားနိုင်ပါ။ ကျွန်မ၏ အနာ မကျက်သေးသမျှ သူနှင့် မတွေ့ချင်ပါ။ ကျွန်မသည် သူ့ကို မချစ်တော့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် မုန်းလည်း မမုန်းချင်ပါ။ သူ့ကို မုန်းနေလျှင် ကျွန်မ ရင်ထဲတွင် နာကြည်းမှု ဒဏ်ရာကို ခံစားနေရပေမည်။ ယင်းသို့ မခံစားသင့်ပါ။ စိတ်မှ နာကြည်းနေလျှင် သူ၏ သစ္စာဖောက်ခြင်းကို အဆစ်ထပ်၍ ပေးရခြင်းပင် ဖြစ်ပေမည်။

မည်သည့် အတွက်ကြောင့်ပင် ဖြစ်စေ ကျွန်မသည် နောက်တစ်နေ့ နံနက်တွင်လည်း ပင်ပန်းနွမ်းနယ်ခြင်း ရှိပြီး ပျင်းရိခြင်း တစ်မျိုး ဖြစ်ပေါ်နေတော့သည်။ ယမန်နေ့ ညကလို စိတ်ဆင်းရဲခြင်းမျိုးကား မရှိတော့ချေ။ အမေသည် မနက်အစောကြီး အိမ်မှ ထွက်သွားပြီး မွန်းမတည့်ခင် ပြန်လာမည် မဟုတ်ကြောင်းကို ကျွန်မ သိပါသည်။ ယင်းကြောင့် ကျွန်မသည် ခုတင်ပေါ်တွင် အပျင်းထူ၍ နေမိပါတော့သည်။ ဤကား ကျွန်မဘဝ၏ ကဏ္ဍသစ်တွင် ပထမဆုံးသော စည်းစိမ်ချမ်းသာပင် ဖြစ်ပေသည်။ ကျွန်မ၏ ဘဝတွင် အမြဲတမ်း အစောကြီး ထခဲ့ရပြီး ဤသို့ ခုတင်ပေါ်တွင် ဘာမျှမလုပ်ရဘဲ

www.burmeseclassic.com



အပျင်းထူနေရခြင်းသည် တကယ့်စည်းစိမ်ပင် ဖြစ်ပေသည်။ ကျွန်မသည် ယခင်က ဘာပဲဖြစ်ဖြစ် အိပ်ရာမှ စောစောထခဲ့၏။ ကျွန်မဘဝ ကျွန်မ၏ ယုံကြည်ချက်များကြောင့် ဖြစ်၏။ သို့ရာတွင် ရှေ့၌ကား ကျွန်မ ပျင်းချင်လျှင် ပျင်းနေမည်။ အလျင်က ကျွန်မ မလုပ်သင့်ဟု ထင်၍ မလုပ်ခဲ့သည်များကို နောက်နောင်တွင် မဆိုင်းမတွ လုပ်တော့မည်။ ဂျီဆယ်လာနှင့် အမေတို့၏ ဟောကြားချက်များသည် အကောင်အထည် ပေါ်လေပြီတည်း။

ကျွန်မသည် ယင်းအတွေးတို့ဖြင့် ရစ်ပတ် ဖွဲ့နှောင်လျက် နံနက်ခင်းကို လျှပ်တစ်ပြက်ပမာ အချိန်ကုန်လွန်စေခဲ့၏။ ဘုရားရှိခိုးကျောင်းမှ မွန်းတည့်ခေါင်းလောင်းထိုးသံ ကြားရသောအခါ ကျွန်မမှာ အများကြီး အံ့အားသင့်မိသည်။ နေရောင်ခြည်သည် ပြတင်းပေါက်မှ ဖြတ်ဝင်၍ ခုတင်ပေါ်တွင် ကျရောက်လျက် ရှိ၏။ ခေါင်းလောင်းသံနှင့် နေရောင်ခြည်တို့မှာလည်း ကျွန်မ၏ ထုံးတမ်းစဉ်လာ မဟုတ်သော အပျင်းကြောနှင့်အတူ စည်းစိမ်သုခများပင် ဖြစ်နေချေတော့၏။ နောက်ဆုံးတွင် ကျွန်မသည် အိပ်ရာမှ ထ၍ အဝတ်ဗီရိုမှန် ရှေ့တွင် ညဝတ်အင်္ကျီကို ချွတ်လိုက်သည်။ ကျွန်မ၏ ဗလာကိုယ်လုံးကို မှန်ထဲတွင် ကြည့်မိသည်။ သူ့ ရင်တွေ တင်တွေကို ကြည့်စမ်းပါဦးဟု အမေက ပန်းချီဆရာကို ပြောခဲ့သော စကားများကို ကျွန်မက ပထမဆုံး အကြိမ်အဖြစ် သဘောပေါက်မိပါတော့သည်။ အက်စ်တာရီတာသည် ကျွန်မ၏ ဤရင် ဤတင်များကိုပင် စွဲမက်ခြင်း ဖြစ်ခဲ့ပေသည်။ ကျွန်မကသာ ပျော်ရွှင်မှုကို အတုံ့အလှည့် အဖြစ် ပေးမည်ဆိုလျှင် သူ့ထက် ပိုက်ဆံ ပို၍ ပေးနိုင်သူများကို တွေ့ရှိနိုင်ပေသည်။

ကျွန်မ၏ စရိုက်သစ်အတိုင်း ပျင်းပျင်းရိရိပင် အဝတ်ဝတ်သည်။ ကော်ဖီသောက်သည်။ ပြီးတော့ အပြင်သို့ ထွက်ခဲ့သည်။ ကျွန်မသည် အနီးရှိ အရက်ဆိုင်တစ်ခုသို့ သွား၍ ဂျီနိုတို့ အိမ်သို့ ဖုံးဆက်ပါသည်။ သူက ကျွန်မကို ဖုန်းနံပါတ် ပေးထားသည်။ သို့ရာတွင် မလွဲသာမှသာ တယ်လီဖုန်း ကို ဆက်ရန် မှာထားသည်။ သူ့ သခင်များက အစေခံများ တယ်လီဖုန်း သုံးသည်ကို မကြိုက်သောကြောင့် ဖြစ်သည်။ ပထမတွင် ကျွန်မက မိန်းကလေး တစ်ယောက်နှင့် စကားပြောရသည်။ အစေခံ တစ်ယောက်ပင် ဖြစ်မည်။ ပြီးတော့မှ ဂျီနိုနှင့် ချက်ချင်းလိုပင် ပြောရသည်။ သူက မဆိုင်းမတွပင် ကျွန်မ နေကောင်းနေသလားဟု စုံစမ်းသည်။ ကျွန်မက ပြုံးမိသည်။ သူ၏ စိုးရိမ်သံသည် ကျွန်မကို လှည့်ဖြားနေခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ်။ ကျွန်မတစ်သက်မှာ ဒါလောက် နေကောင်း တာမျိုး တစ်ခါမှ မရှိသေးဘူး"

"ဒါဖြင့် ကိုယ် မင်းနဲ့ ဘယ်တော့ တွေ့ရမလဲ"

"တွေ့ချင်တဲ့ အချိန် တွေ့နိုင်တယ်။ ဒါပေမဲ့ ကျွန်မတို့ ပထမဆုံး တွေ့ကြသလို ကိုတို့ အိမ်မှာပဲ အိမ်ရှင်မရှိတုန်း တွေ့ချင်တယ်"

ကျွန်မ ဆိုလိုသည်ကို သူက ချက်ချင်းပင် သဘောပေါက်သွားသည်။

"သူတို့ နာတာလူး ပွဲတော်အတွက် နောက်ဆယ်ရက်လောက် နေရင် ခရီးထွက်သွားကြမယ်။ ဒါ့ထက်တော့ မစောဘူး"

သူက စိတ်အားထက်သန်စွာဖြင့် ပြန်ဖြေလေသည်။

"ကောင်းပြီ။ ဒါဖြင့် ကျွန်မ ကို့ကို နောက်ဆယ်ရက်ကျမှ တွေ့မယ်"

"ဘာလို့လဲ"

သူက တအံ့တသြ ပြန်မေးသည်။

"ကျွန်မ မအားဘူး"

"ဘာဖြစ်လို့လဲ။ ကိုယ့်ကို စိတ်ဆိုးနေလို့လား"

သူက သံသယဖြင့် မေး၏။

"မဆိုးပါဘူး။ ကျွန်မ စိတ်ဆိုးနေလို့ရှိရင် ကို့ကို ကိုတို့ အိမ်မှာ တွေ့ပါ့မလား။ မစိုးရိမ်ပါနဲ့။ ကျွန်မ ကို့ကို အလျင်ကလိုပဲ ချစ်နေတုန်းပါပဲ။ ကျွန်မမှာ ပွဲတော်ရက်မတိုင်ခင် အမေ့ကို ကူလုပ်စရာ အလုပ်တွေ ရှိနေလို့ ပါ။ အိမ်ကနေ မိုးချုပ်မှ ထွက်နိုင်မယ်။ ကိုကလဲ ညမှာ မအားဘူး မဟုတ် လား။ ကို့ အလုပ်ရှင် သွားတယ်အထိ ကျွန်မ စောင့်ပါ့မယ်"

"မနက်ပိုင်းကော"

"မနက်ဆိုရင် ကျွန်မ အိပ်နေလိမ့်မယ်။ ဒါနဲ့ စကားမစပ် ကျွန်မ ကိုယ်ဟန်ပြမယ် မလုပ်တော့ဘူး"

"ဘာလို့လဲ"

"မလုပ်ချင်တော့လို့ဘဲ။ ကို ဝမ်းသာသလား။ ကောင်းပြီးလေ။ နောက် ဆယ်ရက်ကြာရင် ကျွန်မ ကို့ကို တွေ့မယ်။ ကျွန်မ ဖုန်းဆက်ရမလား"

"ဆက်ပါ"

ကျွန်မက တယ်လီဖုန်းကို ချလိုက်သည်။ သူ့ကို တည်တည်ငြိမ်ငြိမ် နှင့် ပြောဆိုနိုင်ခဲ့သဖြင့် ကျွန်မကိုယ် ကျွန်မ ချီးကျူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

၇

ထိုနေ့ ညနေမှာပင် ကျွန်မသည် ဂျီဆယ်လာကို သူမ၏ မွမ်းမံထားသော အခန်းတွင် သွား၍ တွေ့ဆုံပါသည်။ သူမသည် ထုံးစံအတိုင်း ထိုအချိန်တွင်မှ အိပ်ရာက ထပြီး ရစ်ကာဒိုနှင့် တွေ့ရန် အဝတ်လဲလျက် ရှိလေသည်။ ကျွန်မက ခုတင်ပေါ်တွင် ထိုင်၍ အက်စ်တာရီတာနှင့် တွေ့သည့်အကြောင်း၊ သူက ဂျီနိုတွင် မိန်းမနှင့် ကလေး ရှိသည်ဟု ပြောလိုက်သည့် အကြောင်းများကို ပြောပြပါသည်။ သူမက ထိုသတင်းကို ကြားရသောအခါတွင် အာမေဍိတ်သံ ပြုလိုက်သည်။ ဝမ်းသာ၍လား၊ အံ့အားသင့်၍လားတော့ ကျွန်မ မပြောတတ်ပါ။ သူမက ခုတင်ပေါ်တွင် ကျွန်မနှင့် မျက်နှာချင်းဆိုင် လာ၍ ထိုင်သည်။ ပြီးတော့ ကျွန်မ ပခုံး နှစ်ဖက်ပေါ်သို့ သူ့လက်များကို တင်၍ မျက်လုံးချင်း ဆိုင်ကြည့်သည်။

"ဟေ့ အေး ဟေ့ အေး၊ ကိုယ် မယုံဘူး။ မိန်းမနဲ့ ကလေး ရှိတယ် ဟုတ်လား။ တကယ်လား"

"သမီး နာမည်က မာရီယာတဲ့"

သူမက ယင်းကိစ္စနှင့် ပတ်သက်၍ ခရေစေ့တွင်းကျ ဆွေးနွေးလိုပုံ ရှိသော်လည်း ကျွန်မ၏ တည်ငြိမ် အေးဆေးမှုကြောင့် စိတ်ပျက်သွားသည်။

"မိန်းမနဲ့ သမီးတစ်ယောက် ဟုတ်လား။ သမီး နာမည်က မာရီယာ တဲ့လား။ မင်းက ဒီအကြောင်းကို ဒီလိုပဲ ပြောပြနိုင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး။ ကိုယ်က ဘယ်လို ပြောရဦးမှာလဲ"

"မင်း ဘာမှ မဖြစ်ဘူးလား"

"ဖြစ်တာပေါ့"

"ဒါဖြင့် မင်း ငိုရောလား"

"ငိုတော့ မငိုပါဘူး"

"သူက မင်းကို တော်တော် လှည့်စားခဲ့တာပဲ။ အိမ်ထောင် ပရိဘောဂ တွေ အဝယ်ခိုင်းပြီး သတို့သမီး အဝတ်တွေ အချုပ်ခိုင်းတာဟာ တော်တော် ဆိုးတာပဲ"

"ဟုတ်တယ်။ အဆိုးဆုံးကတော့ အမေ့ ပိုက်ဆံတွေ သုံးခိုင်းတာပဲ"

"ဒီအကြောင်း မင်းအမေ သိပြီလား"

"မသိသေးဘူး"

"ငွေအတွက်တော့ မပူပါနဲ့။ အက်စ်တာရီတာက မင့်ကို သိပ်ချစ် နေတာ။ မင့် စိတ်ကိုသာ မင်း ဆုံးဖြတ်ပါ။ သူက မင်း လိုသမျှ ငွေ အကုန်လုံးကို ပေးပါလိမ့်မယ်"

"အက်စ်တာရီတာနဲ့တော့ ဘာမှ ထပ်ပြီး မပတ်သက်ချင်တော့ဘူး။ သူက လွဲရင်တော့ ဘယ်သူနဲ့ပဲ ဖြစ်ဖြစ်"

ကျွန်မက ဖြေလိုက်သည်။ ဂျီဆယ်လာသည် လူအ လူပြိန်း တစ် ယောက် မဟုတ်ပါ။ ဤအချိန်တွင် အက်စ်တာရီတာ အကြောင်း ထပ်၍ မပြောသင့်တော့သည်ကို သူမက ချက်ချင်း သဘောပေါက်သွားသည်။ ထို့ နောက် 'သူက လွဲရင် ဘယ်သူနဲ့ပဲ ဖြစ်ဖြစ်' ဆိုသော ကျွန်မ စကားမှ အဓိပ္ပာယ်ကိုလည်း သူမက နားလည်သွားပါသည်။

"ဟုတ်တယ်။ မင်း ပြောတာကို ကိုယ် နားလည်ပြီ။ အက်စ်တာရီတာ နဲ့ တွေ့လို့ မဖြစ်ဘူး။ သူက မင်းကို မရရတဲ့နည်းနဲ့ လိုချင်နေတာ။ သူက မင်းကို ဂျီနို့အကြောင်း ပြောတာဟာ သူ့ လိုဘ ပြည့်ဖို့ ပြောတာပဲ။ ဒီကိစ္စ ကိုယ့် တာဝန်ထား။ မင်းကို အကူအညီပေးမယ့် လူတစ်ယောက် ယောက်နဲ့ တွေ့ချင်သလား"

"အင်း"

"ဒီကိစ္စ ကိုယ့် တာဝန်ထား"

"ဒါပေမဲ့ ကိုယ်က ဘယ်သူနဲ့မှ အသေချည်ထားတာ မခံချင်ဘူး။ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် ရှိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ကိုယ့် တာဝန်ထား"

သူမက ယင်းစကားကို တတိယ အကြိမ် ထပ်ပြောသည်။

"ကိုယ်အခု လိုချင်တာကတော့ အမေ့ ပိုက်ဆံတွေကို ပြန် ပေးချင်တယ်။ ကိုယ် လိုချင်တာကလေးတွေကို ဝယ်ချင်တယ်။ ပြီးတော့ အမေ့ကို အလုပ် မလုပ်စေချင်တော့ဘူး"

ဤအချိန်တွင် ဂျီဆယ်လာသည် ခုတင်ပေါ်မှ ထ၍ မှန်တင်ခုံရှေ့တွင် ထိုင်ကာ ပေါင်ဒါ လိမ်းလျက် ရှိသည်။

"မင်းဟာ သိပ်ပြီးတော့ ကောင်းလွန်းနေတယ် အက်ဒရီယာနာ။ ခုတော့ သိပ်ကောင်းတဲ့ လူတွေ ဘာဖြစ်တတ်တယ်ဆိုတာ မင်း တွေ့ပြီ မဟုတ်လား"

"ကိုယ် ကနေ့မနက် ကိုယ်ဟန်ပြ မသွားဘူး။ ဒီအလုပ်ကို ကိုယ် စွန့်လွှတ်လိုက်ပြီ"

"သိပ် မှန်တယ်"

ဂျီဆယ်လာက ပန်းချီဆရာ တစ်ဦး၏ နာမည်ကို ပြောလိုက်ပြီး–

"ကိုယ် သူ့အတွက် အခွင့်အရေး ပေးတဲ့ အနေနဲ့ ကိုယ်ဟန်ပြနေတာပဲ။ သူနဲ့ ကိစ္စပြတ်သွားရင် ကိုယ့်အဖို့ ဒီအလုပ် ပြီးပြီပဲ"

ဂျီဆယ်လာသည် ရည်းစားနှင့် ချိန်းထားသည့် အချိန်ထက် နောက်ကျနေပြီ ဖြစ်၍ တက်သုတ်ရိုက်လျက် ရှိပါသည်။ ကျွန်မတို့သည် အခန်းဆီမှ ထွက်ခဲ့ကြပြီးနောက် အိမ်အိုကြီး တစ်ခု၏ ကျဉ်းမြောင်းသော လှေကားကို ဆင်းလျက် ရှိကြပါသည်။

"ဂျီနိုက မင်းကို လှည့်စားသလို ရစ်ကာဒိုကလဲ ကိုယ့်ကို လှည့်စားချင်နေတယ်"

အဆင်းတွင် သူမက ပြောသည်။ ကျွန်မ တစ်ယောက်တည်း ကံဆိုးသူ မဟုတ်ကြောင်း ပြသရန် ပြောခြင်းလည်း ဖြစ်ပေမည်။

"သူကော မိန်းမနဲ့လား"

ကျွန်မက မေးလိုက်သည်။

"ဟင့် အင်း၊ ဒါပေမဲ့ သူက ကိုယ့်ကို တစ်ပတ် ရိုက်ချင်နေတယ်။ အရူးလုပ်ချင်နေတယ်။ ဒါပေမဲ့ ကိုယ်က သူ့ကို ရှင်းရှင်းပဲ ပြောထားတယ်။ ဒီမယ် ကိုရွှေချော၊ ကျွန်မကတော့ ရှင်ရှိမှ မဟုတ်ဘူး။ ရှင်နေချင်သပဆိုရင် ကြိုက်သလောက်နေ။ ကြွချင်သပဆိုရင် အချိန်မရွေး ကြွ"

www.burmeseclassic.com



ကျွန်မက ဘာမျှ ပြန်မပြောပါ။ သူနှင့် ကျွန်မ ခြားနားတာတွေ အများကြီး ရှိသည်။ ကျွန်မနှင့် ဂျီနို၏ ဆက်ဆံရေးနှင့် သူနှင့် ရစ်ကာဒို၏ ဆက်ဆံရေးတို့တွင် မတူတာတွေ အများကြီး ရှိသည်။ သို့ရာတွင် ကျွန်မက ဘာမျှ မပြောပါ။ အောက်ထပ် အိမ်ရှေ့တံခါးဝသို့ ရောက်သောအခါတွင် သူမက နောက်တစ်နေ့တွင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ တွေ့ရန် ချိန်းလေသည်။ သူမနှင့်အတူ တစ်ယောက်ယောက် ပါချင် ပါလာမှာမို့ အချိန်မှန်ရန် သတိပေးပါသည်။ ထို့နောက် သူမသည် ပြေးထွက်သွားလေတော့၏။

ဖြစ်ပျက်နေသည့် အကြောင်းခြင်းရာများကို အမေ့အား ပြောပြသင့်သည်ဟု ကျွန်မ နားလည်ပါသည်။ သို့ရာတွင် မပြောရဲပါ။ အမေက ကျွန်မကို တကယ် ချစ်ခြင်း ဖြစ်သည်။ ဂျီဆယ်လာနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဂျီဆယ်လာက ဂျီနို၏ သစ္စာသွေဖည်မှုကို သိရှိရသော အခါတွင် သူမ၏ ထင်မြင်ယူဆချက်များ မှန်ကန်အောင်မြင်သည့်အတွက် ဝမ်းသာမဆုံး ရှိနေသည်။ အမေကမူ သူမ၏ ထင်မြင်ယူဆချက်များ မှန်ကန်ကြောင်းကို တွေ့ရှိရခြင်းအတွက် ဝမ်းသာမည်ထက် ဝမ်းနည်းမည်သာ ရှိပေမည်။ အမေ၏ စိတ်ဆန္ဒတွင် ကျွန်မကို ပျော်ရွှင်စေလိုသည်သာ ဖြစ်သည်။ ယင်း ပျော်ရွှင်ချမ်းသာမှုကို မည်သည့်နည်းနှင့်ရရ ဖြစ်သည်။ သို့ရာတွင် ဂျီနိုကမူ ယင်း ပျော်ရွှင်မှုများကို မပေးနိုင်ကြောင်း သူမက သိပါသည်။ ကျွန်မသည် အတော်ကြီး ကြာအောင် ချီတုံချတုံ ရှိနေပြီးနောက် အမေ့အား ဘာမျှ မပြောရန် ဆုံးဖြတ်လိုက်သည်။

နောက်နေ့တွင် ကျွန်မသည် ဂျီနိုနှင့် သွားတွေ့ဟန် ဆောင်ပြီး တစ်နေ့ခင်းလုံး အပြင် ထွက်နေပါသည်။ သို့မှသာ ကျွန်မ အပေါ်တွင် သံသယ ရှိနေပြီဖြစ်သော အမေက အနှောင့်အယှက် မပေးနိုင်မည် ဖြစ်သည်။

ကျွန်မတွင် မင်္ဂလာအခမ်းအနား ပြီးသောအခါတွင် ဝတ်ရန် ချုပ်ထားသော အဝတ်သစ် တစ်စုံ ရှိသည်။ ကျွန်မတွင် ရှိသော အဝတ်များအနက် အကောင်းဆုံးပင် ဖြစ်သည်။ ကျွန်မက ယင်းဝတ်စုံကို ဝတ်ရမလား၊ မဝတ်ရမလားဟု စိတ် ဇဝေဇဝါ အတန်ကြာ ဖြစ်နေမိသည်။ ကျွန်မသည် ဤအင်္ကျီကို တစ်နေ့မဝတ် တစ်နေ့တော့ ဝတ်ရမှာပဲဟု နောက်ဆုံး၌ တွေးမိသည်။ ပြီးတော့ ကျွန်မအဖို့ ကနေ့ထက် ပျော်ရွှင်သော နေ့လည်း ရှိတော့မည် မဟုတ်ပေ။ နောက်ပြီးတော့ လူတွေက အဝတ်အစားနှင့် အလှအပကို



www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်၍ ကြည့်ကြသည် မဟုတ်ပါလား။ ကျွန်မသည် ပိုက်ဆံများများ ရချင်လျှင် ဟန်ရေး ကောင်းကောင်း ပြရပေမည်။ ထို့ကြောင့် ကျွန်မသည် ယင်း အကောင်းဆုံးသော ဝတ်စုံကို ယနေ့ ဝတ်ရန် ဆုံးဖြတ်လိုက်သည်။ ဝတ်စားဖြီးလိမ်း၍ ပြီးသောအခါတွင် ကျွန်မသည် ရုပ်ရှင်ရုံ တစ်ရုံသို့ သွား၍ ကားတစ်ကားတည်းကိုပင် နှစ်ပွဲဆက်၍ ကြည့်ပါသည်။ ရုပ်ရှင်ရုံထဲမှ ကျွန်မ ထွက်လာသောအခါ အပြင်တွင် ညဖြစ်၍ နေပေပြီ။ ထို့ကြောင့် ကျွန်မက ဂျီဆယ်လာနှင့် ချိန်းထားသော ဆိုင်သို့ တန်း၍ သွားပါသည်။ ထိုဆိုင်သည် ကျွန်မတို့ အခါတိုင်း ရစ်ကာဒိုနှင့် တွေ့နေကျ ဆိုင်ပေါပေါမျိုး မဟုတ်ချေ။ ဆိုင်ကြီး ကနားကြီး တစ်ခု ဖြစ်ပါသည်။ အရင်က ဒီလိုဆိုင် မျိုးကို ကျွန်မ မရောက်ဖူးပါ။ ဒီလိုဆိုင်မျိုးကို ဂျီဆယ်လာ ရွေးချယ်ခြင်းသည် ကျွန်မ၏ အဆင့်အတန်းနှင့် ဈေးကို မြှင့်နိုင်ရန် ဖြစ်ပေမည်။ ဤကား လိုအပ်ချက် တစ်ခု ဖြစ်ပေသည်။

ဂျီဆယ်လာကို ဆိုင်ထဲတွင် လူလတ်ပိုင်း ယောကျာ်း တစ်ယောက်နှင့် အတူ တွေ့ရသည်။ နယ်လှည့် ကိုယ်စားလှယ် တစ်ဦး ဖြစ်သည်။ ဂျီယာစင်တီ ဟု မိတ်ဆက်ပေးသည်။ သူသည် ထိုင်နေသော အခါတွင် ပေမီဒေါက်မီ ရှိမည်ဟု ခန့်မှန်းရသည်။ အကြောင်းမှာ သူ့ ပခုံးများသည် ကျယ်ပြောလှသော ကြောင့် ဖြစ်၏။ သို့ရာတွင် မတ်တတ်ရပ်လိုက်သော အခါတွင်ကား သူသည် လူပုတို တစ်ယောက် ဖြစ်နေ၏။ သူ့ ပခုံးများ ကျယ်ပြန့်နေသောကြောင့် သူ့ကို ပို၍ ပုသည်ဟုပင် ထင်ရ၏။ သူ၏ ဖြူဖွေး ထူထပ်သော ဆံပင်များ သည် ငွေရောင်တောက်နေသည်။ သူ့ မျက်နှာသည် နီရဲ၍ ပြည့်လေသည်။ လှပသော မဟာနဖူး၊ ညိုမည်းသော မျက်လုံး၊ ဖြောင့်တန်းသော နှာတံနှင့် အချိုးကျသော ပါးစပ်တို့ ရှိလေသည်။ သို့ရာတွင် မကျေနပ်စရာ ကောင်း သည်မှာ ဘဝင်မြင့်ပုံ ရလေသည်။

ဂျီဆယ်လာက မိတ်ဆက်ပေးပြီးသည့် နောက်ပိုင်းတွင် ကျွန်မက ဘာတစ်ခွန်းမျှ မပြောဘဲ ရှုံ့တိုးရှန့်တန့်ဖြင့် ထိုင်လိုက်သည်။ ဂျီယာစင်တီက ကျွန်မ ရောက်လာသည်ကို အရေးမကြီးသည့် အနေဖြင့် ဂျီဆယ်လာကိုသာ စကား ပြောနေသည်။ ဂျီဆယ်လာကို သူ ဘယ်တုန်းက လက်ဆောင်တွေ ပေးသည့် အကြောင်းများကိုသာ ပြောနေ၏။ နောက်ဆုံးကျမှ သူသည် စီးကရက်ကို လွှင့်ပစ်လိုက်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားချိန်တော်ပြီ"

"ဘယ်အချိန် ရှိပြီလဲ"

ဂျီဆယ်လာက မေးလိုက်သည်။

"ရှစ်နာရီ။ ကိုယ့်ကို ခဏ ခွင့်ပြုကြပါဦး။ ကိုယ် အခုပဲ ပြန်လာမယ်"

သူက အခန်းတစ်ဖက်သို့ လျှောက်သွားသည်။ ဂျီဆယ်လာက ဆေးလိပ်တိုကို ပြာခွက်ထဲတွင် ထိုးခြေရင်း–

"အတော် စိတ်ပျက်စရာ ကောင်းတဲ့ လူပဲ။ သူ့ အကြောင်းတွေ လျှောက်ပြောနေတာပဲ"

"ကိုယ် သတိထားမိပါတယ်"

"သူ ပြောချင်တာတွေ ပြောပေ့စေ။ တစ်ချိန်လုံး ဟုတ်ကဲ့သာလိုက်နေ၊ တွေ့ကရာ ရှစ်သောင်းတွေ ပြောပြပါလိမ့်မယ်။ ဒါပေမဲ့ ပိုက်ဆံကျတော့ သိပ်လက်လွယ်တယ်။ မင်းကို တကယ်ပဲ သူ လက်ဆောင်တွေ ပေးလိမ့်မယ်"

"ဒါပေမဲ့ သူ ဘာတွေ ပေးခဲ့တယ်ဆိုတာ ထပ်တလဲလဲ ပြောနေပြန်ရောလား"

သူမက ဘာမှ ပြန်မပြော၊ 'ဘယ်တတ်နိုင်မလဲ' ဆိုသည့် သဘောဖြင့် ခေါင်းကိုသာ ခါပြသည်။ ကျွန်မတို့သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ နောက်မှ ဂျီယာစင်တီ ပြန်လာပြီး ကျသင့်ငွေကို ပေးကာ ဆိုင်ထဲမှ ထွက်လာကြသည်။

"ဂျီဆယ်လာရေ၊ ကနေ့ညကတော့ အက်ဒရီယာနာရဲ့ ညပဲ။ ဒါပေမဲ့ ကိုယ်တို့နဲ့ အတူ ညစာ လိုက်စားပါလား"

လမ်းပေါ်သို့ ရောက်သောအခါတွင် သူက ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ် မလိုက်တော့ပါဘူး။ ကျွန်မမှာ ချိန်းထားတာ ရှိနေလို့ပါ"

ဂျီဆယ်လာက ယင်းသို့ ဖြေကြားပြီးနောက် သူ့အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့၏။ ကျွန်မတို့သည် လူစည်ကားလှသော ဆိုင်တစ်ဆိုင်တွင် ထမင်းစားကြပါသည်။ တစ်ဆိုင်လုံးတွင် ဂျီယာစင်တီလို လူမျိုးတွေသာ ဖြစ်သည်။ နယ်လှည့် ကိုယ်စားလှယ်များ၊ ပွဲစား ကုန်သည်များ၊ စီးပွားရေးသမားများ ဖြစ်ကြသည်။ ထိုဆိုင်သည် သူ စားနေကျ ဆိုင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းလျာ အမည်များ၍ ကောင်းမွန်ပါသည်။ သူသည် အစားကြီးသူ တစ်ဦး ဖြစ်သည်။ ကျွန်မ၏ ဘဝတွင် ပထမဆုံး အကြိမ်အဖြစ်ဖြင့် ကိုယ် မချစ်သူ တစ်ဦးနှင့် အချစ်နယ် လွန်ကျူးရမည့်အတွက် သူ့ကို အသေအချာ လေ့လာ ကြည့်ရှုနေမိပါသည်။ ကျွန်မ၏ စိတ်လှုပ်ရှား ခံစားမှုများကိုလည်း မှတ်သား နေမိပါသည်။ ထမင်းစားပြီးသော အခါတွင် သူသည် ကြို့ တစ်ခါ နှစ်ခါ ထိုးပြီးနောက် စကား ပြောပြန်တော့သည်။ ဂျီဆယ်လာ ပြောသည့်အတိုင်းပင် သူ့ အကြောင်းတွေကို ပြောဆိုနေခြင်း ဖြစ်၏။ ချဲ့ထွင် ကြွားဝါ ပြောဆိုနေ ခြင်း ဖြစ်၏။

"ကိုယ်တို့ သွားကြတော့မလား"

သူက နောက်ဆုံးတွင် မေးလိုက်၏။ ကျွန်မက "ဟုတ်ကဲ့"ဟု ပြောလိုက်သည်။ သူက စားပွဲထိုးကို ခေါ်၍ ကျသင့်ငွေကို ရှင်းပေးလိုက် သည်။

"ဟိုတယ် တစ်ခုခုကို သွားကြမလား"

လမ်းပေါ်သို့ ရောက်သောအခါတွင် သူက မေးလိုက်သည်။

"ဟင့်အင်း မသွားဘူး"

ကျွန်မက ကပျာကယာ ဖြေလိုက်သည်။ ကျွန်မ၏ မှတ်ပုံတင် စာရွက်စာတန်းများ ထုတ်ပြရမည်ကို စိုးရိမ်ထိတ်လန့်၍ ဖြစ်သည်။ ထို့ပြင် ကျွန်မ စိတ်ကို ပိုင်းဖြတ်ဝေခွဲထားပြီးသားလည်း ရှိ၍ ဖြစ်သည်။

"ကျွန်မ အိမ်ကို လိုက်ခဲ့ပါ"

ကျွန်မတို့သည် အငှားကား တစ်စီးပေါ်သို့ တက်လိုက်ကြသည်။ ကျွန်မက အိမ်လိပ်စာ ပြောလိုက်သည်။ ကားထွက်သွားသည်နှင့် တစ်ပြိုင် နက် သူသည် ကျွန်မကို အတင်း နားသားပါးယား ဖက်၍ တရစပ် နမ်းတော့ သည်။ သူသည် အတော်ကြီး မူးနေပြီ ဖြစ်၏။ ကျွန်မက အတော်ကလေး ကြာအောင်တော့ သူ့ အလိုကို လိုက်နေမိပါသည်။ နောက်မှ ဒရိုင်ဘာ၏ နောက်ကျောကို လက်ညှိုးထိုးပြ၍ ပြောလိုက်သည်။

"အိမ်ရောက်အောင် စောင့်ကြရင် မကောင်းဘူးလား"

သူက ဘာမျှ ပြန်မပြော။ သို့ရာတွင် ကားနောက်မှီပေါ်သို့ လေးလံစွာ ပစ်လှဲ၍ နေလိုက်သည်။

"ငါက သူ့ကို ပိုက်ဆံပေး ငှားထားတာပဲ။ သူ့ ကားပေါ်မှာ ဘာလုပ် လုပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသတကြီး ရွတ်ဆိုလျက် ရှိသည်။ သူက ငွေရှိလျှင် ဘာမဆို ဖြစ်နိုင်သည်ဟူ၍ အစွဲအလမ်း ကြီးလှသူ တစ်ဦး ဖြစ်သည်။ ကျွန်မက ဘာမျှ ပြန်မပြောပါ။ ကျွန်မတို့သည် တစ်လမ်းလုံး အသားချင်း မထိဘဲ လိုက်သွားကြပါသည်။ ကျွန်မက စဉ်းစားငေးမော၍ လိုက်ပါလာသဖြင့် အိမ်သို့ ရောက်မှန်းမသိ ရောက်သွားလေသည်။ အိမ်ရှေ့ တံခါးဝတွင် ကားရပ်သွားသောအခါ ကျွန်မမှာ အံ့သြခြင်း ဖြစ်မိရသည်။

"အိမ်ထဲကျရင် သိပ်မဆူနဲ့နော်။ ကျွန်မက အမေနဲ့အတူ နေလို့ပါ"

လှေကားမှ အတက် အမှောင်ထဲတွင် ကျွန်မက ပြောလိုက်သည်။

"မပူပါနဲ့ ကလေးရယ်"

အပေါက်ဝသို့ ရောက်သောအခါတွင် ကျွန်မက အခန်းတံခါးသော့ကို ဖွင့်လိုက်သည်။ ကျွန်မနောက်မှ သူ လိုက်ပါလာသည်။ ကျွန်မက မီးမဖွင့်ဘဲ သူ့ကို ဆွဲခေါ်သွားသည်။ ကျွန်မ၏ အခန်းသို့ ဖြစ်သည်။ လက်ဝဲဘက်ရှိ ပထမဆုံး အခန်း ဖြစ်သည်။ ကျွန်မက သူ့ကို အရင်ဝင်စေပြီး ခုတင်ဘေးမှ မီးကို ဖွင့်လိုက်သည်။ ထို့နောက် ကျွန်မသည် အခန်းဝတွင် ရပ်၍ မင်္ဂလာ အခမ်းအနားအတွက် ဝယ်ယူထားသော ပရိဘောဂများကို နောက်ဆုံးအဖြစ် နှုတ်ဆက်နေမိပါသည်။ သူသည် သန့်ပြန့်သော အခန်းသစ် တစ်ခုကို တွေ့ရှိရသဖြင့် အတော်ကလေး သဘောကျ ဝမ်းမြောက်လျက် ရှိသည်။ သူက ညစ်ပတ်ပေရေသော အခန်းထဲသို့ ရောက်သွားမည်ကို စိုးရိမ်နေခဲ့ပါသည်။ ကျွန်မက သူ့ကို ခဏ စောင့်ရန် ပြောပြီး အခန်းထဲမှ ထွက်ခဲ့ပါသည်။

ကျွန်မ ဧည့်ခန်းသို့ တန်း၍ လျှောက်သွားရာ စက်ချုပ်နေသော အမေ့ကို တွေ့ရပါသည်။ ကျွန်မကို မြင်သောအခါ အမေသည် အလုပ်ကို ရပ်ထားလိုက်ပြီး ထရန် ပြင်လိုက်သည်။ အခါတိုင်း ညများကဲ့သို့ပင် ကျွန်မကို ထမင်းချူးကျွေးရန် ဖြစ်ပေသည်။

"မထနဲ့တော့ အမေ။ ကျွန်မ ထမင်း စားခဲ့ပြီ။ ဟိုဘက်ခန်းမှာ လူတစ်ယောက် ပါလာတယ်။ ဘာကိစ္စနဲ့မှ အမေ ဝင်မလာပါနဲ့"

"လူတစ်ယောက် ဟုတ်လား"

သူမက အံ့အံ့သြသြ မေးသည်။

"ဟုတ်တယ်။ ဂျီနို မဟုတ်ဘူး။ လူကြီးလူကောင်း တစ်ယောက်"

ကျွန်မက သိုးသိုးသွက်သွက် ဖြေလိုက်သည်။ အမေ့အား စပ်စပ်စုစု ပြုရန် အချိန်မပေးတော့ဘဲ အခန်းထဲမှ ထွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ အခန်းသို့ ပြန်ပြီး တံခါးကို သော့ခတ်လိုက်သည်။ မျက်နှာကြီး တစ်ခုလုံး နီရဲလျက် စိတ်မရှည် လက်မရှည် ရှိနေသော ဂျီယာစင်တီသည် ကျွန်မကို အခန်းအလယ်မှ ဆီးကြို၍ ဆွဲငင် သိမ်းဖက်လိုက်ပါသည်။ သူသည် ကျွန်မထက် အများကြီး ပုသည် ဖြစ်ရာ၊ နှုတ်ခမ်းချင်း နမ်းနိုင်ရန် ကျွန်မကို ခုတင်စွန်းတွင် နောက်ပြန် ကော့ညွှတ်စေပါသည်။ ကျွန်မက ပါးစပ်ကို မနမ်းစေလိုသဖြင့် မျက်နှာကို တိမ်းဖယ်လိုက်သည်။ ရှက်ရွံ့သည့် အနေဖြင့် ခေါင်းကို နောက်ဘက်သို့ လွှဲပစ်လိုက်ခြင်း ဖြစ်သည်။ ကျွန်မ၏ အကြံအစည် အောင်မြင်ပါသည်။ သူသည် အချစ်ပလူးသည့် နေရာတွင်လည်း အစားအသောက် ကျူးသလို လောဘတကြီးနှင့် ဖြစ်သည်။ သူသည် ကျွန်မကို ဖက်ထားရာမှ မတ်တတ်ရပ်လျက်ကြီးနှင့်ပင် ကျွန်မ၏ အဝတ်အစားများကို ချွတ်ပစ်နေတော့သည်။ ကျွန်မ၏ လက်တစ်ဖက်နှင့် ပခုံးတစ်ဖက်ကို ဗလာကျင်းသွားစေသည်။ ထို့နောက် ကျွန်မကို နမ်းပြန်တော့သည်။ ကျွန်မ၏ ဝတ်လစ်စလစ် အသားများကို မြင်တွေ့လိုက်ရသဖြင့် အငမ်းမရ ရှိသွားပုံရသည်။ သူ၏ ကမူးရှူးထိုးအပြုအမူများကြောင့် ကျွန်မ၏ အဝတ်များ စုတ်ပြတ်ကုန်မည် စိုးသဖြင့် ကျွန်မကပင် နောက်ဆုံးတွင် ပြောလိုက်ရသည်။

"ကဲလေ၊ ရှင့် အဝတ်တွေကို ချွတ်လေ"

သူက ကျွန်မကို လွှတ်လိုက်ပြီး ခုတင်စွန်းတွင် ထိုင်၍ အဝတ်များကို ချွတ်နေတော့၏။ ကျွန်မကလည်း အခြား တစ်ဖက်စွန်းသို့ သွား၍ အဝတ်များကို ချွတ်နေရတော့၏။

"မင့်အမေ သိသလား"

သူက ကောက်ကာ ငင်ကာ မေးလိုက်သည်။

"သိတယ်"

"သိတော့ ဘာပြောသလဲ"

"ဘာမှ မပြောဘူး"

"သဘော မတူဘူးလို့ မပြောဘူးလား"

"သဘောတူတယ်လို့လဲ မပြောဘူး။ မတူဘူးလို့လဲ မပြောဘူး။ ကျွန်မ သဘောနဲ့ ကျွန်မ လုပ်တာပဲ"

တစ်ကိုယ်လုံး ဗလာကိုယ်တည်း ရှိသော အခါတွင် ကျွန်မသည် အဝတ်များကို ခုတင် တစ်လုံးပေါ်တွင် သေသေသပ်သပ် တင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ခုတင်ပေါ်တွင် ပြန်လှဲ၍ နေလိုက်သည်။ ပက်လက်လှန်၍ လက်တစ်ဖက်ကို ခေါင်းအောက်တွင် ခုထားလိုက်ပြီး ကျန်တစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ဖုံးထားလိုက်သည်။ ပန်းချီဆရာက အမေ့ကို ပြခဲ့သော ဆီဆေးကားထဲမှ ရေးနတ်သမီး တစ်ဦး၏ ကိုယ်ဟန် အနေအထားပင် ဖြစ်သည်။ ဂျီယာစင်တီသည် ကျွန်မ၏ အချိုးအစား ကျန၍ တောင့်တင်းလှသော ကိုယ်လုံးကိုယ်ထည်ကို တွေ့မြင်လိုက်ရသောအခါ အတော်ကြီးကို အံ့အားသင့်နေပုံ ရသည်။ အဝတ်အစားများ ဝတ်ထားစဉ်က ဤမျှ မသိသာမပေါ်လွင်လှပါပေ။ သူသည် အဝတ်များကို ဆက်၍ မချွတ်နိုင်သေးဘဲ ကျွန်မကို ပါးစပ် အဟောင်းသားနှင့် တအံ့တဩ ငေးမော၍ ကြည့်နေပါသည်။ သူ့ မျက်လုံးများသည် ကျွတ်ထွက်လုမတတ် ရှိနေသည်။

"မြန်မြန်လုပ်ပါ ချမ်းလှပြီ"

ကျွန်မက ပြောလိုက်သည်။ သူသည် အဝတ်များကို ချွတ်ပြီးသောအခါတွင် ကျွန်မ အပေါ်သို့ ပစ်လှဲချလိုက်သည်။ သူ၏ ပြုမူနေပုံများမှာ သူ ပေးရအံ့သော ပိုက်ဆံအတွက် တန်ရာတန်ဖိုးကို မရရှိမည့်အလား ဖြစ်ပါ၏။ သူသည် ရနိုင်မျှ အမြတ်ထုတ်လိုစိတ် ရှိနေ၏။ သူ၏ ဆန္ဒမှာ ကြာနိုင်သမျှ ကြာပြီး ဖိမ်နိုင်သမျှ ဖိမ်နိုင်ရန်ပင် ဖြစ်၏။ ကျွန်မသည် သူ၏ အလိုကို တတ်နိုင်သမျှ လိုက်လျောသော်လည်း မကြာမြင့်မီမှာပင် ငြီးငွေ့လာပြီး အေးစက်စက် ဖြစ်လာတော့၏။ ကျွန်မသည် သူ့ တစ်ယောက်တည်းကိုသာ မြင်တွေ့နေခြင်းမျိုး မဟုတ်ဘဲ ကျွန်မ ကိုယ်ကိုလည်း ခပ်ဝေးဝေးမှ နေ၍ ရှုရှာခြင်း၊ စက်ဆုပ်ခြင်းတို့ဖြင့် ပြန်၍ ကြည့်မြင် နေမိတော့၏။ ရတ်ခြည်း ဆိုသလိုပင် ရှက်ခြင်း၊ နောင်တရခြင်းတို့သည် ကျွန်မကို ဖုံးလွှမ်း၍ လာနေတော့သဖြင့် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

နောက်ဆုံးတွင် သူသည် ခြေကုန်လက်ပန်း ကျသွားလေတော့၏။ ကျွန်မတို့သည် ခုတင်ပေါ်တွင် ဘေးချင်းယှဉ်၍ လှဲနေကြသည်။ ကျွန်မက ချမ်းစိမ့်စိမ့် ရှိလာသဖြင့် စောင်ကို ဆွဲယူ၍ နှစ်ယောက်စလုံးကို ခြုံလိုက်သည်။ သူက သဘောကျသွားသည်။ ထို့နောက် သူသည် ခွေခွေကလေး အိပ်ပျော်သွားသည်။ ကျွန်မကမူ ငြိမ်ငြိမ်သက်သက် ပက်လက်ပင် ရှိနေ၏။ သူ၏ ခေါင်းဖြူဖြူသည် ကျွန်မ၏ ရင်သားကို ဖိလျက်ရှိသည်။

မိနစ် နှစ်ဆယ်ခန့် အကြာတွင် သူ နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အိပ်ပျော်သွားတာ တော်တော်ကြာသလား"

"မကြာပါဘူး"

"ကိုယ် မင်းကို နောက်ထပ် တွေ့ချင်သေးတယ်။ ဘယ်လို လုပ်ရမလဲ"

"ဂျီဆယ်လာကို ပြောပါ။ သူနဲ့ ကျွန်မက နေ့တိုင်း တွေ့နေကြတာပဲ"

"မင်း အမြဲတမ်း အားသလား"

"အားပါတယ်"

ထို့နောက် သူသည် ပိုက်ဆံအိတ်ကို ထုတ်လိုက်ပြီး–

"ဘယ်လောက် လိုချင်သလဲ"

"ပေးချင်သလောက် ပေးပေါ့။ ထိုက်ထိုက်တန်တန်ကလေး ပေးရင်တော့ ကောင်းတာပေါ့။ ကျွန်မမှာ ငွေလိုနေတယ်"

ကျွန်မက ရိုးရိုးသားသားပင် ပြောပြလိုက်သည်။

"ထိုက်ထိုက်တန်တန် ပေးရမှာပေါ့။ မင်းက ကိုယ့်ကို အများကြီး အရသာ ထူးစေခဲ့တာပဲ"

ဂျီဆယ်လာ ပြောသည်မှာ မှန်ပေသည်။ သူသည် ရက်ရောလှသည်။ သူ ပေးသည့် ပိုက်ဆံသည် ကျွန်မ မျှော်လင့်ထားသည်ထက် အများကြီး ပိုပေးသည်။ ကျွန်မသည် ထိုငွေကို လက်ခံ၍ ယူသောအခါတွင် အကျင့်စာရိတ္တ၏ ငွေကို ယူစဉ်ကလိုပင် စိတ်လှုပ်ရှား ခံစားမိပါသည်။

"ကျေးဇူးတင်ပါတယ်"

ကျွန်မက ယင်းသို့ ပြောပြီးနောက် သူ့ပါးကို နမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သူက ပြန်ဖြေပြီး သွားရန် ပြင်လေသည်။ ကျွန်မက အမှောင်ထဲတွင် သူ့လက်ကို ဆွဲ၍ တံခါးဆီသို့ ခေါ်သွားသည်။ အခန်းတံခါး ပိတ်သွားပြီးနောက် အိမ်ရှေ့ တံခါးကို မဖွင့်ရမီ စပ်ကြားတွင် ကျွန်မတို့သည် မှောင်နှင့်မည်းမည်းထဲတွင် ရှိနေကြသည်။ အမှောင်ထု လွှမ်းမိုးနေသော အခန်းထောင့်တစ်နေရာတွင် အမေ ပုန်းအောင်း၍ နေလိမ့်မည်ကို ကျွန်မက သိပါသည်။ အမေသည် တံခါး၏ နောက်တွင် သို့မဟုတ် ဗီရိုနှင့် နံရံကြားတွင် ကုပ်၍ နေပေလိမ့်မည်။ သူ ထွက်သွားသည်ကို စောင့်ကြည့်နေပေမည်။ ကျွန်မသည်

www.burmeseclassic.com

www.burmeseclassic.com



ဂျီနိုတို့အိမ်က အပြန်ည၌ ဖြစ်ပျက်ခဲ့သည်များကို သတိရမိ၍ တစ်ကိုယ်လုံး တုန်လှုပ်သွားမိပါသည်။ ဂျီယာစင်တီ ထွက်သွားသည်နှင့် တစ်ပြိုင်နက် အမေသည် အမှောင်ထဲမှ ခုန်ထွက်လာပြီး ကျွန်မ ဆံပင်ကို ဆွဲ၍ ဆိုဖာဆီသို့ ခေါ်သွားကာ ရိုက်ပေဦးတော့မည်။ အမေ အမှောင်ထဲမှာ ရှိနေသည်ကို ကျွန်မ သိသည်။ မြင်ပင် မြင်နေရသည်ဟု ထင်မိသည်။ သူမ၏ လက်များသည် ကျွန်မ၏ ခေါင်းပေါ်တွင် ဝဲနေသကဲ့သို့ ရှိသည်။ ကျွန်မ၏ လက်တစ်ဖက်က ဂျီယာစင်တီကို ကိုင်ထားပြီး တစ်ဖက်တွင် ပိုက်ဆံ ရှိသည်။ အကယ်၍သာ အမေက ကျွန်မကို ခုန်အုပ်ခဲ့ပါလျှင် သူ့ လက်ထဲသို့ ပိုက်ဆံတွေကို ထည့်လိုက်မည်ဟု ကျွန်မက စိတ်ကူးပေါက်ထားမိသည်။ သူမ အင်မတန် မက်မောသော ငွေဖြင့် သူမကို ချွေးသိပ်စေပါမည်။

ကျွန်မက တံခါးကို ဖွင့်လိုက်သည်။

"သွားမယ်။ ဂျီဆယ်လာကို ဖုန်းဆက်မယ်"

ဂျီယာစင်တီက ပြောသည်။ ကျွန်မက လှေကားမှ ဆင်းသွားသည်ကို ကြည့်နေမိသည်။ ထို့နောက် တံခါးကို ပိတ်လိုက်သည်။ ကျွန်မ ထင်ထားသည့်အတိုင်းပင် အမေသည် ကျွန်မ ကိုယ်ပေါ်သို့ ရောက်လာသည်။ သို့ရာတွင် ကျွန်မ ကြောက်ရွံ့နေမိခဲ့သလို သူမက ကျွန်မဆံပင်ကို မဆွဲပါ။ ကျွန်မကို ဖက်၍သာ ထားလိုက်ပါသည်။

ကျွန်မက ကြိုတင် စိတ်ကူးထားသည့်အတိုင်း သူမ လက်ထဲသို့ ပိုက်ဆံများကို ထည့်လိုက်သည်။ သို့ရာတွင် အမေက တွန်းဖယ်ပစ်လိုက်သဖြင့် ပိုက်ဆံများသည် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။ နောက်တစ်နေ့ နံနက် အခန်းထဲမှ အထွက်တွင် ယင်းငွေများကို ကျွန်မက တွေ့ရှိရသည်။ ဤအဖြစ်အပျက်များ အားလုံးသည် ရင်တမမနှင့် ဖြစ်ရခြင်း ဖြစ်သည်။ မည်သူကမျှ စကား မပြောပါချေ။

ကျွန်မတို့သည် ဧည့်ခန်းထဲသို့ လျှောက်သွားကြသည်။ ကျွန်မက စားပွဲတွင် ထိုင်လိုက်သည်။ အမေက မျက်နှာချင်းဆိုင်တွင် ထိုင်၍ ကျွန်မကို ကြည့်နေသည်။ အမေသည် စိုးရိမ်ပူပန်နေဟန် ရှိ၏။ ကျွန်မမှာ အနေကျပ်နေ၏။

"နင် အခန်းထဲမှာ ရှိနေတုန်း ငါဟာ ဗြုန်းဗြုန်းဒိုင်းဒိုင်းကြီး ကြောက်လာမိတယ်"

www.burmeseclassic.com



အမေက မမျှော်လင့်သော စကားကို ပြောလိုက်သည်။

"ဘာကို ကြောက်တာလဲ"

"မသိဘူး။ ပထမတော့ ငါ တစ်ယောက်တည်းပါလားဆိုပြီး ထိတ်သွားတယ်။ ကျောချမ်းသွားတယ်။ ငါတင်မကဘူး ငါ့ဘေးမှာ ရှိသမျှဟာတွေ အားလုံးဟာ သိပ်ပြီး ထူးဆန်းနေတယ်။ ငါ့ဘာငါ တွေးနေမိတယ်။ 'ဒါ စားပွဲပါလား။ ဒါ ကုလားထိုင်ပါလား။ ဒါ အပ်ချုပ်စက်ပါလား'။ ဒါပေမဲ့ ဒါတွေဟာ စားပွဲ၊ ကုလားထိုင်နဲ့ အပ်ချုပ်စက်တွေလို့ ငါ မထင်မိဘူး။ ကိုယ့်ဟာကိုယ်လဲ ငါ ဟုတ်တယ်လို့ မထင်မိဘူး။ ငါ့ဘာငါ ပြောနေမိတယ်။ 'ငါဟာ အပ်ချုပ်သည်မကြီးပဲ။ ငါ့မှာ အက်ဒရီယာနာဆိုတဲ့ သမီးတစ်ယောက် ရှိတယ်'။ ဒါပေမဲ့ မသေချာဘူး။ နောက်ကြောင်းတွေ ပြန်စဉ်းစားပြီး ဘဝ လှအောင် လုပ်ယူရတယ်။ ငါ ငယ်ငယ်ကလေးကနေ စပြီး ငါ ထောင်ကျပြီး နင့်ကို မွေးတဲ့အထိ ဒီအတိတ်တွေ အားလုံးဟာ တစ်နေ့ထဲမှာ ဖြစ်ပြီး ငါဟာ နေ့ချင်း ညချင်း အိုသွားတယ်လို့ ထင်မိတယ်။ ငါဟာ ပြောင်းလဲမှုတွေကို သတိမထားမိဘူး။ ငါ သေသွားရင် ငါဟာ ဘယ်တုန်းကမှ မမွေးဖွားခဲ့သလိုဘဲ နေမှာပဲ"

"အမေ ဘာတွေ လျှောက်တွေးနေတာလဲ။ အမေ ငယ်ငယ်ကလေး ရှိပါသေးတယ်။ မသေနိုင်သေးပါဘူး"

"မဟုတ်ဘူး သမီး။ အမေ ဒီဘဝမှာ မနေချင်တော့ဘူး"

အမေသည် မျက်ရည်များ စိုရွှဲလျက် ရှိ၏။ နှုတ်ခမ်းများ တုန်လျက်ရှိ၏။ ကျွန်မလည်း ငိုမိတော့သည်။ ထိုင်ရာမှ ထ၍ အမေ့ကို ဖက်ထားလိုက်သည်။ အမေ့ ဘေးတွင် အတူ ထိုင်မိသည်။ သားအမိ နှစ်ယောက်သည် အတော် ကြာအောင် တစ်ယောက်ကို တစ်ယောက် ဖက်၍ ငိုနေမိကြသည်။ နောက်ဆုံးတွင် ကျွန်မက အငိုရပ်လိုက်ပြီး အမေ့ ပခုံးကို လက်ဖြင့် ပုတ်ကာ–

"တိတ်ပါတော့ အမေရယ်"

"မဟုတ်ဘူး သမီး။ အမေ ဒီဘဝမှာ မနေချင်တော့ဘူး"

သူက မျက်ရည်စက်လက်ဖြင့် ဆက်၍ ပြောသည်။ ကျွန်မက ဘာမှ မပြောတော့ဘဲ အမေ့အား အားရအောင် ငိုစေပါတော့သည်။ အမေ၏ မျက်ရည်များသည် နောင်တ သင်္ကေတများ ဖြစ်ကြသည်။ ဂျီအယ်လာ၏ လမ်းစဉ်ကို လိုက်ရန် အမေသည် ကျွန်မကို အမြဲ ပြောခဲ့သည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အပြောနှင့် လက်တွေ့သည် တခြားစီ ဖြစ်သည်။ ကျွန်မက လူတစ်ယောက်ကို အိပ်သို့ ခေါ်လာသည်ကို မြင်ရသောအခါ၊ သူမ၏ လက်ထဲသို့ ပိုက်ဆံများကို ထည့်လိုက်သောအခါ အမေသည် အရှိုက်ကို အထိုးခံလိုက်ရသကဲ့သို့ ရှိသွားသည်။ သို့ရာတွင် အမေသည် ကျွန်မကို 'နင် မှားနေပြီ၊ နောက်ဒါမျိုး မလုပ်နဲ့'ဟု မပြောဘဲ သူ သေချင်သည့် အကြောင်းကိုသာ ပြောဆိုလျက် ရှိသည်။

အမေ အငိုရပ်သွားသောအခါတွင် ကျွန်မက သူမ၏ အပါးမှ ခွာ၍ ပြောလိုက်သည်။

"ကျွန်မ ဆာတယ်"

တကယ်ပင် ဖြစ်၏။ ကျွန်မသည် စိတ်လှုပ်ရှား ချောက်ချားနေခဲ့သဖြင့် စောစောက ပျော်ပွဲရုံတွင် ဘာမျှ မည်မည်ရရ မစားခဲ့ပါချေ။

"နင့်ဖို့ ညစာ ရှိတယ်။ ငါ သွားယူခဲ့မယ်"

အမေက သူ လုပ်ပေးနိုင်သည့် အရာတစ်ခုကို ကျွန်မအား ပြောရသဖြင့် အတော်ကလေး ဝမ်းသာသွားပုံ ရသည်။ အမေ အခန်းထဲမှ ထွက်သွားသော အခါတွင် ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ကျွန်မက စားပွဲတွင် ထိုင်နေကျ နေရာ၌ ထိုင်၍ အမေ့ကို စောင့်နေသည်။ ကျွန်မ ခေါင်းထဲတွင် ဘာမျှ မရှိချေ။ ဘာကိုမျှ မစဉ်းစားမိချေ။ ခဏ အကြာတွင် အမေသည် ပန်းကန်ပြား တစ်ချပ်နှင့် ပြန်ထွက်လာသည်။ အမဲသားနှင့် ဟင်းသီး ဟင်းရွက်များ ဖြစ်သည်။

"စွပ်ပြုတ်ကိုတော့ မနွှေးတော့ဘူး။ ခုလောက်ဆိုရင် ကောင်းတော့မှာ မဟုတ်ဘူး။ ပြီးတော့ များလဲသိပ် များများ မရှိတော့ပါဘူး"

"ကိစ္စမရှိပါဘူး၊ တော်ပါပြီ"

ထို့နောက် အမေသည် ကျွန်မအတွက် စပျစ်ရည် တစ်ဖန်ခွက် အပြည့်ကြီး ငှဲ့ပေးသည်။ ပြီးတော့ ကျွန်မ စားနေသည်ကို မလှုပ်မယှက် ငေးငေးစိုက်စိုက် ကြည့်နေသည်။

"အမဲပြုတ်ကြော် ကောင်းရဲ့လား"

"ကောင်းပါတယ်"

"ငါက အမဲသားသည်ကို အသား ကောင်းကောင်း ပေးဖို့ ပြောထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် အမေသည် ယခင်ညများက ကဲ့သို့ပင် နေသားတကျ ရှိသွားပေပြီ။ ကျွန်မက ဖြည်းဖြည်းဆေးဆေး စားပါသည်။ စားပြီးသော အခါတွင် အနေအထား ဆန့်၍ သမ်းလိုက်မိပါသည်။

"ကျွန်မ သိပ်အိပ်ချင်တယ်"

"ခဏနေဦး၊ ငါ အိပ်ရာ သွားခင်းလိုက်ဦးမယ်"

အမေက စိတ်အား ထက်သန်စွာ ပြောလိုက်ပြီးနောက် ထွက်သွားရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် ကျွန်မက သူ့ကို တားလိုက်သည်။

"နေပေ့စေ ကျွန်မ ဘာသာ ခင်းမယ်"

ကျွန်မက ထလိုက်သည်။ အမေက ပြောင်တလင်းခါနေသော ပန်းကန်ကို ယူလိုက်သည်။

"ကျွန်မ နက်ဖြန်မနက် နေမြင့်တဲ့အထိ အိပ်ပါရစေ။ နိုးချင်တဲ့ အချိန်ကျမှ နိုးပါစေ။ မနှိုးပါနဲ့"

အမေက ကျွန်မ ဖြစ်ချင်သည့်အတိုင်း ဖြစ်ရမည်ဟု ပြောသည်။ ကျွန်မက အမေ့ကို နှုတ်ဆက်၍ နမ်းပြီး အခန်းထဲသို့ ဝင်ခဲ့ပါသည်။ အိပ်ရာသည် ဂျီယာစင်တီနှင့် ကျွန်မ ထားခဲ့သည့်အတိုင်း ဖြစ်ပါသည်။ ကျွန်မက ခေါင်းအုံးနှင့် စောင်ကိုသာ နေရာတကျ ပြင်ထားလိုက်သည်။ ပြီးတော့ အဝတ်ချွတ်၍ အိပ်ရာ ဝင်မိတော့သည်။ ကျွန်မသည် အမှောင်ထဲတွင် အတန်ကြာ မျက်လုံးကြောင်နေမိပါသည်။

"ငါဟာ ဖာသည် တစ်ယောက်ပဲ"

နောက်ဆုံးတွင် ကျွန်မက ကျယ်လောင်စွာ အော်လိုက်မိပါသည်။ ယင်း စကားလုံးများက ကျွန်မကို မည်ကဲ့သို့ ထိခိုက်စေမည်နည်းဟု သိရှိလို၍ ဖြစ်သည်။ မည်သို့မျှ ထိခိုက်ခြင်း မရှိပါချေ။ ယင်းကြောင့် ကျွန်မက မျက်လုံးများကို မှိတ်လိုက်ရာ ချက်ချင်းဆိုသလိုပင် အိပ်ပျော်၍ သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၈

ကျွန်မသည် ရက်အတန်ကြာအောင် ဂျီယာစင်တီနှင့် နေ့စဉ်ရက်ဆက် တွေ့ပါသည်။ သူသည် ကျွန်မနှင့် ဂျီနို တွေ့ရန် ချိန်းဆိုထားသော ရက်မတိုင်မီ တစ်ရက် အလိုတွင် မီလန်မြို့သို့ သွားရောက်မည် ဖြစ်သဖြင့် သူ့ကို နေ့စဉ် လက်ခံ တွေ့ဆုံခြင်း ဖြစ်ပါသည်။ ယင်းသို့ မဟုတ်လျှင်ကား ကျွန်မက သူ့ကို နေ့စဉ် တွေ့မည် မဟုတ်ပါချေ။ ကျွန်မအနေနှင့် မည်သည့် ယောကျ်ား တစ်ယောက်ကိုမှ ဇောက်ချ၍ ဆက်ဆံသွားရန် စိတ်မကူးတော့သည့် အတွက် ဖြစ်၏။ ဤကား အကောင်းဆုံးနည်းပင် ဖြစ်၏။ ကျွန်မသည် ဤအလုပ်ကို လုပ်တော့မည်ဆိုလျှင် သေသေချာချာ လုပ်ရမည်။ အချိန်ရှိသလောက် ပြောင်းလဲ၍ တွေ့နိုင်ရမည်။ တစ်ယောက်တည်း ပုံသေ စွဲမြဲနေ၍ မဖြစ်နိုင်ပါချေ။ ကျွန်မက သူ့ကို စွဲသွားလျှင် သို့မဟုတ် သူက ကျွန်မကို စွဲသွားလျှင် အန္တရာယ်ကြီးပင် ဖြစ်တော့သည်။ ကျွန်မ၏ ကိုယ်ခန္ဓာကို သာမက ကျွန်မ၏ စိတ်ဆန္ဒကိုပါ လွတ်လပ်မှု ပေးထားရပေမည်။ သို့ရာတွင် ကျွန်မသည် အတည်တကျ အိမ်ထောင်ရက်သား ပြုလိုသည့် စိတ်ကိုကား မစွန့်လွှတ်ပါသေးချေ။ ကျွန်မနှင့် အတန်းအစားချင်း တူသူ၊ စိတ်သဘောချင်း တိုက်ဆိုင်သူ၊ အပြန်အလှန် ချစ်ခင်သူ တစ်ဦးကို တွေ့လျှင် လက်ထပ်မည်ဟု အောက်မေ့ထားပါသည်။

**မျိုးဆက်သစ်**

www.burmeseclassic.com



ညနေတိုင်းပင် ဂျီယာစင်တီသည် ကျွန်မကို ထမင်းစားရန် အပြင်သို့ ခေါ်သွားလေ့ ရှိပါသည်။ သွားနေကျ ဆိုင်သို့ ဖြစ်ပါသည်။ ထို့နောက် အိမ်သို့ ပြန်လာကြပြီး အခန်းထဲတွင် မိုးကြီးချုပ်သည်အထိ နေပါသည်။ ယခုအခါတွင် အမေသည် ကျွန်မကို ဘာမျှ မစပ်စုတော့။ နေမြင့် မွန်းတည့် ကျွန်မ နိုးချိန်တွင် ကော်ဖီ လာပို့ရင်းဖြင့်သာ အိပ်၍ ကောင်းမကောင်း အိပ်ရေး ဝမဝလောက်ကိုသာ မေးပါသည်။ အရင်တုန်းကဆိုလျှင် ကျွန်မသည် ကော်ဖီကို မီးဖိုထဲသို့ သွား၍ သောက်ပါသည်။ ထိုင်ပင် မထိုင်ပါ။ ရေအေးနှင့် မျက်နှာသစ်ထားရသဖြင့် တစ်ကိုယ်လုံး ထုံကျဉ်နေပေရာ မီးဖိုရှေ့တွင် ရပ်၍ ကော်ဖီ ပူပူကို သောက်ပါသည်။ ယခုတော့ အမေက လာပို့သည်။ အိပ်ရာထဲမှာပင် သောက်သည်။ ကျွန်မ ကော်ဖီ သောက်နေစဉ်တွင် အမေက တရုတ်ကတ်များကို ဖွင့်၍ အခန်းကို လှည်းကျင်းသုတ်သင်ပါသည်။ ကျွန်မက အမေ့ကို လာလုပ်ပါလို့ မပြောပါ။ သို့ရာတွင် အမေသည် ကျွန်မတို့၏ ဘဝလမ်းကြောင်း ပြောင်းလဲမှုကို သိရှိပြီး သူမ တတ်စွမ်းသမျှ သူမ လုပ်ဆောင်လျက် ရှိပါသည်။ ကျွန်မ မျက်နှာသစ်ရန် ရေနွေးဇလုံ ယူလာပေးသည်။ ကျွန်မ အခန်းထဲတွင် ပန်းအိုးတစ်လုံး ထား၍ ပန်းမှန်မှန် လဲပေးသည်။

ဂျီယာစင်တီသည် ကျွန်မကို အမြဲတမ်းပင် ပုံသေ ပေးကမ်းလျက် ရှိသည်။ ကျွန်မက အမေ့ကို ဘာတစ်ခွန်းမျှ မပြောဘဲ ယင်းပိုက်ဆံများကို အံဆွဲကလေး တစ်ခုထဲတွင် ထည့်ထားလိုက်ပါသည်။ ယင်း အံဆွဲသည် အမေ၏ စုဘူးပင် ဖြစ်သည်။ ကျွန်မ၏ လက်ဝယ်မှု အကြွေအနည်းငယ်မျှသာ ထားပါသည်။ ကျွန်မတို့၏ အရင်းများ နေ့စဉ် တိုးပွားနေသည်ကို အမေက သိပေမည်။ သို့ရာတွင် ကျွန်မတို့ သည်အကြောင်းကို တစ်ခါမျှ စကားစပ်၍ မပြောကြပါချေ။

ယင်းသို့ဖြင့် ဂျီနီနှင့် ချိန်းဆိုထားသော နေ့သို့တိုင် ရောက်လာလေတော့သည်။ ကျွန်မ၏ စိတ်အထင်တွင်တော့ ဤဆယ်ရက်သည် နှစ်တစ်ရာခန့်နှင့် ညီမျှပေမည်။ သူသည် အချိန်မှန်လှပေသည်။ ကားပေါ်သို့ ကျွန်မ တက်မိသော အခါတွင် သူ့ကို ကြည့်ရသည်မှာ ဖြူရော်၍ စိတ်ကသောက ကရက် ဖြစ်နေပုံ ရှိ၏။

"ဘယ်လိုလဲ၊ မင်းရဲ့ ဆရာတော် ဘုန်းဘုရားက စိတ်ပြောင်းသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အိမ်ဆီသို့ ကားကလေး အပြေးအလွှား သွားနေသောအခါ သူက မေးလိုက်သည်။ သူ၏ လေသံသည် သရော်မှု ရှိသလို ရေရာမှုလည်း ရှိ၏။

"ဟင့်အင်း၊ ကျွန်မက စိတ်ပြောင်းတာပါ"

"မင်း အမေရဲ့ အလုပ်တွေ ကူလုပ်နေတာ ပြီးသွားပြီလား"

"လောလောဆယ်တော့ ပြီးသွားပြီ ဆိုပါတော့"

"အဆန်းကြီးပါလား"

"ဘာပြုလို့ ဆန်းတာလဲ"

"ကိုယ် ပြောမိပြောရာ ပြောလိုက်တာပါ"

"ကျွန်မ အလုပ်များနေတယ် ဆိုတာ ရှင် မယုံဘူးလား"

"ကိုယ် ဘာမှ မယုံဘူး"

ကျွန်မက သူ့ကို အကြောင်းပြရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မနည်းနှင့် ကျွန်မ ဖြစ်သည်။ ကြောင်ကလေးက ကြွက်ကလေးကို တို့ကနမ်း ဆိတ်ကနမ်း ပြုသလိုမျိုး ဖြစ်သည်။

"ရှင် သဝန်တိုနေသလား"

"ဘုရားရေ၊ ကိုယ် သဝန်တိုနေသလားတဲ့"

"ဟုတ်တယ်၊ ရှင် သဝန်တိုနေတယ်။ ရှင်ဟာ ရိုးသားတဲ့ လူတစ်ယောက်ဆိုရင် ဝန်ခံပါ"

"ကိုယ်မှ မဟုတ်ပါဘူး။ ဘယ်သူပဲ ဖြစ်ဖြစ် သဝန်တိုမှာပေါ့"

"ဘာပြုလို့လဲ"

"တော်စမ်းပါ။ မင်း ပြောတာကို ဘယ်သူက ယုံနိုင်မှာလဲ။ မင်း အလုပ်က ဘယ်လောက်များ အရေးကြီးနေလို့ ကိုယ့်ကို ငါးမိနစ်ကလေး လောက်တောင် မတွေ့နိုင်ရတာလဲ"

"တကယ်ပြောနေတာပါ။ ကျွန်မဟာ အတော်ကြီးကို ပင်ပင်ပန်းပန်း လုပ်နေရတယ်"

တကယ်ပင် ဖြစ်၏။ ကျွန်မသည် ညတိုင်း ညတိုင်း ဂျီယာစင်တီနှင့် အလုပ်တစ်ခုကို လုပ်နေခြင်းပင် ဖြစ်၏။ အင်မတန် ပင်ပန်းနွမ်းနယ်သော အလုပ်မျိုး ဖြစ်၏။ ထို့နောက် ကျွန်မက ဆက်၍–

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ကျွန်မဟာ ပရိဘောဂတွေအတွက် ကျန်တဲ့ ပိုက်ဆံနဲ့ သတို့သမီး အဝတ်အစားဖိုး ပိုက်ဆံ လုံလုံလောက်လောက် ရပါပြီ။ ဒါကြောင့် ကျွန်မတို့ဟာ ကြွေးမြီ ကင်းကင်းနဲ့ လက်ထပ်နိုင်ကြတော့မယ်"

သူက ဘာမျှ ပြန်မပြောပါ။ ကျွန်မ၏ စကားများကို လက်ခံယုံကြည်နိုင်ရန် ကြိုးစားလျက် ရှိသည်။ စောစောက သံသယများကို တဖြည်းဖြည်းချင်း ဖြေဖျောက်ပစ်နေသည်။ ထိုစဉ်တွင် ကျွန်မသည် အလျင်က လုပ်လေ့လုပ်ထ ရှိသည့်အတိုင်း သူ့ လည်ပင်းကို သိုင်းဖက်၍ နားရွက်အောက်နားတွင် နမ်းယူလိုက်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"ဘာပြုလို့များ သဝန်တိုနေရတာလဲ ကိုရယ်။ ကိုဟာ ကျွန်မ ဘဝရဲ့ တစ်ယောက်တည်းသော သူပါ"

ကျွန်မတို့သည် ဂျီနီတို့ အိမ်သို့ ရောက်ရှိသွားသည်။ ဂျီနီက ကားကို ဥယျာဉ်ထဲသို့ မောင်းသွင်း၍ ဝင်းတံခါးကို ပြန်ပိတ် ထားလိုက်သည်။ ထို့နောက် ကျွန်မတို့သည် အစေခံများ ဝင်ပေါက်ဆီသို့ လျှောက်သွားကြသည်။ နေဝင်ရီတရော အချိန် ဖြစ်သည်။ မြေအောက်သို့ ဆင်းသော လမ်းသည် အတော်ကြီး မည်းမှောင်လျက် ရှိနေပြီ။ ကျွန်မက ရပ်လိုက်သည်။

"ကနေ့ညတော့ ကို့အခန်းကို ကျွန်မ မသွားချင်ဘူး"

"ဘာပြုလို့ မသွားချင်တာလဲ"

"ကို့ သခင်မရဲ့ အခန်းမှာ ချစ်ချင်တယ်"

"ဘုရားရေ၊ မင်း ရူးများသွားပြီလား"

သူက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။ ကျွန်မတို့သည် အထက်ထပ်များကို တက်ဖူးကြသော်လည်း ချစ်တင်းနှောကြသော အခါတွင် ကား ဂျီနီ၏ အောက်ဆုံးထပ် အခန်းတွင် ဖြစ်သည်။

"ရုတ်တရက် စိတ်ကူးရမိတာပဲ။ ဒါ ဘာဖြစ်လို့လဲ"

"ဖြစ်တာပေါ့။ အားကြီး ဖြစ်တာပေါ့။ တစ်ခုခု ကွဲရှမကုန်ဘူးလို့ မင်း ပြောနိုင်သလား။ တကယ်လို့ သူတို့ သိသွားရင် ဘာပြောမလဲ"

"ဒါများ အရေးလား။ မသကာ သူတို့က ကို့ကို အလုပ်က ထုတ်ပစ်ရုံပေါ့"

ကျွန်မက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

"ဒီလိုပဲ ပြောတတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မပြောလို့ ဘယ်လို ပြောရမလဲ။ ကို ကျွန်မကို တကယ်ချစ်တယ်ဆိုရင် ဒီကိစ္စကို စဉ်းစားနေဖို့တောင် မလိုဘူး"

"ကိုယ် မင်းကို ချစ်ပါတယ်။ ဒါပေမဲ့ မဖြစ်ဘူး။ ပြောတောင် မပြောသင့်ဘူး။ ကိုယ်က ဒုက္ခ မလိုချင်ဘူး ဒါပဲ"

"အို ကျွန်မတို့ ဂရုစိုက်ကြတာပေါ့။ သူတို့ မသိနိုင်ပါဘူး"

"မဖြစ်ဘူး"

"ကျွန်မဟာ ကို့ရည်းစားအနေနဲ့ ဒီအခွင့်အရေး တစ်ခုပဲ တောင်းဖူးပါသေးတယ်။ ဒါပေမဲ့ ကိုက ငြင်းတယ်။ ဘာပြုလို့လဲဆိုတော့ ကို့ သခင်မရဲ့ အိပ်ရာမှာ ကျွန်မ အိပ်မှာ စိုးလို့ပဲ။ သူက ကျွန်မထက် သာလို့လား"

"မဟုတ်ပါဘူး။ ဒါပေမဲ့"

"ကျွန်မက သူ့ထက် အဆ တစ်ထောင်မက တန်ဖိုး ရှိပါတယ်။ ဒါပေမဲ့ ရှင့်အတွက်တော့ တန်ဖိုး မရှိဘူးပေါ့။ အဲဒီတော့ ရှင့် သခင်မရဲ့ ခေါင်းအုံးနဲ့ အိပ်ရာခင်းတွေကိုပဲ ရှင် ချစ်ပေတော့။ သွားတော့မယ်"

သူက သူ့ အရှင်သခင်ကို အင်မတန် တန်ဖိုးထားသူ ဖြစ်သည်။ သူ့ငွေး ပစ္စည်းကို သူ့ပစ္စည်း လုပ်နေသူ ဖြစ်သည်။ သို့ရာတွင် ကျွန်မက ယင်းသို့ ပြောပြီး ထွက်သွားသောအခါတွင်ကား သူသည် နောက်မှ ပြေးလိုက်လာတော့၏။

"ခဏ နေပါဦး။ ဘယ်သွားမလို့လဲ။ ကိုယ်က အလကား ပြောတာပါ။ လာပါ အပေါ်ထပ်ကို သွားချင်ရင်လဲ သွားကြတာပေါ့"

ကျွန်မက စိတ်ဆိုးဟန် ဆောင်နေ၍ သူက တောင်းပန်နေပါသည်။ နောက်မှ ကျွန်မက စိတ်ပြေလိုက်ပြီး အပေါ်ထပ်သို့ နှစ်ယောက်သား တက်သွားကြပါသည်။ တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ဖြစ်သည်။ လှေကား တစ်ထစ်တွင် တစ်ခါနမ်းသည်။ သူ့ သခင်မ အခန်းသို့ ရောက်သောအခါတွင် ကျွန်မက ခုတင်ဆီသို့ တန်းသွားပြီး အိပ်ရာဖုံး ဆွဲဖွင့်လိုက်သည်။ သူက ကြောက်လန့်တကြား ကန့်ကွက်ပြန်သည်။

"အိပ်ရာပေါ်ကို တက်မလို့တော့ မဟုတ်ပါဘူးနော်"

"တက်မှာပေါ့၊ ဘာပြုလို့လဲ။ ကျွန်မ အအေး မခံနိုင်ဘူး"

သူက ဘာမျှ မပြောတော့ပါ။ ကသိကအောက် ဖြစ်နေသည်ကတော့ သိသာလှ၏။ ကျွန်မက အိပ်ရာကို ပြင်ခင်းပြီးသောအခါတွင် ရေချိုးခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



သွား၍ ရေနွေးပိုက်ကို တစက်စက်ဖွင့်လိုက်သည်။ မြန်မြန် မပြည့်စေရန် ဖြစ်သည်။ ဂျီနီက ကျွန်မ နောက်သို့ မကျေမနပ် မသက်မသာဖြင့် လိုက်လာပြီး ပြောပြန်သည်။

"ရေလဲ ချိုးဦးမလို့လား"

"သူတို့တွေဟာ ချစ်ပြီးရင် ရေချိုးကြတယ် မဟုတ်လား"

"သူတို့ ဘာလုပ်တယ်ဆိုတာ ငါက ဘယ့်နှယ်လုပ်ပြီး သိပါ့မလဲ"

သို့ရာတွင် သူသည် ကျွန်မ၏ အတင့်ရဲမှုကို မကျေနပ်ခြင်း မဟုတ်ပါ။ မလိုက်နိုင်ခြင်းသာ ဖြစ်ပါသည်။ သူက သတ္တိရှိသူ တစ်ဦး မဟုတ်ပေ။ သူက ဥပဒေဘက်ကသာ နေလိုသည်။ သို့ရာတွင် ဥပဒေ ချိုးဖျက်နေခြင်းက သူ့အား ဆွဲဆောင်လျက် ရှိသည်။ သူသည် အတော်ကြီး ကြာအောင်ပင် ဆွဲဆောင်ခြင်းနှင့် ဇဝေဇဝါကြားတွင် ယိမ်းယိုင်နေပြီးနောက် မွေ့ရာကို လက်ဖြင့် စမ်းလိုက်ပြီး ခပ်ပြုံးပြုံး ပြော၏။

"ဟုတ်တယ်၊ မင်း မှန်တယ်။ ကိုယ့် အခန်းထဲမှာထက် ဒီမှာက ပိုပြီး သက်သောင့်သက်သာ ရှိတယ်"

"ကျွန်မ မပြောလား"

ကျွန်မတို့သည် ခုတင်စွန်းတွင် ထိုင်လိုက်ကြသည်။ သူက ကျွန်မ အဝတ်များကို ကမန်းကတန်း ချွတ်လျက် ရှိ၏။ ပြီးတော့ ကျွန်မကို ဖက်၍ နမ်းလေသည်။

"အို ဂျီနီရယ်၊ သေရချေတော့မယ်"

ကျွန်မက ညည်းညူလိုက်ပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ နောက်ပိုင်းတွင် ကျွန်မသည် ခြေထောက်များကို စောင်အောက်သို့ ထိုးလိုက်သည်။ သူကလည်း လိုက်လုပ်သည်။ သို့ဖြင့် ကျွန်မတို့ နှစ်ယောက်သည် ပန်းထိုးထားသော စောင်အောက်တွင် မေးစေ့အထိ အတူ မြုပ်နေကြပါတော့သည်။ ဤအချိန်သည် ကျွန်မ သိထားသော အချက်အလက်များကို သူ့အား ပြောရန် အကောင်းဆုံး အချိန်ပင် ဖြစ်ပေသည်။ ဒေါသနှင့် ပြောခြင်း မမည်ဘဲ ကြင်နာစွာ ပြောရာကျပေမည်။

"ကို့ မိန်းမရဲ့ နာမည်က အင်တိုနီယက်တာ ပါတီနီတဲ့လား"

သူသည် ငိုက်မြည်းနေဟန် တူသည်။ ကျွန်မ စကားကို ကြားရသော အခါတွင် ပခုံးကို အမှတ်တမဲ့ အရိုက်ခံရသူ တစ်ဦးပမာ ဝုန်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလိုက်တယ်"

"ပြီးတော့ ကို့ သမီးလေး နာမည်က မာရီယာတဲ့၊ ဟုတ်ရဲ့လား"

သူက တားမြစ်ဆန့်ကျင်လိုဟန် ရှိသေးသည်။ သို့ရာတွင် ကျွန်မကို စူးစိုက် ကြည့်ပြီးနောက် အကြောင်းမထူးမှန်း သိသွားသည်။ ကျွန်မတို့သည် ခေါင်းအုံး တစ်လုံးတည်းပေါ်တွင် မျက်နှာချင်းဆိုင် အိပ်နေကြခြင်း ဖြစ်၏။ ကျွန်မ ပါးစပ်က သူ့ ပါးစပ်နား ကပ်၍ ပြောနေခြင်း ဖြစ်သည်။

"သနားစရာ ကောင်းလိုက်တဲ့ ဂျီနိုရယ်။ ကျွန်မကို ဘာပြုလို့များ မုသားတွေ ဒါလောက် ပြောခဲ့ရတာလဲ"

"မင်းကို ချစ်လွန်းလို့ပါ"

"ကိုဟာ ကျွန်မကို တကယ် ချစ်ရိုး မှန်ရင် ကျွန်မ စကားမှန်ကို သိရတဲ့ အချိန်မှာ ဘယ်လောက် စိတ်ဒုက္ခ ရောက်မယ်ဆိုတာ သိဖို့ကောင်းတယ်။ ဒါပေမဲ့ ကိုဟာ ဒီအချက်ကို မစဉ်းစားခဲ့ဘူး မဟုတ်လား"

"ကိုယ်က မင်းကို ချစ်လွန်းနေတော့ ဘာမှ မစဉ်းစားနိုင်တော့ဘူး"

"တော်ပါပြီ။ ကျွန်မဟာ အတော်ကြီး စိတ်ဒုက္ခ ရောက်ခဲ့ရပါပြီ။ ဒီအကြောင်း နောက်ထပ် မပြောပါနဲ့တော့။ ကျွန်မ အခု ရေချိုးလိုက်ဦးမယ်"

ကျွန်မက စောင်ကို ဖယ်၍ အိပ်ရာမှ ထကာ ရေချိုးခန်းသို့ လျှောက်သွားသည်။ ဂျီနိုက ကျန်ရစ်ခဲ့သည်။ ရေချိုးအိုးတွင် ရေနွေးပူများ ပြည့်လျက် ရှိသည်။ ပြာလဲ့လဲ့လေး ဖြစ်သည်။ ကျွန်မသည် ရေချိုးအိုးထဲတွင် ရပ်လိုက်ပြီး ကိုယ်ကို တဖြည်းဖြည်း နှစ်လိုက်သည်။ ကျွန်မက ရေချိုးအိုးထဲတွင် လဲလျောင်းလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ တစ်ဖက်ခန်းမှ ဘာသံမျှ မကြားရပါ။ ဂျီနိုသည် ကျွန်မ ပြောခဲ့သည်များကို ပြန်ပြောင်း၍ စဉ်းစားနေပေမည်။ ကျွန်မကို လက်မလွှတ်ရအောင် အကြံဉာဏ်များ ထုတ်နေပေလိမ့်မည်။ အတန်ကြာမှ သူ့ ခြေသံ ကြားရသည်။ အဝတ် ဝတ်နေဟန် ရှိသည်။ အတန်ကြာမှ သူသည် ရေချိုးခန်း တံခါးဝမှ ခေါင်းပြူလာသည်။ အထဲသို့ မဝင်ဝံ့ သကဲ့သို့ ဖြစ်သည်။

"ဒါဖြင့် ကိုယ်တို့ နောက်မတွေ့ကြရတော့ဘူးပေါ့"

သူက အတန်ကြာ တိတ်ဆိတ်နေရာမှ နှိမ့်ချသော လေသံဖြင့် မေးလိုက်သည်။ သူ့နည်းနှင့် သူတော့ ကျွန်မကို တကယ် ချစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့ မတွေ့ရမှာလဲ။ ကိုကို ကျွန်မ မတွေ့ချင်တော့ဘူးဆိုရင် ကျွန်မ ကနေ့ ဘယ်လာပါ့မလဲ။ ကျွန်မတို့ ဆက်ပြီး တွေ့နေကြမှာပဲ။ ဒါပေမဲ့ အလျင်ကလို ခဏ ခဏတော့ မဟုတ်ဘူးပေါ့"

ယင်း စကားများကြောင့် သူက အားတက်လာသည်။ သူက ရေချိုးခန်းထဲသို့ ဝင်လာပြီး–

"ဆပ်ပြာ တိုက်ပေးရမလား"

"တိုက်ချင်ရင် တိုက်ပေးပေါ့။ ကျွန်မ လက်မမီတဲ့ ကျောဘက်ကို တိုက်ပေးပေါ့"

ဂျီနီက ဆပ်ပြာနှင့် ရေမြှုပ်ကို ကောက်ယူလိုက်သည်။ ကျွန်မက မတ်တတ်ရပ်ပေးလိုက်ရာ သူက ကျောကို တိုက်ပေးပါသည်။ ကျွန်မ မျက်နှာချင်းဆိုင်ရှိ မှန်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ကြည့်မိသည်။ ဤချစ်စဖွယ် ပစ္စည်းများကို ပိုင်ဆိုင်သော သခင်မဟု ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ ဂျီနီ၏ သခင်မသည်လည်း ယခုအတိုင်း ရပ်နေပြီး အစေခံမကလေး တစ်ယောက်ကား ကျွန်မလို ဆင်းရဲသူလေး တစ်ယောက်က ယခုလို ဆပ်ပြာတိုက်ပေးပေးလိမ့်မည်။

"တော်ပြီ"

ကျွန်မက ပြောလိုက်သည်။ ဂျီနီက ရေချိုးဝတ်ရုံကို ကောက်ယူလိုက်၏။ ကျွန်မက ရေချိုးခန်းထဲမှ ထွက်လိုက်၏။ သူက နောက်ဘက်မှ နေ၍ ရေချိုးဝတ်ရုံကို အသင့် ပြုလုပ်ပေးရာ ကျွန်မက ကိုယ်ကို ရစ်ပတ်လိုက်သည်။ ထို့နောက် သူသည် ကျွန်မကို ရေသုတ်ပေးနေသည်။ ခြေထောက်မှ စသည်။ နောက် ရင်သားစုံသို့ ရောက်လာသည်။ သူ့တစ်သက်တွင် တစ်ခါမျှ မလုပ်ဘူးသော အလုပ်တစ်ခုကဲ့သို့ စိတ်အား ထက်သန်စွာ လုပ်နေသည်။ ကျွန်မကတော့ မျက်လုံးများကို မှိတ်ထားလိုက်ပြီး ကျွန်မ ကိုယ်ကို သခင်မ၊ သူ့ကို အစေခံသဖွယ် စိတ်ကူးကြည့်လိုက်ပြန်၏။ ကျွန်မ၏ မတုန်မလှုပ်မှုကို အခွင့်အရေးယူနေတော့၏။ ရေသုတ်ပေးနေခြင်း မဟုတ်ဘဲ ကျွန်မကို ပွေ့ဖက်နေခြင်းသာ ဖြစ်တော့၏။ ထို့အတွက် ကျွန်မက သူ့ကို တွန်းဖယ်လိုက်သည်။ ရေချိုးဝတ်ရုံကို ချွတ်ချလိုက်သည်။ ပြီးတော့ ခြေဖျားထောက်၍ တစ်ဖက်ခန်းသို့ ထွက်ခဲ့သည်။ ဂျီနီကမူ ရေချိုးခန်းထဲတွင် ရေများကို သုတ်ပစ်ရင်း ကျန်နေရစ်ခဲ့သည်။

မျိုးဆက်သစ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အဝတ်အစားများကို လျင်မြန်စွာ ဝတ်ပြီးနောက် အခန်းထဲ လျှောက်ကြည့်ပါသည်။ ရွှေထည်၊ ငွေထည်၊ လိပ်ခွန်ထည်များဖြင့် ဆင်ယင်ထားသော မှန်တင်ခုံ ရှေ့တွင် ရပ်လိုက်သည်။ ဘီးအမျိုးမျိုးနှင့် အမွှေးနံ့သာပုလင်းများ အကြားဝယ် ရွှေပေါင်ဒါဘူးကို ကောက်ယူ၍ အသေအချာ ကြည့်မိသည်။ အတော်လေးသည်။ ရွှေအစစ်ဖြင့် အကျစ်အလျစ် လုပ်ထားခြင်း ဖြစ်သည်။ လေးထောင့်ဘူး ဖြစ်၏။ အဖုံးလက်ကိုင်ထိပ်တွင် ပတ္တမြားကြီး တစ်လုံး ရှိ၏။ ကျွန်မက လိုချင်လွန်းလှ၍ မဟုတ်။ ကျွန်မ လုပ်ချင်တာကို လုပ်နိုင်သည်ဟူသော အသိဖြင့်၊ ခိုးချင်လျှင် ခိုးနိုင်သည် ဟူသော အသိဖြင့် ကျွန်မ လက်ကိုင်အိတ် ဖွင့်လိုက်ရင်း ပေါင်ဒါဘူးကို ထည့်လိုက်သည်။

ဂျီနိုသည် အခန်းထဲသို့ ပြန်လာပြီး အိပ်ရာကို ပြန်ခင်းသည်။ နေသားမကျသည်များကို ကျအောင် ပြန်လုပ်လျက် ရှိသည်။

"လာပါ ရှင့် သခင်မ မသိပါဘူး။ ဒီတစ်ခါတော့ ရှင် အလုပ်ထုတ်မခံရသေးပါဘူး"

ကျွန်မက သရော်တော်တော် ပြောလိုက်ရာ သူ မျက်နှာပျက်သွားသည်။ သည်တော့လည်း ကျွန်မက စိတ်မကောင်း ရှိမိသည်။ လှေကားမှ အဆင်းတွင်ရော၊ ဥယျာဉ်ထဲတွင်ရော၊ ကားပေါ်သို့ အတက်တွင်ရော ကျွန်မတို့သည် စကား မပြောမိကြပါချေ။ ညသည် တော်တော် စောစောကတည်းက ကျရောက်ခဲ့ချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၉

ယင်းသို့ဖြင့် ကျွန်မ၏ ဘဝသည် စန်းသော်တာ ပန်းခြံထဲမှ ချားရဟတ်ကဲ့သို့ တစ်သမတ်တည်း၊ တစ်မျိုးတည်း လည်ပတ်လျက် ရှိတော့၏။

ချားရဟတ်သည် တစ်ညလုံးတွင် တစ်သမတ်တည်း၊ တစ်မျိုးတည်း ပင် ဖြစ်၏။ ငန်း၊ ကြောင်၊ ကား၊ မြင်း၊ ပလ္လင်၊ နဂါး စသည်တို့သည် တစ်ဖက်တည်းသို့ တစ်ပတ်ပြီး တစ်ပတ် လည်ပတ်လျက် ရှိသည်။ ကျွန်မ၏ ချစ်သူများမှာလည်း အလားတူပင် ကျွန်မကို လှည့်ပတ်လျက် ရှိကြသည်။ သူတို့သည် ဖောက်သည် ဟောင်းများပဲ ဖြစ်ဖြစ်၊ ဖောက်သည် သစ်များပဲ ဖြစ်ဖြစ် အားလုံးသည် အတူတူနဲ့ အနူနူချည်းပဲ ဖြစ်ကြ၏။ ဂျိယာစင်တီသည် ပိုးခြေအိတ်ရှည် တစ်စုံကို လက်ဆောင်အဖြစ် ယူဆောင်၍ မီလန်မြို့မှ ပြန်လာသည်။ ကျွန်မက သူနှင့် ကာလ အတန်ကြာအောင် နေ့စဉ်ရက်ဆက် တွေ့သည်။ နောက် သူ တခြားသို့ သွားပြန်ပြီ။ ကျွန်မက ဂျီနိုနှင့် ပြန်၍ တစ်ပတ်လျှင် တစ်ကြိမ်စ နှစ်ကြိမ်စ တွေ့သည်။ အခြား ညများတွင်ကား ကျွန်မသည် ကိုယ်က လိုက်တွေ့သော သူများနှင့် လည်းကောင်း၊ ဂျီဆယ်လာ ဆက်သွယ်ပေးသော သူများနှင့် လည်းကောင်း စခန်းသွားပါသည်။ အချို့ သည် လူရွယ်များ ဖြစ်၍၊ အချို့သည် သက်ကြီးအိုများ ဖြစ်ကြသည်။ အချို့သည် ကျွန်မကို ကောင်းကောင်းမွန်မွန် ကြင်ကြင်နာနာ ဆက်ဆံ၍၊ အချို့မူကား ကျွန်မကို ကုန်ပစ္စည်း တစ်ခုသဖွယ် ဆက်ဆံကြပါသည်။

www.burmeseclassic.com



သို့ရာတွင် ကျွန်မက မည်သူ့ကိုမျှ သံယောဇဉ် မငြိတွယ်ပါ။ လူတစ်ယောက်နှင့် တစ်နေရာတွင် တွေ့၊ အိမ်သို့ ခေါ်လာ၊ အခန်းထဲတွင် ပျော်ပါး၊ စကားအနည်းငယ် ပြော၊ ပိုက်ဆံ ပေး၍ သူပြန်သွား၊ ကျွန်မက အမေနှင့် ဧည့်ခန်းထဲတွင် တွေ့၊ ဆာရင် ထမင်းစားပြီးတော့ အိပ်ရာဝင်၊ အချိန်စောနေသေးလျှင် အပြင်ထွက်၍ တစ်ယောက် ထပ်ရှာ။ ဤကား ကျွန်မ၏ ချားရဟတ်ဘဝ ပေတည်း။ ဧည့်မရှိသော နေ့များတွင် ကျွန်မသည် အိမ်တွင် ဘာမျှ မလုပ်ဘဲ အပျင်းထူနေတတ်သည်။ သို့ရာတွင် အံဆွဲထဲ၌ ပိုက်ဆံ မရှိသော အခါတွင်ကား ပျင်းမနေအားဘဲ အပြင်ထွက်၍ လူရှာရသည်။ တစ်ခါတလေတော့လည်း အပျင်းလွန်ကဲနေ၍ ဂျီဆယ်လာထံမှ ပိုက်ဆံ ချေးသုံးသည်။ သို့မဟုတ် အမေ့ကို ကြွေးခံခိုင်းသည်။

နောက်ပြီးတော့ ဤနည်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရခြင်းသည် ထင်သလောက် ကြေးမစီပါချေ။ ပထမ အကြောင်းမှာ ကျွန်မသည် ကြေးစား မဆန်လှသောကြောင့် ဖြစ်၏။ ဂျီဆယ်လာလို လောဘမရှိလှသောကြောင့် ဖြစ်၏။ ကျွန်မက ပိုက်ဆံကို လက်ဆောင်အဖြစ်သာ လက်ခံယူပြီး၊ တန်ရာတန်ဖိုး အဖြစ်၊ ရပိုင်ခွင့် အဖြစ်နှင့် မရယူမိပါချေ။

ကျွန်မ ရသည့် ပိုက်ဆံနှင့် ကျွန်မ မလုံလောက် ရှိနေရခြင်း၏ နောက်အကြောင်း တစ်ကြောင်းကတော့ အရင်ကထက် အသုံးအစွဲ ကြီးလာခြင်းပင် ဖြစ်သည်။ ကျွန်မ၏ လုပ်ငန်းအတွက် လိုအပ်သော အဝတ်အစား အသုံးအဆောင်များကို ဝယ်ရသည်။ ယင်းကြောင့် ကျွန်မ ရသော ပိုက်ဆံသည် ကြာကြာခံသည် မရှိပါ။ ကျွန်မ၏ ဘဝ ဆုံးရှုံးရခြင်းမှ လွဲ၍ အလျင်ကထက် ပို၍ ထူးခြား ကောင်းမွန်လာခြင်း ရှိသည်ကို မတွေ့ရပါ။ ကျွန်မ၏ အနာဂတ်သည် ကိုယ်ဟန်ပြမယ် လုပ်ရစဉ်က အတိုင်းပင်။ အမေ့အား ကူ၍ စက်ချုပ်ခဲ့ရစဉ်က အတိုင်းပင်။ မသေချာ မရေရာလှပါပေ။ အလျင်က ကဲ့သို့ပင် ဆိုးဝါးသည်။ ပို၍ပင် ဆိုးဝါးသေးသည်။ သို့ရာတွင် ကျွန်မသည် ယခုအခါ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်နေချေပေပြီ။

အမေသည်လည်း ပူပန် ကြောင့်ကြခြင်း မရှိတော့ချေ။ ရှိခဲ့လျှင်လည်း ထုတ်ဖော်ပြသခြင်း မပြုပါချေ။ တစ်နေကုန် တစ်နေခန်း စက်ချုပ်ခြင်းသည် သူမ၏ မျက်စိကို ထိခိုက်နိုင်သဖြင့် မပြုလုပ်တော့ရန် ကျွန်မက ပြောရာ အမေသည် ချက်ချင်းပင် သူမ၏ အလုပ်ကို စွန့်လွှတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအခွင့်အရေးမျိုးကို သူမ စောင့်စားနေသည့်အလား ဖြစ်သည်။ အမေသည် သူမ လုပ်ချင်စိတ် ရှိသည့် အခါတွင်မှ အော်ဒါ အနည်းငယ် လက်ခံ၍ လုပ်လေသည်။ သက်မွေးဝမ်းကျောင်း အဖြစ် မလုပ်ဘဲ အပျင်းပြေ လုပ်ခြင်းသာ ဖြစ်လေသည်။ အမေသည် ယခုအခါ ဝလာသည်။ သို့ရာတွင် ခံ့လာခြင်း၊ နုပျိုလာခြင်းကား မဟုတ်ချေ။

ကျွန်မ ဘဝ၏ အခြေအနေသစ်များကို ဂျီနီ မသိအောင် အကြာကြီး ဖုံးကွယ် မထားပါ။ ကျွန်မဟာ သူ့အား လောလော လတ်လတ် ပြီးလောက် အောင်ပင် ပြောပြရန် အကြောင်း ပေါ်ပေါက်လာတော့သည်။ သူ့ သခင်မ အိမ်တွင် တွေ့ဆုံခဲ့ကြပြီးနောက် ဆယ်ရက်အကြာ၌ ပထမဆုံး တွေ့ကြရာဝယ် ဖြစ်ပါသည်။ တစ်မနက်ခင်းတွင် အမေက ကျွန်မကို လာနှိုးသည်။

"နင့်ကို တွေ့ချင်လို့ လူတစ်ယောက် လာနေတယ်။ ဘယ်သူလဲ သိလား။ ဂျီနီ"

အမေက ခြောက်ကပ်သော၊ မလုံမလဲသော လေသံဖြင့် ပြောလေသည်။

"လာပါစေ။ ဒီကို လွှတ်လိုက်ပါ"

ခဏအကြာတွင် ဂျီနီ ဝင်လာသည်။ သူသည် အမျက်ဒေါသထွက်၍ ပုပင်သောက ရောက်နေပုံ ရှိသည်။ သူက ထုံးတမ်းစဉ်လာ နှုတ်ဆက်ခြင်း မပြုပါ။ ခုတင်ကို ပတ်၍ လျှောက်လာပြီး အိပ်ချင်မူးတူးဖြင့် ကြည့်နေသော ကျွန်မ ရှေ့တွင် ရပ်လိုက်သည်။

"ဟိုနေ့က ကိုယ့် သခင်မရဲ့ မှန်တင်ခုံပေါ်က ဘာတစ်ခုခုများ အမှတ်တမဲ့ မယူခဲ့ကောင်းပါဘူးနော်"

"ဆိုစမ်းပါဦး။ ဘာတွေ ဖြစ်လို့လဲ"

"သိပ်ကို အဖိုးတန်တဲ့ ပေါင်ဒါတစ်ဘူး ပျောက်နေတယ်။ ရွှေနဲ့ လုပ်ထားပြီး ပတ္တမြား တစ်လုံး ပါတယ်။ သခင်မတော့ တစ်အိမ်လုံး ဖြောင်းဆန်အောင် ဒေါသပုန် ထနေပြီ။ ကိုယ်ဟာ တစ်တိုက်လုံးကို တာဝန်ယူရတဲ့လူ ဖြစ်တော့ သူတို့ ကိုယ့်ကို မသင်္ကာကြပုံ ရတယ်။ ဒါပေမဲ့ ဘာမှတော့ မပြောဘူး။ တော်သေးတာပေ့ါ။ မနေ့ကမှ သူ သိသွားလို့၊ ပြန်ရောက်လာပြီး တစ်ပတ်ကြာမှ သိလို့။ ဒီတော့ အစေခံ တစ်ယောက် ယောက် ခိုးတာ ဖြစ်နိုင်တာပေ့ါ။ ဒါမှ မဟုတ်ရင်တော့လား ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ထုတ်လိုက်ပြီ။ ဒါမှမဟုတ် ဂတ် တိုင်ပြီး ဖမ်းထားပြီ၊ ဒါမှမဟုတ် တစ်နည်းနည်း၊ ဒါမှမဟုတ် တစ်မျိုးမျိုး"

ကျွန်မကြောင့် အပြစ်မရှိသူ တစ်ဦးဦး ဒုက္ခရောက်သွားမည်ကို စိုးရိမ်လိုက်မိသည်။

"အစေခံတွေတော့ ဘာမှ မလုပ်သေးဘူး မဟုတ်လား"

"မလုပ်သေးပါဘူး။ ဒါပေမဲ့ ပုလိပ် တစ်ယောက်လာပြီး ကိုယ်တို့ အားလုံးကို စစ်တာပေါ့။ နှစ်ရက်လောက်ဟာ ကောင်းကောင်းကို နေရတယ် မရှိဘူး"

ကျွန်မ အတန်ကြာ ဆုတ်ဆိုင်းနေပြီး နောက်မှ ပြောလိုက်သည်။

"ကျွန်မ ယူခဲ့တယ်"

သူက ကျွန်မကို ပြုံးကြည့်သည်။

"မင်း ယူခဲ့တယ် ဟုတ်လား။ ဒီလိုပဲ ပြောရသလား"

"ဒီလို မပြောလို့ ဘယ်လို ပြောရမလဲ"

"ဘုရားရေ။ ဒီဥစ္စာ သူများပစ္စည်း ခိုးတယ်လို့ ခေါ်တယ်"

"အင်းလေ၊ ဟုတ်ပါတယ်"

သူက ကျွန်မကို ကြည့်နေရင်းမှ ရုတ်ခြည်း ဒေါသ ဖြစ်လာသည်။

"တော်စမ်းပါ။ မင်း ဘယ်လို ဖြစ်တာလဲ။ ဒါကြောင့် မင်း သခင်မ အခန်းကို သွားချင်တာကိုး။ ကိုယ်က အခုမှ သဘောပေါက်တယ်။ ဒါပေမဲ့ မရွှေချော ဒီကိစ္စမျိုးတွေမှာ မပါချင်ဘူး။ မင်းမှာ ခိုးချင် ဝှက်ချင်စိတ် ရှိရင် တခြားမှာ လုပ်ပါ။ ကိုယ် ဘာမှ ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ ကိုယ် အလုပ်လုပ်တဲ့ အိမ်မှာတော့ မခိုးပါနဲ့။ သူခိုး တစ်ယောက်။ ကိုယ်သာ မင်းကို လက်ထပ်ခဲ့ရင်တော့ ကောင်းကောင်းကြီး မိတာပဲ။ သူခိုး တစ်ယောက်ကို လက်ထပ်မိတာပဲ"

သူက ဒလဟော ပြောချနေသည်ကို ကျွန်မက သေသေချာချာ ကြည့်နေမိပါသည်။ ပြီးတော့မှ ကျွန်မက ပြောသည်။

"ဘာပြုလို့ ဒါလောက်တောင် လောကြီးဒေါကြီးနေရတာလဲ ဂျီနိုရယ်။ ရှင် ခိုးတယ်လို့ သူတို့က မစွပ်စွဲကြပါကလား။ ဒီအကြောင်းကို သူတို့ တစ်ရက် နှစ်ရက်လောက် ပြောပြီးကြရင် ကိစ္စတွေ အားလုံး ပြီးသွားမှာပဲ။ ရှင့်သခင်မမှာ ပေါင်ဒါဘူးတွေ ဘယ်လောက်များများ ရှိတယ်ဆိုတာ ဘုရားသခင် သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ မင်းက ဘာဖြစ်လို့ ဒီဥစ္စာကို ခိုးရတာလဲ"

"ကိုယ် တကယ်သိချင်တယ် ဆိုရင်တော့ ပြောရမှာပေါ့။ ဒီဥစ္စာကို ကျွန်မ လိုချင်လို့ ခိုးတာ မဟုတ်ပါဘူး။ တကယ်ဆိုတော့ ကျွန်မဘဝဟာ ကျွန်မ ခိုးချင်တယ်ဆိုရင် ခိုးနိုင်တဲ့ အခြေအနေမှာ ရှိနေလို့ပဲ"

"ဘာကို ဆိုလိုတာလဲ"

"ညညကျရင် ကျွန်မဟာ အပြင်ထွက်ပြီး လူရှာတယ်။ အိမ်ကို ခေါ်လာတယ်။ သူတို့က ကျွန်မကို ပိုက်ဆံပေးတယ်။ ကျွန်မဟာ ဒီအလုပ်မျိုးကို လုပ်နေမှတော့ ခိုးချင်စိတ် ရှိရင်ကော ရှိနိုင်တယ် မဟုတ်လား"

သူ သဘောပေါက်သွားသည်။ သူ၏ တုံ့ပြန်မှုသည် သူ၏ ပုံစံအတိုင်းပင် ဖြစ်သည်။

"ဟုတ်ပါတယ်။ ခိုးနိုင်ပါတယ်။ ကိုယ်သာ မင်းကို လက်ထပ်မိရင် ကောင်းကောင်းကြီး မိတာပဲ"

"ကိုနဲ့ လက်ထပ်ဖြစ်မယ်ဆိုရင် ဒီအလုပ်မျိုး ကျွန်မ မလုပ်ပါဘူး။ ကို့မှာ မိန်းမနဲ့ ကလေးတစ်ယောက် ရှိမှန်း သိမှ ဒီအလုပ်ကို ကျွန်မ လုပ်တာပါ"

သူက ဤစကားများကို အစောကြီးကတည်းက မျှော်လင့်တောင့်တခဲ့ဟန် ရှိသည်။ ချက်ချင်း အဖြေပေးသည်။

"မဟုတ်ဘူး ကလေးမ။ ဒီလို ပြောလို့တော့ မရပေဘူး။ ကိုယ့်အပေါ်မှာ အပြစ်တွေ ပုံမချချင်ပါနဲ့။ ဘယ်လို လူမျိုးမှ သူ့ ကိုယ်ပိုင် မဖြစ်ချင်ဘဲနဲ့ မိန်းမရှင်တို့ သူခိုးတို့ ဆိုတာမျိုးတွေ ဖြစ်မလာနိုင်ပါဘူး"

"ဟုတ်သားပဲ။ အဲဒီလိုဆိုရင် ကျွန်မဟာ ဒီသဘောတရားကို နားမလည်တဲ့ လူတစ်ယောက်ပဲ။ ကျွန်မကို ဒီလို ဖြစ်လာအောင် ကိုဟာ လမ်းခင်းပေးတာပဲ"

ကျွန်မ၏ တည်ငြိမ်အေးဆေးမှုကြောင့် သူ့အနေနှင့် ဘာမျှ ပြောရန် မလိုအပ်တော့ကြောင်းကို သူ သဘောပေါက်သွားသည်။ ယင်းကြောင့် နည်းပရိယာယ် ပြောင်းလိုက်သည်။

"ထားပါတော့လေ။ မင်းဟာ ဘယ်လို မိန်းကလေးမျိုး ဖြစ်ပြီး ဘာတွေ လုပ်နေတယ်ဆိုတာ ကိုယ်နဲ့ မဆိုင်ပါဘူး။ ကိုယ့် အနေနဲ့တော့ အဲဒီ ပေါင်ဒါဘူးကို ကိုယ့်ကို ပြန်ပေးရင် အဲဒီ ဥစ္စာကို တင်နေရာရာက ပြန်ရတဲ့ အနေမျိုး လုပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့ စောစောက ဒီလို မပြောသလဲ။ အဲဒီလို လုပ်လို့ကို အလုပ် မပြုတ်တော့ဘူးဆိုရင် ပြန်ယူသွားပါ။ အဝတ်ဗီရိုရဲ့ အပေါ်ဆုံး အံဆွဲထဲမှာ ရှိတယ်"

သူက စိတ်သက်သာရာ ရသွားသည့်အလား အဝတ်ဗီရိုဆီသို့ ကမန်းကတန်း လျှောက်သွားသည်။ အံဆွဲကို ဖွင့်လိုက်သည်။ ပေါင်ဒါဘူးကို ထုတ်ယူ၍ သူ့ အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် သူက ကျွန်မကို တစ်မျိုးကြည့်သည်။ ရှက်ရွံ့ခြင်း အရိပ်အငွေ့၊ ကျေအေးလိုခြင်း ဆန္ဒတို့ဖြင့် ဖြစ်သည်။

"ကား ပါသလား"

ကျွန်မက မေးလိုက်သည်။

"ပါတယ်"

"ဒါဖြင့် သွားပေတော့ အချိန် မရှိတော့ဘူး။ ဒီအကြောင်းတွေကို နောက်တစ်ခါ တွေ့မှ ပြောသေးတာပေါ့"

"ကိုယ့်ကို စိတ်ဆိုးနေသလား"

"မဆိုးပါဘူး"

"ဆိုးပါတယ်"

"မဆိုးပါဘူး"

သူက သက်ပြင်းချလိုက်သည်။ ခုတင်ပေါ်သို့ ကုန်းညွှတ်သည်။ ကျွန်မက သူ့ကို နမ်းခွင့်ပြုလိုက်ပါသည်။

"ဖုန်းဆက်မယ်လား"

သူက တံခါးဝသို့ အရောက်တွင် မေး၏။

"မပူပါနဲ့"

ဤနည်း ဤပုံဖြင့် ဂျီနိုသည် ကျွန်မ၏ ဘဝသစ်ကို သိရှိသွားလေသည်။ သို့ရာတွင် ကျွန်မတို့သည် နောက်ထပ် တွေ့ကြသော အခါတွင် ပေါင်ဒါဘူး အကြောင်းကို လည်းကောင်း၊ ကျွန်မ လုပ်ငန်းအကြောင်းကို လည်းကောင်း မပြောကြပါချေ။ ယင်းတို့သည် စိတ်ဝင်စားဖွယ်ရာ မကောင်းသော သာမန် ကိစ္စရပ်များသဖွယ်သာ ဖြစ်ပါသည်။ လူတွေသည် သူတို့ပိုင် ပစ္စည်း တစ်ခုခုကို ဆက်လက်၍ ပိုင်ဆိုင်နေခွင့် ရှိနေလျှင် ကံကောင်းသည်ဟု ယူဆတတ်သည်။ ဂျီနိုသည် ယင်း လူစားမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် သူ့ကို ဆက်၍ တွေ့နေဆဲ ဖြစ်ပါသည်။ ဘာပဲ ဖြစ်ဖြစ် ကျွန်မသည် ယခုထက်ထိ သူ့ကို သဘောကျနေသေးသောကြောင့် ဖြစ်၏။ ထို့ပြင် ကျွန်မတို့ နှစ်ယောက်ကြားတွင် ပြဿနာများသည် အားလုံး ချုပ်ငြိမ်းသွားပြီဟု ကျွန်မက ယူဆထားပြီး ဖြစ်သည်။ ထိုအခါတွင် ကျွန်မသည် သူနှင့် ပြတ်ပြတ်တောင်းတောင်း ခါးခါးသီးသီးကြီး မခွဲခွာလိုပါပေ။ ကျွန်မသည် ဗြုန်းစားကြီး ဖြစ်သွားခြင်းမျိုးနှင့် တစ်ခါတည်း အပြတ်ရှင်းခြင်းမျိုးကို ဘယ်တုန်းကမျှ မလိုလားခဲ့ပါချေ။ သူ့ အလိုလို ရှိနေခြင်းသည် ကျွန်မဘဝကို မည်သို့မျှ မစိုးမိုးနိုင်။ ယတိပြတ် ပြုလုပ်လိုက်ခြင်းသည်သာလျှင် ကျွန်မ ဘဝ တစ်လျှောက်လုံးတွင် တကောက်ကောက် လိုက်ပါနေနိုင်ပေသည်။

ဤကာလအတွင်း ကျွန်မ ဘဝထဲသို့ ပြန်လည်၍ ဝင်ရောက်လာသူ တစ်ဦးမှာ အက်စ်တာရီတာပင် ဖြစ်ပါသည်။ သူ့ ကိစ္စက ဂျိနို၏ ကိစ္စထက် ပို၍ ရှင်းပေသည်။ ဂျိဆယ်လာသည် သူနှင့် တိတ်တဆိတ် တွေ့လေ့ရှိသည်။ ကျွန်မအကြောင်း ပြောနိုင်ရန် သူက သူမကို တွေ့ဆုံ ချစ်ကျူးခြင်း ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဂျိဆယ်လာသည် သူ့အကြောင်း ကျွန်မအား ပြောရန် အမြဲတမ်း ချောင်းနေသူ တစ်ဦး ဖြစ်သည်။ ကျွန်မ စိတ်လက်ကြည်ကြည်သာသာ ရှိသည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် သူမက သူ့အကြောင်း ပြောပါတော့သည်။ အက်စ်တာရီတာက ကျွန်မ အကြောင်း မေးလိုက်သည်ဟု ဆိုပါသည်။

"သူက ဘာမှတော့ အတိအကျ မပြောဘူး။ ဒါပေမဲ့ သူဟာ မင်းကို အခုထက်ထိ ချစ်နေတုန်းပဲ။ အမှန် ပြောရရင် သူ့အတွက် ကိုယ် စိတ်မကောင်းမိပါဘူး။ သူ့ကို ကြည့်ရတာ စိတ်ပျက်စရာကြီးပဲ။ သူက ကိုယ့်ကို ဘာမှတော့ မပြောပါဘူး။ ဒါပေမဲ့ သူ မင်းကို တွေ့ချင်နေသေးတာကတော့ အမှန်ပဲ။ ပြီးတော့"

"ဒီမယ်ကွယ် ဒီနည်းမျိုးနဲ့ ပြောနေလို့ ဘာမှ အကျိုးမထူးပါဘူး"

"ဘယ်နည်းမျိုးနဲ့လဲ"

"အခုလို လေဖမ်းဝါးတန်းချည်နေတာမျိုးပေါ့။ မင်းကို သူက လွှတ်လိုက်တယ်လို့ တဲ့တိုးပဲ ပြောစမ်းပါကွယ်။ သူက ကိုယ့်ကို တွေ့ချင်တယ် မဟုတ်လား။ မင်းက ကိုယ့် အဖြေကို ယူခဲ့မယ်လို့ သူ့ကို ကတိပေးခဲ့တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ကွယ်။ အဲဒီတော့ ဘယ့်နှယ်လဲ"

"ဘယ့်နှယ်လဲဆိုတော့ မင်း သူ့ကို ပြန်ပြောနိုင်တယ်။ သူဟာ ကိုယ့်ကို တခြားလူတွေ တွေ့သလိုပဲ တွေ့မှာကို ဘာမှ ကန့်ကွက်စရာ မရှိဘူး။ အဲ ရံဖန်ရံခါပေါ့။ ကိုယ့်အနေနဲ့ ဘာအနှောင်အဖွဲ့၊ ဘာတာဝန်မှ မရှိဘဲနဲ့ပေါ့"

ကျွန်မ၏ တည်ငြိမ် အေးဆေးမှုကို သူမက အံ့သြလျက် ရှိသည်။ ကျွန်မက အက်စ်တာရီတာကို မုန်းနေပြီ။ ဘယ်တော့မှ တွေ့တော့မှာ မဟုတ်ဘူးဟု သူမက ထင်ထားသည်။ ကျွန်မတွင် အချစ်နှင့် အမုန်း ဆိုသည်များ မရှိတော့ပြီကို သူမက နားမလည်ပေ။ ကျွန်မတွင် ဖုံးကွယ်ထားသည့် အကြောင်း တစ်ခု ရှိမည်ဟုသာ သူမက တွက်လေသည်။

"မင်း ပြောတာ မှန်တယ်။ ကိုယ်လဲ မင့် နေရာမှာဆိုရင် မင်းလိုပဲ လုပ်မှာပဲ။ ဒါပေမဲ့ မင်းဟာ တချို့နေရာတွေကျတော့ ကိုယ် မကြိုက်တာ တွေ့ပေမဲ့ လျစ်လျူရှုတန် ရှုရပေလိမ့်မယ်။ အက်စ်တာရီတာဟာ မင်းကို တကယ် ချစ်တာပါ။ သူ့မိန်းမကို ကွာပြီး မင်းကို တကယ် ယူတန်ယူ မှာပါ။ ဒါပေမဲ့ မင်းက သိပ်ပြီး ခေါင်းမာနေတယ်။ ကိုယ်ကတော့ မင်းကို မသိ နားမလည်သေးတာဘဲလို့ အောက်မေ့မိတယ်"

ဂျီဆယ်လာသည် ကျွန်မ အကြောင်းကို စိုးစဉ်းမျှ နားလည်နိုင်စွမ်း ရှိသူ မဟုတ်။ ကျွန်မ ရှင်းပြနေလျှင်လည်း လေကုန်ရုံပဲ ရှိမည်။ ယင်းကြောင့် ကျွန်မက သူမနှင့် သဘောချင်း တူလိုက်သည်။

"ဟုတ်ပါတယ်ကွယ်"

ဂျီဆယ်လာသည် ကျွန်မ၏ အဖြေကို အက်စ်တာရီတာအား ပြန်ပြောလိုက်သည်။ သို့ဖြင့် သူနှင့် ကျွန်မသည် ဂျီယာစင်တီနှင့် ပထမဆုံး တွေ့ဆုံသော ဆိုင်မှာပင် တွေ့ကြလေသည်။ ဂျီဆယ်လာ ပြောသည့် အတိုင်းပင် သူသည် ကျွန်မကို မေတ္တာ ရှိနေဆဲပင် ဖြစ်သည်။ သူသည် ကျွန်မကို မြင်သောအခါတွင် ပိုးဟပ်ဖြူ ဖြစ်သွားပြီး စကား တစ်လုံးမျှ မပြောနိုင်ပါချေ။

သူသည် တခြားသူများနှင့် မတူသည်တော့ အမှန်ပဲ ဖြစ်သည်။ သူသည် စွဲလမ်းမှု ရှိသည်။ ပျော်ပွဲစားရုံ တစ်ခုတွင် ထမင်းစားမိကြသည်နှင့် တစ်ပြိုင်နက် ကျွန်မ အကြောင်းကို ဗစ်တာဘို ခရီးမှ အစပြု၍ ဂျီနိုနှင့် လမ်းခွဲသည်အထိ အသေးစိတ် ပြန်လည် ပြောပြပါရန် သူက တောင်းပန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဒီအကြောင်းတွေကို ဘာပြုလို့ ဒါလောက် စိတ်ဝင်စားရတာလဲ"

ကျွန်မက တအံ့တသြ မေးလိုက်သည်။

"ဘာ့ကြောင့်မှတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါကြောင့် မင်း ဘာတွေဖြစ်တယ်ဆိုတာ ပြောစမ်းပါ၊ ကိုယ့်ကို ထည့်မတွက်ပါနဲ့ ပြောစရာ ရှိတာအကုန် ပြောပါ"

"အင်းလေ ရှင်သိချင်တယ် ဆိုရင်လဲ ပြောရတာပေါ့"

ယင်းသို့ဖြင့် ကျွန်မသည် ဇစ်တာဘိုမှ အပြန်တွင် ဖြစ်ပျက်ခဲ့သည်များအားလုံးကို အကျဉ်းချုံး၍ သူ့အား ပြောပြမိပါတော့သည်။ ဂျီနီနှင့် ကျွန်မမည်သို့ ပြောခဲ့ဆိုခဲ့ပုံ။ ဂျီဆယ်လာ၏ အကြံဉာဏ်ဖြင့် ဂျီယာစင်တီကိုတွေ့ခဲ့ပုံတို့ကို ပြောပြလိုက်သည်။ ပေါင်ဒါဘူး တစ်ခုပဲ မပြောဘဲ ချန်ထားသည်။ သူသည် ရဲအဖွဲ့ဝင် တစ်ဦး ဖြစ်၍ သူ့ကို အနှောင့်အယှက် မဖြစ်စေချင်သောကြောင့် ဖြစ်၏။ သူက မေးခွန်းတွေ တသီတတန်းကြီး ထုတ်သည်။ အထူးသဖြင့် ဂျီယာစင်တီနှင့် တွေ့သည့် အကြောင်းများ ဖြစ်သည်။ သူသည် ခရေစေ့တွင်းကျ သိရှိရေးအတွက် နည်းနည်းမျှ ငြီးငွေ့ခြင်း မရှိပေ။ သူက လုံးဝဥဿုံ အလုံးစုံကို ထိတွေ့ သိချင်ပေသည်။

"ဒီတော့ သူက ဘာလုပ်လဲ"

ဒီတော့ သူက ဘာလုပ်သလဲ စသဖြင့် မကြာခဏ ဖြတ်၍ မေးပါသည်။

"အင်း ဒါတွေအားလုံးဟာ ကိုယ့်အပြစ်တွေပဲ"

နောက်ဆုံးတွင် သူက ညည်းညူလိုက်သည်။

"ဟင့်အင်း မဟုတ်ဘူး၊ ဘယ်သူ့ အပြစ်မှ မဟုတ်ဘူး"

"ဟုတ်တယ်၊ ကိုယ့် အပြစ်ပဲ။ မင်းကို ဖျက်ဆီးတာကိုပဲ။ ဇစ်တာဘိုမှာသာ ကိုယ် ဘာမှ မလုပ်ခဲ့ရင် အခြေအနေတွေ အားလုံးဟာ တစ်မျိုးတစ်ဖုံဖြစ်မှာပဲ"

"ဒါတော့ ရှင် လုံးလုံးမှားတယ်။ တကယ်လို့သာ တစ်ယောက်ယောက်မှာ အပြစ် ရှိရိုးမှန်ရင် ဂျီနီရဲ့ အပြစ်ပဲ ဖြစ်ရမယ်။ ရှင်နဲ့ ဘာမှမဆိုင်ဘူး။ ရှင်က ကျွန်မကို အတင်းအကျပ် လိုချင်ပြီး ဇလက္ကာပြုခဲ့တာကိုထည့်မတွက်နဲ့။ တကယ်လို့သာ ဂျီနီက ကျွန်မကို မလှည့်ဖြားခဲ့ရင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ယူမှာပဲ။ ပြီးတော့ သူ့ကို အကုန်လုံး ဖွင့်ပြောမှာပဲ။ အဲဒီနောက်မှာတော့ ကျွန်မဟာ ရှင်နဲ့ ဘယ်တုန်းကမှ မတွေ့ခဲ့ဘူးလို့ အောက်မေ့ထားလိုက်ကြရုံပဲ"

သို့ရာတွင် သူ့အပြစ်ဟုသာ ထပ်တလဲလဲ ပြောဆိုနေ၏။ သို့ရာတွင် ယင်းသို့ ပြောဆိုနေခြင်းမှာ ဝမ်းနည်းကြေကွဲ၍ မဟုတ်၊ ကျွန်မကို ဖျက်ဆီးလိုက်ရသည့်အတွက် ကျေနပ်အားရသောကြောင့်သာ ဖြစ်လေသည်။ သူသည် တခြား အချိန်များတွင်သာ ကျွန်မကို လေးစား ချစ်ခင်မှုပြပြီး အိပ်ရာပေါ်တွင် ကျွန်မကို အပိုင်စီး၍ သူ လုပ်ချင်တိုင်း လုပ်နေရသော အခါတွင်ကား ညစ်ညမ်းသော၊ ရုန့်ရင်းသော၊ ရက်စက်သော စကားများကိုသာ အတွင် ပြောဆိုလျက် ရှိတတ်၏။ သူသည် မေတ္တာတရားနှင့် ရက်စက်ကြမ်းတမ်းမှုကို တွဲဖက်ထားတတ်သူ တစ်ဦး ဖြစ်၏။ သူသည် ကျွန်မကို နေ့တိုင်း တွေ့လိုသော်လည်း ကျွန်မက မည်သူနှင့်မျှ အသေတုပ်ထားခြင်း မခံပါပေ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း နှစ်

## ၁

ယခုအခါတွင် ကျွန်မနှင့် ဂျီဆယ်လာသည် သူငယ်ချင်းများ အဖြစ်ထက် စီးပွားဖက်များ အဖြစ်သို့ ရောက်ရှိနေကြပေပြီ။ သို့ရာတွင် ကျွန်မတို့သည် စားကျက်များ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ကား အကြိုက်ချင်း မတူညီကြပါပေ။ ဂျီဆယ်လာက ပျော်ပွဲစားရုံကြီးများကို နှစ်သက်သည်။ ကျွန်မက သာမန် လက်ဖက်ရည် ဆိုင်ကလေးများကိုသာ သဘောကျသည်။ ရံဖန်ရံခါတွင် လမ်းကိုပင် ပို၍ ကြိုက်မိသေးတော့သည်။ သို့ဖြင့် ကျွန်မတို့သည် ဤကိစ္စအတွက် သဘောတူညီမှု တစ်ခု ရယူထားရသည်။ မတူကွဲပြားသော နေရာဒေသများသို့ အလှည့်ကျ သွားရောက်ကြရန်ပင် ဖြစ်သည်။ တစ်ညတော့ ကျွန်မတို့သည် ပျော်ပွဲစားရုံ တစ်ခုတွင် ထမင်းစားကြပြီး အချည်းနှီးသော အဖြစ်ဖြင့် အိမ်သို့ အပြန်တွင် နောက်မှ ကားတစ်စီး လိုက်လာနေသည်ကို ကျွန်မက သတိပြုမိလိုက်သည်။ ယင်းကြောင့် ဂျီဆယ်လာကို လက်တို့လိုက်သည်။ သို့ရာတွင် သူမသည် ထိုနေ့ညက သုန်မှုန်ငြိုငြင်လျက် ရှိသည်။

www.burmeseclassic.com



ထမင်းဖိုးပင် မကျေသောကြောင့် ဖြစ်သည်။ ထို့နောက် သူမသည် ယခု တလောတွင် အတော်ကလေး ကျပ်တည်းနေသောကြောင့် ဖြစ်သည်။

"မင်း လိုက်ချင် လိုက်သွား ကိုယ်တော့ အိမ်ပြန် အိပ်မယ်"

သူမက ဘောက်ဆက်ဆက် ပြောပါသည်။ ထိုစဉ်တွင် ကားသည် ကျွန်မတို့ အနီး ပလက်ဖောင်းဘေးသို့ ရောက်ရှိလာ၏။ ဂျီဆယ်လာက အတွင်းဘက်တွင် ဖြစ်ပြီး ကျွန်မက လမ်းဘက်တွင် ဖြစ်သည်။ ကျွန်မက မျက်လုံး ထောင့်ကပ်၍ ကြည့်လိုက်ရာ ကားထဲတွင် လူနှစ်ယောက် ရှိသည်ကို တွေ့ရသည်။

"ကိုယ်တို့ ဘာလုပ်ကြမလဲ၊ မင်း မလိုက်ရင်တော့ ကိုယ်လဲ မလိုက်ဘူး"

ကျွန်မက ဂျီဆယ်လာကို လေသံဖြင့် မေးလိုက်သည်။ သူမက ကားကို တစ်ချက် ကြည့်လိုက်ပြီး အတန်ကြာ ဇဝေဇဝါ ဖြစ်နေ၏။ ထို့နောက် သူမသည် စိတ်ကို ပိုင်ပိုင် ဆုံးဖြတ်လိုက်ပြီး ခပ်ပြတ်ပြတ်ပင် ပြန်ပြောသည်။

"ကိုယ် မလိုက်ဘူး။ မင်းဟာမင်းသွား၊ ကြောက်လို့လား"

"မကြောက်ပါဘူး၊ ဒါပေမဲ့ မင်း မပါရင်တော့ ကိုယ် လိုက်မသွားဘူး"

သူမက ခေါင်းခါလိုက်ပြီး ကားကို တစ်ကြိမ် ထပ်ကြည့်လိုက်သည်။ ကားသည် ယခုထက်တိုင် ကျွန်မတို့နှင့် ယှဉ်ပြီး လိုက်ပါလျက် ရှိသည်။ ထို့နောက် သူမသည် ရုတ်တရက် စိတ်ပြောင်းလိုက်ပြီး–

"ကောင်းပြီ။ ဒါပေမဲ့ ခဏတော့ ဟန်ဆောင်နေဦး ဉယျာဉ်လမ်းအထိ ခေါ်သွားရအောင်။ ဒီလမ်းမကြီး ပေါ်မှာတော့ လိုက်မသွားချင်ဘူး"

ကျွန်မတို့သည် ကိုက်ငါးဆယ်ခန့်လောက် လျှောက်သွားကြသည်။ ကားသည် တစ်ချိန်လုံးပင် လိုက်ပါလာသည်။ လမ်းထောင့်သို့ ရောက်သော အခါတွင် ဂျီဆယ်လာသည် ကျဉ်းမြောင်းသော လမ်းသွယ်ကလေး တစ်ခုထဲသို့ ချိုးကွေ့လိုက်သည်။ ကားကလည်း လိုက်ပါကွေ့သည်။ ကားမီးရောင်သည် ကျွန်မတို့ ပေါ်သို့ ကျရောက်လာသည်။ ကားမီးရောင်သည် ကျွန်မတို့ကို ဗလာကျင်းစေပြီး သံမှို့ခွာလိုက်သည့်အလား ဖြစ်သည်။ ကျွန်မတို့သည် တုံ့ခနဲ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သတ္တဝါတွေလဲ မသိဘူး။ တို့ကို အခုထက်ထိ ကြည့်လို့ အားမရသေးဘူးလား။ ကိုယ်တော့ အိမ်ပြန်ချင်စိတ်တောင် တစ်ဝက်လောက် ပေါက်လာပြီ"

ဂျီဆယ်လာက လေသံဖြင့် ကျွန်မကို မေး၏။

"အို ... အို ... မပြန်ပါနဲ့ကွာ"

ကျွန်မက ကမန်းကတန်း တောင်းပန်လိုက်မိသည်။ ဘာ့ကြောင့်မှန်း မသိ။ ကျွန်မက ကားထဲက လူနှစ်ယောက်နှင့် သိပ်တွေ့ချင်နေသည်။

"ဘာပြုလို့လဲကွ။ သူတို့ဟာ ဒီလိုချည်းပဲ လုပ်တတ်ကြတာပဲ"

သူမက ပခုံးဆတ်ဆတ် မြှင့်လိုက်သည်။ ယင်းအချိန်မှာ ကားမီးရောင်သည် ဘေးသို့ ယိမ်းသွားပြီး ဖျတ်ခနဲ ပျောက်သွား၏။ ထို့နောက် ကားသည် ကျွန်မတို့ ဘေးတွင် လာ၍ ရပ်သည်။ ကားမောင်းသူက သူ၏ ခံ့ချောသော ခေါင်းကလေးကို ပြတင်းပေါက်မှ ပြူထုတ်လိုက်ပြီး–

"မင်္ဂလာညချမ်းပါ"

"မင်္ဂလာညချမ်းပါ"

ဂျီဆယ်လာက သိက္ခာ ရှိရှိနှင့် ပြန်၍ နှုတ်ဆက်လိုက်သည်။

"မင်းတို့ နှစ်ယောက်ထဲ ဘယ်သွားကြမလို့လဲ။ ကိုယ်တို့ အဖော် အဖြစ် လိုက်ပေးရမလား"

"ဒါကတော့"

ဂျီဆယ်လာ ဒါပဲ ပြန်ဖြေ၏။ သူမက ယင်းသို့ပင် အမြဲတမ်း အဖြေ ပေးလေ့ရှိ၏။

"ဒါကတော့ ဘာပြုလို့လဲ"

"ရှင်တို့ ဘယ်လောက် ပေးမလဲ ဆိုတဲ့ အပေါ်မှာ တည်တာပဲ"

ဂျီဆယ်လာက ကားဆီသို့ လျှောက်သွားပြီး တံခါးပေါ်တွင် လက်တင် မေးလိုက်သည်။

"ဘယ်လောက် လိုချင်သလဲ"

ဂျီဆယ်လာက ငွေကြေးပမာဏကို ပြောလိုက်သည်။

"ဈေးကြီးတယ်။ သိပ်ကို ဈေးကြီးတယ်"

သူက ယင်းသို့ ပြောလိုက်သော်လည်း သဘောတူ လက်ခံသည့်အထင် ရှိသည်။ သူ့ သူငယ်ချင်းက သူ့ နားနားသို့ ကပ်၍ တစ်စုံတစ်ခုကို တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။ ထိုသူ၏ မျက်နှာကို မမြင်သာပါ။ သို့ရာတွင် ကားမောင်းသူက ပခုံးကို တွန့်လိုက်ပြီး ကျွန်မတို့ဘက်သို့ လှည့်ကာ–

"ကောင်းပြီ တက်ကြ"

သူ့ သူငယ်ချင်းက ရှေ့ခန်းမှ ဆင်း၍ နောက်ခန်းသို့ ပြောင်းလိုက်သည်။ ထို့နောက် ကျွန်မဖက်မှ တံခါးကို ဖွင့်ကာ သူ့ အနီးတွင် ထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ ဂျီဆယ်လာက ခုံချောသော လူရွယ်နှင့် အတူ ရှေ့ဘက်တွင် ထိုင်သည်။

"ဘယ်သွားကြမလဲ"

ကိုခုံချောက ဂျီဆယ်လာကို မေးလိုက်သည်။

"အက်ဒရီယာနာတို့ အိမ်ကို သွားမယ်"

သူမက ယင်းသို့ ဖြေကြားပြီး အိမ်လိပ်စာကို ပြောလိုက်သည်။

"ကောင်းတယ်၊ အက်ဒရီယာနာတို့ အိမ် သွားကြစို့"

ကိုခုံချောက ပြောလိုက်၏။

များသောအားဖြင့် ကျွန်မသည် အသိအကျွမ်း မဖြစ်သေးသော ဧည့်သစ်များနှင့် တွေ့ဆုံရသော အခါတွင် ကားထဲ၌ ဖြစ်စေ၊ မည်သည့် နေရာ၌ ဖြစ်စေ နှုတ်ဆိတ်၍ ငြိမ်သက်နေလေ့ ရှိပါသည်။ သူတို့က တစ်ခုခု ပြောမည့် အရေးကို လည်းကောင်း၊ တစ်ခုခု ပြုလုပ်မည့် အရေးကို လည်းကောင်း စောင့်စားနေမိပါသည်။ အတွေ့အကြုံ ရှိနေပြီ ဖြစ်၍ ကျွန်မက သူတို့ အကြောင်းကို ကောင်းကောင်း သိပါသည်။ သူတို့သည် ဦးဆောင်မှု ပြုရန် လက်နှေးသူများ မဟုတ်ကြပေ။ သူတို့ကို ဘာမျှ အားပေးအား မြှောက် ပြုနေစရာ မလိုပေ။ ထိုနေ့ညကလည်း ကျွန်သည် မပြောမဆို မလှုပ်မယှက်ဖြင့် ကားပေါ်တွင် လိုက်ပါသွားပါသည်။ အနီးတွင် ထိုင်နေသော တစ်ညတာချစ်သူကို ကျွန်မ မြင်တွေ့ရသမျှမှာ သူသည် အရပ်မြင့်သည်။ ပိန်သည်။ ဖြူဖွေးသော လက်များကို ဒူးပေါ်တွင် တင်ထားသည်။ သူက စကားပြောခြင်းလည်း မပြုပါ။ လှုပ်ရှားခြင်းလည်း မပြုပါ။ ပြီးတော့ သူ့ မျက်နှာသည် အမှောင်ရိပ်ထဲတွင် ရှိနေသည်။ ရှက်ကြောက်နေခြင်း ဖြစ်မည်ဟု ကျွန်မက ထင်လိုက်သည်။ ရတ်ခြည်းဆိုသလိုပင် သူ့အား စိတ်ဝင်စား စွဲငြိသွားမိသည်။ ကျွန်မလည်း ရှက်ကြောက်တတ်ပေသည်။ ရှက်ကြောက်ခြင်းက ကျွန်မ စိတ်ကို လှုပ်ရှားစေသည်။ အကြောင်းမူ ဂျီနိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး တွေ့ခဲ့ပုံများကို အမှတ်ရစေသောကြောင့် ဖြစ်၏။ ဂျီဆယ်လာကမူ စကား ကောင်းလျက် ရှိ၏။

"ဒါ အစ်ကို့ ကားလား"

"ဟုတ်တယ်။ တစ်ခါမှ မပေါင်ဖူးသေးဘူး။ ကြိုက်သလား"

သူ့ အဖော်က ပြန်ဖြေသည်။

"စီးလို့ ကောင်းတယ်။ ဒါပေမဲ့ ကျွန်မက လန်စီယာကို ပိုသဘောကျ တယ်။ ပိုပြီး မြန်တယ်။ ပိုပြီး ငြိမ့်ညောင်းတယ်။ ကျွန်မ ရည်းစားမှာ လန်စီယာ တစ်စီး ရှိတယ်"

အမှန်ပင် ဖြစ်၏။ ရစ်ကာဒိုတွင် လန်စီယာ တစ်စီး ရှိ၏။ တစ်ခုပဲ ရှိသည်။ ရစ်ကာဒိုက သူမ၏ ရည်းစား မဟုတ်ခြင်းပင် ဖြစ်သည်။ သူတို့ နှစ်ယောက် မတွေ့ကြသည်မှာလည်း ကြာပြီဖြစ်သည်။ လူရွယ်က ရယ်မော လိုက်သည်။

"မင့် ရည်းစားမှာ ဘီးနှစ်ဘီးနဲ့ သွားတဲ့ လန်စီယာ တစ်စီးရှိတယ် ဟုတ်လား"

ဂျီဆယ်လာသည် အင်မတန်မှ စိတ်ဆိုးလွယ်သူ တစ်ဦး ဖြစ်၏။ ဘာမဟုတ်တာကလေးနှင့်ပင် သူက စိတ်ဆိုးတတ်သည်။

"ဒီမယ် ရှင်က ကျွန်မတို့ကို ဘာကောင်မတွေများ အောက်မေ့နေ လို့လဲ"

"ဘယ်သိမလဲ။ ခင်ဗျားတို့ ဘာတွေလဲဆိုတာ ပြောစမ်းပါဦး။ ကျုပ် ကလဲ ခြေလှမ်း မမှားချင်ပါဘူး"

ဂျီဆယ်လာ၏ နောက်အကျင့်တစ်ခုကတော့ သူမ ကိုယ်ကို ကချေ သည်၊ သို့မဟုတ် လက်နှိပ်စက် စာရေးမ၊ သို့မဟုတ် ဂုဏ်သရေရှိ အမျိုးသမီး တစ်ဦး အဖြစ်နှင့် ပြောဆိုတတ်ခြင်းပင် ဖြစ်၏။ သို့ရာတွင် သူမ၏ ပြောဆို ချက်များသည် သူမ၏ ပြုမူချက်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေကြောင်းကိုကား သတိ မထားမိရှာပေ။ သူမက တစ်ဖက်သား ဆွယ်ရာသို့ အလွယ်တကူနှင့် လိုက်ပါတတ်ပြီး ငွေအကြောင်းကို အရေးတကြီး ချက်ချင်းလက်ငင်း ပြော ဆိုတတ်ခြင်းတို့ပင် ဖြစ်၏။

"ကျွန်မတို့ဟာ ကက်စီနီ အဖွဲ့က ကချေသည် နှစ်ယောက်ပဲ။ ကျွန်မတို့ဟာ တွေ့ကရာလူနဲ့ လျှောက်လိုက်တတ်တဲ့ မိန်းမတွေ မဟုတ်

www.burmeseclassic.com



ဘူး။ ကျွန်မတို့ အဖွဲ့ကို အသားကျကျ မဖွဲ့ရသေးလို့ ကျွန်မတို့ နှစ်ယောက် ကနေ့ည လမ်းလျှောက် ထွက်လာကြတာ။ နောက်ပြီးတော့ အမှန်ကို ပြောရရင် ကျွန်မက ရှင်တို့ရဲ့ ကမ်းလှမ်းမှုကို လက်မခံချင်ပါဘူး။ ဒါပေမဲ့ ဟောဒီက ကျွန်မ သူငယ်ချင်းက ရှင်တို့ နှစ်ယောက်ကို ကြည့်ရတာ လူရည်သန့်တွေနဲ့ တူတယ်လို့ ပြောလို့ပါ။ ဒီအကြောင်းကို ကျွန်မ ရည်းစားသာ သိသွားရင်တော့လား၊ ဘာပြောကောင်းမလဲ"

ကိုခံ့ချောက ရယ်မောလိုက်ပြန်သည်။

"ကိုယ်တို့ နှစ်ယောက်ဟာ လူရည်သန့်တွေ ဖြစ်ကြတာ အမှန်ပဲ။ ဒါပေမဲ့ မင်းတို့ နှစ်ယောက်ကတော့ မိန်းမပျက်တွေပဲ"

ကျွန်မ အနီးမှ လူသည် ပထမဆုံးအကြိမ် စကား ပြောလိုက်သည်။

"တော်တော့ ဂျင်ကာလို"

သူ့ အသံက တည်ကြည်လှသည်။ ကျွန်မက ဘာမျှ မပြောပါ။ သူ့ အသုံးနှုန်းကို မကြိုက်ပါ။ သို့ရာတွင် အမှန် ဖြစ်နေသည်။

"ရှင် ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး။ တကယ်တော့ ရှင်တို့သာ ကြမ်းပိုး တေလေတွေပဲ"

ကိုခံ့ချောက ဘာမျှ မပြောတော့ပါ။ သို့ရာတွင် ကားအရှိန်ကို ရုတ်တရက် လျှော့ချလိုက်ပြီး လူသွားစင်္ကြံဘေးတွင် ကားကို တန့်ခနဲ ရပ်လိုက်သည်။ ကျွန်မတို့သည် လူသူပြတ်လတ်၍ မှောင်ရီဝိုးဝါးသော လမ်းငယ် တစ်ခုထဲတွင် ရောက်နေသည်။ လမ်းတစ်ဖက် တစ်ချက်တွင် အိမ်များ ရှိသည်။ သူက ဂျီဆယ်လာဘက်သို့ လှည့်၍–

"နင့်ကို ငါ ကားပေါ်ကနေ ကန်ချမယ်ဆိုရင် ဘယ့်နှယ်လဲ"

"စမ်းကြည့်ပါလား"

ဂျီဆယ်လာက ပြန်ပြောလိုက်သည်။ သူမက အင်မတန် စိတ်ဆတ်ပြီး မည်သူ့ကိုမျှ ကြောက်သူ မဟုတ်ချေ။ ဤအခါတွင် ကျွန်မ အနီးမှ လူသည် ကားရှေ့ခုံဆီသို့ ကုန်းညွှတ်လိုက်သည်။ ယခုမှပင် သူ့ မျက်နှာကို မြင်ရသည်။ အသားညိုသည်။ နဖူးပေါ်သို့ ဆံပင်များ ဝဲကျနေသည်။ နက်မှောင်သော မျက်လုံး၊ ပေါ်လွင်သော နှာတံ၊ ကွေးဝန်းသော နှုတ်ခမ်းနှင့် အကျည်းတန်သော မေးစေ့တို့ ရှိသည်။ သူက အတော်ကြီးကိုပိန်သည်။ သူ၏ လည်စေ့သည် အင်္ကျီကော်လာ၏ အပြင်သို့ပင် ထွက်နေသည်။

www.burmeseclassic.com



"မင်း မတော်ဘူးလား၊ တော်မလား"

သူက ကိုခုံချောကို လေးလေးနက်နက် မေးလိုက်သည်။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

သူ့ သူငယ်ချင်းက နောက်သို့ လှည့်ကြည့်ရင်း မေးလေသည်။ ကျွန်မ ဘေးမှ လူက–

"မင်း လုပ်ပုံက ဘယ်ဟုတ်မလဲ။ တို့က သူတို့ကို ဖိတ်တယ်။ သူတို့က တို့ကို ယုံပြီး လိုက်လာတယ်။ အခုတော့ တို့က သူတို့ကို စော်ကား မော်ကား လုပ်နေတယ်"

ထို့နောက် သူက ဂျီဆယ်လာဘက်သို့ လှည့်၍–

"သူ့ကို ဘာမှ ဂရုစိုက်မနေနဲ့။ သူ သိပ်မူးနေလို့ ဖြစ်ပါလိမ့်မယ်။ တကယ်တော့ သူဟာ မင်းကို စော်ကားလိုတဲ့ သဘောရှိမယ် မဟုတ်ပါဘူး"

ကိုခန့်ချောက လက်ဟန် ကိုယ်ဟန်ဖြင့် ကန့်ကွက်သေးသော်လည်း ကျွန်မ ဘေးမှလူက သူ့ လက်ကို ကိုင်လိုက်ပြီး–

"မင်း သိပ်မူးနေတယ်။ မင်း သူ့ကို စော်ကားနေတာ မဟုတ်ဘူး မဟုတ်လား။ ကဲ ဆက်မောင်းပေတော့"

"ကျွန်မက အစော်ကား ခံရအောင် လိုက်လာတာ မဟုတ်ဘူး"

ဂျီဆယ်လာက တုန်ယင်စွာ ပြောလိုက်သည်။ သူမက ကိုလူညိုကို ကျေးဇူးတင်ပုံရနေသည်။

"ဟုတ်တာပေ့ါ၊ ဘယ်သူမှ အစော်ကား မခံချင်ဘူး။ ဘယ်သူမှ အစော်ကား မခံသင့်ဘူး"

ကိုခုံချောသည် သူတို့ နှစ်ဦးကို ထုံတုံတုံဖြင့် ကြည့်နေသည်။ သူ့ မျက်နှာသည် ရဲနေသည်။ ရောင်နေသည်။ အကွက်များ ထနေသည်။ မျက်လုံးများ ပြူးဝိုင်းကာ ပါးစပ်မှာ နီမြန်း ကြီးမားလှသည်။ သူသည် အလိုရမ္မက် ကြီးပြီး မချုပ်တည်း မထိန်းသိမ်းနိုင်သူ တစ်ဦး ဖြစ်ပုံရသည်။ သူ့ သူငယ်ချင်း တစ်ဦးက ဂျီဆယ်လာ၏ ပခုံးကို ပုတ်၍ နှစ်သိမ့်နေသည်ကို သူက အတန်ကြာ ငေးမော ကြည့်နေပြီးနောက် ရုတ်တရက်ကြီး ဝါးလုံးကွဲ ရယ်လိုက်သည်။

"ဘုရားစူးရပါစေရဲ့၊ ဘာတွေ ဖြစ်တယ်ဆိုတာ ကိုယ် တကယ်မသိ ပါဘူး။ ကိုယ်တို့ ဘယ်ရောက်နေကြသလဲ၊ ကိုယ်တို့ ဘာလို့ စကားနိုင်

www.burmeseclassic.com

www.burmeseclassic.com



လုနေကြတာလဲ။ ဘယ်က စတယ်ဆိုတာ ကိုယ်ဖြင့် တကယ့်ကို မမှတ်မိပါဘူး။ ကိုယ်တို့ဟာ အဆွေခင်ပွန်း ဖြစ်ကြရမယ့်အစား စကားနိုင် လုနေကြတယ်"

သူက ရယ်မောလိုက်ပြီး ဂျီဆယ်လာဘက်သို့ လှည့်ကာ–

"ကဲ လာပါ အချစ်ကလေးရယ်။ ကိုယ့်ကို စိတ်မဆိုးပါနဲ့၊ ကိုယ်တို့ဟာ ပလဲနံပသင့်ရမယ့် လူတွေပါ"

"ကျွန်မက အဲဒီလိုပဲ အောက်မေ့နေပါတယ်"

သူမက ကြိုးစား၍ ပြုံးလိုက်ရင်း ပြော၏။

"ကိုယ်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး လူတစ်ယောက်ပါ ဟုတ်တယ် မဟုတ်လား ဂျီယာကိုမို။ ကဲပါကွယ်၊ ကိုယ့်ကို နမ်းစမ်းပါ"

သူက ရှေ့သို့ ကုန်းညွှတ်၍ ဂျီဆယ်လာ၏ ခါးကို ဖက်လိုက်သည်။ ဂျီဆယ်လာက လက်ကိုင်ပဝါကို လက်ကိုင်အိတ်ထဲမှ ထုတ်၍ နှုတ်ခမ်းနီများကို သုတ်ပစ်လိုက်သည်။ ထို့နောက် သူ့အား တောင်းပန်သည့် အနေဖြင့် နမ်းလေသည်။ သူတို့သည် ချက်ချင်းဆိုသလိုပင် ခွဲခွာလိုက်ကြသည်။ ပြီးတော့ သူက ကားစက်ကို နှိုးလေသည်။

သူက ကားလက်ကိုင်ကို လွှတ်၍ လွှတ်၍ ကျယ်လောင်စွာ ရယ်မောရင်း စကားကြော ရှည်နေပါသည်။ တစ်လမ်းလုံးပင် ကျွန်မတို့သည် ရင်တမမဖြင့် လိုက်ပါလာကြရသည်။ ကျွန်မအဖေးက လူမှာမူ သူနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ သူ့နေရာတွင် ပြန်၍ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေတော့၏။ ယခုအခါတွင် ကျွန်မသည် သူ့အား အထူးတလည်ပင် စိတ်ဝင်စားလျက် ရှိပေပြီ။ ပြန်၍ စဉ်းစားကြည့်လိုက်သော အခါတွင် ကျွန်မသည် ထိုအချိန်မှပင် စတင်၍ သူ့အား မေတ္တာသက်ဝင်ခဲ့မိခြင်း ဖြစ်လေသည်။ အချစ်ဆိုသည်မှာ အဘက်ဘက်က ပြည့်စုံဖို့ လိုလေသည်။ ကိုယ်၏ ချမ်းသာနှစ်သိမ့်ခြင်း တစ်ခုတည်းနှင့် မပြီးပါပေ။ ကျွန်မ၏ တစ်သက်တာတွင် သူ့လို လူမျိုးဆို၍ သူ တစ်ယောက်တည်းကိုသာ တွေ့ရှိခဲ့ဖူးပါသည်။ သူ၏ အသံနှင့် သူ၏ အပြုအမူတို့သည် ကျွန်မအား ဆွဲဆောင်စွဲလမ်း နှစ်သက်စေလျက် ရှိတော့၏။ တစ်ချိန်တည်းမှာပင် ကျွန်မ၏ သွေးသား တောင့်တမှုများသည် ဖြစ်ပေါ်လာလျက် ရှိတော့၏။ ကျွန်မက သူ၏ အဖက်ကို ခံချင်သည်။ သူ၏ အနမ်းကို ရယူလိုသည်။ ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ကို သူ့ဆီသို့ ဆန့်ထုတ်လိုက်သည်။ သူက ဆုပ်နယ် ချေလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဖြစ်သည်။ သို့ရာတွင် သူ၏ လက်များသည် ကျွန်မ၏ ထိတွေ့မှုအတွက် မည်သို့မျှ မထူးခြားဘဲ ရှိနေသည်။ ကျွန်မက အတော်ကြီးကို ကသိကအောက် ဖြစ်သွားသည်။ လက်ကိုလည်း ပြန်မနုတ်ချင်ပါ။ သူက မည်သို့မျှ တုံ့ပြန်မှု မပြုသည့်အတွက် ပြန်၍လည်း ရုပ်သင့်နေပေသည်။ ထိုအချိန်တွင် ကားသည် အကွေ့တစ်ခုကို ကြမ်းတမ်းစွာ ကွေ့လိုက်ရာ ကျွန်မတို့သည် တစ်ဦးကို တစ်ဦး ပစ်၍ တိုက်မိကြပါသည်။ ကျွန်မက မဟန်နိုင်သည့် အနေမျိုးဖြင့် သူ့ အပေါ်သို့ လဲချလိုက်သည်။ သူ့ ပေါင်ပေါ်သို့ ကျွန်မ ခေါင်းကို ကျစေပါသည်။ သူက တသိမ့်သိမ့် တုန်သွားသည်။ သို့ရာတွင် မလှုပ်ရှားပါ။ ကျွန်မက မျက်လုံးများကို မှိတ်ထားလိုက်ပြီး သူ့ လက်များကြားသို့ ကျွန်မ ဦးခေါင်းကို ထိုးသွင်းလိုက်သည်။ သူ၏ ပွတ်သပ် ယုယမှုကို ခံလို၍ ဖြစ်သည်။ သို့ရာတွင် သူက ကျွန်မကို ပွေ့ခြင်း၊ ဖက်ခြင်း၊ ထိခြင်း၊ ကိုင်ခြင်း မပြုသဖြင့် ကျွန်မသည် သူ့ကို တောင်းပန်၍ ထလိုက်ရသည်။ ထိုအချိန်တွင် ကားသည် တုံ့ခနဲ ရပ်သွားသည်။

ကိုခံ့ချောသည် ကားပေါ်မှ ခုန်ဆင်းပြီး ဂျီဆယ်လာအား ကားပေါ်မှ ဆင်းနိုင်ရန် သရော်လှောင်ပြောင်သော ယဉ်ကျေးမှုဖြင့် အကူအညီ ပေးလျက် ရှိ၏။ ကျွန်မတို့လည်း ကားပေါ်မှ ဆင်းလိုက်ကြသည်။ ကျွန်မက အိမ်ရှေ့ တံခါးကို ဖွင့်လိုက်သည်။ ကိုခံ့ချောသည် ဂျီဆယ်လာနှင့်အတူ ရှေ့မှ နေ၍ လှေကားကို တက်သွားသည်။ သူသည် ပုပု တုတ်တုတ် ဖြစ်၏။ သို့ရာတွင် လူဝကြီးကား မဟုတ်ချေ။ ဂျီဆယ်လာက သူ့ထက် အရပ်မြင့်သည်။ လှေကား တစ်ဝက်လောက် ရောက်သောအခါတွင် သူသည် လှေကားတစ်ထစ် နောက်ချန်နေလိုက်၏။ ဂျီဆယ်လာ၏ ဂါဝန်ကို အဖျားမှ ကိုင်၍ ရုတ်တရက် ဆွဲလှန်လိုက်သည်။ သူမ၏ ဖြူဖွေးသော ပေါင်လုံးနှင့် သေးငယ်သော တင်ပါးတို့ ပေါ်သွားသည်။

"ကန့်လန့်ကာ တင်ပါပြီ ခင်ဗျာ"

သူက ရယ်မောကြေညာလိုက်သည်။ ဂျီဆယ်လာက လက်တစ်ဖက်ဖြင့် သူမ၏ ဂါဝန်ကို ဆွဲချလိုက်ရသည်။ ကျွန်မ၏ အဖော်သည် ယင်း အပြုအမူမျိုးကို သဘောကျပုံ မရပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သည် အိမ်ထဲသို့ ခြေဖျားထောက်၍ ဝင်သွားကြသည်။ ကျွန်မက သူတို့ကို ကျွန်မ အခန်းသို့ တောက်လျှောက် ခေါ်သွားသည်။ အခန်းတံခါးကို ပိတ်ပြီးသော အခါတွင် ကျွန်မတို့ လေးယောက်သားသည် အတန်ကြာအောင် မတ်တတ်ရပ်လျက်သား ရှိနေကြ၏။ အခန်းက သေး၍ လူက များနေသည်။ ကိုခုံချောသည် ပထမဆုံး အသက်ဝင် လှုပ်ရှားလေသည်။ သူက ခုတင်စွန်းတွင် ထိုင်၍ အဝတ်များကို ချွတ်နေ၏။ သူ့ အိမ်တွင် သူ ရောက်နေသကဲ့သို့ ဖြစ်၏။ ထို့နောက် သူသည် အခန်းထဲတွင် ခုန်ဆွခုန်ဆွ လုပ်နေပြီးနောက် ဗြုန်းဆို ခုတင်စွန်းတွင် ထိုင်နေသော ဂျီဆယ်လာ အပေါ်သို့ ခုန်အုပ်လိုက်လေသည်။ သူသည် ဂျီဆယ်လာ၏ ကိုယ်ပေါ်တွင် ရှိနေရာမှ ကျွန်မတို့ နှစ်ယောက်ကို လှည့်ကြည့်လိုက်ပြီး မေးလိုက်၏။

"မင်းတို့ ဘာစောင့်နေကြတာလဲ"

ကျွန်မက ကျွန်မ အဖော်ကို ကြည့်လိုက်ပြီး–

"ကျွန်မ အဝတ်တွေ ချွတ်ရမလား"

"မချွတ်ပါနဲ့။ မချွတ်ပါနဲ့။ နောက်တော့မှပေါ့"

"ဒါဖြင့် ဟိုဘက်ခန်းကို သွားကြမလား"

"ကောင်းတယ်"

"ကား လျှောက်စီးကြမလား။ ကားမှာ သော့တန်းလန်း ရှိတယ်"

ကိုခုံချောက ဂျီဆယ်လာ၏ အပေါ်မှ နေ၍ ပြောလိုက်သည်။ သို့ရာတွင် သူ့ သူငယ်ချင်းက သူ့ စကားကို မကြားဟန် ပြုနေလိုက်သည်။ ကျွန်မတို့သည် အခန်းထဲမှ ထွက်ခဲ့ကြသည်။

ကျွန်မတို့သည် အပြင်ခန်းသို့ ထွက်ခဲ့ကြသည်။ ကျွန်မက သူ့ကို ခဏ စောင့်ရန် လက်ရိပ်ပြပြီး ဧည့်ခန်းထဲသို့ ဝင်သွားသည်။ အမေသည် စားပွဲတွင် ထိုင်လျက် တစ်ယောက်တည်း ဖဲကစားနေလေသည်။ ကျွန်မကို မြင်သောအခါတွင် ဘာအပြောကိုမှ စောင့်မနေတော့ဘဲ မီးဖိုထဲသို့ ဝင်သွားလေ၏။ ထို့ကြောင့် ကျွန်မက တံခါးမှ ခေါင်းပြူ၍ သူ့ကို လာနိုင်ကြောင်း ပြောလိုက်သည်။

ကျွန်မက တံခါးကို ပိတ်လိုက်ပြီး၊ ပြတင်းပေါက် အနီးရှိ ဆိုဖာတွင် ထိုင်လိုက်သည်။ ကျွန်မက သူ့ကို ကျွန်မ အနီးတွင် ထိုင်စေလိုသည်။ ကျွန်မကို ပွေ့ပိုက်စေလိုသည်။ အခြား သူများကား ဤအတိုင်းပင် ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ သို့ရာတွင် သူသည် ဆိုဖာဆီသို့ ကြည့်ပင် မကြည့်ဘဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ အင်္ကျီအိတ်ထဲ လက်များ နှိုက်ကာ၊ စားပွဲကို ပတ်၍ လျှောက်နေသည်။ သူသည် စောင့်ဆိုင်း နေရသည်ကို ငြီးငွေ့နေဟန် ရှိသည်ဟု ကျွန်မက ထင်လိုက်၏။

"ကျွန်မမှာ အိပ်ခန်း တစ်ခုတည်း ရှိတဲ့အတွက် တောင်းပန်တယ်"

"ကိုယ်က အခန်းတစ်ခန်း လိုချင်တယ်လို့ ပြောလို့လား"

သူက လမ်းလျှောက် ရပ်လိုက်ပြီး ကျွန်မကို မေးလေသည်။

"မပြောပါဘူး။ ဒါပေမဲ့ ကျွန်မ ထင်မိလို့ပါ"

သူက အခန်းကို ပတ်၍ လျှောက်နေပြန်တော့သည်။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ပါ။

"ကျွန်မ ဘေးမှာ ဘာပြုလို့ လာမထိုင်သလဲ"

သူက ကျွန်မကို ကြည့်လိုက်သည်။ ထို့နောက် သူ့စိတ်ကို ဆုံးဖြတ် လိုက်ပြီး ကျွန်မ ဘေးတွင် လာထိုင်သည်။

"မင့်နာမည် ဘယ်သူလဲ"

"အက်ဒရီယာနာ"

"ကိုယ့်နာမည်က ဂျီယာကိုမို"

သူက ကျွန်မ လက်ကို ဆွဲလိုက်သည်။ ကျွန်မက သူ့ကို အားပေး သည့် အနေဖြင့် ပြုံးလိုက်သည်။

"ခဏနေရင် ကိုယ်တို့ ပျော်ပါးကြတော့မယ် ဟုတ်တလား"

"ဟုတ်ကဲ့"

"တကယ်လို့ ကိုယ်က မပျော်ပါးချင်ဘူး ဆိုရင်ကော"

"မပျော်ဘဲ နေကြရုံပဲပေါ့"

ကျွန်မက သူနောက်နေသည် ထင်၍ ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက် သည်။

"ဒါဖြင့် ကောင်းပြီ။ ကိုယ် မပျော်ပါးချင်ဘူး။ ကိုယ့်မှာ နည်းနည်း ကလေးမှ စိတ်ဆန္ဒ မရှိဘူး"

သူက အလေးအနက် ပြန်ပြောပါသည်။

"ကောင်းပါပြီရှင်"

ကျွန်မက ပြန်ပြောလိုက်သည်။ သို့ရာတွင် ကျွန်မ၏ အတွေ့အကြုံ တွင် သူ၏ ငြင်းဆန်မှုသည် ဆန်းနေသည်။ နားမလည်နိုင်ဘဲ ရှိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အနေနဲ့ မကျေမနပ်တော့ မရှိပါဘူးနော်။ မိန်းမတွေက သူတို့ကို ဖယ်ချတာ မကြိုက်တတ်ကြဘူး"

နောက်ဆုံးတွင် ကျွန်မသည် သူ ဆိုလိုချင်သည်ကို သဘောပေါက်မိပြီး ခေါင်းခါလိုက်သည်။ ပါးစပ်မှကား စကား တစ်လုံးမျှ မပြောနိုင်ပါတော့ချေ။ ယင်းသို့ အပြီးကား သူသည် ကျွန်မကို အလို မရှိပေ။ ကျွန်မက တစ်မုဟုတ်ချင်းပင် စိတ်ပျက်သွားသည်။ ငိုများပင် ငိုချင်တော့သည်။

"ဘာ မကျေနပ်စရာ ရှိသလဲ။ ရှင် မပျော်ပါးချင်ဘူး ဆိုရင် ရှင့်မိတ်ဆွေ အပြီးကို ကျွန်မတို့ စောင့်နေကြရုံပဲ။ ပြီးတော့ ရှင်တို့ ပြန်ကြရုံပဲပေါ့"

"ဩော် ကိုယ်က မင်းရဲ့ အချိန်တွေကိုများ ဖြုန်းတီးပစ်ရာ ကျနေမလားလို့ပါ။ မင်းဟာ ဒီအချိန်မှာ တခြားလူ တစ်ယောက်ယောက်နဲ့ အလုပ်ဖြစ်ပြီး ပိုက်ဆံ ရနိုင်မလားလို့ပါ"

"ရှင့်မှာ ပိုက်ဆံ မပါဘူးဆိုရင်လဲ ကိစ္စမရှိပါဘူး။ ကြုံတော့မှ ပေးတာပေါ့"

"မင်းဟာ စိတ်ကောင်း နှလုံးကောင်း ရှိတဲ့ မိန်းကလေး တစ်ယောက်ပဲ။ ဒါပေမဲ့ ကိုယ့်မှာ ပိုက်ဆံ ရှိပါတယ်။ ပြီးတော့ ကိုယ် မင်းကို ပိုက်ဆံ ပေးမှာပါ။ ဒါမှ မင့်အဖို့ ညတစ်ည ဖြုန်းတီးရာ မရောက်တော့မပေါ့"

သူက အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး ငွေစက္ကူလိပ် တစ်လိပ်ကို ထုတ်ယူလိုက်သည်။ သူက အစောကြီးကတည်းက ကြိုတင် ပြင်ဆင်ထားပုံမျိုး ဖြစ်သည်။ ထို့နောက် သူသည် ကျွန်မနှင့် ခပ်လှမ်းလှမ်းရှိ စားပွဲဆီသို့ လျှောက်သွားကာ ငွေစက္ကူများကို တင်ထားလိုက်သည်။

"ဟင့် အင်း၊ ဟင့် အင်း၊ မပေးပါနဲ့။ ဘာလို့ ပေးရမှာလဲ"

ကျွန်မက ငြင်းဆန် ကန့်ကွက်လိုက်သည်။ သို့ရာတွင် ခပ်ပျော့ပျော့သာ ဖြစ်သည်။ အကြောင်းမူ ကျွန်မသည် သူ့ ပိုက်ဆံကို လက်ခံရန် ဝန်မလေးလှသောကြောင့် ဖြစ်၏။ ဤသို့ လက်ခံထားခြင်းဖြင့် သူနှင့် ကျွန်မ နောင်တွင် အဆက်အသွယ် ရှိနိုင်ပေဦးမည်။ ကျွန်မက သူ့ အပေါ်တွင် ကြွေးတင်နေပြီး၊ ယင်း အကြွေးကို ပေးဆပ်ရန် မျှော်လင့်ချက် ရှိနေပေသည်။ သူက ကျွန်မ၏ မပြတ်သားလှသော ငြင်းဆန်မှုကို လက်ခံသည်ဟု မှတ်ယူလိုက်သည်။ စားပွဲပေါ်တွင် တင်ထားသော ပိုက်ဆံကို ပြန်မယူတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာဆီသို့ ပြန်လာပြီး ကျွန်မ ဘေးတွင် ထိုင်သည်။ ကျွန်မက သူ့လက်ကို ဆွဲကိုင်လိုက်သည်။ ကျွန်မတို့သည် တစ်ယောက်ကို တစ်ယောက် အတန်ကြာအောင် ကြည့်နေမိကြသည်။ ထို့နောက် သူက ရုတ်တရက်ဆိုသလို ကျွန်မ၏ လက်ချောင်းကလေးကို သူ၏ ရှည်လျား သေးသွယ်သော လက်ချောင်းများဖြင့် တအား ဆွဲလိမ်ချိုးလိုက်သည်။

"အမယ်လေး၊ ရှင် ဘယ်လို လုပ်လိုက်တာလဲ"

ကျွန်မက ဒေါသတကြီး အော်လိုက်မိသည်။

"ဝမ်းနည်းပါတယ်"

သူက ဒါပဲ ပြန်ဖြေ၏။ သူက အတော်ကြီး အနေရ အထိုင်ရ ကျပ်သွားဟန် ရှိ၏။ သည်တော့လည်း ကျွန်မက သူ့ကို ပြောလိုက်မိသည့်အတွက် စိတ်မကောင်းမိပါပေ။

"ရှင် လုပ်လိုက်တာ ကျွန်မ အတော်နာသွားတယ်"

"ဝမ်းနည်းပါတယ်"

သူက ထပ်ပြော၏။ ထို့နောက် သူသည် ထိုင်ရာမှ ရုတ်တရက် ထ၍ အခန်းထဲတွင် လမ်းလျှောက်နေပြန်တော့၏။ ထို့နောက် ကျွန်မ ရှေ့တွင် လာ၍ ရပ်သည်။ ပြီးတော့ မေး၏။

"အပြင် သွားကြမလား။ ဒီလို စောင့်နေရတာ ကိုယ် နေလို့ မရတော့ဘူး"

"ဘယ်သွားမလဲ"

"မပြောတတ်ဘူး။ ကား လျှောက်စီးကြမလား"

ကျွန်မက ဂျီနီနှင့်အတူ ကားဖြင့် သွားကြခြင်းများကို အမှတ်ရမိ၍ အလောသုံးဆယ် ပြန်ပြောလိုက်သည်။

"ဟင့် အင်း၊ ကားနဲ့တော့ မသွားချင်ဘူး"

"ဒါဖြင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို သွားကြရအောင်။ ဒီနား တစ်ဝိုက်မှာ လက်ဖက်ရည်ဆိုင်တွေ ရှိတယ် မဟုတ်လား"

"ဒီအနီးနားမှာတော့ မရှိဘူး။ မြို့ရိုး အပြင်ဘက်မှာတော့ ရှိမယ်ထင်တယ်"

"ဒါဖြင့် အဲဒီကို သွားကြတာပေါ့"

ကျွန်မက ထလိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခဲ့ကြသည်။ လှေကားမှ အဆင်းတွင် ကျွန်မက သူ့ကို နောက်သလိုလိုနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို အဲဒီ ပိုက်ဆံ ပေးထားတာဟာ ရှင် ကြိုက်တဲ့ အချိန်မှာ ကျွန်မကို လာတွေ့နိုင်တဲ့ အခွင့်အရေး ရထားတာပဲ။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ပြေပြေ ညင်းညင်း၊ မည်းမည်း မှောင်မှောင်၊ စွတ်စွတ် စိုစိုသော ဆောင်းတစ်ည ဖြစ်ပါသည်။ တစ်နေ့လုံး မိုးရွာသွန်းထားသဖြင့် လူသွား စင်္ကြံပေါ်တွင် ရေအိုင်များ ထွန်းနေသည်။ ကြိုးကျဲသော လမ်းမီးရောင်သည် ရေအိုင်ပြင် ပေါ်တွင် ရောင်ပြန် ဟပ်ထင်နေသည်။ အထက် မိုးကောင်းကင်တွင် တိမ်များ ကင်းစင်လျက် ရှိသည်။ သို့ရာတွင် ရွှေဝါလကား မရှိချေ။ ကြယ်တာရာ အချို့သာလျှင် နှင်းမြူများ အကြားတွင် မှေးမှိန်စွာ တောက်လက်လျက် ရှိသည်။ မကြာ မကြာ ဆိုသလို မမြင်ရသော ဓာတ်ရထားများသည် မြို့ရိုး၏ တစ်ဖက်မှ ဖြတ်သန်းသွားနေကြသည်။ ကျွန်မသည် စန်းသော်တာ ပန်းခြံဘက်သို့ မရောက်သည်မှာ လပေါင်း အတော်ကြာနေပြီ ဖြစ်သည်။

"ဒီအချိန်မှာ ဒီဘက်ကို ဘယ်သူမှ မသွားကြဘူး။ ဒါပေမဲ့ နွေကျရင်တော့ တစ်ရပ်လုံးဟာ ဒီဘက်ကို လမ်းလျှောက် ထွက်ကြတာပဲ။ ကျွန်မလဲ လမ်းလျှောက် ထွက်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ ကြာပါပြီ၊ အခုမှပဲ ရှင့်ကြောင့် ကျွန်မဟာ ဒီဘက်ကို လျှောက်ရပြန်တော့တယ်"

သူက ကျွန်မ လက်မောင်းကို ကိုင်၍ ရေလွှမ်းနေသော လမ်းပေါ်တွင် တွဲခေါ်သွားနေပါသည်။

"မင်း ဘယ်သူနဲ့ သွားခဲ့သလဲ"

"အမေနဲ့"

သူက မကြည်မသာ ရယ်မောလိုက်သဖြင့် ကျွန်မမှာ အံ့သြမိရသည်။

"အမေနဲ့၊ အင်း အမေ။ မေ မေ မေ၊ ဘယ်တော့မဆို မေမေက ရှိနေတာပဲ။ မေ ဘာပြောတယ်။ မေက ဘာလုပ်တယ်၊ မေ မေ"

သူက အမေကို မေ မေဟု ရွတ်ဆိုလျက် ရှိ၏။ သူ့ အမေနှင့် ပတ်သက်၍ အကြောင်း တစ်ခုခု ရှိမည်ဟု ကျွန်မက မှတ်ထင်လိုက်သည်။

"ရှင့် အမေက ရှင့်ကို ထိခိုက် နာကြည်းအောင် တစ်ခုခုများ လုပ်ထားလို့လား"

www.burmeseclassic.com



"ဟင့် အင်း၊ ဘာမှ မလုပ်ပါဘူး။ အမေက ဘယ်တော့မှ ဘာမှ မလုပ်ဘူး။ အမေ မရှိတဲ့ လူရယ်လို့ ဘယ်သူများ ရှိလို့လဲ။ မင့် အမေကို မင်း ချစ်သလား"

"ချစ်တာပေါ့။ ဘာပြုလို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

သူက ကပျာကယာ ဖြေလိုက်သည်။

"ကိုယ့်အတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ ကဲ ပြောစမ်း ပါဦး။ မင်း အမေနဲ့အတူ လမ်းလျှောက်ထွက်လေ့ ရှိတယ်။ ဟုတ်လား"

"ဟုတ်ကဲ့။ ဟိုတုန်းက အမေနဲ့ ကျွန်မ လမ်းလျှောက်ထွက်ကြတယ်။ အထူးသဖြင့် နွေဘက်မှာပေါ့။ နွေကျရင် ကျွန်မတို့ အခန်းက ပိတ်လှောင် ပြီး မွန်းနေတာ မဟုတ်လား။ ဟိုမှာ ကြည့်စမ်း။ တိုက်ကလေး တစ်လုံး တွေ့လား"

သူက လမ်းလျှောက် ရပ်၍ ကြည့်လိုက်သည်။ သို့ရာတွင် တိုက် ကလေး၏ ပြတင်းပေါက်များသည် ပိတ်ထားသည်။ လူမနေသည့် အသွင်မျိုး ဖြစ်သည်။ အရင်ကထက် ငယ်သွားသည်။ အကျည်းတန်သွားသည်ဟုလည်း ကျွန်မ စိတ်တွင် ထင်မိပါသည်။

"အင်း မြင်တယ်။ ဘာပြုလို့လဲ"

"ဩော် ဒီတိုက်ကလေးကို ကျွန်မဟာ ညနေတိုင်း ဖြတ်သွားခဲ့ဖူး လို့ပဲ။ အဲဒီတုန်းက နွေဆိုတော့ ပြတင်းပေါက်တွေကို ဖွင့်ထားတယ် မဟုတ် လား။ အဲဒီတုန်းက ကျွန်မ တပျော်တပါးကြီး ဝိုင်းပြီး ထမင်းစားနေကြတဲ့ မိသားစု တစ်စုကို မြင်ရတယ်။ အဲဒီတော့"

ကျွန်မ စကားကို ရပ်လိုက်သည်။ ကျွန်မ၏ စိတ်ခံစားမှုများ မသက် မသာ ရှိလာသောကြောင့် ဖြစ်၏။

"အဲဒီတော့"

"အို ဒါတွေကို ရှင် စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

ကျွန်မက ရိုးရိုးသားသားနှင့် ပြောလိုက်မိ၏။

"ဘာပြုလို့ စိတ်မဝင်စားရမှာလဲ။ ကိုယ် မင်း ပြောတာတွေ အားလုံး ကို စိတ်ဝင်စားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ကျွန်မခေါင်းထဲမှာ စိတ်ကူး တစ်ခု စွဲလာတယ်။ တစ်နေ့ကျရင် ကျွန်မလဲ ဒီလို တိုက်ကလေးမျိုးနဲ့၊ ဒီလို မိသားစုမျိုးနဲ့ ပျော်ပျော်ပါးပါး နေချင်မိခဲ့တယ်ပေါ့ရှင်"

"ဟုတ်ပြီ ကိုယ်သိပြီ။ အဲဒီလို တိုက်ကလေးမျိုးလောက်ပဲ၊ ဟုတ်လား။ ဒါ့ထက် မျှော်မှန်းချက် မကြီးဘူးပေါ့"

"ကျွန်မတို့ နေတဲ့ အခန်းနဲ့ စာလိုက်တော့ ဒီတိုက်ကလေးဟာ ဧရာမကဟာကြီးပေါ့ရှင်။ အို ရှင်လဲ သိမှာပါ။ ဒီအရွယ်မျိုး ဆိုတာက စိတ်ကူးယဉ်တတ်တာမျိုး မဟုတ်လား"

"လာ၊ အဲဒီ တိုက်ကလေးမှာ မင်း ပြောတဲ့ မိသားစု အခုထက်ထိ ရှိသေးသလားလို့ သွားကြည့်ကြရအောင်"

သူက ကျွန်မ လက်မောင်းကို ဆွဲ၍ တိုက်ကလေးဆီသို့ ခေါ်နေပါသည်။

"အို ရှင် ဘာစိတ်ကူးပေါက်သွားလို့လဲ။ သူတို့ အိမ်မှာ သူတို့ ရှိမှာပေါ့"

"လာပါလေ၊ သွားကြည့်ကြရအောင်"

ကျွန်မတို့သည် တိုက်ကလေး ရှေ့တွင် ရောက်ရှိနေကြသည်။ ကျဉ်းမြောင်း သေးငယ်၍ သစ်ပင်ပန်းမန်များ ထူထပ် သိပ်သည်းစွာ ပေါက်နေသော ဥယျာဉ်ကလေးသည် မှောင်နေသည်။ ပြတင်းပေါက်ကလေးနှင့် မျှော်စင်ကလေးတို့ အားလုံးသည်လည်း မှောင်နေကြ၏။ သူက တံခါးဝသို့ လျှောက်သွားပြီး–

"ဟောဒီမှာ စာတိုက်ပုံးကလေး ရှိတယ်။ တိုက်ထဲမှာ လူ ရှိမရှိ သိရအောင် လူခေါ် ခေါင်းလောင်းကို နှိပ်ကြည့်ကြရအောင်။ ငြိမ်နေတာပဲ။ မင့် အိမ်ကလေးကို ကြည့်ရတာ လူ မရှိသလိုဘဲ"

"အို မလုပ်ပါနဲ့။ သူ ဘယ်လို ဖြစ်နေတာလဲ"

"အိုကွာ စမ်းကြည့်ရအောင်"

သူက လက်ကို မြှောက်လိုက်ပြီး တံခါးပေါ်မှာ ခလုတ်ကလေးကို နှိပ်လိုက်သည်။ လူ တစ်ယောက်ယောက် ပေါက်ချလာမည်ကို စိုးရိမ် ကြောက်လန့်ပြီး ကျွန်မက ထွက်၍သာ ပြေးချင်တော့သည်။ ကျွန်မက သူ့ကို တောင်းပန်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားကြစို့၊ သွားကြစို့။ သူတို့ နိုးလာရင် ကျွန်မတို့ ဘယ့်နှယ် လုပ်မလဲ"

"အင်း အမေက ဘာပြောမလဲ။ အမေက ဘာလုပ်မလဲ"

သူက ကျွန်မ ဆွဲခေါ်ရာသို့ လိုက်ပါလာရင်း ထပ်တလဲလဲ ပြောနေသည်။

"သူ တစ်ယောက်ဟာ အမေကို ဦးနှောက်ထဲမှာ စွဲနေတာပဲနော့"

ကျွန်မက သော့သော့ကလေး လျှောက်ရင်း ပြောလိုက်သည်။ သူက ဘာမျှ ပြန်မပြောပါ။

ကျွန်မတို့သည် ပန်းခြံသို့ ရောက်ရှိသွားကြသည်။ မိုးရေ ရွှဲစိုနေသော ဆိုင်ကနား နိမ့်နိမ့်များသည် အိပ်မောကျနေကြသည်။ နွေရာသီတွင် မြူးကြွနေသော ပန်းခြံသည် ဆောင်းအခါတွင် သုသာန်တစပြင်လား အောက်မေ့ရသည်။ လမ်းမီးတိုင်ကလေး တစ်ခုတည်းကသာလျှင် ဖျော့ဖျော့ကလေး လင်းနေသည်။

"နွေရာသီမှာ ဆိုရင်တော့ လသာသာ ပန်းခြံပေါ့။ လူတွေမှ အများကြီးပဲ။ ဒါပေမဲ့ ဆောင်းတွင်းကျရင်တော့ ဘာမှ မရှိဘူး။ ကျွန်မတို့ ဘယ်သွားကြမလဲ"

"ဟိုနားက လက်ဖက်ရည်ဆိုင်ကို သွားကြမလား"

"လက်ဖက်ရည်ဆိုင် မဟုတ်ဘူး။ ထမင်းဆိုင်"

"ထမင်းဆိုင်ပဲ သွားကြတာပေါ့"

ကျွန်မတို့သည် မြို့တံခါးအောက်မှ ဖြတ်၍ လျှောက်ခဲ့ကြသည်။ ရှေ့တူရူတွင်ရှိ အိမ်တန်းကလေး တစ်ခု၏ အောက်ထပ်တွင် မှန်တံခါး တစ်ချပ်ကို တွေ့မြင်ရသည်။ ဆိုင်ထဲသို့ ရောက်သွားတော့မှ ဤဆိုင်သည် ကျွန်မရယ်၊ အမေရယ်၊ ဂျီနိုရယ် သုံးယောက်သား ထမင်းစားခဲ့ကြသည့် ဆိုင်ဖြစ်မှန်း မှတ်မိတော့သည်။ ဆိုင်ထဲတွင် စပျစ်ရည်သောက်၊ ထမင်းစားနေကြသူ နှစ်ဦး သုံးဦးသာ ရှိလေသည်။ ဆိုင်ထဲတွင်ကား အပြင်မှာထက် ပို၍ အေးသည်။ မိုးနံ့၊ အရက်နံ့၊ လွှစာနံ့တို့ဖြင့် ကြိုင်လှောင်နေသည်။ ကျွန်မတို့သည် ထောင့် တစ်ထောင့်တွင် ထိုင်လိုက်ကြသည်။ သူက ဝိုင်ပုလင်းကြီး တစ်လုံးကို မှာလိုက်သည်။

"ပုလင်းကြီး တစ်လုံးလုံး ကုန်အောင် ဘယ်သူ သောက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက မေးလိုက်သည်။

"မင်း မသောက်ဘူးလား"

"နည်းနည်းပဲ"

သူက တစ်ဖန်ခွက် အပြည့်ကြီး ထည့်၍ တစ်ကြိုက်တည်း မော့ချလိုက်သည်။ သို့ရာတွင် အရသာရှိ၍ သောက်ပုံမျိုးနှင့် မတူဘဲ ကြိတ်မှိတ်သောက်ပုံမျိုး ဖြစ်၏။ သူ့ အပေါ်တွင် ကျွန်မ ထင်မြင် ယူဆထားသည်များကို ယင်း အပြုအမူက အတည်ပြုလေသည်။ သူသည် ဘာပဲဖြစ်ဖြစ် အတင်းဇွတ်နှစ်၍ လုပ်တတ်သူ တစ်ဦး ဖြစ်သည်။ လုပ်သင့်သည်ဟု ထင်လျှင် လုပ်ချင်သည် ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေ မဖြစ်မနေ လုပ်မည့်သူ တစ်ဦး ဖြစ်ပေသည်။ ကျွန်မတို့သည် အတန်ကြာအောင် တိတ်ဆိတ်နေကြသည်။ သူက ကျွန်မကို စိုက်ကြည့်နေသည်။ ကျွန်မက အခန်းကို လှည့်ပတ်၍ ကြည့်သည်။ တစ်ချိန်က အဖြစ်အပျက်များကို ပြန်၍ အမှတ်ရမိသဖြင့် ကြေကွဲခြင်းပဲ ဖြစ်မိသလား၊ စိတ်တိုခြင်းပဲ ဖြစ်မိသလားတော့ မသဲကွဲပါ။

"အစကတော့ ရှင့် သူငယ်ချင်းကို သဘောမကျမိဘူး။ အခုတော့ ကျွန်မ သူ့ စရိုက် ကြိုက်လာမိပြီ။ သူဟာ ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်ပဲ"

"ပထမ သူဟာ ကိုယ့် သူငယ်ချင်း မဟုတ်ဘူး။ ဒုတိယ သူဟာ ကြိုက်စရာ မကောင်းဘူး"

သူက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ကျွန်မက သူ့ စကားနှင့် သူ့ လေသံကြောင့် အံ့အားသင့်သွားမိသည်။

"ဘာပြုလို့လဲ"

"မင်းဟာ ဒီလို လူမျိုးတွေကို ဂြိုဟ်ဆိုး တစ်ခုလို ရှောင်သင့်တယ်"

"ဒါဖြင့် ရှင်ဟာ ဘာပြုလို့ သူနဲ့အတူ တွဲနေရတာလဲ"

"သူနဲ့ ကိုယ်ဟာ ငယ်သူငယ်ချင်းတွေပဲ။ ကိုယ်တို့ ကျောင်းအတူတူ သွားခဲ့ကြတယ်။ ငယ်သူငယ်ချင်းတွေဟာ ဒီလိုပဲ။ ဒါပေမဲ့ သူဟာ ကိုယ့်ထက်သာတဲ့ နေရာတွေ အများကြီး ရှိတယ်"

"ဆိုစမ်းပါဦး"

"သူက တစ်ခုခုကို လုပ်ပြီဆိုရင် အစအဆုံး ထက်ထက်သန်သန် လုပ်တယ်။ ကိုယ့်ကျတော့ ဒီလို မဟုတ်ဘူး။ ကိုယ်က ပထမတော့ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ချင်တယ်။ ဒါပေမဲ့ တကယ့်တကယ် လုပ်ကြစို့ ဆိုတော့ ကိုယ်ဟာ နောက်ဆုတ်သွားတတ်တယ်။ ဥပမာ ကနေ့ည အဖြစ်ကို ကြည့်။ သူက ကိုယ့်ဆီကို ဖုန်းဆက်ပြီး မေးတယ်။ ကြက်အရှာ ထွက်ရအောင် လိုက်မလား တဲ့။ ကိုယ်က လိုက်မယ်လို့ ပြောပြီး လိုက်ခဲ့တယ်။ ဒါတင် မကသေးဘူး။ မင်းတို့နဲ့ တွေ့တဲ့ အခါကျတော့ ကိုယ်က မင်းကို ချစ်ချင်တယ်။ ဒါပေမဲ့ မင့် အိမ်လဲ ရောက်ရော ကိုယ့် စိတ်ဆန္ဒတွေဟာ အားလုံး ပျောက်သွား ရောပဲ"

"ပျောက်သွားရော၊ ဟုတ်လား"

ကျွန်မက သူ့ကို ကြည့်ရင်း မေးလိုက်သည်။

"ဟုတ်တယ်။ ကိုယ့် မျက်စိထဲမှာ မင်းဟာ မိန်းကလေး တစ်ယောက် မဟုတ်တော့ဘူး။ အဝိညာဏက အရာဝတ္ထု တစ်ခုပဲ ဖြစ်နေတော့တယ်။ မင့် လက်ချောင်းကလေး တစ်ခုကို လိမ်ချိုးကြည့်တာ မှတ်မိသလား"

"အင်း"

"အင်း အဲဒါ မင်း တကယ် ရှိမရှိကို စမ်းကြည့်တာပေါ့။ ဟုတ်တယ်။ မင်းဟာ တကယ် ရှိတယ်။ ဘာလို့လဲဆိုတော့ မင်းဟာ နာသွားတာကိုး"

"ဟုတ်ပါတယ်။ ကျွန်မဟာ တကယ် ရှိပါတယ်။ ရှင် လုပ်တာ လူ့ကို အတော်နာသွားတယ်"

ကျွန်မက အပြုံးဖြင့် ပြန်ပြောလိုက်သည်။ ယခုမှ ကျွန်မသည် အခြေအနေ မှန်ကို သိရတော့သည်။ စိတ်သက်သာရာ ရတော့သည်။ သူသည် ကျွန်မကို မကြိုက် မနှစ်သက်ခြင်း မဟုတ်။ ကျွန်မကို အလိုမရှိခြင်း မဟုတ်။

"ဒါဖြင့် ရှင် ကျွန်မကို သဘောမကျဘူးပေါ့"

"ဒီလိုတော့ မဟုတ်ပါဘူး။ မင်းပဲ ဖြစ်ဖြစ်၊ သည့်ပြင် မိန်းကလေးပဲ ဖြစ်ဖြစ်၊ ကိုယ့်အဖို့ အတူတူပဲ"

"ရှင် ဟို ဟို ပန်းသေတာတော့ မဟုတ်ပါဘူးနော်"

"ဘုရားရေ၊ မဟုတ်ရပါဘူး"

ယခုအခါတွင် ကျွန်မသည် သူနှင့် ကျွမ်းဝင် ရင်းနှီးလိုစိတ် ပြင်းပြ လျက် ရှိတော့၏။ ကျွန်မတို့ နှစ်ဦးကြားတွင် တံတား ခင်းလိုသည်။ သူ့ကို ချစ်ချင်သည်။ သူ့ အချစ်ကို ခံချင်သည်။ သူ၏ ငြင်းပယ်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စော်ကားခြင်းဟုတော့ မထင်။ သို့ရာတွင် ကျွန်မ၏ မာနကိုတော့ ဆတ်ဆတ်ခါ နာကျင်စေပါသည်။ ကျွန်မသည် လှ၏။ ဆွဲဆောင်မှု ရှိ၏။ ကျွန်မကို လိုချင်တပ်မက်ခြင်း မရှိဟု ဆိုရာတွင် ခိုင်လုံသော အကြောင်းချင်းတ မရှိတန်ရာပေ။ ယင်းကြောင့် ကျွန်မက ပွင့်ပွင့် ရှင်းရှင်းပင် ပြောလိုက်သည်။

"ဒီမယ်၊ ကျွန်မတို့ အရက်သောက်တာ လက်စသတ်ပြီး အိမ်ကို ပြန်ပြီး ချစ်ကြရအောင်"

"ဟွန့်အွန်း၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါဖြင့် ကျွန်မဟာ ဆွဲဆောင်မှု မရှိဘူးလို့ ရှင် ဆိုလိုချင်တာလား"

"ဒီလို မဟုတ်ပါဘူး။ သဘောပေါက်အောင် ကြိုးစားကြည့်စမ်းပါ"

"ကျွန်မဟာ ရှင့်ကို မဆွဲဆောင်နိုင်ဘူး ဆိုတာ ရှင်းနေတာပဲ"

ကျွန်မက ထပ်ပြောလိုက်သည်။ ထို့နောက် လက်တစ်ဖက်ဖြင့် သူ့မျက်နှာကို ပွတ်သပ်နေမိသည်။ ပထမတော့ သူက ကျွန်မ၏ အထိအတွေ့ကို တင်းခံနေသည်။ နောက်မှ သူ့ မေးဖျားသည် တဆတ်ဆတ် တုန်လာသည်။ သူ့တွင် တုံ့ပြန်တတ်မှု ရှိလေသည်။

"ဘယ်လို လုပ်နေတာလဲ။ ကိုယ်တို့ဟာ လူမြင်ကွင်းကြီးမှာ"

"အို ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

ထမင်းဆိုင် အတွင်း၌ အေးမြနေရိုး မှန်သော်လည်း ကျွန်မ ပါးများသည် တရှိန်းရှိန်း တဖိန်းဖိန်း ဖြစ်နေသည်။

"ပေးစမ်းပါ သူ့လက်"

ကျွန်မက ပြောလိုက်ရာ သူက စိတ်မပါ့တပါဖြင့် လက်ကမ်းပေးလိုက်သည်။ သူ့ လက်ကို ဆွဲယူ၍ ကျွန်မ မျက်နှာကို ထိတွေ့စေသည်။

"စမ်းကြည့်စမ်း။ ကျွန်မ ပါးတွေဟာ ဘယ်လောက် သွေးဆူနေသလဲ ဆိုတာ"

သူက ဘာမျှ မပြော။ ငေးမော၍သာ ကျွန်မကို ကြည့်နေ၏။ သူ့မေးသည် တဆတ်ဆတ် တုန်နေ၏။ လူ တစ်ယောက် ဝင်လာသဖြင့် မှန်တံခါးသံ ညီုးညီုးညံညံ ကြားရသည်။ ကျွန်မက သူ့ လက်ကို လွှတ်လိုက်သည်။ သူက စိတ်သက်သာရာ ရသွားသည့်အလား သက်ပြင်းကြီး တစ်ချက်ချလိုက်သည်။ ထို့နောက် ဝိုင်တစ်ခွက် ကောက်သောက်လိုက်သည်။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် အပြင်မှ ဝင်လာသူ ကျွန်မတို့ကို လွှန်သွားလျှင် လွှန်သွားချင်း ကျွန်မက သူ့ အင်္ကျီ ကျယ်သီးများကို ဖြုတ်၍ သူ့ ရင်ဘတ်ကို စမ်းကြည့်လိုက်သည်။

"ကျွန်မ လက်ကို နွေးအောင်လို့ပါ။ ပြီးတော့ ရှင် ရင်ခုန်တာကို လဲ သိချင်လို့ပါ"

ကျွန်မက လက်ကို မှောက်လိုက် လှန်လိုက်ဖြင့် သူ့ ရင်ဘတ်ကို ဖိကပ် စမ်းကြည့်နေမိသည်။

"မင့် လက်တွေက အေးနေတယ်"

သူက ကျွန်မကို ကြည့်၍ ပြောသည်။

"အခု နွေးလာပြီ"

ကျွန်မက ပြုံးလိုက်သည်။ သူ့ ရင်ဘတ် တစ်ခုလုံးကို လက်ဖြင့် ပွတ်သပ် နေမိသည်။

"သိပ်မကြာတော့ဘူးနော်။ ကျွန်မ ရှင့်ကို နမ်းတော့မယ်"

သူ့ကို ငေးကြည့်နေရာက ပြောင်စပ်စပ်နှင့် ရာဇသံ ပေးလိုက်သည်။

"မလုပ်နဲ့၊ မလုပ်နဲ့။ မင့်ကိုယ်ကို မင်း ထိန်းထားပါ"

သူက ထိတ်လန့်တကြားဖြင့် ကန့်ကွက်လိုက်သည်။

"ဒါဖြင့် သွားကြစို့"

"ကောင်းပြီ။ သွားချင်ရင် သွားကြမယ်"

သူက သောက်၍ မပြီးသေးသော ဝိုင်ပုလင်းကြီးအတွက် ကျသင့်ငွေကို ရှင်းပေးလိုက်သည်။ ထမင်းဆိုင်ထဲမှ ကျွန်မတို့ ထွက်လာခဲ့ကြသည်။ လမ်းတွင် သူက ဘာမှ မပြောပါ။ အတွေး ကျူးနေသဖြင့် ကျွန်မ ပြောသည်များကိုပင် ကြားချင်မှ ကြားပေမည်။ သူ့ ခါးကို ကျွန်မ ဖက်လိုက်သည်။ ပြီးတော့ ပြောမိ၏။

"ကျွန်မ ခါးကို ပြန်ဖက်ထားပါလား"

သူက မကြားသလိုပင်။ ဤတွင် ကျွန်မက သူ့ လက်ကို ယူ၍ ကျွန်မ ခါးတွင် ရစ်ထားလိုက်သည်။

တိုက်ကလေးအနီး ရောက်သောအခါ မှော်စင်အောက်တွင် ကျွန်မက တန့်ခနဲ ရပ်လိုက်သည်။

"ကျွန်မကို နမ်းစမ်းပါ"

"နောက်ကျမှ"

**မျိုးဆက်သစ်**

www.burmeseclassic.com

www.burmeseclassic.com



"အို အခုနမ်းပါ"

သူက မနမ်းပါ။ ယင်းကြောင့် ကျွန်မက သူ့ လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်၍ အတင်းတရကြမ်း နမ်းလိုက်သည်။ သူက နှုတ်ခမ်းများကို စေ့ထားသည်။ ကျွန်မက လျှာဖြင့် ထိုးသွင်းသည်။ သွား နှစ်တန်းကြားသို့ ဝင်သွားသည်ထိ ဖြစ်သည်။ နောက်ဆုံးတွင် သူ လျှော့ပေးရသည်။ သို့ရာတွင် ကျွန်မ၏ အနမ်းကို သူ တုံ့ပြန်ခြင်း ပြုမပြုကား မသေချာပေ။ မည်သို့ပင် ဖြစ်စေ၊ ကျွန်မက စိတ်မဆိုးပါ။ ထို့နောက် ကျွန်မတို့ လူချင်းခွာလိုက်ကြသည်။ သူ့ ပါးစပ် ပတ်ပတ်လည်တွင် နှုတ်ခမ်းနီ ဆေးတွေ စွန်းထင်းနေသည်ကို တွေ့ရ၏။ ယင်း အဖြစ်က သူ၏ တည်ကြည် လေးနက်သော မျက်နှာကို ရယ်စရာ ကောင်းစေပါတော့သည်။ ကျွန်မက ရွှင်မြူးအားရစွာ ရယ်ချလိုက်သည်။

"ဘာပြုလို့ ရယ်နေတာလဲ"

သူက ညည်းညူ စူးစမ်းလိုက်၏။ ကျွန်မက ချိန်ဆနေသည်။ နောက်တော့ အမှန်ကို ပြောပြရန် ဆုံးဖြတ်လိုက်သည်။ သူ့ မျက်နှာပေါ်မှာ အစွန်းအထင်းများ ရှိနေသည်ကို မသိဘဲ ကျွန်မ ဘေးတွင် အလောတကြီး လျှောက်သွားနေသော သူ့ကို ကြည့်လို၊ မြင်လို၊ သဘောကျနေလို သေးသောကြောင့် ဖြစ်သည်။

"အို ဘာမှ မဖြစ်ပါဘူး။ ပျော်လို့ ရယ်တာပါ"

ကျွန်မက ယင်းသို့ ပြန်ဖြေပြီး လှစ်ခနဲ တစ်ချက် နမ်းလိုက်ပြန်သည်။ ကြည်နူးသည်ကား မိုးသို့ ပျံကြွမတတ်ပင်တည်း။

ကျွန်မတို့ နှစ်ယောက် အိမ်ရှေ့ တံခါးဝသို့ ပြန်ရောက်ကြသော အခါတွင်ကား မော်တော်ကား မရှိတော့ပေ။

"ဟောဗျ။ ဂျင်ကာလို ပြန်သွားပြီ။ ကိုယ်တော့ အိမ်ပြန်ရောက်အောင် မိုင်ပေါင်းများစွာ လျှောက်ရတော့မှာပဲ"

"ည ဆွဲတဲ့ ခာတ်ရထားတွေ ရှိသားပဲ။ ဒါမှမဟုတ် ကျွန်မနဲ့အတူ အိပ်ချင်တယ် ဆိုရင်လဲ အိပ်ပေါ့"

"မအိပ်၊ မအိပ်၊ မအိပ်ဘူး"

သူက ကမန်းကတန်း ပြန်ပြော၏။ သို့ရာတွင် ကျွန်မတို့သည် အိမ်ထဲသို့ ဝင်ခဲ့ကြ၏။ လှေကားကို တက်ခဲ့ကြ၏။ အိမ်ရှေ့ခန်းသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါတွင် ကျွန်မက သူ့ကို ကျွန်မ အခန်းထဲသို့ တွန်းထည့်လိုက်သည်။ ပြီးတော့ ဧည့်ခန်းတွင်းသို့ ကပျာကယာ ခေါင်းပြူ ကြည့်လိုက်မိသည်။ တစ်ခန်းလုံး မှောင်နေသည်။ အပ်ချုပ်စက်နှင့် ကုလားထိုင်ပေါ်သို့သာ လမ်းမီးရောင် တစ်သွယ်က ပြတင်းပေါက်ကို ဖြတ်၍ ကျနေသည်။ အမေ အိပ်ပြီနှင့်တူသည်။ ဂျီဆယ်လာနှင့် ဂျင်ကာလိုတို့ကို သူမ တွေ့၍ စကားပြောလေသေးသလော မသိ။ ဧည့်ခန်း တံခါးကို ပိတ်၍ ကျွန်မ အခန်းသို့ ပြန်လာသည်။ သူက ခုတင်နှင့် ဗီရိုကြားတွင် လူးလာယောက်ယက်ခတ်နေသည်။

"ဒီမယ်၊ ကိုယ် သွားရင် ကောင်းမယ်နဲ့ တူတယ်"

သူက ပြောသည်။ ကျွန်မက မကြားဟန် ပြုပြီး ကုတ်အင်္ကျီကို ချွတ်၍ ချိတ်ထားလိုက်သည်။

"ဒီအခန်း ဘယ့်နှယ်နေလဲ။ မကောင်းဘူးလား"

ကျွန်မက မမေးဘဲ မနေနိုင်၍ ဝင့်ကြွားစွာ မေးလိုက်သည်။ သူက အခန်းကို လှည့်ပတ်၍ ကြည့်လိုက်ပြီး ဘာ့ကြောင့်မှန်း မသိ မျက်နှာကြီးရှုံ့လိုက်သည်။ ကျွန်မက သူ့ လက်ကို ဆွဲ၍ ခုတင်ပေါ်မှာ ထိုင်စေသည်။ သူသည် ကုတ်အင်္ကျီ ကော်လာကို ထောင်ထားလျက်နှင့် လက်များကို ကုတ်အင်္ကျီအိတ်ထဲ နှိုက်ထားလျက်နှင့်၊ ခုတင်ပေါ်တွင် ထိုင်နေရင်းနှင့် ကျွန်မကို ကြည့်နေသည်။ ကျွန်မက သူ့ ကုတ်အင်္ကျီနှင့် ဂျက်ကက်အင်္ကျီများကို ချွတ်၍ အင်္ကျီချိတ်တွင် ချိတ်ထားလိုက်သည်။ အလောတကြီး မဟုတ်ပါဘဲ သူ့ လည်စည်းနှင့် ရှပ်အင်္ကျီကို ချွတ်ပေးလိုက်ပြန်သည်။ ယင်းတို့ကို ကုလားထိုင်ပေါ်တွင် တင်ထားလိုက်သည်။ ယင်းနောက် ကျွန်မက ဒူးထောက်၍ ထိုင်လိုက်သည်။ ဖိနပ်ချုပ်သမား တစ်ဦးပမာ သူ့ ခြေထောက်ကို ကျွန်မ ပေါင်ပေါ် တင်လိုက်သည်။ ယင်းနောက် ဖိနပ်နှင့် ခြေအိတ်များကို ချွတ်၍ သူ့ ခြေထောက်ကို နမ်းလိုက်မိသည်။ ကျွန်မက တဖြည်းဖြည်းချင်းဖြင့်၊ စနစ်တကျနှင့်၊ တစ်ဆင့်ပြီး တစ်ဆင့် သူ့ အဝတ်များကို ချွတ်ပေးနေမိပါသည်။ ကျွန်မတွင် နှိမ့်ချစိတ်နှင့် မြတ်နိုးစိတ်များ တဖွားဖွား ပေါ်ပေါက်လျက် ရှိ၏။ ဘုရားရှိခိုးကျောင်းတွင် ဒူးထောက်၍ ဝတ်ပြုရသည့် အခါတွင် ခံစားရသည့် အတိုင်း ဖြစ်သည်။ သို့ရာတွင် ယောကျ်ား တစ်ယောက်နှင့် ပတ်သက်၍ကား ကျွန်မတွင် ဤခံစားမှုမျိုးသည် ပထမဆုံးအကြိမ် ပွင့်ဖူးလာခြင်း ဖြစ်၏။ ညစ်ညမ်းသော စိတ်ဆန္ဒတို့မှ



www.burmeseclassic.com

www.burmeseclassic.com



ပကတိ ကင်းလွတ်၍ ဖြစ်ပါသည်။ သူ့ တစ်ကိုယ်လုံးတွင် အဝတ်အစားများ ကင်းမဲ့သွားသောအခါ ကျွန်မသည် သူ့ ပေါင်ကြားတွင် ဒူးထောင်၍ သူ့ ကိုယ်ကို ရစ်ဖက်၍ ထားလိုက်သည်။ သူ့ကို ဖက်ထားရသည်မှာ မဟူရာရောင် ပန်းတစ်ပွင့်ကို လက်ထဲတွင် ကိုင်ထားရသည့်အလား ဖြစ်၏။ ကျွန်မသည် မျက်လုံးကို စုံမှိတ်၍ ကျွန်မ၏ ပါးပြင်နှင့် ဆံပင်များကို သူ့ ကိုယ်ပေါ်တွင် တင်တင်းကပ်ကပ်ကြီး ဖိအပ်ထားလိုက်သည်။

သူက ကျွန်မ လုပ်ချင်ရာကို လုပ်စေခွင့် ပြုပါသည်။ သူ့ မျက်နှာ အထားရ ခက်နေသည်ကို ကြည့်၍ ကျွန်မက သဘောကျနေမိသည်။ ထို့နောက် ကျွန်မ ထလိုက်သည်။ ခုတင် နောက်ဘက်သို့ သွား၍ အဝတ်အစား များကို ကမန်းကတန်း ချွတ်လိုက်သည်။ ကျွန်မ အဝတ်အစားများ အားလုံး ကို ကြမ်းပေါ်သို့ ချွတ်ချ၍ ခြေထောက်ဖြင့် နင်းချေမိနေသည်။ သူက ခုတင်စွန်းတွင် ထိုင်လျက်ပင် ရှိ၏။ တသိမ့်သိမ့် တုန်နေ၏။ မျက်လွှာ ချထား၏။ ကျွန်မက သူ့ နောက်မှ နေ၍ ဆတ်ခနဲ ဖက်လိုက်သည်။ ပြီးတော့ တွန်းလှဲချလိုက်သည်။ သူ့ ခေါင်းသည် ခေါင်းအုံးပေါ်သို့ ရောက်သွားသည်။ သူ့ကိုယ်သည် ရှည်လျား၍၊ သွယ်လျ၍ ဖွေးဖွေးဖြူပေသည်။ ကိုယ်ခန္ဓာများသည်လည်း မျက်နှာများမှာ ကဲ့သို့ပင် သူ့ အသွင်အပြင်နှင့်သူ ရှိလေသည်။ သူ့ ကိုယ်ထည်သည် သန့်စင်၍ ပျိုမျစ်သည်။ ကျွန်မက သူ့ဘေးတွင် ဝင်၍ လဲလျောင်းလိုက်သည်။ ကျွန်မ၏ ကိုယ်ထည်သည်လည်း သူနှင့် အလျားချင်း အတူတူလောက်ပင် ရှိသည်။ ကျွန်မက သူ့ကို အကြမ်းပတမ်းကြီး ဖက်လိုက်သည်။ ကျွန်မ၏ ကိုယ်ကို သူ့ တင်ပါးများနှင့် အတင်း ဖိထားလိုက်၏။ ကျွန်မ၏ လက်များက သူ့ ရင်ဘတ်ကို ဖက်ထားလိုက်၏။ ကျွန်မ၏ မျက်နှာကို သူ့ မျက်နှာနှင့် အပ်ထားလိုက်သည်။ ကျွန်မ၏ နှုတ်ခမ်းလွှာသည် သူ၏ ပါးပေါ်တွင် ရှိနေသည်။ ကျွန်မ၏ ကိုယ်ကို အန္တေးထည် ကမ္ဗလာကြီး တစ်ခု အဖြစ်နှင့် သူ့ ကိုယ်ကို ရစ်ပတ်၍ ထားလိုက်လိုသည်။ ကျွန်မ၏ စိတ်အား ထက်သန်ခြင်းများကို သူ့ထံသို့ ကူးပျံ့သွားစေလိုသည်။ သူသည် ခေါင်းကို အနည်းငယ် မြှင့်၍ ပက်လက် လှန်နေသည်။ မျက်လုံးများကို ဖွင့်ထားသည်။ ကျွန်မ၏ အပြုအမူများကို ကြည့်နေသကဲ့သို့ ဖြစ်သည်။ သူ၏ အကြည့်သည် ကျွန်မ၏ ကျောရိုးထဲသို့ စိမ့်ဝင်သွားသည်။ မသက်မသာ မကျေမချမ်းမှုများ ရှိလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့အား စိတ်အား တက်ကြွစွာ တင်းတင်း ကပ်ကပ် ဖက်ထားတိုင်း သူ့ထံမှ အေးစက်မှု၊ ကြောင်အမ်းအမ်း ကြည့်နေမှုတို့ကိုသာ ပြန်လည် ရရှိသဖြင့် ကြာတော့ ကျွန်မသည် ရှက်လာရတော့သည်။ စိတ်ကယောက်ကယက် ဖြစ်လာရတော့သည်။ ကျွန်မ၏ ထက်သန် ပြင်းပြမှုသည် လျော့ဆုံး ကုန်ခန်းသွားတော့၏။ ကျွန်မက သူ့ ဘေးမှ ဖြည်းလေးစွာ ခွဲခွာလိုက်သည်။ သူနှင့် ခပ်ကွာကွာတွင် ကိုယ့်ဟာကိုယ် ပက်လက်ကလေး ရှိနေရတော့သည်။ ကျွန်မ၏ ကြိုးပမ်းမှုများ အချည်းနှီး ဖြစ်ရသောအခါတွင် ကျွန်မ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံလာရတော့သည်။ ငိုကြွေးနေမိသည့် အဖြစ်ကို သူ မမြင် မသိအောင် ကျွန်မက မျက်နှာကို လက်မောင်းဖြင့် ဖုံးအုပ်ထားလိုက်သည်။

"ရှင် ပြန်တော့"

နောက်ဆုံးတွင် ကျွန်မက ပြောလိုက်သည်။

"ဘာလို့လဲ။ ဘာဖြစ်လို့လဲ"

သူက တံတောင် တစ်ဖက် ထောက်ပြီး ကျွန်မကို ကြည့်ရင်း ကြောင်စီစီဖြင့် မေးလေသည်။

"ပြန်ပါတော့ရှင်။ စိတ်ဆိုးလို့ ပြောနေတယ်လို့ မထင်ပါနဲ့။ ဒါပေမဲ့ ရှင်ဟာ ကျွန်မနဲ့ ပတ်သက်လို့ ဘာမှ တုန်လှုပ် ခံစားမှု မရှိဘူး မဟုတ်လား"

ကျွန်မက မျက်နှာကို လက်ဖြင့် ဖုံးထားရင်း တည်ငြိမ်စွာ ပြောလိုက်သည်။ သူက ဘာမျှ ပြန်မပြောပါ။ သို့ရာတွင် သူသည် ကျွန်မ ဘေးမှ အသာထ၍ သွားလေသည်။ ပြီးတော့ သူ့ အဝတ်များကို ဝတ်နေသည်။ ကျွန်မအား တစ်စုံတစ်ယောက်က ဓားနှင့် ထိုးဆွနေဘိသကဲ့သို့ ပြင်းပြသော ဝေဒနာ တစ်ရပ်ကို ခံစားနေရတော့၏။ သူ့အဝတ် ဝတ်နေသံကို နားထောင်ရင်း ရင်ထဲတွင် နာနေသည်။ မကြာမီ သူ သွားချေတော့မည် ဟူသော အသိကြောင့် ရင်ထဲတွင် နာနေသည်။ ကျွန်မသည် နောက်နောင်တွင် သူ့ကို ဘယ်သောအခါတွင်မျှ တွေ့ရတော့မည် မဟုတ်ချေ။ သူက အဝတ်များကို ခပ်ဖြည်းဖြည်းချင်း ဝတ်နေသည်။ ကျွန်မက သူ့ကို ပြန်ခေါ်လိမ့်မည်ဟု မျှော်လင့်၍လည်း ဖြစ်နိုင်စကောင်းသည်။ ကျွန်မကလည်း တစ်ချိန်မဟုတ် တစ်ချိန်တွင် သူ၏ စိတ်ဆန္ဒကို နှိုးဆွနိုင်ရန် ရည်သန်လျက် ရှိ၏။ ကျွန်မသည် စောစောက သူ့ ဘေးတွင် စောင်တစ်လွှာကို ခြုံ၍ လဲလျောင်း

www.burmeseclassic.com



နေခဲ့ခြင်း ဖြစ်သည်။ ကျွန်မသည် သူ့ကို မြူရင်းဆွယ်ရင်းနှင့်ပင် စွန့်ပစ်ထားခဲ့ခြင်း ခံရတော့သည်။ စိတ်အပျက်ကြီး ပျက်ရပေတော့မည်။ ကျွန်မကိုယ်ပေါ်မှ စောင်အလွှာကို ခြေထောက်များဖြင့် ကန်ကျောက်၍ ဖယ်ရှားပစ်လိုက်သည်။ ကျွန်မ ကိုယ်ကို တစ်ကြိမ် တစ်ခါမျှ၊ တစ်ခဏ ကလေးမျှ ဤကဲ့သို့ မဖော်ပြခဲ့ဘူးပါ။ ကျွန်မသည် ဗလာကိုယ်တည်း အဖြစ်နှင့်ပင် ခြေထောက်များကို ဖြန့်ချ၍ ထားလိုက်သည်။ မျက်နှာပေါ်တွင် လက်ကို ဖုံးတင်ထားသည်။ ဤအခါတွင် ကျွန်မသည် မှောက်မှားမှုကို ရရန် တဲတဲကလေးသာ ရှိတော့သည်။ သူ၏ လက်နှစ်ဖက်သည် ကျွန်မ၏ ပုခုံးများပေါ်သို့ ကျရောက်လာသည်။ သူ၏ ပါးစပ်သည် ကျွန်မ၏ ပါးစပ်ကို လာ၍ ထိတွေ့သည်။ သို့တစေလည်း နောက်တစ်ခဏချင်းမှာပင် တံခါးပိတ်သံကို ကြားလိုက်ရသည်။

ကျွန်မက စောစောက အတိုင်းပင် ရှိနေပါသည်။ မလှုပ်မယှက် ပက်လက်ကလေး ဖြစ်၏။ ကျွန်မသည် ကြေကွဲ ဝမ်းနည်းခြင်းမှ ငိုက်မြည်းထိုင်းမှိုင်းခြင်းသို့ ရောက်ရှိသွားတော့၏။ ထို့နောက် ကျွန်မ ကိုယ်တိုင် သတိမထားလိုက်မိဘဲနှင့် အိပ်ပျော်သွားလေတော့၏။ သို့ရာတွင် ကျွန်မသည် ညဥ့်သမယံမှာပင် ပြန်၍ နိုးလာပြီး အထီးကျန် ဘဝ ပထမဆုံး ခံစား သိရှိလိုက်ရပါတော့သည်။

www.burmeseclassic.com

## ၂

နောက်တစ်နေ့ မနက်ကျတော့ ကျွန်မ တွေ့ရှိရသည်မှာ အံ့သြစရာ ဖြစ်၏။ တစ်လနေနေ တစ်လဆန်းဆန်း နာမကျန်းနေရာမှ နာလန်ထလာသူ တစ်ဦးပမာ ပင်ပန်းနွမ်းနယ်နေ၏။ စိတ်များ ထိုင်းမှိုင်း လေးလံနေ၏။ တကယ်တော့ ကျွန်မတွင် မြူးကြွသည့် သဘာဝ ရှိ၏။ ကျွန်မ၏ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းမှုကြောင့် ဖြစ်၏။ တော်ရုံ တန်ရုံ စိတ် ညစ်ညူးစရာများကိုတော့ မမှုပါ။ ညက ဘာကြီးပဲ ဖြစ်ခဲ့ ဖြစ်ခဲ့၊ နောက်တစ်နေ့ မနက်ကျလျှင် ကျွန်မသည် အမေ့ကို ရယ်စရာ မြူးစရာ ပြောလေ့ ရှိသည်။ သို့ရာတွင် ထိုနေ့ မနက်ကတော့ ကျွန်မ၏ ပေါ့ပါး ဖျတ်လပ်မှုများသည် လုံးဝ ဆိတ်သုဉ်းလျက် ရှိတော့၏။ ယင်း အဖြစ်ကို အမေက သတိပြုမိသဖြင့် ညက အိပ်ရေး မဝ၍ဟု ကျွန်မက ပြောရသည်။

အမှန်ပင် ဖြစ်၏။ ဂျီယာကိုမို၏ ငြင်းပယ်မှုသည် ကျွန်မကို အတိုင်းအဆ မရှိ သိမ်ငယ်သွားစေတော့၏။ ယခင်ကဆိုလျှင် ကျွန်မ ဘဝကို ကျွန်မ မမြင်ခဲ့။ မြင်သည့်တိုင်အောင်လည်း ဂရုမပြုခဲ့။ ယခုတော့ သူ၏ ငြင်းပယ်မှုသည် ကျွန်မ၏ ဘဝနှင့် လုပ်ငန်းကြောင့်ပင် ဖြစ်ကြောင်းကို သိရတော့သည်။ ဤအခါတွင် ကျွန်မသည် သည်းမခံနိုင်ခြင်း၊ မုန်းတီးနာကြည်းခြင်းများ ဖြစ်လာရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အခန်းအကြောင်း သူ့ကို မေးကြည့်သောအခါက သူ့မျက်နှာကြီး ရှုံ့တွသွားခြင်းသည် ရွံရှာစက်ဆုပ်ခြင်းပင် ဖြစ်၏။ 'ပြည့်တန်ဆာ တစ်ယောက်ရဲ့ အခန်းပဲ' ဟု သူက တွေးလိုက်ပုံရ၏။ သူ့လို လူမျိုး တစ်ယောက် အဖို့တော့ ကျွန်မ၏ အခန်းသည် ယုတ်ညံ့သော တင်းကုပ်ကလေးသာ ဖြစ်၏။ ခေတ်ဆန်သော ပရိဘောဂများကြောင့် ပို၍ပင် အကျည်းတန် အရုပ်ဆိုးပေမည်။

ဤမည်သော ရောင်ပြန်ချက်များသည် ကျွန်မ၏ အသွေးအသားများ ထဲသို့ ရေရှည် အဆိပ်အဖြစ်နှင့် စိမ့်ဝင်လျက် ရှိကြတော့၏။ ကျွန်မက မနက်မနက်များတွင် အိပ်ရာထဲ၌ အကြာကြီး ပျင်းရိ၍ နေတတ်သော်လည်း တစ်ချိန် တစ်ချိန်တွင်တော့ ကျွန်မကို ရစ်ပတ်လျက် ရှိသော စောင်များကို ကန်ကျောက်ပစ်၍ အိပ်ရာမှ ခုန်ထလေ့ ရှိပါသည်။ သို့ရာတွင် ထိုနေ့ နံနက်ကတော့ ထုံးတမ်းစဉ်လာနှင့် ဆန့်ကျင်၍ ဖြစ်ပျက်လေသည်။ တစ်မနက်လုံး အိပ်ရာပေါ်တွင် အချိန်ကုန်သွားသည်။ ထမင်းစားချိန်တွင် ထရန် ကြိုးစားသည်။ သို့ရာတွင် မရ။ တစ်ခုခုဖြင့် တုပ်နှောင်ထားသကဲ့သို့ ဖြစ်သည်။ ကျွန်မသည် စောင်များဖြင့် ဗလုံးဗထွေး ရစ်ပတ်ကာ အဘယ်မျှ ကြာအောင် ထိုနည်း ထိုပုံ လဲလျောင်းနေမိသည် မသိ။ ယင်းသို့ဖြင့် မွန်းတည့် ခေါင်းလောင်းသံ ကြားရသည်။ ထို့နောက် တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီးသံများ ကြားရသည်။ ကျွန်မက တံခါးကို သော့ခတ်၍ ထားခဲ့သည်။ အမေသည် မကြာခဏ ဆိုသလိုပင် စိုးရိမ်ပူပန်စိတ်ဖြင့် တံခါးခေါက်လာသည်။ ကျွန်မက အခုပဲ ထမည်ဟု ပြောလိုက်သောအခါ သူသည် ထွက်ခွာ၍ သွားပြန်တော့သည်။

အလင်းရောင် ဖျော့ဖျော့ မှိန်လေသော အခါတွင်မှ ကျွန်မသည် မရမကကြီး ကြိုးစား၍ စောင်များကို ဖယ်ရှား တွန်းကန်ပစ်ကာ အိပ်ရာမှ ထမိတော့၏။

ကျွန်မ၏ ခြေလက်တို့သည် လေးလံ ဆိုင်းတွလျက် ရှိ၏။ တရွတ်ဆွဲလျက် ရှိ၏။ ကျွန်မ၏ စိတ်များသည် ဟာလာဟင်းလင်း ဖြစ်နေသည်။ ကျွန်မ သိနေသည်မှာ တစ်ခုပဲ ရှိသည်။ အပြင်သို့ ထွက်၍ လူရှာလိုစိတ် တစ်စက်ကလေးမျှ မရှိခြင်းပင် ဖြစ်သည်။ အဝတ်အစားများ ဝတ်ဆင်ပြီးသော အခါတွင် အမေ့ကို ကျွန်မတို့ သားအမိ နှစ်ယောက် အပြင်သို့ အတူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြရန် ပြောလိုက်ပါသည်။ ဟိုလျှောက် ဒီလျှောက် လုပ်ပြီး စားကြသောက်ကြရန်ပင် ဖြစ်သည်။

ကျွန်မ၏ ဖိတ်မန္တက ပြုမှုအတွက် အမေက ဆွေ့ဆွေ့ခုန်ဝမ်းမြောက်သွားပါသည်။ အမေက အဝတ် ဝတ်နေသည်ကို ကျွန်မက ဝိုးတဝါး လင်းနေသော အခန်းထဲရှိ စားပွဲတွင် ထိုင်၍ လေ့လာနေပါသည်။ စားပွဲပေါ်တွင် ဖဲချပ်များ စီတန်းနေသည်ကို တွေ့ရ၏။ အမေ့အဖို့ ရသေ့စိတ်ဖြေပင် ဖြစ်၏။ ဤတွင် ကျွန်မသည် ရုတ်ချည်းဆိုသလို ထူးဆန်းသော စိတ်အာရုံ တစ်ခု ဖြစ်ပေါ်လာပါသည်။ ကျွန်မ ကိုယ်ကို အမေ့ နေရာတွင် ထားကြည့်သည်။ တစ်ဖက်ခန်းတွင် ယောကျာ်း တစ်ယောက်နှင့် ပျော်ပါးနေသော သမီးကလေး အက်ဒရီယာနာအား စောင့်စားနေရသည့် အဖြစ်ကို စိတ် အာရုံတွင် ထင်မြင်လာမိသည်။

တံခါးဖွင့်သံ ကြားမှ ကျွန်မသည် နေ့ခင်း အိပ်မက်များမှ လန့်၍ နိုးလေတော့သည်။ အမေက မီးကို လင်းစေရင်း–

“မှောင်ကြီး မည်းကြီးထဲမှာ နင် ဘာလာလုပ်နေတာလဲ”

ကျွန်မက ခုန်၍ ထလိုက်သည်။ ကျိန်းကျိန်း စပ်စပ်ဖြင့် အမေ့အား ကြည့်လိုက်သည်။ အမေက အဝတ်အစား အသစ်ကျပ်ချွတ်များနှင့် ဖြစ်၏။ ဦးထုပ်ကား ဆောင်းမထားချေ။ မည်သည့် အခါကမျှ မဆောင်းခဲ့၍ ဖြစ်သည်။ လက်တစ်ဖက်တွင် သားရေအိတ် အနက်ကြီး တစ်ခု ရှိ၏။ လည်ပင်းတွင် သိုးမွေးထည် တစ်ခု ပတ်ထားသည်။ အမေက ခေါင်းဖြူဖြူကို သပ်သပ်ရပ်ရပ် ကျကျနန စည်းထားသည်။ သူမ၏ တွန့်ရှုံ့နေသော ပါးပြင်များကို ပင် ပေါင်ဒါများ လိမ်းဖို့ထားလေသည်။ အမေ့ကို ယင်းကဲ့သို့ အလေးအနက် ရှိသည်ကို လည်းကောင်း၊ ဖြီးလိမ်း ဆင်ယင်ထားသည်ကို လည်းကောင်း တွေ့မြင်ရသောအခါ ကျွန်မက မပြုံးဘဲ မနေနိုင်ပါ။ ပြီးတော့မှ ကျွန်မက ပြောလိုက်သည်။

“သွားကြစို့”

ကျွန်မတို့သည် ဓာတ်ရထား စီး၍ အမျိုးသား လမ်းမကြီး ထိပ်တွင် ဆင်းကြပါသည်။ အမေသည် ဆိုင်ကြီး ဆိုင်ကောင်းများ ရှိရာ မင်းလမ်းများ တစ်လျှောက်တွင် ဟိုငေး ဒီငေးနှင့် ဖြည်းဖြည်းဆေးဆေး သွားလိုသူ တစ်ဦး ဖြစ်ပါသည်။ အမေသည် ကျွန်မ ငယ်ရွယ်စဉ်က ဤနေရာများသို့ မကြာခဏ ဆိုသလို ကျွန်မကို ခေါ်လာလေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သည် လျှောက်ရင်း လျှောက်ရင်းနှင့် တစ်ဆိုင်ပြီး တစ်ဆိုင် ဖြတ်ကျော်လာကြသည်။ အမေသည် ရွှေငွေရတနာဆိုင် တစ်ခုရှေ့တွင် ရပ်လိုက်သည်။

"ကြည့်စမ်း၊ ဟိုလက်စွပ်ကို ကြည့်စမ်း။ ဘယ်လောက်များ တန်လိုက်မလဲလို့။ ဟိုရွှေလက်ကောက်ကြီးကကော။ ငါက လက်စွပ်နဲ့ လက်ကောက်တွေကိုတော့ ဒါလောက် မတပ်မက်ပါဘူး။ ဒါပေမဲ့ လည်ဆွဲ ကောင်းကောင်း ဆိုရင်တော့ သိပ်သဘောကျတယ်။ ငါ့မှာ အရင်တုန်းက သန္တာလည်ဆွဲ တစ်ခု ရှိတယ်။ ဒါပေမဲ့ ရောင်းပစ်လိုက်ရပါပြီ"

"ဘယ်တုန်းကလဲ"

"အို နှစ်ပရိစ္ဆေဒတွေ ကြာလှပြီ"

ဘာ့ကြောင့်မှန်းတော့ မသိ။ ကျွန်မ လုပ်ငန်း၏ ဝင်ငွေကို သတိရမိသည်။ ယခုအထိတော့ ကျွန်မ ရသော အခကြေးငွေဖြင့် လက်စွပ်ကလေး တစ်ကွင်းလောက်ကိုမျှ မဝယ်နိုင်ခဲ့သေးချေ။

"ဒီမယ် အမေ ကျွန်မ ဆုံးဖြတ်လိုက်ပြီ။ ကျွန်မ နောက်ကို ဘယ်တော့မှ အိမ်ကို လူတွေ ခေါ်မလာတော့ဘူး"

ကျွန်မက အမေကို ပြောလိုက်သည်။ ဤကား ကျွန်မ၏ လုပ်ငန်းနှင့် ပတ်သက်၍ အမေ့ကို ပထမဆုံး အကြိမ် ဖွင့်ဟ ပြောဆိုမိခြင်းပင် ဖြစ်၏။

"နင့်ကို ငါ ခဏခဏ ပြောဖူးသားပဲ။ နင် ကြိုက်တာလုပ်။ နင် စိတ်ချမ်းသာရင် ငါ စိတ်ချမ်းသာတာပဲ"

သို့ရာတွင် အမေ့ကို ကြည့်ရသည်မှာ စိတ်ချမ်းသာပုံ မရပေ။

"ကျွန်မတို့ဟာ အရင်တုန်းက ဘဝကိုပဲ ပြန်သွားကြရလိမ့်မယ်။ အမေဟာ ရုပ်အင်္ကျီတွေ ညှပ်ပြီး ချုပ်ရပြန်ဦးတော့မယ်"

ကျွန်မက ဆက်ပြောလိုက်သည်။

"ငါ ဒီအလုပ် လုပ်ခဲ့တာ နှစ်ပရိစ္ဆေဒ ကြာလှပါပြီ"

"ကျွန်မတို့ဟာ အခုလောက်တော့ ဝင်ငွေ ကောင်းတော့မှာ မဟုတ်ဘူး။ နောက်ဆုံးကျရင် ကျွန်မတို့ဟာ ပျက်စီးခြင်း ငါးပါး တိုင်မှာပဲ။ ကျွန်မလဲ ဘာလုပ်ရမယ် မသိဘူး"

"နင် ဘာလုပ်မလို့လဲ"

အမေက မျှော်လင့်တကြီးဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး။ ကိုယ်ဟန်ပြမယ် ပြန်လုပ်ချင် လုပ်မယ်။ ဒါမှမဟုတ် အမေ့ အလုပ်ကို ကူလုပ်မယ်"

"နင်က ငါ့ကို ဘာကူလုပ်နိုင်မှာမို့လဲ"

"ဒါမှ မဟုတ်ရင်လဲ အစေခံပဲ ဝင်လုပ်မှာပဲ။ သည့်ပြင် ဘာလုပ်စရာ ရှိသေးလို့လဲ"

အမေ၏ မျက်နှာသည် ယခုအခါ ပူပန်ညှိုးငယ်ခြင်း၊ စိတ်ဒုက္ခ ရောက်ခြင်းတို့ဖြင့် အတိပြီးနေသည်။

"နင် စိတ်ချမ်းသာမယ် ဆိုရင်တော့ လုပ်ချင်ရာ လုပ်ပေါ့။ ငါတော့ ဒါပဲ ပြောနိုင်မယ်"

သူမ၏ အတွင်းမနောဝယ် ဆန့်ကျင်ဘက် နှစ်ခု ပဋိပက္ခ ဖြစ်လျက် ရှိသည်။ ကျွန်မက သတိပြုမိ၏။ တစ်ခုက ကျွန်မကို ချစ်ခြင်း ဖြစ်ပြီး၊ တစ်ခုက သက်သောင့်သက်သာ နေလိုခြင်းပင် ဖြစ်၏။ ကျွန်မက အမေ့ အတွက် စိတ်မကောင်းမိပါ။ အမေသည် ဤအချက် နှစ်ခုအနက် တစ်ချက် ချက်ကိုတော့ စွန့်သင့်ပေသည်။

"ကျွန်မဟာ ဟိုတုန်းကလဲ မပျော်ခဲ့ပါဘူး။ အခုလဲ မပျော်ပါဘူး။ အဲဒီနည်းနဲ့ ဆက်ပြီး စခန်းမသွားနိုင်တော့တာ တစ်ခုပါပဲ"

သည့်နောက်တွင်ကား ကျွန်မတို့သည် ဘာမျှ ထပ်၍ မပြောကြတော့။ အမေ၏ မျက်နှာသည် ပကတိ ဖြူရော်၍ ပျက်သုဉ်းခြင်း ရှိလေပြီတည်း။ သူမသည် ဆိုင်ပြတင်းပေါက်များကို အာရုံ စူးစိုက်လျက် ကြည့်နေတော့ သည်။ သို့ရာတွင် စိတ်ပျော်ရွှင် ကြည်နူးမှုနှင့် စိတ်ပါဝင်စားမှုကား မရှိတော့ ချေ။ သူမ၏ မျက်လုံးများသည် ငေးမော၍ ကြည့်နေသော်လည်း မြင်ချင်မှ မြင်ပေတော့မည်။ သို့မဟုတ် ခင်းကျင်း ပြသထားသော ကုန်ပစ္စည်းများကို မမြင်ဘဲ အပ်ချောင်းကလေး ကျလိုက် တက်လိုက် ရှိနေသော အပ်ချုပ်စက်ကို သာ မြင်ယောင်၍ နေပေတော့မည်။

ပိုးနှင့် သက္ကလတ်ထည်များ ခင်းကျင်း ပြသထားသော ဆိုင်တစ်ဆိုင် ရှေ့တွင် ကျွန်မတို့ ရပ်နေမိကြသည်။

"ဟိုမှာ ကြည့်စမ်း။ ခေါင်းစည်း အစကလေး။ ဘယ်လောက် လှသလဲ။ ငါ လိုချင်နေတာ အဲဒါမျိုးပဲပေါ့"

အမေက ပြောလိုက်သည်။ အမေ ပြောသော အထည်ကို ကျွန်မ ကြည့်လိုက်သည်။ တကယ်ပင် လှပေသည်။ အရောင်အသွေးမှာ အဖြူနှင့်

www.burmeseclassic.com

www.burmeseclassic.com



အမည်း ဖြစ်၏။ အကွက်အဆင်မှာ ငှက်ကလေးတွေနဲ့ သစ်ရွက်တွေ ဖြစ်၏။ ဆိုင်တံခါးကို ဖွင့်ထားသဖြင့် အရောင်းကောင်တာကို ကောင်းစွာ မြင်ရသည်။ ကောင်တာပေါ်တွင် အကန့်အကန့်ကလေးများ ပိုင်းထားသော ဗျပ်ခွက် တစ်ခွက် ရှိသည်။ အကန့်တိုင်းမှာပင် အမေ ပြသော ခေါင်းစည်း အစမျိုးများ မသပ်မရပ် စုပုံလျက် ရှိ၏။

"အမေ ကြိုက်သလား"

"အင်း။ ဘာလို့လဲ"

"ကြိုက်ရင် ရစေ့မယ်။ ဒါပေမဲ့ ပထမဆုံး အမေနဲ့ ကျွန်မ လက်ကိုင် အိတ်ချင်း လဲရအောင်"

အမေက မည်သို့မျှ နားလည်သဘောပေါက်ခြင်း မရှိသဖြင့် ကျွန်မကို ငေးမော၍ ကြည့်နေသည်။ ကျွန်မက ဘာမျှ ပြောမနေတော့ဘဲ သူမ၏ သားရေအိတ် အနက်ကြီးကို ယူလိုက်ပြီး ကျွန်မ၏ လက်ပွေ့အိတ်ကလေးကို သူ့ လက်ထဲသို့ ထည့်ပေးလိုက်သည်။ အမေ၏ အိတ်ကို ဖွင့်ကိုင်ရင်း ကျွန်မက ဆိုင်ထဲသို့ ဝင်သွားသည်။ ယခုထိ ဘာမျှ နားလည်ခြင်း မရှိသေး သော်လည်း ဘာမျှလည်း မေးမြန်းခြင်း မပြုဝံ့သည် အမေသည် ကျွန်မ၏ နောက်မှ လိုက်လာပါသည်။

"ခေါင်းစည်း ကြည့်ချင်လို့"

ကျွန်မက အရောင်းစာရေးမကို ပြောလိုက်သည်။

"ဒါတွေက ပိုး၊ ဒါတွေက ရှုံသား၊ ဒါတွေက သိုးမွေး၊ ဒါတွေက ချည်"

စသည်ဖြင့် သူမက ပြောရင်း ခေါင်းစည်းများကို ကျွန်မ ရှေ့တွင် လှန်လှော ပြသလျက် ရှိ၏။ ကျွန်မက ကောင်တာ အနီးသို့ ရောက်အောင် လျှောက်သွားပြီး လက်ကိုင်အိတ်ကို ကျွန်မ၏ ဗိုက်နှင့် တည့်တည့်လောက် တွင် ကိုင်ထားလိုက်သည်။ ပြီးတော့ လက်တစ်ဖက်ဖြင့် ခေါင်းစည်းစများကို စစ်ဆေးကြည့်ရှုသည်။ ဖြန့်ကြည့်သည်။ အလင်းရောင်တွင် ထောင်၍ အဆင် အသွေးကို ကြည့်သည်။ ထို့နောက် ကျွန်မက အရောင်းစာရေးမကို မေးလိုက် ပြန်သည်။

"ဒါ့ထက် ကောင်းတာ လိုချင်တယ်"

"အသား ကောင်းကောင်းတွေ ရှိပါတယ်။ ဒါပေမဲ့ ဈေးကြီးတယ်"

www.burmeseclassic.com



"ပြစမ်းပါ"

စင်ပေါ်မှ သေတ္တာ တစ်ခုကို ချရန် သူမက တစ်ဖက်သို့ လှည့်လိုက်သည်။ ကျွန်မက ဤအခွင့်အရေးကို စောင့်နေသူ ဖြစ်သည်။ တစ်ခဏအတွင်းမှာပင် ခေါင်းစည်းစ တစ်စကို ဆွဲယူ၍ အိတ်ထဲတွင် ထည့်ထားလိုက်ပြီးသား ဖြစ်သွားသည်။

အရောင်းစာရေးမ ပြသော အထည်များကို ကျွန်မက စိမ်ပြေနပြေ ကြည့်နေသည်။ အရောင်အသွေးနှင့် အဆင်ကွက်များကို ဝေဖန်သမှု ပြုသည်။ အချို့ကို အမေ့အား ပြကြည့်သည်။

"ဘယ်လောက်လဲ"

နောက်ဆုံးတွင် ကျွန်မက မေးလိုက်သည်။ အမျိုးသမီးက ဈေးပြောသည်။

"ရှင်ပြောတာ မှန်တယ်။ ကျွန်မတို့အတွက် ဈေးများလွန်းတယ်။ ကျေးဇူးတင်ပါတယ်"

ကျွန်မတို့သည် ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ ကျွန်မက အနီးရှိ ဘုရားရှိခိုးကျောင်းဆီသို့ ခပ်သုတ်သုတ် လျှောက်သွားနေမိသည်။ အရောင်းစာရေးမက ခေါင်းစည်းစ တစ်စ အခိုးခံရသည်ကို သိသွားပြီး လူအုပ်ကြီးထဲတိုး၍ ကျွန်မတို့နောက် ပြေးလိုက်လာမည်ကို စိုးသောကြောင့် ဖြစ်၏။ အမေက ကျွန်မ၏ လက်မောင်းကို ဆွဲ၍ ထိတ်ထိတ်ပျာပျာနှင့် လိုက်ပါလာ၏။ ကျွန်မသည် ခေါင်းစည်းစကို အဘယ့်ကြောင့် ခိုးယူမိသည် မသိ။ သို့ရာတွင် ဤကိစ္စမှာ ရေးကြီးခွင်ကျယ် မဟုတ်ပါ။ အကြောင်းမူ ကျွန်မသည် အရင် တစ်ကြိမ်ကလည်း ဂျီနီ၏ သခင်မ ပေါင်ဒါဘူးကို ခိုးယူခဲ့ဖူးပြီ ဖြစ်၏။ ဤကိစ္စမျိုးတွင် ပထမ အထစ် အရေးကြီး၏။ ယခုမှ လူတွေ ဘာကြောင့် ခိုးဂုဏ်ကြကြောင်းကို ကျွန်မ နားလည်မိသည်။

အတန်ငယ် လျှောက်မိသော အခါတွင် ကျွန်မတို့သည် ဘုရားရှိခိုးကျောင်းကလေးထဲသို့ ရောက်ရှိသွားကြသည်။ ကျွန်မက အမေ့ကို လက်ကိုင်အိတ် လှမ်းပေးလိုက်ပြီး ခေါင်းစည်းစကို တပ်ရန် ပြောလိုက်သည်။ အမေက အိတ်ကို ဖွင့်၍ ခိုးယူလာသော အထည်ကို ခေါင်းတွင် အုပ်သိုင်း၍ စည်းလိုက်သည်။ ထို့နောက် ကျွန်မတို့သည် ဝတ်ပြုခုံများ၏ ရှေ့ဆုံးတန်းတွင် သွား၍ ထိုင်လိုက်ကြသည်။ ကျွန်မက ဒူးထောက်၍ ဝတ်ပြုသည်။ အမေက နေရာတွင် ထိုင်မြဲထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်မတို့သည် ဆိုင်တစ်ဆိုင်သို့ သွား၍ ဗားမှ သောက်ကြပါသည်။ ကျွန်မက အမေ့ကို ကိတ်မုန့် နှစ်ခု အတင်း ကျွေးပါသည်။ အမေက အတော်ကြီး ကျေနပ်သဘောကျလျက် ရှိပါသည်။ ကျွန်မတို့သည် ဆိုင်ထဲတွင် ဆယ့်ငါးမိနစ်ခန့် ထိုင်၍ ဝင်ထွက် စားသောက်နေကြသူများကို ကြည့်ရှုနေမိကြပါသည်။ ကျွန်မက လက်ကိုင်အိတ်ကို ဖွင့်၍ စီးကရက်ဘူးကို ထုတ်လိုက်သည်။ ထို့နောက် တစ်လိပ် မီးညှိသောက်သည်။ ကျွန်မတို့လို မိန်းမစားများသည် လူသူ စည်ကားရာ အရပ်တွင် ယောကျ်ားတွေ၏ အာရုံပြုမှုကို ရယူရန် ဆေးလိပ် သောက်ကြရပါသည်။ သို့ရာတွင် ကျွန်မသည် ထိုအချိန်က လူတစ်ယောက် ရရှိရန်ကို မရည်ရွယ်ခဲ့ပါ။ အမှန်မတော့ ကျွန်မက ထိုနေ့ညအဖို့ မည်သူနှင့်မျှ အဆက်အဆံ မလုပ်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်၏။ ကျွန်မက စီးကရက်ကို နှုတ်ခမ်း နှစ်ခုကြားတွင် တပ်လိုက်သည်။ မီးခိုးများကို ရှိုက်လိုက်သည်။ ထို့နောက် ပါးစပ်နှင့် နှာခေါင်းပေါက်တို့မှ ပြန်၍ မှုတ်ထုတ်လိုက်သည်။ ကျွန်မက စီးကရက် လက်ကြား ညှပ်၍ လူတွေကို ကြည့်နေမိသည်။

သို့ရာတွင် ကျွန်မ၏ ဟန်ပန်အမူအရာတွင် လှုံ့ဆော်မှုများ ရှိနေသည်နှင့် တူသည်။ ကောင်တာ အနီးတွင် ထိုင်၍ ကော်ဖီသောက်နေသူ တစ်ဦးသည် ကော်ဖီပန်းကန်ကို ပါးစပ်နား ရောက်ခါမှ မသောက်သေးဘဲ ရပ်ထားလိုက်ပြီး ကျွန်မကို စိုက်၍ ကြည့်နေသည်။ သူသည် အသက်လေးဆယ်ကျော် တစ်ဦး ဖြစ်သည်။ အရပ်ပု၍ ဆံပင်ထူသည်။ ကောက်သည်။ သူသည် ကုပ်မရှိလောက်အောင် ပုတိုသည်။ သူသည် ကော်ဖီကို မသောက်ဘဲ ကျွန်မကို ငေးစိုက် ကြည့်နေသည်။

ယခုကိစ္စသည် ကျွန်မ၏ လုပ်ငန်းကို ပြောင်းလဲရန် ဆုံးဖြတ်ပြီးနောက် တစ်နာရီလောက် အကြာတွင် ဖြစ်ပေသည်။ ကျွန်မက ဒီအလုပ်မျိုးကို မလုပ်တော့ဟု ဆိုထားပြီး ဖြစ်သည်။ သို့ရာတွင် ကျွန်မသည် ဘုရားရှိခိုးကျောင်းမှ ထွက်လာသောအခါတွင် အတွေးများ တစ်မျိုးပြောင်းလဲလာပြန်သည်။ ကျွန်မက အတန်ကြာ ချိန်ဆစဉ်းစားနေပြီးနောက် မျက်လွှာပင့်၍ သူ့ကို ကြည့်လိုက်သည်။ ကြာအပြည့်နှင့် ဖြစ်သည်။ မျက်လုံးချင်း ဆိုင်မိသောအခါတွင် သူ့ မျက်နှာတွင် သွေးလျှမ်းသွားသည်။ သူက ကော်ဖီ တစ်ကျိုက် သောက်လိုက်ပြီး ပန်းကန်ကို ပြန်ချထားလိုက်သည်။ ထို့နောက် ငွေသိမ်း

www.burmeseclassic.com

www.burmeseclassic.com



စားပွဲသို့ သွား၍ ကျသင့်ငွေကို ချေသည်။ တံခါးဝသို့ ရောက်သောအခါတွင် သူက ကျွန်မဘက်သို့ လှည့်၍ နားလည်မှု အရိပ်အခြည် ပြသည့်အနေဖြင့် ကြည့်လိုက်သည်။

"ကျွန်မတို့ လမ်းခွဲကြစို့။ အမေ ဒီမှာ ခဏနေဦး။ အတူတူ ထွက်လို့ မဖြစ်ဘူး"

"နင် ဘယ်သွားမလို့လဲ။ ဘာကိစ္စလဲ"

"ကျွန်မကို လူတစ်ယောက်က အပြင်မှာ စောင့်နေတယ်။ ဟောဒီမှာ ပိုက်ဆံ ပေးစရာ ရှိတာကို ပေးပြီး အိမ်ပြန်ပေတော့။ ကျွန်မကတောင် အမေ့အရင် အိမ်ကို ရောက်ရင် ရောက်နေလိမ့်မယ်။ အဲ ကျွန်မ တစ်ယောက် တည်းတော့ မဟုတ်ဘူးပေါ့"

အမေက ကျွန်မကို စိတ်ပျက် အားလျော့စွာနှင့် ကြည့်နေသည်။ နောင်တ တစ်မျိုးပင် ဖြစ်သည်ဟု ကျွန်မက ထင်ပါသည်။ သို့ရာတွင် အမေက ဘာမျှတော့ မပြောပါ။ ကျွန်မက အမေ့ကို ခေါင်းညိတ် နှုတ်ဆက် ထွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၃

သူ့အကြောင်း ဘာမျှ မတွေးတောတော့ပါဘူးဟု ဆုံးဖြတ်ကာ ကျွန်မသည် ဂျီယာကိုမိုကို လက်လျှော့လိုက်တော့၏။ ကျွန်မ သူ့ကို ချစ်သည်။ တုံ့ပြန်မည်ဆိုလျှင် ပျော်ရွှင်မည်။ သူ့ကို အရင်ကထက် တိုး၍ ချစ်မိပေဦးတော့မည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ကျွန်မသည် သူ၏ စော်ကား နှိမ့်ချခြင်းကိုလည်း ဘယ်တော့မျှ မခံတော့ဟုလည်း ဆုံးဖြတ်ထားလိုက်ပါသည်။ အကယ်၍များ သူ လာခဲ့လျှင် ကျွန်မက သူ့ရှေ့တွင် ခါးထောက်၍–

"ဒီမယ် ကျွန်မဟာ မိန်းမပျက် တစ်ယောက်ပဲ။ ဒါပဲ။ ရှင် ကျွန်မကို လိုချင်ရင် ကျွန်မကို မိန်းမပျက် တစ်ယောက်အနေနဲ့ လက်ခံ ဆက်ဆံဖို့ပဲ" ဟု ခပ်တင်းတင်း ပြတ်ပြတ်ပင် ပြောလိုက်မည်။

ကျွန်မ၏ ခွန်အားသည် ကျွန်မ မျှော်မှန်းထားသော ဘဝတွင် မရှိ။ ကျွန်မ၏ လက်ရှိ ဘဝတွင်သာ ရှိသည်။ ကျွန်မ၏ ခွန်အားသည် ကျွန်မ၏ ဆင်းရဲခြင်း၊ ကျွန်မ၏ လုပ်ငန်း၊ ကျွန်မ၏ အမေ၊ ကျွန်မ၏ အကျည်းတန်သော အိပ်ခန်း၊ ကျွန်မ၏ ရွက်ကြမ်းရေကျို အဝတ်အစားများနှင့် ကျွန်မ၏ ဘဝအကြောင်း မကောင်းမှုတို့ပေါ်တွင်သာ တည်လေမည်။ ဖြစ်ချင်သည်များ ပေါ်တွင် မရပ်တည်ဘဲ တကယ် ဖြစ်ပျက်နေသည်များပေါ်တွင်သာ ရပ်တည်ကာ ကျွန်မသည် ဘဝကို လက်ခံ ရင်ဆိုင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်မသည် သူ့ကို ဘယ်တော့မျှ တွေ့ရတော့မည် မဟုတ်။ ယင်း အသိကြောင့် ကျွန်မသည် စိတ်၏ ပင်ပန်းဆင်းရဲခြင်းဖြင့်သာ သူ့ကို ချစ်နေရတော့သည်။ မည်သည့် အခါတွင်မျှ ပြန်၍ ရှင်လာတော့မည် မဟုတ်သော ကွယ်လွန်သူ တစ်ဦးအား ချစ်နေရဘိ သကဲ့သို့ ဖြစ်သည်။

ဤရက်များအတွင်းတွင် ကျွန်မသည် ဂျီနီနှင့် တစ်ကြိမ် တစ်ခါမျှ မတွေ့ခဲ့ပါ။ သို့ရာတွင် ကျွန်မသည် သူ့ကို တစ်လလျှင် နှစ်ကြိမ် သုံးကြိမ်လောက်တော့ တွေ့လေ့ရှိပါသည်။ ကျွန်မက သူ့ကို လေးစားခြင်း မရှိတော့သော်လည်း ကြိုက်နှစ်သက်ခြင်းကား ရှိနေပေသေးသည်။ တစ်နေ့တွင် သူက ကျွန်မထံ ဖုန်းဆက်၍ နို့ဆိုင် တစ်ဆိုင်တွင် တွေ့ရန် ချိန်းသည်။ ကျွန်မက လာခဲ့မည်ဟု ပြောလိုက်သည်။

နို့ဆိုင်သည် ကျွန်မတို့ အနီးအနားမှာပင် ဖြစ်သည်။ ဂျီနီသည် ပြတင်းပေါက် မရှိသော အခန်းကလေး တစ်ခုမှ နေ၍ ကျွန်မကို စောင့်ဆိုင်းနေသည်။ ယင်း အခန်းထဲသို့ ကျွန်မ ဝင်သွားသော အခါတွင် သူ တစ်ယောက်တည်း မဟုတ်သည်ကို ကျွန်မ တွေ့ရသည်။ ကျွန်မအား ကျောပေး၍ သူ့ ဘေးတွင် လူတစ်ယောက် ထိုင်နေသည်။ ထိုသူသည် မိုးကာ အင်္ကျီစိမ်းကြီး ဝတ်ထားပြီး ဆံပင် တိုတိုပါးပါး ညှပ်ထားသည်လောက်သာ ကျွန်မ မြင်ရသည်။ ဂျီနီက ထလိုက်သည်။ သို့ရာတွင် သူ့ အဖော်ကတော့ ထိုင်မြဲ ထိုင်နေသည်။

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုယ့် သူငယ်ချင်း ဆွန်ဇော်နိုပဲ"

ဂျီနီက ပြောလိုက်သည်။ သည်တော့မှ သူက မတ်တတ်ရပ်သည်။ ကျွန်မက လက်ကမ်းပေးလိုက်သည်။ သူက ကျွန်မ လက်ကို ဆွဲ၍ နူတ်ဆက်လိုက်သော အခါတွင်ကား ပြုတ်တူနှင့် ညှပ်လိုက်သကဲ့သို့ ရှိသွားသည်။ ကျွန်မက နာကျင်သည့် အနေဖြင့် လွှတ်ခနဲ အော်လိုက်မိသည်။ သူက ကျွန်မ လက်ကို ချက်ချင်း ပြန်လွှတ်လိုက်သည်။ ကျွန်မက ထိုင်လိုက်သည်။ ပြီးတော့ ခပ်ပြုံးပြုံးဖြင့် သူ့ကို ပြောမိသည်။

"ကျွန်မ လက်ကို နာသွားတာပဲ။ ရှင် လက်ဆွဲနူတ်ဆက်ရင် ဒီလို ချည်းပဲလား"

သူက ပြန်မဖြေ။ ပြုံးပင် မပြုံးချေ။ သူ့ မျက်နှာက ကျောက်ရုပ်လို ဖြူနေသည်။ နဖူးမောက်သည်။ သူ့ မျက်လုံးများက သေးငယ်၍ မိုးပြာရောင်

www.burmeseclassic.com

www.burmeseclassic.com



အဆင်း ရှိသည်။ နှာခေါင်းပြား၍ ပါးစပ်ပေါက်သည် အကွဲကြောင်း ဖြောင့်ဖြောင့် တန်းနေသကဲ့သို့ ရှိသည်။ ဆံပင်က ကြမ်း၍ အရောင်အဆင်းမရှိ။ တိုတိုပါးပါး ညှပ်ထားသည်။ နားထင်သည် ပျော့အိ ချိုင့်ဝင်လျက်ရှိ၏။ မျက်နှာ အောက်ပိုင်း ကားသည်။ ပါးရိုးများသည် ကြီးမား၍ အရုပ်ဆိုးလှသည်။ သူက တစ်ခုခုကို ဝါးနေသကဲ့သို့ သွားကို အမြဲတမ်း ကြိတ်နေသည်။ ဂျီနိုသည် သူ့အား လေးလေးစားစား ဆက်ဆံလေသည်။

"ဒါ ဘာမှ မဟုတ်ဘူး။ သူ ဘယ်လောက် သန်တယ်ဆိုတာ မင်းမသိလို့ဘဲ။ သူ့မှာ လူသတ်သမား လက်သီး ရှိတယ်"

ဂျီနိုက ပြောလိုက်သည်။ ဆွန်ဇော်နိုက သူ ပြောသည်ကို သဘောကျပုံမရ။

"အလကား ပြောတာ။ ကျုပ်မှာ လူသတ်သမားလက်သီး မရှိပါဘူး"

"လူသတ်သမားလက်သီး ဆိုတာ ဘာလဲ"

ကျွန်မက မေးလိုက်သည်။

"လူ တစ်ယောက်ကို တစ်ချက်တည်းနဲ့ အလဲထိုးသတ်နိုင်တာကို ပြောတာပဲ။ ဒါကြောင့်မို့လို့ ဒီလက်သီးမျိုးကို တော်ရုံတန်ရုံနဲ့ သုံးလို့ မဖြစ်ဘူး။ ဒီလက်သီးမျိုးဟာ လူ တစ်ယောက်ကို ခြောက်လုံးပြူးနဲ့ ပစ်တာလိုပဲ သေစေနိုင်တယ်"

ဆွန်ဇော်နိုက အသံ သေးသေးဖြင့် ရှင်းပြသည်။

"သူ ဘယ်လောက် သန်သလဲဆိုတာ စမ်းကြည့်စမ်း စမ်းကြည့်စမ်း။ ခင်ဗျား လက်မောင်းကို သူ စမ်းကြည့်စမ်းပါစေ"

ဂျီနိုက စိတ်အား ထက်သန်စွာ ပြောနေသည်။ ကျွန်မက ဆုတ်ဆိုင်းနေ၏။ သို့ရာတွင် ဂျီနိုက အထူး ထက်သန်နေပြီး သူ့ အဖော်ကလည်း စမ်းကြည့် စေလိုဟန် ရနေသဖြင့် လက်တစ်ဖက်ကို ဆန့်တန်း၍ သူ့လက်မောင်းကို စမ်းထိကြည့်လိုက်သည်။ သူက လက်မောင်းကို ကွေးညွှတ်၍ ကြွက်သားများကို ထုတ်ပြသည်။ သံချောင်းများကဲ့သို့ မာကျောလှပေသည်။ ကျွန်မက အံ့သြမှုနှင့် စက်ဆုပ်မှု ရောနှော၍ အာမေဋိတ်သံ ပြုလိုက်ပြီး လက်ကို ပြန်ရုပ်လိုက်သည်။ ဆွန်ဇော်နိုက ကျွန်မကို နှစ်လိုစွာ ကြည့်၍ ပြုံးချိုခြင်းပင် မသိမသာ ပြုလေသည်။

"ကိုယ်တို့ဟာ မိတ်ဟောင်းတွေပဲ။ ကိုယ်တို့ သိကြတာ ကြာလှပြီ။ ညီအစ်ကိုတွေလို့ကို ပြောနိုင်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဂျီနီက ဆွန်ဇော်နီ၏ ပုခုံးကို ပုတ်၍ ပြောလေသည်။ ဆွန်ဇော်နီက သူ့ ပုခုံးကို ဆတ်ဆတ် လှုပ်လိုက်သည်။ ဂျီနီ၏ လက်ကို ခါချသကဲ့သို့ ဖြစ်၏။

"ကျုပ်တို့ဟာ မိတ်ဆွေလဲ မဟုတ်ဘူး။ ကားရုံ တစ်ခုထဲမှာ အလုပ် လုပ်ခဲ့ကြတာပဲ"

သူက ပြောလိုက်သည်။ ဂျီနီက သူ့ စကားကို မဆန့်ကျင်ပါ။

"ဟုတ်တယ်လေ။ ခင်ဗျားဟာ ဘယ်သူ့ သူငယ်ချင်းမှ မဖြစ်ဘူး ဆိုတာ ကျွန်တော် သိတယ်လေ။ ခင်ဗျားဟာ တစ်ယောက်တည်းသမားပဲ။ ခင်ဗျားဟာ ခင်ဗျားပဲ။ ဘယ်မိန်းမမှ ဘယ်ယောကျ်ားမှ မရှိဘူး"

ဆွန်ဇော်နီက သူ့အား ကြည့်လိုက်သည်။ အားကောင်းကောင်းနှင့် စူးစိုက်၍ ကြည့်ခြင်း ဖြစ်သည်။ ဂျီနီက မျက်လုံးချင်း လွှဲလိုက်ရသည်။

"ခင်ဗျားကို မဟုတ်က ဟုတ်ကတွေ ဘယ်သူက ပြောသလဲ။ ကျုပ်ဟာ ကျုပ်ကြိုက်တဲ့ လူနဲ့ သွားတာပဲ။ ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ်"

"ကျွန်တော်က သဘောကို ပြောတာပါဗျာ။ ခင်ဗျားကို ဘယ်သူနဲ့မှ အတူ မတွေ့နိုင်ဘူးလို့ ပြောတာပါ"

ဂျီနီ၏ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသော လေသံများသည် ပျောက်ကွယ်ကုန်ကြပြီ ဖြစ်၏။

"ကျုပ်အကြောင်း ခင်ဗျား ဘာမှ မသိပါဘူး"

"ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို မနက်တိုင်း ညနေတိုင်း တွေ့နေတာပဲ"

"ကျုပ်ကို နေ့တိုင်း တွေ့တော့ကော ဘာပြုသလဲ"

"နေ့တိုင်း တွေ့နေရတော့ ခင်ဗျား တစ်ယောက်တည်း ရှိနေတာကို တွေ့ရတာပေါ့။ ခင်ဗျားဟာ ဘယ်သူနဲ့မှ မတွေ့ဘူးလို့ ထင်တာပေါ့။ လူ တစ်ယောက်မှာ မိန်ကလေး တစ်ယောက် ဖြစ်ဖြစ်၊ သူငယ်ချင်း တစ်ယောက် ဖြစ်ဖြစ် ရှိရင် အသိသာကြီးပဲ"

"အရူးလို မပြောစမ်းပါနဲ့ ဗျာ"

ဆွန်ဇော်နီက ခပ်ထန်ထန် ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို အရူးလို့ ပြောတယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဂျီနိုက မျက်နှာကြီး ရဲသွားပြီး ပြောလိုက်သည်။ သို့ရာတွင် သူ ကြောက်နေသည်မှာလည်း သိသာ ထင်ရှားလှသည်။

"ဟုတ်တယ်။ အရူးလို မလုပ်နဲ့။ ခင်ဗျား ခေါင်းကို ကျုပ် အုပ်ထည့်လိုက်လို့ ဦးနှောက်တွေ ထွက်သွားမယ်"

ဂျီနို၏ ခေါင်းကို သူက တကယ်ပင် ခွဲပစ်နိုင်ရုံသာမက တကယ်လည်း ခွဲပစ်မည် ဖြစ်ကြောင်းကို ကျွန်မက ချက်ချင်းပင် နားလည်လိုက်သည်။ ကျွန်မ၏ လက်တစ်ဖက်ကို သူ့ လက်မောင်းပေါ် တင်လိုက်ပြီး ကြားဝင်ရတော့သည်။

"ရှင်တို့ ရန်ဖြစ်ကြမယ် ဆိုရင်တော့ ကျွန်မ ကွယ်ရာမှာ ဖြစ်ကြပါ။ သတ်တာ ပုတ်တာကို ကျွန်မ မကြည့်ချင်ဘူး"

"ဟုတ်တယ်။ ကျွန်တော်က ခင်ဗျားကို အမျိုးသမီး မိတ်ဆွေ တစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ ခင်ဗျားက သူ့ကို ကြောက်အောင် လန့်အောင် လုပ်နေတယ်။ သူက ကျွန်တော်တို့ကို ရန်သူတွေလို့ ထင်မသွားဘူးလား"

ဂျီနိုက သုန်မှုန်စွာဖြင့် ပြောလိုက်သည်။ ဆွန်ဇော်နိုက ကျွန်မဘက်သို့ လှည့်၍ ပထမဆုံး အကြိမ် ပေါ်ပေါ်လွင်လွင် ပြုံးလေသည်။ သူ ပြုံးလိုက်သောအခါတွင် သူ့ မျက်လုံးများ ကျဉ်းသွားသည်။ သူ့ နဖူးများ တွန့်သွားသည်။ သွားဖုံးများ ပေါ်သွားသည်။

"ကျွန်တော်တို့ အမျိုးသမီးကလေးက မကြောက်ပါဘူး။ ဟုတ်တယ် မဟုတ်လား"

"တစ်စက်ကလေးမှ မကြောက်ပါဘူး။ ဒါပေမဲ့ ကျွန်မက သတ်ကြ ပုတ်ကြ၊ ရန်ဖြစ်ကြတာတွေကို မကြိုက်ဘူး"

အတော်ကြီး ကြာအောင် တိတ်ဆိတ်နေကြသည်။ ဆွန်ဇော်နိုက ငြိမ်သက်လျက် ရှိသည်။ လက်များကို မိုးကာ အင်္ကျီအိတ်ထဲ နှိုက်ထားသည်။ ဂျီနိုမှာမူ ယခုထက်တိုင် မျက်နှာကြီး နီရဲလျက် ရှိသည်။ ခေါင်းကြီးကို အောက်စိုက်ထားသည်။ ထို့နောက် ဆွန်ဇော်နိုက ထိုင်ရာမှ ထ၍ ပြောလိုက်သည်။

"ကျုပ် သွားမယ်"

ဂျီနိုက စိတ်အား ထက်သန်စွာ ခုန်ထလိုက်ပြီး–

"ဟုတ်ပြီ၊ ကျွန်တော်တို့ဟာ အလျင်အတိုင်းပါပဲ နော်"



www.burmeseclassic.com

www.burmeseclassic.com



"အလျင်က အတိုင်းပါပဲ"

ဆွန်ဇော်နိုက ပြောလိုက်သည်။ ပြီးတော့ ကျွန်မကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ သို့ရာတွင် ဤ တစ်ကြိမ်မှာတော့ ကျွန်မကို မနာကျင်စေပါ။ ထို့နောက် အခန်းထဲမှ ထွက်သွားတော့၏။ သူသည် ပါးပါးလျားလျား ပုပုတိုတို ဖြစ်သည်။ သူ၏ ခွန်အား စွမ်းပကားများ အဘယ် နေရာက ထွက်လာကြသနည်းဟု မသိမြင်နိုင်ပါ။

"ကိုတို့ဟာ သူငယ်ချင်းတွေပဲ ဖြစ်ကြပါလိမ့်မယ်။ ညီအစ်ကိုတွေလဲ ဖြစ်ချင် ဖြစ်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကို့ကို ပြောပုံဆိုပုံတွေကတော့ မဟုတ်ဘူး"

ဆွန်ဇော်နို ထွက်သွားသော အခါတွင် ကျွန်မက ဂျီနိုကို နောက်သလိုလို ပြောလိုက်သည်။ ဂျီနိုသည် ယခုအခါ တည်ငြိမ်မှု ရရှိသွားပြီ ဖြစ်၏။ သူက ခေါင်းကို ယမ်းခါလိုက်၏။

"သူ့ အချိုးက ဒီလိုပဲ။ ဒါပေမဲ့ သူက ပေါင်းလို့ သင်းလို့တော့ မဆိုးပါဘူး။ ကိုယ့်အတွက် တစ်ခါတစ်ခါမှာ အသုံးတောင် ကျသေးတယ်"

"ဘယ်လို အသုံးကျတာလဲ"

ဂျီနိုသည် ကျွန်မကို တစ်စုံတစ်ခု ပြောရန် စိတ်အား ထက်သန်လျက်ရှိကြောင်းကို သတိပြုလိုက်သည်။

"ကိုယ့် သခင်မရဲ့ ပေါင်ဒါဘူးကို မှတ်မိသေးသလား"

"အင်း"

ဂျီနို၏ မျက်လုံးများသည် ရွှင်လန်းအားရခြင်းဖြင့် တောက်ပလာသည်။ ပြီးတော့ သူက လေသံတိုး၍ ပြောသည်။

"အင်း အဲဒီ ပေါင်ဒါဘူးကို ကိုယ် ပြန်မပေးခဲ့ဘူး"

"ပြန်မပေးဘူး၊ ဟုတ်လား"

"ဟုတ်တယ်။ ပြန်မပေးဘူး။ ကိုယ် စဉ်းစားကြည့်တယ်၊ သခင်မဟာ သိပ်ချမ်းသာတယ်။ သူ့အဖို့ ပေါင်ဒါဘူး တစ်ခု ပိုလာတာ လျော့သွားတာက ဘာမှ မဖြစ်လောက်ဘူး။ ပြီးတော့ ကိစ္စကလဲ ပြီးနေပြီ။ နောက်ပြီး ကိုယ်က သူခိုးလဲ မဟုတ်ဘူး"

"ကျွန်မက သူခိုးပဲ"

တည်ငြိမ်သော လေသံဖြင့် ပြောလိုက်သည်။ သူက မကြားဟန်ပြု၍ ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနောက်တော့ ထုခွဲရောင်းချဖို့ ပြဿနာက ပေါ်လာတော့တာပဲ။ ဒီဥစ္စာက ပေါ်လွင် ထင်ရှားတဲ့ ပစ္စည်း တစ်ခု ဖြစ်နေတော့၊ အလွယ်တကူ မှတ်မိနိုင်တော့ ကိုယ်က မရောင်းရဲဘဲ ဖြစ်နေတယ်။ ဒါနဲ့ ကိုယ်လဲ အိမ်ထဲမှာ အတော်ကြီး ကြာအောင် သိမ်းထားမိတယ်။ အဲ နောက်ဆုံးကျမှ ဆွန်ဇော်နီနဲ့ ကိုယ် တွေ့လို့ သူ့ကို ဇာတ်လမ်းစုံ ပြောပြလိုက်တယ်"

"ကျွန်မ အကြောင်းကော သူ့ကို ပြောသလား"

ဖြတ်၍ မေးလိုက်သည်။

"ဟင့်အင်း၊ မပြောပါဘူး။ မိန်းကလေး သူငယ်ချင်း တစ်ယောက်က ပေးတာလို့ပဲ ပြောတယ်။ ဘယ်နာမည်မှ ထုတ်မပြောဘူး။ သူ့ဟာသူ သုံးရက်အတွင်း ဒီပစ္စည်းကို ရောင်းပြီး ကိုယ့်ကို ပိုက်ဆံ ပြန်ပေးတယ်။ အဲ သူ့ အတွက် ဝေစုကတော့ ကိုယ်တို့ သဘောတူထားတဲ့အတိုင်း ယူထားလိုက်တာပေါ့"

သူက ဝမ်းသာမှုဖြင့် တုန်ယင်လျက် ရှိ၏။ သူက ဘောင်းဘီကို ကြည့်လိုက်ပြီး သူ့ အိတ်ထဲမှ ငွေစက္ကူ တစ်ထပ်ကို ဆွဲထုတ်ယူလိုက်သည်။ ဘာ့ကြောင့်မှန်း မသိ။ ထိုအချိန်က သူ့ကို ကျွန်မ မနှစ်မြို့မိဘဲ ရှိသွားသည်။

"ရော့ ဟောဒါ မင်းဖို့။ ကိုယ် ရေထားပြီးသား"

"ဟင့်အင်း၊ မလိုချင်ဘူး။ ကျွန်မ ဘာမှ မလိုချင်ဘူး"

"ဘာ့လို့လဲ"

"မလိုချင်လို့ပဲ"

"မင်း ကိုယ့်ကို စော်ကားနေတာပဲ"

သူ့ မျက်နှာတွင် သံသယနှင့် စနိုးစနောင့်များ ဝင်လာသည်။

"ကို ကျွန်မကို ဒီပိုက်ဆံတွေ မပေးခဲ့ရင် ကျွန်မက ကို့ကို စော်ကားရာ ရောက်မှာ မဟုတ်ပါဘူး။ ကျွန်မ လိုချင်တာကတော့ ဒီကိစ္စကို ပြီးပြီလို့ သဘောထားပြီးလို့ပါပဲ၊ ဒါပါပဲ။ ဒါပေမဲ့ အခုလို ရှင် ရတာကို ကျွန်မ ဝမ်းသာပါတယ်"

ကျွန်မက ကြိုးစား၍ ပြောလိုက်သည်။ သူက ကျွန်မကို သံသယဖြင့် ကြည့်လျက် ရှိသည်။ ကျွန်မ စကားများကို သူ သဘောမပေါက်ပါ။ နောက်ကွယ်တွင် ဖုံးဝှက်ထားသော အကြောင်းတစ်ရပ် ရှိလိမ့်မည်ဟု သူက ထင်နေသည်။

**မျိုးဆက်သစ်**

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သိပြီ။ မင်း ပိုက်ဆံ မယူတာ ကြောက်လို့ မဟုတ်လား။ ခိုးမှု ပေါ်သွားမှာစိုးလို့ မဟုတ်လား။ ဒါ့အတွက်တော့ မင်း ဘာမှ ပူစရာ မရှိပါဘူး။ အားလုံး ဖြောင့်ဖြောင့်ဖြူးဖြူးပဲ"

သူက နောက်ဆုံးတွင် ကျွန်မကို စွပ်စွဲလိုက်သည်။ ကျွန်မ မကြောက်ပါ။ သို့ရာတွင် သူ၏ နောက်ဆုံး စကားလုံးများ၏ အဓိပ္ပာယ်ကို နားမလည်ပါ။ ယင်းကြောင့် မေးလိုက်သည်။

"အားလုံး ဖြောင့်ဖြောင့်ဖြူးဖြူးပဲ ဆိုတာ ဘာကို ဆိုလိုတာလဲ"

"ဟုတ်တယ်။ အားလုံး ဖြောင့်ဖြူးနေတာပဲ။ မင်း မှတ်မိလား။ သူတို့က အစေခံ တစ်ယောက်ကို မသင်္ကာနေဘူး ဆိုတာလေ။ ကိုယ် မင့်ကို ပြောဖူးတယ် မဟုတ်လား"

"အင်း"

"အဲ ကိုယ်က အဲဒီ အစေခံမအပေါ် ပုံချလိုက်တာပေါ့။ ဘာလို့လဲ ဆိုတော့ သူက ကိုယ့်အကြောင်း မဟုတ်က ဟုတ်ကတွေ အတင်းပြောလို့ ပဲ။ ပေါင်ဒါဘူး ပျောက်တာ သိပြီးတဲ့နောက် ပထမ သုံးလေးရက်လောက်မှာ တော့ ကိုယ့်အဖို့ အခြေအနေ အတော်ဆိုးတယ်။ ရဲအရာရှိ တစ်ယောက်ဟာ ကိုယ့်နောက်ကို နှစ်ခါလောက် နောက်ယောင်ခံ လိုက်နေတာကို ကိုယ် သိရတယ်။ ဒါပေမဲ့ သူတို့ဟာ အဲဒီ အချိန်အထိ အိမ်ကိုတော့ မရှာသေးဘူး။ ဒါနဲ့ ကိုယ့်မှာ စိတ်ကူး တစ်ခု ပေါက်လာတယ်။ နောက်ထပ် ပျောက်ဆုံးမှု တစ်ခုအတွက် အိမ်ကို ရှာစေမယ်။ အဲဒီ အခါမယ် အမှု နှစ်ခုစလုံးကို သင်းအပေါ် ပုံချနိုင်ဖို့ စီစဉ်မယ်"

ကျွန်မက ငြိမ်၍ နားထောင်နေသည်။ သူက ကျွန်မကို တစ်ချက် ကြည့်လိုက်ပြီး ဆက်ပြောသည်။

"သခင်မရဲ့ အံဆွဲထဲမှာ ဒေါ်လာပြားတွေ ရှိတယ်။ ကိုယ်က အဲဒီ ဒေါ်လာပြားတွေကို ယူပြီး အစေခံမ အခန်းထဲက သေတ္တာအဟောင်း တစ်လုံး ထဲမှာ ထည့်ထားလိုက်တယ်။ ဒီတစ်ခါတော့ ပုလိပ်တွေ အိမ်ကို ရှာကြ တယ်။ အဲ ဒေါ်လာပြားတွေ တွေ့ပြီး သူ့ကို ဖမ်းသွားတော့တာပဲပေါ့။ သူက မဟုတ်ရကြောင်း ကျိန်ပြောတယ်။ ဒါပေမဲ့ ဘယ်သူက ယုံမလဲ။ ဒေါ်လာပြားတွေကို သူ့ အခန်းထဲက ရတယ် မဟုတ်လား"

"အဲဒီမိန်းမ အခု ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲမှာပေါ့။ ဖြောင့်ချက်တော့ မပေးသေးဘူး။ ဒါပေမဲ့ ရဲအရာရှိက သခင်မကို ဘယ်လို ပြောသလဲ သိလား။ 'မပူပါနဲ့ ခင်ဗျာ၊ အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ အမှုပေါ်အောင် လုပ်ပေးပါ့မယ်' တဲ့။ သူတို့ ပြောတာကို နားလည်တယ် မဟုတ်လား။ အနုနည်းနဲ့ မရရင် အကြမ်းနည်း သုံးလိမ့်မယ်။ သူ့ကို ကောင်းကောင်းကြီး ဆော်ပလော်တီးကြလိမ့်မယ်"

သူ့ကို ကြည့်လိုက်တော့ သူ့ လုပ်ငန်းနှင့် သူ့ အပြုအမူအတွက် ဂုဏ်ယူဝင့်ကြွားနေနေဟန် ရှိသည်။ ကျွန်မမှာမူ ရေခဲတုံးလို တစ်ကိုယ်လုံး စိမ့်အေးသွားပါသည်။ ခေါင်းလည်း အတော်နောက်သွားပါသည်။

"အဲဒီ မိန်းမနာမည် ဘယ်သူလဲ"

"လူဝီဇာဖယ်လီနီ။ မိန်းမက သိပ်မငယ်တော့ပါဘူး။ ဘဝင်တော့ အတော်မြင့်တယ်။ သူ အစေခံ ဖြစ်လာရတာ ကံမကောင်း အကြောင်းမသင့်လို့တဲ့။ ကမ္ဘာပေါ်မှာ သူ့လောက် ရိုးသားတဲ့လူ တစ်ယောက်မှ မရှိတော့ဘူးတဲ့"

"ရှင်ဟာ ကြမ်းပိုး တစ်ယောက်ပဲ"

"ဘာ၊ ဘာလို့လဲ"

သူက တအံ့တသြ မေးသည်။ ယခုအခါ ကျွန်မက သူ့ကို ကြမ်းပိုး တစ်ယောက်ဟု ပြောလိုက်ပြီး ကျွန်မ ရင်ထဲတွင် ပေါ့သွားသည်။ စိတ်ထဲတွင် ပို၍ ပြတ်သားသွားသည်။ ကျွန်မက ဒေါသဖြင့် တဆတ်ဆတ် ခါနေသည်။

"ဒါကြောင့် ရှင်က ကျွန်မကို ပိုက်ဆံ ယူစေချင်တာကိုး။ ဒါပေမဲ့ ဒီပိုက်ဆံကို ကျွန်မ မယူသင့်ဘူး ဆိုတာ ကျွန်မ သိတယ်"

"ဘာပြုလို့ ဒါလောက် ဖြစ်နေရတာလဲ။ သူက ဖြောင့်ချက် မပေးဘူး။ သူတို့က သူ့ကို ပြန်လွှတ်မှာပဲ"

သူက ပြေရာပြေကြောင်း ပြောလိုက်သည်။

"ဒါပေမဲ့ ရှင် အခုပဲ ရှင့်ဟာရှင် ပြောတယ် မဟုတ်လား။ သူ့ကို ထောင်ထဲမှာ ချုပ်ထားပြီး ရိုက်ကြ နှက်ကြလိမ့်မယ်လို့"

"ဒါက အလကား ပြောတာပါ"

"ထားပါတော့။ ဘာပဲ ဖြစ်ဖြစ် ရှင်ဟာ အပြစ်မရှိတဲ့ မိန်းမ တစ်ယောက်ကို ထောင်ထဲ ပို့လိုက်ပြီ။ ဒါကို ရှင်က မျက်နှာပြောင်နဲ့ ကျွန်မကို ပြောပြနေလိုက်သေးတယ်။ ရှင်ဟာ တကယ့်ကို ကြမ်းပိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်ချည်း ဒေါပွသွားသည်။ ကျွန်မ၏ လက်ကို ဆုပ်ကိုင်၍–

"ငါ့ကို ကြမ်းပိုးလို့ မခေါ်နဲ့"

"ဘာပြုလို့ မခေါ်ရမလဲ။ ကျွန်မက ရှင့်ကို ကြမ်းပိုးလို့ ထင်တယ်။ ဒါ့ကြောင့် ကြမ်းပိုးလို့ ခေါ်တယ်"

သူသည် သူ့စိတ်သူ မထိန်းနိုင်တော့ဘဲ အကြမ်းပတမ်း ကိုင်လာတော့သည်။ ကျွန်မ လက်ကို လိမ်ချိုးသည်။ ထို့နောက် ပါးစပ်ဖြင့် ငုံ့ကိုက်သည်။ ကျွန်မက သူ့ လက်မှ ဆောင့်ရုန်းပြီး ထရပ်လိုက်သည်။

"ရှင် ရူးနေပြီးလား။ ရှင် ဘာတွေ ဖြစ်နေသလဲ။ ဟင်း ပါးစပ်နဲ့ ကိုက်တယ် ဟုတ်လား။ ရှင်ဟာ ကြမ်းပိုးပဲ။ ရှင်ဟာ အမြဲတမ်း ကြမ်းပိုးလို ကျင့်မှာပဲ"

သူက ဘာမျှ ပြန်မပြောတော့။ လက်နှစ်ဖက်ကြားတွင် ခေါင်းကို မြှုပ်ထားလိုက်သည်။ ဆံပင်တွေကို လက်ဖြင့် ဆွဲနုတ်ပစ်တော့မည့် အသွင် ဖြစ်သည်။

ကျွန်မက စားပွဲထိုးကို ခေါ်၍ သူရယ်၊ ကျွန်မရယ်၊ ဆွန်ဇော်နီရယ် အတွက် ကျသင့်ငွေ အားလုံးကို ပေးလိုက်သည်။

"ကျွန်မ သွားမယ်။ ရှင်နဲ့ ကျွန်မ ကြားမှာ ဘာမှ မရှိတော့ဘူး။ နောက်ကို ကျွန်မကို ဘယ်တော့မှ မတွေ့ပါနဲ့။ မရှာပါနဲ့။ မလာပါနဲ့။ ရှင့်ကို ကျွန်မ သိကို မသိတော့ဘူး"

သူက ဘာမျှ မပြောဘဲ ခေါင်းကြီးကိုသာ ငိုက်စိုက်ချထားသည်။ အခန်းထဲမှ ကျွန်မ ထွက်ခဲ့သည်။

နို့ဆိုင်သည် ကျွန်မတို့ အိမ်မှ သိပ်မဝေးလှသော လမ်းမကြီးထိပ်တွင် ရှိသည်။ ကျွန်မသည် မြို့ရိုးများ၏ တစ်ဖက်စကြံပေါ်မှ နေ၍ ခပ်ဖြည်းဖြည်း လျှောက်ပြန်လာသည်။ မိုးတိမ်များ ဖုံးနေသော ညကာလ ဖြစ်သည်။ မိုးဖွဲဖွဲ ကျနေသည်။ မြို့ရိုးများသည် မှိုင်းမှိုင်းမှောင်နေသည်။ လမ်းမီးများသည် ကျိုးကျဲလှသည်။ သို့ရာတွင် နို့ဆိုင်ထဲမှ ကျွန်မ ထွက်လာသည့် အချိန်တွင် ဓာတ်တိုင် အောက်မှ လူတစ်ယောက် လှစ်ခနဲ ထွက်သွားသည်ကို တွေ့ရသည်။ သူသည် မြို့ရိုးများကို မှောင်၍ ကျွန်မ သွားနေသည့် ဘက်သို့ပင် ကျွန်မနှင့် ခြေလှမ်း တစ်ညီတည်းလောက် လှမ်းလျှောက် သွားနေသည်။ မိုးကာအင်္ကျီနှင့် ဦးခေါင်းကို ကြည့်မြင်ရခြင်းအားဖြင့် ထိုသူသည် ဆွန်ဇော်နီ



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်ကြောင်း ကျွန်မ သိပါသည်။ မြို့ရိုးများ အောက်တွင် သူသည် ပုဝင်လျက် ရှိ၏။ သူသည် မကြာခဏ ဆိုသလိုပင် အမှောင်ရိပ်များထဲတွင် ပျောက်ကွယ်သွားသည်။ ထို့နောက် တစ်ဖန် လမ်းမီးရောင်တွင် ပေါ်ထွက်လာပြန်သည်။ ပထမဆုံး အကြိမ် အဖြစ်နှင့် ကျွန်မသည် ယောကျ်ားတွေကို ငြီးငွေ့ စိတ်ပျက်လာမိသည်။ ခွေးမ တစ်ကောင်နောက် ခွေးထီးတွေ တကောက်ကောက် လိုက်နေသလို ယောကျ်ားများသည် ကျွန်မ ဂါဝန်နောက်သို့ပင် လိုက်နေကြသည်။ ကျွန်မသည် ယခုထက်ထိ ဒေါသဖြင့် တုန်ယင်လျက် ရှိနေဆဲ ဖြစ်၏။ ပြီးတော့ ထောင်ထဲသို့ ဂျီနို ပို့လိုက်သော အမျိုးသမီးတစ်ယောက် အကြောင်း စဉ်းစားမိတော့သည်။ ကျွန်မမှာ ဝမ်းနည်း နောင်တရတော့သည်။ အကြောင်းမူ စာရင်းချုပ်လိုက်တော့ ပေါင်ဒါဘူးကို ခိုးသူမှာ ကျွန်မ ဖြစ်၏။ ယင်းကြောင့် ကျွန်မသည် အတော်ကြီးကို စိတ်ညစ်ညူးနေမိ၏။ ကျွန်မ အပါးသို့ ဆွန်ဇော်နို ကပ်မလာနိုင်မီတွင် အိမ်သို့ ရောက်စေရန် ခပ်မြန်မြန် လျှောက်နေမိ၏။ ထိုစဉ်မှာပင် ကျွန်မ၏ နောက်ဘက်ဆီမှ ဂျီနို၏ ခေါ်သံကို ကြားရသည်။

“အက်ဒရီယာနာ၊ အက်ဒရီယာနာ”

ကျွန်မက မကြားဟန် ဆောင်၍ သုတ်ခြေတင်သည်။ သို့ရာတွင် သူက ကျွန်မ လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။

“အက်ဒရီယာနာ၊ ကိုယ်တို့ဟာ အမြဲတမ်း အတူတူ သွားခဲ့ကြတာပါ။ အခုကျမှ ဒီအတိုင်းချည်း ခွဲကြလို့ ဖြစ်နိုင်ပါ့မလား”

ကျွန်မက ရန်းထွက်၍ ဆက်လျှောက်သွားသည်။ ဆွန်ဇော်နိုသည် အမှောင်ထဲမှ နေ၍ လမ်းတစ်ဖက် ဓာတ်တိုင်အောက်သို့ ရောက်လာသည်။

“ကိုယ် မင့်ကို ချစ်တယ် အက်ဒရီယာနာ”

ဂျီနိုသည် ကျွန်မ နံဘေးမှ ခပ်သုတ်သုတ် လျှောက်၍ လိုက်ပါလာရင်း ဆက်ပြောသည်။ ကျွန်မသည် တစ်ချိန်တည်းမှာပင် သူ့ကို သနားလည်း သနားနေမိသည်။ မုန်းလည်း မုန်းနေမိသည်။ ထိုအချိန်တွင် ကျွန်မ ခေါင်းထဲသို့ အလင်းရောင် တစ်ခု ရုတ်ခနဲ ဝင်လာသည်။ အက်စ်တာရီတာသည် ကျွန်မကို အမြဲတမ်း အကူအညီ ပေးလေ့ ရှိသည်။ သူသည် အဖမ်းခံနေရသော အမျိုးသမီးကို လွှတ်ပစ်နိုင်ပေမည်။ ယင်းအကြံကို ရရှိသောအခါတွင် ကျွန်မ စိတ်သည် အတော် ပေါ့သွားသည်။ ဂျီနို့အားပင် မမုန်းမိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သနားခြင်းသာ ဖြစ်လာတော့၏။ ကျွန်မက ရပ်လိုက်ပြီး သူ့ကို တည်ကြည်စွာ ပြောလိုက်သည်။

"ဘာပြုလို့ မပြန်သေးတာလဲ ဂျီနို"

"ကိုယ် မင်းကို ချစ်တယ်"

"ကျွန်မလဲ ကို့ကို ချစ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ ပြီးခဲ့ပါပြီ။ အခု ပြန်ပါတော့။ အဲဒါဟာ ကျွန်မတို့ နှစ်ယောက်စလုံးအတွက် ကောင်းပါလိမ့်မယ်"

ကျွန်မတို့သည် ဆိုင်များနှင့် လမ်းမီးများ မရှိသော လမ်းအမှောင်ပိုင်းတွင် ရပ်လျက်သား ရှိကြသည်။ သူက ကျွန်မ ခါးကို ဖက်၍ နမ်းရန် ကြိုးစားလိုက်သည်။ ကျွန်မသည် အတော်ကြီး သန်မြန်သူ တစ်ဦး ဖြစ်သဖြင့် သူ့လက်မှ အလွယ်ကလေးပင် ရုန်းထွက်နိုင်ပါသည်။ သို့ရာတွင် ကျွန်မခေါင်းထဲသို့ စိတ်ကူး တစ်ခု ဝင်လာသည်။ လမ်းတစ်ဖက် မြို့ရိုးအောက်တွင် ရပ်၍ ကျွန်မတို့ အရိပ်အကဲကို ကြည့်နေသော ဆွန်ဇော်နိုအား အော်ခေါ်လိုစိတ်ပင် ဖြစ်သည်။

"ဆွန်ဇော်နို၊ ဆွန်ဇော်နို"

ကျွန်မက နှစ်ခွန်းသာ အော်လိုက်ရသည်။ သူက ချက်ချင်းပင် လမ်းကို ဖြတ်ကူး၍ လာသည်။ ဂျီနိုသည် ကသိကအောက် ဖြစ်သွားပြီး ကျွန်မကို လွှတ်လိုက်သည်။ ဆွန်ဇော်နို အနီးသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်မက ပြောလိုက်သည်။

"ကျွန်မကို လိုက်ပြီး မနှောင့်ယှက်ဖို့ သူ့ကို ပြောပေးစမ်းပါ။ ကျွန်မ သူ့ကို အပေါင်းအသင်း မလုပ်ချင်တော့ဘူး။ ကျွန်မ ပြောတာကို သူ ယုံချင်မှ ယုံမယ်။ ဒါပေမဲ့ ရှင် ပြောရင်တော့ သူ ယုံလိမ့်မယ်။ ရှင်က သူ့ သူငယ်ချင်းကိုး"

"ဘယ့်နှယ်လဲ။ ဟောဒီ အမျိုးသမီးကလေး ပြောတာကို မင်း ကြားတယ် မဟုတ်လား"

"ဒါပေမဲ့ ကိုယ်က"

ဂျီနိုက စကား စလိုက်သည်။ ကျွန်မ ထင်သည်က သူတို့ နှစ်ယောက်သည် တော်တော်ကလေး ကြာအောင် အကြောက်အကန် ငြင်းခုံနေကြမည်။ နောက်ဆုံးကျတော့ ဂျီနိုက အလျှော့ပေးပြီး ထွက်သွားပေလိမ့်မည်။ သို့ရာ

www.burmeseclassic.com



တွင် အထင်နှင့် အမြင်သည် တခြားစီ ဖြစ်နေသည်။ ဆွန်ဇော်နို၏ လှုပ်ရှားမှုကို ရုတ်တရက် မြင်တွေ့လိုက်ရပြီး သူ့အား တအံ့တသြ ငေးမောကြည့်နေသော ဂျီနိုသည် ဘာတစ်ခွန်းမျှ မပြောနိုင်ဘဲ စကြံပေါ်သို့ လဲကျကာ မြောင်းထဲသို့ လိမ့်ဆင်းသွားသည်ကို တွေ့လိုက်ရ၏။ ဒါမှမဟုတ် ဂျီနို လဲကျသွားသည်ကို မြင်ရပြီးမှ ဆွန်ဇော်နို၏ လှုပ်ရှားမှုကို တွေးကြည့်လိုက်မိခြင်းလည်း ဖြစ်နိုင်သည့်အပြင် အဖြစ်အပျက်များက မြန်လှသည်။ ဘာသံမျှလည်း မကြားရ။ ကျွန်မ စိတ်ထဲက ထင်နေတာဟုပင် အောက်မေ့မိသည်။ ကျွန်မက ခေါင်းကို လှုပ်ယမ်း၍ တစ်ဖန် ပြန်ကြည့်လိုက်သည်။ ဆွန်ဇော်နိုသည် ကျွန်မ ရှေ့တွင် ခြေထောက် နှစ်ချောင်းကို ကား၍ ရပ်နေသည်။ သူ့ လက်သီးဆုပ်ကို ကြည့်နေသည်။ ဂျီနိုကတော့ ရေမြောင်းထဲတွင် ကျွန်မတို့ကို ကျောပေး၍ လဲနေသည်။ သူသည် တံတောင်ဆစ် တစ်ဖက်ကို ထောက်၍ ခေါင်းကို တဖြည်းဖြည်းချင်း ထူမနေသည်။ သို့ရာတွင် သူ့ကို ကြည့်ရသည်မှာ မတ်တတ် ထရပ်လိုပုံ မပေါ်ချေ။

"လာလေ"

ဆွန်ဇော်နိုက ပြောလိုက်သည်။ ကျွန်မက သူနှင့် အတူ အိမ်ဘက်သို့ လျှောက်သွားနေသည်။ အိပ်မက် မက်နေ သကဲ့သို့ ဖြစ်သည်။

"ရှင် ဂျီနိုကို ဒီလို ထိုးလိုက်ဖို့ မကောင်းဘူး။ ဒီလို မထိုးလဲ သူ သွားမှာပါပဲ"

"ဒီလို လုပ်လိုက်တော့ သူ နောက်ထပ် မင်းကို မနှောင့်ယှက်တော့ဘူးပေါ့"

"ဒါနဲ့ နေပါဦး။ ရှင် ဘယ်လို လုပ်ပြီး ထိုးလိုက်တာလဲ။ ရှင် ထိုးတာကို ကျွန်မ မမြင်လိုက်ဘူး။ ဂျီနို လဲကျသွားတာကိုသာ မြင်လိုက်တယ်"

"အင်း ဒါက အလေ့အကျင့်ပဲ"

"ရှင့် လက်မောင်းထဲမှာ ဘာတွေ ရှိသလဲ။ ကျွန်မတော့ ယုံတောင် မယုံချင်ဘူး"

"ကိုယ် မင်းကို တစ်ခါ စမ်းကြည့်ခိုင်းပြီးပြီ မဟုတ်လား"

"သေသေချာချာ စမ်းမကြည့်ရဘူး။ အဲဒီတုန်းက ဂျီနို ရှိနေတယ် မဟုတ်လား။ အခုထပ်ပြီး စမ်းကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရပ်လိုက်ပြီး လက်မောင်းကို ကြွက်သားများ ထုတ်ပြသည်။ ကျွန်မက အသာစမ်းကြည့်သည်။ ကျွန်မ၏ လက်သည် သူ့ ပခုံးမှ နေ၍ အောက်ဘက်သို့ ပွတ်ဆင်းသွားပါသည်။ သံကဲ့သို့ မာကြောလှသည်။

"ရှင်ဟာ သိပ်သန်တာပဲ"

"ဟုတ်တယ်။ ကျုပ် သိပ်သန်တယ်"

ထိုနောက် ကျွန်မတို့ ဆက်၍ လျှောက်ကြပြန်သည်။ ယခုအခါတွင် ကျွန်မသည် သူ့အား ခေါ်လိုက်မိသည့်အတွက် စိတ်မကောင်း ဖြစ်နေသည်။ ကျွန်မ သူ့ကို သဘောမကျပါ။ သူ၏ အလေးအနက် ရှိမှုနှင့် သူ၏ အပြုအမူများက ကျွန်မကို ကြောက်လန့်စေပါသည်။ ကျွန်မတို့သည် နောက်ထပ် စကား တစ်ခွန်းမျှ မပြောကြတော့ဘဲနှင့် ကျွန်မတို့ အိမ်တံခါးဝသို့ ရောက်လာကြသည်။ ကျွန်မက သော့ကို ထုတ်လိုက်သည်။

"အိမ်ကို လိုက်ပို့တဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်မက ယင်းသို့ ပြောပြီး လက်ကို ဆန့်ကမ်းပေးလိုက်သည်။

"အိမ်ပေါ်ကို ကိုယ် လိုက်ခဲ့မယ်"

သူက ပြောရင်းဆိုရင်း ကျွန်မ အနီးသို့ ကပ်လာသည်။ ကျွန်မက မလိုက်ခဲ့နှင့်ဟု ပြောလိုသည်။ သို့ရာတွင် သူ၏ အကြည့်သည် ကျွန်မကို လွှမ်းမိုး၍ ဒုက္ခပေးနေသည်။

"သူ့ သဘောပဲ"

ကျွန်မက ပြောလိုက်သည်။ ယင်း စကားများကို ပါးစပ်မှ ပြောလိုက်ပြီးတော့မှ သူ့ကို တော်တော်ကလေး ရင်းရင်းနှီးနှီး ဆက်ဆံခေါ်ဝေါ်မိကြောင်း သတိပြုမိလိုက်သည်။

"မကြောက်ပါနဲ့။ ကိုယ့်မှာ ပိုက်ဆံ ရှိပါတယ်။ မင်းကို သူများတွေ ပေးတာထက် ကိုယ်က နှစ်ဆ ပိုပေးပါ့မယ်"

"ဒါနဲ့ ဘာဆိုင်လို့လဲ။ ပိုက်ဆံကြောင့်လဲ မဟုတ်ပါဘူး။ ကျွန်မ သိပ် ပင်ပန်းနေလို့ပါ"

ကျွန်မ အခန်းထဲသို့ ရောက်သောအခါတွင် သူသည် အဝတ်များကို စနစ်တကျ သပ်သပ်ရပ်ရပ် ချွတ်လျက် ရှိသည်။ သူ့ လည်ပင်းတွင်လည်း စည်း တစ်ခု စည်းထားသည်။ သူက ထိုလည်စည်းကို ဖြုတ်၍ အသေအချာ ခေါက်ကာ မိုးကာအင်္ကျီ အိတ်ထဲတွင် ထည့်ထားလိုက်သည်။ ဂျက်ကက်

www.burmeseclassic.com



အင်္ကျီကို ကုလားထိုင် နောက်မှီတွင် ချိတ်ထားလိုက်သည်။ သူ့ ဘောင်းဘီကို လည်း ခေါက်ရိုး မကျိုးအောင် တင်ထားလိုက်သည်။ သူ၏ ဖိနပ်များကို ကုလားထိုင် အောက်တွင် ထားသည်။ သူ၏ အဝတ်အစားများ အားလုံးသည် အသစ်များချည်း ဖြစ်ကြသည်။ အဖိုးထိုက် အဖိုးတန်ကြီးများ မဟုတ်ကြသော် လည်း အဝတ်ခံသော အကောင်းစားများ ဖြစ်ကြ၏။ တစ်ချိန်တည်းမှာပင် ကျွန်မသည် အဝတ်များကို ချွတ်လိုက်ပြီးနောက် အိပ်ရာပေါ်တွင် ဝတ်လစ် စလစ် လဲလျောင်းနေလိုက်သည်။ ကျွန်မက သပ်ရပ်မှုနှင့် သန့်ရှင်းစင်ကြယ် မှုကို သဘောကျသော်လည်း ဆွန်ဇော်နို၏ သပ်ရပ်မှုနှင့် သန့်ရှင်းစင်ကြယ် မှုကိုကား ထိတ်လန့် ကြောက်မက်ဖွယ်ရာ အဖြစ် မြင်နေမိသည်။ သူ၏ အပြုအမူသည် ဆေးရုံ၌ သွေးထွက်သံယို ခွဲစိတ်မှုများ မပြုမီ ဆရာဝန်များ ပြုလုပ် ပြင်ဆင်နေသကဲ့သို့ ဖြစ်သည်။ သို့မဟုတ် သားသတ်သမား သား ကောင်၏ ရှေ့မှောက်တွင် အေးဆေးစွာ သတ်ဖြတ်ရန် ပြင်ဆင်နေခြင်းနှင့် တူသည်။ ကျွန်မသည် ခုတင်ပေါ်တွင် လဲလျောင်းလျက် ရှိရင်း အကူအညီ ကင်းမဲ့နေသည်။ အားအင် မရှိဘဲ ဖြစ်နေသည်။ စမ်းသပ်မှု တစ်ခုကို ခံရ တော့မည့် သက်မဲ့ ကိုယ်ခန္ဓာ တစ်ခုပမာ ဖြစ်နေတော့၏။ ယင်းကြောင့်ပင် ခုတင်ခေါင်းရင်းသို့ ဝတ်လစ်စလစ်ဖြင့် သူ ရောက်ရှိလာပြီး၊ ကျွန်မပခုံးကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်လိုက်သောအခါ ကျွန်မသည် ကြောက်လန့် တုန်လှုပ်ခြင်း မဖြစ်ဘဲ မနေနိုင်တော့ပါ။ ယင်း အဖြစ်ကို သူက သတိပြုမိ၍၊ သူက မေးလိုက်သည်။

"ဘာ ဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ရှင့် လက်တွေက သိပ် အေးတယ်"

"မင်း ငါ့ကို သဘောမကျဘူး မဟုတ်လား။ မင်းကို ပိုက်ဆံ ပေးတဲ့ လူတွေကိုမှ သဘောကျတယ် မဟုတ်လား"

"ဘာပြုလို့လဲ။ ရှင်လဲ တခြားလူတွေနဲ့ အတူတူပဲဥစ္စာ။ ကဲ ပြီးတော့ ရှင်ပဲ ပြောတယ် မဟုတ်လား၊ နှစ်ဆ ပိုပေးမယ်လို့"

"ငါ ဘာပြောနေတယ် ဆိုတာ ငါ နားလည်ပါတယ်။ မင်းနဲ့ မင်း တို့လို မိန်းမတွေဟာ လူကြီး လူကောင်းတွေနဲ့သာ ညားချင်တာပါ။ ငါက မင်းတို့လို လူတန်းစားထဲက ဖြစ်နေတယ် မဟုတ်လား။ မင်းတို့ တစ်တွေဟာ အထက်တန်းစားတွေနဲ့သာ ပျော်ပါးချင်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စောစောက ဘာမဟုတ်တာကလေးနှင့် ဂျီနီကို စော်ကားခဲ့သလို၊ ယခုလည်း ကျွန်မကို ရမယ်ရှာ၍ ရန်ဖြစ်ချင်နေပြီမှာ သိသာလှ၏။

"ရှင် ကျွန်မကို ဘာဖြစ်လို့ စော်ကားချင်ရတာလဲ။ ကျွန်မ ရှင့်ကို ပြောပြီးပြီ မဟုတ်လား။ ယောကျ်ား မုန်သမျှဟာ ကျွန်မအဖို့တော့ အတူတူချည်းပဲ"

"မင်းဟာ အမှန်ကို ပြောနေရင် မင်း မျက်နှာဟာ ဒီလို မနေဘူး။ မင်းဟာ ကိုယ့်ကို သဘောမကျဘူး မဟုတ်လား"

"ကျွန်မ ရှင့်ကို ပြောပြီးပြီ"

"မင်း ငါ့ကို သဘောမကျဘူး။ ဒါပေမဲ့ မင်း ငါ့ကို သဘောကျလာစေရမှာပေါ့"

"အို ကျွန်မကို အနှောင့်အယှက် မပေးစမ်းပါနဲ့"

ကျွန်မက ရုတ်တရက် ဒေါသထွက်မိပြီး ပြောလိုက်သည်။

"မင့် ရည်းစားလက်က လွတ်ဖို့ အသုံးဝင်နေတုန်းကတော့ မင်းဟာ ကိုယ့်ကို လိုလားနေတာပဲ။ ဒါပေမဲ့ ကိစ္စ ပြီးတာနဲ့ တစ်ပြိုင်နက် မင်းဟာ ငါ့ကို ကန်ထုတ်တာပဲ။ ဒါပေမဲ့ ငါက ဒီကို တက်လိုက်လာတယ်။ မင်း ငါ့ကို သဘောမကျဘူး မဟုတ်လား"

ယခုအခါတွင် ကျွန်မသည် တကယ်ပင် ထိတ်လန့်ကြောက်ရွံ့လျက် ရှိပေပြီ။

"ဟင်း မင်းက ငါ့ကို သဘောမကျဘူးပေါ့ ဟုတ်လား။ မင်း အသားကို ငါ ထိမှာ ရွံ့ရှာစက်ဆုပ်နေတယ်ပေါ့ ဟုတ်လား။ ဒါပေမဲ့ ငါက မင်းကို ပြောင်းလဲပေးရမှာပေါ့ကွယ်"

သူက ကျွန်မကို ရိုက်မည့် အနေဖြင့် လက်ကို မြှောက်လိုက်သည်။ ကျွန်မက ဤအဖြစ်မျိုးကို မျှော်လင့်ထားပြီး ဖြစ်သဖြင့် ကျွန်မ ကိုယ်ကို လက်ဖြင့် ကာကွယ်ထားလိုက်၏။ သို့ရာတွင် သူသည် ကျွန်မကို အမိအရ ရိုက်ချလိုက်နိုင်ပါသည်။ အတော်ပြင်းပါသည်။ ပထမ ပါးတစ်ဖက်ကို ချလိုက်ခြင်း ဖြစ်၏။ ထို့နောက် ကျွန်မက မျက်နှာကို လှည့်အရှောင်တွင် သူက ကျန်တစ်ဖက်ကို ရိုက်လိုက်ပြန်သည်။ ကျွန်မ ဘဝတွင် ဤအဖြစ်မျိုး ဤတစ်ကြိမ်သာ ကြုံတွေ့ဖူးပါသည်။ ကျွန်မ အနေဖြင့် နာကျင်ခြင်းထက် အံ့သြခြင်း ပို၍ ဖြစ်နေမိပါသည်။ ကျွန်မ မျက်နှာကို အကာအကွယ် မပြုဘဲ ဖွင့်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ လူယုတ်မာ တစ်ယောက်ပဲ"

ကျွန်မ စကားသည် သူ့ကို ထိသွားပုံရသည်။ သူက ခုတင်စွန်းတွင် ထိုင်လိုက်သည်။ ထို့နောက် မွေ့ရာကို လက်နှစ်ဖက်ဖြင့် ကိုင်၍ သူ့ကိုယ်ကို နိမ့်ချည်မြင့်ချည်လုပ်နေသည်။ ထို့နောက် သူက ကျွန်မကို မကြည့်ဘဲ ပြောသည်။

"ကျုပ်တို့ အားလုံးဟာ လူယုတ်မာတွေချည်းပါပဲ"

"ရှင်ဟာ မိန်းမ တစ်ယောက်ကို ရိုက်ရဲအောင် တော်တော် သတ္တိကောင်းတာပဲ"

သို့ရာတွင် ကျွန်မက ရှေ့ဆက် မပြောနိုင်တော့ပါ။ ကျွန်မ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံလျက် ရှိလာသောကြောင့် ဖြစ်၏။ အရိုက်ခံရသောကြောင့်ချည်း ငိုကြွေးမိသည် မဟုတ်။ တစ်ညနေခင်းလုံး တွေ့ကြုံခဲ့ရသော မနှစ်သက် မသာယာဖွယ် အဖြစ်အပျက်များ အားလုံးကြောင့်ပေတည်း။ ရွံ့ထဲတွင် လဲနေသော ဂျီနိုကို ကျွန်မ မြင်မိသည်။ ကျွန်မက ဘယ်လိုမှ မဖြစ်ဘဲ ဆွန်ဇော်နိုနှင့် ရှင်လန်းစွာ လိုက်ပါခဲ့သည်ကို အမှတ်ရမိသည်။ ကျွန်မက သူ၏ ကြွက်သားများကိုပင် စမ်း၍ ကြည့်ခဲ့သေးသည်။ ယခုတော့ ကျွန်မသည် နောင်တ ရရပြီဖြစ်၏။ ဂျီနိုကို သနားမိပြီး ကျွန်မကိုယ်ကို ရွံရှာစက်ဆုပ်မိတော့၏။ ကျွန်မသည် ပြစ်ဒဏ်ခံရခြင်းပင် ဖြစ်၏။ ကျွန်မသည် အကြမ်းပတမ်းမှုတွင် ပျော်ရွှင်ခဲ့ပြီး၊ ယခုတော့ အကြမ်းပတမ်းမှုက ကျွန်မကို ဆန့်ကျင်သမှု ရန်ပြုခဲ့ချေပြီ။ ကျွန်မသည် မျက်ရည်များကို သုတ်၍ ဆွန်ဇော်နိုအား ကြည့်လိုက်သည်။ သူက ခုတင်စွန်းတွင် ဝတ်လစ်စလစ် ထိုင်နေသည်။ ဖြူဖွေး၍ အမွေးအမှင်များ မရှိချေ။ သူ့ ပခုံးများသည် ကွေးညွှတ်လျက် ရှိ၏။ ကျွန်မတို့ နှစ်ဦး၏ အလုမ်းကွာဝေးနေမှုကို လျှော့ပေါ့ပစ်ရန် ကျွန်မတွင် မမျှော်လင့်သော စိတ် ဖြစ်ပေါ်လာသည်။

"ရှင် ကျွန်မကို ဘာပြုလို့ ရိုက်တယ် ဆိုတာကို ပြောမပြတော့ဘူးလား"

"မင်း မျက်နှာ အမူအရာကြောင့်ပဲ"

ကျွန်မက သူနှင့် နီးစပ်လိုလျှင် ကျွန်မ စဉ်းစားနေမိသည်များကို အမှန်အတိုင်း ပြောပြရပေမည်။ ဘာတစ်ခုမျှ ထိမ်ချန်ထားစရာ မလိုပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ရှင့်ကို သဘောမကျဘူးလို့ ရှင် ထင်နေတယ်။ အဲဒါ မမှန်ဘူး၊ ရှင် မှားတယ်"

"ဟုတ်ချင် ဟုတ်မှာပေါ့"

"ရှင် မှားတယ်။ အမှန်ကတော့ ဘာကြောင့်မှန်းတော့ မသိဘူး။ ရှင် ကျွန်မကို ကြောက်စေ လန့်စေတယ်။ ဒါကြောင့် ကျွန်မ မျက်နှာဟာ အဲဒီလို ဖြစ်နေတာပဲ"

ယင်း စကားစုကို ကြားရသောအခါ သူက ဆတ်ခနဲ လှည့်၍ ကျွန်မကို မယုံသင်္ကာစွာ ကြည့်နေသည်။ သို့ရာတွင် သူသည် ချက်ချင်းပင် တည်ငြိမ်သွားပြီး ကျေနပ်နှစ်ခြိုက်စွာဖြင့် မေးသည်။

"ဩော် ကိုယ်က မင်းကို ကြောက်လန့်စေတယ် ဟုတ်လား"

"ဟုတ်တယ်"

"အခုကော ကြောက်စေ လန့်စေတုန်းပဲလား"

"ဟင့်အင်း။ ရှင် ကျွန်မကို သတ်ချင် သတ်နိုင်တယ်။ ဒါပေမဲ့ ကျွန်မ ဘယ်လိုမှ မဖြစ်တော့ဘူး"

အမှန်ပဲ ဖြစ်၏။ အသက်ရှင်၍ မနေလိုတော့သဖြင့် ကျွန်မကို သတ်ပစ်လိုက်စေလိုပါသည်။ သူက ဒေါကန်လာပြန်သည်။

"မင်းကို သတ်မယ်လို့ ဘယ်သူက ပြောသလဲ။ မင်းက ငါ့ကို ဘာ့ကြောင့် ကြောက်နေရတာလဲ"

"ဘာ့ကြောင့် ကြောက်နေမိသလဲ ဆိုတာကတော့ မသိဘူး။ ရှင် ကျွန်မကို ကြောက်လန့်စေတာကတော့ အမှန်ပဲ။ ကျွန်မတော့ မပြောတတ်ဘူး"

"ဂျီနီကကော မင်းကို ကြောက်လန့်စေသလား"

"သူက ဘယ့်နှယ်လုပ်ပြီး ကျွန်မကို ကြောက်လန့်စေနိုင်သလဲ"

"ဒါဖြင့် ကိုယ်က မင်းကို ဘယ်လိုလုပ်ပြီး ကြောက်လန့်စေသလဲ"

"ရှင်ဟာ ဘာမဆို ဖြစ်အောင် လုပ်နိုင်တဲ့ လူတစ်ယောက်မို့ ရှင့်ကို ကျွန်မ ကြောက်မိတာပဲ"

ကျွန်မက သူ့ကို ချော့မော့ နှစ်သိမ့်လိုက်သည်။ သူက ဘာမျှ မပြောဘဲ ထိုနေရာတွင် မတုန်မလှုပ် ထိုင်နေသည်။ ထို့နောက် သူသည် ကျွန်မဘက်သို့ လှည့်၍ ခြိမ်းခြောက်သည့် အနေဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒီလို ပြောနေတာတွေဟာ ငါ့ကို အဝတ်ပြန်ဝတ်ပြီး ဒီက ထွက်သွားစေချင်သလား”

“ဟင့်အင်း၊ ရှင် နေချင်ရင် နေနိုင်ပါတယ်။ ဒါပေမဲ့ ပထမဆုံး မီးကိုတော့ ပိတ်လိုက်ပါဦး”

သူသည် မတ်တတ်ရပ်၍ တံခါးဆီသို့ ခြေဖျားထောက် သွားကာ မီးခလုတ်ကို ပိတ်လိုက်သည်။ သူ့ကို မီးအပိတ်ခိုင်းခြင်းသည် ကောင်းသော အကြံအစည် တစ်ခု မဟုတ်ကြောင်းကို ကျွန်မက ချက်ချင်းပင် သဘော ပေါက်မိသည်။ တစ်ခန်းလုံး မှောင်ကျသွားသည်နှင့် တစ်ပြိုင်နက် ထိတ်လန့် ကြောက်ရွံ့မှုများသည် ကျွန်မ ကိုယ်တွင်းသို့ မထိန်းနိုင် မသိမ်းနိုင် ပြန်လည်၍ ဝင်ရောက်လာကြကုန်တော့၏။ အခန်းထဲတွင် ကျွန်မနှင့် အတူ လူတစ်ယောက် ရှိနေသည်နှင့် မတူဘဲ ကျားသစ် တစ်ကောင် သို့မဟုတ် တောရိုင်း တိရစ္ဆာန် တစ်ကောင် ရှိနေသည်နှင့် တူပေသည်။ သားရဲသတ္တဝါသည် အခန်းထောင့်တွင် ဝပ်ချောင်းနေပြီး ကျွန်မအား ခုန်အုပ်ကာ အစစ အနန ဖြစ်အောင် ဆွဲဆုတ်ပစ်ချေတော့သည်။ သူသည် ကုလားထိုင်နှင့် အခြား ပရိဘောဂများ ကြားတွင် ဖြည်းဖြည်းချင်း စမ်း၍ လာနေရဟန် တူသည်။ သို့မဟုတ် ထိတ်လန့်ကြောက်ရွံ့စိတ် လွှမ်းကဲနေသဖြင့် သူ ကြာနေသည်ဟု ထင်မိခြင်းလည်း ဖြစ်ပေမည်။ သူ၏ လက်များက ကျွန်မ ကိုယ်ကို ကိုင်တွယ် ထိမိသောအခါတွင် ကျွန်မသည် တသိမ့်သိမ့် တုန်သွားမိပြန်သည်။ ဤအကြိမ် ကို သူ သတိ မပြုမိတန်ရာဟု ကျွန်မက ထင်သည်။ သို့ရာတွင် သူ၏ အသိသည် တိရစ္ဆာန် တစ်ကောင်၏ အသိလိုပင် ပါးလှစ်လှသည်။ ချက်ချင်း ဆိုသလိုပင် သူ့ အသံကို ကျွန်မ အနားမှာ ကပ်၍ ကြားလိုက်သည်။

“ကြောက်နေတုန်းပဲလား”

သူက မေးလိုက်သည်။ သူက ကျွန်မကို ရိုက်ပြန်ပေဦးတော့မည်။ ယင်းကြောင့်–

“ဟင့်အင်း မဟုတ်ဘူး။ ဒီတစ်ခါတော့ ချမ်းလို့ပါ။ စောင်ခြုံကြရအောင်”

ကျွန်မက အသံ မှန်အောင် မနည်းကြီး ကြိုးစား၍ ပြောလိုက်သည်။

အမှောင်ထဲတွင် စောင်အောက်၌ သူက ကျွန်မကို ပွေ့၍ဖက်၍ နေသည်မှာ ကျွန်မ တစ်သက်တာတွင် အဆိုးဝါးဆုံးသော ကာလများ ဖြစ်ပေသည်။ သူ၏ ချောမွတ်သော၊ ကွေ့ကောက်သော၊ တွန့်လိမ်သော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာဖြင့် ထိတွေ့နေရသော အခါတွင် ကျွန်မသည် ကြောက်လန့်မှုဖြင့် တောင့်တောင့်ကြီး ဖြစ်သွားသည်။ တွန့်သွားသည်။ တုန်သွားသည်။

ယင်းသို့ တပြီးသည်နောက်တွင်ကား ကျွန်မတို့သည် အမှောင်ထဲတွင် တိတ်ဆိတ်စွာ လဲလျောင်းနေကြသည်။ ကျွန်မသည် အားအင် ကုန်ခန်းနေပြီ ဖြစ်သဖြင့် ခဏချင်းမှာပင် အိပ်ပျော်သွားလေသည်။ မကြာခင်မှာပင် ကျွန်မ ကိုယ်ပေါ်တွင် အလေးအလံကြီး တစ်ခု ဖိထားသလို ခံစားရသည်။ ဆွန်ဇော်နို သည် ကိုယ်တုံးလုံးကြီး အတိုင်းနှင့် ကျွန်မ အပေါ်တွင် ဆောင့်ကြောင့် ထိုင်နေသည်။ သူ့ ဒူးများကို လက်ဖြင့် ကိုင်ထားသည်။ သူ့ ခေါင်းသည် ဒူးများပေါ်တွင် မေးတင်ထားသည်။ ကျွန်မက ဆက်လက်၍ အိပ်ပျော် နေသည်နှင့်အမျှ သူ၏ အလေးချိန်သည် ပို၍ စီးလာသည်။ ကျွန်မသည် အိပ်ပျော်နေရင်းဖြင့်ပင် အနားမရှိ တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ သူ၏ ဖိစီးထားမှုမှ လွတ်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်မ သည် အသက် ရှူ၍ မရအောင် မွန်းလာပြီး အော်ဟစ်ရန် ကြိုးစားမိတော့ သည်။ ကျွန်မ၏ အသံသည် လည်ချောင်းထဲတွင်ပင် ကပ်နေသည်။ ကျွန်မ သည် အဆုံး မရှိသော ကာလ တစ်ခုပတ်လုံး အသံမထွက်ဘဲနှင့် ငိုကြွေး နေမိသည်။ နောက်ဆုံးတွင်မှ ကျွန်မသည် အသံကို ဖျစ်ညှစ်၍ ထုတ်နိုင် ပြီး ကျယ်လောင်စွာ ညည်းတွားရင်းဖြင့် နိုးလာသည်။

စားပွဲပေါ်တွင် မီးလင်းနေသည်။ ဆွန်ဇော်နိုသည် သူ့ ခေါင်းကို လက်မောင်းပေါ် တင်ထားပြီး ကျွန်မကို ကြည့်နေသည်။

"ကျွန်မ အိပ်တာ တော်တော် ကြာသလား"

"နာရီဝက်"

ကျွန်မသည် စောစောက ဘီလူး အစီးခံထားရသည့်အတွက် ကြောက် လန့်မှု မပြယ်သေးဘဲနှင့် သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"မင်း အခုထိ ကြောက်နေတုန်းလား"

"မပြောတတ်ဘူး"

"ငါ ဘယ်သူဆိုတာ သိရင် မင်း ပိုပြီး ကြောက်လာလိမ့်မယ်"

ယောကျ်ားများသည် မိန်းမ တစ်ယောက်နှင့် ပျော်ပါးပြီးသွားသော အခါတွင် သူတို့ အကြောင်းကို ပြောပြလိုကြသည်။ သူသည်လည်း ခြွင်းချက် မဖြစ်နိုင်ကြောင်း သိသာလှသည်။ တကယ်ပင် ကျွန်မသည် သူ့ကို နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် ကြောက်လန့်၍ လာမိနေပြန်ချေပြီ။ ကျွန်မ၏ ရင်သည် အဆမတန် ခုန်နေသည်။ ပေါက်ကွဲရတော့မတတ် ဖြစ်သည်။

"ဘာပြုလို့လဲ ရှင်က ဘယ်သူလဲ"

"ပယ်လက်ထရီ လမ်းက လူပဲ၊ အဲဒါ ငါပဲ"

ပယ်လက်ထရီ လမ်းတွင် ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို ရှင်းပြရန် မလိုဟု သူက တွက်ထားသည်။ မှန်သည်။ မကြာမီ တလောကလေးမှ ယင်း လမ်းရှိ အိမ်တစ်အိမ်တွင် အင်မတန် ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ကောင်းသော ရာဇဝတ်မှုကြီး တစ်ခု ဖြစ်ပွားခဲ့လေသည်။ ယင်း မှုခင်း အကြောင်းကို သတင်းစာတိုင်းတွင် အကျယ်တဝင့် ရေးသား ဖော်ပြခဲ့ကြသည်။ အမေသည် အား အား ရှိတိုင်း မှုခင်း သတင်းများကို ဖတ်နေသူ တစ်ဦး ဖြစ်သဖြင့် ထိုသတင်းကို ကျွန်မအား ပထမဆုံး ဖောက်သည်ချသူ ဖြစ်သည်။ ရွှေငွေ ရတနာကုန်သည် တစ်ဦးသည် သူ တစ်ယောက်တည်း နေသော အိမ်ခန်းထဲတွင် အသတ်ခံရသည်။ ဆွန်ဇော်နို အသုံးပြုခဲ့သော လက်နက်မှာ သံကြေးဝါ စက္ကူဘိကြီး တစ်ခု ဖြစ်သည်။ ဆွန်ဇော်နို အသုံးပြုသော လက်နက်ဟု ဆိုရခြင်းမှာ လူသတ်သမားသည် သူ ဖြစ်ကြောင်းကို ကျွန်မက ယခုအခါ အသေအချာ သိနေရပြီ ဖြစ်သောကြောင့်ပင်။ ရဲအဖွဲ့ဝင်များသည် ထိုက်ထိုက်တန်တန် သဲလွန်စဟူ၍ တစ်ခုမျှ မရရှိကြပါချေ။ အဆိုပါ ရတနာကုန်သည်သည် ခိုးရာပါ ပစ္စည်းများကို လက်ခံ ဝယ်ချမ်းသူ တစ်ဦး ဖြစ်သဖြင့် သူသည် တရားမဝင်သော ရောင်းဝယ်ဖောက်ကားမှု တစ်ခုကို ပြုလုပ်နေစဉ်တွင် အသတ်ခံရခြင်း ဖြစ်မည်ဟု ရဲအဖွဲ့ဝင်များက ထင်မြင်ချက် ပေးကြသည်။ သူတို့၏ ထင်မြင်ချက် မှန်ကန်ကြောင်းကို ယခုအခါ ကျွန်မတို့ သိမြင်ကြရပြီ ဖြစ်၏။

"ရှင် ဘာပြုလို့ သူ့ကို သတ်တာလဲ"

ကျွန်မက မေးလိုက်သည်။ ကျွန်မ ခေါင်းထဲသို့ ပထမဆုံး ဝင်လာသည့် စိတ်၏ ဖြစ်ထွန်းချက် ဖြစ်သည်။

"ငါ့မှာ အင်မတန် အဖိုးတန်တဲ့ ပစ္စည်း တစ်ခု ရောင်းစရာ ရှိတယ်။ သူဟာ အင်မတန် ညစ်ပတ်တဲ့ လူတစ်ယောက် ဖြစ်မှန်းလဲ ငါ သိတယ်။ ဒါပေမဲ့ ငါ့မှာ ဖောက်သည် ဆိုလို့က သူ တစ်ယောက်ပဲ ရှိတယ်။ သူက ငါ့ကို အင်မတန် ရယ်စရာ ကောင်းတဲ့ ဈေးကို ပေးတယ်။ သူ ငါ့ကို

www.burmeseclassic.com



ဒီလို လုပ်ပေါင်း များနေတော့ ငါလဲ သူ့ကို တော်တော် မုန်းနေပြီ။ ဒါနဲ့ ငါက ငါ့ ပစ္စည်းပဲ ပြန်ပေးတော့လို့ ပြောလိုက်တယ်။ သူဟာ လူညာ လူကောက် တစ်ယောက်လို့လည်း ပြောလိုက်တယ်။ အဲဒီအခါမှာ သူက ငါ သည်းမခံနိုင်တဲ့ စကား တစ်ခွန်းကို ပြန်ပြောတယ်"

"သူက ဘာပြောလို့လဲ"

ကျွန်မက မေးလိုက်သည်။ ဆွန်ဇော်နိုက သူ့ အကြောင်းများကို ပြောပြနေသောအခါ သူ့ အပေါ်တွင် ကျွန်မ ကြောက်နေမိသည်များသည် လျော့နည်းသွားနေကြပြီ ဖြစ်ကြောင်းကို အံ့သြဖွယ်ရာ သိရှိရ၏။ ပြီးတော့ ကျွန်မက သူ၏ အမှုကိစ္စများတွင် စိတ်ဝင်စား လိုက်ဖိုလျက်ပင် ရှိနေတော့၏။

"သူ့ အိမ်ထဲက ငါ ထွက်မသွားရင် ငါ့ကို ပုလိပ်လက် အပ်လိုက်မယ်လို့ သူက ပြောတယ်။ ဒါနဲ့ ငါက သူ တစ်ဖက်ကို လှည့်အသွားမှာ"

သူက တိုတိုတုတ်တုတ်ပင် ပြန်ဖြေသည်။ သို့ရာတွင် စကားကို ဆုံးအောင် မပြောဘဲ ကျွန်မကို စိုက်ကြည့်နေသည်။

"ရှင် စိတ်မကောင်း မဖြစ်ဘူးလား။ နောင်တ မရဘူးလား"

"အခု ဖြစ်နေပြီ"

ကျွန်မက သူ့ကို အာရုံစိုက်၍ ကြည့်လိုက်သည်။ ပြီးတော့ သူ၏ အဖြေကို သဘောတူသည့်အလား ခေါင်းညိတ်လိုက်မိသည်ကို ကျွန်မကိုယ် ကျွန်မ အံ့သြစွာ သိရှိရသည့် နောက်ဆုံး၌ ကျွန်မသည် စိတ်လှုပ်ရှား ယောက်ယက်ခတ်လျက် ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီး–

"ဘုရား ဘုရား၊ ဘုရားသခင် ရှင် ဘာလို့ ဒီလို လုပ်ရတာလဲ။ ဒီအကြောင်းတွေကို ဘာပြုလို့ ကျွန်မကို ပြောပြရတာလဲ"

"မင်းဟာ ကိုယ့်အကြောင်း ဘာမှ မသိဘဲနဲ့ ကိုယ့်ကို ကြောက်လန့်နေတယ်။ ဒါဟာ ကိုယ့် စိတ်ထဲမှာ အတော် ထူးခြား ဆန်းပြားနေတယ်။ ဒါကြောင့် မင်းကို ကိုယ် ပြောပြတာပဲ။ ကံကောင်းတာက ဒိပြင် လူတွေဟာ မင်းလို မဟုတ်ကြဘူး။ နို့မဟုတ်ရင် ကိုယ်ဟာ အခုလောက်ဆိုရင် မိနေပြီ"

"ရှင် သွားပါတော့။ ကျွန်မ ဘာသာ နေပါရစေတော့။ သွားပါတော့ ရှင်"

"ဘယ်လို ဖြစ်သွားပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ စကားသံကို ထောက်ချင့်ခြင်း အားဖြင့် သူ အမျက်ဒေါသ ဖြစ်လာပြန်ပြီကို ကျွန်မ သိမိသည်။

"ရှင့်ကို ကြောက်လို့ လန့်လို့ မထင်ပါနဲ့။ ကျွန်မ မကြောက်ပါဘူး။ ကျွန်မမှာ ပြန်ပြီး စဉ်းစားတတ်တဲ့ အကျင့် ရှိပါတယ်။ နောက် ရှင် ပြန်လာပါ။ ကျွန်မကို တစ်မျိုးတစ်ဖုံ ပြောင်းလဲနေတာ တွေ့ရပါလိမ့်မယ်"

"မင်းမှာ ဘာစဉ်းစားစရာ ရှိသလဲ။ မင်းဟာ ကိုယ့်ကို ပုလိပ်လက်ကိုတော့ မအပ်ဘူး မဟုတ်လား"

"ကျွန်မ ရှင့်ကို ပြောပြီးပြီ မဟုတ်လား။ ရှင် ပြန်လာနိုင်ပါတယ်လို့။ ဒီပြင် မိန်းမတွေဆိုရင် ဘယ်လို ပြောမယ်ဆိုတာ ရှင် သိတယ် မဟုတ်လား။ ရှင်နဲ့ ဘာမှ ပတ်သက်စရာ အကြောင်း မရှိတော့ဘူး။ ရှင့်ကို ဘယ်တော့မှ မတွေ့ချင်တော့ဘူးလို့ ပြောကြလိမ့်မယ်"

"ဒါပေမဲ့ အခုလောလောဆယ်တော့ မင်းက ငါ့ကို မောင်းထုတ်နေတာပဲ"

"ကျွန်မက ရှင် သွားချင်နေတယ် ထင်လို့ပါ။ တစ်မိနစ်ပဲ ဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ ရှင် နေချင်ရင် နေပါ။ ရှင် ဒီမှာ အိပ်ချင်သလား။ အိပ်ချင်ရင် ကျွန်မနဲ့အတူ အိပ်ပြီး နက်ဖြန် မနက်ကျမှ သွားနိုင်တယ်။ ရှင် လိုချင်တာ ဒါပဲလား"

သူ၏ အကြည့်တွင် ကျေးဇူးတင်မှုများ တောက်လက်နေသည်ကို ကျွန်မက တွေ့မြင်လိုက်ရသည်။

"မအိပ်ပါဘူး။ ကိုယ် အလကား ပြောနေတာ။ ကိုယ်သွားမှာပါ"

သူက ခေါင်းကို ယမ်းခါရင်း ပြောလိုက်သည်။ သူက မတ်တတ်ထရပ်လိုက်ပြီး သူ့ အဝတ်အစားများ တင်ထားသော ကုလားထိုင်ဆီသို့ လျှောက်သွားသည်။

"ရှင့် သဘောပဲ။ ရှင် ဒီမှာ နေချင် နေနိုင်တယ်။ ပြီးတော့ ဒီရက်တွေအတွင်းမှာ ရှင် တစ်နေရာရာမှာ အိပ်ဖို့ လိုရင်လဲ ဒီမှာ လာပြီး အိပ်နိုင်ပါတယ်"

ဘာမျှ သူက မပြောပါ။ အဝတ် ဝတ်နေသည်။ ကျွန်မလည်း ထလိုက်သည်။ ဝတ်ရုံကို ခြုံလိုက်သည်။ ထို့နောက် အခန်းထဲတွင် ဖြည်းလေး

www.burmeseclassic.com

www.burmeseclassic.com



စွာ လျှောက်နေမိသည်။ ဖိနပ်ကြိုးများကို ငုံ့၍ ချည်နေသည်ကို တွေ့ရသော အခါ ကျွန်မက သူ့ ရှေ့တွင် ဒူးထောက်၍ ထိုင်လိုက်ပြီး–

"ကျွန်မ ချည်ပေးမယ်"

သူ အံ့သြသွားသည်။ သို့ရာတွင် ကျွန်မ၏ အပြုအမူကို မငြင်းပယ် မကန့်ကွက်ပါ။ သူ၏ ညာခြေထောက်ကို ကျွန်မ ပေါင်ပေါ်တွင် တင်လိုက်ပြီး နှစ်ဆင့်ထုံး ချည်လိုက်သည်။ ထို့နောက် ဘယ်ဘက် ခြေထောက်ကို လည်း ထို့အတူ ချည်လိုက်သည်။ သူက ကျွန်မကို ကျေးဇူးတင်ကြောင်း မပြော။ ဘာမျှ မပြော။ အဘယ်ကြောင့် ကျွန်မ ဤကဲ့သို့ ပြုလုပ်သည်ကို ကျွန်မတို့ နှစ်ယောက်စလုံး သဘောပေါက် နားလည်ကြပုံ မရှိချေ။ ထို့နောက် သူက ပိုက်ဆံအိတ်ကို ထုတ်၍ ကျွန်မကို ပိုက်ဆံ ပေးမည် ရှိသည်။

"ဟင့်အင်း၊ ဟင့်အင်း။ ကျွန်မကို ဘာမှ မပေးပါနဲ့။ ကိစ္စမရှိပါဘူး"

"ဘာလို့လဲ။ ငါ့ ပိုက်ဆံက သူများတွေ ပိုက်ဆံလောက် မကောင်းလို့လား"

သူက ဒေါသတကြီး မေးလိုက်သည်။ လူသေ တစ်ကောင် အိတ်ထဲမှ ပူပူနွေးနွေး ရလာသော ပိုက်ဆံကို ကျွန်မ ရွံရှာမည် ဖြစ်ကြောင်း သူ မသိသည်မှာ ဆန်းနေသည်။ သို့မဟုတ် သိချင်လည်း သိပေမည်။ ကျွန်မကို ပါ အပေါင်းပါ အဖြစ် ဖန်တီးပြီး ကျေအေးမှု ရှာခြင်းလည်း ဖြစ်ပေမည်။ သူ့ အပေါ်တွင် ကျွန်မ မည်သို့ သဘောထားကြောင်း သိအောင် ပြုလုပ်ခြင်း ဖြစ်ပေမည်။

"မဟုတ်ပါဘူး၊ ဒီလိုမျိုး မဟုတ်ပါဘူး။ ကျွန်မ ရှင့်ကို ခေါ်လာတုန်းက ပိုက်ဆံအကြောင်း မစဉ်းစားခဲ့လို့ပါ။ ကိစ္စမရှိပါဘူး။ နေပါစေ"

သူက တည်ငြိမ်သွားပြန်သည်။

"ကောင်းပြီ၊ ဒါပေမဲ့ ကိုယ်ဟာ မင်းကို အမှတ်တရ လက်ဆောင်တော့ ပေးခဲ့ချင်တယ်"

သူသည် အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူ၍ စားပွဲပေါ်တွင် တင်လိုက်သည်။ ကျွန်မက ထိုအရာကို ကောက်မယူဘဲ ကြည့်ရုံပဲ ကြည့်လိုက်သည်။ ဂျီနီတို့ အိမ်မှ ကျွန်မ ခိုးလာသော ပေါင်ဒါဘူး ဖြစ်နေသည်။

"ဒါက ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဂျီနို ပေးတာပဲ။ ရွှေကုန်သည်ကို ကိုယ် သွားရောင်းတဲ့ ပစ္စည်းဟာ ဒီပေါင်ဒါဘူးပဲ။ သူက ဒါကို အလကားလောက် လိုချင်တယ်။ ဒါပေမဲ့ ကိုယ်က ဒါဟာ သိပ်အဖိုးတန်တယ်လို့ ထင်တယ်။ တကယ်ပဲ ဒါဟာ ရွှေအစစ်"

"ကျေးဇူးတင်ပါတယ်"

ကျွန်မ ကိုယ်ကို မနည်းကြီး ထိန်း၍ ပြောလိုက်ရသည်။

"မလိုပါဘူး"

သူက မိုးကာအင်္ကျီကို ဝတ်၍ ခါးပတ်ကို ပတ်နေသည်။

"ကဲ သွားတော့မယ်"

သူက အခန်းတံခါးဝမှ နေ၍ ပြောလိုက်သည်။ ခဏအကြာတွင် အိမ်ရှေ့ တံခါးပိတ်သံ ကြားရသည်။ ကျွန်မ တစ်ယောက်တည်း ကျန်ရှိရစ်သောအခါတွင် စားပွဲဆီသို့ လျှောက်သွားပြီး ပေါင်ဒါဘူးကို ကောက်ယူလိုက်သည်။ ကျွန်မ၏ ခေါင်းများ နောက်၍ နေသည်။ တစ်ချိန်တည်းမှာပင် ထိုင်းထိုင်းမှိုင်းမှိုင်း အုံ့သြနေမိသည်။ ပေါင်ဒါဘူးသည် ကျွန်မ လက်ထဲတွင် ကောက်ကိုင်လျက် ရှိသည်။ အဖုံးလက်ကိုင် ထိပ်မှ ပတ္တမြားသည် ရုတ်တရက်ဆိုသလို ကြီးလာသည်ဟု ထင်ရသည်။ ဝိုင်းဝန်းသော အနီစက်ကြီး ဖြစ်လာသည်။ ရွှေထည် တစ်ခုလုံးကို ဖုံးလွှမ်းမိသည်ထိ ဖြစ်သည်။ ကျွန်မ လက်ထဲတွင် သွေးကွက် ဝိုင်းဝိုင်း တစ်ခုသည် တောက်လက်လျက် ရှိ၏။ သွေးကွက်သည် ပေါင်ဒါဘူးနှင့်အတူ လေးလျက် ရှိသည်။ ကျွန်မက ခေါင်းကို ယမ်းခါပစ်လိုက်သည်။ အနီကွက် ပျောက်သွားသည်။ ကျွန်မသည် ပတ္တမြားနှင့် ရွှေပေါင်ဒါဘူးကို တစ်ကြိမ် မြင်တွေ့၍ နေရပြန်တော့သည်။ ကျွန်မက ပေါင်ဒါဘူးကို စားပွဲပေါ် ပြန်တင်လိုက်သည်။ ထို့နောက် ခုတင်ပေါ်တွင် ဝတ်ရုံနှင့် လုံးထွေး၍ နေမိသည်။ မီးကို ပိတ်၍ စတင်စဉ်းစားခြင်း ပြုမိတော့သည်။

ကျွန်မ၏ စိတ်များကို တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ကြောင်းပြီး တစ်ကြောင်း နောက်ကြောင်း ပြန်စေပါသည်။ သို့ရာတွင် ပြဿနာ၏ အစကိုကား ရှာဖွေ၍ မတွေ့မိပါချေ။ အတည်တကျ ယူလိမ့်မည် ထင်၍ ကျွန်မ ကိုယ်ကို ဂျီနို၏ လက်သို့ ဝကွက်၍ အပ်ခဲ့သည်။ သို့ရာတွင် သူက ကျွန်မကို သစ္စာဖောက်၍ ကျွန်မက စိတ်၏ လှုံ့ဆော်မှု သက်သက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ဒါဘူးကို ခိုးခဲ့သည်။ ထို့နောက် ကျွန်မက ပေါင်ဒါဘူးကို ခိုးယူမိသည့် အကြောင်းကို သူ့အား ပြောပြလိုက်သည်။ သူက ထိတ်လန့် တုန်လှုပ်သွားသည်။ သူ အလုပ် မပြုတ်စေရန် ပေါင်ဒါဘူးကို ပြန်ပေးလိုက်သည်။ သို့ရာတွင် သူသည် ပေါင်ဒါဘူးကို ပိုင်ရှင်ကို ပြန်မပေးဘဲ သိမ်းထားသည်။ သူ့ကို သူခိုး အရိုးခံရမည်စိုး၍ သူ မလိုလားသော အစေခံမ တစ်ယောက် အပေါ် အပြစ် ကျရောက်စေပြီး ထောင်ထဲသို့ ပို့လိုက်သည်။ အစေခံမသည် အပြစ် ကင်းစင်သည်။ သို့ရာတွင် ထောင်ထဲတွင် အညှဉ်းပန်း အနှိပ်စက် ခံနေရသည်။ ဤအချိန်တွင် ဂျီနိုက ပေါင်ဒါဘူးကို ရောင်းချရန် ဆွန်ဇော်နို ကို ပေးလိုက်သည်။ ဆွန်ဇော်နိုက ရတနာ ကုန်သည် ထံသို့ သွားသည်။ ရတနာ ကုန်သည်က ဈေးကို အဆမတန် နှိမ့်ချ၍ ပေးသည်။ ဆွန်ဇော်နိုသည် နောက်ဆုံးတွင် အမျက်ဒေါသဖြင့် သူ့အား သတ်ပစ်လိုက်သည်။ ရွှေရတနာ ကုန်သည်မှာ သေဆုံး၍ ဆွန်ဇော်နိုက လူသတ်ကောင် ဖြစ်ရချေတော့သည်။ ယင်း အဖြစ်အပျက်များ အားလုံးသည် ကျွန်မ၏ အပြစ်များ ဖြစ်ကြောင်း ခြေရာကောက်ယူနိုင်ခြင်း မပြုနိုင်ပါ။ အကယ်၍ ယင်းကဲ့သို့ ခြေရာကောက်ခြင်း ပြုခဲ့လျှင်လည်း ဤမည်သော ကံဆိုးမိုးမှောင် ကျမှုများသည် ကျွန်မ အနေနှင့် အတည်တကျ လက်ထပ်၍ သာယာစိုပြည်သော အိမ်ထောင်ကလေး တစ်ခု တည်ဆောက်လိုသော ဆန္ဒသည်သာလျှင် အဓိက တရားခံ ဖြစ်ချေပေတော့မည်။

ကျွန်မသည် နှစ်နာရီခန့် အိပ်ပျော်သွားပြီး နိုးလာပြန်သည်။ လူကသာ နိုးနေသော်လည်း စိတ်များကတော့ မြောချင်ရာကို မြော၍ မိန်းမောနေပါသည်။ ထောင်ထဲတွင် မတရားသက်သက် အညှဉ်းပန်း အနှိပ်စက် ခံနေရသော အစေခံမကို သတိရမိသည်။ ရုတ်ခြည်းဆိုသလို အက်စ်တာရီတာ၏ နာမည်သည် ကျွန်မ၏ စိတ်အစဉ်တွင် ပေါ်လာသည်။ 'အက်စ်တာရီတာနဲ့ သွားတွေ့ပြီး အစေခံမကို လွတ်အောင် လုပ်မယ်' ဟု ကျွန်မက တွေးတောဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

နောက်တစ်နေ့ နံနက်တွင် ကျွန်မသည် အဝတ်အစားများကို သေသေချာချာ ဝတ်ဆင်ပြီး ပေါင်ဒါဘူးကို လက်ပွေ့အိတ်ထဲသို့ ထည့်ကာ အက်စ်တာရီတာထံ ဖုန်းဆက်ရန် ထွက်ခဲ့ပါသည်။ ကျွန်မသည် စိတ်လက် ပေါ့ပါးလျက် ရှိ၏။ ယမန်နေ့ ညက ဆွန်ဇော်နိုကြောင့် ဖြစ်ပေါ်လာခဲ့သော ဒုက္ခများသည် လုံးဝ ပျောက်ပြယ်သွားကြပြီ ဖြစ်၏။

ကျွန်မသည် အများသုံး တယ်လီဖုန်း တစ်ခုကို လိုက်လံ ရှာဖွေရင်း သတင်းစာ နှစ်စောင်ကို ဝယ်ယူကာ ပယ်လက်ထရိုလမ်း လူသတ်မှု အကြောင်းကို ရှာဖွေ ဖတ်ရှုမိပါသည်။ မှုခင်း ဖြစ်ပွားခဲ့သည်မှာ ရက်အတန်ငယ် ကြာပြီဖြစ်၍ ပုဒ်တိုကလေး တစ်ခုကိုသာ တွေ့ရှိရ၏။ 'ရှေ့ကုန်သည် သတ်မှု သဲလွန်စ မရသေး' ဤအတိုင်းသာဆိုလျှင်၊ ဆွန်ဇော်နိုကသာ ခြေလှမ်း မမှားခဲ့လျှင်၊ မည်သည့် အခါတွင်မှ တရားခံ ပေါ်တော့မည် မဟုတ်ချေ။

အများသုံး တယ်လီဖုန်း တစ်ခုကို ပျော်ပွဲစားရုံကလေး တစ်ခုတွင် တွေ့သဖြင့် အက်စ်တာရီတာထံ ကျွန်မ ဖုန်းဆက်ပါသည်။ သူ့ထံသို့ ကျွန်မ ဖုန်းမဆက်သည်မှာ ရက်သတ္တ ခြောက်ပတ်ခန့် ရှိပေမည်။ သူသည် အံ့ဩသွားပုံရသည်။ ပထမတွင် သူသည် ကျွန်မ အသံကို မကျွမ်းမိသဖြင့် ရုံးလေသံဖြင့် ပြောဆိုလျက် ရှိ၏။ ကျွန်မပင် စိတ်ပျက်သွားမိသည်။ ကျွန်မကို

www.burmeseclassic.com



သူ မချစ်တော့ဟု အောက်မေ့မိသည်။ အကျဉ်းထောင်ထဲမှ အမျိုးသမီး အတွက် ပူပန်သောက ရောက်မိသွားသည်။

သို့ရာတွင် ကျွန်မအဖို့ အပြစ် ကင်းစင်သော အစေခံမ လွတ်မြောက် ရေးသည် အရေးအကြီးဆုံး ဖြစ်နေသဖြင့် ကြောက်ကြောက် ရွံ့ရွံ့ တုန်တုန် ယင်ယင်ဖြင့် ကျွန်မ၏ နာမည်ကို ပြောပြလိုက်သည်။ သည်တော့မှ စိတ် သက်သာရာ ရတော့သည်။ သူ၏ လေသံသည် ချက်ချင်းပင် ပြောင်းသွား သည်။ ကျွန်မက ချိန်းဆိုလိုက်ရာ သူက မပျက်မကွက် လာရောက်ပါမည်ဟု ကတိပြုလေသည်။ ကျွန်မက ပျော်ပွဲစားရုံကလေးထဲမှ ထွက်ခဲ့သည်။

ကျွန်မသည် အက်စ်တာရီတာနှင့် နေ့ခင်းဘက်တွင် သူ ရုံးမှ ဆင်း လျှင် ဆင်းချင်း တွေ့ရန် ချိန်းဆိုလိုက်သည်။ သို့ဖြင့် ကျွန်မတွင် အချိန် တစ်နာရီ နှစ်နာရီ ရှိသေးပြီး ဘာမျှလည်း လုပ်စရာ မရှိသဖြင့် ဂျီဆယ်လာ ထံ သွားရန် ဆုံးဖြတ်လိုက်သည်။ သူမနှင့် မတွေ့ရသည်မှာလည်း ကြာပြီ ဖြစ်၏။ ဂျီဆယ်လာတို့ အိမ်သို့ ရောက်၍ လှေကားမှ တက်မည် အပြုတွင် တံခါးမှူးစောင့် အမျိုးသမီးက ကျွန်မကို လှမ်းပြောသည်။

"ဆီညိုရီနာ ဂျီဆယ်လာနဲ့ သွားတွေ့မလို့လား။ သူ အခု ဒီမှာ မနေတော့ဘူး"

"သူ ဘယ်ပြောင်းသွားပြီလဲ"

"အမှတ် ခုနစ်၊ ကက်ဆာဘလင်ကာလမ်း။ လူ ခပ်ငယ်ငယ် ခပ် ချောချောကလေး တစ်ယောက်က ကားနဲ့ လာပြီး သူနဲ့ သူ့ပစ္စည်းတွေကို သယ်သွားတာပဲ"

ကျွန်မ မျှော်လင့်ထားသည့် အတိုင်းပင် သူမသည် ယောကျ်ား တစ်ယောက်နှင့် လိုက်ပါသွားပြီ ဖြစ်၏။ ဘာကြောင့်မှန်း မသိ။ ကျွန်မသည် ရုတ်တရက် ခြေကုန်လက်ပန်း ကျသွားသည်။ လဲကျ မသွားစေရန် တံခါး တိုင်ကို မှီထားလိုက်ရသည်။ သို့ရာတွင် ကျွန်မ သူမ၏ လိပ်စာသစ်အတိုင်း လိုက်သွားပြီး တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မက အငှားကား တစ်စီး ကို ခေါ်၍ ကက်ဆာဘလင်ကာလမ်းသို့ မောင်းရန် ပြောလိုက်သည်။

ဂျီဆယ်လာတို့ အိမ်သည် ခေတ်မီပုံစံ အဆောက်အအုံ ဖြူဖြူဖွေးလေး ဖြစ်သည်။ မကြာမီကမှ ဆောက်လုပ်ထားပုံ ရှိသည်။ ကျွန်မက အမွမ်းအမံ အဆင်အယင် မရှိသော အခန်းဖြူဖြူ တစ်ခုထဲသို့ ဝင်ခဲ့သည်။ အလုပ်သမား

www.burmeseclassic.com



ဝတ်ရုံ သပ်သပ်ရပ်ရပ်နှင့် တံခါးမှူး ရွယ်ရွယ်က ကျွန်မကို ဓာတ်လှေကား ဆီသို့ လမ်းပြပါသည်။ ကျွန်မက ခလုတ်ကို နှိပ်လိုက်ရာ ဓာတ်လှေကား သည် မြင့်တက်သွားပါတော့သည်။ ဓာတ်လှေကားသည် အထက်ဆုံးထပ် အထိ တက်သွားသည်။ ဓာတ်လှေကား ရပ်သွားသော အခါတွင် ကျွန်မ အပြင်သို့ ထွက်လိုက်သည်။ တောက်ပြောင်သော ကြေးဝါ လက်ကိုင်နှင့် လှပကောင်းမွန်သော တံခါး တစ်ခုရှေ့တွင် ရောက်ရှိနေသည်။ ခလုတ်ကို နှိပ်လိုက်သည်။ ပိန်ပိန်ပါးပါး၊ အသားညိုညို၊ ဦးထုပ်ဖြူဖြူ၊ ဇာထိုးရှေ့ဖုံး ထည်နှင့် အစေခံမ တစ်ဦးက တံခါးကို ဖွင့်ပေးသည်။

"ဆီညိုရီနာ ဒီဆင်တီ ရှိပါသလား ရှင်။ အက်ဒရီယာနာက တွေ့ချင် တယ်လို့ ပြောပါ"

အစေခံသည် ကျွန်မကို ထားခဲ့၍ တံခါး တစ်ခုဆီသို့ လျှောက်သွား သည်။ တိုက်ခန်းငယ်ကလေး တစ်ခုသာ ဖြစ်သည်ဟု ကျွန်မ ထင်မိသည်။ အခန်းကို အနွေးငွေ့ ပေးထားသည်။ ထို့နောက် စင်္ကြံလမ်းအဆုံးရှိ မှန်တံခါး သည် ပြန်လည်၍ ပွင့်လာသည်။ အစေခံ အမျိုးသမီးက ကျွန်မကို ဝင်သွား နိုင်ကြောင်း ပြောသည်။

အခန်းထဲသို့ ဝင်သွားသွားချင်း ကျွန်မက ဘာမျှ မမြင်ရပါ။ တံခါး ပေါက်နှင့် မျက်နှာချင်းဆိုင် နံရံ တစ်ခုလုံးကို နေရာယူထားသော ပြတင်း ပေါက်ကျယ်ကြီးမှ နေရောင် စူးရှစွာ ထိုးဝင်နေသောကြောင့် ဖြစ်သည်။ ယင်း အခန်းသည် အထက်ဆုံး အထပ်တွင် ရှိသဖြင့် ပြတင်းပေါက်ကို ဖြတ်၍ နေရောင်ခြည် တောက်ပနေသော မိုးပြာပြာကိုသာ တွေ့မြင်ရလေ သည်။ ကျွန်မသည် အတန်ကြာအောင်ပင် လာရောက် လည်ပတ်ခြင်း ကိစ္စကို မေ့လျော့နေပြီး မျက်လုံးကို စုံမှိတ်ကာ ပူနွေးသော ရွှေရွှေဝါဝါ နေရောင်တွင် ချမ်းမြေ့ သာယာခြင်းကို ခံစားနေမိပါသည်။ ယင်းကြောင့် ဂျီဆယ်လာ၏ အသံသည် ကျွန်မကို လန့်၍ သွားစေသည်။ သူမက ပြတင်း ပေါက်တွင် ထိုင်နေသည်။ သူမ၏ ရှေ့တွင် စားပွဲနိမ့်နိမ့် တစ်လုံး ရှိသည်။ စားပွဲပေါ်တွင် ပုလင်းများ ရှိသည်။ စားပွဲ၏ ရှေ့တွင် ငွေရောင် ဆံပင်နှင့် မိန်းမ တစ်ယောက် ရှိသည်။ သူမသည် လက်သည်း အလှပြင် အမျိုးသမီး ဖြစ်သည်။

"ဟေး အက်ဒရီယာနာ၊ ထိုင်လေကွာ၊ ကိုယ် မကြာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တံခါးအနီးတွင် ထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိသည်။ အလျားရှည်၍ အနံကျဉ်းသော အခန်းတစ်ခန်း ဖြစ်သည်။ ပရိဘောဂများများစားစား မရှိပါ။ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံးနှင့် ကုလားထိုင် အနည်းငယ်သာ ရှိပါသည်။ သို့ရာတွင် အားလုံးသည် အသစ်ချည်း ဖြစ်၍ နေရောင်က တောက်ရှန်းလျက် ရှိ၏။ နေရောင်ခြည်သည် တကယ့် သုခ စည်းစိမ် ဖြစ်၏။ ဤလို နေရောင်ခြည်မျိုးကို လူချမ်းသာတို့ အိမ်များတွင်သာ ရရှိနိုင်သည်။ ကျွန်မက မျက်လုံးများကို မှိတ်၍ ချမ်းမြေ့မှု ခံစားနေမိသည်။ ထိုစဉ်တွင် ကျွန်မ ပေါင်ပေါ်သို့ နူးညံ့၍ လေးလံသော အရာတစ်ခု ရောက်ရှိလာသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ ဇရာမ ကြောင်ကြီး တစ်ကောင် ဖြစ်သည်ကို တွေ့ရသည်။ ဤလို ကြောင်မျိုး ကျွန်မ တစ်ခါမျှ မမြင်ဘူးပါ။ အမွေးရှည်၍ ပိုးကဲ့သို့ နူးညံ့သည် ပြာလဲ့လဲ့ မျက်လုံးများ ရှိသည်။ ကြောင်သည် အမြီးကို ထောင်ကာ တညောင်ညောင် အော်မြည်၍ ကျွန်မကို ပွတ်သပ် တိုးဝှေ့လျက် ရှိသည်။ ထို့နောက် ပိုးသား ကြောင်ကြီးသည် ကျွန်မ ပေါင်ပေါ်တွင် ခွေအိပ်၍ ဝမ်းသာကြည်နူးမှုဖြင့် တရှူးရှူး မြည်နေတော့၏။

"ချစ်စရာ ကောင်းလှချည့်လား။ ဘာကြောင်မျိုးလဲ"

"ပါရှားကြောင်။ သိပ်အဖိုးတန်တယ်။ ဒီကြောင်မျိုး တစ်ကောင်ကို တစ်ထောင်လောက် တန်တယ်"

ဂျီဆယ်လာက ဝင့်ကြွားစွာ ပြောပါသည်။

"ကိုယ် တစ်ခါမှ မမြင်ဖူးဘူး"

ကျွန်မက ကြောင်ကို ပွတ်သပ်ရင်း ပြောလိုက်သည်။

"ဒီလို ကြောင်မျိုး တစ်ကောင် ဘယ်သူ့ဆီမှာ ရှိသေးတယ် မှတ်သလဲ"

လက်သည်း အလှပြင် အမျိုးသမီးက ဝင်၍ ပြောသည်။

"ဆီညိုရာရက်ဒယ်လီဆီမှာလဲ တစ်ကောင် ရှိတယ်။ သူ့ ကြောင်ကို ဘယ်လောက် ဂရုစိုက်တယ် မှတ်သလဲ။ လူတစ်ယောက် ထက်တောင် ပိုသေးတယ်။ အမွှေးနံ့သာတွေ အမြဲ ဆွတ်လိမ်းပေးတယ်။ ခြေသည်းတွေကိုကော သ ပေးရမလား"

"တော်ပြီ မာတာ။ ကနေ့အဖို့ တော်လောက်ပြီ"

www.burmeseclassic.com



လက်သည်း ခြေသည်း အလှပြင် အမျိုးသမီးသည် သူမ၏ လက်နက်ပစ္စည်းများနှင့် ပုလင်းများကို သားရေသေတ္တာ တစ်လုံးထဲသို့ ထည့်၍ နှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။

ကျွန်မတို့ချည်း ကျန်ရှိသော အခါတွင် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ဂျီဆယ်လာမှာလည်း တိုက်ကလေးလိုပင် အားလုံး သစ်လွင်လျက် ရှိ၏။ လှပသော အင်္ကျီနီနီ၊ ညိုမောင်းသော ဂါဝန်နှင့် ဖြစ်၏။ သူမသည် ဝလာ၏။ ရင်သားစုံသည် ပြည့်လာပြီး တင်ပါးဆုံသည် ဖွံ့ထွားလျက် ရှိ၏။ ကောင်းကောင်းစား၊ ကောင်းကောင်း အိပ်၍ အပူအပန် အကြောင့်အကြ မရှိသူ တစ်ဦးပမာ မျက်ခွံများ မို့လျက် ရှိ၏။

"ဘယ့်နှယ်လဲ။ ကိုယ့် နေရာကို ဘယ်လို သဘောရသလဲ"

ဂျီဆယ်လာက သူမ၏ လက်သည်းများကို ကြည့်ရှုစစ်ဆေးရင်းဖြင့် ကျွန်မကို မေးလေသည်။ ကျွန်မသည် ပင်ကို သဘာဝအားဖြင့် မနာလို တတ်သူ တစ်ဦး မဟုတ်ပေ။ သို့ရာတွင် ထိုစဉ်ကမူ ကျွန်မ ဘဝတွင် ပထမဆုံး အကြိမ် အဖြစ်နှင့် မနာလိုဝန်တို ဖြစ်မိပါသည်။ ကျွန်မသည် မပြုံးနိုင်ဘဲ ရှိနေသည်။ ပဋိသန္ဓာရ စကား မပြောနိုင်ဘဲ ရှိနေသည်။ သို့ရာတွင် တော်ပါသေးသည်။ ကျွန်မ၏ မစ္ဆေရိယ စိတ်များသည် ခဏသာ ကြာပါသည်။ ကျွန်မ၏ ကောင်းမြတ်သော မနသိစိတ်များက ငြူစူတမာမှုများကို ဝိုင်းဝန်း၍ တားလိုက်နိုင်သည်။ ဂျီဆယ်လာသည် ကျွန်မ သူငယ်ချင်း ဖြစ်ပြီး သူမ အနေဖြင့် ကောင်းမွန်ချမ်းသာ ရှိနေခြင်းသည် ကျွန်မ၏ ကောင်းမွန်ချမ်းသာခြင်းပင် ဖြစ်သည်။ ကျွန်မသည် သူမအတွက် ဝမ်းမြောက် ဝမ်းသာ ရှိရပေမည်။

"မေးနေစရာ လိုသေးသလားကွယ်။ ဘယ်လောက် လှပြီး၊ ဘယ်လောက် ပျော်စရာကောင်းတဲ့ နေရာကလေးလဲ။ ကဲ ပြောစမ်းပါဦး။ ဘယ်ကနေ ဘယ်လို ဖြစ်တာလဲ"

ကျွန်မက ပြောလိုက်သည်။ တကယ်ပင် စိတ်ရင်းစေတနာနှင့် ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်မ၏ အပြုံးကလည်း ပွင့်လန်းလျက် ရှိ၏။

"ဂျင်ကာလိုကို မင်း မှတ်မိသေးသလား။ တွေ့ခါစ ညက ကိုယ်နဲ့ ရန်ဖြစ်တဲ့ လူချောချောဟာလေကွယ်။ အဲ သူဟာ ကိုယ့်ကို နောက်တစ်ကြိမ် လာတွေ့တယ်။ သူဟာ တကယ်တမ်းကျတော့ ပထမ တွေ့ခါစကလို

www.burmeseclassic.com



မဆိုးပါဘူး။ နောက် ကိုယ်တို့ တွေ့ကြပြန်တယ်။ ခဏ ခဏပေါ့ကွယ်။ တစ်လောလေးကတော့ သူက ကိုယ့်ကို အံ့သြရစေမယ်လို့ ပြောတယ်။ ဒါပေမဲ့ ကိုယ်ဟာ လက်ဆောင် တစ်ခုခု ပေးမယ်လောက်ပဲ အောက်မေ့တာပေါ့။ တကယ်ကျတော့ ကိုယ် ထင်သလို မဟုတ်ဘူး ဆရာ။ သူက ကိုယ့်ကို သူ့ကားနဲ့ ဒီကို ခေါ်လာပြီး ဒီနေရာကို ပြတယ်။ ပြီးတော့ ကိုယ် ကြိုက်သလားလို့ မေးတယ်။ ကိုယ်က ကြိုက်တယ် ပြောလိုက်တော့ ဒီအခန်းကို ကိုယ့်အတွက် ယူထားတာတဲ့။ ကိုယ် ဘယ်လို နေမလဲဆိုတာ မင်းပဲ စဉ်းစားကြည့်တော့"

"ဝမ်းသာပါတယ်ကွယ်။ တကယ့်ကို ဝမ်းသာပါတယ်"

ကျွန်မက သူ့ကို နမ်းလိုက်သည်။

"လစ်ကာ သောက်မလား"

သူမက ဗီရိုဆီသို့ လျှောက်သွားပြီး ဖန်ခွက် နှစ်လုံးနှင့် အရက်ပုလင်းကို ယူလာ၍ စားပွဲပေါ်တွင် ချရင်း မေးလိုက်သည်။ ကျွန်မတို့သည် စားပွဲတွင် ထိုင်၍ ဘီယာ ပြင်းပြင်းများကို တစ်ကျိုက်စီ သောက်နေကြသည်။

"ဒါပေမဲ့ မင်းဟာ နည်းနည်းမှ မကောင်းဘူးကွဲ့။ တကယ်ဆို ဒီအကြောင်း ကိုယ့်ကို အသိပေးဖို့ ကောင်းတယ်"

ကျွန်မက သိမ်မွေ့စွာ ပြောလိုက်သည်။

"အချိန်မရလို့ပါကွယ်။ မင်းလဲ သိသားပဲ။ ပြောင်းရ ရွှေ့ရတာရယ်၊ လိုတဲ့ ပစ္စည်းတွေ ဝယ်ရတာရယ်နဲ့ အသက်တောင် ကောင်းကောင်း မရှူအားဘူး။ အိမ်ထောင် တစ်ခု တည်ဆောက်ရတယ် ဆိုတာ အလုပ်ကြီး တစ်ခုပဲကွဲ့"

"မင်း ပြောတာကို ကိုယ် နားလည်ပါတယ်။ မင်းဟာ အခု မင်း နေရာနဲ့ မင်း ကိုယ်ပိုင် ဖြစ်နေပြီ။ အခြေအနေ ကောင်းနေပြီ။ မင်းဟာ ကိုယ်နဲ့ ဘာမှ မပတ်သက်ချင်တော့ဘူး။ မင်းဟာ ကိုယ့် အတွက် ရှက်နေတယ်"

ကျွန်မက မလိုလားခြင်း၊ မကျေနပ်ခြင်း၊ အမူအရာများ အလျှင်း မရှိဘဲနှင့် ပြောလိုက်သည်။

"ဟင့်အင်း၊ ကိုယ် နည်းနည်းကလေးမှ မရှက်ပါဘူး။ အဲဒီလို ထင်ရင်တော့ မင်း မိုက်တာပဲ။ တစ်ခုပဲ ရှိတယ်။ ကိုယ်တို့ဟာ တစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အလျင်ကလိုတော့ မတွေ့နိုင်ကြတော့ဘူး။ ကိုယ် ဆိုလိုတာက အပြင်ကို အတူတူ ထွက်ကြပြီး လုပ်ကြ ကိုင်ကြရတာမျိုးကို ပြောတာ။ သူ သိသွားရင် ကိုယ်တော့ ချောက်ပဲ"

"ဒါအတွက်တော့ မစိုးရိမ်ပါနဲ့။ မင်း ကိုယ့်ကို နောက်ထပ် မတွေ့စေရတော့ပါဘူး။ ကနေ့ကတော့ မင်း ဘယ်လို နေသလဲလို့ ကိုယ်လာကြည့်တာ"

သူမက မကြားဟန်ဆောင်နေသည်။ ဤသည်က ကျွန်မ၏ ယူဆချက်ကို ပို၍ ခိုင်မာစေပါသည်။

"မင်းကော ဘယ့်နှယ်လဲ"

အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ သူမက စိတ်အား ထက်သန်စွာ မေးလိုက်သည်။ ကျွန်မက ဂျီယာကိုမိုကို အမှတ်ရလိုက်မိသည်။

"ကိုယ်လား။ ဘယ့်နှယ်မှ မလဲပါဘူး။ အားလုံး အလျင်က အတိုင်းပါပဲ"

"အက်စ်တာရီတာကော"

"မကြာ မကြာ တွေ့ပါတယ်"

"ပြီးတော့ ဂျီနိုကော"

"သူနဲ့တော့ ပြတ်သွားပြီ"

ဂျီယာကိုမိုကို သတိရမိခြင်းက ကျွန်မ၏ အသည်းကို နာကျင်စေပါသည်။ သို့ရာတွင် ဂျီဆယ်လာကမူ ကျွန်မ၏ မျက်နှာ မကောင်းခြင်းကို တစ်မျိုး အဓိပ္ပာယ်ကောက်လေပြီ။ သူမ၏ ကုသိုလ်ကံ ကောင်းမှုကို ကျွန်မက မနာလိုနေသည်ဟု မှတ်ယူပုံရသည်။

"မင်းကသာ သဘောတူလိုက်ရင် အက်စ်တာရီတာကလဲ မင်းကို နေရာ ကောင်းကောင်း တစ်ခု စီစဉ်ပေးမှာပါပဲ"

"ကိုယ် သူ့ကို မလိုချင်ဘူး။ သူတင် မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မလိုချင်ဘူး"

"ဘာပြုလို့လဲ။ ဒီလို နေရာမျိုးလေး တစ်ခု မင်း မလိုချင်ဘူးလား"

"ဒီနေရာမျိုးကို ကြိုက်ပါတယ်။ ဒါပေမဲ့ ကိုယ့်အဖို့ အားလုံးထက် အရေးအကြီးဆုံးက အိမ်ရှင်မ ဖြစ်ချင်တာပဲ"

"ကိုယ် အိမ်ရှင်မပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဆိုလိုတာ ဒါမျိုး မဟုတ်ဘူး"

"ဘယ်လို ဟာမျိုးလဲ"

ကျွန်မက သူမကို မခံချင်အောင် ပြောမိနေပေပြီ။ ကိုယ် မချစ်သော သူ တစ်ယောက်နှင့် အသေတဲ၍ မထားလိုကြောင်း ရှင်းပြလျှင် သူမကို ပို၍ မခံချင်အောင် ပြုလုပ်ရာ ကျပေတော့မည်။

"မင့် နေရာကို လိုက်ပြစမ်းပါဦး။ ဘယ်နှခန်း ရှိသလဲ"

ကျွန်မက စကား လွှဲလိုက်သည်။

"မင်းက ဘာလို့ ကြည့်ချင်နေရသေးတာလဲ။ ခုနကပဲ မင်း ပြောတော့ ဒီနေရာမျိုးကို မလိုချင်ဘူးဆို"

"ကိုယ်က ဒီလို သဘောမျိုး ပြောတာ မဟုတ်ပါဘူး။ မင့် နေရာက နေချင့်စဖွယ်ကလေးပါ။ ကိုယ်လဲ ဒီလိုဟာမျိုးလေး တစ်ခုလောက်တော့ လိုချင်ပါတယ်"

သူမက မျက်လွှာ ပင့်လိုက်သည်။ သူမ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှမ်းနေသည်ကို ကျွန်မမှာ အံ့သြရသည်။

"မင်းဟာ ကိုယ်ထင်ထားသလို ကိုယ့် သူငယ်ချင်း မဟုတ်ဘူး။ မင်းဟာ မင်းဟာ မနာလိုစိတ်နဲ့ ကိုယ့် အိမ်ကို အပြစ်ချ ပြောနေတာပဲ။ မင်းဟာ ကိုယ့် စိတ်တွေကို ကမောက်ကမ ဖြစ်အောင် လုပ်တာပဲ"

သူမက မျက်ရည်စက်လက်ဖြင့် ပြောနေသည်။ ဒေါသဖြင့် ကျသော မျက်ရည်များ ဖြစ်ပေသည်။ သို့ရာတွင် ကျွန်မသည် သူမ အကြောင်း ကောင်းကောင်း သိ၍ စိတ်မကောင်းမိပါ။ ကျွန်မက ထိုင်ရာမှ ထလိုက်ပြီး သူမထံသို့ လျှောက်သွားသည်။ သူမ၏ ပခုံးပေါ်သို့ ကျွန်မ လက်ကို တင်လိုက်ပြီး–

"ဘာပြုလို့ ဒီလို ပြောရတာလဲကွယ်။ ကိုယ် မင်းကို နည်းနည်းကလေးမှ မနာလို မရှိပါဘူး။ မင်း ပျော်တာကို ကိုယ် ဝမ်းသာပါတယ်။ ကဲ လာပါကွယ်။ သည့်ပြင် အခန်းတွေကို လိုက်ပြစမ်းပါ"

သူမက နှပ်ညှစ်ပစ်လိုက်ပြီး–

"အားလုံး ပေါင်းမှ လေးခန်းပဲ ရှိပါတယ်ကွယ်။ ပြီးတော့ ဒီအခန်းတွေ အားလုံးဟာ အလွတ်ချည်းပါပဲ"

"လာပါကွယ်၊ ကိုယ့်ကို ပြစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ထိုင်ရာမှ ထ၍ စင်္ကြံအတိုင်း ခေါ်သွားပြီး တံခါး တစ်ခုပြီး တစ်ခု ဖွင့်ပြပါသည်။ အိပ်ခန်းတွင် ခုတင် တစ်လုံးနှင့် ကုလားထိုင် တစ်လုံးသာ ရှိ၏။ နောက်အခန်းမှာမူ အခန်းလွတ်ကြီး ဖြစ်၏။ သူမက 'ဧည့်သည်' များအတွက် ခုတင် ထားရန် ကြံရွယ်ထား၏။ ဂျီဆယ်လာသည် ကျွန်မအား သူ့ အခန်းများကို မကျေမနပ်ဖြင့် လိုက်ပြနေခြင်း ဖြစ်၏။ သို့ရာတွင် သူမသည် ရေချိုးခန်းနှင့် မီးဖိုခန်းကို ပြရသောအခါတွင်ကား အတော်ကလေး မာန တက်လာပြန်သည်။

ယင်းအခန်းများတွင် လျှပ်စစ်ဓာတ်အားသုံး စက်များ ရှိပြီး ဝင်းလက်နေသော ရေပိုက်များ ရှိလေသည်။ သူမ၏ ဌာန တစ်ခုလုံးကို ကျွန်မတို့ ကြည့်ပြီးကြသောခါတွင် သူမက ပြော၏။

"ဧည့်ခန်းကို ပြန်သွားကြပြီး လစ်ကာ သောက်ကြဦးစို့"

"ဟင့်အင်း၊ မဖြစ်ဘူး။ ကိုယ် သွားရမယ်"

ကျွန်မက ကမန်းကတန်း ပြောလိုက်သည်။

"ဘာပြုလို့ လောနေတာလဲ။ နေပါဦး"

"မနေနိုင်လို့ပါ"

ကျွန်မတို့သည် စင်္ကြံပေါ်သို့ ရောက်လာကြပြန်သည်။ သူမက အတန်ကြာ ချိန်ဆနေပြီးမှ ပြောသည်။

"ဒါပေမဲ့ မင်း နောက်ကို လာပါဦး။ ကိုယ်တို့ ဘာတွေ လုပ်နိုင်သလဲ ဆိုတာ မင်း သိသလား။ သူက မကြာခဏ နယ်ထွက်ရတယ်။ အဲဒီကျတော့ ကိုယ် မင်းကို ပြောမယ်။ မင်း မိတ်ဆွေ နှစ်ယောက်ကို ခေါ်ခဲ့ပေါ့။ ကိုယ်တို့ ပျော်ကြ ပါးကြရတာပေါ့"

"သူ သိသွားရင် ဘယ့်နှယ် လုပ်မလဲ"

"ဘယ့်နှယ် လုပ်ပြီး သိနိုင်မှာလဲ"

"ကောင်းပြီလေ၊ ဒါဖြင့်"

ကျွန်မက အတန်ကြာ ချီတုံချတုံ ဖြစ်နေပြီးနောက် စိတ်ဓာတ်အားကို ဖွတ်တင်းကာ–

"ဒါနဲ့ စကားမစပ်၊ ဟို တစ်နေ့ ညက သူနဲ့ ပါလာတဲ့ သူ့ သူငယ်ချင်း အကြောင်း မင်းလူက ဘာများ ပြောသေးသလဲ"

"ဩဘ် ကျောင်းသားကို ပြောတာလား။ ဘာလို့လဲကွ။ မင်း သူ့ကို သဘောကျလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ သိချင်လို့ပါ"

"မနေ့ ညကပဲ တို့ သူ့ကို တွေ့သေးတယ်"

ကျွန်မ၏ စိတ်လှုပ်ရှားမှုကို မဖုံးဖိနိုင်တော့ဘဲ–

"ဒီမယ် မင်း နောက်တစ်ခါ သူ့ကို တွေ့ရင် ကိုယ့်ဆီကို လာဖို့ ပြောလိုက်စမ်းပါ။ ဒါပေမဲ့ အမှတ်တမဲ့မျိုး ပြောနော်။ အတင်း တိုက်တွန်းတာမျိုး မလုပ်နဲ့"

"ဟုတ်ပြီ။ ကိုယ် သူ့ကို ပြောလိုက်မယ်"

သို့ရာတွင် သူမက ကျွန်မကို သံသယဖြင့် ကြည့်နေသည်။ သူမ၏ အကြည့်က ကျွန်မကို မလုံမလဲ ဖြစ်စေပါသည်။ ဂျီယာကိုမိုကို စွဲလမ်းမေတ္တာ ရှိနေခြင်းသည် ကျွန်မ၏ မျက်နှာပေါ်တွင် အထင်းသား ပေါ်နေသောကြောင့် ဖြစ်သည်။ ကျွန်မက စိတ်ပျက်လက်ပျက်ဖြင့် တံခါး ဖွင့်လိုက်ပြီး သူမကို နှုတ်ဆက်လိုက်သည်။ ပြီးတော့ လှေကားမှ အပြေးအလွှား ဆင်းခဲ့သည်။ နောက်သို့ တစ်ချက်မျှ ပြန်စောင်းမကြည့်။ ဒုတိယထပ်သို့ ရောက်သောအခါတွင် ကျွန်မက ရပ်၍ နံရံကို မှီထားလိုက်သည်။ အပေါ်ထပ်ကို မော်၍ ကြည့်မိသည်။ 'သူ့ကို ငါ ဘာပြုလို့များ သွားပြောမိသလဲ မသိဘူး။ ငါ ဘယ်လို ဖြစ်သွားသလဲ မသိဘူး' ထို့နောက် ကျွန်မသည် ခေါင်းငိုက်စိုက်ဖြင့် လှေကားမှ ဆင်းသွားပါသည်။

အက်စ်တာရီတာနှင့် တွေ့ဆုံရန် ကျွန်မ အိမ်မှာပင် ချိန်းဆိုထားခြင်းဖြစ်သည်။ သို့ရာတွင် အိမ်ကို ပြန်ရောက်သောအခါ၌ ကျွန်မသည် မလှုပ်ချင်မရှားချင်၊ မသယ်ချင် မပိုးချင်အောင်ပင် ဖြစ်နေပေပြီ။ မနက်ပိုင်းတွင် ထွက်လေ့ မရှိသည်မှာ ကြာပြီဖြစ်၍ နေ၏ အပူဒဏ်နှင့် သွားလာရခြင်းတို့ကြောင့် ကျွန်မသည် မောပန်းနွမ်းနယ်လျက် ရှိလေသည်။ ပြီးတော့ ကျွန်မ၏ စိတ်များကလည်း မကြည်လင် မရွှင်ပျဘဲ ဖြစ်နေသည်။ အမေက တံခါးကို ဖွင့်ပေးပြီး ကျွန်မ၏ အခန်းထဲတွင် လူတစ်ယောက် စောင့်နေသည်မှာ တစ်နာရီလောက် ရှိပြီဟု ပြောပါသည်။ ကျွန်မက အခန်းထဲသို့ တောက်လျှောက် ဝင်သွားပြီး အက်စ်တာရီတာကို ဂရုမပြုဘဲ ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူသည် ပြတင်းပေါက်တွင် ရပ်၍ ဝင်းထဲသို့ ငုံ့ကြည့်နေသည်။ ကျွန်မက ရင်ဘတ်ကို လက်နှင့် ဖိ၍ ထိုအတိုင်း အတန်ကြာ ထိုင်နေမိသည်။ လှေကားကို ကတိုက်ကရိုက် တက်ခဲ့သဖြင့် ရင် တဒိတ်ဒိတ် ခုန်နေသည်။

www.burmeseclassic.com



အက်စ်တာရီတာကို ကျောပေး၍ တံခါးပေါက်ဆီသို့ ငေးကြည့်နေမိသည်။ ထို့နောက် သူသည် ကျွန်မ အနီးတွင် လာထိုင်၍ ကျွန်မ ခါးကို ဖက်လိုက်သည်။ ပြီးတော့ ကျွန်မကို စိတ်အား ထက်သန်စွာဖြင့် ကြည့်နေသည်။

"အို ရှင်တို့ဟာ အမြဲတမ်း ဒါပဲ လိုချင်နေတာပဲ"

ကျွန်မက သူ့လက်မှ ရုန်းထွက်လိုက်ရင်း စိတ်မရှည်စွာ ပြောလိုက်သည်။ သူက ဘာမျှ မပြောဘဲ ကျွန်မ လက်ကို သူ့ ပါးစပ်ဆီသို့ ဆွဲယူလိုက်သည်။ ကျွန်မကို အောက်ဘက်ကနေ ပင့်ကြည့်လိုက်သည်။ ကျွန်မက လက်ကို ပြန်ရုတ်လိုက်၏။

"ရှင်ဟာ အမြဲတမ်း ဒီစိတ်မျိုးတွေ ရှိနေတာပဲ။ မနက်ကြီးမှာတောင် ရှိနေတာပဲ။ တစ်မနက်ခင်းလုံး အလုပ်ပြီးတာတောင် ရှိနေတာပဲ။ ထမင်း မစားရခင်တောင် ရှိနေတာပဲ။ ဗိုက် ဟောင်းလောင်းကြီးနဲ့တောင် ရှိနေတာပဲ။ ရှင်ကတော့ တန်းကုန်နေပြီ သိလား"

"ကိုယ်က မင့်ကို ချစ်တာကိုး"

"ချစ်တဲ့ အချိန် ရှိသလို တခြား ကိစ္စတွေ အတွက်လဲ အချိန် ရှိသေးတယ်။ ရှင့်ကို ကျွန်မ နေ့ခင်း တစ်နာရီမှာ ချိန်းတာဟာ ချစ်ဖို့ မဟုတ်ဘူး။ ဒါပေမဲ့ ရှင်ကတော့ တကယ့်ကို လွန်လွန်းနေတဲ့ လူ တစ်ယောက်ပဲ။ ရှင့်ကိုယ် ရှင်များ ပြန်မရှက်မိဘူးလား"

သူက ကျွန်မကို တုံဏှိဘာဝေနှင့် ငေးကြည့်နေသည်။ ကျွန်မက သူ့အကြောင်း ကောင်းကောင်းကြီး သိလာပါတော့သည်။ သူက ကျွန်မကို ချစ်နေသည်။ ဒီလို အချိန်းအချက်မျိုးကိုပဲ စောင့်နေသည်။ ကျွန်မမှာ အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင် ရုန်းကန်နေရသော်လည်း သူကတော့ ကျွန်မ၏ ခြေထောက်၊ ကျွန်မ၏ ရင်သား၊ ကျွန်မ၏ တင်ပါး၊ ကျွန်မ၏ နှုတ်ခမ်းတို့မှ လွဲ၍ တခြား ဘာကိုမျှ မစဉ်းစားချေ။

"ဒါဖြင့်ရင် ကျွန်မ အခု အဝတ်တွေ ချွတ်ရတော့မလား"

ကျွန်မက ဒေါသသံ နည်းနည်းလျှော့၍ မေးလိုက်သည်။ သူက ခေါင်းညိတ်သည်။ ကျွန်မက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ကျွန်မဟာ မပျော်မရွှင်များ ဖြစ်နေမလား၊ ဆာလောင် မွတ်သိပ် နေမလား၊ ပင်ပန်း နွမ်းနယ်နေမလား၊ ဒါမှမဟုတ် တခြား စိတ်ဒုက္ခရောက် စရာတွေများ ရှိနေမလား ဆိုတာတော့ ရှင် နည်းနည်းကလေးမှ ထည့်မတွက် ဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မကို ကြည့်သည်။ ထို့နောက် ရုတ်တရက် ကျွန်မကို ဖက်လိုက်သည်။ သူ့ မျက်နှာကို ကျွန်မ ခေါင်းနှင့် ပခုံးကြားတွင် မြှုပ်နှံထားလိုက်သည်။ သူက ကျွန်မကို မနမ်းပါ။ သူ့ မျက်နှာကို ကျွန်မ၏ ကိုယ်နှင့်သာ အတင်း ကပ်ထားသည်။ ကျွန်မ အသား၏ ပူနွေးမှုများကို ခံစားလို၍သာ ဖြစ်သည်။ သူက အသက် ပြင်းပြင်း ရှူ၍ မကြာခဏ သက်ပြင်း ချနေသည်။ ကျွန်မက စိတ်မဆိုးတော့ပါ။ သူ၏ အပြုအမူများက ကျွန်မ၏ သဘာဝ သနားကြင်နာတတ်မှုကို ဖြစ်ပေါ်စေပါသည်။ ကျွန်မမှာ စိတ် မကြည်မလင်ခြင်းသာ ရှိတော့သည်။ သူ့ကိုကား စိတ်မဆိုးတော့ပါ။ ကျွန်မက သူ့ကို တွန်းဖယ်လိုက်သည်။

"အရေးကြီးတဲ့ ကိစ္စ တစ်ခု ရှိလို့ ကျွန်မ ရှင့်ကို ခေါ်တာပဲ"

သူက ကျွန်မကို ကြည့်သည်။ ပြီးတော့ ကျွန်မ လက်ကို ယူ၍ ပွတ်သပ်နေသည်။ သူကား သူလိုချင်တာ တစ်ခုတည်းကိုသာ သိသူ တစ်ဦး ဖြစ်သည်။ လောကကြီးတွင် သူ၏ အလိုဆန္ဒမှ လွဲ၍ အခြား ဘာမျှ မရှိချေ။

"ရှင် ပုလိပ်ဘက်က မဟုတ်လား"

"အင်း"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မကို ဖမ်းပြီး ထောင်ထဲကို ပို့ပါ"

ကျွန်မက ဤစကားကို တကယ် ပြောလိုက်ခြင်း ဖြစ်၏။ ကျွန်မကို တကယ်ပဲ ထောင်ထဲ ပို့စေချင်၏။

"ဘာလို့လဲ၊ ဘာတွေ ဖြစ်လို့လဲ"

"ကျွန်မဟာ သူခိုး တစ်ယောက်ပဲ။ ကျွန်မဟာ ခိုးမှု တစ်ခုကို ကျူးလွန်ခဲ့တယ်။ ဘာမှ အပြစ် မရှိတဲ့ မိန်းကလေး တစ်ယောက်ဟာ ကျွန်မအစား အဖမ်းခံနေရတယ်။ ဒါကြောင့် ကျွန်မကို ဖမ်းပါ။ ကျွန်မဟာ ထောင်ထဲကို သွားဖို့ အသင့်ပါပဲ။ ကျွန်မ လိုချင်တာကတော့ ဒါပဲ"

သူက အံ့သြပုံ မပေါ်ပါ။ ခိုးလိုးခုလု ဖြစ်သွားပုံရသည်။

"ကဲ ကဲ ဘာတွေ ဖြစ်တယ်ဆိုတာ ကိုယ့်ကို အကုန် ပြောပြစမ်းပါဦး"

ကျွန်မက အတိုချုပ်၍ ပေါင်ဒါဘူးကို ခိုးယူမိပုံ၊ ကျွန်မ အစား အစေခံမ တစ်ဦး အဖမ်းခံရပုံ၊ ဂျီနီ၏ ချောက်တွန်းပုံ တို့ကို ပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် ဂျီနို၏ နာမည်ကိုကား ထည့်၍ မပြောပါ။ သူ့ကို အစေခံ တစ်ဦး ဟုသာ သာမန်အားဖြင့် ခေါ်ဝေါ် သုံးစွဲပါသည်။ သို့ရာတွင် ကျွန်မသည် ဆွန်ဇော်နီနှင့် သူ့ ရာဇဝတ်မှု အကြောင်းကိုကား ပြောပြလိုစိတ် အင်မတန် ပြင်းထန်နေပါသည်။ မနည်းကြီး မျိုသိပ် ချုပ်တည်းထားရသည်။ နောက်ဆုံးတွင် ကျွန်မ၏ ဇာတ်လမ်းကို ပြော၍ ပြီးဆုံးသွားသည်။

"ကဲ အခု ရှင် တွေးစရာ နှစ်လမ်းပဲ ရှိတယ်။ အဲဒီ မိန်းမကို ထောင်ထဲက ရှင် ထုတ်ပေးမလား။ ဒါမှမဟုတ် ကျွန်မ ကိုယ်တိုင် သွားပြီး အဖမ်း ခံရမလား"

"ရှေ့ လောသိပ်မကြီးနဲ့လေ။ ဘာအလျင်လိုစရာ ရှိသလဲ။ အခု သူ ထောင်ထဲမှာ ရောက်နေတယ်။ ဒါပေမဲ့ ခုထက်ထိ အပြစ် မပေးရသေးဘူး စောင့်ကြသေးတာပေါ့"

"ဟင့်အင်း။ ကျွန်မ မစောင့်နိုင်ဘူး။ သူ့ကို ထောင်ထဲမှာ ရိုက်နှက်ပြီး စစ်ဆေးကြလိမ့်မယ်။ ကျွန်မ မစောင့်နိုင်ဘူး။ ရှင့် စိတ်ကို အခုဆုံးဖြတ်ပါ"

ကျွန်မ၏ အော်သံကြောင့် အတော် လေးလေးနက်နက် ပြောနေမှန်း သူသိသည်။ သူ မသက်မသာသော မျက်နှာဖြင့် ထိုင်ရာမှ ထလိုက်ပြီး အခန်းထဲတွင် လမ်းလျှောက်နေတော့သည်။ ထို့နောက် သူ့ကိုယ်သူ ပြောသကဲ့သို့ ပြောလေသည်။

"ဒေါ်လာပြားတွေ ပြဿနာကလဲ ရှိသေးတယ်"

"ဒါက သူ့ကို မုန်းတဲ့ လူတစ်ယောက်က လုပ်တာလို့ ကျွန်မတို့ ပြောနိုင်တာပဲ"

"မင့်ဆီမှာ ပေါင်ဒါဘူး ရှိသလား"

"ရှိတယ် ဒီမှာ"

ကျွန်မက ပေါင်ဒါဘူးကို လက်ပွေ့ အိတ်ထဲမှ ထုတ်၍ သူ့ကို ပေးလိုက်သည်။ သို့ရာတွင် သူက လက်မခံချေ။

"မလုပ်နဲ့၊ မလုပ်နဲ့။ ကိုယ့်ကို မပေးနဲ့။ ကိုယ်က အဲဒီ မိန်းမကို လွှတ်နိုင်ပါတယ်။ ဒါပေမဲ့ သူ့မှာ အပြစ် မရှိဘူး ဆိုတာတော့ ရဲအဖွဲ့က ပြနိုင်ရမယ်။ ဉပမာ ဆိုပါတော့ ဒီပေါင်ဒါဘူးကို ထုတ်ပြနိုင်ရမယ်"

"ဒါဖြင့် ယူသွားလေ၊ သူ့ ပိုင်ရှင်ကို ပြန်ပေးလိုက်ပေါ့"

www.burmeseclassic.com



သူက ကျွန်မ ပြောသည်ကို မဖြစ်နိုင်သည့် အနေဖြင့် ပြုံးလိုက်သည်။

"ဒီကိစ္စမျိုးတွေကို မင်း ဘာမှ မသိဘူး။ ဒီပေါင်ဒါဘူးကို မင်းဆီက ကိုယ်လက်ခံပြီး ယူလိုက်ရင် ကိုယ်ဟာ မင်းကို ဖမ်းရတော့မယ်။ ဒီလို မဟုတ်ရင် ကိုယ်ဟာ ခိုးရာပါ ပစ္စည်း လက်ခံတဲ့လူ ဖြစ်နေမှာပေါ့။ ကိုယ့်ကို ဘယ်သူ ပေးသလဲ။ ဘယ်က ရသလဲဆိုတဲ့ ပြဿနာတွေ ပေါ်တော့မှာပေါ့။ ဒီတော့ မင်းဟာ ဒီပေါင်ဒါဘူးကို တခြား တစ်နည်းနည်းနဲ့ ရဲအဖွဲ့ လက်ထဲ ရောက်အောင် ပေးရမယ်။ ဒါပေမဲ့ မင်း ကိုယ်တိုင် သွားပေးတာလဲ မဖြစ်ရဘူး"

"စာတိုက်ကနေ ပို့လိုက်မယ်"

"ဒီလိုလည်း မဖြစ်ဘူး"

သူက အခန်းထဲတွင် လမ်းလျှောက်နေပြန်သည်။ ထို့နောက် ကျွန်မ အနီးတွင် လာထိုင်သည်။

"မင်း လုပ်ရမယ့် နည်းလမ်း တစ်ခုပဲ ရှိတယ်။ မင်းမှာ အသိဘုန်းကြီး ရှိသလား"

ဇစ်တာဘိုမှ အပြန်တွင် ကျွန်မအား အာပတ်ဖြေပေးသော ဘုန်းကြီးကို အမှတ်ရမိသည်။

"ရှိတယ်၊ ကျွန်မမှာ အာပတ်ဖြေ ဆရာ ရှိတယ်"

"ကောင်းပြီ။ အဲဒီ ဘုန်းကြီးဆီ သွားပြီး ကိုယ့်ကို ပြောပြတဲ့ အတိုင်း သူ့ကို အကုန်လုံးကို ပြောပြလိုက်။ ပြီးတော့ မင့် ကိုယ်စား ပေါင်ဒါဘူးကို ရဲလက်ကို အပ်ပေးဖို့ တောင်းပန်။ ဘယ်ဘုန်းကြီးကမှ ဒီကိစ္စမျိုးကို မငြင်းပါဘူး။ ပြီးတော့ ဘုန်းကြီး တစ်ပါးဟာ ဘာသာရေးအရ ရဲအဖွဲ့ကို ဘာ သတင်းမှ ပြောပြနေစရာ မလိုဘူး။ နောက် တစ်ရက် နှစ်ရက်လောက် ကြာရင် ကိုယ် ဖုန်းဆက်လိုက်မယ်။ အဲဒီအခါကျတော့ အစေခံမဟာ လွတ် ရောပေါ့"

ကျွန်မက ဝမ်းသာအားရ ဖြစ်သွားပြီး သူ့ လည်ပင်းကို သိုင်းဖက်ကာ နမ်းလိုက်မိပါသည်။

"ဒါပေမဲ့ ဒီကိစ္စမျိုးတွေ နောက် မလုပ်ရဘူးနော်။ မင်းမှာ အသုံးလို နေရင် ကိုယ့်ကို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကနေ့ပဲ ဘုန်းကြီးကို သွားတွေ့ရမလား"

"သွားပေါ့"

ကျွန်မက ပေါင်ဒါဘူးကို လက်တစ်ဖက်တွင် ကိုင်၍ ထိုနေရာတွင် မလှုပ်မယှက် အတန်ကြာအောင် ရပ်နေမိသည်။ အတော်ကြီး စိတ်သက်သာရာ ရသွားပြီ ဖြစ်၏။ မကြည်လင်မှု၊ မလန်းဆန်းမှု၊ မနှစ်မြို့မှုတို့သည် မရှိကြတော့လေပြီ။ ဤအချိန်တွင် အက်စ်တာရီတာက ကျွန်မ၏ လက်ကောက်ဝတ်ကို သူ၏ လက်ချောင်းများဖြင့် ပွတ်သပ်လျက် ရှိ၏။ ကျွန်မ၏ အင်္ကျီလက်အောက်သို့ လက်လျှို၍ လက်မောင်းသားကို ထိတွေ့နိုင်ရန် ကြိုးစား၏။ ကျွန်မက သူ့ဘက်သို့ လှည့်၍ ချိုသာစွာ ပြောလိုက်သည်။

"ရှင် သိပ်ပြီး စိတ်ရှိနေသလား"

သူက ပါးစပ်မှ ပြန်မပြောနိုင်ဘဲ ခေါင်းညိတ်လိုက်သည်။

"ရှင် ပင်ပန်းမနေဘူးလား။ မနက်ဖြန်မှဆိုရင် မကောင်းဘူးလား" သူက ခေါင်းခါလိုက်သည်။

"ရှင် ကျွန်မကို သိပ်ချစ်သလား"

"ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ မင်း သိပါတယ်"

သူက ကျွန်မကို ဖက်မည် ပြုလိုက်သည်။ သို့ရာတွင် ကျွန်မက ရှောင်ဖယ်လိုက်ပြီး–

"ခဏ နေပါဦး"

ကျွန်မ သဘောတူပြီကို သိသွား၍ သူက ငြိမ်နေလိုက်သည်။ ကျွန်မက ထလိုက်သည်။ တံခါးဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး သော့ခတ်လိုက်သည်။ ထို့နောက် ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး ဖွင့်လိုက်သည်။ တရုတ်ကတ်များကို ဆွဲစေ့၍ ပြတင်းပေါက်ကို ပြန်ပိတ်လိုက်သည်။ သူက ကျွန်မ၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ် ကြည့်နေသည်။ ကျွန်မက တရုတ်ကတ်များ ပိတ်ပြီးသောအခါတွင် သီချင်းကလေး တစ်ပုဒ်ကို တိုးတိုးဆိုညည်း၍ အဝတ်ဗီရိုကို ဖွင့်လိုက်သည်။ ကုတ်အင်္ကျီကို ချွတ်၍ ချိတ်လိုက်သည်။ ပြီးတော့ တေးဆိုရင်းနှင့်ပင် ကျွန်မ ကိုယ်ကို မှန်ထဲတွင် ကြည့်လိုက်မိသည်။ ကျွန်မကိုယ် ကျွန်မ တစ်ခါမျှ ဒါလောက် လှသည်ဟု မထင်မိ။ ကျွန်မ၏ မျက်လုံးများသည် ရွှန်းလက်နေသည်။ ပါးစပ်ကလေးက မပွင့်တပွင့်

www.burmeseclassic.com



ကလေး ဖြစ်ပါသည်။ ညီညာဖြူဖွေးသော သွားကလေးများ ပေါ်လွင်လျက် ရှိသည်။ ကျွန်မသည် ကျေနပ်ပျော်ရွှင်လျက် ရှိသဖြင့်သာ ယခုကဲ့သို့ လုပနေကြောင်းကို နားလည်လိုက်သည်။ ကျွန်မသည် အသံကို မြှင့်၍ တေးဆိုရင်း အဝတ်များ ဆက်၍ ချွတ်နေပါသည်။ ထိုအချိန်၌ ခေတ်စားနေသော သီချင်းတစ်ပုဒ်ကို ဆိုနေမိခြင်း ဖြစ်၏။ "ပျော် ပျော် ပျော်သမို့၊ ဆို ဆို ဆိုသကို့ ဒူ့ဒူ ဒူ့ဒူ ဒူ့ဒူ" ကျွန်မ၏ ရင်သားများ အဖုံးအကွယ် ကင်းမဲ့သွားသည့် အချိန်တွင် ရုတ်တရက်ဆိုသလို တံခါး ခေါက်သံ ထွက်ပေါ်လာသည်။

"ကျွန်မ မလာနိုင်ဘူး နောက်မှ"

"သိပ်အရေးကြီးတယ်"

အမေ့အသံ။ ကျွန်မ၏ စိတ်ထဲတွင် သံသယများ ဝင်လာသည်။ ကျွန်မက တံခါးဆီသို့ လျှောက်သွားပြီး သော့ဖွင့်လိုက်သည်။ ပြီးတော့ ခေါင်းပြူထွက်သည်။

အမေက ကျွန်မကို တံခါး ပိတ်ပြီး ထွက်ခဲ့ရန် ခေါင်းညိတ်၍ ခေါ်နေသည်။

"လူ တစ်ယောက်က နင့်ကို အလောတကြီး တွေ့ချင်လို့တဲ့"

အပြင်ဘက် အမှောင်ခန်းထဲသို့ ရောက်သောအခါတွင် အမေက လေသံဖြင့် ပြော၏။

"ဘယ်သူလဲ"

"မသိဘူး။ အသား ညိုညို လူရွယ် တစ်ယောက်ပဲ"

ကျွန်မ ဧည့်ခန်း တံခါးကို အသံ မကြားအောင် တွန်း၍ ပြူကြည့်လိုက်သည်။ ကျွန်မကို ကျောပေး၍ စားပွဲတွင် မှီရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ ဂျီယာကိုမို ဖြစ်မှန်း ချက်ချင်းပင် မှတ်မိလိုက်သည်။ တံခါး အမြန်အဆန် ပြန်ပိတ်လိုက်သည်။

"ကျွန်မ အခုပဲ လာမယ်လို့ သူ့ကို ပြောပါ။ သူ့ကို အဲဒီ အခန်းထဲကနေ မထွက်ပါစေနဲ့"

ကျွန်မက အမေ့ကို ပြောလိုက်သည်။ အမေက ကျွန်မ ပြောသည့် အတိုင်း လုပ်မည် ဖြစ်ကြောင်း ပြော၍ ကျွန်မ အခန်းထဲသို့ ကျွန်မ ပြန်လာခဲ့သည်။ အက်စ်တာရီတာသည် စောစောက အတိုင်းပင် ခုတင်ပေါ်တွင် ထိုင်နေဆဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မြန်မြန် မြန်မြန် ရှင် ပြန်ရလိမ့်မယ်။ ကျွန်မ တောင်းပန်ပါတယ်”

သူက စိတ်ပျက်သွားသည်။ ပြီးတော့ ကြေးထူ နေသည်။ သို့ရာတွင် ကျွန်မက သူ့ စကားများကို ဖြတ်၍ ပြတ်ပြတ် ပြောလိုက်သည်။

“ကျွန်မ အဒေါ်ဟာ လမ်းပေါ်မှာ သွားနေရင်းနဲ့ နေမကောင်းပြီး ရုတ်တရက် လဲကျသွားတယ်။ အခြေအနေ သိပ်ဆိုးနေတယ်။ အမေနဲ့ ကျွန်မ ဆေးရုံကို မြန်နိုင်သမျှ မြန်မြန်သွားကြရမယ်”

မပိရိသော မုသား ဖြစ်သည်။ သို့ရာတွင် ထိုအချိန်က ကျွန်မသည် အခြား ဘာမျှ စဉ်းစား၍ မရသဖြင့် ဖြစ်သည်။ သူ၏ ကံအကြောင်း မကောင်းမှုကို မယုံသည့်အလား အက်စ်တာရီတာသည် ကျွန်မကို ကြည့်နေသည်။ သူ့ ဖိနပ်များ ချွတ်ထားသည်ကို ကျွန်မက တွေ့ရသည်။

“လုပ်ပါ။ ဘာ ငေးကြည့်နေတာလဲ၊ ရှင် သွားမှ ဖြစ်မယ်”

“ကောင်းပြီ ကိုယ် သွားမယ်”

သူက ပြန်ဖြေလိုက်ပြီး ဖိနပ်ကို ငုံ့၍ စီးနေသည်။ ကျွန်မက သူ့ ရှေ့တွင် ရပ်၍ သူ၏ ကုတ်အင်္ကျီကို လှမ်း၍ ပေးနေသည်။ သို့ရာတွင် ကျွန်မသည် သူ့ကို အစေခံမ၏ ကိစ္စတွင် ဝင်ရောက် ဆောင်ရွက်ပေးစေလို လျှင် ကတိ တစ်ခုတော့ ပေးရပေမည်။

“ဒီမယ် အခုလို ဖြစ်ရတာ ကျွန်မ နည်းနည်းမှ စိတ်မကောင်းပါဘူး။ မနက်ဖြန်ည ထမင်း စားပြီးချိန်မှာ လာပါ။ အဲဒီအခါကျတော့ ဘာအနှောင့် အယှက်မှ မတွေ့စေရပါဘူး”

သူက ဘာမျှ မပြောပါ။ ကျွန်မက သူ့ကို တံခါးဝ အထိ တွဲခေါ်၍ လိုက်ပို့သည်။ ဧည့်ခန်းထဲသို့ သူ ဝင်သွားပြီး ဂျီယာကိုမိုအား တွေ့သွားမည်ကို ကျွန်မက အထူး စိုးရိမ် ကြောက်လန့်နေမိပါသည်။

“ကျွန်မ ကနေ့ ဘုန်းကြီးနဲ့ သွားတွေ့မယ်နော်”

တံခါးပေါက်သို့ ရောက်သောအခါ ကျွန်မက ပြောလိုက်သည်။ သူက နားလည်မှု ရှိသည့် အနေဖြင့် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

ညှော့ခန်း တံခါး လက်ကိုင်ပေါ်သို့ ကျွန်မ၏ လက်ချောင်းများ တင်မိသော အခါ ကျွန်မနှင့် ဂျိယာကိုမို၏ ဆက်ဆံရေးသည်လည်း ကျွန်မနှင့် အက်စ်တာရီတာ၏ ဆက်ဆံရေးလိုပင် မသာယာသော ဆက်ဆံရေးတစ်ခုပင် ဖြစ်နေကြောင်းကို ထင်းခနဲ သိမြင်လိုက်မိသည်။ အက်စ်တာရီတာက ကျွန်မအပေါ် တစ်ဖက်သတ် စိတ်ဆန္ဒ ရှိနေသလို ကျွန်မကလည်း ဂျိယာကိုမို အပေါ်တွင် တစ်ဖက်သတ်ကြီး ဖြစ်နေပါသည်။ သို့ရာတွင် ကျွန်မတို့တွင် မတူညီသည့် အချက်များ ရှိနေကြပေသည်။ ကျွန်မက အက်စ်တာ့ထက် မာကျော၍ ဂျိယာကိုမိုထက် ပျော့ညံ့လေသည်။ ကျွန်မက အက်စ်တာရီတာကို မချစ်နိုင်သလို ဂျိယာကိုမိုကလည်း မချစ်နိုင်ချေ။

သူသည် စောစောက အတိုင်းပင် ကျွန်မဘက်သို့ ကျောပေး၍ စားပွဲကို မှီရပ်နေသည်။ သို့ရာတွင် ကျွန်မ ဝင်လာသံ ကြားသောအခါ သူက ချာခနဲ လှည့်လိုက်ပြီး–

“ကိုယ် ဒီနားမှာ ဖြတ်သွားရင်းနဲ့ ဝင်ဦးမှပဲဆိုပြီး ဝင်ခဲ့တာပဲ။ မဝင်သင့်တာလဲ ဖြစ်ချင် ဖြစ်မှာပေါ့”

သူက ကျွန်မကို အကဲခတ် ကြည့်ရှုရင်း ပြောလိုက်သည်။

“ဝင်သင့်ပါတယ်၊ ဝင်ခဲ့တာ မှန်ပါတယ်။ ကျွန်မ အခုပဲ နေ့လယ်စာစား ထွက်မလို့။ ကျွန်မတို့ အတူတူ သွားကြတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အသက်ရှူ မမှန်တမှန်ဖြင့် ပြောလိုက်သည်။

"မင်း ကိုယ့်ကို မှတ်မိလို့ ပြောနေတာလား။ ကိုယ် ဘယ်သူလဲဆိုတာ မင်း သိလို့လား"

"သိပါတယ်။ ရှင့်ကို ကျွန်မ သိပါတယ်"

ကျွန်မ စိတ်ကို ကျွန်မ မထိန်းချုပ်နိုင်ခင်မှာပင် သူ့လက်ကို ဆွဲယူ၍ နမ်းလိုက်သည်။ သူက ကသိကအောက်ဖြစ်သွားသည်။ ကျွန်မက သဘောကျ သွားသည်။

"ရှင် လူဆိုးပဲ။ ကျွန်မဆီကို ဘာလို့ မလာတာလဲ"

"ကိုယ် သိပ်အလုပ်များနေတယ်"

သူက ခေါင်းကို ယမ်းခါရင်း ဖြေလိုက်သည်။ ကျွန်မက မိုးမမြင် လေမမြင် ဖြစ်နေတော့၏။ သူ့ လက်ကို နမ်းပြီးနောက် ကျွန်မ ရင်သား အောက်ရှိ နှလုံးသားပေါ်တွင် တင်ထားလိုက်သည်။

"ကျွန်မ ရင်ဘယ်လောက် ခုန်နေသလဲဆိုတာ စမ်းကြည့်စမ်း"

ထိုအချိန်မှာပင် ကျွန်မကိုယ် ကျွန်မ အရူးဟု ပြောလိုက်မိသည်။ အကြောင်းမူ ကျွန်မသည် ယင်းသို့ မလုပ်သင့်။ ယင်းသို့ မပြောသင့်။ ယင်းကြောင့် ကမန်းကတန်း ဆက်ပြောလိုက်သည်။

"ခဏကလေး စောင့်ပါဦး။ ကျွန်မ ကုတ်အင်္ကျီ သွားဝတ်လိုက်ဦး မယ်။ အခုပဲ ပြန်လာခဲ့မယ်"

ကျွန်မသည် တကယ့်ကို အရူးအမူး ဖြစ်နေပြီ၊ သူ့ကို လက်လွှတ် သွားမည်ကို အထူး စိုးရိမ်နေမိသည်။ ယင်းကြောင့် ကျွန်မသည် အပြင်ခန်းသို့ ရောက်သောအခါတွင် အိမ်ရှေ့ခန်း တံခါးကို သော့ခတ်ထားလိုက်သည်။ သို့မှသာ ကျွန်မ အဝတ် ဝတ်နေစဉ်တွင် သူ လစ်ထွက် မသွားနိုင်မည် ဖြစ်သည်။ ထို့နောက် ကျွန်မသည် အိပ်ခန်းသို့ သွား၍ အဝတ်ဗီရို မှန်ရှေ့တွင် ရပ်ကာ မျက်လုံးနှင့် ပါးစပ်မှ ဆိုးခြယ်ထားမှုများ အားလုံးကို လက်ကိုင်ပဝါ ဖြင့် ပွတ်ဖျက်ပစ်လိုက်သည်။ ထို့နောက် နှုတ်ခမ်းနီဘူးကို ကောက်ယူ၍ ကျွန်မ၏ နှုတ်ခမ်းများကို ခပ်ပါးပါး ထပ်ဆိုးလိုက်သည်။ ပြီးတော့ ကုတ် အင်္ကျီ ချိတ်သည့် နေရာကို သွား၍ ကုတ်အင်္ကျီကို ရှာသည်။ မတွေ့။ နောက်မှ အဝတ်ဗီရိုထဲတွင် ချိတ်ထားမိသည်ကို အမှတ်ရ၍ ထုတ်ယူ ဝတ် လိုက်သည်။ ကျွန်မ ကိုယ်ကို မှန်ထဲတွင် တစ်ကြိမ် ပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ဆံကေသာ ပြုပြင်ထားမှုသည် ကလက်လွန်းသည်ဟု ယူဆ၍ ကပျာကယာ ပြင်ကာ ဖြီးလိုက်သည်။ ထို့နောက် ကျွန်မသည် အပြင်ခန်းသို့ ထွက်ခဲ့ပြီး ဧည့်ခန်း တံခါးမှ နေ၍ ဂျီယာကိုမိုကို ခေါ်လိုက်သည်။

သို့ရာတွင် ကျွန်မတို့ နှစ်ယောက် အပြင်သို့ သွားကြမည်ရှိသော အခါတွင် အိမ်ရှေ့ခန်း တံခါးကို ကျွန်မက အရှုံးရှုံး အမူးမူးဖြင့် သော့ခတ်ထားခဲ့ပြီးနောက် သော့ပြန်ဖွင့်ထားရန် မေ့လျော့နေမိသည့် အဖြစ်ကို တွေ့ရှိရလေတော့သည်။

"ကိုယ် ထွက်ပြေးမှာကို မင်းက စိုးရိမ်နေတာကိုး"

ကျွန်မက လက်ပွေ့အိတ်ထဲတွင် သော့ကို စမ်းနေစဉ် သူက ပြောလိုက်သည်။ သူက ကျွန်မ လက်မှ သော့ကို ယူ၍ တံခါးကို သူကိုယ်တိုင် ဖွင့်လေသည်။ သူက ကျွန်မကို ကြည့်၍ မြတ်နိုးမှု တစ်မျိုးဖြင့် ခေါင်းကို ယမ်းခါပါသည်။ ကျွန်မက ပျော်ရွှင် မြူးထူးစွာဖြင့် သူနှင့်အတူ လှေကားမှ ပြေးဆင်းသွားမိပါသည်။

"စိတ်ဆိုးလား"

ကျွန်မက သူ့ လက်မောင်းကို ကိုင်ရင်း မေးလိုက်သည်။ သူက မဖြေ။ ဆိုင်များကို ဖြတ်လျက်၊ အိမ်များကို ဖြတ်လျက် နေရောင်ခြည်အောက် လမ်းတစ်လျှောက်တွင် ကျွန်မတို့ နှစ်ယောက် လက်မောင်းချင်းချိတ်၍ သွားနေကြပါသည်။ သူ့ ဘေးတွင် ယှဉ်၍ လျှောက်နေရသဖြင့် ကျွန်မမှာ ဝမ်းသာ၍ မဆုံးပါ။ မျှော်စင်ကလေးနှင့် တိုက်ကလေးကို ဖြတ်မိသောအခါတွင် ကျွန်မ၏ လက်သည် သူ့ လက်ကို အလိုလို ဆုပ်ကိုင်မိလျက်သား ရှိသွားပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်မသည် သူ၏ မျက်နှာကို ကောင်းစွာ မြင်တွေ့နိုင်ရန် ရှေ့သို့ ကုန်းညွတ်လျက် ရှိသည်ကိုလည်း သတိပြုမိ၏။

"ရှင်နဲ့ ပြန်တွေ့ရတာ ကျွန်မ ဘယ်လိုမှန်း မသိအောင်ကို ဝမ်းသာတယ် သိလား"

"ကိုယ်လဲ ဝမ်းသာပါတယ်"

သို့ရာတွင် သူ၏ လေသံသည် တကယ်တမ်း ဝမ်းသာသည့် လေသံမျိုး မဟုတ်ချေ။ ကျွန်မက နှုတ်ခမ်းများကို ပြတ်ထွက်လုမတတ် သွားဖြင့် ကိုက်ထားလိုက်မိသည်။ ဤအဖြစ်ကို သူကတော့ သတိပြုမိပုံ မပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဟိုဟိုဒီဒီကို ရေရေရာရာ မရှိ ကြည့်နေသည်။ သို့ရာတွင် မြို့တံခါး၀ အောက်သို့ ရောက်သောအခါ သူက ခပ်ဆိုင်းဆိုင်း ရှိသွားသည်။ နောက်ဆုံးတွင် တိခနဲ ရပ်လိုက်ပြီး–

"ကိုယ် မင်းကို တစ်ခုတော့ ပြောမှ ဖြစ်မယ်"

"ပြောမှ ဖြစ်မယ် ဆိုရင်လဲ ပြောလေ"

"ကိုယ်က မင်းကို ကြုံကြိုက်လို့ ၀င်တွေ့တာပဲ။ အဲ နောက်ထပ် တစ်ခု ကြုံကြိုက်တာကတော့ ကိုယ့်မှာ ပိုက်ဆံ တစ်ပြားမှ မပါတာဘဲ။ ဒီတော့ ကိုယ်တို့ နှစ်ယောက်ဟာ လမ်းခွဲကြရင် ကောင်းမယ်နဲ့ တူတယ်"

သူက ယင်းသို့ ပြောရင်း နှုတ်ဆက်ရန် လက်ကမ်းပေးလိုက်သည်။

ကျွန်မ၏ စိတ်တွင် ပထမဆုံး ဂယက်ဆင်လာသည်မှာ စိုးရွံ့ကြောက်လန့်ခြင်းပင် ဖြစ်သည်။ သူ သွားတော့မည်။ ကျွန်မက သူ့ကို ဖက်ကာ ငို၍ မသွားပါရန် တောင်းပန်ရုံမှတစ်ပါး အခြားနည်း မရှိတော့ဟု စိတ်အား လျော့လျော့နှင့် တွေးလိုက်မိသည်။ သို့ရာတွင် ဒုတိယ အတွေး၌ ကျွန်မနှင့် လမ်းခွဲရေးအတွက် သူ ပေးလာသော အကြောင်းသည်ပင် ထွက်ပေါက် ဖြစ်သည်ဟု သိမြင်လာရသည်။ သူ့မှာ ပိုက်ဆံ မရှိလျှင် ကျွန်မက ပေးရန်ပင် ဖြစ်သည်။ ယခင်ကမူ ကျွန်မအတွက် သူတို့က ပေးခဲ့ကြသည်။ သူတို့ဆီက ပိုက်ဆံရခဲ့သည်။ ယင်းအတွက် ကျွန်မမှာ ပျော်ရွှင်ခဲ့ရသည်။ ယခုတော့ ကျွန်မက သူ့အတွက် ပေးရတော့မည်။ ယင်းသို့ ကိုယ်က ပေးရသည်မှာလည်း ကြည့်နူး ပျော်ရွှင်စရာကြီးပင် ဖြစ်၏။ အချစ်ရေးကိစ္စတွင် ပိုက်ဆံ ပေးရခြင်းနှင့် ရရှိခြင်းတို့သည် အဓိက မဟုတ်ပေ။

"ဒီအကြောင်းတော့ ထည့် မစဉ်းစားပါနဲ့။ ကျွန်မ ပေးပါ့မယ်။ ဒီမယ်ကြည့် ကျွန်မမှာ ပိုက်ဆံပါပါတယ်"

ကျွန်မက ပိုက်ဆံအိတ်ကို ဖွင့်၍ ယမန်နေ့ ညနေက ထည့်ထားခဲ့သော ပိုက်ဆံများကို သူ့အား ပြလိုက်သည်။

"ဘယ် ဖြစ်မလဲ"

သူက ငြင်းဆန်လိုက်သည်။

"ဘာဖြစ်လို့လဲ။ ရှင် ပြန်လာတော့ ကျွန်မက ဧည့်ခံရမှာပေါ့"

"မဖြစ်ဘူး။ မဖြစ်နိုင်ဘူး"

သူက ကျွန်မကို လက်ဆွဲနှုတ်ဆက်၍ ထွက်သွားမည် ပြုသည်။ ဤအကြိမ်တွင်တော့ ကျွန်မက သူ့ လက်မောင်းကို ဆွဲထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ ကျွန်မတို့ နောက်ထပ် မပြောကြပါစို့နော့"

ကျွန်မက သူ့ကို ဆွဲ၍ ပျော်ပွဲစားရုံဆီသို့ လျှောက်သွားနေမိတော့၏။

ကျွန်မတို့သည် ယခင်အကြိမ်က ထိုင်ခဲ့သည့် နေရာမှာပင် ထိုင်ကြသည်။ အစစ အရာရာသည် ယခင်အခေါက်က အတိုင်းပင် ရှိသည်။ စားပွဲနှင့် နံရံများပေါ်သို့ ရွှေ့မှန်တံခါးကို ဖြတ်၍ နေရောင်ခြည် ဆင်းသက်နေခြင်း တစ်ခုပဲ ခြားနားသည်။ ဆိုင်ရှင်က စားသောက်ဖွယ် စာရင်းကို ယူလာသည်။ ကျွန်မက ခပ်တည်တည်ဖြင့် မှာကြားလျက် ရှိသည်။ ကျွန်မ၏ ဧည့်များက ကျွန်မအတွက် မှာပုံမျိုးအတိုင်းပင် ဖြစ်သည်။ ကျွန်မ မှာနေစဉ်တွင် သူက ဘာမျှ မပြောဘဲ မျက်လွှာချထားသည်။ ကျွန်မက ဝိုင်အရက်ကိုမူ မမှာမိဘဲ ရှိသည်။ အကြောင်းမူ ကျွန်မ မသောက်သောကြောင့် ဖြစ်သည်။ နောက်မှ ကျွန်မနှင့် အလျင် တစ်ခေါက် လာစဉ်က သူ သောက်သည်ကို သတိရ၍ ဝိုင်ပုလင်းကြီး တစ်လုံး မှာလိုက်ရသည်။

ဆိုင်ရှင် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်မက လက်ကိုင်အိတ်ကို ဖွင့်၍ တစ်ရာတန် တစ်ရွက်ကို ထုတ်လိုက်သည်။ လေးခေါက် ခေါက်လိုက်သည်။ ပြီးတော့ ဘေးဘီကို သွက်သွက်လှစ်လှစ် ကြည့်လိုက်ပြီးနောက် စားပွဲအောက်မှ နေ၍ သူ့ကို ပေးလိုက်သည်။ သူက နားမလည်သည့် အနေဖြင့် ကျွန်မကို ကြည့်သည်။

"ပိုက်ဆံ၊ ရှင် နောက်တော့ ပြန်ပေးပေါ့"

"ဩ ပိုက်ဆံလား"

သူက ခပ်ဖြည်းဖြည်း ပြော၍ ငွေစက္ကူကို ယူလိုက်သည်။ စားပွဲပေါ်တွင် တင်၍ ဖြန့်သည်။ ပြီးတော့ ယင်းစက္ကူကို ကြည့်နေသည်။ နောက်တော့ ပြန်၍ ခေါက်သည်။ ကျွန်မ၏ ပိုက်ဆံအိတ်ကို ဖွင့်၍ ပြန်ထည့်လိုက်သည်။

"ကျွန်မ ပေးရမလား"

"ဟင့်အင်း၊ ကိုယ် ပေးမယ်"

"ဒါဖြင့် ရှင့်မှာ ပိုက်ဆံ မပါဘူးလို့ ဘာလို့ ပြောရတာလဲ"

သူက ခဏမျှ ဖင့်နွဲ့နေပြီးနောက်–

"ကိုယ် မင်းကို လမ်းကြုံလို့ ဝင်တွေ့တာ မဟုတ်ဘူး။ အခုနကတော့ ကိုယ် မင်းဆီကို လာမလို့ စဉ်းစားနေတာ တစ်လလောက် ရှိပြီ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ မင့် အိမ်ရှေ့ ရောက်တိုင်း အပေါ်ကို မတက်ဘဲ လှည့်ပြန်ခဲ့တယ်။ ဒါကြောင့် ကိုယ်ဟာ မင်းကို ပိုက်ဆံ မပါဘူးလို့ ပြောတာဘဲ။ မင်းက ကိုယ့်ကို ခါထုတ်လိုက်အောင်ပဲ။ ဒါပေမဲ့ အထင်နဲ့ အမြင် မှားခဲ့တယ်"

သူက မေးဖျားကို လက်ဖဝါးနှင့် ပွတ်ရင်း ခပ်ပြုံးပြုံး ပြောပါသည်။

ယင်းသို့ အပြီးကား သူသည် ကျွန်မအား စမ်းသပ်ခြင်း တစ်နည်း ပေတကား။ သူသည် ကျွန်မနှင့် မရောယှက်လိုဘဲ ရှိနေသည်။ သို့မဟုတ် သူ၏ နှလုံးသားသည် နှစ်ပိုင်းကွဲလျက် ရှိသည်။ တစ်ပိုင်းက ကျွန်မကို ကြိုက်နှစ်သက်၍ တစ်ပိုင်းက ကျွန်မကို မနှစ်မြို့ခြင်းပင် ဖြစ်သည်။ ကျွန်မသည် သူ၏ လှည့်ဖြားခြင်းနှင့် သူ၏ ရှုံးနိမ့်ခြင်း အပေါ်တွင် ဝမ်းနည်းရမလား ဝမ်းသာရမလားဟု မဝေခွဲနိုင်ဘဲ ရှိနေသည်။

"ဒါနဲ့များ ရှင်က ဘာပြုလို့ ကျွန်မကို သွားစေချင်ရတာလဲ"

"ကိုယ်က မင်းကို ဘယ်လိုမှ မအောက်မေ့လို့ပဲ။ ဒါမှမဟုတ် ဆိုပါတော့ ကိုယ် အောက်မေ့မိသမျှကလဲ ကိုယ့် သူငယ်ချင်းကို အောက်မေ့မိသလိုမျိုးပါပဲ"

"ဒါပေမဲ့ သူတို့ဟာ တိုက်ခန်းကလေး တစ်ခန်းမှာ အခု အတူတူ နေနေကြပြီဆိုတာ ရှင် သိသလား"

"အင်း"

"ရှင်က ကျွန်မကို ဘယ်လိုမှ မအောက်မေ့ဘူး။ မတွေ့ချင်ဘူးလို့သာ ပြောတယ်။ ခုတော့ ရောက်နေပါပကောလား"

"ဟုတ်တယ်။ ကိုယ်ဟာ အင်မတန် ပျော့ညံ့တဲ့ လူတစ်ယောက်ပဲ"

"ရှင် လာတယ်ဆိုရင်ပဲ ကျွန်မက ကျေနပ်နေပါပြီ"

ကျွန်မက စားပွဲအောက်မှ နေ၍ သူ့ ပေါင်ပေါ်သို့ လက်တင်ထားလိုက်သည်။ ထိုအချိန်တွင် ကျွန်မက သူ့ကို အကဲခတ် ကြည့်နေသည်။ ကျွန်မ၏ ထိတွေ့မှုကြောင့် သူသည် တုန်လျက်ရှိသည်။ ယင်းကဲ့သို့ သူ စိတ်လှုပ်ရှားနေသည်ကို တွေ့ရသဖြင့် ကျွန်မက ဝမ်းသာနေသည်။ သူသည် ကျွန်မကို အတော်ကြီး လိုချင်နေသလို တစ်ဖက်ကလည်း ဆန့်ကျင်သည့် အပိုင်း ရှိပေသည်။

"ကိုယ့် အနေနဲ့ ဒီလို ဆက်ဆံနေတာမျိုးကို မင်း သဘောကျတယ် ဆိုရင်တော့ ပြီးတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် သူက ပြောလိုက်သည်။ ယင်းအခိုက်တွင် ဆိုင်ရှင်က ခက်ရင်း၊ ဓားနှင့် ပန်းကန်ပြားများကို ယူလာသည်။ ကျွန်မတို့သည် နှုတ်ဆိတ်၍ စားနေကြသည်။ မည်သူမျှ ခံတွင်း တွေ့ကြလှပုံ မပေါ်။

"ကိုယ်သာ မင်းနေရာမှာ ဆိုရင်တော့ ကိုယ့်ကို မုန်းအောင်တိုက်မှာပဲ"

"ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့ ကိုယ်ဟာ မုန်းနေတဲ့ အခါမှာ သူများတွေ လုပ်စေချင်တာကို အလွယ်တကူ လုပ်တတ်လို့ပဲ"

"ကျွန်မကတော့ ရှင် စိတ်ပါလက်ပါ ရှိတာကိုပဲ လုပ်စေချင်တယ်။ အဲ ရှင် သွားချင်ပြီဆိုရင် သွားပါ။ ဟော ဟိုမှာ တံခါး"

"အင်း ကိုယ် သွားဖို့ မသွားဖို့ဆိုတာ ကိုယ် လိုချင်တာ ဟုတ်မဟုတ် သေချာဖို့ လိုသေးတယ်"

"ဒါဖြင့် ရှင် ကျွန်မကို သွားစေချင်တာလား"

ကျွန်မတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ကျွန်မက စိတ်ညစ်ညစ်နှင့် မထူးတော့ပြီမို့ ပြတ်သားလျက် ရှိသည်။ သို့ရာတွင် ကျွန်မ၏ ပြတ်သားခြင်းသည် ကျွန်မ၏ သိမ်းငင် ဆွဲယူမှုများလိုပင် သူ့ကို ဒုက္ခပေးလျက် ရှိ၏။

"ဟင့်အင်း၊ ဒီမှာပဲနေပါ"

ကျွန်မတို့သည် နှုတ်ဆိတ်၍ စားနေကြပြန်သည်။ ထို့နောက် သူသည် ဝိုင် တစ်ဖန်ခွက်ကြီးကို တစ်ချီတည်း သောက်ချလိုက်ပြီး–

"တွေ့လား ကိုယ် သောက်နေပြီ"

"တွေ့ပါတယ်"

"ခဏနေရင် ကိုယ် မူးလာလိမ့်မယ်။ အဲဒီအခါကျတော့ ကိုယ် မင်းကို ချစ်မိကြောင်း ချစ်မိလိမ့်မယ်"

သူ့ စကားလုံးများသည် ကျွန်မ၏ နှလုံးသားထဲသို့ စူးဝင်သွားကြသည်။ ကျွန်မက ဤနည်းမျိုးနှင့် ဒုက္ခခံစားနေရခြင်းကို ဆက်လက်၍ ခံနိုင်စွမ်း မရှိတော့ပါ။

"ဒီမယ်၊ ကျွန်မကို မညှဉ်းဆဲပါနဲ့တော့"

"ကိုယ်က မင်းကို ညှဉ်းဆဲနေမိသလား"

"ဟုတ်တယ်။ ရှင် ကျွန်မကို သရော်တော်တော် လုပ်နေတယ်။ ရှင့်ကို ကျွန်မ တစ်ခုပဲ ပြောနေတာကတော့ ကျွန်မကို ထည့်မတွက်ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့။ ကျွန်မဟာ ရှင့်ကို အတော်ကြီးကို စွဲလမ်း နှစ်ခြိုက်ခဲ့ပါတယ်။ ထားပါတော့။ ဒါဟာ ပြီးသွားမှာပါ။ ဒီတော့ ကျွန်မကို ဒီအတိုင်းပဲ ထားပါလားရှင်။ ဘာပြုလို့ ဆက်ပြီး ညှဉ်းပန်းနှိပ်စက်ချင်နေရသေးတာလဲ"

သူက ဘာမျှ မပြောသေးဘဲ ဒုတိယ အရက်တစ်ခွက်ကို သောက်ချလိုက်သည်။ ကျွန်မက သူ့ကို စိတ်မကောင်းအောင် လုပ်လိုက်မိပြီလားဟု စိုးရိမ်သွားမိသည်။

"ဘယ်လို ဖြစ်တာလဲ။ ရှင် ကျွန်မကို စိတ်ဆိုးသွားသလား"

"မဆိုးပါကလား"

"ကောင်းပြီလေ။ ရှင် ကျွန်မကို သရော်ချင်သပဆိုလဲ သရော်ပေါ့"

"ကိုယ် မင်းကို မသရော်ပါဘူး"

"ကိစ္စ မရှိပါဘူး။ ရှင် ကျွန်မကို ရက်ရက်စက်စက် ပြောချင်တာတွေရှိလဲ ပြောပေါ့။ ကျွန်မကတော့ ရှင့်ကို ချစ်နေမှာပါပဲ။ ပိုပြီးတော့ ချစ်ပါဦးမယ်။ တကယ်လို့ ရှင်က ကျွန်မကို ရိုက်ရင်တောင် ကျွန်မက အဲဒီရိုက်တဲ့ လက်ကို နမ်းပါ့မယ်"

ကျွန်မက စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်သည်။ သူ့ ရှေ့မှောက်တွင် ကျွန်မ ကိုယ်ကို အစွမ်းကုန် နှိမ့်ချလိုသော စိတ်ကြောင့် ဖြစ်သည်။ သူက ကျွန်မကို စူးစူးစိုက်စိုက် လေ့လာလျက်ရှိသည်။ သူသည် အတော်ကြီးကို စိတ်အနှောင့်အယှက် ဖြစ်နေပုံရှိသည်။

"ကိုယ်တို့ သွားကြတော့မလား"

သူက မေးလိုက်သည်။

"ဘယ်ကိုလဲ"

"မင့် အိမ်ကိုပေါ့"

ကျွန်မသည် မျှော်လင့်ချက် ကုန်ဆုံးနေရာမှ သူ့ထံမှ မမျှော်လင့်သော စကားကို စား၍ သောက်၍ မပြီးကြမီမှာပင် ကြားလိုက်ရသဖြင့် ဝမ်းသာခြင်းထက် အံ့သြခြင်း ဖြစ်သွားမိသည်။

လမ်းပေါ်သို့ ရောက်သောအခါတွင် ကျွန်မသည် အိမ်ကို သွားပြီ ရမည့် အရေးအတွက် ရင်လေးမိပြန်တော့သည်။ ဂျီယာကိုမိုသည် သူ၏ စိတ်ဆန္ဒကို ဆန့်ကျင်ကာ ကျွန်မ နောက်သို့ လိုက်လာခြင်း ဖြစ်သည်။ ဂျီယာကိုမိုသည် ကျွန်မကို တွေ့လို မြင်လိုသည့် သူ၏ စိတ်များကို မုန်းတီး

www.burmeseclassic.com

www.burmeseclassic.com



စက်ဆုပ်လျက် ရှိသည်။ သို့ရာတွင် ကျွန်မသည် ကျွန်မ၏ အလှ ကျွန်မ၏ မေတ္တာပေါ်တွင် ယုံကြည်မှု အလေးအနက် ရှိနေသည်။ ကျွန်မက ယင်းအလှ ယင်းမေတ္တာတို့ကို လက်နက်အဖြစ် အသုံးပြု၍ သူ၏ အကြောက်အကန် ရှိနေမှုများကို အနိုင်ယူရပေမည်။ ကျွန်မ၏ မေတ္တာသည် သူ၏ မနှစ်မြို့ခြင်းထက် သာလွန်ရမည်ဟု ယုံကြည်ထားသည်။

"ဒီတစ်ခါတော့ ကျွန်မတို့ အိမ်ကို ရောက်ပြီးရင် ရှင် ပြန်မပြေးပါဘူးလို့ ကတိ ပေးရလိမ့်မယ်"

ကျွန်မက သူ့ဘေးတွင် ယှဉ်တွဲ၍ လျှောက်ရင်း ပြောလိုက်သည်။

"ကိုယ် ကတိပေးပါတယ်"

"နောက် တစ်ခုလဲ ကတိ ပေးပါဦး"

"ဘာတုံး"

ကျွန်မက ခဏမျှ ဆုတ်ဆိုင်းနေပြီးမှ–

"အလျင် တစ်ခေါက်တုန်းက ရှင် ကျွန်မကို ကြည့်တာဟာ တစ်မျိုးပဲ။ ကျွန်မက ရှက်တယ်။ အဲဒီတော့၊ ရှင် နောက်ကို ဒီလိုမျိုး မကြည့်တော့ပါဘူးလို့ ကတိ ပေးပါ"

"ဘယ်လိုမျိုးလဲ"

"ကျွန်မ မပြောတတ်ဘူး။ ရှင် ကြည့်ပုံက တစ်မျိုးကြီးပဲ"

"လူ တစ်ယောက်ဟာ သူ ကြည့်တတ်သလိုပဲ ကြည့်တော့မပေါ့။ ဒါပေမဲ့ မင်း မကြိုက်ဘူး ဆိုရင်တော့ ကိုယ် မင်းကို လုံးလုံး မကြည့်ဘူး။ မျက်လုံးတွေကို မှိတ်ထားမယ်။ ဟုတ်ပြီလား"

"ဟင့်အင်း၊ မဟုတ်ဘူး"

ကျွန်မက အကြောက်အကန် ပြောလိုက်သည်။

"ကောင်းပြီ။ ဒါဖြင့် ကိုယ်ဟာ မင်းကို ဘယ်လို ကြည့်စေချင်တာလဲ"

"ကျွန်မ ရှင့်ကို ဘယ်လို ကြည့်သလဲ။ ဒီမယ် ကြည့်စမ်း။ ဟောလိုမျိုး ကြည်ကြည်နူးနူးကလေး"

ကျွန်မက လမ်းလျှောက်နေရင်းနှင့် သူ့ မေးဖျားကို ဆွဲလှည့်ကာ ကျွန်မဘက်သို့ လှည့်စေပြီး မည်သို့ မည်ပုံ ကြည့်ရမည်ကို ပြလိုက်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကိုယ် သိပြီ။ ကြည်ကြည်နူးနူးကလေး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ တန်းလျား၏ ညစ်ပတ် စုတ်ချာသော လှေကားပေါ်သို့ ရောက်သောအခါတွင်ကား ဂျီဆယ်လာ နေထိုင်လျက်ရှိသော သန့်ရှင်းတောက်ပသည့် တိုက်သစ်ကလေးကို အမှတ်မရမိဘဲ မနေနိုင်တော့ပါချေ။

"ကျွန်မဟာ ဒီလို နေရာမျိုးမှာ မနေရင်၊ ကျွန်မဟာ ဒီလို မိန်းမသားမျိုး မဟုတ်ရင် ရှင် ကျွန်မကို အခုထက် ပိုပြီး ထည့်သွင်း စဉ်းစားမှာပဲ"

ကိုယ့်ကိုယ်ကိုယ် ပြောသလို ကျွန်မက ဆိုလိုက်သည်။ လုံး၀ မမျှော်လင့်ဘဲ သူက ရပ်လိုက်သည်။ ကျွန်မ၏ ခါးကို သူ့ လက်နှစ်ဖက်ဖြင့် ကိုင်လိုက်သည်။

"မင်း ဒီလို ထင်ရင်တော့ ကောင်းကောင်းကြီး မှားတာပဲ"

သူ့ မျက်လုံးတွင် မြတ်နိုးမှု အရိပ်အယောင်များ တောက်လက်နေသည်။ တစ်ချိန်တည်းမှာပင် သူသည် ကုန်းငုံ့၍ ကျွန်မ၏ ပါးစပ်ကို ရှာဖွေနေသည်။ သူ့ ပါးစပ်မှ ဝိုင်အရက်နံ့များ ထွက်နေသည်။ ကျွန်မသည် ဘယ်တုန်းကမှ ဝိုင်အရက်နံ့ကို မခံနိုင်ခဲ့ချေ။ သို့ရာတွင် ထိုအချိန်၌ သူ့ ပါးစပ်သည် အပြစ်ကင်းစင်လျက် ရှိသည်။ သူ၏ နှုတ်ခမ်းများနှင့် ထိတွေ့ရခြင်းသည် အတွေ့အကြုံ မရှိသေးသော လူငယ်ကလေး တစ်ယောက်၏ နှုတ်ခမ်းများနှင့် ထိတွေ့ရသလိုပင် ရှိနေသည်။ ကျွန်မ၏ စကားလုံးများသည် သူ့ စိတ်ကို ထိခိုက်သွားစေပေပြီ။ သူ၏ အနမ်းသည် ကျွန်မကို အံ့ဘနန်း ပျော်ရွှင်စေပါသည်။ ကျွန်မက နှုတ်ခမ်းချင်း ထိသည် ဆိုရုံကလေးပဲ ထိပါသည်။ ယင်းသို့ နမ်းကြသည် ဆိုခြင်းလောက်နှင့်ပင် ရောင့်ရဲတင်းတိမ်၍ ဖြစ်ပါသည်။ ကျွန်မက သူ့လက်ကို ဆွဲ၍ နောက်ဆုံး လှေကားထစ်များကို တက်သွားရင်း–

"မြန်မြန်၊ မြန်မြန်"

သူက ဘာစကားတစ်လုံးမျှ မပြောဘဲ တရွတ်တရွတ်နှင့် ပါလာသည်။ ကျွန်မက အိမ်ထဲသို့ အပြေးအလွှား ဝင်လိုက်သည်။ သူ့ကို အဝင်ဝ နံရံနှင့် တိုက်မိစေပါသည်။ ကျွန်မ၏ အခန်းထဲသို့လည်း တရကြမ်း ဝင်လိုက်လာပါသည်။ သူ့ကို ခုတင်ပေါ်တွင် ကားခနဲ ကျသွားစေပါသည်။ ထိုအခါမှ ကျွန်မက သတိပြုမိသည်။ သူသည် အတော်ကြီး မူးလျက် ရှိသည်။ သူသည် အော့အန်တော့မတတ် ဖြစ်သည်။ သူ့ တစ်ကိုယ်လုံး ပိုးဟပ်ဖြူ လိုက်နေသည်။ သူက နဖူးပေါ်တွင် လက်ဖဝါး တင်ထားသည်။ ကျွန်မက ၎င်းအခြင်းအရာ

www.burmeseclassic.com

www.burmeseclassic.com



များကို လျှပ်တစ်ပြက် အတွင်းမှာပင် မြင်တွေ့လိုက်ရသည်။ သူ လဲသွားမည်ကို ကျွန်မက အထူးပင် စိုးရိမ်ပူပန်နေမိသည်။ ယင်းသို့ဆိုလျှင် ကျွန်မတို့၏ ဒုတိယအကြိမ် တွေ့ဆုံခြင်းသည်လည်း အချည်းအနှီးသာ ဖြစ်ရပေတော့မည်။ ကျွန်မက အခန်းထဲတွင် လမ်းလျှောက်ရင်း၊ အဝတ် ချွတ်ရင်းနှင့် သူ့ကို အလွန်အကျွံ မသောက်ရန် မတားမြစ်မိခဲ့ခြင်း အတွက် နောင်တရနေမိသည်။ အကြီးအကျယ် စိတ်ပျက်နေမိသည်။ သို့ရာတွင် ကျွန်မသည် သူနှင့် အချစ်နယ် လွန်ကျူးရန် အကြံအစည်ကိုကား လက်မလျှော့မိကြောင်း ပြောပြရန် လိုပေမည်။ အကြောင်းမူ ကျွန်မသည် ဤအခွင့်အရေးကို မျှော်လင့်စောင့်စားနေခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ကျွန်မက တစ်ခုပဲ ဆုတောင်းနေမိသည်။ သူသည် ကျွန်မကို မချစ်နိုင်တော့ဘဲ အိပ်ပျော်မသွားစေရန် ဖြစ်သည်။ အကယ်၍ သူသည် အခြေအနေ တကယ်ဆိုး၍ 'ဒေါင်း'သွားမည် ဆိုလျှင်လည်း ကျွန်မ၏ အလိုဆန္ဒ ပြည့်ဝပြီးမှသာလျှင် အိပ်မောကျ၍ သွားစေချင်ပါသည်။ ကျွန်မက သူ့ကို တကယ်ချစ်ပါသည်။ သို့ရာတွင် ကျွန်မ၏ အချစ်ပုံသွန်၍ မပေးရဘဲနှင့် သူ့အား လက်လွှတ်သွားမည်ကိုလည်း အထူးပင် စိုးရိမ်နေမိပါသည်။

ယင်းကြောင့် ကျွန်မသည် သူ၏ မူးယစ်ခြင်းကို မသိကျိုးကျွန်ပြုကာ ကိုယ်ပေါ်မှ အဝတ်များကို ဖယ်ရှားပြီးသောအခါ သူ့ အပါး၊ သူ့အနား ခုတင်ပေါ်တွင် သွားထိုင်လိုက်ပါသည်။ သူသည် အခန်းထဲသို့ ဝင်လာခါစ အတိုင်းပင် ကုတ်အင်္ကျီကြီးကို ဝတ်ထားဆဲပင် ဖြစ်သည်။ ယင်းကြောင့် ကျွန်မက သူ့ အဝတ်များကို ကူ၍ ချွတ်ပေးနေပါသည်။ ယင်းသို့ ပြုလုပ်ပေးနေကြောင်းကို သူ သတိပြုမိစေရန်လည်း ပါးစပ်က တတွတ်တွတ် ပြောနေမိပါသည်။ သူက အခြေအနေကို သိရှိသွားပြီး စွန့်ခြင်းကြီး ငါးပါးနှင့် ကျွန်မကို စွန့်လွှတ် မသွားစေရန် ဖြစ်ပါသည်။

"ရှင့် အသက် ဘယ်လောက် ရှိပြီဆိုတာ ကျွန်မကို မပြောသေးပါလား"

"ဆယ့်ကိုးနှစ်"

"ဒါဖြင့် သူဟာ ကျွန်မထက် နှစ်နှစ်တောင် ငယ်တာပဲ"

"မင်းက နှစ်ဆယ့်တစ်နှစ်လား"

"အင်း၊ နှစ်ဆယ့် နှစ်နှစ်တောင် ပြည့်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ၏ လည်စည်းကို ဖြေမရနိုင်ဘဲ ရှိနေသည်။ သူက ကျွန်မ လက်ကို ဖယ်၍ သူ့ဘာသူ ဖြုတ်နေသည်။ ထို့နောက် သူ့ လက်များကို ဘေးသို့ ချလိုက်၍ ကျွန်မက လည်စည်းကို ဆွဲယူလိုက်ပါသည်။

"ဒီလည်စည်းက ဟောင်းနေပြီ။ ကျွန်မ ရှင့်ကို အသစ် တစ်ခု ဝယ်ပေးမယ်။ ရှင် ဘာအရောင်ကို အကြိုက်ဆုံးလဲ"

သူက ရယ်လိုက်ပါသည်။ ကျွန်မက သူ ရယ်ပုံကို သဘောကျပါသည်။

"သြော် မင်းက ကိုယ့်ကို တကယ်ပဲ ကြည့်ရှု စောင့်ရှောက်ချင်တာကိုး။ ပထမ မင်းက ကိုယ့်အတွက် ထမင်းဖိုး ပေးချင်တယ်။ အခုတစ်ခါ လည်စည်း တစ်ခု ဝယ်ပေးချင်နေပြန်တယ်"

"ဒါ ဘာပြသလဲ။ ကျွန်မ ရှင့်ကို လည်စည်း တစ်ခု ဝယ်ပေးချင်တာနဲ့တော့ ရှင် စိတ်မဆိုးပါဘူးနော်"

"ကိုယ့်ကို ဆယ့်ကိုးနှစ်ပါလို့ မင်း ပြောနိုင်သလား"

သူက မေးလိုက်သည်။ သူက အမြဲတမ်း သူ့ဘာသူ ပြောသလို ပြောလေ့ရှိသည်။

"ပြောနိုင်တာတွေ ရှိပါတယ်။ အထူးသဖြင့် ဆံပင်ကို ကြည့်ရင် အသိသာကြီးပဲ"

ကျွန်မက သူ့ ခေါင်းကို လက်ဖြင့် သပ်ရင်း–

ယောကျ်ားတွေရဲ့ ဆံပင်မှာ ဘဝရဲ့ ဒဏ်ရာဒဏ်ချက်တွေ သိပ်မရှိတတ်ပါဘူး။ ဒါပေမဲ့ သူ့ မျက်နှာကို ကြည့်ပြီး ပြောရင်တော့ မဖြစ်နိုင်ဘူးပေါ့"

"ကိုယ့် မျက်နှာကို ကြည့်ပြီး ပြောရင် ကိုယ့် အသက် ဘယ်လောက်ရှိပြီလို့ ပြောမလဲ"

"နှစ်ဆယ့်ငါးနှစ်"

သူက တိတ်နေသည်။ သူ့ မျက်လုံးများကို မှိတ်ထားသည်။ မူးယစ်လွန်း၍မျိုး ဖြစ်သည်။

"သူ့ အကြောင်း ကျွန်မကို ပြောပြစမ်းပါဦး။ သူက ကျောင်းသားတစ်ယောက်လား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာသင်သလဲ"

"ဥပဒေ"

"မိဘတွေနဲ့ အတူ နေသလား"

"ဟင့်အင်း၊ သူတို့က နယ်မှာ"

"ဘော်ဒါ နေသလား"

"ဟင့်အင်း၊ မွမ်းမံခန်း တစ်ခုမှာ နေတယ်။ တိုက်ခန်း ရှစ်၊ အမှတ် နှစ်ဆယ့်နှစ်၊ ကိုလာဒီရီဗိုလမ်း၊ အမလျာ မီဒိုလာဂီရဲ့ အိမ်မှာ။ သူက မုဆိုးမ"

သူ၏ ရင်ဘတ်သည် ယခုအခါ ဗလာကျင်းလျက် ရှိ၏။ ကျွန်မက သူ၏ ရင်အုပ်နှင့် လည်ပင်းတို့ကို မြတ်နိုးယုယစွာ ပွတ်သပ်လျက် ရှိနေမိပါသည်။

"ဘာလို့ ထိုင်နေတာလဲ။ မချမ်းဘူးလား"

ကျွန်မက မေးလိုက်သည်။ သူက ခေါင်းကို မော့၍ ကျွန်မကို ကြည့်သည်။ ပြီးတော့ ရယ်မော၍ ပြောသည်။

"မင်းက ကိုယ့်ကို ဘာမှ သတိ မပြုမိဘူးလို့ ထင်နေသလား"

"ဘာကို သတိပြုမိလို့လဲ"

"မင်းက အမှုမဲ့ အမှတ်မဲ့နဲ့ ကိုယ့် အဝတ်တွေကို ချွတ်နေတာလေ။ ကိုယ်ဟာ မူးချင် မူးပါလိမ့်မယ်။ ဒါပေမဲ့ ဘာမှ မသိလောက်အောင်တော့ မမူးသေးပါဘူး"

"အင်းလေ ဆိုပါတော့။ ကျွန်မက ရှင် ထင်သလိုပဲ လုပ်နေမိတယ် ဆိုပါတော့။ အဲဒါ ဘာပြုသလဲ။ တကယ်တော့ ရှင့်ဘာရှင် ချွတ်ရမှာ မဟုတ်လား။ ကျွန်မက ရှင့်ကို ကူညီတာပဲ"

ကျွန်မ ပြောသည်များကို သူကြားပုံ မပေါ်။ သူက ခေါင်းကို ယမ်းခါရင်း–

"ကိုယ် မူးနေပြီ။ ဒါပေမဲ့ ကိုယ် ဘာလုပ်နေတယ်ဆိုတာနဲ့ ဒီကို ဘာကိစ္စ လာတယ်ဆိုတာတော့ ကိုယ် ကောင်းကောင်း သိတယ်။ နေပါစေ။ ကိုယ့်ကို ဘာမှ ကူညီစရာ မလိုပါဘူး။ ကျေးဇူးတင်ပါတယ်"

သူက ရုတ်တရက် မမျှော်လင့်ဘဲ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း အမူအရာဖြင့် ကျန်ရှိနေသော အဝတ်အစားများ အားလုံးကို ချွတ်ပစ်လျက် ရှိသည်။

www.burmeseclassic.com



“ကိုယ့်ဆီက မင်း ဘာလိုချင်တယ်ဆိုတာ ကိုယ် သိပါတယ်”

သူက ကျွန်မ ခါးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ပြောလေသည်။ သူ၏ သန်မာသော လက်များက ကျွန်မကို ညှစ်ထားပြီး သူ့ မျက်နှာတွင် မူးယစ်သည့် အသွင်များ မရှိတော့။ အားအင် ထက်သန်မှုများ အစားဝင်ရောက်လျက် ရှိသည်။

“မင်း လိုချင်တာ ဒါပဲ မဟုတ်လား။ ဒါပဲ။ ဒါပဲ။ ဒါပဲ။ မဟုတ်လား”

သူက ကျွန်မကို အတင်း ဆုပ်နယ်ရင်း၊ ကျွန်မ၏ အသားများဆီသို့ သူ၏ လက်သည်းများကို ထိုးမြှုပ်ရင်း ပြောနေသည်။ သူက ‘ဒါပဲ၊ ဒါပဲ’ ဟူသော စကားလုံးကို တစ်ကြိမ် တစ်ကြိမ် ပြောတိုင်း အချစ်ပလူးမှုကို တစ်ခု တစ်ခု ပြုလုပ်ပါသည်။ နမ်းသည်။ ကိုက်သည်။ ဆိတ်သည်။ ကျွန်မက တရယ်ရယ် တမောမော တလူးလူး တလွန့်လွန့် တရန်းရန်း တကန်ကန်နှင့် အင်မတန် ပျော်ရွှင်နေမိပါသည်။ ကျွန်မ တစ်ကိုယ်လုံး နာကျင်လျက် ရှိပေပြီ။ ကျွန်မ၏ ကိုယ်ခန္ဓာသည် မေတ္တာ၏ သားကောင် မဟုတ်ဘဲ မုန်းတီးခြင်း၏ သားကောင်ပမာ ဖြစ်နေသည်။ သူက တဖိန်းဖိန်း တသိမ့်သိမ့် လှုပ်ရှားသည်ထက် တဝုန်းဝုန်း တဒိုင်းဒိုင်း စိုင်းချင်တိုင်း စိုင်းနေပါသည်။ ထို့နောက် သူ၏ ကြမ်းချင်တိုင်း ကြမ်းနေခြင်းသည် ရုတ်တရက် ဖြစ်ပေါ်လာခဲ့သလို တစ်မုဟုတ်ချင်းမှာ ပြန်လည် ပျောက်ကွယ်သွားလေသည်။ လူမှန်း သူမှန်း မသိသော အရက်မူးသမား တစ်ယောက်လို ခုတင်ပေါ်တွင် ပိုးလိုးပက်လက် လန်နေသည်။ ကျွန်မလည်း သူ့ ဘေးတွင် ထူးဆန်းသော အသိတစ်ခုဖြင့် လဲလျောင်း နေမိတော့သည်။ သူသည် ဘယ်တုန်းကမျှ မလှုပ်ရှားခဲ့သလို၊ ဘယ်တုန်းကမျှ ဘာစကားမျှ မပြောခဲ့သလို၊ ဘယ်တုန်းကမျှ ကျွန်မကို မထိခဲ့၊ မပွေ့ခဲ့၊ မဖက်ခဲ့သလို ထူးဆန်းစွာ ထင်မြင်နေမိသည်။ ယခုမှသာ ယင်းအဖြစ်များ စတော့မည်ဟု ထင်နေမိသည်။

ကျွန်မက ထိုနေရာတွင် အတော်ကြီး ကြာအောင် တုတ်တုတ်မျှ မလှုပ်ဘဲ ရှိနေမိသည်။ သူ့ ရှေ့တွင် ဒူးထောက်လျက် ဖြစ်သည်။ ကျွန်မ၏ ဆံပင်များသည် မျက်လုံးပေါ်တွင် ဝဲကျလျက် ရှိသည်။ သူ့ကို ကြည့်၍ သူ၏ ရှည်သော၊ ပိန်သော၊ လှသော၊ အပြစ်ကင်းစင်သော ကိုယ်လုံးကို

www.burmeseclassic.com



လက်ဖျားနှင့် တို့ထိ၍ ကြည့်နေမိသည်။ သူ့ အသားများသည် ဖြူ၍ အရိုးများသည် ငေါထွက်နေ၏။ ပခုံးများက ကျယ်၍ ပါးသည်။ တင်ပါးများသည် အဖွင့်အကား ကျဉ်းလှသည်။ ခြေထောက်များက ရှည်လျားသည်။ ရင်အုပ်ပေါ်မှ လွဲ၍ သူ၏ ကိုယ်တွင် အမွေးအမှင် မရှိချေ။ ဝမ်းဗိုက်သားသည် ပြားချပ်လျက် ရှိ၏။ ကျွန်မက ချစ်ကြည်ကြသည့် ကိစ္စတွင် အကြမ်းပတမ်းမှုကို မနှစ်ခြိုက်။ ယင်းကြောင့် ဘာမျှ မဖြစ်သေးဟု ယူဆခြင်း ဖြစ်၏။ ယခုမှ အစဟု ယူဆခြင်း ဖြစ်၏။ ယင်းကြောင့် ကျွန်မက သူ့ ဘေးတွင် လဲလျောင်းလိုက်သည်။ ငြိမ်သက် ကြည်လင်သော ပင်လယ်ရေပြင်ထဲသို့ ခပ်ဖြည်းဖြည်းကလေး တိုးဝင်လိုက်သကဲ့သို့ ဖြစ်ပါသည်။ ကျွန်မ၏ ခြေထောက်များနှင့် သူ၏ ခြေထောက်ကို ရောထွေးယှက်တင် တွန့်လိမ် ပေါင်းစပ်၍ ထားလိုက်ပါသည်။ ကျွန်မ၏ လက်များက သူ၏ လည်ပင်းကို သိုင်းဖက်ထားလိုက်၏။ ဤတစ်ကြိမ်တွင်တော့ သူသည် အဆုံးအထိ လှုပ်ရှားခြင်းလည်း မရှိ၊ ဘာတစ်ခွန်းမျှလည်း ပြောကြားခြင်း မပြုချေ။ ကျွန်မက သူ့ကို အချစ်စနိုးဆုံး နာမည်များဖြင့် ခေါ်ဝေါ်သည်။ သူကတော့ သစ်တုံးကြီး တစ်ခုလို လုံးလုံးကြီး မလှုပ်ပါ။

အတန်ကြာသောအခါတွင် ကျွန်မ ကိုယ်ကို တံတောင်ဆစ်ပေါ် ထောက်၍ ကြွကာ သူ့ကို ကြည့်လိုက်သည်။ သူက ခေါင်းကို ခေါင်းအုံးပေါ်တွင် ဘေးစောင်းမှုပ်လျက် အိပ်ပျော်နေချေပြီ။ သူသည် နှစ်ခြိုက်စွာ အိပ်မောကျနေခြင်းဖြင့် ကျွန်မ ထံမှ တစ်ကြိမ် ထွက်ပြေးပြန်ချေပြီတည်း။

ကျွန်မက ဆက်လက်၍ ငေးမော ကြည့်နေစဉ်မှာပင် သူ့ မျက်လုံးများ ပွင့်လာသည်။ သို့ရာတွင် မျက်ဆန်များသည် တစ်နေရာတည်းတွင် ငြိမ်နေသည်။

"မင်းကော အိပ်ပျော်သွားသေးသလား"

သူက မေးလိုက်သည်။ သူ၏ လေသံတွင် ပြောင်းလဲမှုများ ရှိနေသည်။ ယုံကြည်မှုနှင့် အားထားမှုများ သက်ဝင်နေသည်။ ကျွန်မတွင် မျှော်လင့်ချက်များ ရုတ်တရက် ဝင်ရောက်လာတော့သည်။ သူ အိပ်ပျော်နေစဉ် အတွင်းတွင် ကျွန်မတို့ နှစ်ဦး၏ ရင်းနှီး ခင်မင်မှုသည် လျှို့ဝှက် ထူးဆန်းသော တစ်နည်းတစ်ဖုံဖြင့် တိုးတက် မြင့်မားလာပေမည်။

"ဟင့်အင်း၊ ကျွန်မ သူ့ကိုပဲ စောင့်ကြည့်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အတန်ကြာ တိတ်ဆိတ်နေပြီးနောက်–

"ကိုယ် မင်းဆီက အကူအညီ တစ်ခု တောင်းချင်တယ်။ ဒါပေမဲ့ မင်းကို ယုံကြည် အားကိုးရပါ့မလား"

"မေးနေစရာ လိုသေးသလားကွယ်"

"ကိုယ် မင်းကို အထုပ် တစ်ထုပ် ပေးထားချင်တယ်။ အဲဒါ ရက်တော်တော် ကြာအောင် သိမ်းထားပေးစမ်းပါ။ နောက်ကျမှ ကိုယ် ပြန်ယူမယ်။ ပြီးတော့ အသစ် တစ်ခု ယူလာပြီး ပေးချင် ပေးထားဦးမယ်"

တခြား အချိန်မျိုး ဆိုရင်တော့ ဘာထုပ်လဲ ညာထုပ်လဲ စသည်ဖြင့် ကျွန်မက စပ်စုနေဦးမည် ဖြစ်၏။ သို့ရာတွင် ယခုအချိန်၌ ကျွန်မအဖို့ အရေးကြီးဆုံးက ဂျီယာကိုမို ဖြစ်၏။ သူနှင့် ကျွန်မ၏ ဆက်ဆံရေး ဖြစ်၏။ ဤအထုပ်သည် သူနှင့် ကျွန်မ နောက်ထပ် တွေ့နိုင်ရန် အခွင့်အရေးတစ်ခုပင် ဖြစ်၏။ ကျွန်မက သူ ကျေနပ်မှု ရှိနိုင်သမျှ ရှိအောင် ပြုလုပ်ပေးရမည် ဖြစ်၏။ အကယ်၍ ကျွန်မက တောင်တောင် မြောက်မြောက် စပ်စုနေခဲ့လျှင် သူသည် နောက်ဆုတ်သွားပေလိမ့်မည်။

"ဒါပဲလား"

သူက တစ်စုံ တစ်ခုကို စဉ်းစားနေသည့်အလား အတန်ကြာ တိတ်ဆိတ်နေပြန်၏။ ပြီးတော့မှ–

"ဒါဖြင့် မင်း သဘောတူတယ်ပေါ့"

"ပြောပြီးပြီပဲ"

"အထုပ်တွေထဲမှာ ဘာတွေပါတယ်ဆိုတာ မင်း မသိချင်ဘူးလား"

"သူ မပြောချင်ဘူးဆိုရင် သူ့ အကြောင်းနဲ့သူ ရှိလို့ပဲလို့ အောက်မေ့ရမှာပေါ့။ အဲဒီတော့ ကျွန်မက ဘာမှ မမေးဘူးပေါ့"

"ဒါပေမဲ့ ဘေးဥပဒ်အန္တရာယ် ရှိနေမယ်ဆိုရင်ကော ဘယ့်နှယ် လုပ်မလဲ"

"စွန့်စားရမှာပေါ့"

"ဆိုပါစို့။ ဆိုပါစို့။ ခိုးလာတဲ့ ပစ္စည်းတွေဆိုရင်ကော။ ဆိုပါစို့ ကိုယ်က သူခိုးတစ်ယောက် ဆိုရင်ကော"

သူက ပက်လက် လှန်၍ လဲလျောင်းရင်း သူ့ မျက်လုံးတွင် ရွှင်မြူးမှုများ တောက်လက်ရင်းဖြင့် မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဤသို့ ပြောလိုက်တော့ ကျွန်မက ဆွန်ဇော်နိုကို သတိရမိသည်။ ဆွန်ဇော်နိုသည် သူခိုး တစ်ယောက်မျှသာမက လူသတ်ကောင် တစ်ဦးပင် ဖြစ်ချေသည်။ ပြီးတော့ ကျွန်မ ကိုယ်တိုင်လည်း ခိုးမှု ကျူးလွန်းဖူးသူ တစ်ဦး ဖြစ်၏။ ပေါင်ဒါဘူးကို တစ်ခါ၊ ခေါင်းစည်းစကို တစ်ခါ ဖြစ်၏။ သူ့ကိုယ်သူ သူခိုး တစ်ယောက်အဖြစ် ရောက်ရှိအောင် ကျွန်မကို ပြောနေခြင်းသည် အဘယ်မျှ ထူးခြား ဆန်းပြားနေပေသနည်း။ ကျွန်မကမှ တကယ့် သူခိုး အစစ် တစ်ယောက် ဖြစ်၏။ သူခိုးတွေ ကြားထဲတွင် နေနေသူ တစ်ဦး ဖြစ်၏။

"အို မောင် သူခိုး မဟုတ်ပါဘူး။ ကျွန်မ သိပါတယ်"

ကျွန်မက သူ့ကို ဖက်ရင်း သိမ်မွေ့ လှိုက်လှဲစွာ ပြောလိုက်သည်။ သူ့ မျက်နှာတွင် တိမ် ဖုံးသွားသည်။

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ ဖြစ်နိုင်တာပဲ"

"မောင်ဟာ သူခိုး တစ်ယောက်နဲ့ မတူပါဘူးကွယ်။ မောင်ဟာ တခြား ဘာတွေ ဖြစ်နိုင် ဖြစ်နိုင် သူခိုး တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး ကွယ်"

"ဘာပြုလို့လဲ။ ကိုယ်က ဘာနဲ့ တူသလဲ"

"မောင်က ဘာနဲ့ တူလဲဆိုတော့ အထက်တန်းစား တစ်ယောက်ပေါ့။ ကျောင်းသား တစ်ယောက်ပေါ့"

"ကျောင်းသား တစ်ယောက်ဆိုတာတော့ ကိုယ် မင်းကို ပြောပြီးပြီပဲ။ ဒါပေမဲ့ ကိုယ်ဟာ အခြားတစ်မျိုး ဖြစ်နိုင်သေးတယ်၊ တကယ်ပဲ ကိုယ်ဟာ နောက်တစ်မျိုး ဖြစ်သေးတယ်"

ကျွန်မက သူ့ကို ဂရုမပြုမိတော့။ ကျွန်မဘာ ကျွန်မ စဉ်းစားနေမိသည်။ ကျွန်မ၏ မျက်နှာသည် သူခိုး မျက်နှာ မဟုတ်ပေ။ သို့တိုင် ကျွန်မသည် သူခိုးတစ်ယောက် ဖြစ်သည်။ ကျွန်မက ယင်းသို့ ဖြစ်ကြောင်း ကိုလည်း သူ့အား ပြောပြချင်လှသည်။ ယင်းသို့ ပြောပြလိုစိတ် ရှိလာမိခြင်း မှာလည်း သူ၏ ထူးဆန်းသော အပြုအမူ အပြောအဆိုများကြောင့် ဖြစ်၏။ သူတစ်ပါး ပစ္စည်းကို ခိုးခြင်းသည် ဒုစရိုက် တစ်ခုဟု ကျွန်မက အမြဲတမ်း မှတ်ယူခဲ့သည်။ သို့ရာတွင် ယခု တွေ့နေရသော လူ တစ်ယောက်ကတော့ ခိုးယူခြင်းကို အပြစ်မတင်ဘဲ လက်ခံ နားလည်နိုင်သည့် သဘောမျိုးကိုပင် ပြောနေသည်။ သို့ရာတွင် ကျွန်မကတော့ မမှုပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင် ပြောတာမှန်တယ်။ မောင့်ကို သူခိုး တစ်ယောက်လို့ ကျွန်မ မယူဆ၊ မယုံကြည်ချင်ဘူး။ ဘာပြုလို့လဲဆိုတော့ မောင်ဟာ သူခိုး တစ်ယောက် မဟုတ်ဘူးလို့ ကျွန်မ ထင်လို့ပဲ။ ဒါပေမဲ့ မောင်ဟာ တကယ်တမ်း ဖြစ်ချင်ရင်လဲ ဖြစ်နေလိမ့်မယ်။ လူတွေရဲ့ မျက်နှာဟာ သူတို့ ဘာဆိုတာနဲ့ တူချင်မှ တူကြတာပဲ။ ကဲ ဥပမာပဲ ပြောစမ်းပါဦး။ ကျွန်မကော သူခိုး တစ်ယောက်နဲ့ တူသလား"

"မတူဘူး"

သူက ကျွန်မကို မကြည့်ဘဲနှင့် ဖြေလိုက်သည်။

"ဒါပေမဲ့ ကျွန်မဟာ သူခိုး တစ်ယောက်ပဲ"

ကျွန်မက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဟုတ်လား"

"ဟုတ်တယ်"

"မင်း ဘာခိုးသလဲ"

ကျွန်မက လက်ကိုင်အိတ်ကို စားပွဲပေါ် တင်ထားရာ ကောက်ယူလိုက်ပြီး ပေါင်ဒါဘူးကို ထုတ်ယူလိုက်သည်။

"ဒီဥစ္စာကို ကျွန်မ တစ်ချိန်က သွားလေ့ရှိတဲ့ အိမ်တစ်အိမ်က ခိုးခဲ့တာပဲ။ တစ်လောကပဲ ဆိုင်တစ်ဆိုင်က ခေါင်းစည်းတစ်ခု အမေ့အတွက် ခိုးခဲ့တယ်"

လူတွေသည် တစ်ဦးကို တစ်ဦး မိမိ၏ မှားယွင်းချက်များကို ဖွင့်ဟဝန်ခံရင်းနှင့် နားလည် ရင်းနှီးသွားတတ်ကြသည်။ သူက ရုတ်တရက်ချည်း ဆိုသလို အလေးအနက် ရှိလာသည်။ ကျွန်မကို မှိုင်တွေ၍ ကြည့်နေသည်။ ကျွန်မက တစ်မုဟုတ်ချင်း ထိတ်လန့် စိုးရိမ်သွားမိသည်။ သူသည် ကျွန်မအပေါ်တွင် မကောင်းမကန်း ထင်ပြီးနောက် မတွေ့တော့မည်ကို စိုးရိမ်မိသည်။ ယင်းကြောင့် ကျွန်မက ကမန်းကတန်း ပြောလိုက်သည်။

"ကျွန်မ ခိုးရတာ ပျော်တယ်လို့တော့ မထင်နဲ့နော်။ ပေါင်ဒါဘူးကို ပြန်ပေးဖို့ ကျွန်မ ဆုံးဖြတ်ပြီးပြီ။ ကနေ့ပဲ ပေးမယ်။ ခေါင်းစည်းစကိုတော့ ပြန်ပေးလို့ မဖြစ်ဘူး။ ဒါပေမဲ့ ကျွန်မ စိတ်မကောင်းဘူး။ ကျွန်မ နောက်ဒါမျိုး မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မကို ကြည့်နေရာမှ ရုတ်တရက် ရယ်လိုက်သည်။ ထို့နောက် ကျွန်မ၏ ပခုံးကို ဆုပ်ကိုင်၍ အတင်းပင် ဖျစ်ညှစ်နေတော့သည်။ တလှုပ်လှုပ် တရှူရှူ ဆိတ်နေတော့သည်။

"သူခိုး မင်းဟာ သူခိုး တစ်ယောက်ပဲ။ ဧရာမ သူခိုးကြီးပဲ။ ချစ်စရာကောင်းသော သူခိုးကလေးပဲ"

သူက ယင်းသို့ တဖွဖွ ပြောလျက်ရှိသည်မှာ ကျွန်မအဖို့တော့ နားမလည်နိုင်စရာ ဖြစ်၏။ သူသည် ကျွန်မကို စော်ကားနေသည်လား။ သို့မဟုတ် ချီးမွမ်းနေသည်လား။ သို့ရာတွင် သူ၏ စိတ်အား တက်ကြွနေမှုက ကျွန်မကို ကျေနပ် နှစ်သိမ့်နေစေပါသည်။ ထို့ကြောင့် ကျွန်မမှာ တသောသော တရယ်ရယ်နှင့် တတွန့်တွန့် တလိမ်လိမ် ဖြစ်နေရတော့သည်။ ကျွန်မက မျက်ရည်များ ကျသည်ထိ ရယ်နေမိသည်။ ထို့နောက် သူ ရပ်လိုက်ပြီး ဆတ်ခနဲဆို အိပ်ရာပေါ်သို့ ပြန်လှဲလိုက်ပြန်သည်။

"ကိုယ်ဟာ သူခိုး တစ်ယောက် မဟုတ်ပါဘူး။ ကိုယ် ပေးမယ့် အထုပ်တွေထဲမှာ ခိုးရာပါ ပစ္စည်းတွေ မပါပါဘူး"

"အဲဒီ အထုပ်တွေထဲမှာ ဘာတွေ ပါတယ်ဆိုတာ မောင် ကျွန်မကို သိပ် ပြောချင်နေတယ် မဟုတ်လား"

"မင်းဟာ အရူးပဲ၊ အမိုက်ပဲ။ ကိုယ်က နည်းနည်းကလေးမှ မပြောချင်ဘူး။ ဒါပေမဲ့ အထဲမှာ ဘာတွေ ပါတယ်ဆိုတာကို ပြောမှ ဖြစ်မယ်။ ဒါမှ မင်းအနေနဲ့ ကိုယ့်ကို ကူညီနိုင်မယ် မနိုင်ဘူးဆိုတာကို ဆုံးဖြတ်နိုင်မှာကိုး။ အဲ အဲဒီ အထုပ်တွေမှာ ကြေညာ စာတမ်းတွေ ပါတယ်"

"ရှင် မောင် ဘာကို ဆိုလိုတာလဲ"

"ကိုယ်ဟာ အစုကလေး တစ်စုကပဲ။ ကိုယ်တို့ လူစုဟာ လက်ရှိ အစိုးရကို မကြိုက်တဲ့ လူတွေပဲ။ ကိုယ်တို့ဟာ ဒီအစိုးရကို မုန်းတယ်။ အမြန်ဆုံး ဖြုတ်ချချင်တယ်။ အဲဒီ အထုပ်တွေထဲမှာ လျှို့ဝှက်ပြီး ပုံနှိပ်ထားတဲ့ ကြေညာ စာတမ်းတွေ ပါတယ်။ အဲဒီ ကြေညာ စာတမ်းတွေထဲမှာ ဒီအစိုးရဟာ ကောင်းတဲ့ အစိုးရ မဟုတ်တဲ့အကြောင်းနဲ့ ဘယ်လို တော်လှန် ဖြုတ်ချမယ့် အကြောင်းတွေကို ကိုယ်တို့က ရှင်းလင်း တင်ပြထားတယ်"

ကျွန်မသည် နိုင်ငံရေးနှင့် တစ်ကြိမ်တစ်ခါမျှ မပတ်သက်ခဲ့ဖူးပါ။ သို့ရာတွင် အက်စ်တာရီတာကတော့ မကြာခဏဆိုသလို ရည်ညွှန်း ပြောဆိုလေ့ ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ၊ ဒါတွေဟာ မလုပ်ရဘူး။ အန္တရာယ်ရှိတယ်"

ကျွန်မက အလန့်တကြား ရေရွတ်လိုက်သည်။ သူက ကျွန်မကို ကျေနပ် အားရသည့် အမူအရာဖြင့် ကြည့်လိုက်သည်။ ပြီးတော့မှ သူက–

"ဟုတ်တယ်၊ အန္တရာယ်ရှိတယ်။ ကဲ အဲဒီတော့ မင်းအနေနဲ့ ဆုံးဖြတ်ရမယ့် အခြေအနေ ရောက်လာပြီ။ ကိုယ့်ကို ကူညီနိုင်မလား မကူညီနိုင်ဘူးလား"

"ကျွန်မအတွက် ပြောနေတာ မဟုတ်ပါဘူး။ မောင့် အတွက် ပြောနေတာပါ။ ကျွန်မကတော့ လုပ်မှာပါပဲ"

"သေသေချာချာ စဉ်းစားဦးနော်။ ဒီပြဿနာက သိပ်အန္တရာယ်ကြီးတယ်။ သူတို့ မင်းကို မိသွားရင် မင်း ထောင်ထဲကို သွားရလိမ့်မယ်"

"ကျွန်မ ဒါတွေကို နည်းနည်းကလေးမှ ဂရုမစိုက်ပါဘူး။ ကျွန်မ ထောင်ကျ ခံမယ်။ နောက် ဘာဖြစ်ဦးမလဲ"

ကျွန်မ ခေါင်းကို ယမ်းခါလိုက်သည်။ မျက်ရည်များက ကျ၍။ ပါးပြင်ပေါ်သို့ စီးကျလာကြသည်။

"ဒါဖြင့် မင်းအခု ဘာဖြစ်လို့ ငိုနေရတာလဲ"

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ မိုက်တာပဲ ဖြစ်ပါလိမ့်မယ်။ ဘာလို့ မျက်ရည် ကျသလဲဆိုတာ ကျွန်မ ကိုယ်တိုင်လဲ မသိဘူး။ အဲ မောင့်ကို ကျွန်မ ဘယ်လောက် ချစ်တယ်ဆိုတာ မောင် သိစေချင်လို့။ မောင့်အတွက်ဆိုရင် ကျွန်မဟာ ဘာမဆို အဆင်သင့် လုပ်ပေးမယ်ဆိုတာကို သိစေချင်လို့လဲ ဖြစ်ချင် ဖြစ်မှာပေါ့"

"ကောင်းပြီ။ နောက် နှစ်ရက်လောက်ကြာရင် ကိုယ် မင်းဆီကို အထုပ်တွေ ယူလာပါ့မယ်"

သူက ကသောကရော ပြောလိုက်သည်။

"ကိုယ်တို့ သဘောတူကြပြီနော်။ ကဲ ကိုယ် အခုသွားတော့မယ်။ မိုးချုပ်လှပြီ"

သူက ယင်းသို့ပြောရင်း ခုတင်ပေါ်မှ ခုန်ချကာ အဝတ်များကို ကမန်းကတန်း ဝတ်ဆင်နေသည်။ ကျွန်မကတော့ ခုတင်ပေါ်မှာပဲ ကျွန်မ၏ ခံစားမှု၊ ကျွန်မ၏ မျက်ရည်၊ ဝတ်လစ်စလစ်ကိုယ်တို့ဖြင့် လဲလျောင်းနေမိသည်။ အနည်းငယ် ရှက်နေမိသည်။ အဝတ်အစားကင်းမဲ့နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ သို့မဟုတ် ငိုနေမိသောကြောင့် လည်းကောင်း ရှက်နေမိခြင်း ဖြစ်တန်ရာသည်။

သူက ကြမ်းပြင်ပေါ်တွင် ကျသော အဝတ်များကို ကောက်ယူ၍ ဝတ်နေသည်။ သူက အင်္ကျီချိတ်သို့ သွား၍ ကုတ်အင်္ကျီကို ယူဝတ်လိုက်သည်။ ထို့နောက် ကျွန်မဆီသို့ လာ၍ ကုတ်အင်္ကျီ အိတ်တစ်အိတ်ကို ညွှန်ပြရင်း ပြောသည်။

"စမ်းကြည့်စမ်း"

သူက ကျွန်မ၏ လက်တစ်လှမ်းတွင် ရပ်နေသဖြင့် ကျွန်မက လက်တစ်ဖက်ကို ဆန့်တန်း၍ သူညွှန်သော အင်္ကျီအိတ်ကို စမ်းကြည့်လိုက်သည်။ မာကြောသော အရာဝတ္ထု တစ်ခုကို စမ်းမိသည်။

"ဘာကြီးလဲ"

ကျွန်မက ဘာမှန်း မသိသဖြင့် မေးလိုက်သည်။ သူက ကျေနပ်အားရစွာ ပြုံးလိုက်ပြီးနောက် လက်တစ်ဖက်ကို ကုတ်အင်္ကျီ အိတ်ထဲသို့ နှိုက်လိုက်သည်။ ထို့နောက် ကြီးမားမည်းနက်သော ခြောက်လုံးပြူးကြီး တစ်လက်ကို တစ်ဝက်လောက် ထွက်လာသည်အထိ ဆွဲထုတ်လိုက်ပြီး ကျွန်မကို အတန်ကြာ စူးစိုက် ကြည့်နေသည်။

"ခြောက်လုံးပြူးကြီးပါလား။ ရှင် ဒါ ဘာလုပ်မလို့လဲ"

ကျွန်မက အလန့်တကြား ပြောလိုက်မိသည်။

"ဒါဟာ တစ်နေ့ကျရင် အသုံးဝင်လာမှာပေါ့"

သူက ပြောလိုက်သည်။ ကျွန်မက မရေမရာ ရှိနေသည်။ ဘာစဉ်းစားရမှန်းပင် မသိ ရှိနေသည်။ သို့ရာတွင် သူက ကျွန်မကို အချိန် မပေးပါ။ သူက သေနတ်ကို အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ ကျွန်မ အပေါ်သို့ ကုန်းညွတ်၍ နှုတ်ခမ်းချင်း အသာအယာ ပွတ်တိုက်လိုက်သည်။

"ဒါဖြင့်ရင် ကောင်းပြီ။ နောက် နှစ်ရက်လောက် ကြာရင် ကိုယ်လာခဲ့မယ်"

ကျွန်မ၏ အံ့အားသင့်မှု မပြေပျောက်မီ အချိန်မှာပင် သူသည် ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

အစစအရာရာသည် ချောမော ပြေပြစ်တော့မည့် အသွင် ရှိပါသည်။ ကျွန်မ မျှော်လင့် စောင့်စားနေသော ဂျီယာကိုမိုကလည်း ပြန်၍ လာချေပြီ။ ထောင်ထဲတွင် မတရားသဖြင့် ဖမ်းဆီး နှိပ်စက်ခြင်း ခံရသော အစေခံမကိုလည်း သူ့အစား ကျွန်မက အဖမ်း မခံရဘဲနှင့် သူ့ကို လွတ်မြောက်နိုင်စေရန် နည်းလမ်း ရပေပြီ။ ထိုနေ့က ဂျီယာကိုမို ပြန်သွားသော အခါတွင် ကျွန်မသည် နှစ်နာရီလောက် ပျော်ရွှင်စွာ အချိန်ဖြုန်း၍ နေလိုက်ပါသေးသည်။ ဘုရားရှိခိုးကျောင်းမှ ညနေခင်း ဝတ်တက်ရန် ခေါင်းလောင်းထိုးသံ ကြားတော့မှ ကျွန်မသည် အက်စ်တာရီတာ၏ အကြံပေးချက်ကို သတိရရှိပြီး ကမန်းကတန်း အဝတ်အစားလဲကာ ဘုန်းကြီးတစ်ပါးထံ အာပတ်ဖြေရန်၊ ပေါင်ဒါဘူးကို ရဲအဖွဲ့လက်သို့ တစ်ဆင့် ပေးအပ်စေရန် ထွက်ခဲ့ပါတော့သည်။

ကျွန်မသည် အာပတ်ဖြေ ဆရာ၏ ရှေ့မှောက်တွင် ဒူးကို ထောက်၍ မျက်လုံးကို စုံမှိတ်ကာ ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို တစ်လုံးမကျန် ဖြောင့်ချက်ပေးနေမိတော့သည်။ ကျွန်မ၏ လုပ်ငန်း၊ ဂျီနို၊ အက်စ်တာရီတာ၊ ဆွန်ဇော်နို၊ ခိုးဝှက်ခြင်း၊ လူသတ်ခြင်း စသည်များ အားလုံးကို ပြောပြသည်။ ကျွန်မ၏ နာမည်၊ ဂျီနို၏ နာမည်၊ အက်စ်တာရီတာ၏ နာမည်၊ ဆွန်ဇော်နို၏ နာမည်တို့ကို ပြောပြသည်။ ခိုးမှုနှင့် လူသတ်မှုများ မည်သည့် နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွား၍ ကျွန်မ မည်သည့် အရပ်တွင် နေထိုင်ကြောင်းတို့ကို ထုတ်ဖော်သည်။ ထိုမျှသာမက ကျွန်မ၏ ဝန်ခံချက်တွင် ပါဝင်သော လူအားလုံးတို့၏ ပုံပန်းသဏ္ဍာန် အကျင့်စရိုက်တို့ကိုလည်း ပြောပြသည်။ ကျွန်မသည် အဘယ့်ကြောင့် ဤမျှ အသေးစိတ် ပြောပြနေမိသည်ကိုကား စဉ်းစား၍ မရပါ။

ယင်းသို့ ဖြောင့်ချက် ပေးဆိုပြီးတော့မှ ကျွန်မ၏ အာပတ်ဖြေ ဆရာသည် ကျွန်မ ယုံကြည်ကိုးစားသော အရှင်သူမြတ် အီလီယာ မဟုတ်ဘဲ အခြား ရဟန်းတစ်ပါး ဖြစ်နေကြောင်းကို သိရှိရ၏။ ကျွန်မတော့ မှားပြီဟု ယူဆလိုက်ပြီး ကျောချမ်းသွားသည်။ ထိတ်လန့် တုန်လှုပ်ခြင်းများ ဖြစ်ရတော့သည်။ ကျွန်မ၏ အာပတ်ဖြေဆရာသည် ကျွန်မ မည်သည့် အခါကမျှ သိကျွမ်းခဲ့ဘူးခြင်း မရှိသော အမည်မသိ အီတလီရဟန်း တစ်ပါး ဖြစ်နေချေတော့သည်။

ယင်းအမည်မသိ ရဟန်းက ကျွန်မ၏ ဖြောင့်ချက်တွင် ကျွန်မတစ်ဦးတည်း၏ အဖြစ်များသာမကဘဲ အခြားသူများလည်း ပါဝင်နေကြောင်း။ ထိုသူတို့၏ ဒုစရိုက်မှုများနှင့် ရာဇဝတ်မှုများသည် ကြောက်မက်ဖွယ်ရာ ကောင်းလှကြောင်း။ လူတစ်ယောက်လုံး သေဆုံးသည့်ကိစ္စ ပါဝင်နေကြောင်း။ ယင်းကြောင့် လူသတ်သမား၏ အမည်ကို ထုတ်ဖော်က တရားဥပဒေလက်သို့ အပ်သင့်ကြောင်းကို တိုက်တွန်း ပြောဆိုလေသည်။ ကျွန်မ၏ စိတ်ထဲတွင် သံသယနှင့် ကြောက်ရွံ့မှုများ ဝင်လာတော့သည်။ လူသတ်သမား မည်သူ ဆိုသည်ကို ထုတ်ဖော် ပြောဆိုပါလျှင် ကျွန်မလည်း ထောင်ထဲသို့ ရောက်ရမည့် အကြောင်းကို လျှောက်ထားသောအခါ အမည်မသိ ရဟန်းက ဥပဒေသည်လည်း ဘုရားသခင်ကဲ့သို့ပင် အပြစ်ပေးခြင်း၊ ခွင့်လွှတ်ခြင်းတို့ ရှိလေသည်ဟု ဆိုလေသည်။ ယင်းကြောင့် လူသတ်သမားအား ဖော်ထုတ်ရန် ကိစ္စကို ကျွန်မအနေနှင့် ပြန်လည် စဉ်းစားပြီး ရရှိသည့် အဖြေနှင့် ဆုံးဖြတ်ချက်ကို နက်ဖြန်တွင် သူ့အား လာ၍ လျှောက်တင်ပါမည်ဟု ကတိပြုလိုက်ရပါသည်။ ယင်းနောက် ကျွန်မက ပေါင်ဒါဘူးကို သူ့အား အပ်လိုက်သည်။ သူက ရဲဌာနတွင် ယနေ့ပင် သွား၍ ပေးလိုက်မည့် အကြောင်း ပြောပါသည်။ ကျွန်မက သူ့အား ကျေးဇူးတင်စကား ပြောပြီး ဘုရားရှိခိုးကျောင်းထဲမှ ထွက်ခဲ့ပါသည်။

လမ်းပေါ်သို့ ရောက်သောအခါ ကျွန်မသည် အာပတ်ဖြေသည့် ကိစ္စများ အားလုံးကို ပြန်လည် စဉ်းစားကြည့်ပါသည်။ ထိုအခါ ကျွန်မတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့် ကြောက်ရွံ့မှုများ ကြီးစိုးလာတော့သည်။ အမည်မသိ ရဟန်းသည် ကျွန်မ၏ ဖြောင့်ချက်များကို ထိန်းသိမ်း နှုတ်လုံ၍ မထားဘဲ ရဲအဖွဲ့သို့ ပြောလိုက်မည်ကို အထူး စိုးရိမ်နေမိတော့သည်။ အဘယ်ကြောင့် ယင်းသို့ ပူပန်နေမိသည်ကိုကား စဉ်းစား၍ မရပါ။ ရဟန်းတစ်ပါး အနေနှင့် ဝိနည်းတော်နှင့်အညီ ပြုလုပ်ရသည်များကို ချိုးဖောက်လေ့ မရှိကြောင်း ကျွန်မ သိရပါသည်။ အာပတ်ဖြေ လာသူများ၏ ဒုစရိုက်မှုများကို မည်သည့် ရဟန်း သံဃာကမျှ ပြန်လည် ဖော်ထုတ်ခြင်း မပြုကြပါပေ။ သို့ရာတွင် ယင်း အမည်မသိ ရဟန်းက ဆွန်ဇော်နိုကို ရဲအဖွဲ့လက်သို့ အပ်ရန် အကြံပေးလိုက်သည့် အတွက်မူ ကျွန်မသည် အထူးပင် ကြောက်လန့် စိုးရိမ်၍ နေမိပါသည်။ သူသတ်မှု တရားခံကို သူကိုယ်တိုင်ကပင် ရဲအဖွဲ့သို့ ထုတ်ဖော်ပြောကြားလိုက်မည်ကို ပူပန် ထိတ်ရွံ့ နေမိပါသည်။ ယင်းသို့ဖြင့် ကျွန်မ၏ စိတ်များသည် တုန်လှုပ် ချောက်ချားလျက် ရှိတော့သည်။

အိမ်ပြန်ရောက်သော အခါတွင် ကျွန်မသည် အခန်းထဲသို့ တန်း၍ ဝင်သွားပါသည်။ ညစာပင် မစားတော့ပါ။ နက်ဖြန်ဆိုလျှင် ကျွန်မသည် အဖမ်းခံရတော့မည် ဖြစ်၍ ယနေ့ညသည် ကျွန်မအဖို့ နောက်ဆုံးညပင် ဖြစ်တော့သည်။ သို့ရာတွင် ကျွန်မသည် ကြောက်ရွံ့ခြင်းလည်း အလျှင်းမရှိ။ ရှောင်ကွင်းလိုခြင်းလည်း စိတ်ဆန္ဒ မဖြစ်မိ။

သို့ရာတွင် နောက်တစ်နေ့တွင် ရဲအဖွဲ့ဝင်များ ရောက်ရှိလာခြင်းကို ကျွန်မက စောင့်ဆိုင်းနေသော်လည်း အချည်းနှီးသာတည်း။ နှစ်ရက် လုံးလုံး သာ အချိန်ကုန်လွန်သွားသော်လည်း ကျွန်မ ထင်မြင် မျှော်လင့်ထားသည် များကို တစ်ခုမျှ ဖြစ်ပျက်၍ မလာပါချေ။ ကျွန်မက အိမ်ထဲက လုံးဝ မထွက်။ အခန်းထဲမှပင် မထွက်။ ကြာတော့ ကျွန်မမှာ တွေးရတောရ စဉ်းစားရလွန်း၍ ငြီးငွေ့လာတော့သည်။ ထိုအခါတွင် ကျွန်မ၏ စိတ်ထဲတွင် ဂျီယာကိုမိုသည် ဝင်လာတော့၏။ ကျွန်မက သူ့ကို တွေ့ချင်လာပြန်သည်။ အမည်မသိ ရဟန်း၏ ထုတ်ဖော်မှုကြောင့် ကျွန်မ အဖမ်းမခံရမီတွင် အနည်း ဆုံး တစ်ကြိမ်လောက်တော့ တွေ့ချင်ပါသေးသည်။ ယင်းကြောင့် တဂိယ်နေ့ ညနေပိုင်းသို့ ရောက်ရှိသောအခါတွင် ကျွန်မသည် အဝတ်အစားများကို သေသေသပ်သပ် ဝတ်ဆင်ကာ အိမ်မှ ထွက်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဂျီယာကိုမို၏ လိပ်စာကို သိ၍ သူ့ အိမ်သို့ ရောက်ရှိရန် မိနစ် နှစ်ဆယ်မျှ သွားရသည်။ သို့ရာတွင် ကျွန်မသည် အိမ်ရှေ့ တံခါးမကြီးကို ဝင်မည် ရှိသောအခါတွင်မှ ကျွန်မ လာမည့် အကြောင်းကို သူ့အား ကြို၍ ပြောမထားမိသည်ကို သတိရမိသည်။ ရတ်တရက် ရှက်သွားမိသည်။ ကျွန်မကို တွေ့သောအခါ သူ စိတ်အနှောင့်အယှက် ဖြစ်သွားမည်ကို စိုးရိမ်မိသည်။ ကျွန်မကို လက်မခံဘဲ မောင်းထုတ်မည်ကို ပို၍ စိုးရိမ်မိသည်။ ကျွန်မ၏ စိတ်အား ထက်သန်မှုများသည် လျော့ဆင်းသွားပြီး ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်နေမိတော့သည်။ ကျွန်မ၏ နှလုံးသားတွင် ကြေကွဲဝမ်းနည်းခြင်း အပြည့်ဖြင့် ဖြစ်ပါသည်။ ကျွန်မက အိမ်ပြန်သွားပြီး သူ့ အလာကိုပဲ စောင့်နေရမလားဟု အောက်မေ့နေမိသည်။ ကျွန်မတို့ ဆက်ဆံခြင်းကာလ ပထမပိုင်းတွင် ကျွန်မက သူ့ကို ချစ်ခြင်း မေတ္တာ ရှိနေကြောင်း၊ သူနှင့် မတွေ့ရလျှင် နေ၍ မဖြစ်သည့် အကြောင်းကို သူ မသိစေသေးဖို့ လိုပေသည်။ သို့ရာတွင် တစ်ဖက်က လှည့်၍ စဉ်းစားလိုက်ပြန်တော့လည်း ကျွန်မသည် အာပတ်ဖြေထားခြင်း အမှုကြောင့် သူနှင့် တွေ့ဖို့ လိုအပ်နေသည်။ ကျွန်မ၏ မျက်လုံးများသည် ကျွန်မ၏ ရှေ့တွင် ရှိနေသော ဆိုင်ပြတင်းပေါက်သို့ ကျရောက်သွားသည်။ ရုပ်အင်္ကျီနှင့် လည်စည်းများကို တွေ့မြင်ရသဖြင့် သူ့ အတွက် လည်စည်းသစ် တစ်ထည် ဝယ်ပေးမည်ဟု ကျွန်မ ကတိပြုထားသည်ကို သတိပြုမိသည်။ လူတွေသည် အချစ်စိတ် မွှန်နေပြီဆိုလျှင် မိုးမမြင် လေမမြင် ဖြစ်ကာ ဘာကိုမျှ မှန်မှန်ကန်ကန် သင့်သင့်မြတ်မြတ် မစဉ်းစားတတ်တော့။ ကျွန်မက သူ့ကို လည်စည်း တစ်ခု လက်ဆောင် လာပေးသည့် အနေဖြင့် အလည်အပတ် သွားရောက်နိုင်ပေသည်။ ကျွန်မက ဆိုင်ထဲသို့ ဝင်သွားပြီးနောက် အထပ်ထပ် အပြန်ပြန် စိစစ် ရွေးချယ်ပြီးနောက် အကောင်းဆုံးနှင့် ဈေးအကြီးဆုံးသော အညိုရောင် အနီစင်းနှင့် လည်စည်း တစ်ထည်ကို ဝယ်လိုက်ပါသည်။

မုဆိုးမ မီဒိုလာဂီ၏ တိုက်ခန်းသည် စတုတ္ထထပ်တွင် ဖြစ်လေသည်။ ကျွန်မက လှေကား ရှစ်ဆင့်ကို လျှောက်တက်သွားပြီးနောက် ခရီးရောက် မဆိုက်ပင် တံခါးရိပ် အကွယ်ရှိ လူခေါ် ခလုတ်ကို နှိပ်လိုက်သည်။ တံခါးသည် ရုတ်ခြည်းပင် ပွင့်လာပြီး တံခါးခုံပေါ်တွင် ရပ်နေသူမှာ ဂျီယာကိုမိုကိုယ်တိုင်ပင် ဖြစ်ချေတော့သည်။

www.burmeseclassic.com



"ဟာ၊ မင်းပါလား"

သူက အံ့ဩစွာ ရေရွတ်လိုက်သည်။ သူသည် အခြား တစ်ယောက်ယောက်ကို စောင့်ဆိုင်းနေပုံရှိသည်။

"ကျွန်မ ဝင်လာနိုင်သလား"

"အို လာပါ။ ဒီဘက်ကို လာ"

သူသည် ကျွန်မကို မှောင်ရီသော အခန်းတစ်ခုကို ဖြတ်၍ ဧည့်ခန်းတွင်းသို့ ခေါ်ဆောင်သွားသည်။ ယင်းဧည့်ခန်းမှာလည်း အလားတူပင် မှောင်ရီခြင်း ရှိလေသည်။ အကြောင်းမူ ပြတင်းပေါက်များမှာ ဘုရားရှိခိုးကျောင်းများမှာ ကဲ့သို့ပင် သေးငယ် ဝန်းဝိုင်းသော ပြတင်းပေါက်များ ဖြစ်ကြသောကြောင့်တည်း။ ခရုကမာခွံများဖြင့် တန်ဆာဆင်ထားသော မဟူရာရောင် ပရိဘောဂများကို ကျွန်မက ကြည့်နေမိသည်။ အခန်း၏ အလယ်တွင် စားပွဲဝိုင်း တစ်ခု ရှိသည်။ စားပွဲပေါ်တွင် ရှေးဆန်သော အရက်ပုလင်း တစ်လုံး ရှိသည်။ ကော်ဇောတွေ အမြောက်အမြား ရှိပြီး ဟောင်းနွမ်းသော ဝက်ဝံရေဖြူ တစ်ခု ခင်းထားသည်။ အားလုံးသည် အဟောင်းများသာ ဖြစ်၏။ သို့ရာတွင် သန့်ရှင်းသေသပ်သည်။ ကျွန်မက အခန်း တစ်ဖက်ရှိ ဆိုဖာဆီသို့ လျှောက်သွားပြီး ထိုင်လိုက်သည်။

"လူ တစ်ယောက်ယောက်ကို မောင် စောင့်နေတာလား"

"မစောင့်ပါဘူး။ မင်း ဘာကိစ္စ လာတာလဲ"

သူ၏ ပြောဟန်ဆိုဟန်တွင် ခရီးဦး ကြိုဆိုမှု မပါချေ။ သို့ရာတွင် သူသည် စိတ်ဆိုးပုံလည်း မရှိချေ။ အံ့ဩနေပုံသာ ရှိသည်။

"နှုတ်ဆက်ရအောင် လာတာပဲ။ ဘာပြုလို့လဲဆိုတော့ ဒီ တစ်ကြိမ်ဟာ ကျွန်မတို့ နှစ်ယောက်အဖို့ နောက်ဆုံး တွေ့ကြရတာ ဖြစ်နိုင်တယ်"

"ဘာပြုလို့လဲ"

"မနက်ဖြန်ဟာ အလွန်ဆုံးပဲ။ သူတို့ ကျွန်မကို လာခေါ်ပြီး ထောင်ထဲ ပို့ကြလိမ့်မယ်"

"ထောင်ထဲ ပို့မယ် ဟုတ်လား။ ဘယ်လိုလဲ။ ဘာကို ဆိုလိုတာလဲ"

သူ၏ အသံနှင့် အမူအရာများ ပြောင်းလဲသွားကြသည်။ သူ့ အတွက် သူ စိုးရိမ် ကြောက်လန့်သွားပုံရသည်။ သူ၏ နိုင်ငံရေး လှုပ်ရှားမှုများကို ကျွန်မက တစ်ယောက်ယောက်ကို ပြောပြလိုက်၍ အခြေအနေတွေ ပေါ်ပေါက်လာသည်ဟု သူက ယူဆတွက်ချက်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့။ ဒီကိစ္စက မောင်နဲ့ ဘာမှ မဆိုင်ပါဘူး"

ကျွန်မက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"မဟုတ်ပါဘူး။ ကိုယ့်အတွက် စိုးရိမ်လို့ ပြောတာ မဟုတ်ပါဘူး။ မင်း ပြောတာ ကိုယ် ဘာမှ နားမလည်လို့ မေးနေတာပါ။ မင်းက ဘာပြုလို့ ထောင်ထဲ သွားရမှာလဲ"

"တံခါး ပိတ်ပြီး ကျွန်မ အနားမှာ လာထိုင်ပါလား"

သူက တံခါးကို သွားပိတ်ပြီး ကျွန်မ ဘေးတွင် ထိုင်သည်။ ကျွန်မက ပေါင်ဒါဘူး၏ ဇာတ်လမ်း အမှန်ကို ပြောပြလိုက်သည်။ အာပတ် ဖြေခြင်း အပါအဝင် ဖြစ်သည်။ သူက ကျွန်မကို မကြည့်ဘဲ ခေါင်းငိုက်စိုက်ချ၍ နားထောင်နေသည်။ သူ့ လက်သည်းများကို ကိုက်နေသည်။ သူ၏ စိတ်ပါဝင်စားခြင်း အမှတ်သင်္ကေတပင် ဖြစ်သည်။

"အဲဒီတော့ ဘုန်းကြီးကတော့ ကျွန်မကို ပုလိပ်လက် အပ်တော့မယ်လို့ ကျွန်မတော့ အသေအချာ ထင်မိတယ်။ မောင် ဘယ်လို သဘောရသလဲ"

ကျွန်မက နိဂုံးချုပ်လိုက်သည်။ သူက ခေါင်းကို ယမ်းခါလိုက်သည်။ ထို့နောက် ကျွန်မကို မကြည့်ဘဲ ပြတင်းပေါက်များကို ငေးစိုက်ရင်း ပြောလေသည်။

"သူ့ အနေနဲ့ ဒါမျိုး မလုပ်ရဘူး။ လုပ်လိမ့်မယ်လို့လဲ ကိုယ် မထင်ဘူး"

"ဒါဖြင့် ကျွန်မ အနေနဲ့ ဘာမှ ကြောက်စရာ မလိုဘူးပေါ့"

"မလိုဘူး။ နောက်ပြီး ပြောရဦးမယ်ဆိုရင် မင်းအနေနဲ့ ဘာမှ မတတ်နိုင်ခဲ့လို့ ဒီကိစ္စမှာ မင့် တာဝန် ဘာမှ မရှိဘူး"

"ကြည့်စမ်း။ မောင်နဲ့ တိုင်ပင်ရတာ ဘယ်လောက် ကောင်းသလဲ။ လူတွေဟာ ကြောက်တတ်လို့ ကြောက်ကြတယ်။ ဒါပေမဲ့ မောင့်မှာတော့ သာမန်ထက် အားကောင်းချက် တစ်ခု ရှိနေတယ်"

ကျွန်မ လည်ပင်းကို သူ့ လက်ဖြင့် ခပ်ဆတ်ဆတ်ကလေး ဆုပ်ကိုင်ဆွဲလှုပ်လိုက်ဟန် ရယ်မော ပြောဆိုသည်။

"ဒါပေမဲ့ မင်း မကြောက်ဘူး မဟုတ်လား"

"မောင့်ကို ပြောပြီးပြီပဲ"

"မင်း မကြောက်ပါဘူး။ မင်းဟာ သတ္တိကောင်းတဲ့ အမျိုးသမီး တစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တုန်လှုပ်ချောက်ချားနေတယ်ဆိုတာ မောင့်ကို ပြောသားပဲ။ ကျွန်မ အိပ်ရာထဲမှာ နှစ်ရက်တောင် ခွေနေမိတယ်"

"ဟုတ်တယ်။ ဒါပေမဲ့ မင်းဟာ ကိုယ့်ဆီကိုလာပြီး တကယ် တည်တည်ငြိမ်ငြိမ်ကြီးနဲ့ တစ်လုံးမကျန် ပြောပြနိုင်တယ်။ ကြောက်တယ် ဆိုတာ ဘာမှန်း မင်း မသိပါဘူး"

"ကျွန်မက ဘယ်လုပ်လို့ ရမှာလဲ။ ကြောက်တယ်ဆိုပြီး ငိုတော့ မငိုနိုင်ပါဘူး"

"မင်း မကြောက်ပါဘူး"

တစ်ခဏ တိတ်ဆိတ်နေကြ၏။ ထို့နောက် သူက ရုတ်တရက် ဆိုသလို ကျွန်မကို အံ့အား သင့်သွားစေမည့် မေးခွန်း တစ်ခုကို မေးလိုက်သည်။

"မင့် သူငယ်ချင်းအကြောင်း ပြောစမ်းပါဦး။ သူ့ကို မင်း သူငယ်ချင်း လို့ပဲ ခေါ်ကြတာပေါ့။ ဆွန်ဇော်နို ဟုတ်လား။ သူက ဘယ်လို လူစားမျိုးလဲ"

"သူလို ကိုယ်လိုပါပဲ"

ကျွန်မက မရေမရာ ဖြေလိုက်သည်။ ဤအချိန်၌ ကျွန်မသည် ဆွန်ဇော်နို အကြောင်း ဘာမျှ ထူးထူးခြားခြား ပြောမပြတတ်သောကြောင့် ဖြစ်၏။

"မဟုတ်ဘူးလေ။ သူက ဘာနဲ့ တူသလဲ။ သူ့ ပုံပန်းကို ပြောပြစမ်း ပါ"

"ဘာလို့လဲ။ မောင်က သူ့ကို ဖမ်းမလို့လား"

ကျွန်မက ရယ်မော၍ ပြောလိုက်သည်။

"သူ့ကို ဖမ်းရင်တော့ ကျွန်မလည်း ထောင်ထဲ ရောက်သွားမှာပဲ ဆိုတာတော့ မမေ့နဲ့နော်။ သူ့ ရုပ်ရည်က ရွက်ကြမ်းရေကျိုပါပဲ။ ပုတယ်။ ပခုံး ကျယ်တယ်။ မျက်နှာ ဖြူတယ်။ မျက်လုံး ပြာတယ်။ တကယ်တော့ ဘာမှ ထူးခြားတဲ့ ရုပ်ရည် မရှိပါဘူး။ အဲ သူ့မှာ ထင်ရှားပေါ်လွင်တဲ့ အချက် တစ်ချက်ပဲ ရှိတယ်။ အဲဒါကတော့ သူဟာ သိပ်သန်စွမ်းတာပဲ"

"သိပ်သန်တယ် ဟုတ်လား"

"သူ ဘယ်လောက် သန်တယ်ဆိုတာ သူ့ကို ကြည့်ရုံနဲ့တော့ မသိနိုင် ဘူး။ သူ့ လက်မောင်းကို စမ်းကြည့်မှ သိနိုင်တယ်။ သံတုံးသံခဲကြီးလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆွန်ဇော်နိုနှင့် ဂျီနိုတို့ အချင်းဖြစ်ပွားသည့် အကြောင်းကို ကျွန်မက ပြောပြလာသောအခါ သူက အထူး စိတ်ဝင်စားလျက် ရှိ၏။ သို့ရာတွင် ထင်မြင်ချက်တော့ မပေးချေ။

"ဆွန်ဇော်နိုဟာ လူသတ်မှုကို ကြိုတင် စီစဉ်ပြီးမှ ကျူးလွန်တယ်လို့ မင်း ထင်သလား။ ကိုယ် ဆိုလိုတာက သူဟာ ဒီအကြောင်းကို အစောကြီး ကတည်းက စဉ်းစား ကြံစည်ခဲ့ပြီး သွေးအေးအေးနဲ့ သတ်တာလားလို့ မေးတာ"

"မဟုတ်ဘူး။ သူ့မှာ ဘာစီမံကိန်းမှ မရှိဘူး။ ဂျီနိုကို ထိုးချလိုက်တုန်း ကလဲ သူဟာ ရုတ်တရက် စိတ်လိုက်မာန်ပါ လုပ်လိုက်တာပဲ။ ရွှေကုန်သည်ကို သတ်တုန်းကလဲ ဒီအတိုင်း ဖြစ်မှာပဲ"

"ဒါဖြင့် သူက ဘာဖြစ်လို့ ရက်ရက်စက်စက် လုပ်လိုက်ရတာလဲ"

"ဘာလို့ ဒီလို လုပ်ရတာလဲဆိုတော့ သူ့မှာလဲ သူ့ကို ချုပ်ကိုင်ထားနိုင်တဲ့ စေ့ဆော်မှုကြီး တစ်ခု ရှိနေတယ်။ သူဟာ တောရိုင်း တိရစ္ဆာန်တစ်ကောင်လိုပဲ။ သူဟာ ငြိမ်ချင်တဲ့ အခါမှာ ငြိမ်နေတယ်။ ဟော နောက်ကျတော့ ဖြုန်းခနဲဆို အစွမ်းထွက်လာတာပဲ။ လူတွေဟာ ဒီလို ဖြစ်တတ်ကြတာဟာ ဘာ့ကြောင့်လဲ ဆိုတာတော့ မပြောနိုင်ဘူးပေါ့။ စိတ်ကောင်း ရှိကြရက်နဲ့ တစ်ခါတစ်ခါမှာ ဆိုးဝါးတဲ့ ရာဇဝတ်မှုကြီးတွေ ကျူးလွန်မိတာဟာ ဘာ့ကြောင့်လဲ ဆိုတာ ကျွန်မတော့ မသိတတ်ဘူး"

ထို့နောက် ကျွန်မနှင့် ဆွန်ဇော်နို၏ အကြောင်းကို အပြည့်အစုံ ပြောပြလိုက်သည်။ ကျွန်မကို အဘယ်ကဲ့သို့ ရိုက်ပုံ၊ အမှောင်ထဲတွင် သတ်ဖြတ်ရန် အဘယ်သို့ ခြိမ်းခြောက်ပုံတို့ကို ပြောပြလိုက်သည်။

"သူဟာ မစဉ်းစားနိုင်တော့ဘူး။ သူ့ကို သူ့ထက် အင်အားကြီးမားတဲ့ စိတ်ဆန္ဒကြီး တစ်ခုက စီးနင်းချုပ်ကိုင် သွားတတ်တယ်။ အကောင်းဆုံးကတော့ အဲဒီလို အချိန်မျိုးမှာ သူနဲ့ ဝေးဝေးနေတာ အကောင်းဆုံးပဲ။ ကျွန်မ သိသလောက်တော့ သူဟာ ရွှေကုန်သည်ဆီကို ပေါင်ဒါဘူး သွားရောင်းတယ်။ ရွှေကုန်သည်က သူ့ကို စော်ကားတယ်။ ဒါနဲ့ သူက ရွှေကုန်သည်ကို သတ်ပစ်လိုက်တယ်"

"ဒါဖြင့် သူဟာ တိရစ္ဆာန် တစ်မျိုးပဲပေါ့"

"မောင် သူ့ကို ခေါ်ချင်သလို ခေါ်ပေါ့။ အမှန်ကတော့ လှုံ့ဆော်မှု တစ်ခုပဲ။ ညက ကျွန်မက မောင့်ကို ချစ်နေမိတာလဲ လှုံ့ဆော်မှုတစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဆွန်ဇော်နို အနေနဲ့ ရွှေကုန်သည်ကို သတ်မိတာလဲ လှုံ့ဆော်မှုတစ်ခု ပဲပေါ့။ ဒါပေမဲ့ ဒီလို လှုံ့ဆော်မှုမျိုးတွေ ဘယ်ကနေ ဘာဖြစ်လို့ ပေါ်လာကြ တယ် ဆိုတာတော့ ကျွန်မ မသိဘူး"

သူက အတန်ကြာ စဉ်းစားနေပြီးနောက် ခေါင်းကို မော့ကာ–

"ကိုယ့်မှာ ဘယ်လို လှုံ့ဆော်မှုမျိုး ရှိပြီး မင်းကို ကိုယ် ဘယ်လို သဘောထားနေတယ်ဆိုတာ သိသလား။ ကိုယ့်မှာ မင်းကို ချစ်စေနိုင်တဲ့ လှုံ့ဆော်မှု ရှိနေတယ်လို့ ထင်မလား"

ကျွန်မကို သူ မချစ်ဘူး ပြောမည်ကို ကျွန်မက အထူး ထိတ်လန့် စိုးရိမ်သွားသည်။ ယင်းကြောင့် သူ့ ပါးစပ်ကို ကျွန်မက လက်ဖြင့် ပိတ်ထား လိုက်ပြီး တောင်းပန်လိုက်သည်။

"မပြောပါနဲ့ မောင်ရယ်။ ကျွန်မကို မောင် ဘယ်လို သဘောထား တယ်ဆိုတာ ပြောမပြပါနဲ့"

"ဘာလို့လဲ"

"ကျွန်မ မသိချင်လို့ပါပဲ။ ကျွန်မကို မောင် ဘယ်လို သဘောထား တယ်ဆိုတာ ကျွန်မ မသိဘူး။ သိလည်း မသိချင်ဘူး။ ကျွန်မ အနေနဲ့ ကျွန်မ မောင့်ကို ချစ်နေရရင်ပဲ တော်ပါပြီ"

သူက ခေါင်းကို ခါယမ်းလိုက်ပြီး–

"မင်း ကိုယ့်ကို ချစ်နေတာကတော့ ဆိုးတာပဲ။ တကယ်တော့ မင်းဟာ ဆွန်ဇော်နိုလို လူမျိုး တစ်ယောက်ကို ချစ်သင့်တယ်"

ကျွန်မက အင်မတန်မှ တအံ့တအား ရှိသွားရသည်။

"မောင် ဘယ်လို ပြောလိုက်တာလဲ။ လူသတ်ကောင် တစ်ယောက်ကို ချစ်ရမယ်လား"

"သူဟာ လူသတ်ကောင် တစ်ယောက် ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူ့မှာ မင်းပြောတဲ့ လှုံ့ဆော်မှုမျိုးတွေ ရှိတယ်။ ဆွန်ဇော်နိုမှာ လူ တစ်ယောက်ကို သတ်ပစ်နိုင်တဲ့ လှုံ့ဆော်မှုနဲ့ စိတ်ဇောတွေ ရှိနေတယ်။ သူ့မှာ ချစ်တတ်တဲ့ စိတ်ဇောလဲ ရှိလိမ့်မယ်။ ဒါပေမဲ့ ကိုယ်ကတော့"

ကျွန်မက သူ့ စကားကို ဆုံးအောင် ပြောခွင့် မပြုပါ။ ကြားဖြတ်၍ ပြောလိုက်သည်။

"မောင်ဟာ မောင့်ကို မောင် ဆွန်ဇော်နိုနဲ့တော့ မနှိုင်းသင့်ပါဘူး။ မောင်က မောင်ပဲ။ သူက လူသတ်ကောင် သတ္တဝါကြီး တစ်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့မှာ ချစ်တတ်တဲ့ လှုံ့ဆော်မှု ရှိတယ်ဆိုတာလဲ မဟုတ်ဘူး။ ဒီလို လူမျိုး တစ်ယောက်ဟာ သူများကို မချစ်တတ်ပါဘူး။ သူ့အဖို့ မိန်းမတွေ အားလုံးဟာ အတူတူချည်းပါပဲ။ ကျွန်မပဲ ဖြစ်ဖြစ် တခြား ဘယ်သူပဲဖြစ်ဖြစ်"

သူသည် ဘဝင်ကျပုံ မရ။ ဘာမျှတော့ မပြော။ ကျွန်မက သူ၏ တိတ်ဆိတ်နေမှုကို အခွင့်ကောင်းယူ၍ သူ့အင်္ကျီအောက်သို့ လက်လျှိုကာ သူ၏ လက်မောင်းသားများကို စမ်းသပ်ရင်း–

"မီနို"ဟု ခေါ်လိုက်သည်။

သူက လန့်သွားသည်။

"ကိုယ့်ကို ဘာပြုလို့ မီနိုလို့ ခေါ်တာလဲ"

"မီနိုဆိုတာ ဂျီယာကိုမိုရဲ့ အတိုကောက် မဟုတ်လား။ ကျွန်မ မခေါ်ရဘူးလား"

"ခေါ်ပါ။ ဒီလို ခေါ်လို့ ဘာမှ မဖြစ်ပါဘူး။ ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီနာမည်ဟာ ကိုယ့် အိမ်မှာသာ ခေါ်ကြတဲ့ နာမည်ပဲ"

"မောင့် အမေက မောင့်ကို မီနိုလို့ပဲ ခေါ်သလား"

ကျွန်မက သူ့လက်ကို လွှတ်လိုက်ပြီး မေးလိုက်သည်။

"ဟုတ်တယ်၊ အမေက ကိုယ့်ကို ခေါ်တဲ့ နာမည်ပဲ။ ဒါပေမဲ့ အမေ ပြောတဲ့ စကားတွေကို ဒီတစ်ခုတည်းသာ လိုက်ပြီး ပြောတာ မဟုတ်ဘူး။ မင်းရဲ့ အယူအဆနဲ့ သဘောထားတွေဟာ အမေနဲ့ တစ်ထေရာတည်းပဲ"

သူက မထေ့တထေ့ ပြောလိုက်သည်။

"ဥပမာ တစ်ခု ပြောစမ်းပါ"

"ဥပမာ တစ်ခု ပြောရရင် ကိုယ်က နိုင်ငံရေးအကြောင်း ပြောတဲ့ အခါမှာ မင်းက ထိတ်လန့်တကြားနဲ့ 'ဥပဒေနဲ့ မလွတ်ကင်းဘူး၊ အန္တရာယ်တွေ ရှိတယ်' လို့ ပြောတယ်။ အဲ အမေကလဲ ဒီအတိုင်းပဲ ပြောတာပဲ။ ဒီလေသံမျိုးနဲ့ ပြောတာပဲ"

သူ့ အမေနှင့် တူသည်ဟု ဆို၍ ကျွန်မက အတော်ကြီး နှစ်ခြိုက် သာယာသွားသည်။

"မိုက်လိုက်တဲ့ လူကလေးရယ်။ ဒီလို ပြောတာ ဘာဖြစ်လို့လဲ။ ကျွန်မ မောင့်ကို ချစ်သလို မောင့် အမေကလဲ မောင့်ကို ချစ်လို့ ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ပြီးတော့ နိုင်ငံရေး လုပ်တယ်ဆိုတာကလဲ တကယ့်ကို အန္တရာယ်တွေ ပတ်ပတ်လည် ဝိုင်းနေတယ် မဟုတ်လား။ ကျွန်မ သိတဲ့ လူရွယ်ကလေး တစ်ယောက်ဟာ နိုင်ငံရေး လုပ်လို့ အဖမ်းခံနေရတာ အခု ထောင်ထဲမှာ နှစ်နှစ်တောင် ရှိနေပြီ။ အဲဒီတော့ ဘာကောင်းကျိုး ရှိသလဲ။ သူတို့မှာ အင်အား ရှိတယ် မဟုတ်လား။ မောင် တစ်ခုခု လုပ်တာနဲ့ တစ်ပြိုင်နက် သူတို့က မောင့်ကို ထောင်ထဲ ထည့်ထားလိုက်မှာပဲ။ မောင့်အဖို့ နိုင်ငံရေး မလုပ်ဘူးဆိုရင် အများကြီး ကောင်းနိုင်တာတွေ ရှိတယ်ဆိုတာ ကျွန်မ သိပါတယ်"

"အမေနဲ့ တစ်ချိုးတည်းပါပဲကလား။ အမေလဲ ဒီအတိုင်း ပြောတာပဲ"

သူက သရော်တော်တော် လှောင်တောင်တောင်ဖြင့် ပြောလိုက်သည်။

"မောင့် အမေက ဘာတွေ ပြောတယ် ဆိုတာတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ သူ ဘာတွေပဲ ပြောပြော မောင့်ကို ကောင်းစေချင်လို့ ပြောတာပဲ ဖြစ်မှာပါပဲ။ မောင်ဟာ နိုင်ငံရေးကို စွန့်လွှတ်ဖို့ ကောင်းတယ်။ နိုင်ငံရေးဟာ မောင့် အလုပ် မဟုတ်ပါဘူး။ မောင်ဟာ ကျောင်းသား တစ်ယောက်ပါ။ ကျောင်းသား တစ်ယောက်ရဲ့ အလုပ်က စာသင်ဖို့ပဲ"

"စာသင်ရမယ်၊ ဘွဲ့ယူရမယ်၊ ရာထူး ယူရမယ်။ ဟုတ်လား"

မီနိုသည် သူ့ ဘာသူ ပြောသလို ညည်းနေသည်။ ကျွန်မက ဘာမျှ မပြောတော့ပါ။ ကျွန်မ၏ မျက်နှာကို သူ့ မျက်နှာနားသို့ ကပ်လိုက်ပြီး ကျွန်မ၏ နှုတ်ခမ်းများကို နမ်းရန် သူ့အား ကမ်းလှမ်းလိုက်ပါသည်။ ကျွန်မတို့ နမ်းလိုက်ကြသည်။ ပြီးတော့ ခွာလိုက်သည်။ သူက ကျွန်မကို နမ်းလိုက်မိသည့်အတွက် စိတ်မကောင်းသွားပုံ ရသည်။ သူက ကျွန်မကို သုန်မှုန်၍ ကြည့်နေသည်။ သူ၏ နိုင်ငံရေး လုပ်ငန်းများကို ကျွန်မ၏ အနမ်းဖြင့် အနှောင့်အယှက် ပေးလိုက်မိပြီလားဟု ကျွန်မက စိုးရိမ်ထိတ်လန့်သွားသည်။ ယင်းကြောင့် ကျွန်မက ကမန်းကတန်း ပြောလိုက်ရသည်။

"ဘာပဲ ဖြစ်ဖြစ်လေ၊ မောင် လုပ်ချင်တဲ့ အလုပ်ကို လုပ်ပါ။ ကျွန်မ အနေနဲ့ ဘာမှ ဝင်ပြီး စွက်ဖက်စရာ မရှိပါဘူး။ နောက်ပြီးတော့ ပြောရဦးမယ်ဆိုရင် ကျွန်မ ဒီမှာ ရှိနေတုန်း မောင် ပေးမယ်ဆိုတဲ့ ပြကြညာစာတန်း

www.burmeseclassic.com



တွေကို ပေးလိုက်ပါလား။ ကျွန်မတို့ စောစောက စီစဉ်ထားတဲ့ အတိုင်း မောင့်အတွက် ကျွန်မ ဝှက်ပေးထားပါ့မယ်"

"ဟင့်အင်း နေပါစေတော့။ မင်းကို အပ်ထားလို့ မဖြစ်ဘူး။ မင်းနဲ့ အက်စ်တာရီတာနဲ့ အဆက်အသွယ် ရှိနေတော့ မဖြစ်ဘူး။ ဆိုကြပါစို့ သူ တွေ့သွားရင် ဘယ့်နှယ် လုပ်မလဲ"

"ဘာလို့လဲ။ အက်စ်တာရီတာက ဒါလောက်ပဲ အန္တရာယ် ရှိသလား"

"သူလဲ အဆိုးဆုံး တစ်ယောက်ပေါ့"

မီနိုက အလေးအနက် ပြောလိုက်သည်။ ကျွန်မ သူ့ကို နောက်ပြောင် ကစားရန် ရုတ်တရက် စိတ်ကူး ရမိသည်။ ယင်းကြောင့် လေသံ နုနုညံ့ညံ့ ဖြင့် ပြောလိုက်သည်။

"ဒါဖြင့်ရင် မောင်ဟာ ကျွန်မကို အဲဒီ ကြေညာစာတန်းတွေ အပ်ထား မယ်လို့ ပြောခဲ့တာ တကယ် မဟုတ်ဘူးပေါ့"

"တကယ် မဟုတ်ဘဲနဲ့ ကိုယ်က ဘာကိစ္စ ပြောပါ့မလဲ"

"ဘာကိစ္စ ပြောသလဲဆိုတော့ မောင် ကျွန်မကို စိတ်မဆိုးနဲ့နော် ကျွန်မ ထင်တာကတော့ ကိုယ်ဟာ ဘယ်လောက် အန္တရာယ်များတဲ့ အလုပ် တွေကို၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အလုပ်တွေကို၊ စိတ်ရောကိုယ်ပါ လုပ်နေမယ် ဆိုတာကို ကျွန်မ သိစေချင်လို့ပဲ"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ။ မင်းဟာ အတော့်ကို မိုက်မဲ တဲ့ အမျိုးသမီးကလေး တစ်ယောက်ပဲ။ ဒါနဲ့ နေပါဦး မင်းက ဘာပြုလို့ ဒီလို ထင်ရတာလဲ"

"ဒါတော့ ကျွန်မ မပြောတတ်ဘူး။ မောင့်ရဲ့ စရိုက်ပဲ ဖြစ်လိမ့်မယ် ထင်တယ်။ မောင့် စရိုက်ကို မောင့်ဘာမောင် မသိတာဘဲ ဖြစ်နိုင်တယ်။ ပြီးတော့ မောင် ပြောတဲ့ စကားတွေနဲ့ မောင့်ရဲ့ အမူအရာတွေ စရိုက်တွေက တခြားစီ ဖြစ်နေကြတယ်"

ကျွန်မက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"အင်း ဒါ သိပ်အရေးကြီးတယ်"

သူက သူ့ကိုယ်သူ ဝေဖန်သလို ပြောလိုက်သည်။ ထို့နောက် သူသည် မတ်တတ် ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ဖြန့်ကားဆန့်တန်းကာ ကဗျာ တစ်ပိုဒ်ကို ရွတ်ဆိုနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ၏ ခါးကို၊ ငါ့အား ပေးလော့။
ငါ တစ်ယောက်တည်း၊ ငါပဲ တိုက်မည်။
ငါ တစ်ယောက်တည်း၊ ငါပဲ သေစေတော့။

သူ့ကို ကြည့်ရသည်မှာ ရယ်စရာ ကောင်းလှသည်။ ခြေကားရား၊ လက်ကားရားနှင့် ရုပ်သေးရုပ်နှင့် တူနေတော့သည်။

"ဒါက ဘာအခိပ္ပာယ်လဲ မောင်"

"ဘာမှ မဟုတ်ဘူး။ ကဗျာ တစ်ပိုဒ်ပဲ"

ထို့နောက် သူ၏ တက်ကြွမှုများသည် ရုတ်ခြည်း ပျောက်ကွယ်သွားကြပြန်တော့သည်။ သူက ထိုင်ချလိုက်ပြီး ဆက်ပြောသည်။

"အင်း ကိုယ်ဟာ စိတ်ပါနေတဲ့ အချိန်မှာ အင်မတန် စိတ်အားထက်သန်တယ်။ တစ်နေ့ကျရင်တော့ ကိုယ်ဟာ အဖမ်းခံရမှာပဲ။ အဲဒီအခါကျတော့ ကိုယ်ဟာ တကယ်ပဲ စိတ်အား တက်ကြွတဲ့ လူတစ်ယောက်ဟုတ် မဟုတ် ဆိုတာကို ပြရမှာပဲ"

ကျွန်မက ဘာမျှ မပြော။ သူ့ မျက်နှာကို ကျွန်မ၏ လက်ဖဝါးနှစ်ဖက်ဖြင့် ညှပ်ထားလိုက်သည်။

"မောင့် မျက်လုံးတွေက သိပ်လှတယ်"

တကယ်ပဲ ဖြစ်၏။ သူ့ မျက်လုံးတွေက ရှားရှားပါးပါး လှချေ၏။ သူက မနေတတ် မထိုင်တတ် ရှိသွားပြီး တုန်လှုပ်၍လာသည်။

"မောင့် အခန်းကို သွားကြရအောင်လား"

"မဖြစ်ဘူး။ ကိုယ့် အခန်းက မုဆိုးမ အခန်းနဲ့ ကပ်နေတာ။ သူက အခန်းထဲမှာ တစ်နေကုန် ရှိနေတာ။ တံခါးကို ဖွင့်ထားပြီး အပြင်ဘက်ကို ကြည့်နေတာ"

"ဒါဖြင့် ကျွန်မတို့ အိမ်ကို သွားကြရအောင်လေ"

"အချိန် မရှိတော့ဘူး၊ မင်းတို့ အိမ်က အဝေးကြီးပဲ။ ပြီးတော့ ကိုယ့် သူငယ်ချင်းတွေကို စောင့်နေတာ တော်တော်တောင် ကြာသွားပြီ"

"ဒါဖြင့် ဒီမှာပဲ"

"မင်း ရူးနေသလား"

www.burmeseclassic.com



"မောင်က ကြောက်တာ မဟုတ်လား။ မောင်ဟာ နိုင်ငံရေး လုပ်ရမှာကိုတော့ နည်းနည်းမှ မကြောက်ဘူး။ မောင် ပြောတာပဲလေ။ ဒါပေမဲ့ မောင့်ကို ချစ်တဲ့ မိန်းမ တစ်ယောက်နဲ့ ဧည့်ခန်းထဲမှာ မိသွားမှာကိုတော့ မောင် သိပ်ကြောက်နေတယ်။ မိသွားတော့ကော ဘာပြုသလဲ။ မုဆိုးမက သူ့ အိမ်မှာ မနေနဲ့တော့လို့ ပြောရုံပေါ့။ အဲဒီတော့လဲ အခန်း အသစ် တစ်ခု ရှာရုံပဲပေါ့"

ကျွန်မက သူ၏ မာနကို ကိုင်၍ ပြောလျှင် ဘာမဆို ရနိုင်ကြောင်းကို သိရှိနေပေပြီ။ တကယ်ပင် သူသည် ကျွန်မ၏ သွေးဆောင်မှုတွင် ပါလာဟန် ရှိလာတော့၏။ အမှန်တော့လည်း သူ၏ စိတ်ဆန္ဒများသည် ကျွန်မ၏ စိတ်ဆန္ဒများလိုပင် ပြင်းထန်လျက် ရှိချေပြီ။

"မင်း ရူးနေသလား။ ကိုယ်တို့ဟာ နှင်ထုတ် ခံရမှာထက် အဖမ်း ခံရဖို့က များတယ်။ ပြီးတော့ ကိုယ်တို့ ဘယ်မှာ နေရာရှိလို့လဲ"

"ကြမ်းပေါ်မှာပေါ့။ လာ ကျွန်မ ပြမယ်"

ကျွန်မက ဆိုဖာပေါ်မှ ထ၍ ကြမ်းပြင်ပေါ်တွင် ဖြေးညင်းစွာ လဲလျောင်းလိုက်သည်။ ကြမ်းပြင်သည် ကော်ဇောများ ခင်းထားလျက် ရှိသည်။ အခန်း အလယ်တွင် အရက်ပုလင်း တင်ထားသော စားပွဲတစ်လုံး ရှိသည်။ ကျွန်မသည် ကိုယ်ကို ကော်ဇောပေါ်တွင် ဖြန့်စင်းလိုက်သည်။ ခေါင်းနှင့် ရင်သည် စားပွဲအောက်တွင် ဝင်လျက် ရှိ၏။ ထို့နောက် ကျွန်မက မီနိုကို လက်တစ်ဖက်ဖြင့် ဆွဲယူလိုက်သည်။ ကျွန်မ အပေါ်သို့ အတင်းပင် လဲကျလာပါသည်။ ကျွန်မက ခေါင်းကို မော့၍ မျက်လုံးများကို မှိတ်ထားလိုက်သည်။ ကာလ ကြာညောင်းလှပြီ ဖြစ်သော ကော်ဇောပေါ်ရှိ ဖုန်မှုန့်များနှင့် အမွေး နုနုများသည် ကျွန်မ၏ စိတ်ကို မူးယစ်စေပါတော့သည်။ နွေဦးကာလဝယ် လယ်ကွင်းလယ်၌ လဲလျောင်းနေရသကဲ့သို့ ထင်မိသည်။ အောက်တောက်တောက် ကော်ဇောနံ့ အစား မြက်ခင်းလန်းလန်း၊ ပန်းများ ပွင့်ပွင့် ရနံ့ချင်း ဆင့်နေသကဲ့သို့ ရှိသည်။ မီနိုသည် ကျွန်မ ကိုယ်ပေါ်တွင် လဲလျောင်းလျက်ရှိရာ သူ၏ အလေးချိန်ကြောင့် ကျောအောက်မှ ကြမ်းပြင်များ မာကျောလှသည်ကို သိမိသည်။ သို့ရာတွင် သူကတော့ ကြမ်း၏ မာကျောခြင်းကို မသိမိ။ ကျွန်မ၏ ကိုယ်ခန္ဓာသည် သူ့အဖို့ ပန်းမွေ့ရာ ဖြစ်နေတော့၏။ ထို့နောက် သူသည် ကျွန်မ၏ လည်ပင်းနှင့် ပါးပြင်များကို

www.burmeseclassic.com



နမ်းနေတော့သဖြင့် ကျွန်မမှာ အတိုင်းအဆ မရှိ ဝမ်းသာမိရတော့သည်။ အကြောင်းမူ သူသည် ယခင်က ဤကဲ့သို့ မပြုမူခဲ့ဘူး၍ ဖြစ်သည်။ ကျွန်မက မျက်လုံးများကို ဖွင့်လိုက်သည်။ ကျွန်မ၏ ခေါင်းသည် ဘေးတစ်ဖက်သို့ စောင်းလဲလျက် ရှိ၏။ ပါးတစ်ဖက်သည် ကြမ်းတမ်းသော ကော်ဇောပြင်ကို ပွတ်သပ်လျက် ရှိ၏။ ကျွန်မက သက်ပြင်း တစ်ချက် ချလိုက်ပြီး မျက်လုံးများကို တစ်ဖန် ပြန်၍ မှိတ်ထားလိုက်ပြန်တော့သည်။

မီနိုက အရင်ထသည်။ ကျွန်မက ကြမ်းပြင်တွင် ကျောခင်းလျက် နဖူးပေါ်တွင် လက်တင်လျက်၊ အဝတ်အစားတွေ တွန့်ကြေလျက်၊ ခြေထောက် နှစ်ဖက် ပြန့်ကားလျက်နှင့် အတန်ကြာ လဲလျောင်း၍ နေနေမိသေးတော့သည်။ ကျွန်မက ပျော်မဆုံး ရွှင်မဆုံး ဖြစ်နေသည်။ ဤနေရာမှာ ဤအတိုင်း နာရီပေါင်း များစွာ နေနိုင်ပါသည်။ ကျွန်မက ကြမ်းခင်း မာမာပေါ်တွင် မှေးခနဲပင် အိပ်ပျော်သွားပုံ ရသည်။ ကျွန်မသည် ပန်းမွေ့ရာပေါ်တွင် လဲလျောင်း၍ ကြည်လင်သော မိုးကောင်းကင်ကို မော့ကြည့်နေမိသည်ဟုပင် အိပ်မက် နေပုံရသည်။ မီနိုကမူ ကျွန်မ မအီမသာ ရှိသွားပြီ မှတ်ထင်လိုက်ပုံ ရသည်။ ရုတ်တရက် ကျွန်မကို လှုပ်နှိုး၍–

"ဘာဖြစ်လို့လဲ။ ဘာလုပ်နေတာလဲ။ ထလေ မြန်မြန် ထလေ"

သူက လေသံဖြင့် ပြောလိုက်သည်။ ကျွန်မက ကြိုးစားအားထုတ်၍ ကျွန်မ လက်ကို ကျွန်မ၏ မျက်နှာပေါ်မှ ဖယ်လိုက်ရသည်။ ထို့နောက် စားပွဲအောက်မှ ခပ်ဖြည်းဖြည်း ထွက်၍ ထရပ်လိုက်သည်။ ကျွန်မက ပျော်၍ မော်၍ ပြုံးနေသည်။ မီနိုကမူ ဗီရိုကို ကျောမှီ၍ ရပ်ရင်း ကျွန်မကို တိတ်ဆိတ်စွာ ကြည့်နေသည်။ သူသည် ယခုထက်ထိ မောဟိုက်နေဆဲ ရှိသည်။ သူ့ အမူအရာ သုန်သုန်မှုန်မှုန်နှင့် ဖြစ်၏။

"ကိုယ် မင်းကို နောက်ထပ် ဘယ်တော့မှ မတွေ့ချင်တော့ဘူး"

သူက ပြောလိုက်သည်။ ကျွန်မက ပြုံးလိုက်သည်။

"ဘာပြုလို့လဲ မောင်။ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် ချစ်ကြတယ်။ နောက်ကိုလဲ တွေ့ကြဦးမယ်"

ကျွန်မက သူ့ထံသို့ လျှောက်သွားပြီး သူ့ကို ဖက်လိုက်သည်။ သို့ရာတွင် သူက မျက်နှာလွှဲလိုက်သည်။

"ကိုယ် မင်းကို နောက်ထပ် ဘယ်တော့မှာမှ မတွေ့ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက ထပ်ပြောလိုက်သည်။ သူ၏ ရန်လိုမှုသည် ကျွန်မကို အရှုံးပေးရခြင်းအတွက် ရရှိသော နောင်တမှ ထွက်ပေါ်လာကြောင်း ကျွန်မ သိပါသည်။ ယင်းကြောင့် ကျွန်မက သူ့ စကားများကို ဇွေမယူပါ။ ထို့နောက် ကျွန်မ ဝယ်ယူလာသော လည်စည်းကို အမှတ်ရမိသဖြင့် လက်အိတ်နှင့် လက်ပွေ့အိတ်များ တင်ထားသော နံရံအဆင့် ရှိရာသို့ လျှောက်သွားပါသည်။

"ကဲပါ။ ဒါလောက်ကြီးလဲ စိတ်ဆိုး မနေပါနဲ့။ ကျွန်မ ဒီကို နောက်ထပ် မလာတော့ပါဘူး။ ဟုတ်ပြီလား"

သူက ဘာမျှ ပြန်မဖြေ။ ထိုစဉ်တွင် တံခါးပွင့်လာပြီး အစေခံမကြီး တစ်ယောက်က ယောကျ်ား ဧည့်သည် နှစ်ဦးကို ခေါ်ဆောင်လာသည်။

"ဟလို ဂျီယာကိုမို"

ရှေ့ဆုံးမှ ဝင်လာသူက နှုတ်ဆက်လိုက်သည်။ ဤသူများသည် နိုင်ငံရေး ရဲဘော်ရဲဘက်များ ဖြစ်ရမည်ဟု ကျွန်မက တွက်ချက်ပြီး စိတ်ဝင်စားစွာ လေ့လာ အကဲခတ် နေမိပါသည်။ မီနိုကို နှုတ်ဆက်လိုက်သူမှာ ဧရာမ လူကြီး တစ်ယောက် ဖြစ်၏။ မီနိုထက် အရပ်မြင့်သည်။ ကြေးစား လက်ဝှေ့ သမားနှင့် တူသည်။ ဆံပင် ထောင်ထောင်၊ မျက်လုံး ပြာပြာ၊ နှာခေါင်း ပြားပြားနှင့် ဖြစ်သည်။ သို့ရာတွင် သူ၏ အမူအရာသည် ပွင့်လင်း၏။ နှစ်သက်စရာ ရှိ၏။ ရက်ရွဲ့မှုနှင့် ရိုးသားမှု ဒွန်တွဲနေ၏။ ကျွန်မက သူ့ကို သဘောကျမိသည်။ ဆောင်းရာသီ ဖြစ်လင့်ကစား သူသည် ကုတ်အင်္ကျီ ဝတ်မထား။ သူ၏ ဂျက်ကက်အင်္ကျီအောက်မှ ပိုလိုဆွယ်တာကို ကြည့်ခြင်း အားဖြင့် အားကစားသမား တစ်ဦးနှင့် တူလေသည်။ သူ့ လက်များသည် ရဲ၍ လက်ကောက်ဝတ် တုတ်သည်။ သူသည် အတော်ငယ်သေးသည်။ ဂျီနို လောက်ပင် ရှိဦးမည်။ နောက် တစ်ယောက်ကတော့ အသက် လေးဆယ်လောက် ရှိပြီ ဖြစ်၏။ သူ၏ အမူအရာနှင့် အဝတ်အစားများကို ကြည့်ရသည်မှာ လူလတ်တန်းစားထဲက ဖြစ်ပုံရ၏။ သူ၏ အဖော်နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ သူ၏ အဖော်က အလုပ်သမား တစ်ဦး သို့မဟုတ် တောင်သူလယ်သမား တစ်ဦး ဖြစ်ပုံရ၏။ သူသည် အရပ်ပု၍ သူ၏ အဖော်နှင့် ယှဉ်လိုက်လျှင် ပေါက်စနကလေး ဖြစ်နေသည်။ သူ၏ အသားသည် နက်ကြုတ်လှ၏။ သူ၏ မျက်နှာတွင် လိပ်ခံကိုင်း မျက်မှန် တပ်ထားသည်။ ပါးစပ်ကြီးမှာ ပြဲလှသည်။ နားရွက် တစ်ဖက်မှ နားရွက် တစ်ဖက်သို့

www.burmeseclassic.com



ရောက်မတတ် ဖြစ်သည်။ ကျွန်မက သူတို့ နှစ်ယောက်ကို မြင်တွေ့လိုက်ရသောအခါ အတော်အံ့အားသင့်သွားသည်။ မီနိုနှင့် လူတန်းစားချင်း မတူသောကြောင့် ဖြစ်၏။ မီနိုသည် အထက်တန်းစားထဲက ဖြစ်၏။ သူသည် ဖြစ်ကတတ်ဆန်း ဝတ်ဆင်တတ်သော်လည်း သူ၏ အဝတ်အစားများသည် အကောင်းစားများ ဖြစ်ကြ၏။ သူတို့ချင်းချင်း အပြန်အလှန် နှုတ်ဆက်ကြသည်ကိုသာ ကျွန်မ မျက်စိနှင့် တပ်အပ် မမြင်တွေ့ရလျှင် သူတို့ တစ်တွေသည် မိတ်ဆွေများ ဖြစ်ကြကြောင်းကို ထည့်သွင်း စဉ်းစားခြင်းပင် ပြုမိမည် မဟုတ်ချေ။ သို့ရာတွင် ကျွန်မသည် တဒင်္ဂ အတွင်းမှာပင် အရပ် မြင့်မြင့် လူကို သဘောကျပြီး၊ အရပ် ပုပု လူကို ကြည့်၍ မရဘဲ ဖြစ်မိသည်။

"ကျွန်တော်တို့ လာတာ စောနေတယ်နဲ့ တူတယ်"

အရပ် မြင့်မြင့် လူက ပြုံးပြုံးရွှင်ရွှင် ပြောသည်။

"မစောပါဘူး။ အချိန်ကို မှန်နေတာပဲ"

မီနိုသည် ငေးမောနေရာမှ ယခုမှ သတိရပြီး ပြောလိုက်သည်။ ပြီးတော့–

"အက်ဒရီယာနာကို ကိုယ့် မိတ်ဆွေ နှစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဟောဒါက ကျူလီယို"

သူက အရပ် ပုပု လူကို လက်ညှိုးထိုး၍ ပြောလိုက်သည်။ ပြီးတော့မှ အရပ် မြင့်မြင့် လူရွယ်နှင့် မိတ်ဆက်ပေးသည်။

"သူက တွန်မာဆို"

မီနိုက သူတို့ နှစ်ဦး၏ မျိုးဆက် အမည်ကို မဖော်ပြပါ။ ယင်းကြောင့် သူ ပြောသော နာမည်များသည် နာမည်လိမ်များသာ ဖြစ်ရမည်ဟု တွက်လိုက်သည်။ ကျွန်မက အပြုံးဖြင့် လက်ကို ဆန့်တန်းပေးလိုက်သည်။ အရပ်မြင့် လူက ကျွန်မ၏ လက်များ နာကျင်နေသည်အထိ ဖျစ်ညှစ်၍ နှုတ်ဆက်ပါသည်။ သို့ရာတွင် လူပေါက်စကလေးကတော့ သူ၏ အဆီပြန်နေသော လက်ဖြင့် ကျွန်မကို စွတ်စိုစေပါသည်။

ကျွန်မတို့သည် အတော်ကလေး ကြာအောင် တစ်ဦးကို တစ်ဦး ကြည့်နေကြသည်။ နောက်ဆုံးတွင်မှ အရပ်မြင့်မြင့် လူက ပြောသည်။

"ကျွန်တော်တို့ ပြန်မယ်လေ။ ခင်ဗျား မအားရင် ကျွန်တော်တို့ မနက်ဖြန်မှ တစ်ခေါက် လာဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မီနိုက လန့်သွားပြီး သူ့ကို ကြည့်နေသည်။ သူတို့ကို နေစေပြီး ကျွန်မကို သွားဖို့ပြောရန် သူ ကြံနေသည်။ ကျွန်မက ရှေ့ တစ်လှမ်း တိုးလိုက်ပြီး–

"ဟုတ်တယ်။ ရှင်တို့ ပြန်ကြမယ် ဆိုရင်တော့ ကောင်းတာပေါ့။ ကျွန်မမှာ မီနိုနဲ့ စကား ပြောစရာတွေ အတော်များများ ရှိသေးတယ်"

မီနိုက ကျွန်မ စကားကို ကန့်ကွက်လိုက်သည်။

"ကိုယ့်မှာ သူတို့ နှစ်ယောက်နဲ့ စကား ပြောစရာတွေ ရှိနေတယ်။

"မနက်ဖြန်ကျမှ ပြောပေါ့"

"ကောင်းပြီလေ။ ခင်ဗျား စိတ် ခင်ဗျား ဆုံးဖြတ်ပေါ့။ ကျွန်တော်တို့ကတော့ နေဆိုလဲ နေမှာပဲ။ သွားဆိုလဲ သွားမှာပဲ"

တွန်မာဆိုက ကောင်းကောင်းမွန်မွန် ပြောလိုက်သည်။ မီနိုက ဘာပြောရမှန်း မသိ ဖြစ်နေသည်။ ကျွန်မက နောက်တစ်ချီ သူတို့နှင့် တည်လိုက်ပြန်သည်။ လေသံကို အနည်းငယ် မြှင့်၍ ဖြစ်သည်။

"ဒီမယ်။ စောစောကလေးကပဲ ကျွန်မနဲ့ ဂျီယာကိုမိုဟာ ဟောဒီ ကြမ်းပြင်ပေါ်မှာ တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြတယ်။ ရှင်တို့ဟာ သူ့ နေရာမှာဆိုရင် ဘာလုပ်မလဲ ကျွန်မကို သွားစေမလား"

ကျွန်မ စကားကြောင့် မီနိုသည် ရှက်သွေး လျှံသွားပုံ ရသည်။ သူက စိတ်ရှုပ်ထွေးသော အမူအရာဖြင့် ကျွန်မတို့ကို ကျောပေး၍ ကြမ်းပေါက်ဆီသို့ လျှောက်သွားသည်။ တွန်မာဆိုက ကျွန်မကို အေးတိုက် ကြည့်လိုက်ပြီး တည်ကြည်စွာ ပြောသည်။

"ဟုတ်ပြီ၊ ကျွန်တော်တို့ သွားမယ်။ ဘိုင့်ဘိုင် ဂျီယာကိုမို။ ကျွန်တော်တို့ မနက်ဖြန် ဒီအချိန်မှာပဲ လာတွေ့မယ်"

ကျွန်မ၏ စကားများကြောင့် ကျူလီယိုကတော့ အတော်ကြီး ကသိကအောက် ဖြစ်နေပုံ ရှိ၏။ သူ၏ မျက်မှန် ထူထူ အောက်မှနေ၍ ကျွန်မကို မျက်လုံးပြူး၍ ကြည့်နေသည်။ ယခုလို ပွင့်ပွင့်လင်းလင်း ပြောတတ်သော အမျိုးသမီး တစ်ယောက်ကို သူက တစ်ခါမျှ မတွေ့ဖူးဘူးနှင့် တူသည်။

သူတို့ နှစ်ယောက် ထွက်သွားကြသောအခါ ကျွန်မက မီနိုထံသို့ လျှောက်သွားသည်။ သူက ယခုထက်ထိ ပြတင်းပေါက်တွင် ရပ်နေဆဲ ဖြစ်သည်။ အခန်း တစ်ခန်းလုံးကို ကျောခိုင်းထားသည်။ ကျွန်မက သူ့



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို ဖက်လိုက်သည်။ သူက ခပ်ဖြည်းဖြည်းကလေး လှည့်၍ ကြည့်လိုက်သည်။ သူ့ မျက်လုံးတွင် ဒေါသရိပ်များ လွှမ်းနေသည်။ သို့ရာတွင် ကျွန်မ၏ မျက်နှာကို မြင်တွေ့လိုက်ရတော့ သူ၏ အသွင်အပြင်များသည် ပြောင်းလဲသွားသည်။ ပြီးတော့ ကျွန်မကို မေးလိုက်သည်။

"မင်း အခု ပျော်ပြီလား။ မင်း လိုချင်တာရပြီ မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မ သိပ်ပျော်တယ်"

"မင်း ကိုယ့်ကို ပြောစရာ ရှိတယ်ဆိုတာ ဘာလဲ"

"ဘာမှ မဟုတ်ဘူး။ ကနေ့ည မောင်နဲ့ အတူတူ နေချင်တာပါပဲ"

"ဒါပေမဲ့ ကိုယ် ညစာ သွားစားရဦးမယ်။ ဒီမှာတင်ပါပဲ။ မုဆိုးမ မီဒိုလာဂီနဲ့ အတူပဲပေါ့"

"ကောင်းတာပေါ့။ ကျွန်မကိုပါ ထမင်းစား ဖိတ်ပါလား"

သူက ကျွန်မကို ကြည့်၍ ကျွန်မ၏ ရဲတင်းမှုအတွက် မပွင့်တပွင့် ကလေး ပြုံးလိုက်သည်။

"ကောင်းပြီလေ။ ကိုယ် သူတို့ကို သွားပြီး ပြောလိုက်ဦးမယ်။ ဒါနဲ့ မင်းကို ဘယ်လိုအနေနဲ့ မိတ်ဆက်ပေးရမလဲ"

"မောင် ကြိုက်သလိုပေါ့။ ဆွေမျိုးပေါ့ ရှင်"

"ဟင့်အင်း။ ကိုယ့် ရည်းစား အဖြစ် မိတ်ဆက်ပေးမယ်၊ ဖြစ်မလား"

ကျွန်မက ထခုန်မိမတတ် ဝမ်းသာသွားသည်။

"ကျွန်မ အဖို့တော့ ဘာပဲဖြစ်ဖြစ်ပါ။ ကျွန်မတို့ နှစ်ယောက်အတူတူ နေနေကြရသမျှတော့ ရည်းစားပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ်ပေါ့"

"ဒီမှာ ခဏ စောင့်နေဦး။ ကိုယ် အခုပဲ ပြန်လာခဲ့မယ်"

သူ ထွက်သွားသောအခါ ကျွန်မသည် အခန်းထောင့် တစ်ထောင့်သို့ လျှောက်သွားပြီး မှန်ရှေ့တွင် ကျွန်မ ကိုယ်ကို သေသေသပ်သပ် ဖြစ်အောင် ပြုပြင်နေမိပါသည်။ အတန်ကြာသောအခါတွင် တံခါးပွင့်လာပြီး မီနို ဝင်လာသည်။ သူသည် ကျွန်မဆီသို့ လျှောက်လာပြီး နောက်ဘက်မှ နေ၍ နမ်းလိမ့်မည်ဟု ထင်မိသည်။ သို့ရာတွင် သူသည် အခန်း တစ်ဖက်ရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

"ကိုယ် ပြောခဲ့ပြီ။ ခဏနေရင် ကိုယ်တို့ ထမင်း သွားစားကြရအောင်"

ကျွန်မက မှန်ရှေ့မှ ခွာ၍ သူ့ အနီးတွင် သွားထိုင်လိုက်သည်။ ကျွန်မက သူ့ လက်ကို ဖျစ်ညှစ်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟို လူနှစ်ယောက်ဟာ မောင့်ရဲ့ နိုင်ငံရေး မိတ်ဆွေတွေလား"

"အင်း"

"သူတို့ဟာ လူချမ်းသာတွေတော့ မဟုတ်ဘူး"

"ဘာပြုလို့လဲ"

"သူတို့ အဝတ်အစားတွေ ကြည့်ပြီး ပြောရတာလေ"

"တွန်မာဆိုက ကိုယ်တို့ ဘီလစ် စာရေးကြီးရဲ့ သား။ နောက်တစ်ယောက်ကတော့ ကျောင်းဆရာပဲ"

"ကျွန်မ သူ့ကို မကြိုက်ဘူး"

"ဘယ်သူ့ကိုလဲ"

"ကျောင်းဆရာကို။ သူ့မှာ ညစ်ညမ်းတဲ့ စိတ်တွေ ရှိတယ်။ မောင်နဲ့ ကျွန်မ ချစ်တဲ့ အကြောင်းကို ပြောပြလိုက်တော့ သူကြည့်ပုံက တစ်မျိုးပဲ"

"သူက မင်းကို သဘောကျလို့ ဖြစ်မှာပေါ့"

ကျွန်မတို့သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။

"မောင်ဟာ ကျွန်မကို မောင့် ရည်းစား အဖြစ်နဲ့ မိတ်ဆက်ပေးရမှာကို ရှက်နေတယ်ဆိုရင် ကျွန်မ သွားမယ်လေ"

ကျွန်မက ဤနည်းဖြင့်သာ သူ၏ ချစ်ခင်မြတ်နိုးမှုကို ရရှိနိုင်သည်။ သူ့ကို မဟုတ်တမ်းတရား စွပ်စွဲ၍ ထောင်ချောက် ဆင်ယူရခြင်း ဖြစ်၏။ တကယ်ပင် သူက ချက်ချင်းပင် ကျွန်မ ခါးကို ဖက်လိုက်ပြီး–

"ကိုယ်က ပြောတဲ့ စကားပဲ၊ ဘာပြုလို့ ရှက်ရမှာလဲ"

"မသိဘူးလေ။ မောင့်ကို ကြည့်ရတာ စိတ်ဆိုးနေသလိုပဲ"

"ကိုယ် စိတ်မဆိုးပါဘူး။ စောစောက အရှိန်ကြောင့် ထိုင်းနေတာပါ။ ခဏနေရင် ပျောက်သွားမှာပါ"

သူသည် ယခုထက်ထိ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို ကျွန်မက တွေ့ရှိရ၏။

"မောင် ပြောတာ ဟုတ်တယ်။ ကျွန်မ တောင်းပန်ပါတယ်။ ဒါပေမဲ့ မောင့်ကို ကြည့်ရတာ အမြဲတမ်း အေးစက်စက် ဖယ်ကပ်ကပ်နဲ့မို့ ကျွန်မလည်း ဘာမှ မစဉ်းစားမိတော့ဘူး။ မောင်ကသာ အေးတိအေးစက်ကြီး လုပ်မနေရင် ကျွန်မ ဒီမှာ နေ မနေပါဘူး"

"ကိုယ်က အေးစက်စက် ဖယ်ကတ်ကတ် မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့"

"ကိုယ် မင်းကို အများကြီး သဘောကျပါတယ်။ ပြီးတော့ စောစော က ဆိုရင်လဲ ကိုယ့် စိတ်ထဲက အလိုမတူချင်နေပေမဲ့ ကိုယ် နည်းနည်း ကလေးမှ မငြင်းဆန်ခဲ့ပါဘူး။ အဲ ဒါပေမဲ့ မင်း ပြောတာ မှန်တယ်။ တကယ်ပဲ ဒါဟာ ချစ်ခြင်း မေတ္တာတော့ မဟုတ်သေးဘူး"

ကျွန်မမှာ နှလုံးခုန် ရပ်သွားသည်။ ပြီးတော့မှ–

"ချစ်ခြင်း မေတ္တာဆိုတာက ဘာများလဲ မောင်ရယ်"

"ကိုယ်ဟာ မင်းကို ချစ်နေရိုး မှန်ရင် စောစောတုန်းက မင်းကို ဘယ်နည်းနဲ့မှ ထွက်သွားစေချင်မှာ မဟုတ်ဘူး။ ပြီးတော့ မင်းက နေနေဦး မယ်ဆိုတဲ့ အခါမှာ ကိုယ်ဟာ ဘယ်နည်းနဲ့မှ စိတ်ဆိုးမှာ မဟုတ်ဘူး"

"မောင် စိတ်ဆိုးတယ် ဟုတ်လား"

"ဟုတ်တယ်။ ပြီးတော့ အခုလောက်ဆိုရင် ကိုယ်ဟာ မင်းနဲ့ အတူ ပျော်လို့ ရွှင်လို့ မြူးလို့ ကြွလို့ နေရမယ်။ အနာဂတ် အတွက် စီမံကိန်းတွေ ချနေရမယ်။ ဟုတ်တယ် မဟုတ်လား။ ချစ်ခြင်း မေတ္တာဆိုတာ အဲဒီလိုမျိုး ပဲ မဟုတ်လား"

"ဟုတ်တယ်။ ဒါတွေဟာ ချစ်ခြင်း မေတ္တာရဲ့ သယံဇာတ ပစ္စည်း တွေပဲ"

ကျွန်မက တိုးညင်းစွာ ဖြေလိုက်သည်။ ယင်းအခိုက်တွင် တံခါးပွင့် လာပြီး အစေခံကြီး တစ်ယောက်က ညစာ အသင့် ရှိနေပြီ ဖြစ်ကြောင်း ပြောလေသည်။ ကျွန်မတို့သည် ဧည့်ခန်းမမှ ထွက်၍ စင်္ကြံလမ်းအတိုင်း ထမင်းစားခန်းသို့ သွားကြပါသည်။ ကျွန်မသည် ထမင်းစားခန်း၏ အသွင် အပြင် အနေအထားနှင့် ထိုနေ့က ပါဝင် စားသောက်သူများ၏ အပြုအမူ အကျင့်အလေ့များကို ကောင်းစွာ အမှတ်ရမိပါသည်။ ထိုစဉ်က ကျွန်မ၏ စိတ်အာရုံများသည်။ ဓာတ်ပုံ ဖလင် တစ်ခုကဲ့သို့ ဖြစ်နေပါသည်။

ဘာ့ကြောင့်မှန်းတော့ မသိ။ ကျွန်မ၏ စိတ်ထဲတွင် မုဆိုးမ မီဒိုလာဂီ သည်လည်း သူမ၏ ပရိဘောဂများနှင့် အလားတူနေသည်ဟု ထင်သည်။ ကနုကမာခွံများဖြင့် တန်ဆာဆင်ထားသော မဟူရာသား ပမာ ဖြစ်ပါသည်။ သူမသည် အရွယ်လတ်လတ်၊ ထောင်ထောင် မောင်းမောင်း၊ အထုအထည် ကောင်းသော ရင်နှင့် တဖွံ့တဖြိုး ကြီးသော တင်တို့ ရှိကြ၏။ သူမ၏

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို ပိုးအနက်ဖြင့် တန်ဆာဆင်ထားသည်။ မျက်နှာက ပြန့်ပြန့် ပြောပြော၊ ပျော့ပျော့ အိအိ ဖြစ်၏။ သူမ၏ မျက်နှာ အရောင်အဆင်းသည် ကနုကမာလို ဖျော့ဖျော့ ထင်းထင်းလေး ဖြစ်၏။ ဖျော့သော အဆင်းကို နက်ခြင်းတည်း ဟူသော ဆံပင်များက ဘောင်ခတ်ထားသည်။ သို့ရာတွင် သူမ၏ အလှသည် ဆိုးခြယ် သထားခြင်းသာ ဖြစ်၏။ သူမသည် စားပွဲဘေး တွင် မတ်တတ်ရပ်၍ အလယ်တည် ပန်းကန်ကြီးထဲမှ စွပ်ပြုတ်ရည်များ ကို စားသောက်မည့် သူများ၏ ပန်းကန်များထဲသို့ ထည့်ပေးနေသည်။ စားပွဲမှာ ခပ်ရှယ်ရှယ်သာ ဖြစ်၏။ လေးဖက်လေးတန်တွင် ကုလားထိုင် လေးလုံး ချထား၏။ အိမ်ရှင်၏ သမီးပျိုသည် သူမ၏ နေရာတွင် ထိုင်နှင့် လျက်သား ရှိနေပြီး ကျွန်မတို့ နှစ်ယောက် ဝင်သွားသောအခါတွင် ထိုင်ရာမှ မထပါချေ။

"မိန်းကလေးက ဟောဒီ နေရာမှာ ထိုင်နိုင်တယ်။ မိန်းကလေး နာမည်က ဘယ်သူတဲ့လဲကွယ်"

"အက်ဒရီယာနာ"

"ဒေါ်ဒေါ့် သမီးနာမည်နှင့် အတူတူပါပဲလား။ ဒါဖြင့် တို့မှာ အက်ဒရီ ယာနာ နှစ်ယောက် ရှိနေပြီပေါ့"

သူမက ပြောလိုက်သည်။ သို့ရာတွင် သူမသည် ကျွန်မ၏ လာရောက် ခြင်းကို သဘောကျပုံ မရချေ။ ကျွန်မက အလွန်အမင်း မှုန်းသခြင်းများ ပြုလုပ်လေ့ မရှိ။ ဆံပင်ကို ဆိုးခြယ်ခြင်းများ ပြုလုပ်လေ့ မရှိ။ ကျွန်မ၏ အသွင်အပြင်ကို ကြည့်ရုံနှင့်တော့ ကျွန်မ၏ အလုပ်အကိုင်ကို မသိနိုင်ပေ။ သို့ရာတွင် ကျွန်မသည် သာမန် အမျိုးသမီးကလေး တစ်ဦး၊ ပညာ မတတ် သော အလုပ်သမား လူတန်းစားထဲက အမျိုးသမီး တစ်ဦး အဖြစ်ကား သိသာပါသည်။ 'ငါ့ အိမ်ကို ဘယ်လို လူစားတွေများ ခေါ်လာရပါလိမ့်' ဟု သူမက စဉ်းစားနေပုံရသည်။

ကျွန်မက ထိုင်လိုက်ပြီး ကျွန်မနှင့် အမည်တူ အမျိုးသမီးကလေးကို ကြည့်လိုက်သည်။ သူမ၏ ကိုယ်ခန္ဓာ အစစ အရာရာများသည် ကျွန်မ၏ တစ်ဝက်လောက်သာ ရှိပါသည်။ သူမ၏ ခေါင်း၊ သူမ၏ ရင်၊ သူမ၏ တင်တို့သည် ကျွန်မထက် ခေါက်ချိုးမျှ သေးငယ်ကြပါသည်။ သူမက ကျွန်မကို တစ်ချက် ကြည့်လိုက်ပြီးနောက် ခေါင်းကို ပြန်ငုံ့ကာ တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



စွာ စတင် စားသောက်နေတော့၏။ ကျွန်မက အဖြစ်မှန်ကို ချက်ချင်းပင် သိမြင်လိုက်သည်။ သူမသည် ရှက်ရွံ့နေခြင်း မဟုတ်။ ကြောက်လန့်နေခြင်းသာ ဖြစ်သည်။ ကျွန်မသည် သူမအဖို့ စိုးရိမ် ကြောက်လန့်စရာ ဖြစ်၏။ ကျွန်မ၏ အလှအပအတွက် သူမက ပြောမပြနိုင်လောက်အောင် ချောက်ချားလျက် ရှိ၏။ သူတို့ သားအမိသည် တကယ်တော့လည်း ပြောပလောက်အောင် ချမ်းသာ ကြွယ်ဝကြသူများ မဟုတ်ကြ။ အခန်းငှား၍ စားနေကြရသူများသာ ဖြစ်သည်။ သို့ရာတွင် ကျွန်မလို ဆင်းရဲသူကလေး တစ်ယောက်တလေ လာရောက်ခြင်းကိုကား သူတို့က နည်းနည်းမျှ လိုလားကြပုံ မရှိချေ။ ယင်းကြောင့် ကျွန်မကလည်း နှုတ်ဆိတ်၍ နေရန် ဆုံးဖြတ်ထားလိုက်သည်။

သို့ရာတွင် မိခင် ဖြစ်သူသည် သူမ သိချင်အား ကြီးနေသည်များကိုလည်း မမေးဘဲ မပြောဘဲ မနေနိုင်ပါချေ။

"မင်းမှာ စေ့စပ်ကြောင်းလမ်းထားတယ်ဆိုတာ ဒေါ်ဒေါ် မသိပါလား။ ဘယ်လောက် ကြာပြီလဲ"

မီဒိုလာဂီက မီနိုကို မေးလိုက်သည်။

"တစ်လလောက်ပဲ ရှိပါသေးတယ်"

မီနိုက ပြောလိုက်သည်။ အမှန်ပဲ ဖြစ်၏။ ကျွန်မတို့ နှစ်ယောက် သိကျွမ်းကြသည်မှာ တစ်လလောက်ပဲ ရှိသေး၏။

"ဘယ်တော့ လက်ထပ်ကြမလဲ"

"မကြာခင်ဘဲ။ ကျွန်တော်တို့ နေမယ့် အိမ် အားတာနဲ့ တစ်ပြိုင်နက်တည်းပဲ"

"ဪ အိမ်တွေ ဘာတွေတောင် တွေ့ထားပြီလား"

"ဟုတ်ကဲ့။ ဧည့်ခန်းကလေးတစ်ခုနဲ့ တိုက်ကလေး သေးသေးပါတယ်။ မျှော်စင်ကလေး တစ်ခု ရှိတယ်"

ဤကား ကျွန်မ စွဲလမ်းခဲ့သော၊ ကျွန်မ သူ့ကို ပြခဲ့မိသော တိုက်ကလေးပင် ဖြစ်၏။ သူက ဤစကားများကို ပြက်ရယ် ပြောင်လှောင်သည့် အနေဖြင့် ပြောနေခြင်း ဖြစ်၏။

"အဲဒီ အိမ်ကလေးကိုသာ စောင့်နေရင်တော့ ကျွန်မတို့ ဘယ်တော့မှ လက်ထပ် ဖြစ်ကြမှာ မဟုတ်ပါဘူး"

ကျွန်မက ကြိုးစားအားထုတ်၍ ပြောလိုက်သည်။

**မျိုးဆက်သစ်**

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်က ဟုတ်ကကွယ်။ ကိုယ်တို့ လိုချင်တဲ့ နေ့မှာပဲ ဒီအိမ်ကလေး အားရမှာပေါ့"

သူက ရွှင်မြူးစွာ ပြောလိုက်၏။ ကျွန်မက နောက်ပြောင်ခြင်းများကို သဘောမကျ။ ယင်းကြောင့် ဘာမျှ ပြန်မပြောတော့။ အစေခံက စားဖွယ်ဟင်းလျာ ပန်းကန်များကို လာ၍ လဲလှယ်သည်။

"ကိုယ့် အိမ်ကလေးနဲ့ ကိုယ် သီးသီးသန့်သန့် နေတာကတော့ ကောင်းပါတယ်ကွယ်။ ဒါပေမဲ့ နေမှုထိုင်မှု အဆင်ပြေအောင် အစေခံတွေတော့ လိုလိမ့်မယ်ကွယ်"

"ဟင့်အင်း မလိုပါဘူး။ အက်ဒရီယာနာဟာ သူ့ဟာသူ ချက်လိမ့်မယ်။ သူဟာ သူ့ အိမ်ထောင်ကို ထိန်းသိမ်းပါလိမ့်မယ်။ ဟုတ်တယ်မဟုတ်လား၊ အက်ဒရီယာနာ"

"အင်း အမျိုးသမီး တစ်ယောက်မှာ ချက်တာ ပြုတ်တာ၊ လှည်းတာကျင်းတာ၊ အိပ်ရာ ခင်းတာတွေအပြင် တခြား လုပ်စရာတွေ ရှိသေးတယ်ကွဲ့။ ဒါပေမဲ့ ဒီမိန်းကလေးက ဒါမျိုးတွေပဲ လုပ်လေ့ လုပ်ထအကျင့်ရှိတယ် ဆိုရင်တော့ ဒီကိစ္စမှာတော့"

မီဒိုလာဂီက စကားကို အဆုံးမသတ်ပါ။ ကျွန်မက မီနိုကိုရော အမျိုးသမီးကြီးကိုရော စိတ်ဆိုးလျက် ရှိနေမိပြီး 'ဟင့်အင်း၊ ကျွန်မက အဲဒါမျိုးတွေကို လုပ်လေ့လုပ်ထ မရှိဘူး။ ကျွန်မက မိန်းမပျက် တစ်ယောက်ပဲ' ဟု ပြောချလိုက်ချင်သည်။ သို့ရာတွင် တစ်မျိုးတစ်မည် အပျော်ထူးနေသော မီနိုက ကျွန်မ ဖန်ခွက်ထဲနှင့် သူ့ ဖန်ခွက်ထဲသို့ ဝိုင်အရက်များ ငှဲ့ထည့်ပေးရင်း–

"အို အက်ဒရီယာနာက အထက်တန်းစား အမျိုးသမီးကလေး တစ်ယောက် မဟုတ်ပါဘူး။ သူဟာ အိမ်မှု အိမ်ရာတွေကို ထမ်းဆောင်နေရတဲ့ သာမန် အမျိုးသမီးကလေး တစ်ယောက်ပါ"

မီဒိုလာဂီသည် ကျွန်မကို ယခုမှ ပထမဆုံး မြင်တွေ့မိသည့်အလား ကြည့်လိုက်ပြီး–

"ဟုတ်တာပေါ့။ ကိုယ် ပြောတဲ့အတိုင်း ဟုတ်တာပေါ့။ သူဟာ လုပ်လေ့ လုပ်ထ ရှိတယ်ဆိုရင်တော့ ကောင်းတာပေါ့"

သူမက သာသာနှင့် နာနာ နှက်နေသည်။ သူမ၏ သမီးကတော့ ခေါင်းကိုသာ ငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကျွန်တော့် သဘောကတော့ သူ့ရဲ့ မူလ သဘာဝတွေကို တစ်ခုမှ မစွန့်လွှတ်စေချင်ဘူး။ အက်ဒရီယာနာဟာ အပ်ချုပ်သည်မ တစ်ဦးရဲ့ သမီးပဲ။ သူကိုယ်တိုင်လဲ အပ်ချုပ်သည် တစ်ယောက်ပဲ။ ဟုတ်တယ် မဟုတ်လား အက်ဒရီယာနာ"

သူက စားပွဲကို ဖြတ်၍ ကျွန်မ လက်ကို ဆွဲကိုင်ကာ မော့က်ချည်လှန်ချည်ပြုရင်း မေးလိုက်သည်။

"သူ့ လက်သည်းတွေကို ဆိုးထားတယ်။ ဒါပေမဲ့ သူ့လက်ဟာ အလုပ်သမား တစ်ယောက်ရဲ့ လက်ပဲ။ ကြီးမားတယ်။ သန်မာတောင့်တင်းတယ်"

ထို့နောက် သူက ကျွန်မ၏ လက်ကို လွှတ်လိုက်ပြီး သူ့ ဆံပင်များကို အတင်းဆွဲနေရင်းနှင့် ဆက်ပြောသည်။

"အက်ဒရီယာနာကို ကြည့်ရင် ဘယ်နေရာကိုပဲ ကြည့်ကြည့်၊ ဘယ်ဟာကိုပဲ ကြည့်ကြည့် ကျွန်တော်လို လူမျိုးရဲ့ ကျန်းမာမှု၊ သန်စွမ်းမှု၊ အားကောင်းမှု၊ လုပခံ့ညားမှုတွေကို တွေ့ရမယ်"

ဤကား စောင်းချိတ်၍ စိန်ခေါ်လိုက်ခြင်းပင် ဖြစ်၏။ သို့ရာတွင် သူ၏ စိတ်ခေါ်ခြင်းကို မည်သူကမျှ မတုံ့ပြန်ချေ။ သမီးငယ်က ကျွန်မကို ကြည့်လိုက်သည်။ အမေ ဖြစ်သူက အစေခံကို ခေါ်၍ စားဖွယ်ဟင်းလျာသစ်များ လဲလှယ်ရန် အမိန့်ပေးလိုက်သည်။ ထို့နောက် မီနိုအား မမျှော်လင့်သော မေးခွန်း တစ်ခုကို မေးလိုက်သည်။

"ဒါနဲ့ မစ္စတာ ဒီယိုဒါတီ၊ ဟိုပြဇာတ် ကြည့်ပြီးပြီလား"

ယင်းသို့ စကားလွှဲလိုက်သည့် အတွက် ကျွန်မက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချင်တော့သည်။ သို့ရာတွင် မီနိုက မျက်နှာပျက်ခြင်း အလျှင်း မရှိဘဲ–

"ဒီပြဇာတ် အကြောင်းတော့ ပြောမနေပါနဲ့။ အလကားဟာပါ"

"ဒေါ်ဒေါ်တို့ မနက်ဖြန် သွားကြမလို့။ ကောင်းတယ်လို့ ပြောကြတယ်"

သရုပ်ဆောင်သူများသည် သတင်းစာများက ရေးသလောက် မကောင်းကြောင်း မီနိုက ပြန်ပြောသည်။ ယင်းသို့ဆိုလျှင် သတင်းစာများက လိမ်ညာ၍ ရေးတာလားဟု မီဒိုလာဂီက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သည် သရုပ်ဆောင်သူများအကြောင်း၊ ရောမမြို့၏ ညအကြောင်း၊ ကဖေးများအကြောင်း၊ ရုပ်ရှင်ရုံများအကြောင်း၊ ဟိုတယ်များ အကြောင်း စသည်ဖြင့် အမျှင်မပြတ် ပြောနေကြတော့၏။ သမီး ဖြစ်သူ ကတော့ ဘာမျှ မပြော။ သူမ၏ သဘောမှာ ထမင်းပွဲ မြန်မြန် ပြီးစေချင် နေပြီ ဖြစ်၏။ ကျွန်မကို မြန်မြန် ပြန်စေချင်နေပြီ ဖြစ်၏။

ထမင်းစား၍ ပြီးကြသော အခါတွင် စားပွဲပေါ်သို့ ကော်ဖီ လေး ပန်းကန်နှင့် ဆေးလိပ်ပြာခွက် တစ်ခု ရောက်ရှိလာ၏။ မီဒိုလာဂီ၏ လက်ထဲ တွင် စီးကရက် တစ်လိပ် မီးစွဲလောင်လျက် ရှိ၏။ ကျွန်မက သည်းမခံနိုင် တော့ပဲ ထ ရပ်လိုက်သည်။

"တောင်းပန်ပါတယ် မီနို။ ကျွန်မမှာ ကိစ္စတွေ ရှိနေလို့ ပြန်ဦးမှ ဖြစ်မယ် ထင်တယ်"

မီနိုက သူ၏ ဆေးလိပ်ကို ဆေးလိပ်ပြာခွက်ထဲတွင် ထိုးချေလိုက်ပြီး အလားတူ ထ ရပ်လိုက်သည်။

"မင်္ဂလာ ညနေခင်းပါ"

ကျွန်မက ခါးကို မသိမသာ ကုန်းညွှတ်၍ သူတို့ကို နှုတ်ဆက်လိုက် သည်။ မိခင် ဖြစ်သူက မလိုမလား မချေမငံဖြင့် ကျွန်မ၏ နှုတ်ဆက်မှုကို တုံ့ပြန်သော်လည်း သမီး ဖြစ်သူကတော့ ပကတိ နှုတ်ဆိတ်လျက် ရှိနေ၏။ ကျွန်မက အခန်းထဲမှ ထွက်ခဲ့သည်။ အိမ်ရှေ့ တံခါးမသို့ ရောက်သောအခါ တွင် ကျွန်မက မီနိုကို ပြောလိုက်သည်။

"မနက်ဖြန်ကျရင်တော့ မောင့်ကို အခန်း တစ်ခန်း ရှာပေတော့လို့ ဆီညိုရာ မီဒိုလာဂီက ပြောတော့မှာပဲ"

"ပြောမယ် မထင်ပါဘူး။ ကိုယ်က သူတို့ကို လခ ကောင်းကောင်း ပေးတာပဲ။ မှန်မှန် ပေးတာပဲ"

"ကျွန်မ သွားမယ်။ ကနေ့ ထမင်းစားပွဲကတော့ ကျွန်မကို အတော် ကြီးကို စိတ်မချမ်းသာစေတာပဲ"

"ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့ မောင်ဟာ ကျွန်မကို မချစ်နိုင်ဘူးဆိုတာ ကောင်းကောင်း သိရလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့ကို မကြည့်ဘဲ ကြေကွဲဆွေးမြည့်စွာ ပြောလိုက်သည်။ ယင်းနောက် ကျွန်မက မျက်လွှာပင့်၍ ကြည့်လိုက်သည်။ သူက မကြည်မသာ ရှိနေသည်။ ကျွန်မက နောင်တရသွားသည်။ ယင်းကြောင့် မေးလိုက်သည်။

"မောင် စိတ်ဆိုးလား"

"မဆိုးပါဘူး။ ဒါက အမှန်ပဲ"

ကျွန်မက သူ့ကို ချစ်မြတ်နိုးစွာ ဖက်လိုက်ပြီး–

"မမှန်ပါဘူး။ ကျွန်မက စိတ်ပေါက်ပေါက်နဲ့ ပြောမိတာပါ။ ပြီးတော့ ဘာကြီးပဲ ဖြစ်နေနေ၊ ကျွန်မကတော့ မောင့်ကို ချစ်မြဲ ချစ်နေမှာပဲ။ ဒီမယ် ကြည့်စမ်း။ မောင့်ဖို့ ယူလာတာ"

ကျွန်မက လက်ကိုင်အိတ်ကို ဖွင့်၍ လည်စည်းကို ထုတ်ယူကာ သူ့အား ပေးလိုက်သည်။ သူက လည်စည်းကို ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဒါကို မင်း ခိုးလာတာလား"

သူက နောက်လိုက်ခြင်းသာ ဖြစ်၏။ ကျွန်မကို ချစ်မြတ်နိုး၍ ပြောလိုက်ခြင်းသာ ဖြစ်၏။ ဒါကို ကျွန်မက နောက်မှ သိရှိရခြင်း ဖြစ်၏။ ထိုအချိန်ကတော့ ကျွန်မ၏ ရင်ထဲတွင် နာသွားသည်။ ကျွန်မ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှမ်းသွားသည်။

"မဟုတ်ပါဘူး မောင်ရယ်။ ကျွန်မ ဝယ်လာတာပါ။ ဟောဒီ အောက်ထပ်က ဆိုင်ကပဲ ဝယ်လာတာပဲ"

ကျွန်မ စိတ်မကောင်း ဖြစ်သွားသည်ကို သူက သိရှိသွား၍ ကျွန်မကို ဖက်လိုက်သည်။

"ခွေးမကလေး။ ကိုယ်က အလကား နောက်ပြောတာပါ။ နောက်ပြီးတော့ ဘာကြီးပဲ ဖြစ်ဖြစ်၊ ခိုးလာတာပဲ ဖြစ်ဖြစ်၊ တိုက်လာတာပဲ ဖြစ်ဖြစ် ကိုယ်က ဒါကလေးကို သဘောကျပါတယ်"

"နေဦး ကျွန်မ တပ်ပေးမယ်"

ကျွန်မက တော်တော်ကလေး စိတ်ချမ်းမြေ့ရာ ရသွားပြီး ပြောလိုက်သည်။ သူက မေးကို မော့ပေး၍ ကျွန်မက သူ၏ လည်စည်းဟောင်းကို ဖြေလိုက်သည်။ ပြီးတော့ သူ၏ အင်္ကျီ ကော်လာကို ထောင်လိုက်ပြီး လည်စည်းသစ်ကို တပ်ပေးလိုက်သည်။

"မောင့်ရဲ့ လည်စည်းဟောင်းကိုတော့ ကျွန်မ ယူထားမယ်။ ဒီဥစ္စာကို မောင် နောက် မတပ်ပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်မ၏ စိတ်ဆန္ဒမှာ သူ၏ ပစ္စည်း တစ်ခုခုကို အမှတ်တရအဖြစ် သိမ်းဆည်းထားလိုခြင်းသာ ဖြစ်ပါသည်။

"ကိုယ် မင်းကို လာတွေ့ဦးမယ်လေ"

"ဘယ်တော့လဲ"

"မနက်ဖြန် ညစာ စားပြီး"

"ဟုတ်ပြီ"

ကျွန်မက သူ့လက်ကို ဆွဲယူ၍ နမ်းလိုက်သည်။ သူက ဆွဲရုတ်လိုက်သော်လည်း ကျွန်မ၏ နှုတ်ခမ်းများနှင့် ပွတ်သပ်ခြင်းမှ လွတ်ကင်းမသွားပါပေ။ ကျွန်မ ပြန်စောင်းကြည့် မနေတော့ဘဲ လှေကားမှ အပြေးအလွှား ဆင်းသွားမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၇

ထိုနေ့၏ နောက်ပိုင်းတွင်လည်း ကျွန်မသည် ယခင် ဘဝကိုပင် ဆက်၍ လိုက်နေရပြန်ပါတော့သည်။ ကျွန်မသည် မီနိုကို တကယ်ပင် မေတ္တာစစ်နှင့် ချစ်နေမိ၍ ကျွန်မ၏ လုပ်ငန်းကို စွန့်လွှတ်ရန် စိတ်ကူးမိပြန်သည်။ သို့ရာတွင် ကျွန်မသည် လူတစ်ယောက်ကို မေတ္တာစစ် မေတ္တာမှန်နှင့် ချစ်နေရပြီ မှန်သော်လည်း၊ ကျွန်မ၏ ဘဝ အခြေအနေများကား မည်သို့မျှ ပြောင်းလဲခြင်း မရှိချေ။ အရင်က အတိုင်းပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ ကျွန်မတွင် ပိုက်ဆံ မရှိ။ ထိုနည်းမှ လွဲ၍ ပိုက်ဆံ ရစရာ အကြောင်း မရှိ။ ကျွန်မက မီနိုထံမှ ပိုက်ဆံကို လက်မခံလိုပေ။ ပြီးတော့ သူ့တွင်လည်း ပိုက်ဆံ များများစားစား ရှိမည်မဟုတ်။ သူ့ အိမ်က သုံးလောက် စွဲလောက်ရုံသာ တိုင်း၍ ပို့နေကြခြင်း ဖြစ်၏။ ပြီးတော့ ကျွန်မတို့ နှစ်ယောက် သွားကြ လာကြ စားကြ သောက်ကြသည့် အတွက် ကုန်ကျသမျှ အားလုံးကို ကျွန်မကသာ ပေးလိုသည်။ သို့ရာတွင် သူက လက်မခံချေ။ ဤအတွက် အမြဲတမ်း သူနှင့် တကျက်ကျက် ဖြစ်ရပြီး ကျွန်မမှာ စိတ်ပျက်ရသည်။ သူ့တွင် ပိုက်ဆံ မရှိသောအခါ ကျွန်မကို ပန်းခြံထဲသို့ ခေါ်သွားလေ့ ရှိသည်။ ခုံတန်းလျားတစ်ခုပေါ်တွင် ထိုင်၍ ကျွန်မတို့ စကား ပြောကြသည်။ သူဆင်းရဲ နှစ်ဦးပမာ လမ်းသွား လမ်းလာများကို ငေးမော ကြည့်နေမိကြသည်။

**မျိုးဆက်သစ်**

www.burmeseclassic.com



သို့ရာတွင် ကျွန်မသည် မကြာခဏ ဆိုသလို သူ၏ အပြောအဆို အပြုအမူနှင့် အလေ့စရိုက်များကို ပြန်လည် သုံးသပ်၍ ကြည့်သောအခါတွင် ကြေကွဲဝမ်းနည်းဖွယ်ရာများကို တွေ့ရှိရသည်။ သူသည် ကျွန်မကို တကယ် မချစ်ပေ။ သူသည် ကျွန်မကို စမ်းသပ်လေ့လာရသည့် ဝတ္ထုပစ္စည်း တစ်ခု အဖြစ်နှင့်သာ သဘောထားနေသည်။ အမှန်ကို ပြောရလျှင်တော့ သူသည် သူ့ကိုယ်သူသာ စိတ်ဝင်စားလေသည်။ သို့ရာတွင် သူ၏ စရိုက်သည် အကဲ ဖြတ်စိစစ်ရန် ခက်ခဲလှအောင် ရှုပ်ထွေး နက်နဲလှပေသည်။ ကျွန်မ ထင်ထားသည့် အတိုင်းပင် သူသည် နယ်မှ ကြေးရတတ် တစ်ဦး၏ သား ဖြစ်လေသည်။ သူသည် သိမ်မွေ့သည်။ နူးညံ့သည်။ ယဉ်ကျေးသည်။ အလေးအနက် ရှိသည်။ သူ့ မိသားစုအကြောင်းကို သူ ပြောပြသလောက် ကျွန်မ သိရှိရသည်မှာ ကျွန်မ မျှော်လင့်တောင့်တမိသော မိသားစုမျိုးပင် ဖြစ်သည်။ သို့ရာတွင် သူသည် သူ၏ မိသားစု အကြောင်းကို ပြောပြချင်လှပုံ မရှိချေ။ ကျွန်မက တဖြည်းတဖြည်းချင်း သိရှိရခြင်းသာ ဖြစ်သည်။ သူ့ ဖခင်သည် မြေပိုင်ရှင်နှင့် ဆရာဝန် တစ်ဦး ဖြစ်သည်။ သူ့ မိခင်သည် ယခုအထိ အရွယ်တင် ပျိုမျစ်လျက် ရှိသော်လည်း အိမ်မှာပင် အနေများသည်ဟု ဆို၏။ သူမ စိတ်ဝင်စားသည်မှာ သူမ၏ ခင်ပွန်းသည်နှင့် သူမ၏ သားသမီး များသာ ဖြစ်၏။ မိနိုတွင် ညီမ သုံးယောက်နှင့် အစ်ကို တစ်ယောက် ရှိသည်။ သူ၏ ဖခင်မှာ အင်မတန် အလုပ်များသူ တစ်ဦး ဖြစ်၏။ သူတို့ နယ်တွင် ဩဇာတိက္ကမ ရှိသူ တစ်ဦး ဖြစ်၏။ သူ၏ မိခင်မှာ အင်မတန် တစ်ယူသန်၏။ သူ၏ နှမများသည် အင်မတန် ပစိပစပ် အပေါက်အစပ် များပြီး သူ့ အစ်ကိုကမူ ဂျင်ကာလိုကဲ့သို့ လူပေလူတေ ပျော်ပျော် နေတတ်သူ တစ်ဦး ဖြစ်သည်ဟု ဆို၏။ ကျွန်မ အဖို့တော့ ဤအချက်များ အားလုံး ခွင့်လွှတ်ဖွယ်ရာ ချည်းများသာ ဖြစ်၏။ သူတို့သည် အင်မတန်မှ သိုက်ဝန်းသော မိသားစု တစ်စု ဖြစ်ပြီး အားလုံးသည် မိနိုကို အထူးသဖြင့် ချစ်ခင် မြတ်နိုးကြလေသည်။

ကျွန်မ၏ အယူအဆတွင်တော့ ဤလို မိသားစုမျိုးမှ ပေါက်ဖွား ရခြင်းသည် အင်မတန် ကံကောင်း၏။ သို့ရာတွင် မိနိုကမူ ဤသို့ မဟုတ် ချေ။ ကျွန်မ၏ အယူအဆနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ မိနိုသည် သူ၏ မိသားစုကို နည်းနည်းကလေးမျှ မကြိုက် မနှစ်သက်။ အင်မတန်မှ ရွံရှာ

www.burmeseclassic.com



စက်ဆုပ်၏။ ကျွန်မကတော့ ယင်းသဘောကို မည်သို့မျှ သဘောပေါက်နားလည်နိုင်စွမ်း မရှိပါချေ။ ထိုမျှသာမက သူသည် သူ့ကိုယ်သူလည်း ထိုနည်း အတူပင် မနှစ်သက်ခြင်း၊ စက်ဆုပ်ခြင်းများ ရှိနေ၏။ သူ၏ ဘဝနှင့် သူ လုပ်သမျှကို သဘောမကျနိုင် ရှိနေ၏။ သူ့ကိုယ်သူ မုန်းတီးခြင်းသည် သူ၏ မိသားစုကို မုန်းတီးခြင်း၌ အခြေခံလေသည်။

သို့ရာတွင် သူသည် ရံဖန်ရံခါ အလျဉ်းသင့်၍ စကားစပ် ပါသွားသည်မှ တစ်ပါး ကျွန်မကို နိုင်ငံရေးအကြောင်း တစ်လုံး တစ်ပါဒမျှ မပြောချေ။ ယခု အချိန်အထိ ကျွန်မသည် သူ၏ ရည်မှန်းချက်၊ သူ၏ အယူအဆတို့ကို မသိရှိပေ။ မည်သည့် ပါတီဝင် တစ်ဦး ဖြစ်ကြောင်းကိုလည်း မသိရှိပေ။ ယင်းသို့ မသိရှိခြင်းမှာလည်း ဤကိစ္စများနှင့် ပတ်သက်၍ သူ၏ သိပ်သည်းလျှို့ဝှက်မှု ကြီးမားလှသောကြောင့် ဖြစ်၏။ ပြီးတော့ ကျွန်မကလည်း မမေးမြန်း မစူးစမ်းမိသောကြောင့် ဖြစ်၏။ နောက်ကျမှ ယင်းသို့ ဖွင့်ဟ မမေးခဲ့မိသည့်အတွက် နောင်တ ရမိပါသည်။ နောက်ပြီးတော့ ကျွန်မသည် ထိုစဉ်က အချစ် တစ်ခုတည်းကိုသာ အဓိက ထားနေမိပြီး နိုင်ငံရေးများသည် မိမိနှင့် မဆိုင်ဟု ယူဆခဲ့မိသောကြောင့် ဖြစ်၏။ မကြာခဏ ဆိုသလိုပင် ကျွန်မသည် သူ၏ နိုင်ငံရေး ရဲဘော် နှစ်ဦးနှင့် တွေ့ဆုံခဲ့ရသည်။ သူတို့သည် နေ့တိုင်းလောက်ပင် ဆုံတွေ့ကြဟန် ရှိသည်။ သို့ရာတွင် သူတို့သည် ကျွန်မရှေ့တွင် နိုင်ငံရေးအကြောင်း တစ်ခွန်း တစ်ပါဒမျှ မပြောဆိုကြပါချေ။ အခြား အရေးမပါသော အကြောင်းခြင်းရာများကိုသာ ပြောကြပါသည်။

ထိုအချိန်ကာလသို့ ရောက်သည့်တိုင် ကျွန်မ၏ ခေါင်းထဲတွင် အမြဲတမ်း စွဲကပ်နေသော စိုးရိမ်ကြောက်လန့်မှု တစ်ခုကိုကား ဖယ်ထုတ်ပစ်၍ မရနိုင်ဘဲ ရှိနေချေသည်။ ယင်း စိုးရိမ် ကြောက်လန့်မှုကား အစိုးရကို ဆန့်ကျင်ရန် ကြံစည် အားထုတ်မှုများသည် အင်မတန်မှ ဘေးအန္တရာယ် ကြီးမားသည်ဟု သဘောပေါက် နားလည်ထားမိခြင်းပင် ဖြစ်သည်။ ကျွန်မ အနေဖြင့် အစိုးရိမ်မိဆုံးကား အကြမ်းပတမ်းမှုများတွင် မီနို ပါဝင်နေမည်ကိုပင် ဖြစ်သည်။ လက်နက်ကိုင် တိုက်ခိုက်မှုများနှင့် သွေးထွက်သံယိုမှုများတွင် မီနို ပါဝင်ခြင်း မရှိစေရန် ကျွန်မ အနေနှင့် တက်နိုင်သမျှ ဆောင်ရွက်သွားဖို့ တာဝန်ရှိသည်ဟု ယူဆမိသည်။ လက်နက်များ ကိုင်ဆောင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် တရားဥပဒေနှင့် ဆန့်ကျင်ကြောင်းကို ကျွန်မ သိသည်။ လူ တစ်ယောက်သည် လိုင်စင် မရှိဘဲနှင့် လက်နက် ကိုင်ဆောင်လျှင် ထောင်ဒဏ် အပြစ်ပေး ခံရမည် ဖြစ်သည်။ ပြီးတော့ လူတွေသည် တစ်ခါ တစ်ခါတွင် လက်လွတ်စပယ် ဖြစ်တတ်ကြသည်။ ယင်း အခါမျိုးတွင် လက်ထဲ၌ လက်နက် ရှိနေခြင်းသည် ဆိုးဝါးသော အဖြစ်များကို ကြုံတွေ့ ဖြစ်ပွားစေနိုင်ပါသည်။ ယင်း အကြောင်းများကြောင့် မီနို အနေဖြင့် သေနတ် ကိုင်ဆောင်နေခြင်းသည် မလိုအပ်ရုံသာမက ဘေးအန္တရာယ်လည်း များစွာ ရှိနိုင်လေသည်။ တစ်နေ့တွင် သူသည် အဆိုပါ သေနတ်ကို အသုံးပြုချင် ပြုမိပေမည်။ သို့မဟုတ် ရဲအဖွဲ့က တွေ့ရှိသွားပေမည်။ သို့ရာတွင် ကျွန်မက ဤအကြောင်းများကို သူ့အား ပြောမပြရဲ။ ပြောပြလို့လည်း ဘာမျှ အကြောင်း ထူးမည် မဟုတ်။ နောက်ဆုံးတွင် ကျွန်မသည် တိတ်တဆိတ် ပြုလုပ်ရန် အကြံအစည် တစ်ခု ထုတ်လိုက်သည်။ တစ်ကြိမ်တွင် သူသည် ကျွန်မအား သေနတ်ကို မည်ကဲ့သို့ ကိုင်ရကြောင်း၊ အသုံးချရကြောင်းတို့ကို ရှင်းလင်း ပြသခဲ့ပေသည်။ သို့ဖြင့် တစ်နေ့သ၌ သူ အိပ်ပျော်နေသော အခိုက်တွင် ကျွန်မက သူ့အိတ်ထဲက သေနတ်ကို ထုတ်ယူ၍ ကျည်ဆန်ကပ်ကို ထုတ်လိုက်သည်။ ထို့နောက်ကျည်ဆန်များကို ထုတ်လိုက်သည်။ ထို့နောက် ကျွန်မသည် ကျည်ဆန်အိမ်ကို ပြန်တပ်၍ သူ့အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ ကျည်ဆန်များကို အံဆွဲတစ်ခုထဲတွင် ဝှက်ထားလိုက်သည်။ နောက် နှစ်ရက်လောက် ကြာသောအခါတွင် ယင်းကျည်ဆံများကို လက်ပွေ့အိတ်ထဲတွင် ထည့်၍ ယူသွားပြီး တီဘား မြစ်ထဲသို့ လွှင့်ပစ်လိုက်မိပါတော့သည်။

ဤရက်များအတွင်း တစ်နေ့တွင် အက်စ်တာရီတာသည် ကျွန်မကို လာ၍ တွေ့လေသည်။ ကျွန်မက သူ့ကို မေ့သလောက် ရှိနေခဲ့သည်။ အစေခံမ၏ ကိစ္စနှင့် ပတ်သက်၍လည်း ကျွန်မ တာဝန်ကို ကျွန်မ လုပ်ထားပြီးပြီ ဖြစ်၍ နောက်ထပ် ဘာမျှ စဉ်းစားနေစရာ မလိုတော့ဟု အောက်မေ့ထားမိသည်။ သူနှင့် တွေ့မှ အကြောင်းစုံကို သိရသည်။ ဘုန်းကြီးအာ ပေါင်ဒါဘူးကို ရဲအဖွဲ့ လက်သို့ အပ်လိုက်သည်။ ရဲအဖွဲ့ဝင်များ၏ အကြံပေး ချက်အရ ပိုင်ရှင်က အမှုကို ပြန်လည် ရုပ်သိမ်းသည်။ သို့ဖြင့် အစေခံမသည် သူမ၏ ကိုယ်ကျင့်တရားတွင် မည်သည့် အစွန်းအထင်းမျှ မရှိဘဲ ထောင်ထဲမှ

www.burmeseclassic.com



ပြန်၍ လွတ်လာလေတော့သည်။ ယင်း သတင်းကို ကြားရသော အခါတွင် ကျွန်မသည် အတိုင်းမသိ ဝမ်းမြောက်မိပါသည်။ ကျွန်မက ပျော်ရွှင်လွန်းလှသဖြင့် အက်စ်တာရီတာကိုပင် ဖက်လိုက်မိပါသည်။

"ဒီမိန်းမ ထောင်က လွတ်ဖို့အရေးကို မင်းဟာ သိပ်ပြီး စိတ်အားထက်သန်နေတယ် ဟုတ်လား"

သူက သံသယ ဆောင်သော အသွင်ဖြင့် မေးလိုက်သည်။

"ဒီကိစ္စဟာ ရှင့်အဖို့တော့ ဆန်းနေမှာပေါ့။ ရှင်က ဘာမှ အပြစ်မရှိတဲ့ လူထောင်ပေါင်းများစွာကို နေ့စဉ်နေ့တိုင်း ပေါ့ပေါ့ဆဆ သဘောထားပြီး ထောင်ထဲ ပို့နေတဲ့ လူကိုး။ ဒါပေမဲ့ ကျွန်မအဖို့တော့ အပြစ် မရှိတဲ့ လူတစ်ယောက် ထောင်ထဲ ရောက်နေတဲ့အတွက် နေလို့ကို မရဘူး"

"ကိုယ်က ဘယ်သူ့ကိုမှ ထောင်ထဲ မပို့ပါဘူး။ ကိုယ့် တာဝန်ကိုယ် ထမ်းဆောင်နေတာပါပဲ"

"ဒါနဲ့ ဘုန်းကြီးကို ရှင် ကိုယ်တိုင် တွေ့သလား"

"ဟင့်အင်း၊ ကိုယ် မတွေ့ပါဘူး။ သက်ဆိုင်ရာ ရဲဌာနကို ဖုန်းဆက်ပြီး မေးကြည့်တော့ ဘုန်းကြီး တစ်ပါးဟာ ပေါင်ဒါဘူးကို အာပတ်ဖြေလာသူ တစ်ဦးဆီက ရလို့ လာအပ်သွားတဲ့ အကြောင်း သိရတယ်။ ဒါနဲ့ ကိုယ်က အစေခံမကို လွှတ်ဖို့ ထောက်ခံချက် ပေးလိုက်တယ်"

ကျွန်မက တွေဝေ ငေးငိုင်၍ နေမိသည်။ ဘာ့ကြောင့်မှန်းတော့ မသိ။ ထို့နောက် ကျွန်မက သူ့ကို မေးလိုက်သည်။

"ရှင် ကျွန်မကို တကယ် ချစ်သလား"

သူက ကျွန်မကို ဖက်လိုက်ပြီး–

"ဘာပြုလို့ မေးတာလဲ။ အခုလောက်ဆိုရင် မင်း သိလောက်ရောပေါ့"

သူက ကျွန်မကို နမ်းလိုသည်။ သို့ရာတွင် ကျွန်မက ရှောင်လိုက်သည်။

"သိချင်လို့ပါပဲ။ ကျွန်မ စဉ်းစားနေတာ တစ်ခု ရှိတယ်။ ရှင်ဟာ ကျွန်မကို အခု ကူညီသလို အမြဲတမ်းကော ကူညီနေပါ့မလားလို့"

"အမြဲတမ်း ကူညီမှာပေါ့။ ဒါပေမဲ့ မင်းဟာ ကိုယ့်ကို သနားဖို့တော့ ကောင်းတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မနှင့် မျက်နှာချင်း အပ်လိုက်ပြီး ပြောသည်။ ကျွန်မ၏ ဘဝထဲသို့ မီနို ပြန်ရောက်လာပြီးသည့် နောက်ပိုင်းတွင် ကျွန်မသည် အက်စ်တာရီတာနှင့် ဘာမျှ ပတ်သက်စရာ မလိုတော့ဟု အောက်မေ့မိပါသည်။ ပြီးတော့ သူက ခဏမြင် ခဏပျောက် ဇော်မျှားနှင့်လည်း တူသည် မဟုတ်ပေ။ တစ်ချိန်ကဆိုလျှင် ကျွန်မသည် သူ့အား မုန်းတီးခြင်းပင် ရှိခဲ့သည်။ ယင်းကြောင့် ကျွန်မ အနေဖြင့် သူနှင့် ပျော်ပါးခြင်းသည် မီနိုအား သစ္စာဖောက်ရာ ရောက်သည်ဟု ထင်မြင်နေမိသည်။ 'ကျွန်မ ရှင့်ကို ဘယ်တော့မှ မသနားဘူး' ဟု ပြောချလိုက်လိုသည်။ သို့ရာတွင် ကျွန်မကိုယ်ကျွန်မ ချုပ်တည်း ထိန်းသိမ်းထားလိုက်ရသည်။ သူ့တွင် မည်မျှ အာဏာရှိကြောင်း ကျွန်မ သိသည်။ မီနိုသည် အချိန်မရွေး အဖမ်း ခံရနိုင်သည်။ ယင်းအခါမျိုးတွင် ကျွန်မက သူ့ကို အပူကပ်နိုင်ပေသည်။ ယင်းကြောင့်–

"ကျွန်မ ရှင့် အပေါ်မှာ သနားကြင်နာမှု ရှိပါ့မယ်"

ကျွန်မက လေသံဖြင့် ပြောလိုက်သည်။

"ဒါဖြင့်၊ ဒါဖြင့် ပြောစမ်းပါဦး။ ကိုယ့်ကို နည်းနည်းကလေးများ ကော မချစ်ဘူးလား"

သူက တစ်ဆင့် တက်လာသည်။ ဤအခါကျတော့လည်း ကျွန်မက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ဟင့်အင်း၊ ကျွန်မ ရှင့်ကို မချစ်ဘူး။ ဒါကို ရှင် သိပါတယ်လေ။ ရှင့်ကို ကျွန်မ ခဏ ခဏ ပြောခဲ့ပြီပဲ"

"မင်း ကိုယ့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူးလား"

"ကျွန်မတော့ ချစ်ခဲ့ဖူးတယ်လို့ မထင်မိပါဘူး"

"ဘာပြုလို့လဲ"

"ချစ်စရာ အကြောင်း မရှိလို့ပေါ့"

"တခြား တစ်ယောက်ယောက်ကို မင်း ချစ်နေသလား"

"ဒါက ရှင် စိတ်ဝင်စားစရာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ကိုယ်က မင်း အချစ်ကို လိုချင်နေတယ်။ မင်းဟာ ဘာပြုလို့ ကိုယ့်ကို နည်းနည်းကလေးလောက်မှ မချစ်နိုင်ရတာလဲ"

သူက စဉ်းလဲသော မျက်လုံးများဖြင့် ကျွန်မကို ကြည့်ရင်း စိတ်ပျက်အားလျော့စွာ မေးလေသည်။ ထိုညက သူ့ကို အိမ်မှာ မိုးကြီး ချုပ်သည်အထိ

www.burmeseclassic.com

www.burmeseclassic.com



နေစေပါသည်။ သို့ရာတွင် အက်စ်တာရီတာသည် ကျွန်မက သူ့ကို ပြန်မချစ်သည့်အတွက် မကျေနိုင် မချမ်းနိုင် ဖြစ်နေပါသည်။ တကယ်ပင် ကျွန်မက သူ့ အတွက် စိတ် မကောင်းပါ။

သူသည် ကျွန်မကို ဗလာကိုယ်ထီးဖြင့် ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းပါသည်။ ပြီးတော့ သူက ကျွန်မ ရှေ့တွင် ဒူးထောက်၍ ကျွန်မ ပေါင်ပေါ်တွင် သူ့ ခေါင်းကို တင်ထားပါသည်။ ကျွန်မ၏ ဝမ်းဗိုက်ကို သူ့ မျက်နှာဖြင့် ပွတ်နေပါသည်။ ယင်းသို့ ပြုမူနေသည်မှာ အချိန်အတော်ကြီး ကြာညောင်းသွားသည်ထိ ဖြစ်ပါသည်။ ဤအချိန်တွင် ကျွန်မက သူ့ ခေါင်းကို အသာအယာ ပွတ်သပ်နေမိပါသည်။ သူသည် ယင်းကဲ့သို့ ပြုမူဖူးသည်မှာ တစ်ကြိမ် မကတော့ပေ။ သို့ရာတွင် ထိုနေ့ကတော့ သည်းလွန်းလှသည်။ သူ၏ ခေါင်းကြီးကို ကျွန်မ ပေါင်ခွင်ထဲသို့ အတင်းထိုးသွင်းလျက် ရှိပါသည်။ သူသည် ကျွန်မ ဗိုက်ထဲသို့ ဝင်သွားချင်နေသကဲ့သို့ ဖြစ်ပါသည်။ ယင်းအခါမျိုးတွင်ကား သူသည် ပျော်ပါးသူ တစ်ဦးနှင့် မတူတော့ဘဲ မိခင်၏ ရင်ငွေ့ကို ခိုလှုံသော ကလေးငယ် တစ်ဦးနှင့်သာ တူတော့သည်။ သူသည် အဘယ်မျှ ကြာအောင် ယင်းသို့ ရှိနေသည် မသိ၊ ကြာတော့ ကျွန်မလည်း ငိုက်မြည်း၍ အိပ်ပျော်သွားလေတော့၏။ ကျွန်မ အိပ်ရာမှ နိုးတော့ သူ မရှိတော့။ သူ၏ ခေါင်းကို ပွတ်သပ်၍ တင်သွားသော ကျွန်မ ပေါင်ပေါ်တွင်သာ သူ ပေးနေကျ ငွေစက္ကူ တစ်ထပ်ကြီးကို တွေ့ရှိရ ပါသည်။

ယင်းသို့ဖြင့် ရက်သတ္တ နှစ်ပတ်ခန့် ကုန်လွန်ခဲ့လေသည်။ ဤရက်များသည် ကျွန်မ၏ ဘဝတာတွင် အပျော်ရွှင်ဆုံးသော ရက်များ ဖြစ်ပါသည်။ ကျွန်မသည် မီနိုနှင့် နေ့တိုင်း တွေ့နေရပါသည်။ သူသည် ကျွန်မကို ပညာပေးရေးနှင့် ပတ်သက်၍ အထူး စိတ်အား ထက်သန်လျက် ရှိသည်။ ကျွန်မကမူ သူနှင့် တွေ့နေရလျှင်ပြီးရော ဟူသည့် သဘောဖြင့် သူ လုပ်ချင်သည်များကို လုပ်စေပါသည်။ သူသည် ကျွန်မကို ညနေတိုင်း လာတွေ့သည်။ လာတွေ့တိုင်း စာအုပ် တစ်အုပ် တစ်အုပ် ယူလာသည်။ မည်သည့် အကြောင်းအရာမျိုး ဖြစ်ကြောင်းကို သူက အကျဉ်းချုံး ရှင်းပြပြီးနောက် ဟိုနေရာ တစ်ပိုဒ် ဒီနေရာ တစ်ပိုဒ် ကောက်နုတ်၍ ဖတ်ပြနေတော့သည်။ သူက စာဖတ် အလွန် ကောင်းပါသည်။ အသံနေ အသံထားနှင့် ဌာန်ကရိုဏ်းကျကျ ဖတ်တတ်ပါသည်။ ကျွန်မအဖို့ နားထောင်၍ ကောင်းလှပါသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်နေသည်ကို ကြည့်၍ ကြည်နူးလှပါသည်။ သို့ရာတွင် ဘာမျှတော့ နားမလည်ပါ။ နောက်ဆုံးတွင် သူက စာအုပ်ကို ပိတ်လိုက်ပြီး ကျွန်မကို မေးလိုက်သည်။

"ဘယ့်နှယ်လဲ၊ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်" ဟု ကျွန်မက ဖြေလေ့ရှိပါသည်။

သို့ရာတွင် တစ်နေ့တော့ သူက ထပ်ကွန့်လာသည်။

"ကြိုက်ပုံ ကြိုက်နည်း ပြောစမ်း။ ဘာပြုလို့ ကြိုက်တယ်ဆိုတာ ရှင်းပြစမ်း"

ကျွန်မက အတန်ကြာ ဆုတ်ဆိုင်းနေပြီးနောက်–

"အမှန်ကို ပြောရရင်တော့ ကျွန်မ ရှင်းမပြတတ်ဘူး။ ဘာပြုလို့လဲ ဆိုတော့ ကျွန်မ ဘာတစ်လုံးမှ နားမလည်လို့ဘဲ"

"ဒါနဲ့များ မင်းက ကိုယ့်ကို ဖတ်ခိုင်းနေရသေးသလား"

"မောင်က စာဖတ်နေရတာကို သဘောကျတယ် မဟုတ်လား။ ဒီတော့ ကျွန်မက မောင် သဘောကျနေတဲ့ ကိစ္စ တစ်ခုကို မဖျက်ဆီးချင်ဘူး။ ပြီးတော့ မောင် စာဖတ်နေတာကို နားထောင်နေရတာ ကျွန်မ နည်းနည်း ကလေးမှ မငြီးငွေ့ဘူး။ မောင် စာဖတ်နေတာကို ကြည့်ရတာ သိပ်ပျော်စရာ ကောင်းတာပဲ"

ဤအခါတွင် သူသည် နေရာမှ ဝုန်းခနဲ ခုန်ထ၍ မိုးမဆုံး လေမဆုံး ဒေါပွလေတော့သည်။ သူက ကျွန်မကို စာအုပ်နှင့် ပစ်ပေါက်တော့မလောက် ဖြစ်သည်။ သူ စိတ်ကျေနပ်အောင် ပြောပြီးသွားလောက်တော့မှ ကျွန်မက–

"မောင်က ကျွန်မကို ပညာပေးချင်တယ်။ ဒါပေမဲ့ ကျွန်မရဲ့ ဘဝကို မပြောင်းလဲဘဲနဲ့ မောင်က ကိုယ်ကျင့်တရား အကြောင်းတွေ၊ ကဗျာတွေ ဖတ်ပြနေလို့ ဘာအကြောင်း ထူးမှာလဲ။ မောင့် စာအုပ်တွေဟာ ကျွန်မရဲ့ ဘဝနဲ့ မဟပ်မိသေးပါဘူး။ မောင် လုပ်နေပုံက သူတောင်းစား တစ်ယောက်ကို အဖိုးတန် ဦးထုပ် တစ်လုံး ပေးတာနဲ့ တူနေတယ်။ သူ့ရဲ့ ကိုယ်မှာတော့ အဝတ်အစား အစုတ်အပြတ်တွေ ဝတ်ထားပြီး ခေါင်းတစ်ခုထဲ ဦးထုပ် အကောင်း အဆောင်းခိုင်းတာမျိုးလို ဖြစ်နေတယ်"

"မင်း ပြောတာ ဟုတ်မယ်။ ဒါဟာ ကိုယ့် အနေနဲ့ မင့်ကို နောက်ဆုံး စာဖတ်ပြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဤအသေးအဖွဲကလေးများကို ပြန်လည် ပြောပြနေရခြင်းမှာ သူ၏ အယူအဆနှင့် အပြုအမူများကို ဖော်ပြလိုသောကြောင့် ဖြစ်၏။ သူ၏ စရိုက်ကို သိရှိ နားလည်ကြစေလိုသောကြောင့် ဖြစ်၏။ ဤမျှသာမက တစ်နေ့သ၌ သူသည် ကျွန်မ မမျှော်လင့်သော မေးခွန်း တစ်ခုကို ကောက်ကာ မေးလာသည်။

"မင်းအနေနဲ့ ကိုယ်တို့အတွက် တစ်ခုခု လုပ်မပေးချင်ဘူးလား"

"ဘယ်သူတွေ အတွက်လဲ"

"ကိုယ်တို့ လူစု အတွက်ပေါ့။ ဥပမာ ကြေညာစာတန်းတွေ ဝေပေးတာမျိုးပေါ့"

ကျွန်မတို့ နှစ်ယောက် ပို၍ နီးစပ်လာမည့် အရေးကို ကျွန်မက အမြဲတမ်း မျှော်လင့်တောင့်တနေသူ ဖြစ်၏။ ယင်းကြောင့် မဆိုင်းမတွပင် ဖြေလိုက်သည်။

"လုပ်ပေးမှာပေါ့။ ကျွန်မ ဘာလုပ်ရမယ်ဆိုတာသာ ပြောပါ။ ကျွန်မ လုပ်ပါ့မယ်"

"မင်း မကြောက်ဘူးလား"

"ဘာပြုလို့ ကြောက်ရမလဲ။ မောင် လုပ်လို့ရှိရင် ကျွန်မလဲ"

"ကောင်းပြီ။ ဒါပေမဲ့ မင်းကို ပထမဆုံး ရှင်းပြရဦးမယ်။ မင်းဟာ ဘာရည်မှန်းချက်အတွက် စွန့်စား လုပ်ဆောင်ရမယ်ဆိုတာကို နားလည်ရမယ်"

"ကဲ ပြောစမ်းပါဦး"

"မင်း စိတ်မဝင်စားပါဘူး"

"ဘာပြုလို့လဲ။ ကျွန်မ စိတ်ဝင်စားပါတယ်။ မောင် လုပ်သမျှတွေဟာ ကျွန်မအဖို့ စိတ်ဝင်စားစရာတွေချည်းပဲ"

သူက ကျွန်မကို ကြည့်လိုက်သည်။ ရုတ်တရက် မမျှော်လင့်ဘဲနှင့် သူ့ မျက်လုံးများ တောက်ပလာသည်။ သူ့ ပါးပြင်များ နီမြန်း၍ လာသည်။

"ကောင်းပြီ၊ ဒါပေမဲ့ ကနေ့တော့ အချိန် မရှိတော့ဘူး။ မနက်ဖြန်ကျမှ ကိုယ် အကုန်လုံး ရှင်းပြမယ်။ စာအုပ်တွေ နားထောင်ရတာ ပျင်းတယ်ဆိုရင် ကိုယ့် ကိုယ်ပိုင် ပါးစပ်နဲ့ ရှင်းပြမယ်။ ဒါပေမဲ့ တစ်ခုတော့ သတိထားနော်။ ဒီကိစ္စက ရေရှည်လုပ်ငန်းကြီး၊ သိလား။ ကိုယ် ပြောတာကို

www.burmeseclassic.com



သေသေချာချာ လိုက်ပြီး နားထောင်ရမယ်။ မင်း နားမလည်တာတွေ ပါတောင် နားလည်အောင် နားထောင်ရမယ်"

"ကျွန်မ နားလည်အောင် ကြိုးစားပါ့မယ်"

"ဟုတ်တယ် ကြိုးစားရမယ်"

သူ့ကိုယ်သူ ပြောသလို ပြောဆိုပြီးနောက် ထွက်သွားလေတော့သည်။ နောက်နေ့တွင် ကျွန်မ စောင့်နေသော်လည်း သူ ပေါ်မလာချေ။ နောက် နှစ်ရက်လောက် ကြာသောအခါတွင်မှ သူ ပေါက်ချလာပြီး ခုတင်ခြေရင်းရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ သို့ရာတွင် ဘာမျှ မပြော။ ယင်းကြောင့် ကျွန်မက–

"ကဲ ပြောလေ။ ကျွန်မ နားထောင်နေတယ်"

"ဒါတွေဟာ နားထောင်လို့ မကောင်းပါဘူး။ မင်း ဘာမှ ကြားမှာ မဟုတ်ပါဘူး"

"ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့"

"ကျွန်မကို အမှန် ပြောစမ်းပါ။ ကျွန်မဟာ ဘာကိုမှ နားလည်နိုင်စွမ်း သိနိုင်စွမ်း မရှိဘူးလို့ မောင် ထင်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ မထင်ပါဘူး"

"ဒါဖြင့် ဘာပြုလို့လဲ"

ကျွန်မတို့သည် ယင်းသို့ အတန်ကြာ ဆက်လက် ငြင်းခုံနေကြပြီးနောက်၊ နောက်ဆုံးတွင် သူက–

"ကိုယ် ဘာပြုလို့ မင်းကို ပြောမပြသလဲ ဆိုတာကို မင်း တကယ်ပဲ သိချင်သလား။ အကြောင်းကတော့ ကိုယ်ဟာ ဒီပြဿနာတွေ၊ ဒီသဘောတရားတွေကို မင်းကို ဘယ်လို ရှင်းလင်း ပြောပြရမယ်ဆိုတာ မသိလို့ဘဲ"

"ဘာပြုလို့ မသိရမလဲ။ ဒီအကြောင်းတွေကို မောင်ဟာ အမြဲတမ်း စဉ်းစားနေတာ မဟုတ်လား"

"ဟုတ်တယ်။ ကိုယ် အမြဲတမ်း စဉ်းစားနေတာပဲ။ ဒါပေမဲ့ မနေ့က ကျတော့ ကိုယ် ဘာမှ မသိတော့ဘူး"

"မဟုတ်သေးပါဘူး"

"ကိုယ် ပြောတာကို သေသေချာချာ နားလည်အောင် နားထောင် ကြည့်စမ်း။ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းက မင်းကို ကိုယ်တို့ လုပ်ငန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်ဖို့ ပြောခဲ့တယ်။ အဲဒီ အချိန်တုန်းကတော့ ကိုယ့် စိတ်ထဲမှာ သိပ်ကို သေချာနေတယ်။ ကိုယ်တို့ရဲ့ အယူအဆတွေကို မင်းကို ရှင်းပြလိုက်ရင် မင်းဟာ စိတ်ပါလက်ပါ ရှိလာမှာပဲလို့။ မင်းဟာ တစ်ခါတည်း ကောင်းကောင်းကြီး သဘောပေါက်သွားမှာပဲလို့။ ဒါပေမဲ့ ကနေ့ကျတော့ ကိုယ်ဟာ မရေမရာ ဖြစ်နေတယ်။ ကိုယ်ဟာ ဘာတစ်ခုကိုမှ နားမလည်နိုင်ဘဲ ဖြစ်နေတယ်"

"မောင် ဘာမှ နားမလည်တော့ဘူး။ ဟုတ်လား"

"ဟုတ်တယ်။ ကိုယ် ဘာကိုမှ နားမလည်တော့ဘူး။ အယူအဆ ခံယူချက်၊ သဘောတရား၊ အချက်အလက်၊ အမှတ်အသား၊ အမှားအမှန် ဘာမှ ကွဲကွဲပြားပြား မရှိတော့ဘူး။ အားလုံးဟာ တစ်လုံးတစ်ပေါင်းတည်း ဖြစ်နေတော့တယ်"

သူက အတန်ကြာ တိတ်ဆိတ် နေပြီးနောက်–

"အယူအဆနဲ့ သဘောတရားတွေကိုသာ နားမလည်တော့တာ မဟုတ်ဘူး။ ရုပ်ဝတ္ထုတွေကိုလဲ နားမလည်တော့ဘူး။ လူတွေကိုလဲ နားမလည်နိုင်တော့ဘူး။ မင်းဟာ ကိုယ့် နံဘေးက ဟောဒီ ကုလားထိုင် လက်တန်းပေါ်မှာ ထိုင်နေတယ်။ မင်းကတော့ ထင်လိမ့်မယ်။ ကိုယ်က မင်းကို မြင်တယ်လို့။ ဒါပေမဲ့ ကိုယ်က မင်းကို မမြင်ဘူး။ ဘာပြုလို့လဲဆိုတော့ မင်းကို နားမလည်လို့ဘဲ။ ကိုယ်က မင်းကို ထိကိုင် စမ်းသပ်ကြည့်လဲ အတူတူပဲ။ နားလည်မှာ မဟုတ်ဘူး။ ကဲ ကိုယ် တကယ်ပဲ မင်းကို ထိကြည့်မယ်"

သူက ယင်းသို့ ပြောဆိုရင်း ကျွန်မ၏ ရင်သားကို ပေါ်လွင်သွားစေသည်။

"မင်းရဲ့ ရင်သားကို ကိုယ် ထိကြည့်မယ်၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်၊ အပူအနွေး၊ အရောင်အဆင်းတို့ကို တွေ့နေရတယ်။ ဒါပေမဲ့ ဒါဘာလဲဆိုတော့ ကိုယ် နားမလည်ဘူး။ ကိုယ့်ဘာကိုယ် ပြောကြည့်တယ်။ ဟောဒီမှာ လုံးလုံးဝိုင်းဝိုင်း၊ ပူပူနွေးနွေး၊ နူးနူးညံ့ညံ့၊ ဖြူဖြူဖွေးဖွေး၊ မို့မို့မောက်မောက် အရာဝတ္ထု တစ်ခု။ အလယ်ဗဟို တည့်တည့်မှာ သေးသေးလုံးလုံးညိုညို အဖုကလေး တစ်ခု ရှိတယ်။ နို့ရည်ကို ပေးတယ်။ ကိုင်ကြည့်ရင် ကြည်နူးမှုကို ပေးတယ်။ ကိုယ့်ကို ရမ္မက်ဆန္ဒတွေ ဖြစ်ပေါ်စေတယ်။ ဒါပေမဲ့

www.burmeseclassic.com



ကိုယ်ဟာ အခုထက်ထိ ဘာတစ်ခုကိုမှ မသိသေးဘူး။ ကိုယ် ပြောတာကို သဘောပေါက်ပြီလား”

သူက ကျွန်မ၏ ရင်သားကို အတင်းဆုပ်ခြေရင်း ဒေါနှင့် မောနှင့် ပြောနေရာ ကျွန်မမှာ နာကျင်၍ လွှတ်ခနဲ အော်လိုက်မိသည်။ သူက ကျွန်မကို ချက်ချင်း လွှတ်လိုက်သည်။ အတန်ကြာတော့ သူ၏ ထင်မြင်ချက်ကို ပေးလေသည်။

“ဟုတ်တယ်။ လူတွေဟာ အခုလို နားမလည် သဘောမပေါက်နိုင်တာကြောင့် ရက်စက် ကြမ်းကြုပ်မှုတွေကို လုပ်တာပဲ။ တစ်ပါးသူရဲ့ နာကျင်မှုပေါ်မှာ အခြေခံပြီး ဖြစ်ရပ် အမှန်ကို သူတို့ ရှာနေကြတာနဲ့ပဲ တူတယ်”

“ဒါနဲ့များ မောင်ဟာ ဘယ်လိုလုပ်ပြီး ဟိုဟာ ဒီဟာတွေကို လုပ်နေနိုင်တာလဲ”

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ကျွန်မက မေးလိုက်ခြင်း ဖြစ်၏။

“ဘာကို ပြောတာလဲ”

“အင်း မောင်က ကျွန်မကို ကြေညာစာတန်းတွေ ပေးဖို့ ပြောတယ် မဟုတ်လား။ အဲဒီ ကြေညာစာတန်းတွေကို မောင် ကိုယ်တိုင် ရေးတယ် မဟုတ်လား။ ဒါပေမဲ့ မောင်ဟာ ဒါတွေကို မယုံဘဲနဲ့ ဘယ်လိုလုပ် ရေးပြီး ဘယ်လိုလုပ် ဝေသလဲ”

သူက ခပ်လှောင်လှောင် ရယ်လိုက်သည်။

“ကိုယ် ယုံကြည်တယ်လို့ သဘောထားပြီး လုပ်တာပေါ့”

“ဒါဟာ မဖြစ်နိုင်ဘူး”

“ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ။ လူတွေဟာ ဒီလိုပဲ လုပ်နေကြတာပဲ။ ထမင်း စားတာ၊ သောက်တာ၊ အိပ်တာ၊ ချစ်တာက လွဲလို့ပေါ့။ လူတိုင်းဟာ တကယ့်ကို ယုံကြည်တယ် ဆိုတဲ့ အနေမျိုးနဲ့ လုပ်နေကြတာပဲ။ ဒါကို မင်း သတိ မထားမိဘူးလား”

“ဟင့်အင်း”

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်မှန်းတော့ မသိ။ ယင်း အခါကာလက ကျွန်မတို့ ကြုံတွေ့ဖြတ်သန်းခဲ့ရသော ရာသီဥတုများကိုလည်း ကောင်းစွာ မှတ်မိနေပါသည်။ ဖေဖော်ဝါရီလသည် အေးမြခြင်း မိုးရွာခြင်းတို့ဖြင့် ကုန်ဆုံးခဲ့ချေပြီ။ မတ်လသည် ဆွတ်ပျံ့ဖွယ် ရက်များဖြင့် စတင်ခဲ့ချေပြီ။ ပင့်ကူ မြွေးများပမာ မိုးတိမ်ဖြူဖြူများသည် အာဇဗ္ဗာ ကောင်းကင် တစ်ခွင်လုံးတွင် ဖုံးလွှမ်းလျက်ရှိ၏။

မကြာမီ တစ်လောကလေးကမှ ဖြစ်ပျက်ခဲ့သော၊ အစစအရာရာသော အမှုအခင်းများသည် ယခုအခါ လုံးဝ ပျောက်ကွယ် ပျက်လွင့်ကုန်ကြပြီဟု ကျွန်မ ယုံကြည်ထားမိသည်။ ကျွန်မသည် ဆွန်ဇော်နိုကို တွေ့လည်း မတွေ့တော့။ သူ၏ မှုခင်းသတင်းများကိုလည်း မကြားရတော့။ ယင်းသို့ဖြင့် ကျွန်မသည် ရှေ့ခရီး တစ်ထောက်တွင် မိနိုနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆက်ဆံနေထိုင် သွားနိုင်တော့မည် ဖြစ်၏။ ကျွန်မသည် ယင်း စိတ်ကူးတို့ဖြင့် ပြည့်လျှမ်း၍ နေသဖြင့် ဘဝ၏ အဆင်း အနံ့ အရသာတို့ကို ပထမဆုံး အကြိမ်အဖြစ်နှင့် တွေ့ထိ ခံစားနေမိရပါတော့သည်။

သို့ရာတွင် ကျွန်မ၏ လုပ်ငန်း၊ ကျွန်မ၏ နေထိုင် စားသောက်မှုနှင့် ကျွန်မ၏ လူနေမှု ဘဝ တစ်ခုလုံးကား ပြောင်းလဲခြင်း မရှိပါသေးပေ။

www.burmeseclassic.com



တစ်နေ့တွင် အနာဂတ် ရေးရာများနှင့် ပတ်သက်၍ မီနိုနှင့် ဆွေးနွေးကြည့်သောအခါ သူက ဖက်လဲတကင်း တစ်မုဟုတ်ချင်း ပြောဆိုသည်မှာ–

"ကိုယ် မင်းကို လက်ထပ်မယ်။ ကိုယ်ဟာ ချမ်းသာတယ်။ ကိုယ့်အဘွားသေလို့ရှိရင်၊ သေလဲ သေတော့မှာပဲ။ ကိုယ်ဟာ လယ်တွေ အများကြီး အမွေရမယ်။ ကိုယ်တို့ဟာ တစ်အိုးတစ်အိမ် ထူထောင်ပြီး အစေခံတွေ အများကြီး ငှားထားမယ်။ မြင်းရထား တစ်စီး ဖြစ်ဖြစ်၊ ကားတစ်စီး ဖြစ်ဖြစ် ဝယ်ထားမယ်။ တစ်နေ့ကျရင် ကိုယ်တို့ဟာ မြို့စားကလေးတွေ မြို့စားကြီးတွေတောင် ဖြစ်လာမယ်"

"တော်စမ်းပါ မောင်ရယ်။ သူနဲ့ ဘာမှ အရေးကြီးတဲ့ ပြဿနာ ဆွေးနွေးလို့ မရဘူး။ မောင့်ကို ပြောလိုက်ရင် ဘာမဆို ပျက်ချော်ချော် လုပ်ပစ်လိုက်တာပဲ"

တစ်ညနေတွင်တော့ ကျွန်မသည် မီနိုနှင့်အတူ ရုပ်ရှင် သွားကြည့်ပါသည်။ အပြန်ခရီးတွင် ကျွန်မတို့သည် ကျပ်ကျပ်တောက်နေသော ဓာတ်ရထားဖြင့် လိုက်ပါလာသည်။ မီနိုသည် ကျွန်မနှင့်အတူ အိမ်သို့ လိုက်လာမည် ဖြစ်သည်။ ကျွန်မတို့သည် မြို့ရိုးအနီးမှ ဆိုင်ကလေးတွင် ထမင်းစားကြမည် ဖြစ်သည်။ သူက လက်မှတ် ယူ၍ ရှေ့မှ တက်သွားသည်။ ကျွန်မနောက်မှ ကပ်လိုက်သွားသော်လည်း လူအုပ်ကြောင့် သူ့ကို မျက်ခြည်ပြတ်သွားသည်။ ကျွန်မသည် ထိုင်ခုံ တစ်ခုကို တင်ပါးစောင်းတိုက်၍ ရပ်နေရင်း သူ့ကို ရှာဖွေ ကြည့်ရှုနေသည်။ ထိုစဉ်တွင် တစ်စုံတစ်ယောက်က ကျွန်မ၏ လက်ကို ကိုင်လာသည်။ ကျွန်မက ငုံ့ကြည့်လိုက်တော့ ကျွန်မ အောက်တည့်တည့်တွင် ထိုင်နေသူမှာ ဆွန်ဇော်နို ဖြစ်နေတော့၏။

ကျွန်မက ပင့်သက် ရှုလိုက်မိသည်။ တစ်ကိုယ်လုံး သွေးဆုတ်သွားပြီး ကျွန်မ၏ အမူအရာများ ပြောင်းလဲသွားပါသည်။ သူက ထုံးစံအတိုင်း ကျွန်မကို ငေးစိုက်ကြည့်နေသည်။ ထို့နောက် သူက ထိုင်နေရာမှ တစ်ဝက်လောက် ထလိုက်ပြီး ပြောချေသည်။

"ဒီမှာ ထိုင်လေ"

"ကျေးဇူးတင်ပါတယ်။ ကျွန်မ အခုပဲ ဆင်းတော့မှာပါ"

ကျွန်မက စကား အထစ်ထစ်ဖြင့် ပြန်ဖြေလိုက်သည်။

"ထိုင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

ကျွန်မက ထပ်မံ၍ ပြောလိုက်ပြီး ထိုင်ချလိုက်သည်။ ကျွန်မက ယင်းသို့ မထိုင်လိုက်လျှင်လည်း မေ့မူး၍ လဲကျသွားချေမည် ဖြစ်၏။ သူက ကျွန်မ ဘေးတွင် ရပ်နေပြီး ကျွန်မကို အကာအကွယ် ပေးထားသကဲ့သို့ လက်တစ်ဖက်က ကျွန်မ၏ ထိုင်ခုံကို ကိုင်ထားပြီး ကျန်တစ်ဖက်က ရှေ့ထိုင်ခုံကို ကိုင်ထားသည်။ သူ့တွင် အပြောင်းအလဲ ဘာမျှ မရှိ။ သူသည် ယခုထက်ထိ မိုးကာအင်္ကျီကြီးကို ဝတ်ထားဆဲ ဖြစ်၏။ ခါးပတ်ကို တင်းကျပ်စွာ ပတ်ထားဆဲ ဖြစ်၏။ သူ၏ မေးရိုးသည် သံပတ် ပေးထားသလို တလှုပ်လှုပ် တရွရွ ဖြစ်နေ၏။ ကျွန်မက မျက်လုံးများကို မှိတ်ထားလိုက်ပြီး ကိုယ့်စိတ်ကိုယ် ငြိမ်သက်အောင် ထိန်းသိမ်းလျက် ရှိပါသည်။ သူသည် ကျွန်မကို အမြဲတမ်း ဤအတိုင်းပဲ ကြည့်လေ့ ရှိ၏။ ဤအကြိမ်တွင် ပို၍ ခက်ထန်မာကျောသည်ဟု ကျွန်မ ထင်မိသည်။ ကျွန်မသည် သူ့ကို အလိုလိုပင် ကြောက်လန့်နေမိသည်။ ကျွန်မသည် သူ့ကို ဘာတစ်ခုမျှ ငြင်းဆန်နိုင်စွမ်း မရှိပါ။ ကျွန်မနှင့် သူ၏ အကြားတွင် ရှိသော အနှောင်အဖွဲ့သည် ကျွန်မနှင့် မီနို၏ ကြားတွင် ရှိသော အနှောင်အဖွဲ့ထက် ပို၍ အားကောင်းသည်ဟု ထင်မိပါသည်။ သို့ရာတွင် ယင်းအနှောင်အဖွဲ့သည် ချစ်ခြင်း မေတ္တာ မဟုတ်သည်တော့ကား သေချာသည်။ သူသည်လည်း ယင်းကဲ့သို့သော အနှောင်အဖွဲ့မျိုး ကျွန်မတို့ နှစ်ဦးကြားတွင် ရှိနေသည်ကို သိနေဟန် တူသည်။ သူသည် ကျွန်မကို အမြဲတမ်း ပိုင်စိုးပိုင်နင်း ဆက်ဆံလေ့ ရှိသည်။

"မင်းတို့ အိမ်ကို သွားကြရအောင်"

အတန်ကြာသော အခါတွင် သူက ပြောလိုက်သည်။

"သဘောပဲ"

မီနိုသည် လူအုပ်ကြီးကို ခက်ခက်ခဲခဲ တိုး၍ ကျွန်မဆီသို့ လျှောက်လာသည်။ ဆွန်ဇော်နို၏ ဘေးတွင် ရပ်လိုက်သည်။ ဆွန်ဇော်နို ကိုင်ထားသော ခုံတန်းကိုပင် ကိုင်လိုက်သည်။ ဓာတ်ရထား လှုပ်ယိမ်းသွားတိုင်း သူတို့ နှစ်ဦးသည် ကိုယ်လုံးချင်း တိုက်မိကြသည်။ မီနိုက တောင်းပန်သည်။ ကျွန်မက သူတို့ နှစ်ယောက်ကို အတူ တွေ့မြင်ရသောအခါ စိတ်ထဲတွင် ကသောင်းကနင်း ဖြစ်နေတော့၏။ သူတို့ ချင်းချင်းကတော့ တစ်ဦးကို တစ်ဦး မသိကြချေ။ ကျွန်မက မီနိုကို ကြည့်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကနေ့ည ကျွန်မ လူတစ်ယောက်နဲ့ ချိန်းထားတာ ရှိတယ်။ ဒီတော့ ကျွန်မတို့ အခုပဲ လူချင်းခွဲ ကြစို့လား"

"အိမ်အထိ လိုက်ပို့ ပေးမယ်လေ"

မီနီက ပြောသည်။

"ဟင့်အင်း၊ နေပေ့စေတော့။ ကျွန်မတို့ ဓာတ်ရထား မှတ်တိုင်မှာပဲ ဆုံကြဖို့ ချိန်းထားတယ်"

ဤကား အဆန်းမဟုတ်ချေ။ ကျွန်မက ယခုအထိ အိမ်သို့ ဧည့်များ ခေါ်သွားနေဆဲပင် ဖြစ်ကြောင်းကို မီနီ သိ၏။

"သဘောပဲလေ၊ ဒါဖြင့် ကိုယ် မနက်ဖြန်ကျမှ လာတော့မယ်"

မီနီက တည်ငြိမ်စွာ ပြန်ပြောသည်။ ကျွန်မက သဘောတူသည့် အနေဖြင့် ခေါင်းညိတ်လိုက်သည်။ သူက လူအုပ်ကြီးကို တိုးထွက်သွားလေတော့၏။

လူအုပ်ကြီး အတွင်းသို့ သူ တိုးဝင်သွားနေသည်ကို တွေ့မြင်နေရသော အခါတွင် ကျွန်မမှာ များစွာမှ စိတ်ပျက်လက်ပျက် ရှိရပါတော့သည်။ သူ့ကို နောက်ဆုံး အကြိမ်အဖြစ် မြင်တွေ့နေရခြင်းပမာ ဖြစ်ပါသည်။ ကျွန်မက သူ့ကို ပြန်လာရန် အော်ခေါ်လိုက်ချင်သည်။ သို့ရာတွင် ကျွန်မ၏ အသံသည် လည်ချောင်းထဲတွင် တစ်ဆို့လျက် ရှိသည်။ ဓာတ်ရထား ရပ်သွားသည်။ သူ ဆင်းသွားသည်ကို ကျွန်မက မြင်နေရသည်ဟု ထင်သည်။ ထို့နောက် ဓာတ်ရထားသည် ဆက်၍ ထွက်လာပြန်တော့သည်။ သူ ကျန်ရစ်ခဲ့ချေပြီ။

လမ်းတစ်လျှောက်လုံး ဆွန်ဇော်နီနှင့် ကျွန်မတို့သည် နှုတ်ဆိတ်၍ လိုက်ပါလာကြသည်။ ကျွန်မတို့ နှစ်ယောက်ကြားတွင် ဘာပြဿနာမျှ မရှိတော့ဟု ယူဆပြီးချိန်တွင်မှ သူနှင့် ထပ်မံ၍ တွေ့နေရသည့်အတွက် ကျွန်မက စိတ်မကောင်း ဖြစ်နေသည်။

ကျွန်မက မှတ်တိုင်တွင် ရပ်နေသေးသည်။ ဓာတ်ရထား ထွက်သွားတော့မှ နောက်ဘက်သို့ လှည့်မကြည့်ဘဲ လျှောက်ခဲ့သည်။ ဆွန်ဇော်နီက ကျွန်မ ဘေးတွင် ရှိနေသည်။ ကျွန်မ၏ ခေါင်းကို နည်းနည်းကလေး ငဲ့လိုက်လျှင် သူ့ကို တွေ့မြင်ရမည် ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်မက မေးလိုက်သည်။

"ရှင် ကျွန်မနဲ့ ဘာကိစ္စ ရှိလို့လဲ။ ကျွန်မဆီကို ဘာပြုလို့ ပြန်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြန်လာနိုင်တယ်လို့ မင်းပဲ ပြောခဲ့တယ် မဟုတ်လား"

သူက အံ့သြသည့် အမူအရာဖြင့် ပြန်ပြောသည်။ မှန်ပေသည်။ ကျွန်မက ကြောက်လန့်မှု လွန်ကဲနေသဖြင့်သာ ယင်းအချက်ကို မေ့လျော့နေမိခြင်း ဖြစ်သည်။ သူက ကျွန်မ အနီးသို့ ကပ်သည်ထက် ကပ်လာပြီး ကျွန်မ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ ကျွန်မ၏ ကိုယ်သည် တဆတ်ဆတ် တုန်လာတော့သည်။

"စောစောက လူက ဘယ်သူလဲ"

"ကျွန်မ မိတ်ဆွေ တစ်ယောက်ပဲပေါ့"

"ဂျီနိုနဲ့ တွေ့သေးသလား"

"တစ်ခါမှ မတွေ့ဘူး"

သူက နဘေး နဘီကို လျင်မြန်စွာ မျက်လုံး ကစားလိုက်ပြီးနောက်–

"ကိုယ့် နောက်ကို သူတို့ လိုက်နေကြပြီလို့ ကိုယ် ထင်နေတယ်။ ကိုယ့် သတင်းကို ပေးနိုင်တဲ့ သူကတော့ နှစ်ယောက်ပဲ ရှိတယ်။ မင်းနဲ့ ဂျီနိုပဲ"

"ဂျီနိုက ဒီအကြောင်းတွေကို သိလို့လား"

ကျွန်မက လေသံဖြင့် မေးလိုက်သည်။ သို့ရာတွင် ကျွန်မ၏ ရင်များသည် တဒိန်းဒိန်း ခုန်လျက် ရှိတော့၏။

"အဲဒီ ပေါင်ဒါဘူးကို ရွှေကုန်သည် တစ်ယောက်ဆီမှာ သွားရောင်းတယ်ဆိုတာကို သူ သိတယ်လေ။ ရွှေကုန်သည်ရဲ့ နာမည်ကိုတောင် ကိုယ်က သူ့ကို ပြောပြလိုက်မိတယ်။ ဒါပေမဲ့ ကိုယ်သတ်တယ် ဆိုတာတော့ သူ သေသေချာချာ မသိဘူးပေါ့။ ဒါပေမဲ့ ဒါလောက်တော့ သူ လွယ်လွယ်ကလေးနဲ့ စဉ်းစားကြည့်နိုင်တာပဲ"

"ရှင့်ကို ပုလိပ်လက် အပ်လိုက်လို့ ဂျီနို့မှာ ဘာမှ အကျိုးထူးရစရာ မရှိပါဘူး။ တကယ်တော့ သူ့ကိုယ်သူ ပုလိပ်လက် အပ်လိုက်တာနဲ့ အတူတူပါပဲ"

"ကိုယ်လဲ ဒီလိုပဲ စဉ်းစားမိတာပဲ"

သူက ခပ်ညည်းညည်း ပြောလေသည်။

"ကျွန်မ အတွက်တော့ ရှင် စိတ်ချထားပါ။ ကျွန်မ ဘယ်တော့မှ ထုတ်ဖော် မပြောပါဘူး။ ကျွန်မ အရူး တစ်ယောက် မဟုတ်ပါဘူး။ ကျွန်မ ပြောခဲ့ရင် ကျွန်မလဲ အတူတူပဲ။ အဖမ်းခံရမှာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အတည်ငြိမ်ဆုံးသော လေသံဖြင့် ပြောလိုက်သည်။ ကျွန်မတို့သည် လေသံ တိုးတိုးဖြင့် စကား ပြောလျက် ရှိကြသော်လည်း တစ်ဦးကို တစ်ဦးကား ငဲ့စောင်း၍ မကြည့်ဘဲ ကိုယ့်လမ်းကိုယ် လျှောက်လာနေကြသည်။ ညနေ ဆည်းဆာ ဖြစ်သည်။ ပြာလဲ့လဲ့ မြူနှင်းများသည် ညို့မှိုင်းသော မြို့ရိုးကြီးကို လွှမ်းခြုံထားလျက် ရှိသည်။ ဝင်းတံခါးပေါက်သို့ ရောက်သော အခါတွင် ကျွန်မ စိတ်ထဲတွင် မီနိုအား သစ္စာမဲ့နေမိပြီဟု ထင်မြင်လာမိသည်။ ကျွန်မက အိမ်ဝင်းထဲသို့ ဝင်လိုက်ပြီး တံခါးကို နောက်ပြန် ဆွဲပိတ်လိုက်သည်။ အမှောင်ထဲတွင် ငြိမ်သက်စွာ ရပ်နေမိသည်။ ပြီးတော့မှ ဆွန်ဇော်နိဘက်သို့ လှည့်လိုက်သည်။

"ဒီမယ် ရှင် ပြန်ပါလား"

"ဘာလို့လဲ"

ကျွန်မက သူ့ကို အမှန်အတိုင်း ပြောပြလိုက်ချင်သည်။ သို့ရာတွင် ကြောက်ရွံ့စိတ်က ကျွန်မကို လွှမ်းမိုးလျက် ရှိသည်။

"ဘာပြုလို့လဲဆိုတော့ ကျွန်မဟာ လူတစ်ယောက်နဲ့ မေတ္တာ ရှိနေတယ်။ အဲဒီ လူအပေါ်မှာ သစ္စာမဲ့ရာ မရောက်ချင်ဘူး"

"အဲဒီ လူက ဘယ်သူလဲ။ ဓာတ်ရထားပေါ်က လူပဲလား"

ကျွန်မက မီနိုအတွက် စိုးရိမ်ပူပန်သွားမိသည်။ ယင်းကြောင့် ကမန်းကတန်း ပြောလိုက်သည်။

"ဟင့်အင်း၊ မဟုတ်ဘူး။ တခြား လူတစ်ယောက်ပဲ။ သူ့ကို ရှင် မသိပါဘူး။ အဲဒီတော့ ကျွန်မ တောင်းပန်ပါတယ်။ ရှင် ပြန်ပါတော့"

"ကိုယ် မသွားဘူး ဆိုရင်ကော"

"လောကကြီးမှာ ရှင် အနိုင်ကျင့်ယူလို့ မရတဲ့ဟာတွေ ရှိနေသေးတယ်ဆိုတာ ရှင် မသိဘူးလား"

ကျွန်မ၏ စကား မဆုံးပါချေ။ အမှောင်ထဲတွင် သူ့ကို လည်ကောင်း၊ သူ၏ လှုပ်ရှားမှုကို လည်းကောင်း မမြင်လိုက်ရဘဲနှင့် ကျွန်မ၏ ပါးတစ်ဖက်အား လက်ပြန်ရိုက်ချလိုက်သည်ကို ရုတ်တရက် ခံစားလိုက်ရပါသည်။

"သွားစမ်း"

သူက ပြောလိုက်သည်။ ကျွန်မက ခေါင်းငိုက်စိုက်နှင့် လှေကားကို အသော့အနှင် တက်လိုက်သည်။ သူက ကျွန်မ လက်မောင်းကို ကိုင်၍

www.burmeseclassic.com

www.burmeseclassic.com



လှေကား တစ်ထစ်ချင်းကို တွဲတင်ပေးနေသည်။ သူက ကျွန်မကို မြှောက်ကိုင်၍ ကျွန်မမှာ ပျံတက်သွားနေသကဲ့သို့ ဖြစ်ပါသည်။ ကျွန်မ၏ ပါးသည် မည်သို့မျှ ဖြစ်မသွားပါ။ သို့ရာတွင် ကျွန်မအဖို့ အနာကျင်စေဆုံးမှာ အရိုက်ခံရခြင်း မဟုတ်ဘဲ ကျွန်မ၏ ကြည်နူး ပျော်ရွှင်နေမှုများ ရုတ်တရက် ပြတ်တောင်းသွားရခြင်းပင် ဖြစ်သည်။ အခက်အခဲများ၊ စိုးရိမ် ကြောက်လန့်မှုများနှင့် အတိတ်ကာလသည် ပြန်၍ လာနေချေပေပြီ။ တစ်မုဟုတ်ချင်းမှာပင် ကျွန်မ ခေါင်းထဲတွင် ထွက်ပြေးချင်သည့် စိတ်ကူး တစ်ခု ပေါက်လာတော့သည်။ ကနေ့ပင် ထွက်ပြေးချင်သည်။ ဂျီဆယ်လာထံသို့ပင် ဖြစ်ဖြစ်။ သို့မဟုတ် အခြား အခန်း တစ်ခုခုသို့ပဲ ဖြစ်ဖြစ် ဖြစ်ပါသည်။

ကျွန်မသည် ယင်းသို့ အတွေးများဖြင့် ပြည့်လျှမ်းနေမိသဖြင့် ကျွန်မ၏ အခန်းထဲသို့ ရောက်လာသည်ကို မသိလိုက်မိဘဲ ရှိပါသည်။ ကျွန်မသည် အိပ်ရာက နိုးလာသည့်အလား ကျွန်မကိုယ် ကျွန်မ ခုတင်စွန်းတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဆွန်ဇော်နိုကတော့ အင်မတန်မှ တိကျ သေသပ်သူ တစ်ဦးပမာ အဝတ်များကို ချွတ်ကာ ကုလားထိုင်ပေါ်တွင် တစ်ခုပြီး တစ်ခု စနစ်တကျ တင်ထားလျက် ရှိနေပါသည်။ သူသည် ယခုအခါ အမျက်ဒေါသများ ပြယ်၍ သွားပေပြီ။

"ကိုယ်က အစောကြီးကတည်းက လာဖို့ပဲ။ ဒါပေမဲ့ မလာဖြစ်ခဲ့ဘူး။ ကိုယ်ဟာ ဒီအတွင်းမှာ မင်း အကြောင်းပဲ စဉ်းစားနေမိခဲ့တယ်။ အခုလဲ မင်းကို ပြောစရာ တစ်ခု ရှိလို့ လာခဲ့တာပဲ"

"ဘာများလဲ"

"ကိုယ့်မှာ ငွေ တော်တော်ကလေး ရှိတယ်။ အဲဒီတော့ ကိုယ်တို့ မီလန်မြို့မှာ သွားပြီး နေကြရအောင်။ အဲဒီမှာ ကိုယ့် မိတ်ဆွေတွေ အများကြီး ရှိတယ်။ ကိုယ့် အနေနဲ့ ကားရုံ တစ်ခု တည်ထောင်မယ်။ အဲဒီမှာ ကိုယ်တို့ လက်ထပ်ကြတာပေါ့"

ကျွန်မသည် အရည်ပျော်သွားသည်ဟု ထင်မိသည်။ မျက်လုံးများကို မှိတ်ထားလိုက်မိသည်။ ဂျီနို ပြီးသည် နောက်ပိုင်းတွင် ကျွန်မအား လက်ထပ်လိုပါသည်ဟု ကမ်းလှမ်းခြင်း ပြုသည်မှာ ယခုအကြိမ်သည် ပဏာမဆုံး အကြိမ်ပင် ဖြစ်တော့၏။ ကမ်းလှမ်းခြင်း ပြုသူမှာကား လူသတ်သမားကြီး ဆွန်ဇော်နိုပင် ဖြစ်နေချေတော့၏။ ကျွန်မက သူ့ အကြောင်းကို ဘာမျှ

www.burmeseclassic.com

www.burmeseclassic.com



မသိ။ လူတစ်ယောက်အား သတ်လာခဲ့သည် ဆိုတာကိုပဲ သိ၏။ အင်မတန်မှ ကြမ်းတမ်း ခက်ထရော်သူ တစ်ဦး အဖြစ်သာ သိ၏။

"ကျွန်မကို စဉ်းစားဖို့ အချိန် ပေးပါလား ရှင်"

ကျွန်မက အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ပြောလိုက်၏။ သို့ရာတွင် ကျွန်မအဖို့ အံ့သြရပြန်သည်မှာ သူသည် ရှုးရှုးရှဲရှဲ ဖြစ်မလာဘဲ ခပ်အေးအေးပင် ပြန်၍ အဖြေ ပေးလေသည်။

"စဉ်းစားနိုင်ပါတယ်။ အခုချက်ချင်း အဖြေ ပေးရမယ်လို့ မဟုတ်ပါဘူး။ အလောတကြီး မဟုတ်ပါဘူး"

ကျွန်မက တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်၏။ ထိုင်ရာမှ ထ၍ ကုတ်အင်္ကျီကို ချွတ်လိုက်၏။ ပြီးတော့ အင်္ကျီချိတ်တွင် သွားချိတ်ထားလိုက်၏။ ထို့နောက် ထုံးစံအတိုင်း တံခါးကို သော့ခတ်လိုက်၏။ ပြတင်းပေါက်ဆီသို့ အေးအေးဆေးဆေးပင် လျှောက်သွားပြီး တရုတ်ကပ်များကို ပိတ်လိုက်၏။ ထို့နောက် မှန်ရှေ့တွင် ရပ်ကာ အပေါ်အင်္ကျီ ကြယ်သီးများကို စတင်၍ ဖြုတ်၏။ သို့ရာတွင် ပြီးစီးအောင် မဖြုတ်သေးဘဲ ရုတ်တရက် ရပ်စဲလိုက်ကာ ဆွန်ဇော်နီဘက်သို့ လှည့်လိုက်သည်။ သူက ကုတင်စွန်းတွင် ထိုင်၍ ကုန်းငုံ့ကာ ဖိနပ်ကြိုးများကို ဖြေနေသည်။

"ဘြော် ခဏနေဦး။ ကနေ့ည လူတစ်ယောက် လာဖို့ ရှိတယ်။ သူလာရင် ပြန်လွှတ်လိုက်ဖို့ အမေ့ကို သွားပြော ထားလိုက်ဦးမယ်"

ကျွန်မက ယခုမှ သတိရလာသည့်အလား ပြောလိုက်သည်။ သူက ဘာမျှ ပြန်မပြော။ ပြောချိန်လည်း မရှိ။ ကျွန်မက အခန်းထဲမှ ရုတ်ခြည်း ထွက်ခဲ့သည်။ တံခါးကို ပိတ်၍ ဧည့်ခန်းသို့ လျှောက်သွားသည်။

အမေသည် ပြတင်းပေါက် အနီးရှိ အပ်ချုပ်စက်တွင် ရှိနေသည်။ အမေသည် အလုပ် မလုပ်ဘဲ နေရသည်ကို ငြီးငွေ့လာသဖြင့် မကြာမီ တစ်လောကလေးကမှ စက် ပြန်ချုပ်ခဲ့ခြင်း ဖြစ်သည်။

"ဒီမယ် အမေ။ မနက်ဖြန် မနက်ကျရင် ကျွန်မဆီကို ဖုန်းဆက်ပါ။ ဂျီဆယ်လာတို့အိမ်၊ ဒါမှမဟုတ် ဇီလင်ဒါတို့ အိမ်ကိုပေါ့"

ကျွန်မက သုတ်သီးသုတ်ပျာနှင့် ပြောလိုက်သည်။ ဇီလင်ဒါမှာ မြို့ အလယ် တစ်နေရာတွင် အခန်းများကို ငှားစားသော အမျိုးသမီးကြီး တစ်ယောက် ဖြစ်သည်။ ကျွန်မသည် တစ်ခါတစ်ခါတွင် ကျွန်မ၏ ညီ့များနှင့် အတူ သူမ၏ အခန်းများသို့ သွားလေ့ရှိသည်။ အမေက သူမကို သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ကျွန်မ အခု အပြင်သွားမလို့။ အဲဒီ အခန်းထဲကလူ အပြင်ထွက်လာပြီး ကျွန်မကို မေးရင် ဘယ်ထွက်သွားမှန်း မသိဘူးလို့ ပြော။ ကြားလား"

အမေက ကျွန်မကို ငေးကြည့်နေသည်။

"အရေးအကြီးဆုံးကတော့ ကျွန်မ ဘယ်သွားတယ်ဆိုတာ သူ့ကို မပြောဖို့ဘဲ။ သူ ကျွန်မကို သတ်လိမ့်မယ်"

"ဒါပေမဲ့"

"ပိုက်ဆံတွေကို ထားနေကျ နေရာမှာပဲ ထားတယ်။ သတိထားပါ။ သူ့ကို ဘာမှ မပြောနဲ့။ မနက်ဖြန်ကျရင် ကျွန်မဆီကို ဖုန်းဆက်ပါ"

ကျွန်မက အခန်းထဲမှ ခြေဖျားထောက်၍ ထွက်ခဲ့သည်။ လမ်းပေါ်သို့ ရောက်သောအခါတွင် ကျွန်မသည် စတင်၍ ပြေးမိပါတော့သည်။ ယခုအချိန်တွင် မီနို သူ့ အိမ်တွင် ရှိနေမည်ကို ကျွန်မ သိသည်။ ညစာ စားပြီးနောက် သူ့ မိတ်ဆွေများနှင့် အပြင်သို့ ထွက်မသွားခင်တွင် ကျွန်မက အရင်ရောက်သွားဖို့ အရေးကြီးသည်။ အတော်ကလေး ပြေးမိသောအခါတွင် အငှားကား တစ်စီးကို တွေ့၍ မီနိုတို့ အိမ်သို့ အမြန်ဆုံး မောင်းခိုင်းပါတော့၏။

မီနိုတို့ တိုက်သို့ ရောက်သောအခါတွင် ကျွန်မသည် အသက်ရှူ မမှန်ဘဲ လှေကား နှစ်ထစ် ကျော်နင်း၍ ပြေးတက်သွားမိသည်။ တံခါး လာဖွင့်ပေးသော အစေခံမကြီးကို မီနိုနှင့် တွေ့လိုကြောင်း ပြောလိုက်သည်။

သူမက ကျွန်မကို ပြုံးတုံးပြုံးတဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြည့်နေပြီးနောက် ဘာတစ်ခွန်းမျှ မပြောဘဲနှင့် အိမ်ထဲသို့ ကသုတ်ကရုတ် ဝင်သွားလေတော့၏။ ကျွန်မ တစ်ယောက်တည်း တံခါးဝတွင် အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့ပါတော့သည်။ သို့ရာတွင် သူမသည် မီနိုအား သွား၍ အကြောင်းကြားသည်ဟုပင် ထင်မိပြီး ကျွန်မက အိမ်ရှေ့ခန်းထဲသို့ ဝင်လိုက်မိ၏။ တံခါးကို ပြန် ပိတ်ထားလိုက်၏။

ထို့နောက် အိမ်ရှေ့ခန်းနှင့် စင်္ကြံလမ်းကို ခြားထားသော ကန့်လန့်ကာ နောက်ဘက်ဆီမှ တိုးတိုး တိုးတိုး ပြောသံများကို ကြားရ၏။ ခဏ အကြာတွင် ကန့်လန့်ကာ ပွင့်လာပြီး မုဆိုးမ မီဒိုလာဂီ ထွက်လာသည်။ သူမက ကျွန်မနှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ပြီး မေးပါသည်။

"ဆီညိုဒီယိုဒါတီနဲ့ တွေ့ချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သူ့ကို ဖမ်းသွားကြပြီ"

"ဖမ်းသွားကြပြီ၊ ဟုတ်လား။ ဘာပြုလို့လဲ"

"ဒါကတော့ မသိဘူး။ ပုလိပ်တွေ ဒီကိုလာပြီး တစ်အိမ်လုံးကို ရှာကြတယ်။ ပြီးတော့ သူ့ကို ဖမ်းသွားကြတယ်"

သူမ၏ အမူအရာသည် ကျွန်မကို သည့်ထက် ပို၍ ပြောပြလိုဟန် မရှိပေ။ သို့ရာတွင် ကျွန်မက ဇွတ်နှစ်၍ မေးနေမိသည်။

"သူ့ကို ဘာကိစ္စ ဖမ်းကြတာလဲ"

"တို့ ဘာမှတော့ မသိဘူးဆိုတာ ကလေးမကို ပြောပြီးပါပကော"

"သူ့ကို ဘယ်ခေါ်သွားကြသလဲ"

"တို့ ဘာမှ မသိဘူး"

"ဒါပေမဲ့ ကျွန်မကို တစ်ခုတော့ ပြောပါဦး။ သူ ဘာများ မှာခဲ့သေးသလဲ"

ဤတစ်ကြိမ်တွင်တော့ သူမက ဘာအဖြေမျှပင် မပေးတော့ဘဲ အစေခံမကြီးကို ခေါ်ကာ ကျွန်မကို အပြင်သို့ လိုက်ပို့ရန် ပြောလိုက်လေသည်။ ယဉ်ယဉ်ကျေးကျေးနှင့် နှင်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

ဤအချိန်မျိုးတွင် ကျွန်မ၏ ခေါင်းထဲသို့ ပထမဆုံး ဝင်လာသူမှာ အက်စ်တာရီတာပင် ဖြစ်သည်။ ယင်းကြောင့် ကျွန်မက ပထမဆုံး တွေ့ရှိသော ကဖေး တစ်ခုမှ နေ၍ သူ့ထံသို့ ဖုန်းဆက်လိုက်သည်။

"အက်ဒရီယာနာပါ။ ရှင်နဲ့ တွေ့ချင်လို့"

"အခုချက်ချင်းလား"

"ဟုတ်တယ်။ အခုချက်ချင်းပဲ။ သိပ်အရေးကြီးတယ်"

သူက အတန်ကြာ စဉ်းစားနေပြီးနောက် ကျွန်မ လာနိုင်ကြောင်း ပြောလိုက်သည်။ ဤကား ကျွန်မ အနေနှင့် အက်စ်တာရီတာ၏ ရုံးခန်းသို့ ဒုတိယအကြိမ် သွားရောက်ဖူးခြင်းပင် ဖြစ်တော့သည်။

အက်စ်တာရီတာသည် ကျွန်မကို မြင်တွေ့သောအခါ ရှေ့သို့ ကမန်းကတန်း ပြေးလာပြီးနောက် ကျွန်မလက်ကို နမ်းလိုက်သည်။ ထို့နောက် အခန်းတစ်ဖက်ရှိ ဆိုဖာဆီသို့ ခေါ်ဆောင်သွား၏။

မီနို အဖမ်းခံရခြင်းသည် အက်စ်တာရီတာ၏ လက်ချက်ပင် ဖြစ်ရမည်ဟု ကျွန်မက တွက်ထား၏။ သူသည် နိုင်ငံရေး ရဲအဖွဲ့တွင် အရေးပါ

www.burmeseclassic.com



အရာရောက်သူ တစ်ဦး ဖြစ်၏။ နိုင်ငံရေး စုံထောက်များက မီနိုကို စောင့်ကြည့်နေခဲ့ကြသည်မှာ အတော်ကြာလောက်ပြီ ဖြစ်၏။ သူတို့သည် ကျွန်မနှင့် မီနို အဆက်အသွယ် ရှိကြောင်းကို သိကြမည် အမှန်ပင် ဖြစ်၏။ အက်စ်တာရီတာသည် မီနိုကို နိုင်ငံရေးကြောင့် ဖမ်းဆီးခြင်းထက် ကျွန်မနှင့် ပတ်သက်ပြီး မနာလို ဝန်တိုမှုကြောင့် ဖမ်းဆီးခြင်းက ပို၍ ဖြစ်နိုင်ပေသည်။ ယင်းသို့ တွေးမိသောအခါတွင် ကျွန်မသည် အက်စ်တာရီတာကို အတော်ကြီး စိတ်ဆိုးဒေါသ ဖြစ်မိသည်။

သို့ရာတွင် ကျွန်မသည် ဝမ်းထဲ၌ ဗလောင် ဆူနေသော အမျက်ဒေါသများကို ချုပ်တည်းထားလိုက်ပြီး–

"ဒီမယ် အက်စ်တာရီတာ၊ ရှင် မီနိုကို ဖမ်းထားခဲ့ရင် အခုချက်ချင်း ပြန်လွှတ်ပေးပါ။ နို့မဟုတ်ရင်တော့ ရှင်နဲ့ ကျွန်မနဲ့ အပြတ်ပဲ"

သူ့မျက်နှာတွင် အံ့အားသင့်မှုနှင့် မကြည်သာမှုတို့ ရောယှက်၍ ပေါ်လွင်လာသည်။ ယင်းကြောင့် မီနို၏ ကိစ္စကို သူဘာမျှ မသိဟု ကျွန်မ ယူဆလိုက်သည်။

"နေစမ်းပါဦး။ မင်း ဘာတွေ ပြောနေတာလဲ။ ဘယ်က မီနိုလဲ"

သူက အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

သည်တော့မှ ကျွန်မက မီနိုအား ချစ်နေမိသည့် အကြောင်းနှင့် ယနေ့ညနေပိုင်းတွင် မီနို အဖမ်းခံသွားရသည့် အကြောင်းများကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။ ကျွန်မက မီနိုအား ချစ်နေမိသည့် အကြောင်း ပြောသောအခါ သူ့မျက်နှာတွင် သွေးဆုတ်သွားသည်ကို တွေ့ရသည်။

ယခုအခါတွင် မီနို အဖမ်းခံရခြင်းသည် အက်စ်တာရီတာနှင့် မည်သို့မျှ မပတ်သက်ကြောင်းကို သိရပြီ ဖြစ်သဖြင့် ကျွန်မ၏ ဒေါများ မာန်များသည် ကျဆုံးသွားပြီး အားနည်းခြင်း စိတ်ပျက်ခြင်းတို့က စိုးမိုးလာကြတော့၏။ မျက်ရည်များ စို့ရွဲလျက် ရှိရတော့၏။

"သူ့ကို ဘယ်လိုများ လုပ်ကြမလဲ မသိဘူး။ နိုင်ငံရေး အကျဉ်းသမားတွေကို နှိပ်စက် ညှဉ်းပန်းကြတယ်လို့ သူ ကျွန်မကို ပြောဖူးတယ်"

ကျွန်မက နာကျင်သော ဝေဒနာဖြင့် ပြောမိသည်။ အက်စ်တာရီတာက ချက်ချင်းပင် ကျွန်မ၏ စကားကို ဖြတ်၍ ပြောလေသည်။

"သိပ်လဲ ပူမနေပါနဲ့။ သူဟာ နိုင်ငံရေးသမား ဖြစ်ပေမဲ့ ကျောင်းသားတစ်ယောက် ဖြစ်နေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူ အဖမ်းခံနေရတာကို ကျွန်မ ကြည့်မနေနိုင်ဘူး"

ကျွန်မက ငိုကြွေးရင်း ပြောလိုက်သည်။ အက်စ်တာရီတာက ကျွန်မကို ကြည့်နေသည်။ သူသည် ကျွန်မ တောင်းဆိုသည့် အခွင့်အရေး တစ်ခုကို ပထမဆုံး အကြိမ်အဖြစ်နှင့် မလုပ်ပေးလိုဘဲ ဖင့်လေးနေခြင်း ဖြစ်သည်။

"ရှင့် သူ့ကို ထောင်ထဲက ထုတ်ပေးနိုင်ရင် ရှင် လိုချင်တာ ဘာမဆို ကျွန်မ လုပ်ပေးမယ်လို့ ကတိ ပေးပါတယ်"

ကျွန်မက သူ့ လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်။

"ဘယ့်နှယ်လဲ။ ကျွန်မ ပြောတာ လုပ်ပေးမလား"

ကျွန်မက ရှေ့သို့ ကုန်းညွတ်၍ နှုတ်ခမ်းစုံကို စုပေးရင်း မေးလိုက်ပြန်သည်။ သူက ကျွန်မကို ငေးကြည့်နေသည်။ ကျွန်မကို နမ်းလည်း နမ်းလိုသည်။ မျက်ရည်စက်လက်နှင့် လာဘ်ထိုးနေမှုန်း သိ၍လည်း ဆုတ်ဆိုင်းနေသည်။ ထို့နောက် သူသည် ကျွန်မကို တွန်းဖယ်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။ ကျွန်မအား စောင့်နေရန် ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

အက်စ်တာရီတာသည် မီနိုကို လွှတ်ပစ်မည် ဖြစ်ကြောင်း ကျွန်မ အနေနှင့် သေချာသွားပေပြီ။ ကျွန်မက မိနစ်များကို ရေတွက်၍ နေမိသည်။ အက်စ်တာရီတာ ပြန်လာသောအခါတွင် ကျွန်မက မတ်တတ် ထလိုက်သည်။ သူ့ကို ကျေးဇူးတင်စကား ပြောပြီးနောက် မီနိုထံသို့ အပြေး အပြေး သွားရတော့မည်ဟု ယူဆပြီးတော့၍ ဖြစ်သည်။

သို့ရာတွင် အက်စ်တာရီတာ၏ မျက်နှာပေါ်တွင် စိတ်ပျက်မှုနှင့် ဒေါသ ဖြစ်မှုများ ရောပြွမ်းလျက် ရှိသည်ကို တွေ့ရ၏။

"သူ အဖမ်းခံရတယ်ဆိုတာ ဘယ်မှာ ဟုတ်လို့လဲ။ မင်းက ဘာ သဘောနဲ့ ငါ့ကို လာပြောတာလဲ။ သူက ရဲအဖွဲ့ဝင်တွေကို သေနတ်နဲ့ ပစ်ပြီး ထွက်ပြေးသွားတာပဲ။ ရဲအဖွဲ့ဝင် တစ်ဦးဟာ အခု ဆေးရုံမှာ သေတော့မယ်။ အခုလောက် ဆိုရင်တော့ သူ့ကို သူတို့ မိကြလောက်ရောပေါ့။ ဒါပေမဲ့ ဒီကိစ္စမှာ ကိုယ် ဘာမှ မတတ်နိုင်ဘူး"

ကျွန်မက အသက်ရှူ မှော၍ အံ့သြခြင်းမက အံ့သြမိပါတော့သည်။ ကျွန်မက သူ့ သေနတ်ထဲမှ ကျည်ဆန်များကို ထုတ်ပစ်ထားခဲ့သည်။ သို့ရာတွင် သူသည် ကျွန်မ မသိအောင် ကျည်ဆန်များ ထပ်၍ ထည့်ထားခဲ့ခြင်း ဖြစ်ပေမည်။ ကျွန်မက တစ်စက္ကန့် အတွင်းမှာပင် ဝမ်းသာခြင်း ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မီနို လွတ်မြောက်သွားသည် ဟူသော သတင်းကို ကြားသိရ၍ ဖြစ်သည်။ ကျွန်မသည် အကြမ်းပတမ်းမှုများကို မကြိုက် မနှစ်သက်ဟု ဆိုခဲ့သော်လည်း ယခုအခါတွင် ရဲအဖွဲ့ဝင်များကို ပစ်ခတ် တိုက်ခိုက်၍ မီနို လွတ်မြောက်သွား နိုင်သည့်အတွက် သူ့ကို ချီးကျူးနေမိပါသည်။ ထို့နောက် ဆက်၍ တွေးတော နေမိသည်မှာ သူ့ကို အမြန်ဆုံး တွေ့အောင် ရှာပြီး ကျွန်မတို့ နှစ်ယောက် အတူတကွ ထွက်ပြေးကြဖို့ပင် ဖြစ်သည်။ တစ်နေရာတွင် နှစ်ယောက်သား ပုန်းအောင်းနေကြဖို့ပင် ဖြစ်သည်။ ကျွန်မတို့သည် နိုင်ငံခြားသို့ တိမ်းရှောင် သွားနိုင်ကြသည်။ နိုင်ငံရေး ခိုလှုံခွင့် တောင်းခံနိုင်ကြသည်။ ကျွန်မ၏ ရင်တွင် မျှော်လင့်ချက်များဖြင့် ပြည့်လျှံ၍ လာတော့၏။ ကျွန်မ၏ ဘဝသစ် တစ်ခု စလေပြီဟုပင် တွေးတော ထင်မြင်နေမိပါတော့သည်။

ဤအချိန်တွင် အက်စ်တာရီတာသည် အခန်းထဲတွင် ဒေါသတကြီးဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိသည်။

"သူ့ အနေနဲ့တော့ ဒီလိုပဲ လုပ်ရမှာပဲ။ နို့မဟုတ်ရင် သူတို့က သူ့ကို ထောင်ထဲ သွင်းကြတော့မယ် မဟုတ်လား။ ရှင် ဆိုရင်လဲ ဒီတိုင်းပဲ လုပ်မှာပဲ မဟုတ်လား"

ကျွန်မက တည်ငြိမ်စွာ ပြောလိုက်သည်။

"ငါတို့ဟာ နိုင်ငံရေးနဲ့ ဘာမှ မပတ်သက်ဘူး။ အထက်က ပေးတဲ့ တာဝန်ကို ထမ်းဆောင်နေကြတာပဲ။ ဒဏ်ရာ ရသွားတဲ့ ရဲသားဟာလဲ သူ့ တာဝန်သူ ထမ်းဆောင်တာပဲ။ သူ့မှာ မိန်းမနဲ့ ကလေးတွေ ရှိတယ်"

"မီနိုဟာ နိုင်ငံရေး ကိစ္စတွေနဲ့ ပတ်သက်နေတယ် ဆိုရင်လဲ သူ့မှာ ခိုင်လုံကောင်းမွန်တဲ့ အကြောင်းရှိလိမ့်မယ်။ ဒါကို ဒဏ်ရာရသွားတဲ့ ပုလိပ်က သိဖို့ ကောင်းတယ်။ လူတစ်ယောက်ဟာ ထောင်အကျ ခံမယ့်အစား တခြားတစ်ခုခုကို လုပ်တော့မပေါ့"

ကျွန်မ၏ စိတ်များမှာ ပကတိ တည်ငြိမ်လျက် ရှိ၏။ မီနိုသည် သူပုန်းနေသော ဌာနမှ နေ၍ ကျွန်မကို အခေါ် လွှတ်ချေမည်ဟု ယုံကြည်နေသောကြောင့် ဖြစ်၏။ အက်စ်တာရီတာသည် ကျွန်မ၏ တည်ငြိမ်မှုနှင့် ဝမ်းသာမှု အရိပ်အငွေ့များကို တွေ့မြင်ရသောအခါ သူ့ကိုယ်သူ မထိန်းသိမ်းနိုင်တော့ဘဲ ဒေါသများ ပွင့်ကန်၍ ထွက်လာကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲ ဖြစ်ဖြစ်၊ တို့ သူ့ကို မိမှာပါ။ ဘာလဲ မင်းက တို့ဟာ သူ့ကို မိအောင် မဖမ်းနိုင်တော့ဘူး ထင်နေလို့လား"

"ဒါတွေကို ကျွန်မ ဘာမှ မသိဘူး။ ကျွန်မ သိတာကတော့ သူ လွတ်သွားတယ် ဆိုတဲ့အတွက် ဝမ်းသာတာပဲ။ ဒါပဲ"

"တို့ သူ့ကို မိမယ်။ ဒီတော့မှ သူဟာ လွယ်လွယ်ကလေးနဲ့ မလွတ်နိုင်ပါကလား ဆိုတာ သိသွားမယ်"

"နေစမ်းပါဦး။ ရှင်က ဘာပြုလို့ ဒါလောက် ဒေါသကြီးနေရတာလဲ"

"ငါ ဒေါသ မကြီးပါဘူး"

"ရှင်ဟာ သူ့ကို ဖမ်းမိစေချင်တယ်။ ဒီတော့မှ ရှင်ဟာ သူနဲ့ ကျွန်မ အပေါ်မှာ ညှာတာမှု တစ်ခုခု လုပ်ပြနိုင်မယ်။ ခုတော့ သူက ရှင့် လက်ထဲက လွတ်ထွက်သွားတယ်။ ဒါ့ကြောင့် ရှင် ဒေါပွနေတယ်"

သူသည် ဒေါသဖြင့် တဆတ်ဆတ် တုန်လျက် ရှိ၏။ ထိုစဉ်တွင် တယ်လီဖုန်း ခေါ်သံ မြည်လာ၍ သူက ကောက်ယူ နားထောင်လိုက်သည်။ တစ်ဖက်မှ ပြောသည်များကို နားထောင်နေရင်းနှင့် သူ့ မျက်နှာသည် သုန်မှုန်နေခြင်းမှ ကြည်လင် တည်ငြိမ်မှုသို့ ပြောင်းလဲသွားသည်။ မုန်တိုင်း ထန်နေသော နေ့တစ်နေ့ဝယ် ရုတ်တရက် နေရောင် ပြူထွက်လာသကဲ့သို့ ဖြစ်၏။ တစ်ဖက်မှ အတော်ကြီး ကြာအောင် ပြောနေသည်။ သူက ဘာမျှ ပြန်မပြောဘဲ အင်းအဲ လောက်သာ လိုက်နေသည်။ ယင်းကြောင့် သူတို့ ဘာပြောနေကြမှန်း ကျွန်မက မခန့်မှန်းနိုင်။ ပြီးတော့မှ သူက တယ်လီဖုန်းကို ချလိုက်ပြီး ကျွန်မဘက်သို့ လှည့်ကာ ပြောလေသည်။

"ကိုယ် မင်းအတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကိုယ်တို့ ပထမ ရတဲ့ သတင်းဟာ မှားတယ်။ ရဲဌာနချုပ်က အဲဒီ ကျောင်းသားကို မလွတ်တမ်း ဖမ်းမိနိုင်ဖို့အတွက် လူနှစ်သုတ် ခွဲလွှတ်တယ်။ တစ်သုတ်က မင်း အိမ်ကို သွားပြီး တစ်သုတ်က သူ နေနေတဲ့ အိမ်ကို ဖြစ်တယ်။ အဲ သူ့ကို သူ အခန်းငှားနေတဲ့ မုဆိုးမ အိမ်ကပဲ မိသွားကြတယ်။ ဒါပေမဲ့ မင်း အိမ်ကို သွားတဲ့ ရဲအဖွဲ့ဝင်တွေဟာ သူ့ကို မတွေ့ပေမဲ့ အခြားလူတစ်ယောက်နဲ့ ရင်ဆိုင်တိုးရတယ်။ အရပ်ပုပု မြောက်ပိုင်းသား၊ လေသံဝဲဝဲလို့ ပြောတယ်။ အဲဒီလူဟာ ရဲအဖွဲ့ဝင်တွေကို မြင်တာနဲ့ တစ်ပြိုင်နက် အစစ်မေးဆေး အမေးမြန်း

www.burmeseclassic.com



ခံမနေတော့ဘဲ သေနတ်နဲ့ ပစ်ပြီး ထွက်ပြေးသွားတော့တာပဲ။ အဲဒီလူဟာ ရာဇဝတ်မှုနှင့် မလွတ်ကင်းတဲ့ လူ တစ်ယောက်ယောက်ပဲ ဖြစ်ပါလိမ့်မယ်"

ကျွန်မမှာ အရုပ်ကြိုးပြတ် ဖြစ်သွားရပါတော့သည်။ မီနိုက ထောင်ထဲတွင် ရောက်နေပြီး ဆွန်ဇော်နိုက ကျွန်မကို ဖော်ကောင်ဟု ယူဆသွားပေပြီ။ ကျွန်မ ရတ်တရက် ပျောက်သွားပြီးနောက် ပုလိပ်တွေ ရောက်ရှိလာသည်ကို တွေ့ရလျှင် မည်သူမဆို ဆွန်ဇော်နို ယူဆသလိုပင် တတ်အပ် ယူဆကြပေမည်။ မီနိုသည် ထောင်ထဲတွင် ရောက်နေပြီး ဆွန်ဇော်နိုက ကျွန်မအား လက်စားချေရန် လိုက်လံ ရှာဖွေ၍ နေပေတော့မည်။ ကျွန်မသည် ဘာမျှ မပြောနိုင်တော့ဘဲ ဘုရားကိုသာ တ ကာ တံခါးပေါက်ဆီသို့ ထွက်ခဲ့ပါတော့သည်။

ကျွန်မသည် အတော်ကြီးကို အင်အား ယုတ်လျော့ ဖျော့တော့ သွားပုံရသည်။ ကျေနပ် နှစ်သက်ခြင်းဖြင့် အောင်ပွဲခံနေသော၊ မျက်နှာထား တင်းနေသော အက်စ်တာရီတာသည် ကျွန်မဆီသို့ ကမန်းကတန်း ရောက်လာပြီး စိုးရိမ်တကြီး ပြောလေသည်။

"ထိုင်ပါဦး၊ ကိုယ်တို့ တိုင်ပင်ကြသေးတာပေါ့။ ဘာမှ မလုပ်နိုင်ဘူး ရယ်လို့တော့ မရှိပါဘူး"

ကျွန်မက ခေါင်းကို ယမ်းခါလိုက်ပြီး တံခါး အပြင်ဘက်သို့ ထွက်ရန် ပြင်လိုက်သည်။ သို့ရာတွင် သူက ကျွန်မကို တားထားလိုက်ပြီး–

"ဒီမယ် နားထောင်ပါဦး။ ကိုယ် တတ်နိုင်သမျှတော့ လိုက်လုပ်ပေးပါ့မယ်လို့ မင်းကို ကတိပေးထားတယ် မဟုတ်လား။ သူ့ကို ကိုယ်ကိုယ်တိုင် စစ်ပါ့မယ်။ ပြဿနာက ဘာမှ ဒါလောက် အရေးမကြီးဘူးဆိုရင် ကိုယ် သူ့ကို အမြန်ဆုံး ပြန်လွှတ်ပါ့မယ်။ ဟုတ်ပြီလား"

"ဟုတ်ပါတယ်။ ရှင် ဘာပဲ လုပ်လုပ် ကျွန်မ ကျေးဇူးတင်ပါတယ်"

ကျွန်မက ကြိုးစား၍ ပြောလိုက်သည်။ အက်စ်တာရီတာသည် သူ ပြောသည့်အတိုင်း မီနို၏ လွတ်မြောက်ရေးအတွက် သူ တတ်နိုင်သမျှ လုပ်လိမ့်မည် ဖြစ်ကြောင်းကို ကျွန်မ သိပါသည်။ သို့ရာတွင် ထိုစဉ်က ကျွန်မအနေနှင့် တစ်ခုပဲ စိတ်ဆန္ဒ ရှိနေသည်။ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာသွားလိုခြင်းပင် ဖြစ်သည်။ သို့ရာတွင် သူက စိုးရိမ်တကြီးဖြင့် ဆက်၍ ပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ပြောရဦးမယ်။ မင်းအိမ်မှာ တွေ့တဲ့ လူအတွက် မင်းမှာ စိုးရိမ်ကြောက်လန့်စရာ ရှိနေမယ်ဆိုရင် သူ့ နာမည်ကို တို့ကို ပြောပါ။ ဒါမှ ကိုယ်တို့ သူ့ကို ပိုပြီး လွယ်လွယ်ကူကူ ဖမ်းမိနိုင်မယ်"

"သူ့ နာမည်ကို ကျွန်မ မသိပါဘူး"

"ဘာပဲ ဖြစ်ဖြစ် မင်းဟာ မင်းသဘောနဲ့မင်း သက်ဆိုင်ရာ အရာရှိနဲ့ သွားတွေ့ပြီး မင်း သိထားသမျှတွေကို ပြောပြလိုက်ရင် ကောင်းမယ်။ သူတို့က မင်းကို တာဝန်ယူပြီး ပြန်လွှတ်လိုက်ကြပါလိမ့်မယ်။ ဒါပေမဲ့ မင်း သွားမတွေ့ရင်တော့ မင်းအဖို့ ဆိုးလိမ့်မယ်"

ကျွန်မက သူ ပြောသည့်အတိုင်း လုပ်မည် ဖြစ်ကြောင်း ပြောဆိုကာ နှုတ်ဆက်၍ ထွက်ခဲ့ပါသည်။ သူက တံခါးကို ပြန်မပိတ်သေးဘဲ ကျွန်မကို နောက်မှ ငေးမောကြည့်နေရင်း ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

ပြည်ထဲရေးဝန်ကြီးဌာနမှ ထွက်လာသောအခါတွင် ကျွန်မသည် ပထမ ဂျီဆယ်လာ၏ အိမ်သို့ သွားမည်ဟု စိတ်ကူးမိ၏။ သို့ရာတွင် သူမ၏ အိမ်သည် အလှမ်းလည်းဝေး၊ ကျွန်မမှာလည်း ခြေကုန်လက်ပန်း ကျနေပြီ ဖြစ်ပြီး သူမကလည်း လိုလိုလားလား လက်ခံချင်မှ လက်ခံမည် ဖြစ်၍ အိပ်ခန်းများ ငှားစားသူ ဇီလင်ဒါ၏ အိမ်သို့ပင် သွားရောက်ခဲ့၏။

ကျွန်မသည် အလျင်အခါများက ယောကျ်ား အဖော်များနှင့် အတူ သူမ၏ အိမ်သို့ သွားရောက်ခဲ့ဖူး၏။ သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ ကျွန်မ တစ်ယောက်တည်းသာ ဖြစ်၏။ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်လျက်နှင့် ဖြစ်၏။ စိတ်များ ညစ်ညူး ထိုင်းမှိုင်းလျက် ရှိ၏။

ကျွန်မတွင် အိပ်ချင်စိတ်လည်း မရှိ။ အိပ်ရာ ဝင်ချင်စိတ်လည်း မရှိ။ ကျွန်မ၏ ခေါင်းထဲတွင် မီနိုနှင့် ဆွန်ဇော်နိုတို့၏ အကြောင်းများသာ လျှင် တဝဲလည်လည် ဖြစ်နေ၏။ သို့ရာတွင် ကျွန်မသည် နောက်ဆုံး၌ အိပ်ပျော်သွားချေတော့၏။ မည်သို့မည်ပုံ အိပ်ပျော်သွားသည်ကိုကား မသိ ရှိမိပါပေ။

ကျွန်မသည် အိပ်ပျော်သွားမိပြီ ဆိုလျှင်ကား အမြဲတမ်းပင် အိပ်ရေး ဝဝ အိပ်မောကျကျ အိပ်ပျော်သွားတတ်ပါ၏။ ယင်းကြောင့်ပင် နောက် တစ်နေ့ မနက် အိပ်ရာမှ နိုးလာသောအခါတွင် ကျွန်မသည် အတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းလျက် ရှိချေ၏။ တရုတ်ကတ်ကို ဖြတ်၍ လျှောဆင်းလာနေသော နေရောင်ခြည်သည် နံရံနှင့် ခေါင်းအုံးပေါ်သို့ ကျရောက်လျက် ရှိ၏။ ကျွန်မ အိပ်ရာမှ နိုး၍ မကြာမီမှာပင် အပြင် စင်္ကြံဆီမှ တယ်လီဖုန်း မြည်သံ ကြားရသည်။ ဇီလင်ဒါက ထူးသည်။ ကျွန်မ နာမည် ပြောသံ ကြားရသည်။ ပြီးတော့ ကျွန်မ တံခါးကို လာခေါက်သည်။ ကျွန်မက ခုတင်ပေါ်မှ ခုန်ထ၍ ညဝတ်ရုံနှင့် ဖိနပ် မပါဘဲ တံခါးဆီသို့ ပြေးသွားသည်။

စင်္ကြံတွင် လူရှင်းနေသည်။ တယ်လီဖုန်းသည် အဆင့်ကလေးပေါ်တွင် ရှိသည်။ ဇီလင်ဒါက မီးဖိုထဲသို့ ပြန်သွားပြီ ဖြစ်၏။ စကားခွက်ကို ကောက်ယူ နားထောင်လိုက်တော့ အမေ၏ အသံကို ကြားရသည်။

"အက်ဒရီယာနာလား"

"ဟုတ်ကဲ့"

"နင် ဘာလို့ ထွက်သွားရတာလဲ။ ဒီမှာ ဘာတွေ ဖြစ်မယ်ဆိုတာ သိရင် တကယ်ဆို ငါ့ကို သတိပေးဖို့ ကောင်းတယ်။ အခုတော့ တကယ့်ကို အူတုန် သည်းတုန်စရာကြီးပဲ"

"ကျွန်မ ဒါတွေ အားလုံး သိပြီးပါပြီ။ ပြောမနေနဲ့တော့။ မကောင်းဘူး။ အန္တရာယ် မကင်းဘူး"

"ငါက နင့်အတွက် ပူလို့ပါ။ ပြီးတော့ ဆီညိုဒီယိုဒါတီ ဒီမှာ ရောက်နေတယ်"

"ဆီညိုဒီယိုဒါတီ ဒီမှာ ရောက်နေတယ်"

"ဆီညိုဒီယိုဒါတီ ဟုတ်လား"

"ဟုတ်တယ်။ သူ ကနေ့ မနက်အစောကြီးပဲ ရောက်လာတယ်။ သူက နင့်ကို သိပ်အရေးတကြီး တွေ့ချင်နေတယ်။ သူ ဒီက စောင့်နေမယ်လို့ ပြောတယ်"

"ကျွန်မ အခုပဲ လာမယ်လို့ သူ့ကို ပြောပါ။ တစ်မိနစ် နှစ်မိနစ် အတွင်း ကျွန်မ ရောက်လာမယ်လို့ ပြောပါ"

ကျွန်မက တယ်လီဖုန်းကို ချထားလိုက်ပြီးနောက် အခန်းထဲသို့ ပြေးကာ အဝတ်များကို မြန်နိုင်သမျှ မြန်အောင် ဝတ်နေမိပါသည်။ မီနီသည်လောက် မြန်မြန်ကြီး ထွက်လာခဲ့မည်ဟု ကျွန်မက မမျှော်လင့်ခဲ့။ သူ၏ လွတ်မြောက်ရေး အတွက် အနည်းဆုံး တစ်ပတ်လောက်တော့ စောင့်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု အောက်မေ့ခဲ့သည်။ ဤမျှ မြန်မြန်ကြီး လွတ်လိုက်သည့်အတွက် ကျွန်မက မယုံသင်္ကာပင် ဖြစ်နေမိသည်။ ကြောက်ရွံ့မှုပင် အနည်းငယ် ဖြစ်မိပါသည်။ အကြောင်း အချက်တိုင်းတွင် သူ့ အဓိပ္ပာယ်နှင့်သူ ရှိပါသည်။ ဤမျှ မြန်မြန်ကြီး လွတ်လိုက်ခြင်း၏ အဓိပ္ပာယ်ကို ကျွန်မ ရိုးရိုးမျှ နားမလည်နိုင်မိပါ။ သို့ရာတွင် အက်စ်တာရီတာသည် သူ ကတိ ရှိသည့်အတိုင်း ယခုလို မြန်မြန် ထက်ထက်ကြီး လွတ်လိုက်ခြင်း ဖြစ်မည်ဟု ကိုယ့်စိတ်ကိုယ် ငြိမ်သက်စေရပါသည်။ မည်သို့ပင် ဖြစ်စေ ကျွန်မသည် သူ့ကို တွေ့လို မြင်လိုနေလှပြီကတော့ အမှန်ပင် ဖြစ်၏။

အဝတ် ဝတ်ပြီးသောအခါတွင် ကျွန်မသည် ဓါလင်ဒါကို နှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းခဲ့ပါသည်။ အငှား ကားပေါ်သို့ ရောက်သောအခါတွင် ကျွန်မသည် ထိုင်ခုံ အစွန်အဖျားတွင် ထိုင်၍ ကား ရပ်သည်နှင့် တစ်ပြိုင်နက် ခုန်ဆင်းနိုင်ရန် အသင့် ပြင်ထားပါသည်။ ဆွန်ဇော်နို၏ ပစ်ခတ်မှုကြောင့် အိမ်ရှေ့တွင် လူအုပ်ကြီး ရှိနေမည်ကို ကျွန်မက စိုးရိမ်နေမိပါသည်။ ကျွန်မ အနေနှင့် အိမ်ပြန်၍ သင့်မှ သင့်ပါမည်လားဟုလည်း စဉ်းစားမိပါသေးသည်။ ဆွန်ဇော်နိုသည် ကျွန်မကို လက်စားချေရန် အချိန်မရွေး ပြန်လာနိုင်ပါသည်။ သို့ရာတွင် ကျွန်မက ဂရုမစိုက်ပါ။ အကယ်၍ ဆွန်ဇော်နိုသည် ကျွန်မကို လက်စားချေလိုလျှင်လည်း ချေစေတော့။ မီနိုနှင့် တွေ့လိုသည်။ တွေ့မှ ဖြစ်မည်။ ပြီးတော့ ကျွန်မသည် ကိုယ်တာဝန် မရှိသော အမှုတစ်ခု အတွက် ပုန်းရှောင်၍ နေစရာ မလိုဟု ဆုံးဖြတ်လိုက်သည်။

ဝင်းတံခါးတွင် လူတစ်ယောက်မျှ မရှိပါ။ လှေကားပေါ်တွင်လည်း မည်သူမျှ မရှိပါ။ ကျွန်မက ဧည့်ခန်းထဲသို့ တစ်ဟုန်ထိုး ဝင်သွားသောအခါ တွင် အမေ့ကို ပြတင်းပေါက် အနီးရှိ အပ်ချုပ်စက်တွင် တွေ့ရပါသည်။

"ဟော၊ နင် ပြန်လာပြီလား။ နင်ဟာ ပုလိပ်တွေကို သွားခေါ်မယ့် အကြောင်း ငါ့ကိုတော့ ပြောသင့်တယ်"

"ဘယ်က ပုလိပ်တွေလဲ။ အမေ ဘာတွေ ပြောနေတာလဲ"

"ငါ နင့်ကို ပြောပြီးပြီပဲ။ ငါ ဘယ်လောက် ကြောက်ရ လန့်ရတယ် ဆိုတာ နင် မြင်စေချင်တယ်"

"ပုလိပ်တွေကို ကျွန်မ သွားခေါ်တာ မဟုတ်ဘူး။ ကျွန်မ ထွက်သွား တာပဲ။ ဒါပဲ။ ပုလိပ်တွေ လာတာက သူတို့ဟာ သူတို့ အခြားလူတစ်ယောက် ကို လာရှာတာ။ ဒီလူက သူ့ အကြောင်းနဲ့သူ ပုလိပ်တွေကို ရှင်ဆိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကိုတောင် ပြောမပြချင်ဘူးပေါ့"

"ဘာကို ပြောပြရမှာလဲ"

"ငါက ဘယ်မှ လည်ပြီး အတင်း မပြောပါဘူး။ ဒါပေမဲ့ နင် အကြောင်းမဲ့ သက်သက် ထွက်သွားတယ် ဆိုတာတော့ ယုံစရာ မရှိဘူး။ ပုလိပ်တွေဟာ နင် ထွက်သွားပြီး တစ်အောင့်ကလေးအကြာမှာ လာတာပဲ"

"ဒါ လုံးလုံး မဟုတ်ဘူး။ ကျွန်မက"

"ကဲ ထားပါတော့။ ညည်း ပြောတဲ့ အတိုင်းပဲ ထားပါတော့။ ဒါပေမဲ့ ဒီလူဟာ အတော်ကြောက်စရာ ကောင်းတဲ့ လူပဲ။ ပုလိပ် တစ်ယောက်က ပြောတယ်။ ဒီလူရဲ့ မျက်နှာကို သူ အလျင်တုန်းက မြင်ဖူးတယ်တဲ့"

ကျွန်မက အမေ့ကို ဘယ်လိုမှ သဘောပေါက်အောင် ရှင်းပြ၍ ရတော့မည် မဟုတ်ပါ။ ကျွန်မ အပြင်သို့ ထွက်သွားသည်မှာ ဆွန်ဇော်နီအား ရဲအဖွဲ့သို့ တိုင်ရန် ထွက်သွားသည်ဟုပင် အမေက ထင်နေသည်။ ကျွန်မက ဤအကြောင်းကို နောက်ထပ် ဘာမှ ပြောနေစရာ မလိုတော့။

"ကဲပါ၊ ကဲပါ၊ ဒါတွေ ထားပါတော့။ ဒဏ်ရာ ရတဲ့ လူကို ဘယ့်နှယ် လုပ်ကြသလဲ။ သူတို့ ယူသွားကြရောလား"

"ဘယ်က ဒဏ်ရာ ရတဲ့ လူလဲ"

"လူတစ်ယောက် ဒဏ်ရာ ရတယ်ဆို၊ ဒဏ်ရာ အတော် ပြင်းတယ် ဆို"

"မဟုတ်ပါဘူး။ ပုလိပ် တစ်ယောက် လက်မောင်းကို ကျည်ဆန် ရှပ်မှန်သွားတာပါ။ ငါပဲ သူ့ကို ပတ်တီး စည်းပေးလိုက်တာပဲ။ သူ ဘာမှ မဖြစ်ပါဘူး။ ဒါပေမဲ့ ပစ်ကြ ခတ်ကြတာတွေကိုတော့ နားကွဲအောင် ကြားကြရတာပဲ။ လှေကားပေါ်မှာ တစ်ဖက်နဲ့ တစ်ဖက် ပစ်ကြတာပဲ။ အိုး... တစ်အိမ်လုံး ကမ္ဘာပျက်သလား အောက်မေ့သွားရတယ်။ ပြီးတော့ သူတို့က ငါ့ကို စစ်ကြ ဆေးကြသေးတယ်။ ဒါပေမဲ့ ငါက ဘာမှ မသိဘူးလို့ ပြန်ပြောလိုက်တယ်"

"ဆီညိုဒီယိုဒါတီ ဘယ်မှာလဲ"

"နင့် အခန်းထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အမေနှင့် အတော်ကြီး ကြာအောင် အချိန်ဖြုန်းနေမိသည်မှာ ယခုအခါ မီနိုနှင့် တွေ့ရမည်ကို ရင်လေးနေမိပြန်သောကြောင့် ဖြစ်၏။ သူ့ထံမှ သတင်းဆိုး တစ်ခုကို ကြားရမည်စိုးသောကြောင့် ဖြစ်၏။ ကျွန်မက ဧည့်ခန်းထဲမှ ထွက်၍ ကျွန်မ၏ အခန်းသို့ သွားပါသည်။ တစ်ခန်းလုံး မှောင်နေသည်။ ကျွန်မက မီးခလုတ်ကို ဖွင့်မည်ရှိစဉ်တွင် မီနို၏ အသံကို ကြားရသည်။

"မီး မဖွင့်ပါနဲ့"

သူ၏ ထူးဆန်းသော အသံသည် ကျွန်မကို တုန်လှုပ်သွားစေပါသည်။ ကျွန်မက တံခါးကို ပိတ်လိုက်ပြီး ခုတင်ဆီသို့ စမ်းတဝါးဝါး လျှောက်သွားပါသည်။ ခုတင်စွန်းတွင် စမ်း၍ ထိုင်လိုက်သည်။ သူက အိပ်ရာပေါ်တွင် ဘေးစောင်း လှဲလျက် ရှိသည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ပန်းမနေဘူးလား"

"မပန်းပါဘူး"

"ကျွန်မ ဘာလုပ်ရမလဲ။ မောင် အိပ်ချင်သလား"

"ဟင့်အင်း"

"ကျွန်မကို တခြား သွားစေချင်သလား"

"ဟင့်အင်း"

"ကျွန်မကို အိပ်ရာပေါ်မှာ အိပ်စေချင်သလား"

"အင်း"

ယင်းအဖြေသည် ကျွန်မကို အံ့သြစေပါသည်။ သူသည် မည်သည့်အခါတွင်မျှ ကျွန်မနှင့် အချစ်နယ် လွန်ကျူးရန် တကယ့်တကယ် ဆန္ဒရှိသူ မဟုတ်ပါ။ ကျွန်မမှာ ရုတ်တရက် စိတ်လှုပ်ရှားမိသွားသည်။

"မောင် ကျွန်မကို ချစ်ချင်လို့လား"

"အင်း"

"ဒီက ရှေ့လျှောက် မောင် ကျွန်မကို အမြဲတမ်း ချစ်သွားတော့မလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ တစ်သက်လုံး အတူတူ နေသွားကြတော့မလား"

"အင်း"

"မီး မဖွင့်ရဘူးလား"

"အင်း"

"ကောင်းပြီလေ။ ကိစ္စ မရှိပါဘူး။ ကျွန်မ အမှောင်ထဲမှာပဲ အဝတ်ချွတ်ရမှာပေါ့"

ကျွန်မသည် အောင်ပွဲတွင် မူးယစ်လျက် အဝတ်များကို ချွတ်နေမိပါသည်။ သူသည် ထောင်ထဲတွင် တစ်ည နေလိုက်ရသဖြင့် မမျှော်လင့်ဘဲနှင့် ကျွန်မကို ချစ်ခင်မှုများ၊ လိုချင်တောင့်တမှုများ ဖြစ်လာခြင်း ဖြစ်မည်ဟု ကျွန်မက ထင်လိုက်သည်။

သူ့ အနီးတွင် ဝင်၍ လဲလျောင်းမည်ရှိစဉ် သူ၏ လက်များက ကျွန်မ၏ ဒူးများကို သိုင်းဖက်လိုက်၏။ ပြီးတော့ ကျွန်မ၏ ဝဲဘက် တင်ပါးကို တအား ကိုက်လိုက်၏။ ယင်းသို့ဖြင့် ကျွန်မတို့သည် ချစ်သူ နှစ်ဦး ချစ်ကြည်နူးနေကြသည်နှင့် မတူဘဲ တစ်ဦးကို တစ်ဦး သဲကြီးမဲကြီး ဒေါသတကြီး၊ နာကြည်းခြင်းတို့ဖြင့် ကျိန်စာ သင့်နေသူများပမာ အပြန်အလှန် ကိုက်ခဲလျက် ရှိကြတော့၏။ သူက ကျွန်မ၏ ကိုယ်တစ်ကိုယ်လုံးကို ပါးစပ်ဖြင့် ကိုက်ဖြဲ ဆုတ်မွပစ်လိုက်လိုဟန် ရှိနေတော့၏။ နောက်ဆုံးတွင် ကျွန်မသည် သူ၏ သားရဲဘီလူး စီးနေခြင်းကို မခံနိုင်တော့ဘဲ တွန်းဖယ်ကာ တောင်းပန်လိုက်ရတော့သည်။

"တော် တော်ပါတော့ မောင်ရယ်။ မောင် ဘယ်လို ဖြစ်နေတာလဲ။ သူများမှာ နာလှပါပြီ"

သည့်နောက်တွင်ကား ကျွန်မတို့သည် အချစ်နယ် ခရီးကို လွန်ကျူးနေကြသော်လည်း စကား တစ်ခွန်းမျှ မပြောကြတော့ချေ။ အမှန်ကတော့ သူ့အနေနှင့် ဤကဲ့သို့ ပြုမူနေခြင်းများသည် သူ့ကိုယ်သူ ဇက်လွှတ်ပေးခြင်းသာ ဖြစ်ကြောင်းကို ကျွန်မက သိရှိတော့သည်။ သူသည် ကျွန်မကို အခါတိုင်းထက် ပို၍ ချစ်လာခြင်း မဟုတ်ပေ။ မေတ္တာ တိုးလာခြင်း မဟုတ်ပေ။ တကယ်တော့ ဤအပြုအမူများသည် သူနှင့် ကမ္ဘာလောကကြီး ရန်ဖြစ်ကြခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်မသည် သူ၏ မမောမပန်းနိုင်သော ဆန္ဒနှင့် အကြမ်းပတမ်း နိုင်လှသော အာသီသတို့အတွက် အံ့သြမိရတော့သည်။ အမှန်တော့ သူသည် ယခင်က ချုပ်တည်း အောင့်အည်းထားခဲ့ခြင်းများကို ယခုမှ အတင်းတရကြမ်း သွန်လွှတ်နေခြင်း ဖြစ်၏။ အတားအဆီး အကန့်အသတ် မရှိ ပြုမူနေခြင်း ဖြစ်၏။ မည်သို့ပင် ဖြစ်စေ ကျွန်မက သူ့ကို ချစ်နေမိသူ တစ်ဦးမို့ သူ၏ မှန်တိုင်းကြီး စဲသွားသော အခါတွင် လေသံ တိုးတိုးဖြင့် ပြောလိုက်မိသည်။

"မောင့် သဘောရှိပါပဲကွယ်။ မောင် ကြိုက်သလို လုပ်နိုင်ပါတယ်။ ဒါပေမဲ့ မောင့်ကိုတော့ မထိခိုက်စေနဲ့ပေါ့ကွယ်"

သူက ရယ်လိုက်သည်။

"ကိုယ့်ကို ဘာကမှ ဘယ်တော့မှ မထိခိုက်နိုင်တော့ပါဘူး"

'ဘာကမှ' နှင့် 'ဘယ်တော့မှ' ဟူသော စကားလုံးများသည် ကျွန်မကို တုန်လှုပ် ချောက်ချားသွားစေပါတော့သည်။ ယင်းကြောင့် ကျွန်မက လေသံတိုးတိုး အသက်ရှူ လွတ်လွတ်ဖြင့် မေးလိုက်မိသည်။

"မောင် ဘာတွေ ဖြစ်လာတယ် ဆိုတာကို ကျွန်မကို ပြောပြစမ်းပါ"

"ဘာမှ မဖြစ်ဘူး"

"ဟင့်အင်း၊ တစ်ခုခုတော့ ဖြစ်လာရမယ်"

သူသည် အတန်ကြာ တိတ်ဆိတ်နေပြီးနောက် သူ့ကိုယ်သူ ပြောသကဲ့သို့ ပြောသည်။

"ဟုတ်တယ်။ ကိုယ် ဘာဖြစ်လာသလဲ ဆိုတာကို မင်း သိသင့်တယ်။ ကိုယ်ဟာ မနေ့ညက ဆယ့်တစ်နာရီလောက်မှာ သစ္စာဖောက် တစ်ယောက် ဖြစ်လာခဲ့တယ်"

သူ၏ စကားလုံးများဖြင့် သူ၏ အသုံးအနှုန်း လေသံတို့ကြောင့် ကျွန်မ တစ်ကိုယ်လုံး ရေခဲတုံးလို စိမ့်သွားပါသည်။

"သစ္စာဖောက်၊ ဟုတ်လား။ ဘာပြုလို့လဲ"

သူ၏ အဖြေမှာ အေးစက် ခက်ထန်လှသည်။

"မီနိုဟာ သူရဲ့ ယုံကြည်ချက်နဲ့ လုပ်ငန်းစဉ်ကို ဘယ်တော့မှ အရှုံးမပေး၊ ဒူးမထောက်မယ့် ဒေါင်ဒေါင်မြည် တစ်ယောက်ရယ်လို့ နိုင်ငံရေးရဲဘော် ရဲဘက်တွေထဲမှာ ထင်ရှား ကျော်ကြားခဲ့တယ်။ ရဲဘော်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



မီနိုကို သူတို့ရဲ့ အနာဂတ် ခေါင်းဆောင် အဖြစ်နဲ့ မျှော်လင့် ယူဆထားခဲ့ကြတယ်။ မီနိုဟာ ဘယ်အခြေအနေ ဘယ်အခက်အခဲမျိုးကို မဆို ကြံ့ကြံ့ခံရင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည် ယူဆထားကြတယ်။ တစ်နေ့မှာ မီနိုဟာ အဖမ်းခံရပြီး အစမ်းသပ် ခံနိုင်လိမ့်မယ်လို့ ယုံကြည် ယူဆထားကြတယ်။ အဖမ်းခံရတာ၊ ထောင်ကျတာ၊ တခြား ဒုက္ခ သုက္ခတွေကို ခံရတာဟာ နိုင်ငံရေးသမား တစ်ယောက်ရဲ့ ဘဝ တစ်စိတ် တစ်ဒေသ ကဲ့သို့ မီနိုက စွဲစွဲမြဲမြဲ လက်ခံ ယူဆထားခဲ့တယ်။ ဒါပေမဲ့ သဘော်ဟာ ပထမဆုံး အကြိမ် မုန်တိုင်း မိတဲ့အခါမှာ ကျောင်းသူလေး တစ်ယောက်လို ကြောက်လန့် တုန်လှုပ်ခဲ့တယ်။ မီနိုဟာ သာမန် ဘာမှ မဟုတ်တဲ့ ပုလိပ်ကလေး တစ်ယောက် ရှေ့ကို ရောက်တာနဲ့ တစ်ပြိုင်နက် ဘယ်လိုမှ မခြိမ်းခြောက် မညှဥ်းပန်းရဘဲနဲ့ သူ သိသမျှတွေ အားလုံးကို ဖော်ကောင် လုပ်တော့တာပဲ။ တကယ်တော့ သူဟာ သစ္စာဖောက် တစ်ယောက်ပဲ။ ဒါကြောင့် မီနိုဟာ မနေ့ညက စပြီး နိုင်ငံရေးသမား ဘဝကို စွန့်လွှတ်ပြီ။ အဲ အဲ သတင်းပေး ဘဝကို ရောက်ခဲ့ပြီ"

"မောင် ကြောက်လို့ ဖြစ်မှာပေါ့"

ကျွန်မက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။ သူက ချက်ချင်း အဖြေပေးသည်။

"မဟုတ်ဘူး၊ ကြောက်လို့ မဟုတ်ဘူး။ အလျင်တစ်ခါတုန်းက ကိုယ့် အယူအဆတွေ မင်းကို ရှင်းပြမယ် လုပ်တုန်းက ဖြစ်သလိုမျိုး ဖြစ်တာပဲ။ ဗြုန်းခနဲဆို ကိုယ့်ရဲ့ အယူအဆတွေဟာ ဘာမှ ပြတ်ပြတ်သားသား မရှိတော့ဘူး။ ပြီးတော့ ကိုယ့်ကို စစ်တဲ့ လူကိုလဲ ကိုယ်ဟာ သဘောကျမိတယ်။ သူ သိချင်တာတွေ အကုန်လုံးကို ပြောပြတာပဲ။ အခု မင်းကို ပြောပြနေသလိုမျိုးပဲ"

ကျွန်မက အက်စ်တာရီတာကို စဉ်းစားလိုက်မိပြီး မီနိုက သူ့ကို သဘောကျသည် ဆိုသည့်အတွက် များစွာမှ အံ့ဩ ထူးဆန်းမိပြီး။

"မောင့်ကို ဘယ်သူ စစ်သလဲ"

"နာမည်တော့ မသိဘူး။ အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ လူရွယ် တစ်ယောက်ပဲ။ မျက်နှာ ဝါဖန့်ဖန့်၊ နဖူး ပြောင်ပြောင်၊ မျက်လုံး နက်နက်နဲ့ပဲ။ ထိတ်တန်း တစ်ယောက် ဖြစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင် သူ့ကို သဘောကျတယ်လား"

သူ ပြောပြသော အက်စ်တာရီတာ၏ ပုံပန်းသဏ္ဌာန်ကို သိရသော အခါ ကျွန်မက အံ့သြစွာ ရေရွတ်လိုက်မိပြန်သည်။ မီနိုက အမှောင်ထဲတွင် ရယ်မောလိုက်သည်။ ကျွန်မ၏ နား နားတွင် ကပ်၍ ရယ်မောလိုက်သည်။

"သူ့ကို သဘောကျတာ မဟုတ်ဘူး။ သူ့ အလုပ်ကို သဘောကျတာ။ လူတစ်ယောက်ဟာ သူ့ရဲ့ ဘဝ အမှန်ကို၊ လူတန်းစား အမှန်ကို မသိဟန် ဆောင်နေပေမဲ့၊ မသိမိဘဲ ဖြစ်နေပေမဲ့ အချိန်ကျတော့ သိလာတာပဲ။ ကိုယ် ဟာ မြေပိုင်ရှင်ကြီး တစ်ယောက်ရဲ့ သား မဟုတ်လား။ သူ့ရဲ့ အလုပ်ဟာ မြေပိုင်ရှင်တွေ၊ အရင်းရှင်တွေရဲ့ အကျိုးကျေးဇူး၊ ဒါမှမဟုတ် ကိုယ့်ရဲ့ အကျိုးကျေးဇူးတွေကို တာဝန်အရ အကာအကွယ် ပေးနေတဲ့ လူတစ်ယောက် ပဲ။ တကယ်တမ်းကျတော့ ကိုယ်တို့ဟာ လူတန်းစားကို အခြေခံကြတာပဲ မဟုတ်လား။ ဟား ဟား ဟား"

သူက ရယ်မောလိုက်ပါသည်။ ကျွန်မ နားထဲတွင် ကြောက်လန့် တုန်လှုပ်ဖွယ်ရာ အတိ ဖြစ်သွားပါသည်။

"အခုတော့ ကိုယ်ဟာ နိုင်ငံရေး ယုံကြည်ချက်တွေကို စွန့်လွှတ်ပြီး ကိုယ်ရဲ့ လူတန်းစားကို အကျိုးပြုတဲ့ လူတစ်ယောက် ဖြစ်သွားပြီ။ ရှင်းရှင်း ပြောရရင် ကိုယ့် ရဲဘော်တွေရဲ့၊ တိုင်းပြည်ရဲ့ သစ္စာဖောက် တစ်ယောက် ဖြစ်သွားပြီ"

"ဒါဖြင့် မောင်ဟာ ဒါတွေကို ဘာပြုလို့ ပြောသလဲ"

"အဲ ဒီနေရာမှာ ပြောရရင်တော့ လူတွေဟာ အိပ်ပျော်ရင်း စကား ပြောကြသလိုပေါ့။ ကိုယ်လဲ အိပ်ပျော်နေခဲ့လို့ ဖြစ်မှာပေါ့။ ဒါပေမဲ့ ကိုယ် အခု နိုးလာပြီ"

ကျွန်မက အတန်ကြာ တိတ်ဆိတ်နေပြီးမှ မေးလိုက်မိသည်။

"မောင့် သူငယ်ချင်းတွေကော"

"ဘယ် သူငယ်ချင်းတွေလဲ"

"ကျူလီယိုနဲ့ တွန်မာဆို"

"သူတို့အကြောင်း ကိုယ် ဘာမှ မသိရဘူး။ သူတို့လဲ အဖမ်းခံရ မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဖမ်းခံချင်မှ ခံရမှာပါ"

"ဘာပြုလို့ အဖမ်းမခံရမှာလဲ။ သူတို့ နာမည်တွေကို ကိုယ် ထုတ်ပြောလိုက်တာပဲ"

"အို မီနိုရယ်။ မောင် ဘာပြုလို့ ဒီလို သူများ နာမည်တွေကို ထုတ်ပြောလိုက်ရတာလဲ"

"ကိုယ့်ဘာကိုယ်လဲ ဒီလိုပဲ မေးကြည့်နေတာပဲ"

"ဒါဖြင့် ကောင်းပြီ။ တကယ်လို့သာ သူတို့ အဖမ်းမခံရဘူးဆိုရင် မောင် ဒီလို ပြောခဲ့မိတာတွေကို သူတို့ သိမှာ မဟုတ်ဘူးပေါ့"

ကျွန်မက အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ပြောလိုက်မိ၏။ ထိုသူ နှစ်ယောက်အား မဖမ်းဆီးရန် အက်စ်တာရီတာအား အပူကပ်မည် ဟူသော အကြံအစည်နှင့် ဖြစ်၏။

"ဟင့်အင်း၊ သူတို့ မသိပေမဲ့ ကိုယ် သိတယ်။ ကိုယ့် အနေနဲ့ အမြဲတမ်း သိနေလိမ့်မယ်။ ကိုယ်ဟာ သစ္စာဖောက် တစ်ယောက်ပဲ။ ကိုယ်ဟာ ကိုယ်ခန္ဓာ တစ်ခုတည်းနဲ့ လူ နှစ်ယောက် ဖြစ်နေတယ်။ တစ်ယောက်က မြေပိုင်ရှင်သား၊ တစ်ယောက်က နိုင်ငံရေးသမား။ အဲဒီ နှစ်ယောက်ဟာ ကိုယ်ခန္ဓာ တစ်ခုတည်းမှာ အတူ ရှိနေပေမဲ့ တစ်ယောက်ကို တစ်ယောက် ကမ္ဘာ့ရန်လို မုန်းနေကြတယ်။ ဘာပဲ ဖြစ်ဖြစ် ကိုယ့် သူငယ်ချင်းတွေဟာ အဖမ်းခံရမှာပဲ။ ကိုယ်ဟာ သစ္စာဖောက်ပဲ"

ကျွန်မတို့သည် အတန်ကြာ တိတ်ဆိတ်နေမိကြ၏။ သူက တွေဝေ၍ နေပြီး ကျွန်မက ငိုနေမိသည်။ နောက်ဆုံးတွင် ကျွန်မသည် ကိုယ့် စိတ်ကို မနည်းထိန်းပြီး မျက်ရည်များကို စောင်ဖြင့် သုတ်ပစ်လိုက်သည်။ ပြီးတော့ အမှောင်ထဲသို့ မျက်လုံး အပြူးသားဖြင့် ငေးစိုက် ကြည့်နေမိသည်။ များမကြာမီတွင် သူ၏ သိမ်မွေ့သော၊ မြတ်နိုးယုယသော အသံကို ကြားလိုက်ရသည်။ သူက ကျွန်မကို မေးခွန်း တစ်ခု မေးလိုက်ခြင်း ဖြစ်သည်။

"ကိုယ့် အနေနဲ့ အခုအခြေအနေမှာ ဘာလုပ်သင့်တယ်လို့ ထင်သလဲ"

ကျွန်မက သူ့ကို တင်းတင်းကျပ်ကျပ် ကြမ်းကြမ်းတမ်းတမ်း ဖက်လိုက်ပြီးနောက် ပါးစပ်ချင်း ကပ်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို နောက်ထပ် မစဉ်းစားပါနဲ့တော့။ ဘာမှလဲ မစိုးရိမ် မပူပန်ပါနဲ့တော့။ ပြီးခဲ့တာတွေဟာ ပြီးပါစေတော့။ မောင့် အနေနဲ့ လုပ်သင့်တာကတော့ ဒါပဲ"

"ပြီးတော့ကော"

"ကျောင်း ပြန်တက်ပြီး ဘွဲ့ယူပေါ့။ ပြီးတော့ မောင့်ရဲ့ မြို့ကို ပြန်ပေါ့။ မောင့် ဘဝ ပျော်ပျော်ရွှင်ရွှင် ရှိနေမယ်ဆိုရင် မောင့်ကို ကျွန်မ မတွေ့ မမြင်ရတော့ရင်လဲ အရေးမကြီးပါဘူး။ ပြီးတော့ အလုပ် တစ်ခုခု လုပ်ပြီး မောင်တို့ လူတန်းစားထဲက အမျိုးသမီးကလေး တစ်ယောက်နဲ့ လက်ထပ်ပေါ့ မောင်ရယ်။ မောင့်ကို ကျွန်မ တကယ်ပဲ ချစ်ပါတယ်။ ကျွန်မ နေရာမှာ တခြားမိန်းမ တစ်ယောက်သာဆိုရင် အခုလို မောင်နဲ့ ခွဲဖို့ အကြောင်းတွေကို ပြောမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မောင်ရယ်၊ အခြေအနေ လိုအပ်လာကြရင်တော့ လမ်းခွဲကြရမှာပေါ့။ မနက်ဖြန်ပဲ မောင် ဒီက သွားပါတော့။ မောင့် အနေနဲ့ မလိုလားအပ်တော့ဘူးလို့ ယူဆရင် ကျွန်မတို့ နောက် ဘယ်တော့မှ မတွေ့ဘဲ နေကြတာပေါ့။ ကျွန်မ အနေနဲ့ ကတော့ မောင် ပျော်ပျော်ရွှင်ရွှင် ရှိနေတယ် ဆိုရင်ပဲ"

"ကိုယ်ဟာ ဘယ်တော့မှ ပျော်တော့မှာ မဟုတ်ပါဘူး။ ကိုယ်ဟာ သတင်းပေး တစ်ယောက်ပဲ"

"ဒါဖြင့် ဘုရားရှိခိုးကျောင်းကို သွားပါလား မောင်ရယ်"

ကျွန်မက မျှော်လင့်ချက် အသစ်တစ်ခုဖြင့် အကြံပေးလိုက်မိပြန်သည်။

"မသွားဘူး။ ဘယ်တော့မှ မသွားဘူး။ ကိုယ် မယုံဘူး"

ထို့နောက် သူက ရယ်မောနေတော့၏။ သို့ရာတွင် ရုတ်တရက် ဆိုသလို အရယ် ရပ်လိုက်၏။ ထို့နောက် ကျွန်မ၏ ပခုံးနှစ်ဖက်ကို သူ့ လက်များဖြင့် ဆုပ်ကိုင်ကာ ကြမ်းကြမ်းရမ်းရမ်းကြီး လှုပ်ခါရင်း–

"ကိုယ် ဘာလုပ်ခဲ့တယ်ဆိုတာ မင်း မသိဘူးလား။ မင်း မသိဘူးလား။ မင်း မသိဘူးလား"

သူက အရူးလို အော်ဟစ်လျက် ရှိ၏။ ပြီးတော့ ကျွန်မကို ဆတ်ခနဲ တွန်းပစ်လိုက်ပြီး အိပ်ရာပေါ်မှ ဆင်းသွားလေသည်။

"မောင် သွားတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အသက် မရှူရဲဘဲနှင့် မေးလိုက်သည်။

"သွားမယ်။ ဒါပေမဲ့ ကိုယ် ပြန်လာမယ် မပူပါနဲ့။ ကိုယ် ပြန်လာပြီး မင်းနဲ့ အတူ နေမယ်"

"ဒီမယ် ကျွန်မနဲ့ အတူ နေမယ် ဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ ကိုယ့်ကြောင့် ဘာမှ မဖြစ်စေရပါဘူး။ မင့် အလုပ်ကိုမင်း ဆက်လုပ်နိုင်ပါတယ်။ အမှန် ပြောရရင်တော့ ကိုယ့် အိမ်က ပို့တဲ့ ပိုက်ဆံနဲ့ ကိုယ်တို့ နှစ်ယောက် နေနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်တို့ နှစ်ယောက် နေထိုင် စားသောက် နိုင်လောက်ရုံပဲ ရှိမယ်"

ကျွန်မနှင့်အတူ သူ လာနေမည်ဆို၍ ဝမ်းသာခြင်းထက် ထူးဆန်း ခြင်းက ပို၍ ဖြစ်နေပါသည်။ သို့ရာတွင် ကျွန်မက မည်သည့် ဝေဖန်ချက်မျှ မပေးရဲပါ။

"ကိုယ် ကနေ့ညပဲ ပြန်လာခဲ့မယ်"

သူက ယင်းသို့ ပြောပြီးနောက် ထွက်သွားသည်။ တံခါး ဖွင့်သံ၊ ထွက်သွားသံ၊ တံခါး ပြန်ပိတ်သံတို့ကို ကြားရသည်။ ကျွန်မကတော့ အမှောင်ထဲတွင် မျက်လုံးကြီး ပြူးကျယ်လျက် လဲလျောင်း နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ထိုနေ့ ညနေမှာပင် ကျွန်မသည် အက်စ်တာရီတာ အကြံပေးသည့်အတိုင်း သက်ဆိုင်ရာ ရဲဌာနသို့ သွား၍ ဆွန်ဇော်နို၏ အမှုအကြောင်း အစစ်ခံပါသည်။ သို့ရာတွင် သူ၏ အမည်ကို သော်လည်းကောင်း၊ သူ၏ အကြောင်းကို သော် လည်းကောင်း၊ တစ်လုံးတစ်ပါဒမျှ ဖော်ပြောခြင်း မပြုပါ။ လမ်းတွင် တွေ့၍ အိမ်သို့ လိုက်လာသူ တစ်ဦးသာ ဖြစ်ကြောင်း၊ အရေးကြီးသော ကိစ္စ တစ်ခု ရှိ၍ သူ့ကို ကျွန်မက အခန်းတွင် ထားပစ်ခဲ့ရကြောင်း အစစ်ခံပါသည်။ သို့ရာတွင် ရဲအရာရှိက ကျွန်မ၏ စကားများကို လက်ခံ ယုံကြည်ပုံ မရပါ။ အမျိုးမျိုး လှည့်ပတ်၍ မေးမြန်းပါသည်။ သို့ရာတွင် ကျွန်မက ဘူးခံပါသည်။ နောက်ဆုံးတွင် နိုင်ငံရေးသမားများ လူဆိုးများနှင့် ကင်းကင်းရှင်းရှင်း နေရန် ပြောဆို ဆုံးမပြီးနောက် ပြန်လွှတ်လိုက်ပါသည်။

ကျွန်မက ရဲဌာနမှ အိမ်သို့ ခြေကျင် လျှောက်၍ ပြန်လာရာ လမ်းခရီးတွင် ရုတ်တရက်ဆိုသလို မူးမိုက်ခြင်း ဝေဒနာ တစ်ရပ်ကို ခံစားရပါတော့သည်။ ထိုမျှသာမက ကျွန်မ၏ ကိုယ်လက် အင်္ဂါများ အားလုံးသည်လည်း မလှုပ်ချင် မရှားချင်လောက်အောင် လေးလံ ထိုင်းမှိုင်း၍ လာကြပါတော့သည်။ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် အားအင်ဆုတ်ယုတ်လာသဖြင့် အနီးရှိ နို့ဆိုင်ထဲသို့ ဝင်၍ နားနေလိုက်ရပါတော့သည်။

www.burmeseclassic.com



အတန်ကြာမှ ကျွန်မသည် သက်သာရာ ရသွားပါသည်။ ဆိုင်ရှင်လာ၍ ချပေးသော ကော်ဖီကို တစ်ကျိုက် သောက်လိုက်မိသည်။ အမုန်အား ဖြင့်တော့ ကျွန်မ အနေနှင့် ယင်းကဲ့သို့ နေထိုင်မကောင်း ရှိခြင်းမှာ ယခု တစ်ကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပါပေ။ သို့ရာတွင် ယခင် အကြိမ်များမှာ ယခုလောက် မပြင်းထန်ဘဲ မသိမသာ လောက်သာ ဖြစ်၏။ ကျွန်မတွင် အခြား အရေးကြီးသော ပြဿနာကြီးများ ရှိနေခဲ့သဖြင့် ဤသို့ မူးမိုက်ခြင်း၊ ကိုယ်လက် ပန်းနွမ်းခြင်းတို့ကို အထူးတလည် အရေးမယူခဲ့မိပေ။ သို့ရာတွင် ယခုအခါ ကျွန်မ၏ မအီမသာ ရှိမှုများကို ပြန်လည်၍ သုံးသပ်ကြည့်မိသော အခါတွင် ပဋိသန္ဓေ ရှိနေပြီလော ဟူသော သံသယ သည် အတော်ကြီး ခိုင်မာ၍ လာချေတော့၏။

ကျွန်မက ကော်ဖီဖိုး ပေး၍ ဆိုင်ထဲမှ ထွက်လာခဲ့ပါသည်။ ကျွန်မ ၏ ခြေလှမ်းများသည် သွက်လက်၍ စိတ်ကူးများသည် လန်းဆန်းလျက် ရှိ၏။ မည်သည့် အမျိုးသမီးမဆိုပင် သူမတွင် ကိုယ်လေး လက်ဝန် ရှိလာပြီကို သိရလျှင် ကျေနပ် နှစ်သက်သည်ချည်းသာ ဖြစ်၏။ ကျွန်မ၏ ကလေး သည် နိမ့်ကျစွာ မွေးဖွား၍ လာရမည် ဖြစ်သော်လည်း ကလေးသည် ကလေးသာ ဖြစ်၏။ ကျွန်မသည် သူ့ကို မွေးဖွားပေးမည်။ ပညာ သင်ပေး မည်။ သူ့ ဘဝကို ပျော်ရွှင်ချမ်းမြေ့အောင် လုပ်ပေးမည်။ အမျိုးသမီး တစ်ယောက်သည် အဘယ်မျှပင် ဆင်းရဲပါစေ၊ အဘယ်မျှပင် အခြေအနေများ ဆိုးဝါးနေပါစေ အနာဂတ်သည် အဘယ်မျှပင် မရေမရာ ရှိပါစေ၊ သူမသည် ကလေးငယ်တစ်ဦး မွေးဖွားရမည့် အတွက် ဝမ်းမသာဘဲ မနေနိုင်ပါချေ။

တစ်ချိန်တုန်းက ကျွန်မနှင့် ဂျီနီ လွှန်လွန်ကျူးကျူး ရှိမရှိ စစ်ဆေး ကြည့်စေရန် ကျွန်မအား အမေ အတင်းဆွဲခေါ်သွားသော ဆေးတိုက်သည် နို့ဆိုင်နှင့် သိပ်မဝေးလှပါ။ ကျွန်မက ယင်းဆေးတိုက်သို့ သွား၍ စစ်ဆေး ကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်မ ရောက်သွားသော အချိန်တွင် ဆေးတိုက်တွင်း၌ ဝေဒနာရှင်များ ရှင်းနေပါသည်။ ဆရာဝန်သည် ကျွန်မကို ကောင်းစွာ သိ၍ ဖော်ရွေစွာ ဆီးကြို နှုတ်ဆက်ပါသည်။

"ကျွန်မမှာ ပဋိသန္ဓေ ရှိနေပြီလို့ ထင်တယ် ဒေါက်တာ"

"ဝမ်းနည်းလို့လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မ၏ လုပ်ငန်းကို သိရှိသူ တစ်ဦး ဖြစ်သည့်အလျောက် ရယ်မော၍ မေးလိုက်ပါသည်။

"ဟင့်အင်း၊ ဝမ်းတောင် သာသေးတယ်"

"ကောင်းပြီ၊ ဒါဖြင့် ကြည့်ရအောင်"

သူက ကျွန်မ၏ မအီမသာမှုနှင့် ပတ်သက်ပြီး မေးခွန်းပေါင်း မြောက်မြားစွာ မေးပြီးနောက် ကျွန်မကို ဖယောင်းပုဆိုး ခင်းထားသော ခုတင်ပေါ်တွင် လဲလျောင်းစေပါသည်။ အသေအချာ စစ်ဆေးပြီးနောက် ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီမှာ အမှန်ပင် ဖြစ်ကြောင်း သူက ရွှင်လန်းစွာ ပြောလေသည်။ ကျွန်မက ဆရာဝန်၏ အတည်ပြုချက် ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

"ဘယ်နှလလောက် ရှိပြီလဲ ဆရာ"

"အင်း နှစ်လ ပတ်ဝန်းကျင်ပေါ့။ ဘာပြုလို့လဲ။ ဘယ်သူ့ ကလေးလဲ ဆိုတာ သိချင်လို့လား"

"ကျွန်မ သိပြီးသားပါ"

"အရေးအကြောင်း ရှိရင် လာပေါ့။ အချိန်ရောက်တဲ့ အခါကျတော့လဲ ကလေးကို ကောင်းကောင်းမွန်မွန် မီးဖွားနိုင်အောင် လုပ်ကြတာပေါ့"

ဆရာဝန်က ကျွန်မကို တံခါး ဖွင့်ပေးရင်း ပြောလိုက်သည်။

ကလေး၏ ဖခင်သည် မည်သူမည်ဝါ ဖြစ်ကြောင်း ကျွန်မ သိပြီး ဖြစ်သည်ဟု ဆရာဝန်အား ပြောခဲ့သည်။ သို့ရာတွင် ထိုစဉ်က ကျွန်မ သိသည်ဟု ဆိုခြင်းမှာ စိတ်အထင်သာ ဖြစ်၏။ အသေအချာ တွက်ချက်ပြီးမှ သိရှိခြင်း မဟုတ်။ သို့ရာတွင် ဆေးတိုက်ထဲမှ ထွက်၍ လမ်းပေါ်သို့ ရောက်သော အခါတွင်ကား ကျွန်မသည် အချိန်ကာလများကို ပြန်၍ တွက်ချက်ကြည့်၏။ ထိုအခါတွင် ကျွန်မ၏ စိတ်အထင်သည် တကယ်ပင် ဖြစ်လာ၏။ ကျွန်မ ကလေး၏ ဖခင်သည် အခြားသူ မဟုတ်ဘဲ ကြမ်းတမ်းသော၊ ရက်စက်သော လူသတ်သမားကြီး ဆွန်ဇော်နိုပင် ဖြစ်ချေတော့၏။

ကျွန်မသည် ယခုအခါ မပေါ့မပါး ရှိနေပြီ ဖြစ်၍ လှေကားကို ဖြည်းလေးစွာ တက်ခဲ့ပါသည်။ အိမ်ရှေ့ခန်းသို့ ရောက်သောအခါတွင် ဧည့်ခန်းတွင်းမှ စကား ပြောသံ ကြားရသည်။ တံခါးပေါက်သို့ ရောက်သော

www.burmeseclassic.com



အခါတွင် ကျွန်မသည် မီနိုနှင့် အမေ စကားပြောနေသည်ကို တွေ့ရသဖြင့် အံ့သြရတော့သည်။

မီနို၏ မျက်နှာကို ကြည့်လိုက်တော့ သူ သောက်လာမှန်း ကျွန်မ သိပါသည်။ စားပွဲ၏ တစ်ဖက်ထိပ်တွင် နှစ်ယောက်စာ ဇွန်း၊ ခက်ရင်းနှင့် လက်သုတ်ပဝါ တစ်ထည် ဖြန့်ခင်းထားသည်ကို တွေ့ရသည်။ အမေသည် မီးဖိုထဲမှာပင် စားလေ့ ရှိ၍ ကျွန်မနှင့် မီနို အတွက် ပြင်ဆင်ထားကြောင်း ကျွန်မက သိလိုက်ပါသည်။

"ကိုယ့်ရဲ့ အဝတ်အစားတွေတော့ ယူလာပြီ။ ဟိုဘက်ခန်းထဲမှာ ထားတယ်။ မင်း အမေနဲ့ ကိုယ်နဲ့လဲ အဆွေခင်ပွန်း ဖြစ်နေကြပါပြီ။ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းကြီး သိနေကြပါပြီ။ ဟုတ်ကဲ့လား ဒေါ်ဒေါ်"

ကျွန်မက သူ၏ ခနိုးခနဲ့ စကားများကို ကြားလိုက်ရသဖြင့် ရင်ထဲတွင် မောသွားသည်။ ကျွန်မက ကုလားထိုင် တစ်လုံးတွင် ထိုင်၍ မျက်လုံးများကို မှိတ်ထားလိုက်သည်။

"ဒါက မင်း ပြောတာပဲ။ ဒါပေမဲ့ အက်ဒရီယာနာ မကောင်း ပြောလာရင်တော့ တို့ဟာ အဆွေခင်ပွန်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ကြဘူး ဟေ့"

အမေ၏ ပြန်ပြောသံကို ကျွန်မက ကြားရသည်။

"ကျွန်မ ဆာပြီ၊ ညစာ ကျက်ပြီလား"

"ကျက်ပြီ၊ စားကြရုံပဲ"

အမေက အခန်းထဲမှ ကမန်းကတန်း ထွက်သွားသည်။ ကျွန်မက အမေ့နောက်မှ မီးဖိုထဲသို့ လိုက်သွားသည်။

"သူ့ကိုယ်သူ ဒီအိမ်ရှင်ကျနေတာပဲ။ သားရေအိတ်ကြီး ဆွဲပြီး နင့်အခန်းထဲ ဝင်သွားတယ်။ ပြီးတော့ ငါ့ကို ဈေးဝယ်ထွက်ဖို့ ပိုက်ဆံ ပေးတယ်"

အမေက ညည်းတွားသလို ပြောလိုက်သည်။

"အမေ ဝမ်းမသာဘူးလား"

"အလျင်ကထက်တော့ အများကြီး ကောင်းလာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် အမေ။ ကျွန်မတို့ နှစ်ယောက်ဟာ ဇာစ်ကြောင်းလမ်း ထားတယ်လို့ပဲ ထားပါ။ ဒါပေမဲ့ ဒါဟာ ယာယီ အစီအစဉ်ပါ။ သူ ဒီမှာ သိပ်ကြာကြာ မနေပါဘူး။ အမြဲတမ်း မနေနိုင်ပါဘူး"

ကျွန်မက အခြေအနေများကို အမေ သဘောပေါက် နားလည်အောင် အနည်းအကျဉ်း ရှင်းလင်း ပြောပြပြီးနောက် အမေ့အား ဖက်ထားလိုက်သည်။ ထို့နောက် ဧည့်ခန်းသို့ ပြန်ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၁

အနားယူခြင်းနှင့် အိပ်စက်ခြင်းတို့သည် မီနို၏ ခံစားမှုများကို ပြောင်းလဲ၍ သွားစေလိမ့်မည်ဟု ကျွန်မက ယူဆ ယုံကြည်ခဲ့သော်လည်း နောက်တစ်နေ့ နံနက်တွင် သူ့ကို အလျင်က အချိုးအတိုင်းပင် တွေ့ရှိရလေသည်။ ကျွန်မက သူ၏ သားရေသေတ္တာကို ဖွင့်၍ သူ၏ အဝတ်အစားများကို ကျွန်မ၏ အဝတ်ဗီရိုထဲသို့ ပြောင်း၍ ထည့်ထားလိုက်သည်။ သူ၏ ပညာ သင်ကြားရေး တွင် လိုအပ်သော စာအုပ်များကို ကျွန်မ၏ မှန်တင်ခုံ အပေါ်ဆုံးထပ်တွင် တင်ထားရန် ပြောသောအခါ သူက

"သေတ္တာထဲမှာပဲ ထားပါ။ ဒီစာအုပ်တွေဟာ ကိုယ့်အတွက် ဘယ်လိုမှ၊ ဘယ်တော့မှ အသုံးကျတော့မှာ မဟုတ်ပါဘူး"

"ဘာ့လို့လဲ၊ မောင် ဘွဲ့မယူတော့ဘူးလား"

"မယူဘူး"

"မောင် ပညာ ဆက်မသင်တော့ဘူးလား"

"မသင်တော့ဘူး"

ကျွန်မက ဆက်မပြောတော့။ စာအုပ်များကို သေတ္တာထဲတွင် သည် အတိုင်းပဲ ထားလိုက်သည်။

သူသည် မှတ်ဆိတ်လည်း မရိတ်၊ မျက်နှာလည်း မသစ်ချေ။ သူသည် အလျင်ကဆိုလျှင် အမြဲတမ်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း နေခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ဖြစ်သည်။ သူသည် တစ်နေ့လုံး အခန်း အောင်းလျက်ပင် နေသည်။ ခုတင်ပေါ်တွင် ဆေးလိပ်သောက်ရင်း လှဲလျှင်လှဲ သို့မဟုတ် လက်များကို အင်္ကျီအိတ်ထဲ နှိုက်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျှင် လျှောက်၍ နေပေသည်။ နံနက် ထမင်းစားချိန်တွင် သူသည် ကျွန်မကို ကတိ ပြုထားသည့် အတိုင်း အမေ့ကို စကား တစ်ခွန်းမျှ မပြောပါချေ။ ညနေဘက်တွင်ကား သူ တစ်ယောက်တည်း အပြင်ထွက်၍ ထမင်းစားမည်ဟု ဆိုလေသည်။ ကျွန်မလည်း လိုက်မည်ဟု မပြောရဲပါချေ။ သူ ဘယ်သွားသည်ကို ကျွန်မ မသိပါ။ ကျွန်မ အိပ်ရာ ဝင်ခါနီးလောက်မှ သူ ပြန်ရောက်လာသည်။ သူ အရက် သောက်လာကြောင်း ကျွန်မက ချက်ချင်းပင် သိလိုက်ပါသည်။ သူက ကျွန်မကို အလွန်အမင်း စိတ်ပါသည့် အသွင်မျိုးဖြင့် ဖက်လိုက်သည်။ ကျွန်မက သူ့အလို လိုက်လျောပါသည်။ သို့ရာတွင် သူ့အနေနှင့် ကျွန်မကို လွန်ကျူး ချစ်ခင်ခြင်းသည် အရက် သောက်ခြင်းနှင့် မည်သို့မျှ မခြားနားကြောင်းကို ကျွန်မ ကောင်းကောင်း သိပါသည်။ သူ၏စိတ် မချမ်းမြေ့မှုများကို နွမ်းနယ် အုံဆိုင်းစေမှုတို့ဖြင့် ဖြေဖျောက်နေခြင်းသာ ဖြစ်သည်။

နောက်ရက်များတွင်လည်း အပြောင်းအလဲ မရှိပါပေ။ အရာရာသည် ရေစီးမြောင်း တစ်ခုတည်းမှာပင် မျောပါလျက် ရှိ၏။ ကျွန်မ၏ အခန်းသည် စက်ရုံ အလုပ်ရုံကြီးများပမာ စီးကရက် မီးခိုး တလူလူ ဖြစ်နေတော့၏။ အဘယ့်ကြောင့် သူ၏ စိတ်များ ဤမျှ တုန်လှုပ် ချောက်ချားနေရသနည်း။ အဘယ့်ကြောင့် သူ၏ အပြောအဆိုများနှင့် အပြုအမူများ ဤမျှ ယောက်ယက်ခတ် ပျက်စီးနေသနည်းဟု ကျွန်မက စူးစမ်း အကဲခတ်၍ ကြည့်လာရာ တစ်စ တစ်စနှင့် အကြောင်းရင်း မှန်ကို သိလာရတော့၏။ ယင်းကား အခြား မဟုတ်။ အက်စ်တာရီတာအား သူ ထုတ်ဖော် အစစ်ခံခဲ့သည်များမှာ ရဲအစီရင်ခံစာနှင့် ရဲမှတ်တမ်းများတွင် မပျောက်မပျက် ရှိနေပြီး၊ သူ၏ ပျော့ညံ့မှု သက်သေကြီး အဖြစ် အစဉ် ထာဝရ တည်ရှိနေမည်ကို ကြောက်လန့် ချောက်ချားနေခြင်းပင် ဖြစ်၏။ ယင်းကြောင့် တစ်ညနေတွင် ကျွန်မက သူ့ကို ပြောမိ၏။

“အက်စ်တာရီတာကို မောင် ပြောခဲ့တဲ့ စကားတွေ သူတို့ မှတ်တမ်း တင်ထားမှာကို မောင် စိုးရိမ်နေတယ် ဆိုရင်တော့ ဘာမှ မပူပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



အက်စ်တာရီတာဟာ ကျွန်မ ပြောတာကို ဘာမဆို လုပ်တဲ့ လူပါ။ အဲဒီ အစီရင်ခံစာတွေ၊ အဲဒီ မှတ်တမ်းတွေကို ဆုတ်ပစ်လိုက်ပါလို့ ကျွန်မက ပြောရင် သူ ဆုတ်ပစ်မှာပါ"

"နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလို ယူဆပြီး ဘာကြောင့် ဒီလို ပြောရတာလဲ"

သူက ကျွန်မကို တဆန်းတပြား ကြည့်ပြီး မေးလိုက်သည်။

"မောင်ပဲ တစ်နေ့က ပြောတယ် မဟုတ်လား။ ဒီအကြောင်းတွေကို မောင် မေ့ပစ်ဖို့ ကောင်းတယ်လို့ ကျွန်မက ပြောတယ်လေ။ အဲဒီတော့ မောင်က ကျွန်မကို ပြန်ပြောတယ်။ မောင့် အနေနဲ့ မေ့ပစ်နိုင်ပေမဲ့ ပုလိပ်တွေကတော့ မေ့သွားမှာ မဟုတ်ဘူးတဲ့။ သူတို့မှာ အထောက်အထား အခိုင်အမာ နဲ့တဲ့"

"ဒါပေမဲ့ မင်းက သူ့ကို ဘယ့်နှယ်လုပ်ပြီး ပြောမလဲ"

"ဒါက လွယ်ပါတယ်။ သူ့ဆီကို ဖုန်းဆက်လိုက်ရင်လဲ ရတာပဲ။ ဒါမှမဟုတ် လူကိုယ်တိုင် သွားရင်လဲ ရတာပဲ"

သူ၏ ဆန္ဒ မည်သို့မည်ပုံ ရှိကြောင်းကို သူက ထုတ်မပြောပါချေ။

"အဲဒီတော့ ကျွန်မ သူ့ကို ပြောလိုက်ရမလား"

"ကိုယ်နဲ့ ပတ်သက်လို့တော့ မင်း သဘောပဲ။ မင်း ကြိုက်သလိုသာ လုပ်"

ယင်းကြောင့် ကျွန်မတို့ နှစ်ယောက် နို့ဆိုင် တစ်ဆိုင်သို့ အတူတကွ သွားရောက်ကြပြီး၊ ထိုမှတစ်ဆင့် အက်စ်တာရီတာထံသို့ ကျွန်မက ဖုန်းဆက်ပါသည်။ သူ့ကို ပြောစရာ အကြောင်း တစ်ခုရှိ၍ သူ့ရုံးသို့ လာရမလား ဟု မေးကြည့်ပါသည်။

"မင့် အိမ်ကလွဲရင် တခြား ဘယ်မှာမှ မတွေ့ဘူး"

သူက ခပ်ထေ့ထေ့ လေသံဖြင့် ပြန်ပြောသည်။ ကျွန်မအတွက် အခွင့်အရေး တစ်ခုကို သူ ဆောင်ရွက်ပေးထားရသည့် အတွက် တန်ရာ တန်ဖိုးကို လိုချင်နေပြီ ဖြစ်ကြောင်း ကျွန်မက သိလိုက်ပါသည်။ ယင်းကြောင့် ကျွန်မက ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသည်။

"ကာဖေး တစ်ခုခုမှာ တွေ့ကြရအောင်လား"

"ဟင့်အင်း၊ မင်း အိမ်ကလွဲရင် ဘယ်မှာမှ မတွေ့နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ ဒါဖြင့် ကျွန်မ အိမ်မှာပဲ တွေ့ကြတာပေါ့"ဟု ကျွန်မက ပြောလိုက်ရတော့သည်။ ကနေ့ည မိုးချုပ်ချုပ်တွင် အိမ်၌ ကျွန်မ ရှိမည့်အကြောင်း ဆက်၍ ပြောလိုက်ရသည်။

"သူ ဘာလိုချင်တယ်ဆိုတာ ကျွန်မ သိပါတယ်။ သူ ကျွန်မကို ချစ်ချင်တယ်။ ဒါပဲ။ ဒါပေမဲ့ မိန်းမက သဘောမတူဘဲနဲ့ ဘယ်ယောကျ်ား ကမှ အတင်းအဓမ္မ မချစ်နိုင်ပါဘူး။ သူဟာ တစ်ချိန်တုန်းက ကျွန်မကို အကျပ်ကိုင်ပြီး တစ်ခါ အနိုင်ယူခဲ့ဖူးပြီ။ အဲဒီတုန်းကတော့ ကျွန်မက အတွေ့အကြုံ မရှိလို့ပါ။ ဒါပေမဲ့ သူ ဒါမျိုး နောက် လုပ်လို့ မရတော့ပါ ဘူး"

ကျွန်မက နို့ဆိုင်မှ အပြန်တွင် မီနိုအား ပြောပြမိသည်။

"နေစမ်းပါဦး။ မင်းက သူ့ကို ဘာပြုလို့ မင်းကို မချစ်စေချင်ရ တာလဲ"

မီနိုက မည်ကဲ့သို့မျှ မထူးခြား မတုန်လှုပ်သည့် အနေဖြင့် မေးလိုက် သည်။

"ဘာပြုလို့လဲဆိုတော့ မောင့်ကို ကျွန်မ ချစ်လို့ပေါ့"

"ဒါပေမဲ့ မင်းက သူ့ကို ချစ်ခွင့် မပေးရင် သူက မှတ်တမ်းတွေကို ဖျက်ဆီး ဖျောက်ဖျက် မပစ်ဘဲ နေမှာပေါ့။ အဲဒီတော့"

"သူ ဖျက်ဆီး ဖျောက်ဖျက်ပစ်ပါလိမ့်မယ်။ မပူပါနဲ့"

"ဒါပေမဲ့ သူ လိုချင်တာကို မရလို့ မလုပ်နိုင်ဘူး ဆိုနေရင်ကော"

ကျွန်မတို့သည် လှေကားပေါ်တွင် ရောက်နေကြပြီ ဖြစ်၏။ ကျွန်မက ရပ်လိုက်သည်။

"မောင် ဆုံးဖြတ်တဲ့အတိုင်း ကျွန်မ လုပ်မယ်လေ"

သူက ကျွန်မ ခါးကို ဖက်လိုက်ပြီး ခပ်ဖြည်းဖြည်း ပြောသည်။

"အဲဒီ အခွင့်အရေးဟာ ကိုယ်လိုချင်နေတဲ့ အခွင့်အရေးပဲ။ ကိုယ် ဟာ အစောကြီးကတည်းက အက်စ်တာရီတာကို မင့်ဆီ လာစေချင်နေတယ်။ သူနဲ့ မင်းနဲ့ အချစ်ပလူးကြရအောင် မင့် အခန်းထဲကို ဝင်သွားစေချင်တယ်။ အဲဒီ အခါမှာ ကိုယ်က တံခါးနောက်ကနေ စောင့်နေမယ်။ အဲဒီ အခန်းထဲကို သူ ဝင်လာတာနဲ့ တစ်ပြိုင်နက် ကိုယ်က သူ့ကို သေနတ်နဲ့ အသေ ပစ်သတ် လိုက်မယ်။ ပြီးတော့ သူ့အလောင်းကို ခုတင်အောက် ကန်သွင်းလိုက်ပြီး ကိုယ်တို့ နှစ်ယောက် မိုးအလင်း ချစ်ကြမယ်"

မျိုးဆက်သစ်

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်လုံးများသည် အရောင် တဖျပ်ဖျပ် တောက်လက်လျက် ရှိ၏။ ရက်ပေါင်းများစွာ ဆိုင်းဝေ၍ နေခဲ့သော မျက်လုံးများသည် ယခုမှ ပထမဆုံးအကြိမ် ကြည်လင် တောက်ပြောင်လာခြင်း ဖြစ်သည်။ သူ ပြောသည့်အတိုင်း လုပ်မည့် အရိပ်အယောင်များ တွေ့မြင်နေရသဖြင့် ကျွန်မမှာ ကြောက်လန့် တုန်လှုပ်သွားမိပါတော့သည်။ တစ်နေ့တွင် အပြင်းထန်ဆုံးနှင့် အပြီးသတ် အဖြစ်ဆိုးကြီး တစ်ခု ပေါ်ပေါက်လာနိုင်သည်ဟု ကျွန်မက ထင်မြင်နေခဲ့၏။ ယခုတော့ ယင်းအခါကာလနှင့် ယင်းမှုခင်းမျိုးကြီး ပေါ်ပေါက်၍ လာပေတော့မည်။

"ဘုရား ဘုရား၊ ဘယ်လို ပြောလိုက်တာလဲ မီနိုရယ်။ ဒါမျိုးတွေကို ရယ်စရာ အဖြစ်နဲ့တော့ မပြောပါနဲ့ကွယ်"

"ရယ်စရာ ပြောတာ မဟုတ်ပါဘူး။ နောက်နေတာပါ"

သို့ရာတွင် သူ ရယ်စရာ ပြောနေခြင်းလည်း မဟုတ်၊ နောက်ပြောင်နေခြင်းလည်း မဟုတ်ကြောင်းကို ကျွန်မ သိပါသည်။ သို့ရာတွင် သူ့ သေနတ်ထဲမှ ကျည်ဆန်များကို ကျွန်မက ထုတ်ယူထားမိသည့်အတွက် စိတ် သက်သာရာ ရမိပါသည်။

"မစိုးရိမ်ပါနဲ့ မောင်ရယ်။ အက်စ်တာရီတာဟာ ကျွန်မ လိုချင်တာကို ဘာမဆို လုပ်ပေးမှာပါ။ ဒါပေမဲ့ စောစောက ပြောတာမျိုးကိုတော့ ဘယ်တော့မှ ထပ်မပြောပါနဲ့။ မောင်လုပ်တာ ကျွန်မ ရင်တွေပန်းတွေကို တုန်သွားတာပဲ"

"ဩော် ခက်ပါဘိတော့ ကလေးမရယ်။ နောက်ပဲ မနောက်ရတော့ဘူးလား"

ဧည့်ခန်းတွင်းသို့ ဝင်လာမိသောအခါတွင် သူ ဂနာမငြိမ် ဖြစ်နေသည်ကို ကျွန်မက သတိပြုမိ၏။ အင်္ကျီအိတ်များထဲသို့ လက်နှိုက်ကာ သူသည် အခန်းထဲတွင် လူးလာခေါက်ပြန် လျှောက်နေတော့၏။ သို့ရာတွင် အခါတိုင်းထက် ပို၍ စိတ်အား ထက်သန်နေ၏။ သူ့ မျက်နှာတွင် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစား တွေးတောနေသော အမူအရာများ ပေါ်လွင်နေ၏။

ကျွန်မက အမေ့ကို ဈေးဝယ်ရန် အပြင်သို့ လွှတ်လိုက်ပါသည်။ ကျွန်မ အဖို့မှု ဤပြဿနာများကို ဖြေရှင်းရန် နည်းလမ်း နှစ်လမ်းသာ

www.burmeseclassic.com



တွေ့မြင်နေရသည်။ တစ်ဦးနှင့် တစ်ဦး လမ်းခွဲလျှင် ခွဲ၊ မခွဲလျှင် ရာသက်ပန် ပေါင်းသင်းသွားကြဖို့ပင် ဖြစ်၏။ ကျွန်မက ဒုတိယ နည်းလမ်းကို မည်သည့် နည်းဖြင့် အောင်မြင်မှု ရရှိနိုင်ပါမည်နည်းဟု စဉ်းစားနေမိသည်။ ကျွန်မသည် လိမ်ရ ညာရမည်ကို အင်မတန်မှ မုန်းတီးသူ တစ်ဦး ဖြစ်သည်။ သို့ရာတွင် အင်မတန် ထူးခြားသော အကျိုးတရားကြီး တစ်ခုကို ရရှိမည် ဆိုလျှင်ကား ကျွန်မသည် လိမ်သင့်လျှင် လိမ်ရပေမည်။ အကယ်၍ ကျွန်မသည် မီနိုအား တစ်စုံတစ်ခုကို လိမ်လည်၍ ပြောခဲ့လျှင် လိမ်လည်ခြင်း မမည်ဘဲ သစ္စာ တရား တစ်ခုသာ ဖြစ်ရမည်ဟု အောက်မေ့မိ၏။ သို့ရာတွင် ရုပ်ပိုင်း သစ္စာတရား မဟုတ်ဘဲ နာမ်ပိုင်း သစ္စာတရားသာ ဖြစ်ပေမည်။ အမှန်ကို ပြောရလျှင် ကျွန်မသည် ယထာဘူတ ကျကျ စဉ်းစားမိခြင်းထက် လှုံ့ဆော်မှု တစ်ခု ရှိနေခြင်းကြောင့် မီနိုအား မုသား တစ်ခုကို ပြောမိပါတော့သည်။

သူက ထုံးစံအတိုင်း သွားချည်ပြန်ချည်လျှောက်ပြီး ကျွန်မက စားပွဲစွန်းတွင် ထိုင်နေသည်။

"ဒီမယ် မောင်။ လမ်းလျှောက်တာ ခဏ ရပ်ပါဦး။ မောင့်ကို မပြော မဖြစ်တဲ့ အကြောင်း တစ်ခု ရှိနေလို့ပါ"

"ဘာများလဲ"

"ကျွန်မ မအီမသာ ဖြစ်နေတာ အတော်ကလေး ကြာသွားပြီ။ ဒါနဲ့ တစ်နေ့ကတော့ ဆရာဝန်ကို သွားပြတယ်။ ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီ"

သူက တန့်ခနဲ ရပ်လိုက်ပြီး ကျွန်မကို ကြည့်သည်။

"ကိုယ်ဝန် ရှိနေပြီ၊ ဟုတ်လား"

"ဟုတ်တယ်။ ပြီးတော့ ဒီကိုယ်ဝန်ဟာ မောင့် ကိုယ်ဝန်ပဲ"

မီနိုသည် သိမြင် ပါးနပ်သူ တစ်ဦး ဖြစ်၏။ သို့ရာတွင် ကျွန်မ လိမ်လည်၍ ပြောကြောင်းကိုကား သူ မမှန်းဆ မတွေးတောနိုင်ပါချေ။ သူသည် ရုတ်ခြည်းပင် ကျွန်မ၏ ကြေညာချက် သဘောကို နားလည်သွား သည်။ သူက ကုလားထိုင်တစ်လုံးကို ယူလာပြီး ကျွန်မ အနီးတွင် ထိုင် သည်။ ပြီးတော့ ကျွန်မ၏ ပါးပြင်ကို ကြင်နာမြတ်နိုးစွာ ပွတ်သပ်နေ သည်။

"အင်း ဒါဟာ နောက်ထပ် အကြောင်း တစ်ကြောင်းပဲ။ အဓိက အကြောင်းပဲ။ ကိုယ့်ရဲ့ အတိတ်ဘဝကို မေ့ပျောက်ပစ်လိုက်ပြီး ရှေ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ခရီးကို ဆက်လျှောက်သွားဖို့ အဓိက အကြောင်းကြီးပဲ။ ဟုတ်တယ် မဟုတ်လား"

"မောင် ဘာကို ဆိုလိုတာလဲ"

ကျွန်မက သူ့ စကား အဓိပ္ပာယ်ကို နားမလည်ဟန် ပြု၍ မေးလိုက်သည်။

"ကိုယ်ဟာ ဖခင် တစ်ဦး ဖြစ်လာတော့မှာဆိုတော့ မင်းရဲ့ ချစ်ခြင်းမေတ္တာအတွက် ဘာမှ တာဝန် မယူခဲ့ပေမဲ့ အပြစ်ကင်းစင်တဲ့ သတ္တဝါလေး တစ်ဦး အတွက်တော့ ကိုယ်ဟာ တာဝန် ရှိရတော့မှာပေါ့"

"မောင် လုပ်ချင်တာ လုပ်ပါ။ ကျွန်မ မောင့်ကို ပြောပြတာကတော့ အမှန်တရား တစ်ခုကို ပြောပြတာပဲ။ ဒါပဲ"

"ပြီးတော့ ကလေးတစ်ယောက် အသက်ရှင် နေထိုင်နိုင်ရေးအတွက် အဓိက အကြောင်းရင်းပဲ။ ကလေးတစ်ယောက်ဟာ သစ္စာတရားရဲ့ အခြေခံပဲ။ မင်းဟာ ကလေး တစ်ယောက်အတွက် ခိုးတန်ရင် ခိုးရလိမ့်မယ်။ လူသတ်တန်ရင် သတ်ရလိမ့်မယ်"

သူက အသံ ထွက်၍ စဉ်းစားနေသည့်ပမာ ပြောဆိုလျက် ရှိသည်။

"နေပါဦး။ မောင်က ဘယ်ကလာ ခိုးတာ သတ်တာတွေ ပြောနေရတာလဲ။ ကျွန်မက မောင့်ကို ဝမ်းသာစေချင်လို့ ပြောတာ။ မောင် ဝမ်းမသာဘူးဆိုရင် ဒီအကြောင်းတွေ ဘာမှ ပြောနေစရာ မလိုတော့ဘူး"

ကျွန်မက သည်းမခံနိုင်ဘဲ ပြောလိုက်သည်။ သူက ကျွန်မကို ကြည့်သည်။ ပြီးတော့ ကျွန်မ၏ ပါးမို့မို့ကို ယုယစွာ ပွတ်သပ်နေပြန်သည်။

"မင်း ဝမ်းသာရင် ကိုယ် ဝမ်းသာတာပဲ။ ကဲ ပြောစမ်းပါဦး။ မင်း ဝမ်းသာသလား"

"ကျွန်မလား၊ ဝမ်းသာတာပေါ့။ ပထမဆုံး ဝမ်းသာတဲ့ အကြောင်းကတော့ ကျွန်မက ကလေးတွေကို ချစ်လို့ပဲ။ နောက် တစ်ကြောင်းကတော့ ဒီကလေးဟာ မောင့် ကလေး ဖြစ်လို့ပဲ"

သူက ရယ်လိုက်သည်။

"မင်းဟာ အတော်လာတဲ့ မိန်းမ တစ်ယောက်ပဲ"

"ဘာလာတာလဲ"

"ဘာမှ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာ ဒီအချိန်မှာ အကောင်းဆုံး အကွက်ကြီး မဟုတ်လား။ ကျွန်မမှာ ကိုယ်ဝန် ရှိတယ် ဆိုကြောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဘာဖြစ်သလဲ"

"ဒါ့ကြောင့် ရှင့် တာဝန်ကို ရှင် ထမ်းရမယ်"

သူက နေရာမှ ထခုန်ပြီး ခြေယမ်းယမ်း လက်ယမ်းယမ်းဖြင့် အသံကုန် အော်နေတော့သည်။

"ရှင် နေရမယ်။ နေရမယ်။ နေရမယ်"

သူ၏ လေသံမှာ မယုံကြည်နိုင်စရာ ကောင်းလှသည်။ ကျွန်မ၏ အသည်းသည် မခံမရပ်နိုင်အောင် နာကြည်း စူးရှသွားပါတော့သည်။ မျက်ရည်များ ဝိုင်းဝိုင်းလည် လာပါတော့သည်။

"မောင် လုပ်ချင်တာ လုပ်ပါ။ မောင် သွားချင်ရင် သွားပါ။ ကျွန်မလဲ တခြားကို သွားမှာပါပဲ"

သူ၏ ဒေါသ ပေါက်ကွဲမှုအတွက် မီနိုက စိတ်မကောင်းသွားပုံရသည်။ သူသည် ကျွန်မထံသို့ ရောက်လာပြီး ဖက်ပွေ့ပြန်တော့သည်။

"ကိုယ် တောင်းပန်ပါတယ်ကွယ်။ ကိုယ် ပြောမိတာတွေကို ဘယ်လိုမှ မအောက်မေ့ပါနဲ့။ မင်း ကလေးကိုသာ မင်း ဂရုစိုက်ပါ။ ကိုယ့်အတွက် ဘာမှ မပူပါနဲ့"

ကျွန်မက သူ့လက်ကို ယူ၍ ကျွန်မ မျက်နှာတွင် ကပ်ထားလိုက်ပါသည်။ ကျွန်မ၏ မျက်ရည်များဖြင့် သူ့လက်ကို ရွှဲရွှဲစိုစေပါသည်။ ကျွန်မတို့သည် ယင်းအတိုင်း အတန်ကြီး ကြာအောင် တိတ်ဆိတ်နေမိကြပါသည်။ သူက ကျွန်မ ဘေးတွင် ရပ်၍ ကျွန်မက သူ့လက်ကို ပါးတွင် ကပ်လိုက်၊ နမ်းလိုက်၊ ပြီးတော့ ငိုလိုက်နှင့် ရှိနေမိပါသည်။

ယင်းအခိုက်တွင် အိမ်ရှေ့ တံခါးမှ လူခေါ် ခေါင်းလောင်းသံ ထွက်ပေါ်လာသည်ကို ကျွန်မတို့ ကြားလိုက်ရသည်။ ကျွန်မတို့ လူချင်း ခွဲလိုက်ကြသည်။ နှစ်ယောက်စလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားကြသည်။ ဘာ့ကြောင့် ယင်းသို့ သွေးဆုတ်သွားမိကြသည်ကို ကျွန်မက နားမလည်မိပါ။ ကျွန်မက နေရာမှ ခုန်၍ ထလိုက်သည်။

"သွား၊ သွား။ အက်စ်တာရီတာ လာနေပြီ။ မြန်မြန် သွားပါ"

သူက မီးဖိုခန်း တံခါးမှ ထွက်သွားသည်။ တံခါးကို စေ့အောင် မပိတ်ဘဲ အနည်းငယ် ဟထားခဲ့ပါသည်။ ကျွန်မက မျက်ရည်များကို ကပျာကယာ သုတ်လိုက်သည်။ ကုလားထိုင်များကို နေရာတကျ ထားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။ ယခုအခါ ကျွန်မသည် ပကတိ တည်ငြိမ်မှု ရရှိပေပြီ။

ကျွန်မက တံခါးကို ဖွင့်လိုက်သည်။ အလောတကြီး နောက်ပြန် ဆုတ်လိုက်သည်။ အက်စ်တာရီတာ အစား ဆွန်ဇော်နိုကို တွေ့ရသည်။

သူ၏ လက်များကို အင်္ကျီအိတ်များထဲသို့ ထည့်ထားသည်။ ကျွန်မက တံခါးကို ပြန်ပိတ်လိုက်ရန် ကြိုးစားသေးသော်လည်း သူက ပခုံးနှင့် အသာကလေး တိုက်ဖွင့်လိုက်သည်။ ပြီးတော့ အထဲသို့ ဝင်လာသည်။ ကျွန်မက သူ့ နောက်မှ နေ၍ ဧည့်ခန်းထဲသို့ လိုက်လာသည်။ သူက ပြတင်းပေါက် အနီးရှိ စားပွဲနားတွင် ရပ်လိုက်သည်။ ထုံးစံအတိုင်း သူ့တွင် ဦးထုပ် မပါချေ။ ကျွန်မ ဝင်လာသည်ကို သူက မျက်တောင် မခတ်ဘဲ စိုက်ကြည့်နေသည်။ ကျွန်မက တံခါးကို ပြန်ပိတ်လိုက်ပြီး မည်သို့မျှ မဖြစ်သည့် အနေဖြင့် သူ့အား ပြောလိုက်သည်။

"ရှင် ဘာပြုလို့ လာတာလဲ"

"ပုလိပ်တွေကို မင်း သွားခေါ်တာ မဟုတ်လား"

ကျွန်မက ပခုံး နှစ်ဖက်ကို ဆတ်ခနဲ မြှင့်လိုက်ပြီးနောက် စားပွဲထိပ်တွင် ထိုင်လိုက်သည်။

"ကျွန်မ သွားခေါ်တာ မဟုတ်ဘူး"

"မင်း ငါ့ကို ထားခဲ့ပြီး ပုလိပ်တွေ သွားခေါ်တာပဲ"

ကျွန်မက ပြကတေ့ တည်ငြိမ်လျက် ရှိသည်။ အကယ်၍ စိတ်လှုပ်ရှားမှု တစ်ခုခု ရှိခဲ့လျှင်လည်း ကြောက်ရွံ့ခြင်း မဟုတ်ဘဲ စိတ်ဆိုးခြင်းသာ ဖြစ်ပေမည်။ သူသည် ယခုအခါ ကျွန်မကို ခြောက်လှန့်နိုင်စွမ်း မရှိပါတော့။ ကျွန်မ၏ ပျော်ရွှင် ချမ်းမြေ့မှုများကို တားဆီးပိတ်ပင်သော သူ့အားလည်းကောင်း၊ အခြားသူများအား လည်းကောင်း ကျွန်မက ဒေါသ ဖြစ်တတ်နေပါပြီ။

"ကျွန်မ ရှင့်ကို ထားခဲ့ပြီး တခြားကို ထွက်သွားခဲ့တာကတော့ ကျွန်မဟာ တခြား လူတစ်ယောက်ကို ချစ်နေလို့ပဲ။ ရှင်နဲ့ ကျွန်မ ဘာမှ ပတ်သက်စရာ မလိုတော့လို့ဘဲ။ ဒါပေမဲ့ ပုလိပ်တွေကို ကျွန်မ မခေါ်ဘူး။ ကျွန်မဟာ သတင်းပေး တစ်ယောက် မဟုတ်ဘူး။ ပုလိပ်တွေက သူတို့ ကိစ္စနဲ့ သူတို့ လာကြတာပဲ။ တခြား လူတစ်ယောက်ကို လာရှာကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မထံသို့ လျှောက်လာပြီး ကျွန်မ၏ ပါးနှစ်ဖက်ကို အတင်း ညှစ်ကိုင်ကာ မော့စေပါသည်။ ကျွန်မ၏ ပါးစပ်သည် နာကျင်စွာ ပွင့်ထွက်သွားပါသည်။ ကျွန်မသည် ဒေါသကို မထိန်းသိမ်းနိုင်တော့ဘဲ ခုန်ထကာ သူ့အား နှင်ထုတ်မိတော့သည်။

"သွား၊ ရှင် အခု ထွက်သွား"

သူ၏ လက်များကို သူ၏ အင်္ကျီအိတ်များထဲသို့ ပြန်ထည့်ထားလိုက်သည်။ ပြီးတော့ ကျွန်မ အနီးသို့ ပို၍ တိုးကပ်လာပြီး မျက်လုံးချင်း ဆိုင်ကြည့်နေပါသည်။

"သွား၊ သွား။ ရှင် အခု ထွက်သွား"

ကျွန်မက ထပ်၍ အော်လိုက်ပြန်သည်။ သူ၏ လက်များကို အင်္ကျီအိတ်ထဲ နှိုက်မြဲ နှိုက်လျက်၊ မထေ့တထေ့ ပြုံးလျက် ကျွန်မကို စူးစိုက်၍ ကြည့်လျက်နှင့် ရှေ့သို့ တိုးလာနေပါသည်။ ကျွန်မက စားပွဲတစ်ဖက် ထိပ်သို့ ပြေးသွားပြီး မီးပူကြီးကို ဆုပ်ကိုင်လိုက်ကာ-

"သွား၊ ရှင် အခု ထွက်သွား။ ရှင့် မျက်နှာကို ကျွန်မ ပေါက်ထည့်လိုက်မယ်နော်"

ကျွန်မက အော်လိုက်သည်။ သူက အတန်ကြာ ဆုတ်ဆိုင်းနေပြီးနောက် မလှုပ်မယှက်ကြီး ရပ်နေတော့၏။ ယင်း အခိုက်မှာပင် ကျွန်မ၏ နောက်ဘက်မှ ဧည့်ခန်း တံခါး ပွင့်လာပြီး အက်စ်တာရီတာ ပေါ်လာတော့၏။ သူက တံခါး ပွင့်နေသည်ကို တွေ့ရ၍ လျှောက်ဝင်လာခြင်းပင် ဖြစ်မည်။ ကျွန်မက အက်စ်တာရီတာ ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ဒီလူ့ကို ဒီကနေ ထွက်သွားဖို့ ပြောစမ်းပါ။ သူ ဘာလိုချင်တယ် ဆိုတာ ကျွန်မ မသိဘူး။ သူ့ကို သွားဖို့ ပြောစမ်းပါ"

အက်စ်တာရီတာသည် မီးပူကြီး တယမ်းယမ်း လုပ်နေသော ကျွန်မအား အရင်ကြည့်ပြီးနောက် ဆွန်ဇော်နိုအား ကြည့်လိုက်သည်။

"ဟောဒီ အမျိုးသမီးကလေးက မင်းကို ထွက်သွားဖို့ ပြောနေတယ်။ အဲဒါ မင်းက အခုထက်ထိ ထွက်မသွားသေးဘဲ ဘာလုပ်နေတာလဲ"

"ဒီ အမျိုးသမီးကလေးနဲ့ ကျုပ်မှာ ပြောစရာတွေ အများကြီး ရှိတယ်။ ဒီတော့ ခင်ဗျား ထွက်သွားရင် ကောင်းမယ်"

ဆွန်ဇော်နိုက လေးနက်သော လေသံဖြင့် ပြန်ပြောလိုက်သည်။ အက်စ်တာရီတာသည် ဦးထုပ်ကို ချွတ်ရင်း အခန်းထဲသို့ ဝင်လာသည်။ ငွေနားကွပ်

www.burmeseclassic.com



သက္ကလတ် ဦးထုပ်နက်ကို သူက စားပွဲပေါ်သို့ အသာအယာ တင်လိုက်သည်။ ထို့နောက် ဆွန်ဇော်နိုဆီသို့ လျှောက်သွားသည်။ သူ၏ အမူအရာကို ကျွန်မက ရင်သပ် ရှုမော ရှိနေသည်။ အမြဲတမ်း နက်မှောင်၍ ညို့ဆိုင်းနေသော သူ့ မျက်လုံးများသည် ယခုအခါ တိုက်ပွဲ ဝင်တော့မည့်ပမာ တောက်ပြောင်လျက် ရှိပါသည်။ ပြီးတော့ သူ၏ ပါးစပ်ကြီးကို ကော့လန် တွန့်လိမ်ကာ စိန်ခေါ်သည့်အလား ပြုံးလိုက်သည်။

"ဩ မင်းက မသွားချင်ဘဲကိုး"

သူက စကား တစ်လုံး တစ်လုံးကို ပီပီသသ လေးလေးနက်နက် ပြောဆိုလျက် ရှိသည်။

"ဒါပေမဲ့ ထွက်သွားလို့ ငါ ပြောနေတယ်"

ဆွန်ဇော်နိုက ခေါင်းကို ယမ်းခါလိုက်သည်။ သို့ရာတွင် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ထိုအခါတွင်မှ ဆွန်ဇော်နိုသည် ဘယ်လို လူမျိုး ဖြစ်ကြောင်းကို ကျွန်မက အမှတ်ရမိတော့သည်။ ပြီးတော့ ကြောက်ရွံ့၍ လာမိတော့သည်။ သို့ရာတွင် ကျွန်မ အတွက်ကား မဟုတ်ချေ။ အက်စ်တာရီတာ အတွက် စိုးရိမ်ပူပန်မိခြင်း ဖြစ်သည်။ အက်စ်တာရီတာသည် ဆွန်ဇော်နိုအား သူ မည်သူမှန်း မသိဘဲနှင့် ပြောင်ပြောင်တင်းတင်းကြီး ရန်စ စိန်ခေါ်လျက် ရှိသည်။ ကျွန်မသည် အတွေ့အကြုံ မရှိသေးသော အကလေး ဘဝတွင် လူသေးသေး ငယ်ငယ်လေး တစ်ယောက်က ကြာပွတ်ကို ကိုင်၍ ဟိန်းဟောက် မာန်ဖီနေသော ဇရာမ ခြင်္သေ့ကြီးအား ရင်ဆိုင်နေသည်ကို ဆပ်ကပ်ထဲတွင် ကြည့်နေရသကဲ့သို့ ရှိပါသည်။

'သတိထား။ သူဟာ လူသတ်ကောင်ကြီး။ လူရမ်းကားကြီး' ဟု ကျွန်မက အော်ဟစ် သတိပေးလိုသည်။ သို့ရာတွင် ကျွန်မတွင် စကား ပြောနိုင်သော ခွန်အားများ မရှိတော့။

"ဘယ်လိုလဲ၊ မင်း သွားမလား။ မသွားဘူးလား"

အက်စ်တာရီတာက တစ်ကြိမ် မေးလိုက်ပြန်သည်။ ဆွန်ဇော်နိုသည် နောက်တစ်ကြိမ် ခေါင်းယမ်းလိုက်ပြီး ခြေတစ်လှမ်း ဆုတ်လိုက်ပြန်၏။ အက်စ်တာရီတာက ရှေ့သို့ တစ်လှမ်း တက်လိုက်သည်။ သူတို့ နှစ်ယောက်သည် တစ်ဦးကို တစ်ဦး ထိမိလုမတတ်နှင့် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ အရပ်ချင်း ညီတူလောက်ပင် ရှိသည်။

www.burmeseclassic.com



"မင်း ဘယ်သူလဲ။ မင့် နာမည် ဘယ်သူလဲ။ ပြောစမ်း"

အက်စ်တာရီတာက မေးလိုက်သည်။ ဆွန်ဇော်နိုက အဖြေ မပေးပါချေ။

"ဩ မင်းက မပြောချင်ဘူးလား။ ဟုတ်စ။ မင်း ဘယ်သူလဲ ဆိုတာလဲ မပြောချင်ဘူး။ ထွက်သွား ဆိုတော့လဲ မသွားချင်ဘူး။ ဟုတ်စ"

အက်စ်တာရီတာသည် ခေတ္တမျှ စောင့်ဆိုင်းနေပြီးနောက် သူ့ လက်မြောက်ကာ ဆွန်ဇော်နိုကို တအား ရိုက်ချလိုက်သည်။ ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် ရိုက်လျက် ရှိသည်။ ကျွန်မသည် လက်သီးဆုပ်ကို ပါးစပ်ထဲ ထည့်ပြီး သွားများဖြင့် ကိုက်ထားမိသည်။ 'သူက ခုအက်စ်တာရီတာကို သတ်တော့မယ်' ဟု တွေးတောမိကာ မျက်လုံးများကို မှိတ်ထားလိုက်သည်။ သို့ရာတွင် အက်စ်တာရီတာ၏ အသံကို ကြားနေရသည်။

"သွားစမ်း။ မြန်မြန် ထွက်သွားစမ်း"

ကျွန်မက မျက်လုံးများကို ပြန်ဖွင့်ကြည့်လိုက်တော့ အက်စ်တာရီတာက ဆွန်ဇော်နိုကို တံခါးပေါက်ဆီသို့ တွန်းထိုးပစ်နေသည်ကို တွေ့ရသည်။ ထို့နောက် အက်စ်တာရီတာသည် ဆွန်ဇော်နိုကို ကုပ်မှ ကိုင်၍ တရွတ်ဆွဲခေါ်သွားနေသည်။ ဆွန်ဇော်နို၏ ပါးများသည် အရိုက်ခံရသဖြင့် ရဲနေသည်။ သို့ရာတွင် သူသည် အက်စ်တာရီတာ ပြုသမျှကို ခံနေသည်။ အက်စ်တာရီတာက သူ့ကို အခန်းထဲမှ တွန်းထုတ်လိုက်သည်။ ထို့နောက် အိမ်ရှေ့တံခါးကို ပြင်းထန် ကြမ်းတမ်းစွာ ပိတ်လိုက်သံ ကြားရသည်။ မကြာမီ အက်စ်တာရီတာ ပြန်ရောက်လာသည်။

"သူ ဘယ်သူလဲ"

အက်စ်တာရီတာက သူ့ အဝတ်အစားများ တွန့်ကြေကုန် မကုန် ငုံ့ကြည့်ရင်း ကျွန်မကို မေးလေသည်။

"ကျွန်မ သူ့ နာမည် အပြည့်အစုံကို မသိဘူး။ ကာလိုလို့ပဲ သိတယ်"

ညာလိုက်သည်။

"ကာလို၊ ဟုတ်လား"

ထို့နောက် သူသည် ကျွန်မထံသို့ လျှောက်လာသည်။ ကျွန်မက ပြတင်းပေါက်တွင် ရပ်၍ အပြင်သို့ ကြည့်နေသည်။ သူက ကျွန်မ ခါးကို ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား"

"နေကောင်းပါတယ်"

ကျွန်မက သူ့ကို လှည့်မကြည့်ဘဲ ဖြေလိုက်သည်။ သူက ကျွန်မကို ငေးကြည့်သည်။ ထို့နောက် ကျွန်မ ကိုယ်ကို သူ့ကိုယ်နှင့် တင်းကျပ်စွာ ညှပ်ကပ်ထားလိုက်သည်။ ဘာမျှတော့ မပြောချေ။ ကျွန်မက သူ့ကို အသာအယာ တွန်းဖယ်လိုက်သည်။

"ရှင်ဟာ ကျွန်မ အပေါ်မှာ သိပ်ကောင်းတယ်။ ရှင့်ကို ကျွန်မ တယ်လီဖုန်း ဆက်တာဟာလဲ အကူအညီ တစ်ခု တောင်းမလို့ပဲ"

"ဘာများလဲ"

သူက ကျွန်မကို ငေးကြည့်နေရင်း ပြောလေသည်။ ကျွန်မ၏ စကားများကို နားထောင် မနေသကဲ့သို့ ဖြစ်သည်။

"ရှင် စစ်ဆေး မေးမြန်းတဲ့ လူငယ်"

ကျွန်မက စကား စလိုက်စဉ်မှာပင် သူက ဖြတ်၍-

"သြော် သြော်၊ ဒီလူ့အကြောင်းပဲလား။ သူက သူရဲကောင်း တစ်ယောက်တော့ ဟုတ်ပုံ မရဘူး"

"ဘာပြုလို့လဲ။ သူ ကြောက်နေလို့လား"

အက်စ်တာရီတာက ခေါင်းခါလိုက်သည်။

"သူ ကြောက်သလား၊ မကြောက်သလား ဆိုတာတော့ ကိုယ် မသိဘူး။ ကိုယ် သိတာကတော့ သူ့ကို အစကလေး မေးလိုက်ရုံနဲ့ သူဟာ တစ်ခါထဲ အကုန် လျှောက်ပြောတော့တာပဲ။ တကယ်လို့ သူက ငြင်းနေရင်တောင် ကိုယ်က သူ့ကို ဘာမှ လုပ်မှာ မဟုတ်ပါဘူး။ ဘာပြုလို့လဲ ဆိုတော့ ကိုယ့်မှာ ဘာအထောက်အထား၊ ဘာသက်သေမှ မရှိဘဲကိုး"

ယင်းသို့ တပြီးကား ကျန်ကိစ္စများသည် မီနီ ပြောသည့် အတိုင်းပင် အမှန် ဖြစ်ပေသည်။

"အဲဒီတော့ သူ ပြောသမျှတွေကို ရှင်က ရေးမှတ်ထားလိုက်တယ် ဆိုပါတော့။ အဲဒီ ရှင် ရေးထားတဲ့ မှတ်တမ်းတွေ အားလုံးကို ဖျက်ဆီး ပစ်လိုက်ပါလား"

သူက ပြုံးလိုက်ပြီး-

"သူက မင့်ကို ခိုင်းတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ကျွန်မ စိတ်ကူးပါပဲ။ ကျွန်မ မဟုတ်တာ ပြောရင် ဟောဒီ နေရာမှာ အခုပဲ ဗုန်းခနဲ သေသွားရပါစေသား"

"သူတို့တွေဟာ မှတ်တမ်းတွေကို ပျောက်ပျက် သွားစေချင်ကြတယ်။ ရဲအဖွဲ့ မှတ်တမ်းတွေဟာ သူတို့ စိတ်တွေကို နှိပ်စက် ဖိစီးနေတယ်။ မှတ်တမ်းတွေ ပျောက်သွားရင် သူတို့ရဲ့ နောင်တတွေလဲ အတူတူ ပျောက်သွားရောပဲ"

"ရှင် ပြောတာတွေဟာ မှန်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ရှင် မှားတယ်"

သူက ကျွန်မကို တစ်ကြိမ် ဆွဲယူလိုက်ပြန်သည်။ ကျွန်မ၏ ကိုယ်သည် သူ့ ကိုယ်နှင့် ဖိကပ်လျက် ရှိ၏။

"ကောင်းပြီ။ အလဲအလှယ် အဖြစ် မင်းက ကိုယ့်ကို ဘာပြန်ပေးမလဲ"

သူက ပြင်းပြသော ရမ္မက်ဆန္ဒဖြင့်၊ တုန်ယင်နေသော အသံဖြင့် မေးလေသည်။

"ဘာမှ မပေးဘူး။ ဒီတစ်ခါတော့ ဘာမှ မပေးနိုင်ဘူး"

ကျွန်မက ရိုးရိုးနှင့် ရှင်းရှင်းပင် ပြောလိုက်သည်။

"ဒါဖြင့် ကိုယ်က မင်း ပြောတာကို လုပ်မပေးနိုင်ဘူးလို့ ငြင်းရင်ကော"

"အဲဒီလိုဆိုရင် ရှင်ဟာ ကျွန်မကို စိတ်ဒုက္ခ ဆင်းရဲအောင် လုပ်တာပဲပေါ့။ ဘာပြုလို့လဲဆိုတော့ ကျွန်မက သူ့ကို ချစ်နေလို့ပဲပေါ့"

သူက ကျွန်မကို တစ်ကြိမ် ဆွဲယူလိုက်ပြန်သည်။ ပြီးတော့ သူ့ပါးစပ်ကို ကျွန်မ နားနားတွင် ကပ်၍ နောက်ဆုံး အကြိမ် အဖြစ်ဖြင့် ခွင့်ပြုပါရန် တတွတ်တွတ် ပြောနေပါတော့သည်။ ကျွန်မက သူ ပြောနေသမျှကို တတ်နိုင်သမျှ နားထောင်နေပြီးနောက် ကျွန်မတွင် ကိုယ်ဝန် ရှိနေ၍ ခွင့်မပြုနိုင်ခြင်း ဖြစ်ကြောင်း သူ့အား ပြောပြလိုက်ပါသည်။ ပဋိသန္ဓေ ရှိနေသည် ဟူသော သတင်းကို ကြား၍ သူက နည်းနည်းမျှ မအံ့သြပါ။ အက်စ်တာရီတာသည် သူ၏ အဓိက ရည်မှန်းချက်မှ နည်းနည်းကလေးမျှ အတိမ်းအစောင်း မခံလိုပါ။

"အဲဒါ ဘာပြုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ ဘဝကို ပြောင်းလဲမယ်။ ကျွန်မ လက်ထပ်တော့မယ်"

သူက ကျွန်မ၏ ခါးကို ဖက်ထားသော လက်ကို ဖြုတ်လိုက်သည်။ ဤအကြိမ်တွင်တော့ သူသည် ကျွန်မထံမှ ခွာလိုက်ပြီး–

"ငါတော့ မင်းနဲ့ တွေ့တဲ့နေ့ကို ကျိန်ဆဲနေမိတယ်"

"ဘာပြုလို့လဲ"

"မင်းကို တွေ့တဲ့ နေ့နဲ့၊ ငါ့ကို မွေးတဲ့ နေ့ကို ကျိန်ဆဲနေမိတယ်"

သူက ငြိမ်သက် အေးဆေးစွာ ပြောနေသည်။

"မင်း သူငယ်ချင်းဟာ ဘာမှ ကြောက်နေစရာ မလိုပါဘူး။ သူ ပြောတာတွေကို ငါ ဘာမှ ရေးမထားဘူး။ ဘာမှလဲ အရေးမယူဘူး။ တို့ရဲ့ မှတ်တမ်းတွေထဲမှာ သူ့ကို နိုင်ငံရေးအရ အန္တရာယ်ရှိတဲ့ လူတစ်ယောက် အဖြစ်လောက်သာ မှတ်ထားပါတယ်။ ကဲ ကိုယ်သွားမယ် အက်ဒရီယာနာ"

ကျွန်မက ပြတင်းပေါက်မှာပင် ရှိနေပြီး သူ့ကို ပြန်၍ နှုတ်ဆက်လိုက်သည်။ သူက စားပွဲပေါ်မှ ဦးထုပ်ကို ယူ၍ တစ်ချက်ကလေးမျှ ပြန်စောင်း မကြည့်ဘဲ ထွက်သွားလေတော့သည်။ မီးဖိုခန်း တံခါးသည် ချက်ချင်းပင် ပွင့်လာပြီး မီနိုသည် ခြောက်လုံးပြူးကို လက်တွင် ကိုင်လျက် ထွက်လာပါသည်။ ကျွန်မက သူ့ကို ပါးစပ် အဟောင်းသားနှင့် တအံ့တသြ ငေးကြည့်နေမိသည်။

"ကိုယ်နဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကို ဖျောက်ဖျက် ပစ်ပစ် မပစ်ပစ် ကိုယ်ဟာ အက်စ်တာရီတာကို သတ်ပစ်ဖို့ ဆုံးဖြတ်ထားခဲ့တယ်"

"ဒါဖြင့် ခုနက ဘာဖြစ်လို့ ပစ်မသတ်လိုက်သလဲ"

"သူ မွေးတဲ့ နေ့ကို၊ သူ လူဖြစ်လာတာကို သူက နာနာကြည်းကြည်း ညည်းတွား ကျိန်ဆဲနေတော့ နောက်တစ်နှစ် နှစ်နှစ်လောက် ဆက်ပြီး ညည်းတွား ကျိန်ဆဲပါစေဦးဆိုပြီး လွှတ်ပေးလိုက်တာပဲ"

"ဘာပဲ ဖြစ်ဖြစ်လေ ကျွန်မ လိုချင်တာကိုတော့ ကျွန်မ ရလိုက်ပြီ။ ဘာမှ ရေးထားတာ၊ မှတ်တမ်းတင်ထားတာ မရှိဘူးတဲ့"

"ကိုယ် ကြားပါတယ်။ ကိုယ် အကုန်လုံး ကြားပါတယ်။ ကိုယ်က တံခါးနောက်မှာ ရပ်နေတာပဲ။ တံခါးက စေ့စေ့ကလေး ဟနေတာ။ သူ ဘာလုပ်တယ် ဆိုတာလဲ ကိုယ် မြင်တာပဲ။ သူဟာ သတ္တိရှိပါတယ်။ မင်းရဲ့ အက်စ်တာရီတာဟာ တကယ်ပဲ သတ္တိရှိပါတယ်။ ဆွန်ဇော်နီကို

www.burmeseclassic.com

www.burmeseclassic.com



သူ ရိုက်ပုံဟာ တကယ့်ကို ပိုင်ပါတယ်။ ရိုက်ပုံ ရိုက်နည်း အမျိုးမျိုး ရှိတယ်။ ဆွန်ဇော်နီကို သူ ရိုက်ပုံဟာ တကယ့် အစေခံ တစ်ယောက်ကို သခင်က ရိုက်သလိုမျိုးပဲ။ ဆွန်ဇော်နီ ငုံ့ခံပုံကလဲ အတော့်ကို အံ့သြစရာကောင်းတယ်။ တစ်ခွန်းမှတောင် ပြန်မပြောဘူး"

သူက ရယ်မောလိုက်ပြီး ခြောက်လုံးပြူးကို အင်္ဂါအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ အက်စ်တာရီတာအား သူက ထူးထူးဆန်းဆန်း ချီးကျူးနေသည့်အတွက် ကျွန်မ စိတ်တွင် မပြေမလည် ရှိနေပါသည်။

"ဆွန်ဇော်နီ ဘာလုပ်လိမ့်မယ်လို့ မောင် ထင်သလဲ"

ကျွန်မက ကြောက်လန့် တုန်လှုပ်စွာဖြင့် မေးလိုက်သည်။

"ဘယ်သိမလဲ"

ယခုအခါ ညနေ မိုးချုပ်ပြီ ဖြစ်၏။ ဧည့်ခန်းသည် မှောင်နေ၏။ သူက အလယ်မီးကို ဖွင့်လိုက်၏။ စားပွဲပေါ်တွင် အမေ၏ မျက်မှန်နှင့် ဖဲချပ်များ ရှိ၏။ မီနိုက ထိုင်လိုက်ပြီး ဖဲချပ်များကို ကောက်ယူကာ ကုလားဖန်ထိုးနေသည်။

"ညစာ စားဖို့ စောင့်ရင်း ဖဲကစားကြရအောင်"

သူက ပြောလိုက်သည်။

"ဘယ်လို စိတ်ကူးနဲ့ ဖဲကစားမှာလဲ"

"အို လာပါ။ ကစားရအောင်"

ကျွန်မက သူ့ စကားကို နားထောင်၍ ထိုင်လိုက်သည်။ သူ ဝေပေးသော ဖဲချပ်များကို ကောက်ယူလိုက်သည်။ ဘာ့ကြောင့်မှန်းတော့ မသိ။ ကျွန်မ၏ ခေါင်းသည် မူးဝေနေ၏။ ကျွန်မ လက်များသည် တုန်နေ၏။ ပထမ ပွဲတွင် သူ နိုင်သည်။ ဒုတိယ ပွဲတွင်လည်း သူ နိုင်သည်။

"ဘာဖြစ်လို့လဲ။ မင်း ကစားပုံ ညံ့လှချည့်လား"

သူက ကုလားဖန်ထိုးရင်း မေးလိုက်သည်။ ကျွန်မက ဖဲများကို ပစ်ချလိုက်သည်။

"ကျွန်မကို ဒီနည်းနဲ့တော့ မညှဉ်းဆဲပါနဲ့ မီနိုရယ်။ ကျွန်မ နည်းနည်းကလေးမှ မကစားချင်ဘူး"

"ဘာပြုလို့လဲ"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ထိုင်ရာမှ ထ၍ လမ်းလျှောက်နေမိသည်။ သူ မမြင်အောင် ကျွန်မ၏ လက်များကို ဖျစ်ညှစ်၍ နေမိသည်။

"ကျွန်မတို့ အခန်းကို သွားကြရအောင်"

"သွားလေ"

ကျွန်မတို့သည် အိမ်ရှေ့ခန်းသို့ ထွက်လာကြသည်။ သူက အမှောင်ထဲတွင် ကျွန်မ ခါးကို ဖက်လိုက်သည်။ ကျွန်မက သူ့ ခေါင်းကို လက်နှစ်ဖက်ဖြင့် ညှပ်ကိုင် ဆွဲယူ၍ ကြမ်းတမ်းစွာ နမ်းလိုက်မိ၏။ ကျွန်မတို့သည် တစ်ဦးကို တစ်ဦး ဖက်တွယ်လျက် အခန်းထဲသို့ ဝင်သွားကြပါသည်။

ရုတ်တရက်ဆိုသလို ကျွန်မ ကိုယ်ကို ခုတင်ပေါ်တွင် လဲလျောင်းနေသည်အား တွေ့ရှိလိုက်ရသည်။ စားပွဲတင် မီးမှ အလင်းရောင်သည် ကျွန်မ၏ ဝတ်လစ်စလစ် ဝမ်းဗိုက်ပေါ်တွင် ရောင်ပြန်ဟပ်လျက် ရှိသည်။ ကျွန်မက ပေါင်နှစ်လုံးကို တင်းကျပ်စွာ စေ့ထားလိုက်မိပါသည်။ ရှက်၍လော၊ ချမ်း၍လောဟုကား မပြောတတ်ပါ။ ပြီးတော့ ကျွန်မ ကိုယ်ကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ထားလိုက်မိပါသေးသည်။ မီနိုက ကျွန်မကို ကြည့်ပြီး ပြောလေသည်။

"မင်းရဲ့ ဗိုက်ကလေးဟာ ပူလာပြီ။ တစ်လထက် တစ်လ ပိုပြီး ပူလာလိမ့်မယ်။ တစ်နေ့ကျရင် မင်းဟာ နာကျင်ခြင်း ဝေဒနာနဲ့ အခုစေ့ထားတဲ့ ပေါင်နှစ်ခုကို ဖွင့်ပေးရလိမ့်မယ်။ အဲဒီအခါကျရင် ကလေးရဲ့ ခေါင်းဟာ ပြူထွက်လာပြီး နောက်ဆုံးမှာတော့ သူဟာ အပြင် အလင်းရောင်ထဲကို ရောက်လာလိမ့်မယ်။ သူတို့က သူ့ကို ကောက်ယူပြီး မင်း လက်ထဲကို ထည့်ပေးလိမ့်မယ်။ အဲဒီအခါ မင်းဟာ ပျော်ရလိမ့်မယ်။ အဲဒါဟာ ဒီကမ္ဘာလောကကြီးထဲမှာ လူတစ်ယောက်တိုးလာတာပဲ။ ဒါပေမဲ့ အက်စ်တာရီတာ ပြောသလို မျိုး မဖြစ်အောင်တော့ တို့ ဆုတောင်းရလိမ့်မယ်"

"အက်စ်တာရီတာက ဘာပြောလို့လဲ"

"သူ လူဖြစ်လာတာကို သူ့ဟာသူ ကျိန်ဆဲနေတယ်လေ"

"အို အက်စ်တာရီတာက အလားတူပဲ။ ကျွန်မ သားကလေးဟာ ပျော်ရွှင် ချမ်းမြေ့ပြီး ကုသိုလ်ကံ အကြောင်း ကောင်းပါလိမ့်မယ်"

ထို့နောက် ကျွန်မ ကိုယ်ကို စောင်ဖြင့် ရစ်ပတ်လိုက်သည်။ ကျွန်မ အိပ်ပျော်သွားသည်ဟု ထင်သည်။ ရုတ်တရက်ဆိုသလို ကျွန်မ နားထဲတွင်

www.burmeseclassic.com



'ဒိုင်း ဒိုင်း' နှင့် သေနတ်သံ နှစ်ချက် ကြားလိုက်မိသည်။ ကျွန်မက စိုးရိမ်တကြီး ကြောက်လန့်တကြားဖြင့် ထထိုင်လိုက်သည်။ စားပွဲတွင် မီးသည် ယခုထက်ထိ လင်းလျက် ရှိသည်။ ကျွန်မက ခုတင်ပေါ်မှ ကပျာကယာ ဆင်း၍ တံခါးဆီသို့ လျှောက်သွားသည်။ အသေအချာ ပိတ်ထားခြင်း ရှိမရှိ စစ်ဆေးရန် ဖြစ်သည်။ သို့ရာတွင် ကျွန်မသည် တံခါးအနီးတွင် အဝတ်အစား အပြည့်အစုံ ဝတ်၍ ဆေးလိပ်သောက်နေသော မီနိုနှင့် ဝင်၍ တိုးမိသည်။ ကျွန်မက ခုတင်ဆီသို့ ပြန်လျှောက်သွားပြီး ခုတင်စွန်းတွင် ထိုင်လိုက်သည်။ ပြီးတော့ သူ့အား မေးလိုက်မိပြန်သည်။

"ဆွန်ဇော်နို ဘာလုပ်လိမ့်မယ်လို့ မောင် ထင်သလဲ"

"ကိုယ်က ဘယ့်နှယ် လုပ်ပြီး သိနိုင်ပါ့မလဲ"

သူက ကျွန်မကို ကြည့်ရင်း အဖြေပေးသည်။

"သူ့အကြောင်း ကျွန်မ သိတယ်။ ဘာမှ ပြန်မလုပ်ဘဲနဲ့ အခန်းထဲက တွန်းထုတ်ခံတာဟာ အကြောင်း တစ်ခုခု ရှိလို့ မဖြစ်နိုင်ဘူးလား။ သူဟာ အက်စ်တာရီတာကို ကောင်းကောင်းကြီး သတ်ပစ်နိုင်တယ်။ မောင် ဘယ့်နှယ် ထင်သလဲ"

"ဟုတ်ချင် ဟုတ်မှာပေါ့။ အများကြီး ဖြစ်နိုင်တာပဲ"

"အက်စ်တာရီတာကို သူ သတ်ပစ်လိမ့်မယ်လို့ မောင် ထင်သလား"

"အင်း တကယ်လို့ သတ်ပစ်တယ် ဆိုရင်လည်း ဘာအံ့သြစရာ ရှိသလဲ"

"အက်စ်တာရီတာကို သတိပေးရမယ်။ ဆွန်ဇော်နိုဟာ သူ့ကို သတ်လိမ့်မယ်။ အို ကျွန်မ ဒီအကြောင်းတွေကို စောစောက ဘာဖြစ်လို့ မစဉ်းစားမိခဲ့သလဲ မသိဘူး"

ကျွန်မက ထိုင်ရာမှ ထ၍ အဝတ်အစားများကို ကမန်းကတန်း ဝတ်နေမိတော့၏။ မီနိုကတော့ ဘာမျှ မပြော။ သူက ဆေးလိပ်သောက်ရင်း လမ်းလျှောက်နေသည်။

"အက်စ်တာရီတာ့ အိမ်ကို ကျွန်မ လိုက်သွားဦးမယ်။ သူဟာ အခုလောက်ဆိုရင် အိမ်မှာ ရောက်နေပြီ။ မောင် ကျွန်မကို ဒီက စောင့်နေ"

"ကိုယ်လဲ လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့်အတူ သူ လိုက်လာမည်ဆို၍ ဝမ်းသာမိပါသည်။ ကျွန်မတို့သည် ကုတ်အင်္ကျီ အသီးသီး ဝတ်ဆင်ကြပြီးနောက် အိမ်မှ ထွက်ခဲ့ကြပါသည်။ ကျွန်မက လမ်းပေါ်တွင် သုတ်ခြေတင်နေသည်။ မပြေးရုံတမယ်ပဲ ရှိသည်။ မီနိုက ကျွန်မကို မီအောင် ခြေလှမ်း ကျဲကျဲ လှမ်းလျက် ရှိပါသည်။ မကြာမီမှာပင် အငှားကား တစ်စီးကို တွေ့၍ ကျွန်မတို့ ကပျာကယာ တက်လိုက်ကြသည်။ အက်စ်တာရီတာ၏ အိမ်လိပ်စာကို ကျွန်မက အော်ဟစ်၍ ပြောလိုက်သည်။ ကျွန်မက သူ့ အိမ်သို့ တစ်ခေါက်မျှ မရောက်ဘူးပါ။ သို့ရာတွင် တရားရုံး အနီး၌ ဖြစ်ကြောင်း ကျွန်မက သိပါသည်။

အငှားကားသည် အဟုန်ပြင်းစွာနှင့် မောင်းနှင်လျက် ရှိသည်။ တရားရုံး အနီးသို့ ရောက်သောအခါတွင် ကျွန်မက ကားကို ရပ်စေပြီး ခုန်ဆင်းလိုက်ပါသည်။ မီနိုက ကားခကို ပေးသည်။ ကျွန်မတို့သည် ဥယျာဉ်ကလေး တစ်ခုကို ဖြတ်၍ သစ်ပင်များ၊ သစ်ခက်များ အကြားမှ ကျောက်စရစ်လမ်းကလေးအတိုင်း ပြေးသွားကြပါသည်။ ဥယျာဉ်လမ်း ဆုံးသောအခါတွင် အက်စ်တာရီတာတို့ လမ်းကို တွေ့မြင်ရပါသည်။ ဓားရှည် တစ်ချောင်းကဲ့သို့ ရှည်လျား ဖြောင့်တန်းလှပါသည်။ သူ၏ အိမ်အမှတ်ကို ချင့်တွက်ကြည့်ခြင်းအား၏ဖြင့် အက်စ်တာရီတာ၏ အိမ်သည် တစ်ဖက် လမ်းအဆုံးလောက်တွင် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။

အဆောက်အအုံ သုံးလေးခုနှင့် ကန့်လန့်ဖြတ် လမ်းအချို့ကို ဖြတ်ကျော်မိသောအခါတွင် မီနိုက ပြောလိုက်သည်။ တည်ငြိမ်စွာနှင့် ဖြစ်သည်။

"တစ်ခုခုတော့ ဖြစ်ပြီနဲ့ တူတယ်။ ဟိုမှာ ကြည့်စမ်း"

ကျွန်မက သူပြရာသို့ ကြည့်လိုက်တော့သည်။ ဝိုးဝိုးဝါးဝါး လူအုပ်ကြီးကို ကျွန်မတို့နှင့် မဝေးလှတော့သော အဆောက်အအုံ တစ်ခု ရှေ့တွင် တွေ့ရသည်။ အိမ်ရှေ့ခန်း တံခါးပေါက် တစ်ခု ရှေ့တွင် စုပြုံနေကြခြင်း ဖြစ်သည်။ ယင်းအဆောက်အအုံ၏ တစ်ဖက် လူသွားလမ်း စင်္ကြံပေါ်တွင်လည်း လူတွေ စီတန်းနေသည်ကို တွေ့ရသည်။ ကျွန်မက ယင်းအဆောက်အအုံသည် အက်စ်တာရီတာ၏ အိမ်ပဲ ဖြစ်ရမည်ဟု ယူဆပြီး ပြေးသွားမိပါတော့သည်။ မီနိုလည်း ပြေး၍ လိုက်လာပါသည်။

"ဘာဖြစ်တာလဲ၊ ဘယ်လို ဖြစ်တာလဲ"

တံခါးပေါက် အနီးတွင် စုပြုံနေသူများအနက် ကျွန်မ ပထမဆုံး တွေ့ရှိသူအား မောကြီး ပန်းကြီးနှင့် မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းတော့ သေသေချာချာ မသိသေးဘူး။ လူ တစ်ယောက်ဟာ လှေကားပေါ်က ခုန်ချတယ်နဲ့ တူတယ်။ ဒါမှမဟုတ် ပစ်ချခံရတယ်နဲ့ တူတယ်။ ပုလိပ်တွေက ခေါင်မိုးပေါ် တက်ပြီး လူတစ်ယောက်ကို ရှာနေကြတယ်"

ကျွန်မ၏ မေးမြန်းခြင်းကို ခံရသူက ပြန်ဖြေသည်။ သူသည် လူရွယ် တစ်ယောက် ဖြစ်ပြီး ဦးထုပ်လည်း မပါ၊ ကုတ်အင်္ကျီလည်း မပါချေ။ သူသည် စက်ဘီး တစ်စီးကို လက်ကိုင်မှ နေ၍ ကိုင်ထားသည်။ ကျွန်မက လူအုပ်ကြီး အတွင်းသို့ အတင်းတိုး၍ ဆင်ဝင်ခန်းသို့ ရောက်အောင် ဝင်သွားပါသည်။ ဆင်ဝင်ခန်းသည် အတော်ကြီး ကျယ်၍ မီးလင်းလင်း ထွန်းထားသည်။ အခန်းထဲတွင် လူတွေ ပြည့်နေသည်။ သံလက်ရန်းဖြင့် ကာရံထားသော လှေကား ဖြူဖြူသည် လူအုပ်ကြီး အထက်ဘက်သို့ ဝိုက်၍ တက်သွားသည်။ ကျွန်မက ရှေ့သို့ တိုးသည်ထက် တိုးသွားပြီး လူအုပ်ကြီး၏ ခေါင်းနှင့် ပခုံးများကို ကျော်၍ ကြည့်လိုက်သော အခါတွင် လှေကားရင်းရှိ ကျယ်သော ကြမ်းပြင်ကို တွေ့မြင်ရပါသည်။ ယင်းကြမ်းပြင်ပေါ်တွင် မီးတိုင် တစ်တိုင်ကို တွေ့ရသည်။ ယင်း တိုင်ခြေရင်းတွင် အဝတ် ဖုံးလွှမ်းထားသော ခန္ဓာကိုယ် တစ်ခု ရှိသည်။ လူ အားလုံးသည် တစ်နေရာဆီသို့ စုပြုံ၍ ကြည့်နေကြသဖြင့် ကျွန်မလည်း ကြည့်မိသည်။ ဖုံးလွှမ်းထားသော အဝတ် အောက်မှ ထိုးထွက်နေသော ဖိနပ်နက်ဖြင့် ခြေတစ်ဖက်ကို မြင်ရသည်။

"ပြန်ကြစို့ မီနို" ကျွန်မ နောက်မှ လူ တစ်ယောက်ကို လှည့်ကြည့်ရင်း ပြောလိုက်မိသည်။ ထိုလူက ကျွန်မကို ပြူးတူး ပြဲတဲနှင့် ကြည့်နေသည်။ မျက်နှာစိမ်းတစ်ဦးဖြစ်သည်။ ကျွန်မက လူအုပ်ကြီးထဲတွင် လှည့်လည်၍ မီနိုကို ရှာဖွေနေမိပါသည်။ ကျွန်မက အတော်ကြီး ကြာအောင် ရှာဖွေသည့်တိုင် သူ့ကို မတွေ့ရှိပါ။ လူတစ်ယောက်က အက်စ်တာရီတာ၏ အမည်ကို ထည့်သွင်း ပြောဆိုနေသံ ကြားရသော်လည်း ကျွန်မက ဂရုမစိုက်အားဘဲ မီနိုကိုသာ ရှာဖွေနေမိပါသည်။ နောက်ဆုံးကျတော့မှ သူ ပြန်သွားနှင့်ပြီဟု ယူဆလိုက်မိပါသည်။ ယင်းကြောင့် ကျွန်မက အငှားကား တစ်စီးဖြင့် အိမ်သို့ ပြန်ခဲ့ပါသည်။

သို့ရာတွင် သူသည် အိမ်သို့ ရောက်နှင့် မနေပါချေ။ ထို့ပြင် ထိုနေ့ ညတွင်လည်း ပြန်မလာပါချေ။ နောက်တစ်နေ့တွင်လည်း ပြန်မလာပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ အခန်းအောင်း၍သာ နေမိပါတော့သည်။ မီနို၏ အကြောင်းကိုသာ တွေးတောနေမိပါသည်။ မည်သည့် အရာကမျှ မီနိုအကြောင်း စဉ်းစားတွေးတောနေသော ကျွန်မ၏ စိတ်များကို မဆွဲဆောင်နိုင်ပါချေ။ သတင်းစာများ အားလုံးတွင် အကျယ်တဝင့် ဖော်ပြထားကြသော ဆွန်ဇော်နို၏ မှုခင်းသတင်းကလည်း ကျွန်မ၏ စိတ်ကို မလွှမ်းမိုးနိုင်ပါချေ။ ဤမှုခင်းသည် ဆွန်ဇော်နို၏ လက်ရာပင် ဖြစ်ကြောင်းမှာ ယုံမှားစရာ မရှိပါပေ။ သူတို့နှစ်ဦးသည် အက်စ်တာရီတာ၏ အိမ်ရှေ့ခန်း တံခါးပေါက် အနီးတွင် အတန်ကြာအောင် လုံးထွေး သတ်ပုတ်နေကြဟန် ရှိသည်။ နောက်ဆုံးတွင်မှ ဆွန်ဇော်နိုက အက်စ်တာရီတာ၏ ကိုယ်ခန္ဓာကို ကိုင်မြှောက်၍ အောက်သို့ ပစ်ချလိုက်ခြင်း ဖြစ်ပေသည်။ ဤလို ရက်စက်မှုမျိုးကို ဆွန်ဇော်နို တစ်ယောက်သာလျှင် ပြုမူနိုင်ပေသည်။ သို့ရာတွင် ကျွန်မသည် မီနိုအတွက်သာ ပူပန်နေမိသဖြင့် ဆွန်ဇော်နိုသည် ထိုနေ့ ညတွင်းချင်းမှာပင် အိမ်ခေါင်မိုး တစ်ခုမှ တစ်ခုသို့ ကြောင် တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ ခုန်ကူးသွားစဉ် သေနတ်ဖြင့် ပစ်သတ်ခံရခြင်း အကြောင်းကို၊ သတင်းစာများတွင် အကျယ်တဝင့် ဆက်လက် ရေးသားထားကြသည်ကိုလည်း ကျွန်မက စိတ်မဝင်စားနိုင်ပါချေ။ ကျွန်မသည် နှစ်ရက်လုံး အခန်းအောင်း၍ မီနို၏ အကြောင်းကို စဉ်းစားနေမိသည်။ တတိယမြောက်သော နေ့တွင်ကား ကျွန်မ၏ ခေါင်းထဲသို့ စိတ်ကူး တစ်ခု ရောက်လာသည်။ မီနိုသည် ကျွန်မတွင် ကိုယ်ဝန် ရှိကြောင်း သိရှိ၍ ကိုယ်လွတ်ရန်းကာ သူ့ မြို့သို့ ပြန်သွားခြင်း ဖြစ်မည်ဟု စဉ်းစားမိတော့သည်။ သို့ရာတွင် ထိုနေ့ နေ့ခင်းမှာပင် အမေက ကျွန်မအတွက် စာတစ်စောင်ကို ယူလာ၍ ပေးသည်။ မီနို၏ လက်ရေးကို မှတ်မိသဖြင့် ကျွန်မ၏ ရင်များသည် ပျော်ရွှင်မှုဖြင့် ခုန်လာတော့သည်။ အခန်းထဲမှ အမေ ထွက်သွားသည် အထိ စောင့်ပြီးမှ ကျွန်မ၏ စိတ်လှုပ်ရှားမှု အနည်းငယ် တည်ငြိမ်အောင် ပြုလုပ်ကာ စာကို ဖောက်၍ ဖတ်ပါသည်။

### *ချစ်မြတ်နိုးဆုံးသော အက်ဒရီယာနာ*

*ဒီစာကို မင်း ဖတ်နေရတဲ့ အချိန်မှာ ကိုယ်ဟာ ဒီလောက ကြီးထဲမှာ ရှိတော့မယ် မဟုတ်ဘူး။ ကိုယ့် သေနတ်ကို ဖွင့်ကြည့်တဲ့အခါမှာ၊ ကျည်ဆန် တွေကို မတွေ့ရတော့တဲ့ အခါမှာ ဒါဟာ*

www.burmeseclassic.com



မင်း လက်ချက်ပဲဆိုတာ ကိုယ် သိမိပါတယ်။ ဒီအတွက် ကိုယ်က မင်းကို ချစ်ခင်လေးမြတ်ခြင်း ဖြစ်မိပါတယ်။ ဒါပေမဲ့ အက်ဒရီယာနာကလေးရယ် မင်းဟာ သေနတ်အကြောင်း ဘာမှ မသိပါကလား။ ပြောင်းဝ အိမ်ထဲမှာ ကျည်ဆန် တစ်တောင့် ရှိနေသေးတယ်ဆိုတာကို မင်း မသိပါကလားကွယ်။ မင်း အနေနဲ့ ဒီလို မသိရှိတဲ့အတွက် ကိုယ့်ရဲ့ ဆုံးဖြတ်ချက်က ပိုပြီး ခိုင်မာတောင့်တင်း လာတော့တယ်။ ပြီးတော့လည်း လူတစ်ယောက်မှာ သူ့ ကိုယ်သူ သတ်သေနိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိနေပါတယ်ကွယ်။

ကိုယ် မင်းကို ပြောခဲ့ပြီးတဲ့ အတိုင်းပါပဲကွယ်။ ကိုယ်ဟာ ကိုယ်လုပ်ခဲ့တဲ့ အမှုတွေကို ဘယ်လိုမှ လက်မခံနိုင်တော့ဘူး။

ဟောဒီ နောက်ပိုင်း ရက်တွေမှာ ကိုယ် သိလာတာ တစ်ခုကတော့ ကိုယ် မင်းကို ချစ်တယ်ဆိုတာပဲ။ ဒါပေမဲ့ ကိုယ်ဟာ မင်းကို မချစ်သင့်ဘူး။ မုန်းသင့်တယ်။ ကိုယ်ဟာ သူရဲဘောကြောင်တာ၊ သစ္စာဖောက်တာ မဟုတ်ဘူးလို့ ဆိုရင်လည်းပဲ ကိုယ်ဟာ ကိုယ့်ရဲ့ ယုံကြည်ချက်နဲ့ စိတ် ဆန္ဒတွေကို ဖျက်ဆီးပစ်တဲ့ လူတစ်ယောက်ပဲ။ အရေးအကြောင်းကျတော့ ကိုယ်တို့ လူတန်းစားထဲက လူတစ်ယောက်ဖြစ်လာတာပဲ။ ဒါကြောင့်မို့လို့ ကိုယ်ဟာ ကမောက်ကမ ဖြစ်နေတဲ့ အခြေအနေတွေကို ထိန်းသိမ်းနိုင်အောင်၊ နေသားတကျ ပြန်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်တာပဲ။

ဒါပေမဲ့ မစိုးရိမ်ပါနဲ့ကွယ်။ ကိုယ် မင်းကို မမုန်းပါဘူး။ တကယ်တော့ ကိုယ် မင်းကို နင့်နေအောင် ချစ်ပါတယ်။ တကယ်လို့သာ ဖြစ်နိုင်လို့ရှိရင် ကိုယ်ဟာ အသက် ရှင်နေလျက် မင်းနဲ့ လက်ထပ်ပြီး၊ ပျော်ပျော်ကြီး နေသွားချင်ပါတယ်။ ဒါပေမဲ့ ဒါဟာ တကယ်တမ်းကျတော့ မဖြစ်နိုင်ပါဘူးကွယ်။

မကြာမီမှာ လူ့လောကကြီးထဲ ရောက်လာမယ့် ကလေးအတွက် ကိုယ် စာနှစ်စောင် ရေးထားခဲ့ပါတယ်။ တစ်စောင်က ကိုယ့် အိမ်ကိုဖြစ်ပြီး၊ တစ်စောင်က ကိုယ့် သူငယ်ချင်း ဝတ်လုံဆီကို ဖြစ်တယ်။ ကိုယ့် မိဘတွေဟာ သူတို့ တာဝန်ကို သူတို့ ယူကြပါလိမ့်မယ်။ တကယ်လို့ သူတို့က ငြင်းဆန်နေရင်တော့ ဥပဒေအတိုင်း ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



*ပါကွယ်။ ကိုယ့် သူငယ်ချင်း ဝတ်လုံက မင်းကို လာတွေ့ပြီး လိုအပ်တဲ့ အကူအညီတွေကို ပေးပါလိမ့်မယ်။ သူ့ကို ယုံနိုင်ပါတယ်။*

*ကိုယ့်ကို ရံဖန်ရံခါ သတိရပါကွယ်။ ကိုယ် မင်းကို အနမ်းနဲ့ နှုတ်ဆက်ခဲ့ပါတယ်။*

**မီနို**

ယင်းစာကို ဖတ်၍ ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် ကျွန်မ၏ ကိုယ်ကို အိပ်ရာသို့ ထိုးနှစ်လိုက်ကာ၊ စောင်ကို ခေါင်းပေါ် ရောက်သည့်ထိ ဆွဲခြုံလိုက်ပြီး သည်းထန်စွာ ငိုကြွေးမိတော့သည်။ ကျွန်မ အဘယ်မျှ ကြာအောင် ငိုကြွေးမိသည် မသိပါ။ ကျွန်မသည် အော်ကြီးဟစ်ကျယ် ငိုလိုက်ချင်သော်လည်း အမေ သိမည် စိုး၍ ကျိတ်၍သာ ငိုရှိုက်ရပါသည်။ ကျွန်မ၏ ဘဝတွင် နောက်ဆုံးအကြိမ် အဖြစ် ငိုကြွေးနေသည့်အလား ဖြစ်ပါသည်။ ကျွန်မသည် မီနိုအတွက်၊ ကျွန်မအတွက်၊ ကျွန်မ၏ အတိတ်နှင့် အနာဂတ်တို့အတွက် တိတ်ဆိတ်စွာ ငိုကြွေး၍ နေမိပါတော့သည်။

နောက်ဆုံးတွင် ကျွန်မသည် အိပ်ရာမှ ထလိုက်သည်။ ငိုရှိုက်ရင်း၊ မူးဝေ နောက်ကျိရင်း၊ မျက်ရည်များ ဝေနေခြင်းတို့ဖြင့် အဝတ်အစားများကို ကမန်းကတန်း ဝတ်နေမိသည်။ ထို့နောက် ရေအေးအေးဖြင့် မျက်နှာ သစ်ကာ အတတ်နိုင်ဆုံး ခြယ်လိမ်း၍ အမေ့ကို ဘာမျှ မပြောဘဲ အိမ်ထဲမှ အသာကလေး ထွက်ခဲ့မိပါသည်။

ကျွန်မသည် သက်ဆိုင်ရာ ရဲဌာနသို့ အမြန်ဆုံး သွားရောက်၍ တာဝန်ခံ ရဲအရာရှိနှင့် တွေ့ဆုံပါသည်။ ရဲအရာရှိသည် ကျွန်မ ပြောပြသည်များကို နားထောင်ပြီးနောက် မယုံကြည်သော အနေဖြင့် ပြောပါသည်။

"အခုအထိတော့ တို့ ဘာသတင်းမှ မရသေးဘူး။ မင့်လူဟာ ဒီစာကို ရေးပြီး စိတ်ပြောင်းသွားတာ ဖြစ်မှာပေါ့"

သူ ပြောသည့်အတိုင်း မှန်ပါစေဟု ကျွန်မက ဆုတောင်းနေမိသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် သူ့ စကားကို ကျွန်မက မခံမရပ်နိုင်ဖြစ်မိသည်။ ဘာ့ကြောင့်မှန်းတော့ မသိ။

"ရှင် သူ့အကြောင်း မသိလို့ ဒီလို ပြောတာပါ။ သူတို့လူစုတွေကို ရှင်တို့လိုပဲ မှတ်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကလေးမ၊ မင်းဟာ သူ့ကို ရှင်စေချင်တာလား။ သေစေချင်တာလား"

"ရှင်စေချင်တာပေါ့"

ကျွန်မက အော်လိုက်သည်။

"ကျွန်မက သူ့ကို အသက် ရှင်နေစေချင်တာပေါ့။ ဒါပေမဲ့ သူသေပြီလို့ ကျွန်မ သေသေချာချာကြီး ယုံကြည်နေတယ်"

"ကိုယ့် စိတ်ကို ထိန်းပါ ကလေးမရယ်။ သူ ဒီစာကို ရေးနေတဲ့အချိန်မှာ သူ့ ကိုယ်သူ သတ်သေချင်တာ အမှန်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူ့ စိတ်တွေဟာ ပြောင်းလဲသွားနိုင်တာပဲ။ သူဟာ ပုထုဇဉ် လူသား တစ်ယောက်ပဲကွယ်။ ဘယ်သူမဆို ဒီလိုမျိုး ဖြစ်နိုင်ကြတာ ချည်းပဲပေါ့"

"ဟုတ်တယ်၊ သူဟာ ပုထုဇဉ် လူသား တစ်ယောက်ပဲ"

ကျွန်မက အထစ်ထစ် အငေါ့ငေါ့ ရေရွတ်လိုက်မိသည်။ ကျွန်မ ဘာတွေ ပြောနေမိသည်ကို ကျွန်မ မသိတော့ပါ။

"ဘာပဲ ဖြစ်ဖြစ်လေ၊ ညနေဘက်ကျတော့ တစ်ခေါက် လာကြည့်ပါဦး။ အဲဒီအခါကျတော့ မင်းကို သတင်း တစ်ခုခု ပေးနိုင်ပါလိမ့်မယ်"

သူက နိဂုံးချုပ် ပြောလိုက်သည်။ ကျွန်မသည် ရဲဌာနမှ နေ၍ ဘုရားရှိခိုးကျောင်းသို့ တန်း၍ သွားပါသည်။ နောင်အခါတွင် ဘုရားသခင် ဖြစ်လာမည့် ကလေးငယ် ကလေးကို ရင်ဝယ်ပိုက်၍ ရပ်နေသော မယ်တော်မာရီ၏ ရှေ့တွင် ကျွန်မက ဒူးထောက်၍ ထိုင်ချလိုက်ပါသည်။ ထို့နောက် ဝတ်ပြုပါသည်။ ဆုမွန် တောင်းပါသည်။ သစ္စာ ဆိုပါသည်။ နောက်ဆုံးတွင်မှ ကျွန်မသည် ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင် သယ်၍ အိမ်သို့ ပြန်ခဲ့ပါသည်။

ကျွန်မသည် စက္ကန့်နှင့် မိနစ်များကို စိတ် မရှည်စွာ ရေတွက်ရင်းဖြင့် တစ်နေ့လုံး အချိန်ကုန်အောင် စောင့်ဆိုင်းနေခဲ့ရပါသည်။ ညနေပိုင်းသို့ ရောက်ရှိသော အခါတွင် ကျွန်မသည် ရဲဌာနသို့ တစ်ခေါက် ပြန်သွားပါသည်။ သူက ကျွန်မကို ထူးဆန်းစွာ ကြည့်နေသည်။ ကျွန်မသည် ရုတ်ခြည်းပင် အားတင်းဆုတ်ယုတ် ဖျော့တော့သွားပြီး ခြောက်ကပ်သော အသံဖြင့် ပြောလိုက်မိသည်။

"သူ့ကိုယ်သူ သတ်သေသွားတယ်ဆိုတာ အမှန်ပဲပေါ့"

**မျိုးဆက်သစ်**

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိသည် စားပွဲပေါ်မှ ဓာတ်ပုံ တစ်ပုံကို ကောက်ယူ၍ ကျွန်မ အား လှမ်းပေးလိုက်သည်။

"ဘူတာရုံနားက ဟိုတယ်ထဲမှာ သူ့ကိုယ်သူ သတ်သေသွားတဲ့ လူ တစ်ယောက်ပဲ။ တို့ အနေနဲ့တော့ အခုထက်ထိ ဘယ်သူမှန်း မသိသေးဘူး။ အဲဒါ မင့်လူ ဟုတ်မဟုတ် ဆိုတာကို ကြည့်စမ်းပါဦး"

ကျွန်မက ဓာတ်ပုံကို ယူ၍ ကြည့်လိုက်ရာ ချက်ချင်းပင် သူမှန်း သိလိုက်ရပါသည်။ ခုတင်ပေါ်တွင် လဲကျနေသော သူ့အား ခါးအထက်ပိုင်း မှ နေ၍ ရိုက်ယူထားခြင်း ဖြစ်သည်။ နားထင်မှ စီးကျလာသော သွေးကြောင်း နက်နက်ကလေးကို သူ့ မျက်နှာပေါ်တွင် တွေ့ရသည်။

ကျွန်မက သူ ဟုတ်မှန်ကြောင်း အားပျော့သော လေသံဖြင့် ပြောဆို လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်ပါသည်။ ရဲအရာရှိက တစ်စုံတစ်ခု ပြောဆိုနေဟန် ရှိနေပါသည်။ ကျွန်မကို ဖျောင်းဖျ နှစ်သိမ့်လိုဟန်ပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မက သူ့ စကားကို နားထောင်မနေတော့ဘဲ၊ နောက်သို့ပြန် ခေါင်းလှည့် မကြည့်တော့ဘဲ ရဲဌာနထဲမှ ထွက်ခဲ့ပါသည်။

ဤတစ်ကြိမ်တွင်တော့ ကျွန်မသည် အိမ်သို့ ပြန်သွားပြီးနောက် အမေ၏ ရင်ခွင်ထဲတွင် ပစ်လှဲလိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတော့ သည်။ ကျွန်မက အမေ့ကို ဇာတ်စုံ ပြောပြလိုက်သည်။ မီနို သူ့ကိုသူ သတ်သေပုံ၊ ကျွန်မက သူ့ကို ချစ်နေမိပုံနှင့် ကျွန်မတွင် ပဋိသန္ဓေ ရှိနေပုံတို့ ကို အလုံးစုံ ပြောပြလိုက်သည်။ သို့ရာတွင် ကျွန်မ၏ ကလေးသည် ဆွန်ဇော်နို ၏ ရင်သွေး ဖြစ်ကြောင်းကိုကား ပြောမပြပါပေ။ ထို့နောက် မယ်တော် မာရီ၏ ရှေ့တွင် ကတိသစ္စာ ဆိုခဲ့ကြောင်း၊ ကျွန်မ အနေနှင့် လက်ရှိ လုပ်ငန်းကို စွန့်လွှတ်၍ သူမနှင့်အတူ စက်ချုပ်သွားရန် ရှိကြောင်း၊ သို့မဟုတ် အစေခံ လုပ်ရန် သော်လည်းကောင်း ဆုံးဖြတ်ထားကြောင်းတို့ကိုလည်း တစ်ဆက်တည်း ပြောပြလိုက်ပါသည်။ အမေက ကျွန်မကို ဖျောင်းဖျ နှစ်သိမ့်ခြင်း ပြုပါသည်။

ထို့နောက် ကျွန်မသည် လူ့ လောကထဲသို့ မကြာမီ ရောက်လာတော့ မည် ဖြစ်သော ရင်သွေးငယ်၏ အကြောင်းကို စဉ်းစား တွေးတောနေမိပါ သည်။ လူသတ်ကောင်နှင့် ပြည့်တန်ဆာမ ညား၍ မွေးဖွားလာသော ကလေး ငယ်သည် ဤကမ္ဘာ လောကကြီးထဲတွင် အဘယ်သို့သော လူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် တည်ရှိလာချေမည်နည်း။ သို့ရာတွင် လူတစ်ယောက်သည် အကြောင်း တစ်ခုကြောင့် သတ်ဖြတ်ခြင်း အမှုကို ပြုရပြီး၊ အမျိုးသမီး တစ်ယောက်သည် လည်း အကြောင်း တစ်ခုကြောင့် သူ၏ ကိုယ်ကို ငွေကြေးဖြင့် ဖလှယ်ခဲ့ရ ပေသည်။ ယင်းကြောင့် အရေးကြီးဆုံးမှာ သူ့ကို ချောမောစွာ မီးဖွားနိုင်ပြီး ကျန်းမာ သန်စွမ်းစွာ ကြီးပြင်းလာနိုင်ရေး ဖြစ်ပါသည်။ ကျွန်မ မွေးဖွားသော ကလေးသည် ယောကျ်ားကလေး ဖြစ်ခဲ့လျှင် 'ဂျီယာကိုမို' ကို အမှတ်ရသော အားဖြင့် 'မီနို' ဟု မှည့်ခေါ်မည်။ အကယ်၍ မိန်းကလေး တစ်ယောက် ဖြစ်ခဲ့လျှင်ကား 'လက်တီရှာ' (ရွှင်ကြည်နူး)ဟု မှည့်ခေါ်ရပေမည်။ အကြောင်းမူ ကျွန်မ၏ တစ်သက်တာတွင် မရရှိခဲ့သော ပျော်ရွှင် ကြည်နူး၍ သာယာ ချမ်းမြေ့သည့် ဘဝကို ကျွန်မ အနေဖြင့် မလွဲမသွေ ရရှိစေလိုသောကြောင့် ပင် ဖြစ်ပါသည်။

နတ်နွယ်

www.burmeseclassic.com

www.burmeseclassic.com

